# ဓမ္မ
# ကထာ
# ဥပဒေသာ

ဈ




ပုံနှိပ်ခြင်း — ပထမအကြိမ်
၁၉၇၉-ခုနှစ်၊ ဧပြီလ

အုပ်ရေ — ၃၀၀၀

အဖုံးပန်းချီ — မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)

စာအုပ်ချုပ် — ပပစိုး (ဖုန်း-၇၂၄၆၆)

အဖုံးရိုက် — ပညာ့ဗိမာန် ပုံနှိပ်တိုက်

မျက်နှာဖုံး
ခွင့်ပြုချက် — { ၂၅၃ }

ဘာသာရေး ဆိုင်ရာ
စာမူခွင့်ပြုချက် — { ၃၂၉/၇၇ (၇) }

ထုတ်ဝေသူ — ဦးသုခ (မြဲ-၀၁၇၂၇) သုခစာပေ၊
အမှတ်-၃၁ ပါရမီလမ်း၊ ရန်ကင်းစာတိုက်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးကြည် (မြဲ-၀၂၄၀၉) ပညာ့ဗိမာန်ပုံနှိပ်တိုက်
အမှတ်-၄၁၊ ၄၄-လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး — ၃၅-ကျပ်

၁၈၄၁၇


# ဓမ္မကထာ စာပဒေသာ

# သုခ

ဉာဏ်လင်း

ဉာဏ်လင်းစာပေ

အမှတ်-၄၁၊ ၄၄-လမ်း၊
ရန်ကုန်မြို့။ ဖုန်း-၇၂၆၈၉



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


၁။ ထပ်တူထပ်မျှ ဩဝါဒ — ၁

၂။ သာသနာပြုနည်း အတတ်ပညာ — ၉

၃။ သင်ရိုးညွှန်းတမ်း — ၂၇

၄။ နတ်သမီးကလေးများ အလှ — ၃၇

၅။ ကာဠုဒါယီမထေရ်နှင့် ဂါထာချောက်ဆယ် — ၄၉

၆။ မယားက မာန်၍ အနာဂါမ်ဖြစ်ခြင်း — ၆၃

၇။ ကြားဖူးလည်းမယုံနှင့် ကြုံတိုင်းလည်း မပြောရာ — ၇၃

၈။ ပါရာဇိကံလုပ်ကြံမှု — ၉၁

၉။ အတိဒုလ္လဘံ — ၁၀၃

၁၀။ ညောင်လေးပင်တောရဆရာတော်ဘုရားကြီး၏
စာပေကျေးဇူး ဂုဏ်တော်ထူး — ၁၀၉

၁၁။ သိချင်တာတွေ — ၁၂၅

၁၂။ အဘယ ကုမာရသုတ် — ၁၃၅

၁၃။ ဗုဒ္ဓက လုပ်မှုကြိုက်သည် — ၁၄၇

၁၄။ လယ်သမားကို ဘုရားချီးမွမ်းသည် — ၁၅၃

၁၅။ ဓမ္မဒါန — ၁၇၅

# မာတိကာ


၁၆။ ကြည်ညိုတတ်ကြပါစေ ၁၇၃

၁၇။ အောင်ခြင်းရှစ်ပါး ဘုရားရှိခိုးနှင့် အဖွင့် ၁၇၇

၁၈။ မယ်တော်ကြီးဘိက္ခုနီ ၁၉၉

၁၉။ တပည့်တော်မ ယသောဓရာ ၂၀၇

၂၀။ ချော-ချောပါသည် လှ-လှပါသည် ၂၁၇

၂၁။ ထူးချွန်ဆုရ ဓမ္မကထိက ထေရီမယ် ၂၃၃

၂၂။ ညို့မျက်လုံး ၂၄၅

၂၃။ နို့တစ်လုံးဖိုး ၂၅၅

၂၄။ မွေးကျေးဇူး ၂၆၅

၂၅။ မွေးကျေးဇူးကို တော်လှန်သူ ၂၇၇

၂၆။ ဪ....မိဘ ၃၀၁

၂၇။ အမေ စားရသော ထမင်း တစ်နပ် ၃၁၃

၂၈။ ကျေးဇူးတရား (၁) ၃၂၇

၂၉။ ကျေးဇူးတရား (၂) ၃၃၉

၃၀။ ကျေးဇူးတရား (၃) ၃၄၉

၃၁။ မကျေးဇူးတရား (၄) ၃၅၇

၃၂။ မသိသူနှင့် သိသူ ၃၆၇

၃၃။ ဃ်ဋ္ဌေသိ ဃဋ္ဌေသိ ၃၇၅



# ထပ်တူထပ်မျှ ဩဝါဒ

တိတိကျကျ သိရအောင် မနှစ်က(၁၉၈၂)ခုနှစ် ဒိုင်ယာရီကို လှန်၍ ရှာမိသည်။

စက်တင်ဘာလ(၂၆)ရက်၊ တနင်္ဂနွေနေ့။

ထိုနေ့က ညနေအချိန်တွင် ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း)နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်နှင့် ဦးပညာသာမိ (မာဂဓီ–သာစည်)စာရေးဆရာ ဆရာတော် နှစ်ပါး ကျွန်တော့်အိမ်သို့ ကြွလာကြသည်။ ကျွန်ဘော်နှင့် ဆရာတော် နှစ်ပါးမှာ ဆရာဒကာအဖြစ်ထက် စာရေးသူများအဖြစ် ရင်းနှီး ကျွမ်းဝင် ဆိုရဲ လျှောက်ခဲ့ခင်မင်ခဲ့ကြသည်။ ကျွန်တော်က နေရာထိုင်ခင်းများပေး၍ ရိုသေဝပ်ချပြီးသည်နှင့် နှုတ်သွက် လျှာသွက်ဖြစ်သော ဆရာတော် မာဂဓီက....

''ကဲ....ဒကာကြီးရေ၊ ကျုပ်တို့ကတော့ အမိန့်တော် စာချွန်နဲ့ တာဝန် ထမ်းပြီး ပါရမီလမ်းကို လျှောက်ခဲ့ရတာပါပဲ၊ ရော့....ဖတ်ကြည့်''ဟု ရုံးသုံး စာအိတ်ရှည် တစ်ခုကို ပေးသည်။ ကျွန်တော်က စာအိတ်ကို လှမ်းယူရင်း....

''သာမိန့်လား၊ နာမိန့်လား ဘုရား''ဟု ခပ်ရွှန်းရွှန်း လျှောက်မိသည်။ ဆရာတော်(ရဝေထွန်း)က သူ့ဝသီတော် အတိုင်း ပြုံးစ နဲ့နဲ့ ကလေးနှင့်''သာမိန့်ပါဗျာ၊ သာမိန့်ပါဗျ၊ သာသနာ့ အကယ်ဒမီ ပေးလိုက်တဲ့ သာမိန့်ပါဗျာ''ဟု ဆိုသည်။ ကျွန်တော်က (နိုင်ငံတော် သံဃနာယကအဖွဲ့ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း)ဟူသော စာအိတ်ပေါ်မှ ခေါင်းစည်းကိုမြင်လိုက်ရသဖြင့်ထူးထူးဆန်းဆန်းဖြစ်သွားမိသည်။ စာအိတ်ဖွင့်၍ အတွင်းမှ စာကို ထုတ်ယူ ဖတ်ကြည့်မိသည်။

ကျွန်တော့်ကိုလိပ်စာမူ၍ အကြောင်းအရာ အတိုချုံးရေးသားထားသည်မှာ-(ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၊ ရန်ကုန်တိုင်း၏ ပညာ သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လက်ခံပါရန် မေတ္တာ ရပ်ခံခြင်း)ဟု ပါရှိသည်။

ကျွန်တော်က နားမလည် သလိုဖြင့် ဆရာတော် နှစ်ပါးအား ကြည့်လိုက်သည်။ ထို့နောက် စာကို တစ်ခေါက် ပြန်ဖတ်ပြီးတော့ မေးလိုက်သည်။

''ပညာ သင်ကြားရေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် ဆို တာက ဘာအဓိပ္ပာယ်လဲ ဘုရား''

''ဒကာကြီးက အကြောင်းကြားစာကို လက်ထဲ ကိုင်ထားပြီး ဘုန်းကြီးတို့ကို ပြန်မေးနေရသလား။ အသံထွက်အောင်ဖတ်ကြည့်''ဟု ဦးမာဃဓိက ကျောင်းဆရာ ပီပီ ခပ်ဆတ်ဆတ်ပြောသည်။ ကျောင်းဆရာ ဆရာမများသည် လူတိုင်းကို ကျောင်းဆရာ လေသံမျိုးဖြင့် သမားဂုဏ်ပြတတ်သည်။ ကျွန်တော်က သူ့ဩဇာအတိုင်း စာရွက်ကို ကိုင်၍ ကျောင်းသား ကလေးလို ဖတ်ရသည်။

၁။ လက်ရှိ မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓ ဘာသာဝင်တို့၏ ကိုးကွယ်ရာ အဖြစ် သီတင်းသုံး နေထိုင်လျက်ရှိသော နှစ်သိန်းကျော် သံဃာတို့က သမုတိပေး၍ ရွေးချယ်ခဲ့သော သံဃာ့ ကိုယ်စားလှယ်(၁၀၀၀)ကျော်တို့၏ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးကို (၁၉၈၀)ပြည့်နှစ် ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပရာတွင် ပရိယတ္တိ ပညာ သင်ကြား တိုးတက် ခေတ်မီလာစေရန်

အဘွက် မှုများ ချမှတ်ပေးခဲ့ပါသည်။ နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့သည် ဂိုဏ်းပေါင်းစုံ ပရိယတ္တိပညာရေးမှုကိုအခြေ ခံ၍ ပရိယတ္တိ ပညာရေး စီမံကိန်း ရေးဆွဲ အတည်ပြုပြီး ပရိ- ယတ္တိ သာသနာတော်မြတ် သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ယင်းပရိယတ္တိ စီမံကိန်းအရ ပြည်နယ်၊တိုင်း၊မြို့တော်အသီးသီး ၌ ကျောင်းထိုင် ဘုန်းကြီးသင်ဘန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်သင်ကြားပေးနိုင်ရန်အလို့ငှာ စီမံချက် စည်းမျဉ်းများ ရေးဆွဲ ပြဋ္ဌာန်းပြီး ပထမဦးစွာ ရန်ကုန်တိုင်း၌ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း ဖွင့်လှစ်ရန် စီစဉ် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ဤကျောင်းအတွက် (ဓမ္မာစရိယ-ဘီအေ) ဆရာတော် တစ်ပါး အား ကျောင်းအုပ်ဆရာတော်အဖြစ် ရွေးချယ် တင်မြှောက်ပြီး ဖြစ်သည့်အပြင် သင်တန်းကျောင်း နာယက ဆရာတော်များ အဖွဲ့နှင့် လူဒါယကာ ဥပတ္ထမ္ဘက အဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဖြစ် ပါသည်။ သင်တန်းကျောင်း၏ ဂဏဝါစက (ကထိက)၊ နယ ဒေသက(နည်းပြ)အဖြစ်စေတနာ့ ဝန်ထမ်း ဆောင်ရွက်ကြမည့် (ဓမ္မာစရိယ-ဘီအေ)ဆရာတော် များလည်း ရှိနေပြီ ဖြစ်ပါ သည်။

ယင်း သင်ဘန်းကျောင်း ပညာ သင်ကြားရေး ပိုင်းဆိုင်ရာကို အကြံဉာဏ် ပေးခြင်း၊ တတ်အားသမျှ လုပ်အားပေးခြင်း များကို စေတနာ့ဝန်ထမ်း ကူညီဆောင်ရွက် ပေး နိုင် ရန် အရည်အချင်းနှင့် စေတနာ ဆန္ဒ ရှိမည့် ဆရာတော်များနှင့်ဥပါ သကာ၊ ဥပါသိကာမများကိုလည်း (၅-၉-၈၂)နေ့၌ ကျင်းပ သောသင်တန်းကျောင်း ပညာရေးနာယကဆရာတော်များအဖွဲ့ အစည်းအဝေးက လျာထား၍(၂၄-၉-၈၂)ခုနှစ်တွင် ကျင်းပ သည့် နိုင်ငံတော် သံဃမဟာနာယက အစည်းအဝေးက လက်ခံ ခဲ့ပါသည်။

၃။ လူကြီးမင်းအား အဆိုပါ ပညာရှင်များ အဖွဲ့တွင် အဖွဲ့ဝင် အဖြစ် ဆရာတော်များက လျာထား ထည့်သွင်း ထားပါသဖြင့် စေတနာ ထက်သန်စွာ လက်ခံပါရန် တိုက်တွန်း မေတ္တာ ရပ်ခံ အပ်ပါသည်။ အကူအညီပေးရမည့် တာဝန်မှာ ပေါ့ပါး ပါ သည်။ များများ စားစား လေးလေး ပင်ပင် မဟုတ်လှပါ။

ယခု လောလောဆယ် အားဖြင့်မူ သင်တန်းကျောင်း ဂဏဝါ-စက၊ နယ ဒေသက ဆရာသောင်းများအား ခေတ်မီ ပညာ သင်ကြားရေး စနစ်ကို သဘောပေါက်စေရန် တစ်ရက်တာမျှ (သင်တန်း ၂-ချိန် စာမျှ) လျှောက်ထား ကူညီ ပေးပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

စာဖတ်ပြီးသော် ကျွန်တော့်မှာ အံ့ဩသည်ထက် အံ့ဩရပါသည်။

''ကဲ....သိပြီလား''ဟု ဆရာတော် မာဂဓီက ဆိုသည်။

''တပည့်တော်မှာ အရည်အချင်းမှ မရှိဘဲနှင့် ဒီတာဝန်ကြီးယူလို့ ဖြစ်မယ် မထင်ပါဘူးဘုရား''

''ဒကာကြီးမှာ လူငယ်တွေ လူလတ်တွေ နားလည်အောင် ဆွဲဆောင်နိုင်တဲ့ အရည်အချင်းတွေ ရှိပါတယ်လေ''ဟု ဆရာတော် ရဝေထွန်းက ပျော့ပျောင်း နူးညံ့စွာ အားပေးသည်။

''ဒကာကြီးနဲ့ သင့်တော်လို့ ဆရာတော်ကြီးများက လျာထားတာကို ငြင်းမလို့လား။ သင်ပြရမယ့် ဘာသာရပ်နဲ့ ပို့ချရမယ့်ပုဂ္ဂိုလ်များကို ကြည့်လိုက်စမ်းပါ။ အဲဒီစာတွဲမှာပါတယ်''

ကျွန်တော်က သူ့ အမိန့်အတိုင်း လိုက်နာရပြန်သည်။

(၁) ဥဘတောဝိဘင်း.. ဦးသုမင်္ဂလာလင်္ကာရ (တိပိဋကဓရ) နှင့် ဦးကောသလ္လ(နာယက အဖွဲ့)
(၂) ကမ္မာကမ္မ... ဦးဇာဂရ(ဒွိပိဋကဓရ)နှင့် ဦးကဝိန္ဒာဘိဝံသ (သ-စ-အ-ဓမ္မာစရိယ)
(၃) ခန္ဓကဝဂ်နှင့် အခြားကျင့်ဝတ်..ဦးပညာသာမိ(ပိဋကတ်စာကြည့်တိုက်မှူး)နှင့် ဦးဆန်းထွန်း(မြန်မာစာအဖွဲ့)
(၄) အသုံးချ အဘိဓမ္မာ... ဦးမာဃ(တိုင်းရင်းဆေးကောင်စီ) နှင့် ဦးအေးနိုင် (သာသနာရေးဦးစီးဌာန)
(၅) ပိဋကတ် သမိုင်းဘာသာရပ်....ဦးသောင်းလွင်(သာသနာရေးဦးစီးဌာန)နှင့် ဦးကျော်လွင် (ဆောင်ကြဉ်ရေးမှူး)
(၆) သာသနာ့ သမိုင်းဘာသာရပ်... ဦးအုံးမောင် (သာသနာရေးဦးစီးဌာန)နှင့်
ဒေါက်တာ ကံညွန့်(သမိုင်းဌာန)
(၇) သာသနာပြုနည်း အတတ်ပညာ....
ဦးပညာဒီပ(အဘိဓမ္မာကျမ်းပြုအဖွဲ့ဝင်)နှင့်
ဦးသုခ(စာရေးဆရာ၊ ဒါရိုက်တာ)

(၈) စီမံအုပ်ချုပ်မှု အတတ်ပညာ....
ဦးချမ်းသာ (မဟာသရေစည်သူ)နှင့်
ဒေါက်တာသိန်းလှိုင် (စက်မှုတက္ကသိုလ်)
(၉) မြန်မာစာပေ အရေးအသား....
ဦးမြင့်ကြည်(မြန်မာစာအဖွဲ့)နှင့်
ဦးစံတင်(မြန်မာစာဌာန)
(၁၀) စကားပြောနှင့် တရားဟော....
သိပ္ပံမှူးတင်(စာရေးဆရာ)နှင့်
ဦးငွေရ(ပြင်ပဝိဇ္ဇာဌာန)
(၁၁) အစိုးရမူလတန်း ပြဋ္ဌာန်းချက်များ....
ကျောင်းအုပ်ကြီး (အထက-၄၊ ရေကူး)၊
ဒေါက်တာမင်းတင်မွန်
(ပညာရေးတက္ကသိုလ်)
ဒေါက်တာချစ်ဆွေ(သင်္ချာဌာန)

''ဒကာကြီး ပို့ချရမယ့်နေ့က (၁၆-၁၀-၈၂)နေ့ ဖြစ်တယ်။ ကျောင်းတွေမှာ ဟောပြောသလို၊ အသင်းတိုက်တွေမှာ ဟောပြောသလို၊ ဓမ္မာရုံတွေမှာ ဟောပြောခဲ့သလို၊ အရပ်ထဲမှာ ဟောပြောခဲ့သလို သင်တန်းကျောင်း ဂဏဝါစက၊ နယဒေသက ဆရာလောင်းများအား ခေတ်မီ သာသနာပြုရေး စနစ်ကို သဘောပေါက်စေရန် လျှောက်ထားကူညီဖို့ပါပဲ''

''အရှင်ဘုရားနှယ်....ပြောတော့ လွယ်လိုက်တာ၊ တပည့်တော် ဟောခဲ့သမျှ နေရာတွေမှာက ကျောင်းသားရယ်၊ အရပ်သားရယ်၊သာမန် လူတွေများသာ ဖြစ်ပါတယ်။ အခု ဂဏဝါစက၊ နယဒေသက ဆရာလောင်းများဆိုတာက ဓမ္မာစရိယ-ဘီအေ၊ ဓမ္မာစရိယ-ဘီအက်စ်စီ၊ ဓမ္မာစရိယ-အယ်လ်အယ်လ်ဘီ ဘွဲ့တွေနဲ့ ပရိယတ်ရော၊ခေတ်မီပညာရော တပည့်တော်ထက် သာတဲ့ ရဟန်းတော်တွေချည်းပဲမို့ နှုတ်ရဲလျှာရဲရှိမယ် မထင်ပါဘူး''

''အမယ်လေး....ဒကာကြီးအကြောင်း မသိတာမှတ်လို့၊ အရှိန်ရသွားရင် အချိန်က နည်းလိုက်တာလို့တောင် ထင်ပါဦးမယ်''ဟု ပြော၍ ဆရာတော် နှစ်ပါးက ရယ်ကြသည်။

ကျွန်တော့်မှာ ဆရာတော်နှစ်ပါးနှင့် ရော၍ မရယ်နိုင်ပါချေ။ စာချွက်ကိုကိုင်ရင်း သိန်းတန်ပတ္တမြားကို လက်ခံရဘိသကဲ့သို့ ဝမ်း

မြောက်စိတ်နှင့် စိုးရိမ်ကြောင့်ကြမိသောစိတ်တို့က နှလုံးထဲတွင် နပန်းလုံးနေကြသည်။

တစ်သက်နှင့်တစ်ကိုယ် ဤလိုခံစားရခြင်းမျိုး ဖြစ်ပေါ်ခံစားဖူးပါသည်။ ၁၉၆၆ ခုနှစ် မြစ်ကြီးနားမြို့ပေါ်တွင် ဖြစ်ပါသည်။ ကျွန်တော်နှင့် မိသားစုက (စေတနာမှန်သော ကံတရား) ရုပ်ရှင်ဇာတ်ကားရိုက်ရန် ဟိုပင်မြို့ အင်းတော်ကြီးသို့ ကွင်းဆင်းလေ့လာခဲ့သည်။ ကိစ္စပြီးတော့ မြစ်ကြီးနားမြို့သို့ အလည်အပတ် ရောက်ခဲ့ကြသည်။တိုက်တိုက်ဆိုင်ဆိုင်ပင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရား ကြွရောက်တော်မူလာ၍ နယ်ခြား သာသနာပြု ဓမ္မာရုံကြီးတွင် တရားဟောမည်ဟု သိရသည်။

ဆရာတော်ဘုရားကို လွန်ခဲ့သော (၁၉၅၃) ခုနှစ်လောက်က မြန်မာပြည်တွင် တစ်ပါးတည်းသော (ဝိသိဋ္ဌ)တိပိဋကဓရ၊ (မဟာ) တိပိဋက ကောဝိဒဘွဲ့နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဖြစ် အောင်မြင်တော်မူကြောင်းကို သတင်းစာများ၌ (ဝှန်ဆူတိုင်းလုံး)ကျော်စဉ်က အူလှိုက်သည်းလှိုက် ရည်မျှော်မှန်းဆ၍ ဦးချကြည်ညိုခဲ့ရပါသည်။

နောက်ဘစ်ဖန် ဆဋ္ဌသင်္ဂါယနာတင် သာသနာ့ဝင် မဟာသဘင်ကြီး၌ ပုစ္ဆက အမေးပုဂ္ဂိုလ်အဖြစ် မဟာစည် ဆရာတော်ဘုရားကြီးက မေး၍ တိပိဋက မင်းကွန်း ဆရာတော်ဘုရားက ဝိဿဇ္ဇက ပုဂ္ဂိုလ်အဖြစ် ဖြေတော်မူသည်ကို ရေဒီယိုတွင် ကြားနာခဲ့ရကား ဆရာတော်၏ သန့်ရှင်းလေးနက်သော၊ အောင်မြင်သောအသံကို နှလုံးလှိုက်ခုန် ပီတိဟုန်ဖြင့် တုန်လှုပ်လောက်အောင် ကြည်ညိုခဲ့ရပါသည်။

ကျွန်တော်၏ သံသရာဘဝတို့အတွက် အထောက်အပံ့ဖြစ်စေမည့် အကြောင်းတစ်ခုမှာ ကျီးသဲလေးထပ် ဆရာတော်ကြီး ရေးသားတော်မူသော 'ပကိဏ္ဏကနမက္ကာရ အစိန္တေယျ' ဘုရားရှိခိုး စာအုပ်ကို ဓမ္မဒါန အဖြစ်(၁၉၆၄) ခုနှစ်က ပထမအကြိမ် ရိုက်နှိပ် လှူဒါန်းရာတွင် မင်းကွန်းဆရာတော်ဘုရားက ဘွဲ့ရှိဖဘ်မိ ကြည်ညို သောကြောင့် ကျွန်တော့်ထံ စာဖြင့် အလှူခံတော်မူပါသည်။ ထိုနှစ်တွင်ပင် မင်းကွန်းဓမ္မနာဒချောင်သို့ တကူးတက သွားရောက် ဝတ်ဖြည့် ဖူးမြော်ခဲ့ရသည်မှစ၍ အခါအခွင့်အားလျော်စွာ နီးနီးစပ်စပ် ချဉ်းကပ်၍ အဆုံးအမများကို အကြိမ်ကြိမ် အဖန်ဖန် ခံယူကြည်ညိုခဲ့ရပါသည်။

ဆရာတော် တည်းခိုနားနေသောကျောင်းသို့ ရောက်၍ ဂါရဝပြုရသည်။ ထို့နောက် ဆရာတော်က မြစ်ကြီးနားသို့လာရင်းကိစ္စတို့ကို မေးမြန်းတော်မူ၍ ကျွန်တော်က လျှောက်ထားရသည်။ ဆရာတော်က

ကျွန်တော့်အား စေ့စေ့ကြည့်ရင်း ဖြည်းဖြည်းလေးလေး မိန့်တော်မူလိုက်ပါသည်။

"ဘုန်းကြီး ဒီနေ့ည ဓမ္မာရုံမှာ တရားဟောမယ်"

"တင်ပါ့ဘုရား"

"မနက်ဖြန်မနက် လေယာဉ်ပျံနဲ့ မန္တလေးပြန်မယ်"

"တင်ပါ့ ဘုရား"

"မနက်ဖြန်ည အဲဒီဓမ္မာရုံမှာ ဒကာကြီး တရားဟောပါ"

ကျွန်တော့်နားကိုပင် မယုံလိုက်ပါ။ နားကိုစွင့်သည်ထက်စွင့်၍ နှုတ်က အံ့သြခြင်းကြီးစွာဖြင့် ပွင့်နေပါ၏။ မင်းကွန်းဆရာတော်ကြီး အနီးမှ ဘုံပျံဆရာတော်ကြီးက ဖြည့်စွက်မိန့်တော်မူသည်။

"ရောက်တုန်းရောက်ခိုက် ကြုံကြိုက်တဲ့အခါ သာသနာ့ အကျိုးဆောင်သွားမှပေါ့"

ကျွန်တော် မည်သို့လျှောက်ရမည်မသိ။ လျှောက်မိလျှောက်ရာ လျှောက်မိသည်ကား....


"တပည့်တော် ဘာဟောရမှာလဲ ဘုရား"ဟု နှုတ်က ထွက်သွားမိသည်။ တိပိဋကဆရာတော်သည် ကျွန်တော့်အား မေတ္တာအပြည့် ပကတိ နှစ်လိုဖွယ်သောအပြုံးဖြင့် ကြည့်တော်မူလိုက်သည်။ပြီးမှ တစ်လုံးချင်း မိန့်တော်မူသည်။

"ဒကာကြီး ဘာဟောရမယ်ဆိုတာ ဒကာကြီး သိပါတယ်"ဟူသတည်း။

ထိုအဖြစ်အပျက်ကို စဉ်းစားနေစဉ်တွင် ဆရာတော် ဦးတိလောကသာရက....

"ဒကာကြီး ဘာဟောရမယ်ဆိုတာ ဒကာကြီး သိပါတယ်"ဟု မိန့်တော်မူလိုက်ပြန်သည်။

ကျွန်တော်၏ တစ်သက်နှင့်တစ်ကိုယ်တွင် ထပ်တူထပ်မျှ ကိစ္စဦး ထပ်တူထပ်မျှ ကြားရသော အားပေးစကား ဩဝါဒနှစ်ခု ဖြစ်လေရာ သိန်းတန်ပတ္တမြားကို လက်ခံရဘိသကဲ့သို့ ဝမ်းမြောက်သော စိတ်နှင့် ကြောင့်ကြသောစိတ်တို့က နှလုံးသားထဲတွင် နပန်းလုံးနေကြပါလေသတည်း။ ॥



# သာသနာပြုနည်း အတတ်ပညာ

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗပါဏိနံ။

ဧတေန သစ္စဝဇ္ဇေန
နိရောဂါ ဟောန္တု သာဓဝေါ။

လောကေ–ကာမရူပ အရူပဟု ဘဝသုံးရပ် ဘုံသုံးထပ်၌ သဗ္ဗပါဏိနံ–လုံးစုံများစွာ သတ္တဝါအပေါင်းတို့၏။ ဟိတာယ–အစီးအပွား အလို့ငှာ (ဝါ) ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရခြင်း အကျိုးငှာ။ ဗုဒ္ဓေါတိ–ဘုရားဟူ၍။ သမုပ္ပန္နော–ဥဒည်တောင်စွန်းမှ နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ချေပြီ တကား။ ဧတေနသစ္စဝဇ္ဇေန–ဤသို့ မှန်ကန် ထုတ်ပြန်အပ်သော သစ္စာစကားကြောင့်။ သာဓဝေါ–အရှင်ကောင်း အရှင်မြတ်များနှင့်တကွ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့အား။နိရောဂါ–အဖျားအနာ ရောဂါကင်းဝေး ကိုယ်စိတ်ချမ်းအေးကြကုန်သည်။ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။

ဘုံသုံးပါးမှာ ဘုရားစင်စစ် ပွင့်တော်မူလာရတဲ့ အကြောင်းဟာ သံသရာ ဝဋ်ဆင်းရဲ၌ တဝဲလည်လည်နေကြတဲ့ သတ္တဝါ အနန္တ ဝေနေယျတို့၏ ဒုက္ခခပ်သိမ်း ငြိမ်းစေအံ့သော အကျိုးသက်သက် အတွက်သာ နေဝန်းကြီး ထွက်ပေါ်လာသလို ပွင့်တော်မူလာခြင်း ဖြစ်ပါတယ်။

ဤစကားသည် မှန်သော သစ္စာ ဖြစ်ပါ၏။ ထို မှန်သော သစ္စာ စကားကြောင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ 'ဂန္ထဝိပဿနာ ဓုရနှစ်ဖြာ' ကျင့်ကြံ ကြိုးပမ်းနေတော်မူကြတဲ့ ရှင်လူ ရဟန်း သူတော်ကောင်းတို့မှာ အဖျားအနာ ရောဂါအန္တရာယ် မငြိမတွယ် မပင်မပန်းဘဲ ရွှင်လန်းကြည်သာ ရှိတော်မူကြပါစေ သတည်း။

'အာရောဂျာ ပရမာ လာဘာ' ဆိုသည့်အတိုင်း ဝေဒနာ ကင်းရှင်း ကျန်းမာခြင်းနှင့်ပြည့်စုံမှ ပရိယတ္တိ ဆိုတဲ့ လာဘ်လာဘကြီး၊ ပဋိပတ္တိ ဆိုတဲ့ လာဘ်လာဘကြီးများကို ရတော်မူနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အရှင်ဘုရားများ အပါအဝင် သူတော်စင် သူတော်ကောင်း မှန်သမျှ ကျန်းမာစေကြောင်း တပည့်တော်က ဆုတောင်း ပတ္ထနာ ပြုလိုက်ရခြင်းပါ ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်မှ ကြီးမှူး၍ ပြဋ္ဌာန်းအပ်သော ဤကျောင်းတော်ကြီး၌ သာသနာပြုနည်း သင်တန်း ဆိုတဲ့ ဘာသာရပ်ကို တပည့်တော် လျှောက်ထားခွင့် ရခြင်းဟာ အလွန် တရာ ကြီးမားလှသော (ဝါ) တစ်နည်းကား ကိုယ်နှင့် မထိုက်တန် အောင် မွန်မြတ်သော ဆုကောင်း ဆုမြတ်ကြီးကို တပည့်တော် ပန်ဆင် ထမ်းဆောင်ရမှာ ဖြစ်ပါတယ် ဘုရား။

ဒါကြောင့် ပဏာမ ပဋိညာဉ် လျှောက်ထားလိုတာက တပည့် တော်သည် စာတတ်ပုဂ္ဂိုလ် မဟုတ်ပါ ဘုရား။ စာဖတ် စာမှတ်သမား သာ ဖြစ်ပါတယ် ဘုရား။

အဓိကရ လေးနက်တဲ့ ပိဋကတ်စာပေများ တပည့်တော်နဲ့ လက် လှမ်းမမီလို့ ထိုစာပေများကို ပြုစုတော်မူကြတဲ့ ဆရာတော်၊ ဆရာတော် ကြီးများ။ လူပညာရှိကြီးများ၏ စာပေ ကျမ်းဂန် အနည်းငယ်မျှ ဖတ်ခဲ့ ရပါတယ်။ မှတ်ခဲ့ရပါတယ် ဘုရား။

ဒါကြောင့် တပည့်တော်အနေနဲ့ ဒီကျောင်းတော်မှာ ဒီဘာသာ ရပ်ကို တပည့်တော်၏ ခံယူချက် သဘောထား တပည့်တော်၏ ကျင့်သုံး နေတဲ့ လက်တွေ့ကလေးများလောက် တပည့်တော် တင်လျှောက်ပါ့မယ်။

တပည့်တော်ရဲ့ ကိုယ်တွေ့ အဖြစ်ကလေးတွေသာ တပည့်တော်က လျှောက်ထားခြင်းပြုတယ်လို့ ယူဆတော်မူကြပါ ဘုရား။

တပည့်တော် 'ခုနကတုန်းက သူတော်ကောင်းမှန်သမျှ ရောဂါ အန္တရာယ် မငြိမတွယ်ပါစေနဲ့' လို့ တပည့်တော် သစ္စာပြုတာဟာ အကြောင်းနှစ်ခု ရှိပါတယ် ဘုရား။

တစ်ခုက အရှင်ကောင်းအရှင်မြတ်များနှင့်တကွ သူတော်ကောင်း များ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြဖို့ တပည့်တော် ရည် ရွယ်ပါတယ် ဘုရား။ သူတော်ကောင်းများ ကျန်းကျန်းမာမာနှင့် တိုးတက် ပွားများလာမှသာလျှင် "စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဆိုတဲ့ သူတော်ကောင်းများ၏ အဆုံးအမ အပြောအဆိုစကားများ၊ တရား များ၊ လောကမှာ ပျံ့နှံ့ တည်မြဲနေမှာဖြစ်တဲ့အတွက် သူတော်ကောင်း များ ကျန်းမာ ချမ်းသာဖို့ အလွန် အရေးကြီးပါတယ်။ တပည့်တော် ဒီလို မှတ်ယူပါတယ် ဘုရား။

နောက်တစ်ခုက 'ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗ-ပါဏိနံ' မြတ်စွာဘုရား ပွင့်တော်မူလာတာကိုက မြတ်စွာဘုရား ကိုယ် တော်မြတ်၏ တစ်ကိုယ်ကောင်း မဟုတ်။ တပည့်တော်တို့ကဲ့သို့သော ဝေနေယျများစွာ သတ္တဝါတို့အတွက် ဗုဒ္ဓရယ်လို့ ပွင့်တော်မူလာခြင်း ဖြစ်ပါတယ်။

အရှင်ဘုရားများ သိရှိတော်မူကြပါတယ်။ အလောင်းတော်မြတ် ကြီး သုမေဓာ ရှင်ရသေ့ ဖြစ်တော်မူတဲ့ ဘဝက 'နိယတ ဗျာဒိတ်ပန်း ဆင်မြန်း'ခဲ့တဲ့ အကြောင်းကိုက 'ဗုဒ္ဓေါဗောဓေယျံ၊မုတ္တောမောစေယျံ၊ တိဏ္ဏောတာရေယျံ'။ 'ငါသိသလို သိစေရမယ်။ ငါ လွတ်သလို လွတ်စေ ရမယ်။ ငါ ကူးမြောက်သလို ကူးမြောက်စေရမယ်' လို့ သတ္တဝါ ဝေနေယျ အပေါ်မှာ ထားခဲ့တဲ့ စေတနာ အာသီသကြီး၊ မဟာ ကာရုဏိက စိတ်ဓာတ်ကြီး ဖြစ်ပါတယ်။ ငါသိသလို သိစေရမယ် ဆိုတဲ့ အထဲက ငါသိအောင် ဆိုပြီး လုပ်တဲ့နေရာမှာ 'ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသပါရမီယော၊ ဒသဥပပါရမီယော၊ ဒသပရမတ္ထ-ပါရမီယောတိ'လို့ ရဘနသုတ်မှာ ပါတဲ့အတိုင်းပဲ၊ ပါရမီ ဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်း ငါးသွယ်ဘို့နှင့် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့် ဆည်းပူးတော် မူခဲ့ပါတယ်။

အဲဒါဟာ ကိုယ်တော်မြတ် ကိုယ်တော်တိုင် တရားအပေါင်းကို သိဖို့ ဖြစ်ပါတယ်။ အဲသည်လို သိတဲ့အခါကျမှ သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားသည် သူ သိသမျှ တရားတွေကို ကျွတ်ထိုက်သော သတ္တဝါတွေ

အား ၊ သိစေချင်တယ်၊ သိအောင် ဟောတော်မူဖို့ကလဲ ပဋိသမ္ဘိဒါ လေးပါးနဲ့လဲ ပြည့်စုံတော်မူခဲ့ပြီလေ။

ပဋိသမ္ဘိဒါ လေးပါးဆိုတာ-

၁။ သယမ္ဘုတကာ၊ ပြည့်စုံရာသား၊ နာနာကုလတို့၏ ဝေါဟာရ သဒ္ဒါ အနက်ကို အချက်ကျ သိနိုင်သော အတ္ထပဋိသမ္ဘိဒါ။

၂။ ဝါစာဂီရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူ၊ မတူတူ၊ ဘာသာဟူ သမျှတို့က ကေန္တ သိနိုင်သော ဓမ္မပဋိသမ္ဘိဒါ။

၃။ တစ်ခု တစ်ခုသော ပုဒ်အက္ခရာ သဒ္ဒါ၏ အလိုကို ဝိဂြိုဟ်ဝစ နတ်၊ ခါတ်၊ ပစ္စည်း၊ လိင်၊ အန်ဖြင့် ဝေဖန်၍ သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။

၄။ ကိုယ်တော် သိသမျှ တရားတို့ကို သူတစ်ပါး သိစိမ့်သော ငှာ သဒ္ဒါပညာသို့ တင်၍ စုံလင်စွာ မြွက်ဆိုတတ်သော ပဋိဘာန ပဋိသမ္ဘိဒါ။ အဲဒါဟာ ကျေးသဲ လေးထပ် ဆရာတော်ကြီး ဘုရား က ခွဲခြား ပြတော်မူတဲ့အတိုင်းပါဘုရား။ သည်တော့ မြတ်စွာ ဘုရားဟာ သူ့လို သိအောင် ဘယ်လို ဟောသလဲ။ ဘယ်လို နည်းတွေနဲ့ ဟောသလဲ။ သူက ပြန်ဟောရမယ့် ပုဂ္ဂိုလ်ပေါင်း များစွာ အနေနဲ့ အဆင့်အတန်း အမျိုးမျိုး တွေ့ရပါလိမ့်မယ်။ အဲသည် ပုဂ္ဂိုလ်အမျိုးမျိုးမှာ အင်မတန် အင်မတန် ဉာဏ် နုံနဲ့ နေးတဲ့ ပုဂ္ဂိုလ်တွေ၊ အင်မတန် အင်မတန် ဉာဏ်ကြီးကျယ်သော ပုဂ္ဂိုလ်တွေ၊ ဉာဏ် အလယ်အလတ် ရှိသော ပုဂ္ဂိုလ်တွေ။ ထို့ အပြင် စရိုက်အားဖြင့် အလွန်ခြားနားသော ပုဂ္ဂိုလ်တွေ၊ အဲသည် ပုဂ္ဂိုလ်တွေ သိအောင်၊ သဘောပေါက်အောင် ဘယ်လို ဟော တော်မူရသလဲ။ သဒ္ဒါပညတ်သို့ တင်၍ ဆိုတဲ့ စကားအတိုင်း ပရမတ်တရားကို ပြတော်မူလိုရင်း ဖြစ်ငြားသော်လည်း ပညတ် တရားတို့နှင့် တန်ဆာဆင်၍ ဥပမာ ပုံပြင် ဝတ္ထုသာကေတိုဖြင့် ဟောတော်မူတဲ့အခါ ဟောရပါတယ်။ ဟောတော်မူရန် အကြောင်း ဆိုက်လာအောင်လဲ အနိမာ၊ လဃိမာ၊ မဟိမာ၊ ပတ္တိမာ၊ ကမ္မ၊ ဣသိတာ၊ ဝသိတာ၊ ယတ္ထကာမ ဝသယိဘာ ဟူသော တန်ခိုးတော် ထူးများကို အသုံးချတန်ရင် ချပြတော် မူရပါတယ်။

ဝမ္မရသကို ပြဘော်မူရအောင် သတ္တဝါ တစ်ဦးနဲ့ ပြိုင်တန် ပြိုင်ရတယ်။ ဆိုင်တန်ရင် ဆိုင်ရတယ်။ အနည်းနည်း အမျိုးမျိုးနဲ့

က္လန္ဒြိယ ပရော ပရိယတ္တိ ဉာဏ်တော်ဖြင့် ရှုမြင် ဆင်ခြင်တော်မူပြီး ထို သတ္တဝါ၏ အာသယာနုသယ အလိုသို့လိုက်ကာ အနာနဲ့ဆေး တည့် အောင်ပေး၍ ကုစားသလို နည်းမျိုးဖြင့် ဟောတော်မူတာလဲ ရှိပါ တယ်။

အနုတ္တရော ပုရိသ ဒမ္မသာရထိ’ ကြမ်းတဲ့လူကို ကြမ်းတဲ့အတိုင်း၊ နူတဲ့လူကို နူတဲ့အတိုင်း မယဉ်ကျေးသော လူယောက်ျား နတ် ယောက်ျား လူရိုင်းများကို ယဉ်ကျေးအောင် ဆုံးမတော် မူရာ၌ အတု မရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။ သည်တော့ အခု တပည့်တော်တို့ ခေတ်မှာ တပည့်တော်ရဲ့ လုပ်ရပ်ကလေးကို တင်ပြ ချင်တာကတော့ တပည့်တော်က မူလက စာရေးဆရာပါ။ စာရေးဆရာ ဆိုပေမယ့် လည်း လေးလေး နက်နက် ကျမ်းမျိုး စာမျိုးကို ရေးခဲ့တာ မဟုတ်ပါဘူး။ မြီးကောင်ပေါက် လူငယ်တွေရဲ့ အချစ် အကြောင်း ချစ်နည်း ကြိုက် နည်း အမျိုးမျိုးတွေ ဋီကာချဲ့ပြီး ရေးခဲ့တဲ့ အချစ်ဝတ္ထုရေး ဆရာပါ။ အခုလို ပြောရတာ ရှက်လဲ ရှက်ပါရဲ့ မရှက်လဲ မရှက်ပါဘူး ဘုရား။ အဲသည်လို စာရေးဆရာက နေပြီးတော့ ရုပ်ရှင်ဒါရိုက်တာ ဖြစ်လာပြန် ပါတယ်။ ရုပ်ရှင်ဒါရိုက်တာ ဆိုတော့ စာလုံးနဲ့တင် အားမရလို့ လူ ကိုယ်တိုင် သရုပ်ဆောင်ကြပြီး၊ ချစ်နည်း ကြိုက်နည်း သမီးရည်းစား အခန်းတွေ သရုပ် ဖော်ရပြန်ပါရော။ ခေတ်ကလဲ အဲသည် အခန်းမျိုး များများပါလျှင် ပိုက်ဆံများများရပြီး နာမည်ကျော်လေပဲ ဘုရား။

သည်ကြားထဲမှာ တပည့်တော်က ဂီတဝါသနာ ပါပြန်လေ တော့ သီချင်းလေး ဘာလေး ဆိုပါတယ်။ တစ်ခုတော့ ရှိတယ်ပေါ့လေ ဘယ်ဟာ လုပ်လုပ် ဘယ်ဟာပဲ ရေးရေး မြန်မာ့ စာပေ၊ မြန်မာ့ ယဉ်ကျေးမှု စာပေ ကျမ်းဂန်များနဲ့ နီးစပ်လာအောင် ကံကောင်း ထောက်မတာ ကလေးတော့ ခံစားခဲ့ရပါတယ်။

တပည့်တော် အသက် ဆယ်နှစ်အရွယ် ၁၉၂၀ ခုနှစ်မှာ တက္ကသိုလ် ပညာရေးနဲ့ ပတ်သက်ပြီး မြန်မာပြည် တစ်ပြည်လုံးရှိ အင်္ဂလိပ်ကျောင်းတိုင်း သပိတ်မှောက်ကြပါတယ်။ အမျိုးသား ကျောင်း တွေ ပေါ်ပေါက်ခဲ့ပါတယ်။ အမျိုးသားစာပေကို ဦးစားပြုဖို့ သွေးထိုး ပေးကြပါတယ်။

စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ အမျိုးသား ပညာဝန် ဦးဖိုးကျား၊ မြို့မ ကျောင်းဆရာကြီး ဦးဘလွင်၊ ဒီးဒုတ် ဦးဘချိုစတဲ့ မျိုးချစ် ပုဂ္ဂိုလ်ကြီးများက တပည့်တော်တို့လို ကျောင်းသားငယ် ကလေးများအား မြန်မာစာကို ချစ်ဖို့ နှိုးဆော် ခဲ့ပါတယ်။

အမျိုးသားကျောင်းများမှာ သင်တာကိုက 'မြန်မာ့ရာဇဝင်' 'ဇာတ်ကြီးဆယ်ဘွဲ့' 'လောကနီတိ' 'လောကသာရ'။ အဲသည်လို ဘာသာရေးဆိုင်ရာ မြန်မာ့ ယဉ်ကျေးမှုဆိုင်ရာ စာပေမျိုးတွေကို ဦးစားပေးပြီး သင်ပေး ပို့ချကြပါတယ်။ အဲသည်လိုနဲ့ ဗုဒ္ဓဘာသာ စာပေ မြန်မာ့ရိုးရာ ယဉ်ကျေးမှု စာပေတို့ရဲ့ အရသာကို ခံစားရ ကောင်းမှန်း သိတဲ့ အချိန်က စပြီး ကျောင်းမှာ မသင်ရသေးတဲ့ ကျမ်းဂန် ဗဟုသုတတို့ကို နှစ်သက် လိုလား လေ့ဘတကြီး ကြည့်ရှုမှတ်သား ရတာဟာ ပျော်စရာကြီးလို့ ထင်လာ ခဲ့ပေါတယ်။ ပျော်လို့ ဖတ်တယ်။ ဖတ်လို့ ပျော်လာတယ်။ ပျော်လ လို့ ဖတ်ပြန် တယ်။ သည်လိုနဲ့ပဲ တပည့်တော်မှာ စာရေးနိုင်အောင်၊ ရုပ်ရှင် ရိုက်နိုင် အောင်၊ ပြဇာတ် လုပ်နိုင်အောင်၊ စာပေ ဟောပြော နိုင်အောင် အထောက်အပံ့ကလေးတွေ ကအားလျော်စွာ အထိုက်အလျောက် ရခဲ့ ခြင်း ဖြစ်ပါတယ် ဘုရား။

အဲဒီလို မြန်မာ စာပေကို အရင်းအနှီး ပြုလာနိုင်တော့ တေးဂီတ သီချင်းများကို ရေးဖို့ ဆိုလို့ ဝါသနာ ပါတာချင်း တူရင် တပည့်တော် က စာပေ အရင်းအမြစ်ကို မြစ်ဖျားခံပြီး လေ့လာ စပ်စုဖို့ လွယ်ကူ လာပါတယ်။

ဥပမာ....'ထူးမခြားနား'ဆိုတဲ့ သီချင်းခန့်ကြီးကို သီဆိုရတဲ့အခါ 'ထူးမခြားနား မီးရေ စုံသား၊ ရောင်တော် ထွေပြား ပြောင်းလို့လို့' ဆိုတဲ့ စာသားအပေါ်မှာ မြတ်စွာဘုရား၏ ကူဒ္ဓိဝိဓ တန်ခိုးတော်နှင့် ယမက ပါဋိဟာရိယကို ဖတ်ဖူး ထားလေတော့ ရေအစုံမီးအစုံ ဘယ်လို ဖြစ်လာတယ် ဆိုတဲ့ အကြောင်းအရာ များကို အာရုံခံပြီးတော့ သူများ ထက် ကြည်ညို လာနိုင်ပါတယ်။ နောက်ပြီး....

အချစ်ရေး အချစ်ရာ သီချင်း ဆိုပါတော့ 'စိန်ခြူးကြာညောင် လရောင် လင်းပါလို့၊ မှန်ရွှေဖြူ ပြတင်းရယ်က မယ်ခုမျှော်၊ သုံးချက် စည်မတော် ရိုက်ဆော်ညဦးတယ်လေး လင်းပြန်လုနော်'ဆိုတဲ့ သီချင်းကို လဲ 'စိန်ခြူးကြာညောင်'ဆိုတဲ့ နန်းတွင်း နေရာင်ခင်း ကလေးတွေ သုံးချက် စည်တော်ဆိုတဲ့ ပဟိုရ်နာရီ အကြောင်းလေးတွေ ဖတ်မိထား လေတော့ သူများထက် ပိုလွမ်းဘာပေါ့ ဘုရား။

နောက်တစ်ခါ 'တေဘုမ္မာ' သီချင်း ဆိုပါတော့ 'တေဘုမ္မာ အနိစ္စ ဒုက္ခ အနတ္တ တရားမရလို့ များလှ သံသရာ။ကာမဘော၊ ဘဝေါဃာ၊ ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာ၊ စိတ်မောဟာ ကောင်းတော၊ အရင်းခံသူ ပါပဿ'။ အဲဒီ သီချင်းထဲက မမှုရသ စာသားများကို ငုံမိ ခြုံမိအောင်

မြန်မာစာပေရဲ့ ကျေးဇူးကို ခံစားနိုင်ခဲ့ပါတယ်။ အကယ်၍များ တရားနာသူတွေရဲ့ စရိုက် အာသာများနှင့် ကိုက်ညီမယ်။ အကျိုးဖြစ်ထွန်းမယ်ဆိုရင် သီချင်းတစ်ပုဒ်နဲ့တောင် ဗုဒ္ဓရဲ့ ဓမ္မအရသာကို ဟောနိုင်လိမ့်မယ်လို့ တပည့်တော် လက်ခံခဲ့ပါတယ်။ အခါများစွာလဲ လက်တွေ့ ဟောပြောခဲ့ဖူးပါတယ် ဘုရား။ အရှင်ဘုရားများ သိတော်မူပြီး ဖြစ်ပါတယ်ဘုရား။ ဗုဒ္ဓဝင်ကျော်ကြီးမှာ အလောင်းတော်ကြီး 'သိဒ္ဓတ္ထမင်း' ဟာ ဥယျာဉ်တော်မှအပြန် နှမတော် ကိသာဂေါတမီ သီဆိုလိုက်တဲ့ 'နိဗ္ဗုတာ နူန သာ မာတာ' အစရှိတဲ့ သီချင်းသံကလေးကိုကြားတော်မူရလို့ 'မဟာနိက္ခမ' အထွက်ကြီး ထွက်သွားတော်မူခဲ့တာ မဟုတ်ပါလား ဘုရား။

ယခု တပည့်တော်ရဲ့ အသက်နဲ့ အသိကို ကျော်ထောက်နောက်ခံပြုပြီး ရေးတတ်သမျှလေး ရေးနိုင်တာ ပြောတတ်သမျှလေး ပြောနိုင်တာဟာ အမျိုးသားကျောင်းက ရလိုက်တဲ့ အမွေတွေပါပဲ ဘုရား။ အဲဒီတော့ တပည့်တော်တို့ အဘန်းအစားအားဖြင့် ခွဲကြည့်တော့ တပည့်တော်တို့ထက် တတ်တဲ့ ပုဂ္ဂိုလ်တွေ၊ သာလွန်ဘတ်တဲ့ ပုဂ္ဂိုလ်တွေ အများအပြား ရှိကြသလို တပည့်တော်တို့ တန်းတူမှာတော့ တပည့်တော်လို တတ်တဲ့ သိတဲ့ ပုဂ္ဂိုလ်တွေ ရှိကြပါရဲ့။ အဲ....တပည့်တော်တို့ရဲ့ အောက်ကို ကြည့်လိုက်ရင်ဖြင့် တပည့်တော်တို့လောက်မှ မတတ်တဲ့ ပုဂ္ဂိုလ်ကြီးကြီးငယ်ငယ်တွေ....

အခု လောကမှာ ပိုပြီး များလာပါတယ်။ ဗုဒ္ဓ၏ သာသနာတော်ဖြင့်သာ ပြောရရင် ဘုန်းကြီးကျောင်းမှ မရောက်ဖူးတဲ့ လူငယ် လူရွယ်တွေ အနမတဂ္ဂ ရှိနေပါတယ်။

အဲဒီလို ရတနာသုံးပါးကို အကျွမ်းတဝင် မချဉ်းကပ်ကြသေးတဲ့ လူငယ်လူရွယ်တွေကို အဲ လူလတ်လူကြီးတွေလဲ ပါကောင်းပါမှာပေါ့။ အဲ....သူတို့ သူတို့ကို တပည့်တော် သိသကဲ့သို့ သိစေချင်တယ်။ တပည့်တော် ရိုသေသလောက် ရိုသေကြစေချင်တယ်။ တပည့်တော် အဆုံးအမခံသလောက် ခံယူကြစေချင်တယ်။ တပည့်တော် အကျိုးကျေးဇူး များသလောက် သူတို့ သူတို့တစ်တွေလဲ အကျိုးကျေးဇူး တိုးတက်များပြားစေချင်တယ်။ အဲဒါဟာ တပည့်တော်ရဲ့ စေတနာပါ ဘုရား။

အမှန်အားဖြင့် ဥပမာအားဖြင့် ပြောရရင် အတိုင်းမဲ့ နက်ရှိုင်းကျယ်ဝန်းစွာသော သမုဒ္ဒရာ အလယ်မှာ တပည့်တော်တို့ ကိုယ်တိုင်က မကူးခပ်နိုင်သေးပါဘူး။ တပည့်တော် ဝန်ခံပါတယ်။ သမုဒ္ဒရာရဲ့ ကမ်းစပ်က ဒူးဆစ် ပေါင်လယ်လောက်မျှသာ ဆင်းပြီးတော့ တစ်ခုတည်းသော ငန်တဲ့အရသာကို တပည့်တော်တို့ သောက်သုံးရသမျှလေး၊

အဲဒါလေးကို သမုဒ္ဒရာကိုဘား၍ ပင်လယ်ကို မမြင်ဖူးသေးတဲ့ ပုဂ္ဂိုလ်သည်ပုဂ္ဂိုလ်တွေ အများကြီး ရှိကြတယ်။ အဲသည်ပုဂ္ဂိုလ်တွေကို ဘပည့်တော်တို့က (ဟင်းခွက်) ကမ်းချင်တယ်၊ ဝေစား မျှစားပေးချင်တယ်။ ဖောက်သည် ချချင်တယ်။ အဲသည်တော့ တတ်သမျှ မှတ်သမျှ ဖတ်သမျှ စာတိုပေစလေးထဲက ဘယ်ပုံဘယ်နည်းနဲ့များ သူတို့ နားလည်အောင် ပြောရပါ့မလဲလို့။ အဲဒါက တပည့်တော်ရဲ့ ပစ္စက္ခသာသနာပြုနည်းကို နိဒါန်းပျိုးတာပါ ဘုရား။

ဘာနဲ့ အလားသဏ္ဌာန်တူသလဲ ဆိုတော့ ကျောင်းသားငယ်ကို ကျောင်းသားကြီးက စာသင်ပေးတယ်။ ကျောင်းသားကြီးကို တန်းပိုင်ဆရာက စာသင်ပေးတယ်။ အတန်းပိုင်ဆရာကို ကျောင်းအုပ် ဆရာကြီးက စာသင်ပေးတယ်။ ကျောင်းအုပ်ဆရာကြီးကို ပညာရေး ဌာနက ညွှန်ပြသတယ်။ အဲလို ဥပမာတွေနဲ့ ခွဲရလို့ ရှိလျှင်ဖြင့် တပည့်တော်တို့က ကျောင်းသားကြီး အဆင့်လောက်ပဲ ရှိပါလိမ့်မယ်။ အဲသည် ကျောင်းသားကြီး အဆင့်အတန်းလောက်က ကျောင်းသားငယ်တွေကို သင်တန်းပေးသလို သင်ပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် တပည့်တော်ဟာ သူဘို့တစ်တွေ နားလည်အောင်ဆိုရင်ဖြင့် လယ်တီဆရာတော်ဘုရားကြီးရဲ့ အကျင့်သိက္ခာကို တပည့်တော် အားကျမိပါတယ်။ အရှင်ဘုရားများ သိတော်မူကြတဲ့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ပရမတ္ထ ဒီပနီဋီကာသစ်၊ အလင်းကျမ်း ဒီပနီ၊ ပဋ္ဌာနုဒ္ဒေသ ဒီပနီ၊ သဒ္ဒါကျမ်း အစရှိတဲ့ ပါဠိဘာသာအားဖြင့် စီရင် ရေးသားအပ်တဲ့ ကျမ်းပေါင်းများစွာ ရှိပါတယ်။ ပါဠိဘာသာနဲ့ ချည်း ရေးထားတာပါ။ အနက်တောင် မပါပါဘူး။ အဲသည်နောက် ဥတ္တမပုရိသ ဒီပနီ၊ သာသနာ့ ဝိသောဓနီ၊ အနတ္တ ဒီပနီ၊ ဘာဝနာ ဒီပနီ၊ ကမ္မဋ္ဌာန ဒီပနီ၊ ဗောဓိပက္ခိယ ဒီပနီ၊ နိဗ္ဗာန ဒီပနီ အစရှိသော မြန်မာဘာသာဖြင့် စီရင်အပ်သော ကျမ်းပေါင် များစွာ။ အဲဒါကျတော့ မြန်မာလို သက်သက်သာ ရေးတော်မူခဲ့ပါပြီ။ အဲသည်လို ရေးတဲ့ အခါမှာ ဆရာတော်ဘုရားဟာ နာမည်ကောင်းရသသားလို့ ဆိုတော့ ဘုရားနှင့် ခေတ်ပြိုင် ဆရာတော်ကြီးများက အပြစ်တင်တော်မူကြတယ်။ စာတတ်ပေတတ် ဆရာတော်များက ကဲ့ရဲ့ကြတယ်။ ဘာပြုလို့လဲ ဆိုတော့ 'လယ်တီ စာတွေဟာ ကောင်းတော့ ကောင်းပါရဲ့။ သို့ပေမယ့် ပရမတ္ထ ဒီပနီတို့လို ကျမ်းစာ မခန့်ဘူး။ စာကြီးပေကြီး မည်ဘူး။ ပါဠိ အဋ္ဌကထာကို မကိုးကားဘူး။ အဲသည်လို ဆရာတော်ဘုရားကို ဝေဖန်ကြပါတယ်'။ အဲသည်လို ဝေဖန်ကြတဲ့အခါမှာ ဆရာတော်က ပြန်ပြောတယ်

ဆိုတဲ့ စကားလေးတစ်လုံးကို တပည့်တော်တို့က အင်မတန် ကြည်ညို ပါတယ်။

ဆရာတော်ဘုရားက ဘယ်လိုပြောသလဲဆိုတော့ 'ဘုန်းကြီး အခု ရေးနေတဲ့ ဥတ္တမပုရိသ ဒီပနီတို့၊ ဗောဓိပက္ခိယ ဒီပနီတို့ဟာ စာတတ် ပေတတ်တွေအတွက် မရည်ညွှန်းပါဘူး'တဲ့။ ဘုရားဒကာ ကျောင်းဒကာ တွေကို သာသနာပြုဖို့ထက် သာမန် အလုပ်သမား လယ်သမားတွေကို သာသနာပြုဖို့ ပိုပြီး အရေးကြီးနေပြီလို့ ဘုန်းကြီး ခံယူပါတယ်တဲ့။ 'ဒါကြောင့် သူတို့နဲ့ တန်ရာတန်ရာ သူတို့ မသိတဲ့ စကားလုံးတွေကို လျှော့ပြီး လယ်လုပ်ရင်း ယာလုပ်ရင်း၊ ဈေးရောင်းရင်း ဖတ်လျှင်အလွယ် တကူ သိနိုင်အောင် ဘုန်းကြီးက ရေးထားတာပါ'–တဲ့။

'ဘယ်ကျမ်းက ဘယ်လို ဆိုတယ်။ ကျမ်းကြီးကျမ်းခိုင်တွေကိုပြပြီး တော့ သမားဂုဏ်ပြတာမျိုး ရောက်အောင် အထင် မခံချင်တော့ပါဘူး' တဲ့ ။ဒါကြောင့် ပါဠိ မတတ်သေးသော၊ ဂန္ထန္တရကျမ်းဂန်နဲ့ ဝေးသော ဗာဟီရကိစ္စ လူမှုရေး အိမ်ထောင်မှုတွေနဲ့ ဗလုံးဗထွေးနေသော အဲသည် ပုဂ္ဂိုလ်တွေအတွက် ဖတ်ရင်း ထင်းခနဲ ထင်းခနဲ ရှင်းသွားအောင် ပါဠိ အဋ္ဌကထာ ဆိုတဲ့ စကားလုံးကို နည်းနိုင်သလောက် နည်းအောင် ဘုန်းကြီးက ရေးပါတယ်' တဲ့။ အဲသည်လို အမိန့်ရှိတော်မူပါတယ်။

အဲဒါတွင်လား ဆိုတော့ မကပြန်ဘူး၊ ကျမ်းများစွာတို့ကို ပြုစု တော်မူသဖြင့် ဗဟုဂန္ထကာရသိက္ခာကာမသုခိသလ္လေခ ဝိနယရေ၊ တိပိ ဋကဓရေ၊ မူရပါမောက္ခ သာသန သောဘိတ၊ သာသနဇောတိက သံဃာ့ဦးကိုင် တစ်နိုင်ငံလုံး၏ အားထားရာ၊ အများသတ္တဝါတို့၏ ကိုး ကွယ်ရာ အစစ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ပိဋကတ္တယ ပါရဂူ ဝှမ်းဆူပညာ တစ်ကမ္ဘာလုံး သိမ့်သိမ့်ချုန်းမျှဝေဘုန်းတော်သခင် တပည့်တော်များ၏၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးဟာ ဘယ် အထိများ ဆင်းလာသလဲဆိုတော့ ကျောင်းသား လူငယ်လေးတွေ 'ဗုဒ္ဓဝင်'ကို နှုတ်တက်ဆောင်ရအောင် 'သူတို့ကို ကျမ်းကြီး ကျမ်းဂန် ကျမ်းကိုး ကျမ်းကားတွေနဲ့ ပြောနေလို့တော့ သူတို့ နားလည်မှာ မဟုတ်ဘူး၊နှုစ်သက်မှာလဲ မဟုတ်ဘူး။ ဆောင်နိုင်မှာလဲ မဟုတ်ဘူး'–တဲ့။

အဲသည်တော့ သူတို့ ဆောင်နိုင်အောင် သူတို့ အတန်းကိုဆင်းပြီး တော့ သူတို့ ကြိုက်တဲ့စာမျိုး ရေးပေးမှ ဆိုပြီး တပည့်တော်တို့တစ်တွေ ဦးထိပ်ထားရတဲ့ ''သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင် သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာတို့ ညီညာရုံးစု တောင်းပန်မှုကြောင့် ရတုနဂို၊ ရွှန်းရွှန်းစို သည် ဝါဆိုလပြေ့ (ပြည့်) ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ ကြည်ဖြူ၊

သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို'' ပညာရှိတွေအတွက်တော့ မထူးပါဘူး။ ကျောင်းသူ ကျောင်းသားလေးတွေ ဝိုင်းရွတ်တဲ့အခါမှာ သာယာနာပျော်ဖွယ် အသံလေးနဲ့ ရွတ်ချင်လာအောင် သည်ရတုလေး ခုနစ်ပုဒ်။ နောက်ဆုံး ဘုရားရှိခိုးတစ်ပုဒ်နဲ့ ရှစ်ပုဒ်။ ဘယ်နေ့မှာ သန္ဓေယူတော်မူတယ်။ ဘယ်နေ့မှာ ဖွားမြင်တော်မူတယ်။ ဘယ်နေ့မှာ တောထွက်တော်မူတယ်။ ဘယ်နေ့မှာ ဘုရားစင်စစ် ကေန် ဖြစ်တယ်။ ဘယ်နေ့မှာ ဓမ္မစကြာတရား ဟောတော်မူတယ်။ ဘယ်နေ့မှာ ပရိနိဗ္ဗာန်စံတော်မူတယ်။ ဘယ်နေ့မှာ တေဇောဓာတ် လောင်ကျွမ်းတော်မူတယ်ဆိုတာကို၊ သည်စာကလေးတွေကို ကျက်လိုက်လို့ရှိရင် ကလေးတွေဟာ အာဂုံ ရသွားတာ များပါတယ်။ ဒါကြောင့် တော်ရုံတန်ရုံ လူကြီးတွေမသိတဲ့ ဗုဒ္ဓဝင် အကျဉ်းချုပ် အကျဉ်းတကာ့ အကျဉ်းဆုံးကို လယ်တီဆရာတော် ဘုရားကြီးရဲ့ ကျေးဇူးကြောင့် တပည့်တော်တို့ ကျက်ခဲ့ရ မှတ်ခဲ့ရပါတယ် ဘုရား။

ဒါဟာ အောက်ကို ဆင်း၍ ဟောပြောခြင်း၊ ရေးသားခြင်း ဖြစ်ပါတယ်။ ဒါထက် ပိုတိုးပြီးတော့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ်လေးရပ်၊ ပရမတ်ဆိုတဲ့ ပရမတ္ထသံခိပ်ကို ရေးပြန်ပါတယ်။ အဲဒါတွေ ရေးတဲ့အခါကျတော့ အဲသည် သံခိပ် အသင်းတွေ ပေါ်လာတော့ ''လယ်တီ ဆရာတော် ယိမ်းထောင်နေသဟေ့'' လို့တောင် အပြောခံရတယ်။ သို့သော်လဲ အဲသည် သံခိပ်ကို နှုတ်ငုံရထားတဲ့ ကလေးသူငယ်များဟာ ယောက်ျားလေး မိန်းကလေးမရွေး သင်္ဂြိုဟ်ကို တတ်တဲ့အခါကျတော့ အများကြီး အထောက်အကူပြုတာကို ဆရာတော်ဘုရားများ ကိုယ်တွေ့ ဖြစ်ပါတယ်။

ဒါကြောင့် တပည့်တော် ခံယူချက်အတိုင်း လယ်တီ ဆရာတော်ဘုရားကြီးဟာ (ပညာရှိ၊ သူတော်ကောင်း၊ စာရေးဆရာ၊ စာဆိုတော်ကြီး ဖြစ်ပါပေတယ်)လို့ တပည့်တော် စာပေ ဟောပြောပွဲတွေမှာ ဆရာတော်ကြီးရဲ့ ဂုဏ်ကို ချီးကျူးပြီးတော့ စာရေးဆရာတွေ အားကျအောင် အတုယူအောင် အရပ်ရပ် အနယ်နယ်မှာ ဟောပြောခဲ့ပါတယ်။

တပည့်တော် လျှောက်ထားချင်တာကတော့ တပည့်တော်တို့ တတ်သမျှ အဆင့်ကလေးလောက်ကို တပည့်တော်လောက်မှ မတတ်တဲ့ လူတွေထံ ကျောင်းသားကြီးက ကျောင်းသားငယ်တွေကို သင်ပေးသလို သင်ပေးချင်ပါတယ်။

တပည့်တော်တို့ကကော သင်ပေးရုံနှင့် ကျေနပ် ရမှာလား။ ''သင်ပေးချင်သူဟာ ကိုယ်တိုင်လဲ သင်ယူရမှာ ဖြစ်ပါတယ်''။ ဒါကြောင့် ကျောင်းသားငယ်ကို သင်ပေးတဲ့ ကျောင်းသားကြီးက အတန်းပိုင်

ဆရာ့ထံမှသော် လည်းကောင်း၊ ကျောင်းအုပ်ကြီးထံမှသော် လည်းကောင်း၊ သင်ယူနေရပြန်ပါတယ်။

ဟောပြောပွဲ တစ်ခုခုမှာ ဟောရ ပြောရတော့မယ်ဆိုရင် တပည့်တော်မှာ စာတွေကို စုဆောင်းရပါတယ်။ တေးရ မှတ်ရပါတယ်။ စာဖတ် စာမှတ် ပုဂ္ဂိုလ်ဆိုဘဲ့အဘိုင်း စာ တစ်ခုခုကို ဖတ်ရာမှာ 'သု....စိ_ပု...ဘာ....ဝိ....လိ....သိ ခ' ဆိုသလို အဲသည် အကြောင်းတရား မှစ်ပါးနဲ့ တပည့်တော်တို့ ကိုယ်တိုင် ကျေကျေ ညက်ညက်ကြီး နားလည်အောင် ဖတ်ရပါတယ်။ သူများ ခတွေကို ပြောပြနိုင်အောင် ရေးပြနိုင်အောင် တပည့်တော်ကိုယ်တိုင် ကြိုးစားရပါတယ်။

တစ်ခါတစ်ရံ အကိုးအကား ထက် မျက်မြင် သက်သေ ဥပမာ ဥပမေယျတို့ဖြင့် စိတ်ဝင်စားအောင် ပြောပြရပါတယ်။

တစ်ခါ တစ်ရံလဲ အလွန် အဆင့်အတန်းမြင့်ပြီး လေးနက်တဲ့ အပြောအဆိုများထက် သိလွယ် နားလည်လွယ်သော အရပ်စကားများက ဒက်ခနဲ....ဒက်ခနဲနေအောင် စွမ်းဆောင်နိုင်ကြောင်း လယ်တီ ဆရာတော် ဘုရားကြီးက ပြောခဲ့ပါပြီ။

စူ ဋ ဝ ဂ္ဂမှာ ပါတဲ့ အကြောင်းလေးတစ်ခုဟာ မှတ်သားစရာ ကောင်းလှပါတယ်။

မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ်တုန်းက အရွတ်အဖတ် ကောင်း တဲ့ ဗြာဟ္မဏ အမျိုး ရဟန်းညီနောင် နှစ်ပါးအကြောင်းကို အရှင်ဘုရားများ သိတော်မူကြပါတယ်။ မြတ်စွာဘုရား၏ ဟောကြားသော တရားတော် မှန်သမျှကို ဝေဒိက သက္ကတဘာသာနဲ့ ပြန်ဆိုတင် ထားဖို့ မြတ်စွာဘုရားထံ ခွင့်တောင်းကြပါတယ်။

ဘာ ဖြစ် လို့ လဲဆိုတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ မာဂဓဘာသာနဲ့ ဟောခြင်းကြောင့် အောက်တန်းစား လူတွေပါ သိကုန်ကြပြီး အရွတ်ရ၊ အဖတ်ရလဲ လွယ်တယ်။သဘောအနက် ပြန်တာကလဲ လွယ်တယ်။ အဲဒါကြောင့် အောက်ဘန်းစား ဘာသာစကားများ ဖြစ်နေပါတယ်တဲ့။ ဓမ္မရသတွေဟာလဲ ဂုဏ် မရှိတော့ပါဘူးတဲ့။ သို့ အတွက် မြတ်စွာဘုရား ကိုယ်တော်တိုင်ကလဲ ခတ္တိယ အမျိုးကြီးဖြစ်တယ်၊ သကျပုတ္တသာကီဝင်လဲ ဖြစ်တယ်။ဒါကြောင့် ဗြာဟ္မဏ အမျိုးအနွယ်များ အမြဲ ထမ်းဆောင်နေတဲ့ ဝေဒ ကျမ်းကြီးများကဲ့သို့ 'ဝေဒိက သက္ကတဘာသာ'နဲ့ တင်ထားပါရစေ ဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားကြပါတယ်။ သည်တော့ မြတ်စွာဘုရားက ဘာပြောသလဲ ဘယ်လို အမိန့်ရှိတော်မူသလဲ။

တပည့်တော် စရွတ်တဲ့ သဗ္ဗပါဏိနံ- လုံးစုံများစွာ သတ္တဝါ အပေါင်းတို့၏။ဟိတာယ- အစီးအပွားအလို့ငှာလို့ ဆိုတဲ့ နေရာမှ သဗ္ဗပါဏိနံ-လုံးစုံများစွာ ဆိုကတည်းက သတ္တဝါအားလုံး အကျုံးဝင်တယ်။ အမျိုးမြတ်တဲ့ လူမှ သိစေဖို့ မဟုတ်ဘူး။ အမျိုးနိမ့်တဲ့ လူတွေလဲ သိစေရမယ်။ ပညာတတ် လူးတန်းစားသာ သိစေဖို့ မဟုတ်ဘူး။ ပညာနည်းတဲ့ လူတွေလဲ သိစေရမယ်။ အမျိုးအနွယ်ခြားသိစေချင်လို့ ယခု မာဂဓ ဘာသာနဲ့ ဟောခြင်း ဖြစ်တယ်။

ဒါကြောင့် အများ နားမလည်နိုင်အောင် အဆင့်အတန်း မြင့်အောင် ဟူသော သဘောမျိုးဖြင့် ငါ ဘုရား၏ မာဂဓဘာသာ စကားများကို ဝေဒိက သက္ကတ ဘာသာနဲ့ ပြန်ဆို တင်ပြသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟူ၍ အာဏာတော် ဥပဒေ ဝိနည်းအနေနဲ့ သတ်မှတ်တော် မူပါတယ်တဲ့။

အဲသည်အကြောင်းကို အရှင်ဘုရားများ သိတော်မူပြီး ဖြစ်ကြပါတယ်။ အဲဒါကလဲ ဘာလဲဆိုတော့ အသိရခက်တဲ့ ဟာတွေကို မလုပ်နဲ့။ မဇ္ဈိမ ပဋိပဒါ အသိရလွယ်တာလေးတွေနဲ့ လုပ်ပါ။ သည်နေရာမှာ လိုရင်း အချုပ်ကတော့ မာဂဓ ပါဠိဘာသာ ပျောက်ကွယ်စေလိုသော စိတ်ထားမရှိပါနှင့်။ ပါဠိကို မထိမဲ့မြင် မလုပ်ပါနှင့်။ ရှင်းရှင်း ပြောရရင် ပါဠိကို မပစ်ပယ်ဘဲနဲ့ လိုအပ်သည့်အခါ လိုအပ်သည့် နေရာများတွင် ကိုယ့်ဘာသာနဲ့ကိုယ် ရေးမယ်ဆိုရင် ကိုယ့်စကားနဲ့ကိုယ် ပြောမယ်ဆိုရင် ပြောထိုက်တယ်လို့ မြတ်စွာဘုရား ခွင့်ပြုတော်မူတဲ့ သဘောရောက်ပါတယ်။

အရေးကြီးတာက သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားသခင်၏ တရားတော်ဟူသမျှဟာ မဖောက်မပြန် မှန်ကန်၍ သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း နည်းလမ်းကောင်းများ ဖြစ်တာကို ယုံမှားမရှိ သဒ္ဓါကြည်ညိုရင်းစွဲဖြစ်ဖို့သာ လိုပါတယ်။ နဂိုကမှ သဒ္ဓါကြည်ညိုရင်းစွဲ မရှိဘူး ဆိုရင်တော့ ဘယ်ဘာသာနဲ့ပဲ ရေးရေး။

အခု အနောက်နိုင်ငံက ပညာရှိကြီးများ အချို့ဆိုလျှင် ဗုဒ္ဓဓမ္မကို ကြည်ညို ယုံကြည်ရင်းစွဲ မရှိပါဘဲလျက် ကမ္ဘာ့ ဘာသာကြီးများအနက် တစ်ခုအပါအဝင် ဖြစ်တယ်ဆိုပြီးတော့ ဗုဒ္ဓရဲ့ ဓမ္မများကို စာပေ ဗဟုသုတ အနေနဲ့သာ ပြန်ဆိုနေကြခြင်း ဖြစ်ပါတယ်။ ဒါတော့ တပည့်တော်တို့နဲ့ မဆိုင်ပါဘူး။ တပည့်တော်တို့က ယုံကြည်ခြင်း သဒ္ဓါ ရှိနေပါတယ်။ ဒါကို တပည့်တော်တို့က အထောက်အထား ပြချင်ပါတယ်။

သာသနာဆိုတာကို တပည့်တော်တို့က ရှင်းပြပါမယ်။

သဗ္ဗ ပါပဿ အကရဏံ၊
ကုသလဿုပ သမ္ပဒါ။
သစိတ္တ ပရိယော ဒါပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

အဲသည် ‘ဓမ္မပဒ’ လာ၊ မူရင်း ပါဠိတော်ကို ရွတ်ဆိုပြဘာသာ ‘မကောင်းမှုမှန်သမျှရှောင်၊ ကောင်းမှုမှန်သမျှဆောင်၊ စိတ်စင်ကြယ်အောင်ထား။ အဲဒါဟာ ‘ဗုဒ္ဓ၏ အဆုံးအမစကား’ လို့ လက်ာဆန်ဆန် ကာရန်ကလေးတွေနဲ့ မြန်မာသက်သက် ရေးပြပြောပြမှ လူငယ်လူရွယ်တွေအဖို့ နားထဲကို ဝင်သွားပါလိမ့်မယ်။ ပါဠိဆိုရင် အရွတ်ရ အဖတ်ရ အမှတ်ရ ခက်နေကြလိမ့်မယ်။ သည်တော့ သူတို့တစ်တွေကို ပါဠိနည်းနိုင်သလောက် နည်းအောင် တပည့်တော် ရေးခဲ့ ချွတ်ခဲ့တဲ့ စာတွေ ရှိပါတယ်။ ဥပမာလေးတွေ၊ ဝတ္ထုလေးတွေက အစ ကောင်းနိုးရာရာတွေကို သူတို့နားလည်အောင် တပည့်တော်က ဖောက်သည်ချပေးပါတယ်။

ဝိသုဒ္ဓိမဂ်မှာပါတဲ့ ပလိဗောဓ အကြောင်းကိုပဲ ဆိုကြပါစို့။ ပလိဗောဓဆိုတဲ့ ပါဠိစကားဟာ တရားထိုင်ရာမှာ တရားကျင့်ရာမှာ အနှောင့်အယှက် အဟန့်အတား ဖြစ်စေသော အကြောင်းများဟု မြန်မာလို အဓိပ္ပာယ်ရကြောင်း ရှင်းပေးရပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ သဘောပေါက်အောင် သူတို့နဲ့နီးစပ်တဲ့ ဝတ္ထုပုံပြင်နဲ့ ပြောရင် သူတို့ စိတ်ဝင်စားကြ ပါလိမ့်မယ်။ အဲဒါကို ပြောတဲ့ ပုဂ္ဂိုလ်ဟာ ရာမာခရစ်ရှနာ ဆိုတဲ့ ဟိန္ဒူ ဘုန်းတော်ကြီးပါ။ ပုံပြင်နာမည်က ‘ခါးစည်းတစ်လွှာ’ တဲ့။ သူ ပြောသွားတဲ့ ပုံပြင်လေးက နားထောင်ချင်စရာလေး။

ရှေးရှေး တုန်းက–တဲ့။ တရားပြ ဂုရု ဆရာကြီး တစ်ပါးနှင့် တရားကျင့် ယောဂီ ဆာဒူးတစ်ယောက်ဟာ အရပ်တကာကို လှည့်လည်လာခဲ့ကြတယ်။ ရွာတစ်ရွာအနားက တောတန်းလေးရောက်တော့ ဂုရုကြီးက သည်နေရာလေးဟာ မင်းနေဖို့ ကောင်းတယ်၊ တရားကျင့်ဖို့ ရွာနဲ့လဲ မနီးမဝေး၊ လူမယ့်တန်းမယ့်သူနဲ့လဲ အလှမ်းမဝေး၊ ရေမိုးကလဲ ပြည့်စုံတယ် သစ်ကျားတို့ အန္တရာယ်ကလဲ ကင်းတယ်၊ အဲသည်တော့ မင်း သည်မှာနေရစ်ခဲ့။ ငါကတော့ ဟိမဝန္တာသွားပြီး တရားကျင့်မယ်၊ နောင်ငါးနှစ် ကြာတဲ့အခါကျတော့ ငါ သည်ကို ပြန်လာခဲ့မယ်။ အဲသည်တော့ မင်းကို (ယောဂ) ကမ္မဋ္ဌာန်း တစ်ဆင့်တိုးပြီး

၁၈၄၁၅

သင်ပေးမယ်။ မင်း အခု ကျင့်တဲ့ တရားအတိုင်းဆက်ပြီး ကျင့်နေပါလို့ ပြောပြီး ဂုရု ဆရာကြီးက ဟိမဝန္တာကို ထွက်သွားတယ်။

သူလဲ ထွက်သွားပြီးရော ဆာဒူးကြီးကတရားကျင့်တယ်။ နောက် တစ်နေ့ စားဖို့ သောက်ဖို့ ရွာထဲကိုလာပြီး အလှူခံတော့ ရွာသူရွာသား များက စားစရာ သောက်စရာများသာမက ဆာဒူးကြီးနေဖို့ သစ်ခက် တဲကျောင်းလေးတစ်ခု ဆောက်ပေးကြတယ်။

သည်တော့ ဆာဒူးကြီးမှာ တရားထိုင်ရစာ အဆင်ပြေနေတာ ပေါ့။ ဆာဒူးကြီးက တရားထိုင်ခါနီးရင် 'ကလန်ပိုင်း'လေးကို ရေလဲ လုပ်ပြီး ရေချိုးလေ့ရှိတယ်။ အဲသည် ကလန်ကလေးကို ကျောင်းတံခါး ဝက သစ်ကိုင်းကလေးပေါ်မှာ နေလှန်းလေ့ ရှိတယ်။

တစ်နေ့ကျတော့ အဲသည့် လှန်းတဲ့ ကလန်ကလေးကို ကြွက်ကိုက် သွားတယ်။ ကြွက်ကိုက်သွားတဲ့အခါကျတော့ သည်ကြွက်ကိုက်တဲ့အဝတ် ကို သူ မဝတ်ချင်တော့ဘူး။ ဗြာဟ္မဏ အမျိုးအနွယ် ဘဉ်လေးကလဲ မကုန်သေးတော့ ကြွက်ကိုက်တာ မင်္ဂလာမရှိဘူးထင်ပြီး ရွာထဲသွား အလှူခံတယ်။ ရွာသူ ရွာသားများကဘာပြုလို့တုံးမေးတော့ ငါ့ကလန် လေး ကြွက်ကိုက်သွားလို့။ ဟာ....ဒါဖြင့် လှူမှာပေါ့ ဘုရားလို့ ဆိုပြီး တော့ လှူလိုက်ကြရော။ ဒါနဲ့ နေပြန်ရာ နောက် လေး ငါး ခြောက် ရက်လောက် ကြာပြန်တော့ ကြွက်ကိုက်သွားပြန်ရော။ သည်လို ခဏ ခဏ ကြွက်ကိုက်တော့ ခဏခဏ အလှူခံရပြန်ရော။ သည်တော့ ရွာထဲ က အလှူရှင်တွေက ပြောတယ်တဲ့။

အရှင်ဘုရား သည်လိုသာ ခဏခဏ ကြွက်ကိုက်နေလို့ ရှိရင် ကြောင်တစ်ကောင် ခေါ်မွေးထားလိုက်ရင်ပြီးရော၊ ကြောင်ရှိရင် ကြွက် မလာဘူး။အေး သည်လိုဆိုချင် ကောင်းသားပဲဆိုပြီးတော့ ရွာသားတွေ ပေးလိုက်တဲ့ ကြောင်ကလေးကို ကျောင်းသို့ ယူလာခဲ့တယ်။

ကြောင်လေး ခေါ်ထားတော့ ကြွက်မလာတော့ဘူး၊ သို့သော်လဲ ကြောင်မှာ စားစရာမရှိဘူးတဲ့။ ဆာဒူးကြီး စားတာကလဲ သက်သတ် လွတ် ပေကိုး။ သည်တော့ ကြောင်သောက်ရအောင် နွားနို့ကို အလှူခံရ ပြန်တယ်။ နေ့တိုင်းနေ့တိုင်း အလှူခံရဖန်များတော့ ရွာသားများက ပြောကြပြန်တယ်။ 'ဆာဒူးကြီး နွားမတစ်ကောင်ကို မွေးထားပါ' အဲသည့်နွားမက ထွက်တဲ့နို့ကိုကြောင်လေးလဲ တိုက်နိုင်တယ်။ ဆာဒူး ကြီးလဲ သောက်နိုင်တယ် မဟုတ်လား။

အဲသည်တော့ ဆာဒူးကြီးက ရွာသားတွေ လှူလိုက်တဲ့နွားမကို ဆွဲပြီး ကျောင်းပြန်လာခဲ့တယ်၊ နွားမထံမှရတဲ့ နို့ကို ကြောင်လေးလဲ

သောက်ရပါရဲ့၊ ဆာဒူးကြီးလဲ သောက်ရပါရဲ့၊ ဒါပေမယ့် နွားမစားဖို့ ကောက်ရိုးက လိုလာပြန်တယ်။ သည်တော့ နွားမစားဖို့ကောက်ရိုးကို အလှူခံရပြန်ရော၊ ဒါလဲပဲ ခုနစ်ရက်လောက်ကြာပြန်တော့ ဆာဒူးကြီး ကောက်ရိုး အလှူခံနေတော့ ပင်ပန်းမှာပေါ့၊ ကျောင်းနားမှာ မြေက လေး ရှိသားပဲ အဲသည်မြေကို လယ်လုပ်ပြီး စပါးပင် စိုက်လိုက်လျှင် ဆာဒူးကြီးအတွက် ဆွမ်းဆန်လဲရမယ်၊ နွားမ စားဖို့ကောက်ရိုးလဲရမယ် မဟုတ်သား။ တပည့်တော်တို့က ပေါက်တူးတို့ ထွန်တုံးထွန်တံတို့ မျိုး စပါးတို့ လှူလိုက်ပါ့မယ်။အဲဒါနဲ့ပဲ ဆာဒူးကြီးဟာ တရားထိုင်ရတယ် မရှိတော့ဘူး။ လယ်လုပ်နေရတာနဲ့ပဲ အချိန်တွေ ကုန်ပါလေရော။

အဲသည်လို လုံ့လ ဝီရိယစိုက်တော့ စပါးတွေ ဖွံ့ဖြိုး လာတယ်။ စပါးဖွံ့ဖြိုးလာတော့ ဆာဒူးကြီး တစ်ဦးတည်း မနိုင်လို့ စပါးရိတ်ဖို့ လူငှားရတယ်၊ စပါးတွေ ရိတ်သိမ်းပြီးတော့ ထားဖို့ ကျီကျဆောက်ရ ပြန်တယ်၊ ကိုယ့်ဝမ်းစာလေး ချန်ပြီး ကျန်တာတွေ ရောင်းပစ်ရင် ငွေရ လာမယ်၊ အဲသည်ငွေနဲ့ အခြားအသုံးအဆောင်များကိုလဲဝယ်နိုင်တယ်၊ ကိုယ့်ကို ပြုစုဖို့၊ ကျောင်းမှာ ဝေယျာဝစ္စ လုပ်ဖို့ မိန်းမယူပါလို့ ရွာ သားတွေက တိုက်တွန်းတာနဲ့ ဆာဒူးကြီးမှာ မိန်းမ ယူလိုက်ရပြန်ရော။ ငါးနှစ်ကြာလို့ သူ့ဆရာ ဂုရုကြီး ဟိမဝန္တာမှ ပြန်လာတဲ့အခါ ဆာဒူး ကြီးမှာ အိမ်တွေယာတွေ ကျီတွေကျတွေနဲ့ မိန်းမနဲ့ ကလေးတွေနဲ့ တိုးလို့ တွဲလောင်း ဖြစ်နေတာကို တအံ့တသြ မြင်လိုက်ရတယ်။

သည်တော့ ဂုရုကြီးကမေးတယ်''တပည့် ဆာဒူးကြီး... မင်းဘယ် လို ဖြစ်တာလဲ၊ ငါ မင်းကို ပြောတုန်းက တရား ကျင့်ဖို့ပြောခဲ့တယ်၊ အခု မိန်းမရော ကလေးတွေရော ရနေတယ်၊ ဘယ်လိုဖြစ်တာလဲ'' လို့ မေးတဲ့ အခါမှာမှ ဆာဒူးကြီးဟာ နောင်တ အကြီးအကျယ် ရပြီး ''ခါးစည်းတစ်လွှာက စခဲ့တာပါပဲ ဘုရား''လို့ ငိုကြီးချက်မနဲ့ ဝပ်ချ ရှိခိုးလိုက်ပါသတဲ့။

အဲဒါဟာ ဟိန္ဒူ ဘုန်းတော်ကြီး ရာမာခရစ်ရှနာ ဟောတဲ့ပုံပြင် ကလေးပါ။''ပလိဗောဓ''ဆိုတာ တရားကျင့်မယ့်လူ ကိုအနှောင့်အယှက် အဖျက်အဆီး အဟန့်အတား ဖြစ်စေနိုင်တဲ့အတွက် အသေးအမွှား ကလေးကအစ သတိထားဖို့ ကောင်းကြောင်း ဆုံးမတာပါပဲ။

သည်လို ပြောရင် လူငယ်တွေ စိတ်ဝင်စားပါတယ်၊ အဲသည်လို စိတ်ဝင်စားလာပါမှ ဝိသုဒ္ဓိမဂ်မှာ ပါတဲ့ ပလိဗောဓ အကြောင်း များကို အကျယ်တဝင့် နားထောင်ချင်လာကြပါတယ်။

အဲသည်အခါ သီဟိုဠ်ကျွန်းက ရဟန်းနှစ်ပါးရဲ့ အကြောင်းကို ပြောပြရပါဘယ်။

တစ်ဦးက ထူပါရုံဆိုတဲ့ အရပ်မှာ နေတယ်၊ ဘစ်ဦးက ပါစိန အရပ်မှာ နေတယ်၊ ပါစိနအရပ်မှာ နေတဲ့ ရဟန်းမှာ ဆွမ်းကွမ်း ပေါများလေတော့ သူ့မိတ်ဆွေ ထူပါရုံ ကိုယ်တော်ထံ ဆွမ်းကွမ်း မျှတပါရဲ့လားလို့ အကဲခတ်ရအောင် ကြွလာတော်မူတယ်၊ တစ်ည အိပ်ပြီး လေ့လာတဲ့အခါ အင်မတန် ဆင်းရဲတာကို တွေ့လို့ ဆွမ်းခံ ကြွရင်း သူ့နေရာ ပါစိနအရပ်ကို လိုက်ခဲ့ဖို့ ပင့်တယ်၊ အဲသည်အခါမှာ ထူပါရုံ ကိုယ်တော်က "ကဲ....ဒါဖြင့် အခုပဲ ကြွကြစို့" လို့ ပြောတဲ့အခါ ပါစိန ကိုယ်တော်က "အရှင်ဘုရား၊ ကျောင်းမှာ တပည့်တော်ရဲ့ ပစ္စည်း လေးတွေ ကျန်ခဲ့ပါသေးတယ် ဘုရား" လို့ လျှောက်တယ်။ သည်အခါ ထူပါရုံ ကိုယ်တော်က "ငါ့ရှင်နှယ် တစ်ညအိပ်ကလေး လာဘာများ ပစ္စည်းတွေ ပါခဲ့ရသေးသလား။ ပလိဗောဓ များလိုက်ပါဘိ" လို့ အပြစ်တင်ပြီး လိုက်မကြွတော့ဘူးတဲ့။

အဲဒါဟာ "ရဟန်းတို့ အဖို့ သက်န်းသုံးထည်နှင့် သပိတ်တစ်လုံး သာ အားကိုးကြရမှာ ဖြစ်တယ်" လို့ မြတ်စွာဘုရားရဲ့ ဆုံးမတဲ့စကား ကို အလွန်တရာ ကြည်ညိုဖို့ ကောင်းကြောင်း လူငယ်တွေ သိနိုင်ကြ တယ်၊ သာသနာတော်ကိုကြည်ညိုနိုင်ကြတယ်။

တပည့်တော်တို့ခေတ် ရဟန္တာလို့ ကျော်ကြားတဲ့ ဘုန်းတော် ကြီး ဦးသီလရဲ့ အဆိုအမိန့် ဆုံးမ စကားတစ်ခုကိုလဲ ပြောပြလျှင်သူတို့ သဘောပေါက်သွားကြပါတယ်။ နှစ်ခြိုက် သွားကြပါတယ်၊ ရွှင်မြူး သွားကြပါတယ်။

တစ်ခါတော့ ဆရာတော်ကြီး ဦးသီလက သူ့တပည့် ရဟန်း ငယ် တစ်ပါးအား အခြားအရပ်သို့ ပရိယတ္တိ စာပေများ သင်ယူစေဖို့ လွှတ်လိုက်သတဲ့။ သုံးလလောက် ကြာတော့ ကျောင်းကို ပြန်ရောက် လာသတဲ့။

သည်တော့ ဆရာတော်ကြီးက မေးတော်မူဘယ်။

"ဟဲ့....မောင်ပဉ္စင်း ဘာလို့ ပြန်လာသလဲ"

"သစ်တုံးတစ်တုံး အလိုရှိလို့ပါ ဘုရား"

"သစ်တုံးက ဘာလုပ်ဖို့လဲ"


"အရဏ်တက်မှာတပည့်တော် စာကျက်ရအောင် ထဖို့ ကုလား တက် လုပ်ပြီး သာမဏေ ကလေး တစ်ပါးကို အခေါက်ခိုင်းချင်လို့ပါ ဘုရား" လို့ ဦးပဉ္စင်း ကလေးက ဖြေတယ်။

သည်တော့ ဘုန်းတော်ကြီး ဦးသီလက....

''အမယ်မင်း....မောင်ပဥ္စင်းနှယ် ပလိဗောဓ များလိုက်လေ၊ ကြက်တွေကို အရုဏ်တက်မှာ ထတွန်ဖို့ ဘယ်သူကများ နှိုးရသတုံး'' လို့ အမိန့်တော် ရှိပါသတဲ့။ အဲသည် စကားဟာ အချက် ကျလွန်းလို့ အဓိပ္ပာယ် ပေါ်လွင်လွန်းလို့ ကြားရသူတိုင်း စွဲစွဲမြဲမြဲ မှတ်မိ သွားနိုင်ပါတယ်။

တပည့်တော်တို့ စကားပြော တရားဟောရာမှာလဲ သည်လို အချက်ကျ ပိုင်နိုင်တဲ့ ဥပမာ ဥပမေယျ ပုံတိုပတ်စကလေးတွေ အလွန် တရာ အားကိုး ရပါတယ်။

အချိန်နာရီစေ့သွားတဲ့အတွက် အရှင်ဘုရားတို့လဲအနားယူရင်း တပည့်တော်ကိုလဲ ခေတ္တအားလပ်ခွင့် ပေးတော် မူကြပါ ဘုရား။ ။



# သင်ရိုးညွှန်းတမ်း

'ကိုသုခ။ ကျွန်မကို မှတ်မိလား။ ပြောစမ်း''

အသက်ခြောက်ဆယ်ခန့်ဟု ခန့်မှန်းနိုင်သော မွန်မွန်ရည်ရည် အမျိုးသမီးက ပြုံးလျက် ကျွန်တော့်ကို ပဟေဠိ လုပ်နေသည်။ အလုပ်မရှိ အလုပ်ရှာလိုက်တာဟု မှတ်လိုက်မိ၏။ စိတ်ဆိုသော (စိတ်)မှာ လက်ဖျစ်တတွက်အတွင်း စကြဝဠာကို ပတ်ပြေးနိုင်လောက်အောင် မြန်လှသည်။

ယခု ရေးပြနေသော အတွေးများမှာ တစ်ခဏအတွင်း စဉ်းစားတွေးတောလိုက်မိသည့် အကြောင်းအရာများသာ ဖြစ်ပါသည်။

ကျွန်တော့်ကို ကိုသုခဟု ခေါ်လိုက်ခြင်းက ကျွန်တော် ငယ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသူ ဖြစ်ရမည်။ ငယ်စဉ်ကဆိုသော ကာလမှာ ကျွန်တော့်ဇာတိမှာသာ ဖြစ်နိုင်သည်။စာရေးဆရာ အချင်းချင်း ရုပ်ရှင်

နယ်သား အချင်းချင်း လုပ်ဖော်ကိုင်ဖက် အချို့က (ကိုသုခ)ဟု ခေါ်ကြသည့် မှန်သော်လည်း ထိုအမျိုးသမီးကြီးမှာ စားပနယ်ပယ်ကလည်း မဟုတ်။ ရုပ်ရှင်နယ်ကဟုလည်း မဆိုနိုင်၊ ရင်းနှီးခဲ့ဖူးသည်ကတော့ သေချာသည်။

ကျွန်တော့် အိမ်သူအား ကျွန်တော်၏နာမည်ကို ခွဲခြား ခေါ်ကြပုံ ပြောထားရဖူးသည်။

"အမေကြီးရေ၊ ဆရာဦးသုခတို့၊ ဆရာဘို့၊ ခေါ်ပြီး ငါမရှိတုန်း အိမ်လာတဲ့ ညှော့်သည်ကို အမှတ်တမဲ့ နေချင်နေပါ၊ သုခဘို့ သိန်းမောင်တို့များ မေးမြန်း ခေါ်တက်လာတဲ့ ညှော့်သည်ဆိုရင် ကျပ်ကျပ် ဂရုစိုက်ပေတော့၊ ညှော့်ဝတ် မကျေဘူး ထင်ရင် ဆဲဆိုပြီး ထွက်သွားမယ့် ငယ်ပေါင်း ကြီးဖော်လို့သာ မှတ်လိုက်နော်"

ဟော....ဒီလို တွေးလိုက်တော့ သတိရလိုက်ပါပြီ၊ ကျွန်တော့် ဇာတိ ကျိုက်လတ်မြို့တွင် ခရစ်ယာန် သာသနာပြု အလယ်တန်းကျောင်းတစ်ကျောင်း ရှိသည်။ ထိုစာဖြူ ကျောင်းမှ အလယ်တန်းပြ ဆရာမ၊ နေဦး သူ့နာမည်၊ အဲ....မှတ်မိပြီ၊ ဆရာမ မမြကျင်။

ဒါတွေဟာ စာနှင့် ရေးပြတော့ အကြာကြီး။ တွေးလိုက်ဘာက တစ်ခဏလေး။

"ဟေး....မှတ်မိပြီ၊ ဆရာမ မမြကျင်၊ ဟုတ်ဘယ် မှတ်လား"

"အင်း....ဦးနှောက် မချောင်တတ်သေးဘူး၊ အတော်သားပဲ"

"လူက နည်းနည်း ဝလာတယ်၊ အင်္ဂါရုပ်ကတော့ လူကြီး နည်းနည်း ဆန်လာတာ တစ်ခုပဲ၊ နေပါဦး အရင်က(မင်း)နဲ့ (ကိုယ်)နဲ့ ပြောခဲ့တယ် ထင်ပါရဲ့"

"အရင်က ပြောခဲ့ပေမယ့် အခု ရိုသေရမယ့်အရွယ် ဝုဒ္ဓိတွေ ဖြစ်လာကြပြီ မဟုတ်လား၊ ကွဲသွားတာ အနှစ်လေးဆယ်သောက်ရှိပြီလေ၊ ကိုသုခက မွေဒါန လှူတဲ့ အစိန္တေယျ ဘုရားရှိခိုးစာအုပ်ကို မိတ်ဆွေတစ်ယောက်ဆီမှာ တွေ့လို့ နေရပ်ကို သိရတာပေါ့၊ ဝမ်းသာတယ်"

"နေပါဦး ဆရာမက ဘုရားရှိခိုး စာအုပ်ကို ဖတ်တယ်လား"

ကျွန်တော်က သူ့ကို ခရယာန်အဖြစ်နှင့် သိထားခဲ့ခြင်းကြောင့် မေးလိုက်ခြင်းပါ။

"ဖတ်ရုံမကဘူး အလွတ်ကျက်တာ ငါးပိုဒ်အာဂုံရပြီ၊ အခု ဘုရားက ဆင်းပြီး ဒီစာအုပ်ကို အလှူခံရအောင် လာတာ"

"အမယ်လေးဗျာ.... ကောင်းသော လာခြင်းပါတကား၊ အခုနေတော့...."

“တောင်ဥက္ကလာ (၁၆)ရပ်ကွက်မှာ သမီးနဲ့ အဘူနေတယ်၊ သမီးက ဒီဂရီ ရပြီးလို့ ဆေးရုံကြီးမှာ အလုပ်လုပ်တယ်၊ ခင်ပွန်းကတော့ ဆုံးရှာတာ ဆယ်နှစ်ရှိပြီ”

“အို....ဝမ်းနည်းပါတယ်၊ တယ်မှ မကြာသေးဘဲ”

“အင်း....ကျွန်မရဲ့ ကျေးဇူးရှင်ပါ၊ သူ့ကြောင့် ကျွန်မ ဗုဒ္ဓဘာသာ ဖြစ်ရတာ”

“ဩော်.... လင်ကောင်းလင်မွန် သာသနာပြု ပုဂ္ဂိုလ်ပေါ့ သာဓု....သာဓု”

“အခု ကိုသုခဆီကိုလာဘာဟာ ဗုဒ္ဓတရားတော်များကို လေ့လာချင်လို့ပါ၊ ရံဖန်ရံခါ ကိုသုခ အချိန်အားရင်ပေါ့၊ ပြောသာ ပြောရတယ်၊ ကိုသုခကလဲ အလုပ် အများသား”

“အလုပ်က အားတဲ့အခါလဲ အားတတ်ပါရဲ့၊ သို့ပေမယ့် ဆရာမ လေ့လာချင်သလောက် ကျွန်တော်က ပြောနိုင်မှလဲ ကောင်းမယ်၊ ရိပ်သာ တစ်ခုခုမှာ ဝင်ပြီး လက်တွေ့ စမ်းကြည့်၊သိချင်တာရှိလဲ ဆရာတော်များကို လျှောက်တား မေးမြန်း၊ ဒါမှ ယထာဘူတ ကျလိမ့်မယ်”

“ဟာ....ကျွန်မကို ဒီလောက်လဲ အထင်မကြီးနဲ့လေ၊ ဝိပဿနာ လုပ်နိုင်အောင် မဟုတ်ပါဘူး၊ ကျွန်မမှာ တစ်သက်လုံး ကျောင်းဆရာ လုပ်လာခဲ့တာ မှတ်လား၊ အကျင့်ပါလာတာလို့ ပြောရမလား၊ဘာသာရပ် တစ်ခုကို သင်ရိုးညွှန်းတမ်းအရ အောက်ခြေက စပြီး သိချင်တယ်၊ လေ့လာချင်တယ်၊ လေးတန်းက ကျောင်းသားကို ခြောက်တန်းစာ သင်မပေးချင်ဘူး၊ တစ်ချို့တလေတော့လဲ ခြွင်းချက်တော့ ရှိတာပေါ့၊ အများအားဖြင့်တော့ သင်ရိုးညွှန်းတမ်းအတိုင်း သွားကြတာ ကောင်းတယ်လေ၊ နောက်တစ်ချက်သဲ့ ကျွန်မမှာ နဂိုကတည်းက ခရစ်ယာန် ဖြစ်ခဲ့လေတော့ ဘုန်းကြီး ရဟန်းနဲ့လဲ မနီးစပ်ခဲ့ရဘူး၊ အခုထိလဲ မှန်တာပြောရမယ်ဆိုရင် ချဉ်းကပ်ရမှာ ခပ်ရွံ့ရွံ့ ဖြစ်နေလို့ပါ”

“ဒီလိုဆိုရင်တော့လဲ ကျွန်တော် ဖတ်ဖူးကြည့်ဖူးတဲ့ စာအုပ်တွေ အထဲက ပြောရမှာပဲ၊ ကိုယ့်အသိ ကိုယ့်ယုံကြည်ထားတာကလေးတွေလဲ ပါမှာပေါ့လေ”

ကျွန်တော်က ဆရာမ မမြကျင်ကို ခရစ်ယာန် ဘာသာဝင် အဖြစ်နဲ့ လေးစားခဲ့ပါတယ်။ သွက်လက်သည်။ ပွင့်လင်းသည်။ ပရိယာယ် မရှိ။ သူတထူးအား ကြင်နာတတ်သည်။ ဖြောင့်မှန်သည်။ တပည့်ပေါင်းများစွာကို သားသမီးလို မောင်ငယ် ညီမငယ်များကဲ့သို့ စေတနာ

အပြည့်အဝ ထားသည်။ မှန်တာပြောရလျှင် ပုတီးစိပ်ပြီး သူတကာကို မလိုတမာ ပြောတတ်သော ဘုရားသွားကျောင်းတက် အချို့ အမျိုးသမီးများထက် အထင်ကြီးခဲ့သည်။

''ကဲ....ဆရာမ ဘာတွေ သိချင်တာလဲ''

''ဒီလိုလေ ကိုသုခ၊ ကျွန်မသမီးကို ကျွန်မကိုယ်တိုင် ဗုဒ္ဓဘာသာ ခံယူပြီးမှ မွေးခဲ့တာပါ၊ ကျွန်မရဲ့ ခင်ပွန်းသည်က ကျွန်မကို ဗုဒ္ဓဘာသာ အကြောင်း ဟောတော့လဲ အစီအစဉ်ရယ်လို့ မဟုတ်ဘူး၊ သူလဲ သူ တတ်သလောက် မှတ်သလောက် ပြောရရှာတာကိုး၊ သို့ပေမယ့် ကျွန်မ နားလည်ခဲ့ပါတယ်၊ ဒါကြောင့်လဲ ကျွန်မက နှစ်နှစ်ကာကာ လက်ခံ ကူးပြောင်းခဲ့တာပေါ့၊ အဲ....အခု ကျွန်မ သမီးလေးကို ပြောချင်တဲ့ အခါကျတော့ သင်ရိုး သင်တန်း စနစ်မျိုးနဲ့ မပြောတတ်တော့ဘူး၊ ကျွန်မ နားလည်သလောက် ပြန်မပြောတတ်ဘူး။ ဆိုပါတော့လေ၊ အဲဒါ အဲ့ဒါ....''

''ဆရာမ မမြကျင်၊ ခင်ဗျားကို အထင်ကြီးသထက် ကြီးသွားပြီ''

''အို....ကိုသုခကလဲ''

''အဟုတ်ပါ....တကယ်ပါ၊ ဆရာမနဲ့ ကျွန်တော် ငယ်ငယ်တုန်းက ဘာသာရေး စကားနိုင် လုကြဖူးတာ ကျွန်တော် အခု စကားပြောရင်း သတိပြန်ရလာတယ်၊ ဟိုတုန်းက လူငယ်ပီပီ စိတ်သိုက်မာန်ပါ ဆရာမကို တစွန်းပက္ခ ဝေဖန်ခဲ့ဖူးတယ်လေ၊ အဲသည်တုန်းက ဆရာမက ဒေါသမထွက်ဘဲနဲ့ ပြန်ပြောတဲ့စကားကို မှတ်မိသေးလား''

''ဟင့်အင်း....ဒီလောက်ကြာမှဟာ ဘယ်မှတ်မိတော့မလဲ''

''ကျွန်တော် ကောင်းကောင်း မှတ်မိတာပေါ့၊ အဲသည် စကားကို အသက်ကြီးလာလို့ စဉ်းစားတဲ့ နယ်ကျယ်လာတဲ့အခါမှာ ဆရာမကို ပိုပြီး လေးစားမိတယ်''

''အမယ် သွေးကြီးရအောင် ကြားစမ်းပါရစေ ရှင်''

''ဘာသာတိုင်းဟာ လူသားတွေအတွက် ဒုစရိုက်ကင်းအောင် ဆုံးမထားတာချည်းပါပဲတဲ့၊ ဘယ်ဘာသာ၏ အဆုံးအမကိုမှ မလိုက်နာကြလို့ရှိရင် အကွပ်အကဲ ကင်းပြီး တိရစ္ဆာန်တွေ ဖြစ်ကုန်ကြမှာ ပေါ့တဲ့''

''ကျွန်မက ဒီလို ပြောခဲ့သလား၊ ပြန်ကြားရတာ ဝမ်းသာ သိုက်တာ''

''ဒီအတိုင်း မဟုတ်တောင် ဒီသဘောပါပဲ''

''ကျွန်မ မဆိုးပါဘူးနော်''

“အခု ပိုကောင်းလာပြန်ပြီလေ၊ ကဲ....စပ်စုစမ်းပါရစေဦး၊ ဗုဒ္ဓဘာသာကို ခံယူလာ ဖြစ်တဲ့ တရားကလေးများ နာစမ်းချင်တယ်”

“အတိုချုပ် ပြောရရင်တော့ (ကံ)ပေါ့၊ ရှေးဘဝက ကံအမျိုးမျိုး ကွဲပြားခဲ့ကြလို့ အခု ဘဝမှာ လူအမျိုးမျိုး ရုပ်ဆင်းသဏ္ဌာန်၊ စိတ်နေ စိတ်ထား အခြေအနေ ပတ်ဝန်းကျင်ပါ တစ်ဦးနဲ့တစ်ဦး ကွဲပြား ခြားနားခဲ့ကြရတယ်၊ ကိုယ့် (ကံ)ကသာ ကိုယ့်ကို ဖန်ဆင်းပေးလိုက်တာ ဖြစ်တယ်၊ အခု ဘဝမှာ ကိုယ်လုပ်တဲ့ (ကံ)ပေါင်းစုံက နောက်ဘဝမှာ ဖန်ဆင်းပေးဦးမှာပဲ၊ ကျွန်မ ပါဠိလို ဘာလိုတော့ မပြောတတ်ဘူး”

ကျွန်တော်က ဆရာမကို ငေးကြည့်နေမိပါသည်။နှိုင်းသင့်မလား မသိ၊ နှလုံးသွေး ရပ်၍ ဆရာဝန်က သေရှာပြီဟု လက်လွှတ်လိုက်သော ကျွန်တော့် ဆွေမျိုးသားချင်း တစ်ယောက် ရေတောင်းလိုက်သည့် အသံကလေးမျိုး ကြားရလိုက်သလို အသင်ကြီးလိုက်မိတာကလဲ တအံ့တသြ။

“ဘာလဲ ကိုသုခ။ ကျွန်မ ပြောတာ မှားနေလို့လား”

“အမယ်လေး....မှန်လွန်းအားကြီးလိုက်သမှ ကျုပ်နဖူးကို ဒေါင်ခနဲ လာထိတဲ့ အတိုင်းပါဗျာ၊ ဗုဒ္ဓဘုရားတော်ရဲ့ အဆီအနှစ်ဟာ ဒါပဲ၊ ဒါဟာ ဗုဒ္ဓဘာသာဖြစ်ဖို့ ပထမမူလ အခြေခံပဲ၊ ဗုဒ္ဓဘာသာလို့ ပြောနေကြတဲ့ လူတိုင်းမှာတောင် ဒီ အခြေခံ တရားကို မမှိတ်မသုန် တကယ် မယုံကြည်ကြဘူး”

“ဟာ....ဟုတ်ပါ့မလား ကိုသုခ။ ဗုဒ္ဓဘာသာဝင်တိုင်း(ကံ)ကို ယုံကြည်ကြတယ် မဟုတ်လား”

ကောင်းမှုတစ်ခုခုကို လုပ်တဲ့အခါ (ကမ္မဉ္စ-ကံကိုလည်းကောင်း၊ ကမ္မဖလဉ္စ-ကံ၏အကျိုးကိုလည်းကောင်း၊ သဒ္ဒဟိတွာ-ယုံကြည်ပါကုန်သည်ဖြစ်၍) လို့ ဘုန်းတော်ကြီးက တိုင်ပေးတာကို လိုက်တော့ဆိုကြပါတယ်။ တကယ် ယုံတာ မယုံဘာတော့ အကဲခတ်ကြည့်ပေါ့။ ကောင်းသော (ကံ)တွေထက် မကောင်းသော(ကံ)တွေ နေ့စဉ်လုပ်နေကြတာပဲ၊ သိတော့သိကြပါလိမ့်မယ်။ဒါပေမယ့် မရှောင်ကြပါဘူး။“မကောင်းမှု ကံဟူသမျှ မပြုကြနှင့်၊ ကုသိုလ်ကောင်းမှု(ကံ)ကို ပြည့်စုံကြစေ၊ စိတ်ကို အညစ်အကြေးတို့မှ ဖြူစင်အောင် နှလုံးသွင်းကြ” ဆိုတဲ့ အဆုံးအမ စကားဟာ အခု ပွင့်တော်မူကြတဲ့ ဂေါတမဗုဒ္ဓ တစ်ဆူတည်းက ဟောတော်မူတာ မဟုတ်ဘူး။ ဂင်္ဂါဝါဠု သဲစုမက ပွင့်သွားတော်မူခဲ့တဲ့ ဗုဒ္ဓ

ကိုယ်တော်တိုင်း ဟောတော်မူခဲ့တဲ့တရား ဆုံးမတော်မူတဲ့စကား။ ဒါကို ဆရာမ ကျွန်တော့်ကို ပြောနေတာ''

''အမယ် ဒီလိုဆို ကျွန်မ သွေးကြီးသွားပြီ''

''တစ်ခါတစ်ခါတော့လဲ သွေးကြီးတာတို့၊ မာနကြီးတာတို့ဟာ တော်တော်ကောင်းတတ်တယ်''

''လုပ်ကရော့မယ် ကိုသုခကတော့''

''ဟုတ်တယ် ဆရာမ၊ သူတစ်ပါးက အပြစ်ပြောမှာ၊ ကိုယ့်အပြစ်ကြောင့် သူတစ်ပါးကို အောက်ကျို့ တောင်းပန်ရမှာ စိုးတာနဲ့ မဟုတ်တာ (မကောင်းမှုကံကို)မလုပ်တော့ဘူးလေ''

''ဟာ....ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မ ဗုဒ္ဓဘာသာ မဖြစ်ခင်ကတည်းက ဒီလိုစိတ်မျိုးတော့ မွေးခဲ့ဖူးသားပဲ၊ ဗုဒ္ဓရဲ့ တရားတော်မှန်းတော့ မသိဘူး''

''ဗုဒ္ဓက ဟောတော်မူတဲ့ စကားကတော့(ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ)တဲ့''

အဓိပ္ပာယ်က ''တရားကို စောင့်သောသူကိုတရားကပြန်စောင့်မှာ သေချာတယ်''လို့ ဆိုတာပဲ။ တချို့က တရားစောင့်လျှင် မိုးပေါ်က သိကြားတွေ နတ်တွေက ဆင်းပြီး စောင့်ရှောက်လိမ့်မည်လို့ ယုံကြည်နေကြတယ်။ အားကိုးမျှော်လင့်နေတတ်ကြတယ်။ ဒါက မသေချာဘူး။ အခု ဆရာမကိုပဲ ဆရာမ ပြန်စဉ်းစား။ ငယ်ငယ်ကတည်းက ဆရာမ မဟုတ်တာ မလုပ်ခဲ့ဘူး ဆိုပါတော့။ အဲဒီနောက် တစ်ခါတရံ မဟုတ်တာ လုပ်လိုက်ရင် စားဖို့သောက်ဖို့ မျိုးမျိုးမျက်မျက်ကလေး ရမယ့် အခွင့်အရေးကလေး ပေါ်လာတယ်ဆိုပါတော့။အဲသည်အခါမှာဆရာမ ဘယ်လို စဉ်းစားမလဲ။ တစ်သက်လုံး ငါ မဟုတ်တာမှ မလုပ်ခဲ့ဖူးတာ။ အခုမှတော့ မလုပ်တော့ပါဘူးလေဆိုပြီး မဟုတ်တာကို မလုပ်ဖြစ်တော့ဘူး။ အဲ့ဒါဟာ ဆရာမ စောင့်လာခဲ့တဲ့တရားက ဆရာမကို ပြန်စောင့်ရှောက်လိုက်တာ။ ဆရာမသာ တရားစောင့်လာခဲ့သူ မဟုတ်ရင် လုပ်လိုက်တော့မှာပေါ့။ ဘာမှ စဉ်းစားနေဖို့ မလိုတော့ဘူး။ ဒါက နတ်သိကြားတွေ လာစောင့်ရှောက်တာထက် မသေချာဘူးလား။ (ဟဝေ) ဆိုတဲ့ ပါဠိစကားက အမှန်စင်စစ် သေချာမှုချလို့ ဆိုတာ။ ဘုရားက သေချာတာကို ဟောတာ''

''အင်း– ကိုသုခ ပြောလိုက်တာရှင်းလိုက်တာ ဂျပန်ခေတ်တုန်းက ဆင်းရဲလွန်းလို့ မဟုတ်တာ လုပ်ရတော့ မလိုလို အခြေအနေမှာ ကြုံခဲ့ဖူးတယ်လေ၊ အဲသည်တုန်းက အခု ကိုသုခ ပြောသလို တထေ

ရာတည်း စဉ်းစားမိတာပေါ့၊နောတ်တော့ ဟယ်... တစ်သက်လုံး မလုပ်ခဲ့တာ ဆင်းရဲချင် ဆင်းရဲပစေ ဆိုပြီး ဇွဲခတ်နေလိုက်တာ နောက်တော့လဲ သူ့ဟာနဲ့သူ အဆင်ပြေသွားတာပါပဲ၊ အဲဒီတော့ တစ်ခါပြန်ပြီး စဉ်းစားလိုက်မိသေးတယ်၊ အမယ်လေး ငါကံကောင်းလို့ မဟုတ်တာ မလုပ်မိလေတယ်လို့''

''အဲဒါ ဘယ်လောက် စိတ်ချမ်းသာရမလဲ၊ လုပ်မိခဲ့ရင်နောင်တရလို့ ဆုံးမှာ မဟုတ်တော့ဘူး မှတ်လား၊ အဲဒါ(ဟဝေ)ပဲ''

''ကျွန်မ သဘောပေါက်ပြီ''

''နေဦး၊ ကောင်းမှုကို လုပ်ဖြစ်အောင် စောင့်ရှောက်တာလဲ ရှိသေးတယ်''

''ပြောပါ ကိုသုခ''

''ဥပမာ ဥပုသ်ရက်ရှည် စောင့်တဲ့ အခါမျိုး။ကမ္မဋ္ဌာန်းဘာဝနာ နေ့ဆက် ထိုင်တဲ့ အခါမျိုး(သို့မဟုတ်)နေ့စဉ် ညတိုင်း ဘုရား ဝတ်ပြုလေ့ ရှိတဲ့ အခါမျိုးပေါ့လေ၊ အဲသည်လို ကောင်းမှုပြုတဲ့ အခါသမယ ကြာမြင့်လာပြီ ဆိုမှဖြင့် ကိစ္စကြီးငယ်ကြောင့် ဖြစ်စေ၊ နေမကောင်းထိုင်မသာ ရှိတဲ့ အခါမျိုးမှာ နိစ္စဗဒ်ဝတ် ပျက်ရတော့မလို အခြေအနေမျိုး ဖြစ်တောင် အပျက်မခံချင်တော့ဘူး၊ ကိုယ့်စိတ်က စေ့ဆော်နေတယ်၊ အဲသည် ဝတ်မပြုရသေးလျှင် ကိစ္စ တစ်ခုခု လိုနေသေးသယောင် လစ်ဟင်းနေတာကို ခံစားနေရတတ်တယ်၊ ဒါဟာလဲ ကိုယ်ပြုခဲ့တဲ့ အထုံပါရမီ (ကောင်းမှုကံ)သာ မမြဲခဲ့လျှင် ထိုကောင်းမှုကို လုပ်ဖြစ်တော့မှာ မဟုတ်တာ သေချာတယ်၊ ဒါလဲ(ဟဝေ)ပဲ''

''ဒီနေ့ ကိုသုခနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ကဲ....ကျွန်မသမီးကလေးကို သင်ဖို့ပြောဖို့(သင်ရိုးညွှန်းတမ်း)ကလေး လုပ်ပါဦး''

''အခုန ဆရာမကျွန်တော့်ကိုပြောတာကိုက(သင်ရိုးညွှန်းတမ်း) ဖြစ်နေပါပကော''

''ဘယ်စကားလဲ ကိုသုခ''

''ကံ ...ကံ၏ အကျိုး ကို ယုံကြည်ပြီ ဆိုတဲ့ စိတ်လေ''

''ဗုဒ္ဓဘာသာဝင် ဖြစ်ဖို့ ပထမဆုံး အဆင့်က(သရဏဂုံသုံးပါး) ဆို''

''ဟုတ်ပါတယ်၊ဗုဒ္ဓကိုကိုးကွယ်ဆည်းကပ်ပါတယ်၊ဓမ္မကိုကိုးကွယ် ဆည်းကပ်ပါတယ်၊ သံဃာကို ကိုးကွယ် ဆည်းကပ်ပါတယ်ဆိုတဲ့(သရဏဂုံ သုံးပါး)ဟာ မိရိုးဖလာ ဗုဒ္ဓ ဘာသာဝင်များအဖို့ပထမသင်ရိုးပါပဲ၊ ဗုဒ္ဓကို ယုံကြည်လာပြီ ဆိုမှတော့ ဓမ္မကိုလဲ ယုံကြည်လာလိမ့်မယ်၊

သံဃာကိုလဲ ယုံကြည်လာမှာပေါ့၊ ကဲ….ဗုဒ္ဓဆိုတာကို မယုံသေး လက်မခံသေးတဲ့ လူတစ်ဦးတစ်ယောက်အား ဗုဒ္ဓကို ယုံကြည်ထိုက်တယ်လို့ နားချရင် သူက ဆင်ခြေ ဆင်လက် စောဒက အမျိုးမျိုးနဲ့ စကားစစ်ထိုးနေမှာ အလွန် သေချာပါတယ်၊ လောကပညာကြီးရင် ကြီးသလောက် ပြောဖို့ ခက်တတ်ပါတယ်၊ အချို့နေရာမှာ ကိုယ့်ထက်တောင် တတ်နေပါသေးတယ်''

''အဲသလိုဆိုရင်….''

''အဲသလို အခါမှာ ဗုဒ္ဓကို ယုံကြည် ကိုးကွယ်ဖို့ မပြောပါနဲ့ဦး၊ ပုဂ္ဂိုလ်ခင်မှ တရားကို မင်တယ်ဆိုတဲ့ စကားဟာ အချို့နေရာမှာ မှန်သလို တရားဝါဒအဆိုအမိန့်ကို နှစ်သက်ကျေနပ် လက်ခံလို့ ပုဂ္ဂိုလ်ကို ရှိသေ လေးမြတ် ဆရာတင်တတ်တာမျိုးလဲ ရှိပါတယ်၊ ဒါကြောင့် ဗုဒ္ဓတရားတော်များအနက်မှ(ကံ)အကြောင်းကို နည်းအမျိုးမျိုး၊ ဥပမာအမျိုးမျိုး၊ လက်တွေ့သက်သေ အထောက်အထား အမျိုးမျိုးကို သိပ္ပံနည်းကျကျ(နားထောင်သူရဲ့ ပညာအဆင့်အတန်းအလိုက်) ပြောပြ ရမယ်၊ (ကံ-ကံ၏ အကျိုး)ကို ဟောတာ ဗုဒ္ဓကိုယ်တော်တစ်ဆူတည်းသာ ဖြစ်တယ်။ ဒါကြောင့်(ကံ-ကံ၏ အကျိုး)ကို ယုံကြည်လက်ခံတဲ့ အဆင့်ကို ရောက်လျှင် ဗုဒ္ဓကို လည်းကောင်း၊ ဓမ္မကို လည်းကောင်း၊ သံဃာကို လည်းကောင်း ယုံကြည် ကြည်ညိုပြီး ဖြစ်နိုင်တယ်၊ ဒါကို 'သရဏဂုံ တည်ဘယ်'လို့ ခေါ်နိုင်တယ်''

''ဟုတ်ပြီ ကိုသုခ၊ သရဏဂုံ တည်တယ်ဆိုတာ ဗုဒ္ဓကို သက်ဝင်ယုံကြည်လာလို့ ကိုးကွယ် ဆည်းကပ်ပါပြီ၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါပြီ၊ သံဃာကို ကိုးကွယ် ဆည်းကပ်ပြီလို့ နှုတ်မြွက်ခံယူခြင်းပေါ့လေ၊ ဟုတ်လား''

''ဟုတ်လိုက်လေဗျာ''

''အဲသည်နောက်တော့ ငါးပါးသီလ ထိန်းရမယ် ထင်တယ်''

''သင်ရိုး ညွှန်းတမ်း အနေနဲ့တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် (ဝါရင့် ဗုဒ္ဓဘာသာဝင်) မဟုတ်သေးတဲ့ ကလေးများ အဖို့တော့ အလျှင်မလိုစေချင် သေးပါဘူး၊ ဗုဒ္ဓကို ယုံကြည်စိတ် အုတ်မြစ် ခိုင်မြဲသည်ထက် ခိုင်မြဲလာအောင် အလောင်းတော်မြတ် ဘဝ ကတည်းက သတ္တဝါ ဝေနေယျအပေါ်မှာ ကယ်တင်လိုတဲ့ စေတနာ၊ ကယ်တင်နိုင်အောင် ဖြည့်စွမ်း ဆည်းပူးတော်မူခဲ့ရတဲ့ ပါရမီတော်တွေ တတ်နိုင်လျှင် ဗုဒ္ဓဝင် အကျဉ်းချုပ်ပေါ့လေ၊ ဒါတွေကို သင်ရိုးပေးဖို့ ကောင်းပါတယ်၊ အဲသည်နောက်မှ(က္ကတိပိ သောဘဂဝါ)အစရှိတဲ့ ဂုဏ်တော်

ကိုးပါး၊ တရား ဂုဏ်တော် ခြောက်ပါး၊ သံဃာ့ ဂုဏ်တော် ကိုးပါး တို့ အနက်အဓိပ္ပာယ် ခပ်ကျယ်ကျယ်နဲ့ ပို့ ချပေးစေချင်ပါတယ်၊ အဲ့ဒါ ပြီးတဲ့ နောက်တော့ ငါးပါးသီလ ဆိုတဲ့ သိက္ခာပုဒ်သာ တက်ပေး လိုက်တော့။ ကံ-ကံ၏အကျိုးကို ယုံနေလို့ စောင့်ထိန်းဖို့ဟာ ဘာမှ ခဲယဉ်းစရာ မဟုတ်ဘော့ပါဘူး''

''ဟာ....ဟုတ်လိုက်တာ၊ မကောင်းတဲ့ ကံကို ကြောက်လျှင် ငါးပါးသီလဆိုတာ အလိုအလျောက် လုံခြုံနိုင်တာပဲ''

''ဟုတ်ပါတယ်၊ ငါးပါးသီလကို နှုတ်ကမြွက်ဆိုပြီး ထိန်းတာက အမြဲဒွာန် ဖြစ်ဖို့ပါ၊ သတိရနေဖို့ပါ၊ ငါးပါးသီလပြီးတော့ ဒုစရိုက် ဆယ်ပါး၊ သုစရိုက်ဆယ်ပါးကို သင်ပေးပါ။ အဲသည်လောက်ဆိုရင် ပထမအဆင့်ကောင်းကောင်းကြီး လုံလောက်သွားပြီ''

''ကျေးဇူးပါပဲ ကိုသုခရယ်၊ ဒီလောက်ဆိုရင်ကျွန်မက တစ်ဆင့် သင်တတ်ပြတတ် နိုင်ကောင်းပါပြီ၊ ဒုတိယ အဆင့်ကျတော့ (မင်္ဂလ သုတ်)ကို တက်ပေးရမယ် ထင်တယ်နော်''

''ဟာ....မင်္ဂလသုတ်ကို ကျကျနန ကျယ်ကျယ်ပြန့်ပြန့် သင်ပေး နိုင်ရင်တော့ သရဏဂုံတည်တဲ့ ဥပါသကာ အဖြစ်မှ သောတာပန်အထိ တောင် တက်သွားနိုင်တဲ့ လမ်းပေါ့ခင်ဗျ''

''အို....ဟုတ်ကဲ့လား၊ ကျွန်မ.က မင်္ဂလသုတ်ဆိုတာ ဘုန်းကြီး ကျောင်းသားကလေးတွေအလွတ်ကျက်ရမယ့် ကိုယ်ကျင့်တရားလောက် ပဲ ထင်မိခဲ့တယ်''

''အင်း....အခု ကျွန်တော်တို့ ခေတ်မှာတော့ လူကြီးတွေမှာ ဘုန်းကြီးကျောင်းသား ကလေးတွေ လောက်မှ အသိဂရှိတာများကုန် ပြီလေ၊ ရှေးခေတ်က မြန်မာဘုရင်တွေ၊ မြန်မာအမတ်ကြီးတွေ၊ မြန်မာ စစ်သူကြီးတွေ၊ မြန်မာ ဆရာတော်ကြီးတွေ၊ မြန်မာ သေဌေးကြီးတွေက အစ တောသူ တောင်သား အလုပ်သမား လယ်သမား အောက်ခြေ အဆင့်အထိ အလွှာတိုင်း လူတန်းစားတိုင်း (မင်္ဂလသုတ်)ကို အာဂုံ မရခဲ့ဖူးတဲ့ လူရယ်လို့ မရှိခဲ့ဖူးပါဘူး၊ သို့ကလောက် (အရေးပါတဲ့) ကိုယ်ကျင့် အဘိဓမ္မာပါ၊ တစ်နေ့တော့ ဆရာမနဲ့ ဆွေးနွေး ကြ သေး တာပေါ့''

''ကျေးဇူးပါပဲ ကိုသုခရယ်၊ ကိုသုခ အားတဲ့နေ့ကို မျှော်လင့်ရမှာပဲ၊ ကဲ့....ကျွန်မကို အစိန္တေယျ ဘုရား ရှိခိုးကြီး စာအုပ် ခံမှ ဒါန လုပ်ပါဦး''

''အကြွင်းအကျန်ကလေးထဲကတော့ ရပါသေးတယ်''

''သာဓု....သာဓု....သာဓုပါ ကိုသုခ''



# နတ်သမီးကလေးများအလှ

မိမိ၏ဘဝတစ်သက်တာ အပိုင်းအခြားနှင့်သာ ပြောရမယ်ဆိုလျှင် ယနေ့သည် မင်္ဂလာအရှိဆုံးနေ့၊ ပျော်ရွှင်ချမ်းမြေ့ ရေတွေ့သော ကြာကဲ့သို့ သာယာစိုပြည်သော နေ့ထူးရက်မြတ်ကြီး ဖြစ်ချေသည်။

ကြည့်ပါဦးတော့။ လောကလူ့ဘုံတွင် ဂုဏ်အားဖြင့် အမြင့်မြတ်ဆုံး၊ ရာထူးလက်ကိုင် အာဏာပိုင်ကြသော မင်းပျို မင်းလွင် တို့၏ မျှော်လင့်တောင့်တ၊ အိပ်မက်မှ ရခဲသော ကပိလဝတ် ပြည်ကြီးရှင်ဘုရင် သုဒ္ဓေါဒန မင်းကြီး၏ အရိုက်အရာခံ နန်းလျာဉပရာဇာ အိမ်ရှေ့မင်း အဖြစ် အသိအမှတ် ဘိသိက်မင်္ဂလာ ကြီးကျယ်စွာ အပ်နှင်းခံရပေတော့မည်။ ဉပရာဇာ ဟူသည်ကား ဘုရင်ကေရာဇ်၏ တွဲဖက်ရာဇာပင်တည်း။ ဘုရင်ပြီးလျှင် အိမ်ရှေ့မင်းသား အထွတ်အထိပ် မဟုတ်လား။ ဒါတွင်လား ဆိုတော့ မဟုတ်သေး။ အနေ့နေ့အရက်ရက်က ချစ်ရည် ချစ်ခွင့် ချစ်ပန်းပွင့်ကာ ချစ်မေတ္တာနှစ်ပါးအပ်၍ လက်ထပ် ထိမ်းမြားနိုင်ရန် ကြံစည်စိတ်ကူး အချစ်မူး မူးခဲ့ရသူ ဇနပဒကလျာဏီကလေးနှင့် ရွှေနှစ်ပြားကို တစ်သားတည်း ဂဟေစပ်သည့်ပမာ ခမည်းတော် မင်းတရားကြီး ကိုယ်တိုင် ဆောင်နှင်းပေးမည့် မဟာသဘင် အဓိပတိနေ့ကြီး ဖြစ်သည်။

''အို ...လောကတစ်ခွင်မှာ ကံချင်းယှဉ်လို့ တူနိုင်ရိုးလား၊ မ,တစ် ထောင် တစ်ကောင်ဖွား၊ ဘုန်းရှိတဲ့ယောက်ျား....''ဟု။

ပီတိကြိမ်း ကြိမ်းဝါးနေသူမှာ (နန္ဒကုမာရ)ပင် ဖြစ်တော့ သည်။

ဇနပဒကလျာဏီကိုလည်း ကြည့်ပါဦး။ ဇနပဒဟူသောတိုင်းကြီး အတည်တည်၊ ပြည်ကြီးအစို့စို့မှာ ကောင်းခြင်းငါးဖြာ မိန်းမမြတ်တို့ လက္ခဏာဖြင့် ပြည့်စုံလှပလွန်းသူဟု ဘွဲ့ခံယူခဲ့ရသော သကျသာကီဝင် မင်းသမီးကလေး။ မောင်တော်နန္ဒကုမာရနှင့် တိပ်တခိုး ချစ်ကြိုးသွယ် ခဲ့ရသည်မှာ ကြာမြင့်လှခဲ့ပါပြီ။ ရာဇာထုံးတမ်း ရွှေနန်းကျင့်စဉ်တို့အရ သိက္ခာတော် ဆယ်ကြခြင်းအားဖြင့် ချစ်ရေးပျူငှာ ကြည်ခွင့်မသာကြ သောကြောင့် ခပ်ခွာခွာ ခစားနေရသည်မှာ အားမလိုအားမရရှိလှ သည်။

ယနေ့တော့ အကြိမ်ကြိမ်အလီလီ ဆောက်တည်ခဲ့ရသော စိတ်ကူး ကမ္ဘာထဲမှ ချစ်ဗိမာန် ချစ်ပြာသာဒ်ကြီးအပြီးသတ် တကယ် အကောင် အထည် ပေါ်ပါတော့မည်။ နှစ်ကိုယ်တူ ရွှေလက်တွဲ၍ ဘိသိက်ပွဲတက်ရ တော့မည်။

''အို....မောင်မောင်ဘုရားနှင့် ချစ်အဏ္ဏဝါ ချစ်ခရီးမှာ ချစ် လှေယာဉ်စီးပြီး တက်စုံရွက်စုံ ရက်မကုန်အောင် လွှင့်ကြမည်၊ မောင် က ခေါ်လျှင် (တော်....ရှင်)လို့ ထူးပြီး ကြည်နူးအောင် ပြုစု ယုယ လိုက်မည်။ တစ်ခါတစ်ခါတော့ တစ်ဘာသာ ဆန်းသစ်အောင် စိတ်ညစ် သလို မူရာပို၍ ကပိုကရိုကလေးရွှေစိတ်တော် ကောက်ပြလိုက်ရဦးမည်။ ကလေးငိုမှ ဘေးဆိုလို့ အချော့ခံရသလို မိမိကို အလေးတမူနှင့် အရေး ယူ၍ ချော့မြူ ခယစေမည်။

ဇနပဒကလျာဏီ မင်းသမီးသည် သူ့ အတွေး သူ့စိတ်ဖြင့် ပွဲတက် တန်ဆာ ဒွါဒရာတို့ကို စိတ်တိုင်း မကျမချင်း ရွေးချယ်စီမံနေရသည်က အချသာ ရှိလှသည်။

''ဟဲ့....ရံရွှေတော်များ။ ထိပ်ထား ခြယ်သဖို့, စန္ဒကူး နံ့သာ စမ္ပာ ကရမက်များ အရန်သင့် ရှိကြရဲ့လား၊ မင်္ဂလာ ခေါင်းလျှော်ရည် များ ကတိုး ရနံ့များ ထုံမွှမ်းပြီးကြပြီလား၊ မြောက်အိမ်တော်ကို လိုက်ပါ ထမ်းရွက် ခစားကြမည့် ရံရွှေတော် အပျိုကြီးများကလဲ မောင်တော်ဘုရား ရွှေစိတ်တော် တွေ့အောင် ရာဇ ဓလေ့ နန်းမူရာ လိမ်မာ ကျွမ်းကျင်ကြပေစေနော်''

လေးပြင် လေးရပ် ရွှေမြို့တော်ကြီး ပတ်ဝန်းကျင်နှင့်တကွ နန်းရင်ပြင် မင်္ဂလာ မဏ္ဍပ်ကြီးတွင် ပျော်ပွဲရွှင်ပွဲ အတီးအမှုတ် အကအခုန် ပွဲတွေက သဲ့သဲ့လှုပ်လှုပ် စည်ကားနေကြပြီ။ ဝတ်ကောင်းစားလှ ရွှင်ပျ မြူးတူးနေကြသော ပရိသတ်တို့မှာ အုတ်အော်သောင်းနင်း ပျော်ခြင်း ကြီးမက ပျော်နေကြပါပြီ။

ထိုအခိုက် ထိုအခါ (နန္ဒကုမာရ)မင်းသားစံရာ အဆောင်တော်သို့ ဝန်ကြီးတစ်ပါး အရေးတကြီး အခစား ရောက်လာပါပြီ။

"ဘယ်အရေးလဲ မင်းကြီး။ မင်္ဂလာ အခါတော်နီးလို့ အရေးတကြီး လျှောက်တင်ရန် လာခဲ့တာလား"

"မှန်လှပါ၊ မင်္ဂလာမှာ မင်္ဂလာဆင့်မည့် မဟာမင်္ဂလာ အခွင့်ကြီးကို ခံတော်မူရအောင် လျှောက်ထားဖို့ အခစား ဝင်ခဲ့ရကြောင်းပါ ဘုရား"

"အို....နားဝင်ပီယံ ရွှေနားတော် ပန်ဆင်ရတာ ဝမ်းသာလိုက်ပါဘိ၊ အမြန် သံတော်ဦး တင်စမ်းပါ မင်းကြီး"

"မှန်လှပါ၊ အရှင်ဘုရား၏ မင်္ဂလာကို အနုမောဒနာပြုရန် ဗုဒ္ဓသခင် ကြွမြန်းလာတော်မူမည့် အကြောင်းပါ ဘုရား"

"အို....ဟယ်....အဟောဝတ၊ အံ့ဖွယ်ကောင်းလေစွ တကား၊ နောင်တော်ဘုရား ကိုယ်တော်တိုင် ကြွရောက် ချီးမြှင့်မယ်ဆိုတာ ကျက်သရေ အပေါင်းနှင့် ပြည့်စုံလိုက်ပါဘိ၊ ကြည်နူး ဝမ်းမြောက်ဖွယ် ရှိပါဘိ မင်းကြီး"

"ဘုန်းတော်ကြောင့် ကြုံတောင့် ကြုံခဲ ဖြစ်တောင့် ဖြစ်ခဲပါ ဘုရား"

"အင်း....နောင်တော်ဘုရား ညီချစ်တစ်ပါးကို မြှောက်စားတော်မူပေတာပဲ မင်းကြီးရဲ့။ တကယ်ဆိုတော့ နောင်ဘုရားနဲ့ အကျွန်ုပ်ဟာ တစ်မိဝမ်းတွင်း တစ်အူဘုံ မဆင်းရဲတစ်မည် မယ်တော် (ပဇာပတိ) ဂေါတမီက ကိုယ်တော့ကို နို့ချိုကျွေးပြီး မွေးမြူခဲ့ရတာ မဟုတ်လား၊ အကျွန်ုပ်ကိုတော င် ကောင်းမြတ် သန့်စင်သော နို့ထိန်းလက် အပ်ပြီး နောင်တော် သိဒ္ဓတ္ထကို သားရင်းနဲ့ မခြား အကြင်နာ ပွားခဲ့တာလေ"

"မှန်လှပါ... ကျွန်တော်မျိုးကြီး မျက်မှောက်ပါ ဘုရား"

"အကျွန်ုပ်ထက် သုံးရက်သာစော၍ လုမ္ဗိနီ ဥယျာဉ်မှာ မဟီ လှိုက်ဆူ ဖွားတော်မူခဲ့တယ်လေ။ အရုပ်အမောင်းအားဖြင့်လဲ အကျွန်ုပ်ထက် လက်လေးသစ် မြင့်မားတော် မူပေတယ်၊ အင်း... မဟာပုရိသ လက္ခဏာတော်နှင့်တော့ မနှိုင်းမယှဉ်သာပါဘူးလေ.... နော်"

''ဗုဒ္ဓသခင်ကတော့ အပွင့်ရှိ ပုဂ္ဂိုလ်ော မနိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်ကြီး အမှန်ပင် ဖြစ်ကြောင်းပါ ဘုရား''

''ကျွန်ုပ်နှင့် ဆိုလျှင် ဖွားဖက်တော် နို့စို့ဖက်၊ ကစားဖော် ကစားဖက် နန်းထက်မှာ အတူ ကြီးခဲ့ရပါတယ်။ နောင်ဘုရား ရွှေနန်း စည်းစိမ် ခံစားတော့လဲ အကျွန်ုပ်ကို နန်းရံအလိုထားလို့ မြောက်စား တော်မူပေတယ်''

''သာကီဝင် မင်းသားသဲမှာ အရှင်ဘုရားနှင့် အကျွမ်းတဝင် အရှိဆုံးပါ ဘုရား''

''အကျွန်ုပ်ကလဲ အဖေတူ အမေကွဲပေမယ့် ညီရင်းအစ်ကိုကဲ့သို့ ချစ်ကြောက် ရိုသေခဲ့ရတယ်၊ နောင်တော်ဘုရား သား ရာဟုလာ ဖွားပြီး တောထွက်သွားတော် မူတုန်းကဆိုလျှင် အစ်မတော် ယသော်ဓရာ နှင့် ခေါင်းချင်းဆိုင်လို့ အပြိုင်ငိုခဲ့ကြရတာပေါ့ မင်းကြီးရဲ့''

''ဒီတုန်းကဖြင့် ရွှေနန်းရှင်ဘုရားတို့နှင့် အတူ နန်းတွင်းသူ နန်း တွင်းသား၊ တိုင်းသူ ပြည်သား လူအများနှင့်တကွ ဆွေတော်ရှစ်သောင်း မျိုးတော် အပေါင်းတို့မှာ နှမြောတသ ယူကျုံးမရ ဖြစ်ခဲ့ကြရပါသည် ဘုရား''

''ဟုတ်ပေတာပေါ့ မင်းကြီးရယ်၊ သတ္တဝါအချား ရင်ဝယ်သား ကဲ့သို့ တရားနှင့်အညီ အကျင့်သီလ ပြည့်ဝတော်မူပေတာကိုး၊ ခမည်း တော်ကြီးမှာလဲ အားအကိုးဆုံး ညာလက်ရုံးတစ်ဘက် ပြုတ်ရသလောက် ခံစားရရှာတယ်၊ ခြောက်နှစ်လုံးလုံး ကြွမ်မီးအုံးသလို ရှိခဲ့ကြရပြီးတဲ့ နောက်မှ ဗုဒ္ဓစင်စစ် အဖြစ်ကြီးဖြစ်တော်မူပြီလို့ စကြဝဠာ ဟစ်ကြွေး နတ် ပြဟ္မာတို့ကပါ ကောင်းချီးပေးကြတဲ့ အသံနှင့် သတင်းစကား ကျွန်ုပ်တို့ ကြားရပြီးကတည်းက ဖခမည်းတော်နှင့် တကွ အစ်မတော် ယသော် ဓရာနှင့် အကျွန်ုပ်တို့ကပါ နောင်တော်ဗုဒ္ဓကို ဖူးချင်လိုက်ကြတာ၊ မြင် ချင်လိုက်ကြတာ၊ အခါခါ တမန်တော် လွှတ်ပြီး အပင့်အလျှောက်ခိုင်း သော်လဲ အသွားသာရှိ ပြန်မရှိ ပကတိ သာဝကချည်းသာ ဖြစ်ကုန် ကြသတဲ့ဗျာ''

''မှန်လှပါ၊ ဘုရားနှင့်တကွ တရားနှင့်သာ မွေ့မှုဖြင့် ကိစ္စဟူသမျှ မေ့ကုန်ကြစမြဲပါ ဘုရား''

''ဟုတ်ပေလိမ့်မယ် အမတ်ကြီးရေ၊ နောက်ဆုံး ဖွားဖက်တော် ကာဠုဒါယီ အမတ်ကြီးကိုယ်တိုင် အခြံအရံများနှင့် အပင့်သွားတာ တောင် ဘိက္ခုရဟန်း ဖြစ်ကုန်ကြသေးတာပဲ၊ သို့ပေမယ့် ထိုအမတ်ကြီး ကျေးဇူးကြောင့် ကျွန်ုပ်တို့တစ်တွေ ဖူးကြရပြီးလေ၊ သူ့ အပင့်အလျှောက်

ကြောင့် ကပိလကို ဘုရားသခင် ရောက်တော် မူလာပေတာ၊ အင်း.... ဆွေမျိုးတို့ အလယ်မှာ ပေါက္ခရဝဿမိုး ရွာစေပြီး ဗုဒ္ဓ အသရေနှင့် ယမကပြာဋိဟာ ပြတော်မူတဲ့ ပွဲကဖြင့် ထူးကဲ အံ့ဘနန်း ကြက်သီး ဖြန်းဖြန်း ထစေခဲ့တာပဲနော်''

''မဟာ ပထဝီပါ တုန်ဟည်းလို့ ဝေဿန္တရာ အဖြစ်တော်ကြီး ပါ ကြားနာ ကြရတာ အကျိုးကြီးလှပါတယ် ဘုရား''

''သို့ပေမယ့် ဖခမည်းတော်ဘုရားကဖြင့် အိမ်စဉ်ကို ဆွမ်းလည် ရပ်တာ မဘတ်သာလို့သာ ကြည့်ရတယ် နှလုံး သာယာတော် မမူပေ ဘူး၊ သကျသာကီဘို့၏ဂုဏ် နိမ့်တယ်ပေါ့''

''ဗုဒ္ဓ ကိုယ်တော်တိုင်က ရွှေနန်းရှင် ဘုရားကို နှစ်သိမ့်စကား ဟောကြားတော် အမူသားပဲ၊ ဂါထာ ဥဒါန်း သံစုတစ်မျှ ဗုဒ္ဓလမ်းစဉ် ဆွမ်းခံဝင်ကြရိုးပါတဲ့၊ သလုံးမြင်းခေါင်းကို အမှီပြု၍ ရအပ်သောဆွမ်း သာ အရိယာတို့က အမြဘ်ဆုံးပါတဲ့ ဘုရား''

''ဟုတ်ပါပေ့ ... မှန်ပါပေ့၊ အခုလို လူမင်း နတ်မင်း ဗြဟ္မာမင်း တို့၏ ပူဇော်ခြင်းအထူးကို ခံယူတော်မူထိုက်သော ဘုရားရှင်ကိုယ်တော် မြတ်ကြီးက ကြွလာ ချီးမြှင့်မယ် ဆိုတာကဖြင့် လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ ရမှာမို့ အဆုံးအစမရှိ ဂုဏ်ယူဝမ်းသာစရာကြီး ပါ၊ နှမတော် ဇနပဒ ကြားသိတော်မူလျှင်လဲ အတိုင်းမသိ ဝမ်းမြောက် တော် မူရှာမှာပါပဲ၊ ကဲ....မင်းကြီးကပဲ ဤမင်္ဂလာသတင်းကို နှမလေးထံ အမြန်သွားရောက် လျှောက်ထားလိုက်စမ်းပါဦး''

''အမိန့်တော် အတိုင်းပါ ဘုရား''

ဗုဒ္ဓသခင်သည် နန္ဒကုမာရ၏ အဆောင်တွင်းရှိ ပရိသတ်များကို အချိန် အနည်းငယ်သာ တရားဓမ္မ ဟောကြားပြီးသည့်နောက် နန္ဒ မင်း သားအား သပိတ်တော်ကို ကမ်းတော်မူလိုက်သည်။

''အို နောင်တော်ဘုရားသည် ငါ့အား ယနေ့ ချီးမြှောက်တော် မူလှပါဘိ။ ဗုဒ္ဓသခင်တို့၏ ပရိဘောဂ ပရိက္ခရာ ဟူသည်ကား လူသာ မန်တို့နှင့် မအပ်မရာဖြစ်အောင် မြင့်မြတ်လွန်းလှသည်။ ယခု ငါကား အမွန်အမြတ်ဆုံးသော ပရိဘောဂတော်ကို သုံးသပ်ကိုင်တွယ်ခွင့် ရပါ ပေါ့လား''

နန္ဒမင်းသားက ဝမ်းသာအားရ ဗုဒ္ဓ၏ သပိတ်တော်ကို ရိုသေ စွာ ပွေ့ယူလိုက်သည်။ ထိုတစ်ခဏအတွင်းဝယ် မြဘ်စွာသခင်က နန်း ရင်ပြင်မှ စတင် ထွက်ခွာလေတော့သည်။ နန္ဒမင်းသားကလည်း မြတ်

ဘုရား၏ အပေါ်မှ ကပ်ပါ၍ ပြုံးပြုံးရွှင်ရွှင် ဂုဏ်ယူဝင့်ကြွားစွာ လိုက်စီး လေသည်။

''နန်းရင်ပြင် အပြင်ရောက်လျှင် နောင်တော်ဘုရားက သပိတ် တော်ကို ပြန်ယူပါလိမ့်မယ်''

နန္ဒကုမာ၏ အတွေးမှာ ရေးရေးမှ ပေါ်မလာ။ ဤသို့ဖြင့် ဆက် လက် လိုက်ပါခဲ့ပြီ။

မြို့တွင်းရောက်လျှင် ''ညီတော် ပြန်လေတော့''ဟု အမိန့်ပြုကာ ပြန်ယူမှာပါ။ သို့နှင့်မြို့တွင်းသို့ ရောက်လာသော်လည်း မိမိ မှန်းခြေ မကိုက်။ နန္ဒစိုးရိမ်စိတ် ဖြစ်ခဲ့ရပါပြီ။ သပိတ်တော်ကိုဘာစ်ဆင့် ပြောင်း လွှဲပေးရမည့်သူလည်း အနီးအပါးမှာ ဘယ်သူမှ မရှိ။ ''နောင်တော် ဘုရား သပိတ်တော်ကို ပြန်ယူတော်မူပါတော့'' ဟုလည်း မလျှောက်ဝံ့။ အမယ်လေး ငါ ကျောင်းတော်အထိများ လိုက်နေရဦးမှာလား၊ ဇနပဒက ကြာလှပါတကား မောင်ဘုရား''လို့ မျှော်ရှာနေရော့မည်။

*　　　*　　　*

ဇနပဒ ကလျာဏီ ထိပ်ထားထံ အလျင်အမြန် အပျိုတော် တစ် ပါး ပျာယီး ပျာယာ အခစား ဝင်လာခဲ့သည်။

''အရှင်မဘုရား အရှင်မဘုရား၊မောင်တော်နန္ဒ မင်းသား နောင် တော်ဘုရား ဗုဒ္ဓနှင့် ကျောင်းတော်ကို လိုက်သွားပါပြီဘုရား''

''ဟင်... ဘယ့်နှယ် ဘယ့်နှယ်၊အို.... အချိန်တွေ နောက်ကျကုန် တော့မှာပဲ၊ မဖြစ်ဘူး မဖြစ်ဘူး၊ ထိပ်သား ကိုယ်တော်တိုင် လိုက်ခေါ် မယ်''

''ညီတော်တစ်ပါးကို သက်ညှာတော် မမူတော်ဘူးလား နောင် ဘုရားရယ်''

နန္ဒ မင်း သား က နောင်တော် ဗုဒ္ဓအား ဤသို့သာ နှုတ်မှ ထွက်၍ မြွက်ဆို လျှောက်ထား အသနား ခံလိုက်ချင်ပါပြီ။

ထိုအခိုက် အသည်းအူလှိုက် ထိခိုက် ကြေကွဲစရာ ကောင်းသော အသံကလေးကြောင့် တုံ့ခနဲ ရပ်ကာ သမင်လည်ပြန် ကြည့်လိုက်သည်။

မောင်တော် ဘုရား....။ နှမတော်ကို ချစ်သနားလျှင် မြန်မြန်ကြီး ပြန်ခဲ့ပါနော်၊ မြင်လိုက်ရသည်မှာ သက်သာစရာ မရှိ။ ခေါင်းလျှော်ပြီးစ ဆံကေမျှင်တို့ မခြောက်တခြောက် ဖိုးရိုးဖားယား ကသီလင်တ ဗျာပါဒ ဖြင့် ဆံရေစက်က စိုစို ငိုတော့မလို မျက်နှာကလေးအိုလျက် ကသော့

ကမျော အလောသုံးဆယ် အပြေးအလွှား မှာလိုက်ပုံကလေးမှာ ရင်အုံကို စုံတီး၍ ငိုပြီး လိုက်စရာသာ ကောင်းတော့သည်။

"အို...သနားကြင်နာ ချစ်စရာကလေး ဇနပဒကလျာဏီရယ်"

ဤသို့နှင့် ကျောင်းတော်သို့ တုတ်တုတ်ထိ ဗုဒ္ဓနှင့် ပါခဲ့ရလေသည်။

* * *

"ရဟန်းပြုမည်လော နန္ဒ"

ဗုဒ္ဓက တုပ်ပြီး ချည်ပြီး အမေးတော် ရှိလိုက်သည်။

"တပည့်တော် ရဟန်း မပြုလိုပါ ဘုရား"

ဤကား နန္ဒကုမာရက လျှောက်ချင်သည့် စကား။

သို့ပေမယ့် တစ်နေ့ တစ်ရက် တစ်နံနက်ကြီး သူကိုပင် အစဉ်အလာအရ ရှိသေကျိုးနွံလေ့ ရှိကြသော သကျသာကီဝင်တို့၏ ထုံးတမ်းတွင် ချစ်ကြောက် ရိုသေလာခဲ့သော ဘဝမှ အဆပေါင်းများစွာ သာလွန် ရင့်ကျက်တော်မူလှသော ဗုဒ္ဓ၏ ဩဇာ အရှိန်အဝါ ဂုဏ်တော်ပေါင်း အနန္တအောက်ကွင် မလျှောက်ဝံ့ မငြင်းသာတော့ဘဲ။

"အာမ ဘန္တေ"

"ရက်စက်လွန်းပါပေ့ မောင်ဘုရားရယ်၊ စုလျားရစ်ခွေ၊ နှစ်ပါးပစ်မသွေ့ သေတစ်ပန် သက်တစ်ဆုံး မမုန်းတမ်း ချစ်ကြမယ် မိန့်တော်မူပြီးလျက် ရဟန်း ပြုတော်မူရက်သတဲ့လား"ဟု ရဝေဒု နန်းအလယ်မှာ ညှိုးငယ် တမ်းတနေရှာသော ဇနပဒနည်းတူ ရဟန်းအသစ်စက်စက်ကလေး နန္ဒမထေရ်မှာလည်း။

"နှမတော်ကို ချစ်သနားလျှင် အမြန် ပြန်ခဲ့ပါ မောင်ဘုရား"

ဟူသော ဇနပဒကလျာဏီ၏ မှာစကားနှင့် သနားစဖွယ်သော မျက်နှာကလေးကိုသာ မြင်ယောင်ကြားယောင် ရဟန်းဘောင်ကို ငြီးငွေ့နေရှာရသည်။

သာသနာဝယ် သဒ္ဓါပဗ္ဗဇ္ဇိတ မဟုတ်သော နန္ဒမထေရ်သည် ဗုဒ္ဓကွယ်ရာတွင် ရွှေနန်းတော်သို့ပြန်ပါသောကောဟု နိဂြောဓာရုံ ကျောင်းတော်မှ မကြာခဏ အကြိမ်ပေါင်းများစွာ ထွက်ပြေးမိသည်။ ထိုသို့ ထွက်ပြေးတိုင်း မိမိ၏ တူရှုအချပ်၌ ဗုဒ္ဓသခင်ကို စကြံလျှောက်တော်မူသည်နှင့်သာ ပက်ပင်းမှာတိုးရကား ဆုတ်နစ်၍သာ လှည့်ခဲ့ ရလေသည်။

တစ်နေ့တော့ ဗုဒ္ဓအရှင်က ယူးယူးခြားခြား မိန့်ကြားတော်မူသည်။

"ချစ်သား နန္ဒ၊ ငါ ဘုရားနှင့် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ လိုက်ခဲ့လော့" ဟု ခေါ်တော်မူသည်။

"အရှင်ဘုရား တန်ခိုး အဘိညာဉ်မှ မရှိသော တပည့်တော်အဖို့ မဖြစ်နိုင်ပါဘုရား။"

"ချစ်သား နန္ဒ၊ နတ်ပြည်သို့ သွားလိုသော စိတ်သာ ညွတ်ဘိလော့၊ ငါဘုရားနှင့်အတူ သွားကြအံ့"

မြတ်စွာဘုရားသည် နန္ဒမထေရ်အား လက်ကိုကိုင်ဆွဲ၍ သွားဘိသကဲ့သို့ တန်ခိုးတော်နှင့် နိဂြောဓာရုံကျောင်းတော်မှ ခွာခဲ့သည်။

သို့သော် နတ်ပြည်သို့ မရောက်မီ မီးလောင် ပြင်စ တောစပ်လယ်တစ်ခုသို့ ရောက်ရကား....။

"အရှင်ဘုရား မီးလောင်ပြင်စ လယ်တောတစ်ခုသာ ဖြစ်ပါဘိတကား"

"မှန်၏။ ချစ်သား၊ မီးလောင်ထားသော လယ်ကွက် အတွင်း မီးသင့်ပြီးသော ထိုသစ်ငုတ်တို တစ်ခုထိပ်၌ နား နှာခေါင်း အမြီးဖျားမီးသင့်ထား၍ စုတ်ပြတ်ကာ လွန်စွာရွတ်တွ အိုမင်းနေသော မျောက်အိုမကို ရှုစမ်းလော့"ဟု ညွှန်ပြတော် မူသည်။

"အို....နောင်တော်ဘုရားနှယ်၊ ဤမျှ အရုပ်ဆိုး အကျည်းတန် ရွံဖွယ်လိလိရှိသော မျောက်အိုမကို ဘယ်သဘောနှင့် ပြတော်မူပါလိမ့်" ဟု တွေးလိုက်မိသည်။

ထိုခရီးမှတစ်ထောက် တာဝတိံသာ နတ်ပြည်သို့ ရောက်သောအခါ သိကြားမင်းအား ယုယ ဖျော်ဖြေရန် လာရောက်ကြသည့် ခိုခြေအသွေး နီထွေးသော ခြေရှိကြသည့် နတ်သမီး ငါးရာတို့သည် မြတ်စွာဘုရားအား ရှိခိုးရပ်တည် နေကြကုန်လေသည်။

နန္ဒမထေရ်သည် မမြင်စဖူး ထူးကဲ အံ့ဩအောင် လှလွန်းကြွယ်သည့် နတ်မယ်လျာတို့ကို မျက်တောင်မခတ် ပါးစပ်ဟကာ ငေးမော၍ နေရှာတော့သည်။ စိတ်တွင်မှာကား....

"အလိုလေး၊ ပြောလို့မကုန် ယုံဖွယ်မရှိဘဲ ပကတိကိုယ်တိုင် မြင်တွေ့နေရ၍သာ တကယ်ပါလားလို့ဆိုရမည်၊ နုလှ ချောလှ သဘောကျစရာ ဒေဝစ္ဆရာ ကလေးတွေပါလား၊ အင်း....တာဝတိံသာနတ်ပြည်ကို ရောက်ရကျိုး နပ်လှရဲ့"

"ချစ်သား နန္ဒ၊ ဤနတ်သမီး ငါးရာကို မြင်သလော"

"မြင်ပါသည် ဘုရား၊ မြင်ပါသည် ဘုရား"

"အဆင်း ရူပကာ လှပါ၏လား နန္ဒ"

"လှလွန်းနေပါသည် ဘုရား၊ ချောလွန်းနေပါသည် ဘုရား"

"ချစ်သား နန္ဒ၊ ငါမေးဦးအံ့။ သာကီဝင် မင်းသမီးသင့်ချစ်သူ ဇနပဒကလျာဏီနှင့် မည်သူကပို၍ လှပေသနည်း။"

"မြတ်စွာဘုရား ဤ နတ်မယ်လျာကလေးများနှင့်သာ နှိုင်းယှဉ်ရမည်ဆိုလျှင် တပည့်တော် ချစ်ခဲ့မိသော ဇနပဒ ကလျာဏီ မင်းသမီးသည် မီးလောင်ပြင်မှာ တွေ့ခဲ့ရသော မျောက်အိုမ ရွှတ်တွကြီးနှင့်သာ တူနေပါတော့သည်ဘုရား"ဟု ပြန်ကြားလျှောက်ထားရင်းမြတ်စွာဗုဒ္ဓက မိမိအား မျောက်အိုမကို ဤနတ်သ ံးကလေးများနှင့် နှိုင်းယှဉ် နိုင်ရအောင် ပြကြောင်း ယခုမှ သဘောပေါက်လိုက်မိသည်။

"အသို့နည်း ချစ်သား၊ ဤနတ်သမီးများကို သင်ချစ်သား အလိုရှိသလား"

"မကွယ်မထောက် တပည့်တော်လျှောက်ရလျှင် တစ်ယောက်ကိုသာ ရပါစေ၊ ကျေနပ်ပါပြီ ဘုရား"

"နန္ဒ။ သာသနာတော်၌ ပျော်ရွှင်စွာနေလော့၊ ခိုင်ခြေအဆင်းရှိသော ဤနတ်သမီး ငါးရာကိုရဖို့ရန် ငါဘုရား အာမခံ၏။တရားကိုသာ ကျင့်လော့"

"အို ‌မြတ်စွာဘုရား၊ ဤနတ်သမီးများသာ ရမည်ဟု ဘုရား မြတ်စွာ တာဝန်ယူမည်ဆိုလျှင် တပည့်တော်သည် သာသနာဝယ် ပေါ်ပါး ရွှင်လန်းစွာ ကျင့်ဆောင်ပါမည် ဘုရား"

"ကောင်းပြီ ချစ်သား။ တရားကိုသာ ကျင့်လော့ ငါဘုရားက တာဝန်ယူ၏။"

ဤသို့ဖြင့် တာဝတိံသာမှ ကျောင်းတော်သို့ ပြန်ရောက်သည့်နေ့မှာပင်လျှင် တရားအလုပ်သို့ ဝင်တော့သည်။

သတ္တဝါဟူသည် ဆန္ဒဟူသော ရည်မှန်းချက်ပန်းတိုင် အဓိကရှိကြသည်။ ထိုပန်းတိုင်ကို လှမ်းကိုင်နိုင်ရေး အလို့ငှာ နေ့တစ်ခူဝ မရ ကုဘ်ကပ် ဇွဲခတ်၍ ကြိုးစား ကျင့်ကြံလေ့ရှိကြသည်။

နန္ဒမထေရ်သည် သူ့မျက်စိထဲမှာ ဘယ်အခါမှ ခွဲမထွက်သော စွဲမက်စရာ နတ်ဒေဝီကလေးတို့ကို အာရုံပြုခြင်း တရားအလုပ်ကို အားထုတ်လျက် ရှိသည်။

တစ်နေ့တော့ နန္ဒမထေရ်၏ ကမ္ဘဋ္ဌာန်းထိုင်နေရာ အနီးအပါးသို့ အမှတ်မထင်သော ရဟန်းအချို့ ရောက်လာကြသည်။

''ကြည့်ပါလော့ အရှင်ဘုရား၊ ဗုဒ္ဓညီတော် အရှင်နန္ဒမထေရ်သည် ခိုခြေ အဆင်းရှိသော နတ်သမီးငါးရာကို အလိုရှိ၍ ဗုဒ္ဓ၏တရားတော်ကို အပြင်းအထန် ကျင့်နေရှာသည်။''

''အို…ဟုတ်ပါရဲ့ အရှင်ဘုရား၊ ဘုရား ကိုယ်တော်မြတ်ကလည်း သူ့ညီတော် တရားထူးရလျှင် နတ်သမီးကလေးတွေကို ရမည်ဟု အာမခံသည် ဆိုပါကလား''

''ဟာ….ဒါဖြင့် အရှင်နန္ဒဟာ ကြေးစား ဝိပဿနာ ယောဂီ ဖြစ်နေပြီပေါ့။''

''မှန်လိုက်လေ ဘုရား၊ ကုန်သည်စိတ်နှင့် အဝယ်တော် ဖြစ်နေပါပေါ့လား''

''အင်း …ဗုဒ္ဓ၏ တရားတော် အဆီအနှစ်ဟာ ဝေဘာရ တောင်ကြီးကဲ့သို့ တန်ခိုးသိဒ္ဓိ အမျိုးမျိုးရှိသော ပတ္တမြား ရတနာတို့ဖြင့် ပြည့်စုံသလိုရှိနေတဲ့ဟာကို အရှင်နန္ဒသည် ပတ္တမြားကို မထောက်ဘဲ ခဲသွေးကျောက်ကို ယူမလို့တဲ့လား။''

ရဟန်း အချင်းချင်း ပြောဆို ရှုတ်ချသော စကားကို ကြားရသောအခါ နန္ဒ မထေရ်သည် ရှက်ကြောက်ခြင်း ကြီးစွာဖြင့် မိမိ၏အမှားအယွင်း ဆန္ဒကို ပြန်လှန် ဝေဖန်မိသည်။

''အင်း…. ဟုတ်ပေသားပဲ၊ ငါ၏ အလုပ်ကား မသင့်လေစွတကား၊ ငါသည် ကိလေသာတို့ကို မစောင့်စည်းမှု အမှီပြု၍ ဤကဲ့သို့ ရှက်ဖွယ်လိလိ ပြက်ရယ်မှုကို ခံရသည်။''

ထို ကိလေသာတို့ကို ယခုမှ စ၍ ကောင်းစွာ နှိမ်နင်း စောင့်စည်းပေတော့အံ့ ဟူ၍ ကိလေသာ သံဝရ ဥက္ကဋ္ဌ ပဋိပတ်ကို ကျင့်ကြံ အားထုတ်တော်မူလေရာ မကြာမြင့်မီပင် အာသဝေါ ကုန်ခန်း၍ ရဟန္တာ အဖြစ်သို့ ရောက်တော် မူလေသည်။


ငါသည် နတ်သမီးတို့ကို ရရှိရေးအတွက် မြတ်စွာ ဘုရားကို အာမခံ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်အောင် ပြုလုပ်ခဲ့လေပြီ။ ငါကား ဝန်လေးသော အမှုကို ပြုခဲ့ပြီတကား။မြတ်စွာဘုရားကို ထို အာမခံ တာဝန်ယူခြင်းမှ လွတ်စေတော့အံ့။ နန္ဒ မထေရ်သည် နံနက်မိုးသောက် အလင်းရောက်လျှင် မြတ်စွာဘုရားထံမှောက်သို့ ဝင်ရောက်တော် မူခဲ့ပြီ။

''မြတ်စွာဘုရား။ တပည့်တော်အတွက် ခိုခြေ အဆင်းရှိသည့် နတ်သမီး ငါးရာတို့ကို ရရှိရေးအတွက် မြတ်စွာဘုရားက တာဝန် ယူခဲ့ပါ၏ မြတ်စွာဘုရား။ ရှင်တော် ဘုရားကို တပည့်တော်သည် ထို အာမခံ တာဝန် ယူခြင်းမှ လွှတ်ပါ၏ ဘုရား''

"ချစ်သားနန္ဒ၊ သင်ချစ်သား၏ စိတ်စွဲလန်းမှု ကင်းလျက် အာသဝေါတရားတို့မှ ကျွတ်လွတ်သော အဓါကပင် ငါဘုရားသည် တာဝန်ယူချက်မှ ကင်းလွတ်ပြီး ဖြစ်ခဲ့ပြီ"ဟု သာယာ ခွန်းကြူတော် မူလိုက်သည်။

မြတ်စွာဘုရားသည် နောက်တစ်ချိန်ဝယ် ဇေတဝန် ကျောင်းတော်၌ အရှင်နန္ဒ မထေရ်အား "ကြွန္တြေ ခြောက်ပါးတို့ကို လုံခြုံစွာ စောင့်ထိန်းမှု တေဒဂ်" ထားတော်မူသတည်း။

*　　　*　　　*



# ကာဋ္ဌဒါယီမထေရ်နှင့် ဂါထာခြောက်ဆယ်

အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေအစ္စိမန္တော၀ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဘဒ္ဒန္တေ=ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားရှင်ပင် မြတ်ဘုရား။ ဒါနိ-ဣဒါနိ=ဆောင်းကို လွန်မြောက်နွေဦးပေါက်သို့ရောက်လတ်တုံလာ ယခုအခါ၌။ ဒုမာ=တစ်ခေတ်ကူးပြောင်း သစ်ပင်အပေါင်းတို့သည်။ ဆဒနံ=ရှည်ကြာမြင့်ညောင်း၊ အရွက်ဟောင်းကို။ ဝိပ္ပဟာယ=စွန့်ပယ်သောထွေကြွေကျကုန်၍။ ဖလေသိနော=အသစ်ဖြစ်သောအသီးကို ရှာမှီးကြကုန်သကဲ့သို့ ဖြစ်၍။ အင်္ဂါရိနော=မီးကျီးအသွေး နီထွေးသော ရွက်နု အဖူးအပွင့်တို့နှင့် ပြည့်စုံကြကုန်၏။ တေ=ထို သစ်ပင် အပေါင်းတို့သည်။ အစ္စိမန္တော၀=ဥတုပုံ့ဆောင် အရောင်ရှိကုန်သည်ဖြစ်၍သာလျှင်။ ပဘာသယန္တိ=ပြောင်တဝင်းဝင်း ထွန်းလင်း တောက်ပကြကုန်၏။ မဟာဝီရ=ကြီးမြတ်သော ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ=ကိုယ်တော်

မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်
ရှိတော်မူသော မြတ်စွာဘုရားတို့၏။ သမယော=ဖွားရပ်ဌာနီ
ပြည်ကပ္ပိလ်သို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်
မူရန် လျှော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်ပါ
ဘုရား။

အလွန်တရာ ဆွတ်ပျံ့ ကြည်နူးဖွယ်ကောင်းသော တပေါင်းလဘွဲ့
ဤဂါထာသည် မဟာဗုဒ္ဓဝင်တော်ကြီး၌ အဓိကရ ထင်ရှားသော
အကြောင်းတစ်ရပ် အတ္ထုပ္ပတ်ကို မှီ၍ ဖြစ်ပေါ်လာသည့် ဂါထာပေါင်း
(၆၄)ပုဒ်ဘို့မှ ပထမ အစ ဂါထာ ဖြစ်ပါသည်။

မြစ်ဖျားခံရာ အတ္ထုပ္ပတ္တိ၌ မိဘ၏ မေတ္တာ၊ ဇနီးကောင်းတို့၏
အကြင်နာ၊ မိတ်ဆွေကောင်းတို့၏ စေတနာတို့ဖြင့် အလေးအနက်
ပြည့်နှက် ထုံမွှမ်းနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

သက္ကတိုင်း ကပိလဝတ္ထုပြည့်ရှင် ဘုရင် သုဒ္ဓေါဒန မင်းကြီးသည်
အဂ္ဂမဟေသီ မာယာဒေဝီ မိဖုရားကြီးက အံ့ချီးလောက်ဖွယ်သော အိပ်
မက်ကို ရင်လှိုက်သည်းဖို လျှောက်ဆိုသည့် ညကပင်လျှင် ထူးမြတ်စွာ
သားဦးရတနာ ရလာတော့မည်ဟု လက်ရုန်းဆန့်တန်း ဝမ်းပန်းတသာ
ဂုဏ်ယူခဲ့ရပါသည်။ အမှတ်တရဖြစ်သော ထိုနေ့ကား မဟာသက္ကရာဇ်
(၆၇)ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ ဖြစ်သည်။

ထိုနေ့မှစ၍ မိဖုရားကြီးအပေါ်ဝယ် မေတ္တာတွင် ကရုဏာဆင့်၍
အခွင့်အရေးမှန်သမျှ ပေးသနားတော် မူခဲ့သည်။ မပေါ့မပါး သန္ဓေ
တော်ကို ဖွားလုနီးနီးမှာ ဇာတိစံရာ ဒေဝဒဟ ပြည်ကြီးကို ကြွချီတော်
မူလိုသည် ဆို၍ အလိုတော် လိုက်ကာ ကြီးကျယ်စွာသော အကြပ်အမတ်
အယုအယ အထောင်အသောင်းကို့နှင့် ထွက်ကြွတော် မူစေခဲ့သည်။
နှစ်ပြည်သောင်ကြား လမ်းခရီးဝယ် လုမ္ဗိနီဥယျာဉ်တော်၌ သားတော်
သိဒ္ဓတ္ထကုမာရကို ဖွားမြင်တော် မူခဲ့သည်။ ထိုနေ့ကား မဟာသက္ကရာဇ်
၆၈-ခု၊ကဆုန်လပြည့် သောကြာနေ့ ဖြစ်သည်။တစ်လောကလုံး ထူးခြား
သော အတိတ်ကြီး နိမိတ်ကြီးများ၊ မြေလျှင်တော်လဲ ထူးကဲသော
ကိတ္တိများ ဖြစ်ခဲ့သည်။

သုဒ္ဓေါဒန မင်းတရားသည် သားတော်နှင့်တကွ ပြန်ကြွလာသော
မာယာဒေဝီ မိဖုရားကြီးကို ဆီးကြို ယုယတော်မူခဲ့သည်။ သားတူး
သားမြတ်အား လက္ခဏာ ဖတ်ကြားသော ပုဏ္ဏားတော်များက လေး
ကျွန်းလုံးကို အစိုးရသော စကြဝဘေးမင်း ဖြစ်လိမ့်မည်ဟု(သို့မဟုတ်)
လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်လိမ့်မည်ဟု နှစ်ခွန်း နှစ်ခွ စကား

ဖြင့် ဟောကြသည်။ သုဒ္ဓေါဒန မင်းကြီးသည် သားတော် သိဒ္ဓတ္ထကုမာရအား လေးကျွန်းလုံးကို အစိုးရသော စက္ကဝတ္တိ မင်းသား ဖြစ်စေလိုသည်။

သုဒ္ဓေါဒန မင်းကြီးသည် မိမိကိုယ်တိုင် တိုင်းနိုင်ငံ ချဲ့လိုသော လောဘရမ္မက်၊ အာဏာတန်ခိုး တိုးတက်လိုသော လောဘရမ္မက်၊ အခွန်ဘဏ္ဍာ ကြွယ်ဝချမ်းသာလိုသော လောဘရမ္မက်မျိုး ရှိခဲ့သူမဟုတ်။ သုဒ္ဓေါဒနဟူသည့် အမည်နှင့် လိုက်အောင် 'စင်ကြယ်သော ထမင်း' 'သန့်ရှင်းသော ထမင်း' မဇ္ဈိမလဒ္ဓ တရားသဖြင့် ရသော ထမင်းဖြင့်သာ သမ္မာအာဇီဝ ရောင့်ရဲတော် မူခဲ့သည်။

ထို့ကြောင့် သောဠသ တစ်ဆယ့်ခြောက်တိုင်းတွင် သက္ကတိုင်းသည် မဂဓတိုင်း၊ ကောသလတိုင်း၊ ဂန္ဓာရတိုင်း စသည်တို့လို အင်အားကြီးမား ထင်ရှား ကျော်စောသော တိုင်းပြည်ကြီး မဖြစ်ခဲ့ရ။ သို့သော် မျိုးနွယ်မပျက် ဆင်းသက်ခဲ့သော အသမ္ဘိန္နခတ္တိယ ဖြစ်သည် ဟူ၍ကား တိုင်းပြည် အသီးသီးတို့၏ လေးစားခြင်းကို ခံယူရသည်။ သုဒ္ဓေါဒန မင်းကြီး ကိုယ်တိုင်ကလည်း သကျသာကီဝင် မင်းမျိုးဟူ၍ ဂုဏ်ယူခဲ့သည်။

သားတော်ကိုမူကား မိမိထက် တန်ခိုးအာဏာ ကြီးကျယ်သော လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းအဖြစ်ကို ကြည့်လိုမြင်လိုလှ၏။ ဖခင်တိုင်းသည် မိမိတို့၏ သားအား မိမိထက် မြင့်မြတ် ကြီးကျယ်သော 'အတိဇာတ' သားရတနာများသာ ဖြစ်စေလိုကြသည်။

ဤသည့်အခိုက် လက္ခဏာဖတ်သော ပုဏ္ဏားတော်တို့တွင် အသက်အငယ်ဆုံး၊ ပညာအထက်မြက်ဆုံးဖြစ်သည့် ကောဏ္ဍည ပုဏ္ဏားငယ်က "သိဒ္ဓတ္ထ ကုမာရသည် စကြဝတေးမင်း ဖြစ်လိမ့်မည် မဟုတ်။ လောကသုံးပါး၌ တစ်ဆူတည်းသော ဗုဒ္ဓဘုရားသာ ဖြစ်လိမ့်မည်" ဟုဧကဝစနံ တစ်ခွန်းတည်းသော စကားဖြင့် တစ်ချောင်းတည်းသော လက်ညှိုးကို ပြ၍ ရဲရဲဝံ့ဝံ့ လျှောက်တင်သောကြောင့် သုဒ္ဓေါဒန မင်းကြီးမှာ မခံမရပ်နိုင်အောင် ရာဇမာန်ရှတော်မူခဲ့ရသေးသည်။

ကောဏ္ဍည ပုဏ္ဏားက သိဒ္ဓတ္ထ မင်းသားသည် 'သူအို၊ သူနာ၊ သူသေ၊ ရဟန်း' ဟူသော နိမိတ်ကြီး လေးပါးကို မြင်၍တောထွက်တော်မူလိမ့်မည်။ သမ္မာ သမ္ဗုဒ္ဓ ဖြစ်ပြီးလျှင် ဓမ္မစကြာတရားဦးကို ဟောလိမ့်မည်ဟူ၍ပင် ဆက်လက် လျှောက်ထားလိုက်သေးသည်။

မယ်တော် မဟာမာယာ မိဖုရားကြီးသည် သားတော်ကို မွေးဖွားတော်မူပြီးသည့်နောက် ခုနစ်ရက်မြောက်တွင် နတ်ရွာစံတော်မူသည်

ဖြစ်ရာ သုဒ္ဓေါဒန မင်းကြီးသည် သားတော်အပေါ်ဝယ် ဖခင်၏ မေတ္တာသာမက မိခင်၏ မေတ္တာပါ နှစ်ဖြာဆင့်၍ အသည်းနှင့်အောင် ချစ်မြတ်နိုးတော် မူခဲ့သည်။ အားကိုးတော် မူခဲ့သည်။

ထို့ကြောင့် သားတော်အား ရသေ့ ရဟန်းဖြစ်မှ ကင်းဝေး ရလေအောင် ကာမဂုဏ်ချမ်းသာ ကြီးစွာသော နန်းစည်းစိမ် အလယ်၌ ဖွားဖက်တော်များ ဖြစ်ကြသော အာနန္ဒာမင်းသား၊ ကာဠုဒါယီအမတ် သား၊ ဆန္နအမည်ရှိသော အမတ်သားတို့နှင့် အတူတကွ ပျော်ပါးစေ၏။ မင်းသားငယ်၏ ပတ်ဝန်းကျင်တွင် သံဝေဂ ရဖွယ်ရာ ဖြစ်သော အသက် ကြီးရင့် အိုမင်းသောသူ၊ ရောဂါဝေဒနာ ဖိစီး၍ မရွှင်မလန်း မကျန်း မာကြသူ၊ ဇီဝိတိန္ဒြေကင်းပြတ်၍ သေဆုံးသော အသုဘများနှင့် တရား မွေ့လျော်သော ရသေ့ ရဟန်းတို့ကို အရိပ်အယောင်မျှ မတွေ့မမြင် ရအောင် အမိန့်အာဏာ ကြပ်တည်းစွာဖြင့် စီမံထားတော် မူခဲ့သည်။ မြို့တံခါးများကိုလည်း အစောင့်အကြပ် ထူထပ်စွာ ချထားလေသည်။

သက်တော် တစ်ဆယ့်ခြောက်နှစ် အရွယ်တွင် သုဒ္ဓေါဒနမင်းကြီး သည် ညီတော်ဖြစ်သော ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏ သမီးတော် ယသော်ဓရာ ဒေဝီနှင့် ထိမ်းမြား ဆောင်နှင်းပေးတော် မူလိုက်သည်သာ မက ကပိလဝတ်ပြည် အားလုံးနှင့် ရွှေနန်းစည်းစိမ်ကိုပါ လွှဲပေး မင်းပြု စေလေသည်။ ယသော်ဓရာဒေဝီသည် သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော် တစ်ဦးပင် ဖြစ်လေရာ တစ်ဦးကို တစ်ဦး အထူး စုံမက် မြတ်နိုးတော် မူကြသည်။

သုဒ္ဓေါဒန မင်းကြီးသည် အချင်းချင်း ကြင်နာ ယုယတော် မူကြ သည့် သားတော်နှင့် ချွေးမတော်အား ကြည့်၍ ကျေနပ်တော် မူရသည်။ ချစ်ခင် တွယ်တာသော သံယောဇဉ်ကြိုးတို့သည် သားတော် သိဒ္ဓတ္ထ မင်းပျိုမင်းလွင်အား တောမထွက်နိုင်အောင် ချုပ်နှောင် ရစ်ပတ်မိ သေပြီဟု နှစ်ထောင်းအားရ ဖြစ်ခဲ့ရလေပြီ။

ဤသို့ဖြင့် တစ်နေ့ထက်တစ်နေ့ တစ်နှစ်ထက်တစ်နှစ် သားတော် ဘုရင်ငယ်အား စိတ်ချထားတော်မူခဲ့သည်။ တစ်ဆယ့်သုံးနှစ်မျှ ရွှေနန်း စည်းစိမ်ကိုခံစားတော်မူပြီးသော တစ်နေ့ဝယ် ချွေးမတော် ယသော်ဓရာ မိဖုရားခေါင်ကြီးမှ နန်းညွန့်နန်းလျာ သားဦးရတနာ ဖွားတော်မူလေ ပြီဟု ကြားသိတော် မူသည့်အတွက် သုဒ္ဓေါဒန မင်းကြီးမှာ ရာဇပလ္လင်မှ ငွဲ့တော်မမူဘဲ လက်ပန်းပေါက် ခတ်လိုက်မိတော့သည်။ သားသမီးဟူသည် ကားသံယောဇဉ် နှောင်ကြိုးတစ်မျှင် တိုးလာသည်မဟုတ်ပါလား။ သား တော်ဘုရင်မင်းမြတ်က မြေးတော်ငယ်အား 'ရာဟုလာ' ဟူသောအမည်ကို

နှုတ်ဝစီဖြင့် ဘွဲ့ချီတော် မူလိုက်ကြောင်း ကြားလိုက်ရသည်။ သားဦး ရတနာ ဖွားပြီးလျှင် စကြာမင်းတို့၏ စကြာပုံတောင်း ရတနာ ရောက် ရန်သာ ရှိတော့သည်။

နောက်တစ်နေ့တွင်ကား နံနက်မိုးသောက်သည်နှင့် တစ်ပြိုင်နက် သားတော် ဘုရင်မင်းမြတ် စံတော်မူရာ နန်းတော် အဆောင်မှစ၍ ရတ်ရတ်သဲသဲ ငိုကြွေးပြေးလွှား ဟစ်အော်မြည်တမ်းကြသည်မှာ တောမ်း ပမာ သုဒ္ဓေါဒန မင်းကြီးစံရာ နန်းဆောင်သို့ လျှင်မြန်စွာ ကူးစက် လာလေသည်။

''အလောင်းတော်မြတ်သည် ညသန်းခေါင်ယံ အချိန်၌ ဖွား ဖက်တော် ကဏ္ဍကမြင်းကို စီးလျက် ဆန္နအမတ် တစ်ဦးတည်းကိုသာ နောက်တော်ပါ ဖြစ်စေပြီး မဟာနိက္ခမ ထွက်ကြွတော်မူလေပြီ''ဟူသည့် သတင်းဆိုးကြီးမှာ သုဒ္ဓေါဒန ဘုရင်ကြီး အတွက် 'ရင်တီး လက်ခတ်' 'ရင်ဘတ်စည်တီး' ဖြစ်ရလေသည်။ ချွေးမတော် ယသော်ဓရာဒေဝီက ဖွားသစ်စ မြေးတော်ကို ရင်ဝယ် ပိုက်လျက် ကတိုက်ကရိုက် ကပိုကရို ငိုကြွေးမြည်တမ်း ပြေးလာပြီး မင်းတရားကြီး၏ ခြေတော်အစုံကို မျက် ရည်ဖြင့် သွန်းလောင်း လိုက်လေသည်။ မြေးတော်ငယ် ရာဟုလာက တစာစာ ငိုကြွေးနေသောကြောင့် သုဒ္ဓေါဒနမင်းကြီးသည် သားတော်၏ ရင်နှစ် မြေးတော်ချစ်ကို ပွေ့ယူချီမ ယုယတော်မူရလေသည်။

ထိုနေ့မှ အစပြု၍ ကပိလဝတ္ထု ရွှေနန်းကို ပြန်လည်သိမ်းမြန်း တော်မူရသည်။ ချွေးမတော်နှင့် မြေးတော်ကို လက်ဖွဲ့ ချီးမြှောက် ပေး သနားတော်မူခဲ့သည့် အဆောင်အယောင် စည်းစိမ်ချမ်းသာ ရတနာမျိုး တို့မှ ဆယ်ပြန်တံပိုး တိုး၍ ပေးသနားတော်မူကာ အစစအရာရာ အား မငယ်အောင် စောင့်ရှောက်တော် မူရှာသည်။ ယသော်ဓရာ ဒေဝီသည် မရွှင်သည့် နှလုံးတွင် အပြုံးပန်း မဆင်နိုင်ရှာဘဲ အခစား နေ့စဉ် ဝင် တော်မူသည်။

တစ်ခါတွင် ချွေးမတော်သည် ပိုးဖဲ ကတ္တီပါ စသည်တို့ကို စွန့် ခွာ၍ သစ်ခေါက်ရေဖြင့် ဆိုးအပ်သော အဝတ်တို့ကို ဆင်မြန်း၍ အခ စား ဝင်လာလေသည်။ သုဒ္ဓေါဒန မင်းကြီးသည် ချွေးမတော်အား ''အဘယ်ကြောင့် ကြမ်းတမ်းသော ထိုအဝတ်တို့ကို ဝတ်ဆင် ခဲ့ပါ သနည်း''ဟု မရှုရက် မမြင်ရက် မေးတော် မူရှာသည်။

ယသော်ဓရာက ''အရှင့် သားတော်သည် ဖန်ရည် စွန်းသော အဝတ်ကို ဝတ်၍ ရဟန်းပြုတော်မူပြီဟု ကြားရပါသည်။ ထို့ကြောင့် အကျွန်ုပ်လည်း သူ့ကို ရည်မှန်း၍ အဆင့်အတန်းချင်း တူညီအောင် လိုက်

လျော ကျင့်ဆောင်ရပါသည်။ အရှင့်သားသည် မွန်မြတ်သော အခင်းနေရာတို့ကို စွန့်ပယ်၍ တစ်ထပ်တည်းသော ဆွမ်းကိုသာ စားတော်မူသည် ဟု ကြားရပါသည်။ ထိုကဲ့သို့ ကြားရသည့်နေ့မှ စ၍ အကျွန်ုပ်သည်လည်း မွန်မြတ်သော သလွန်ညောင်စောင်းတို့ကို စွန့်ပယ်၍ တစ်ထပ်တည်းသော နံနက်စာကိုသာ စားသုံး နေပါသည်''ဟု လျှောက်ထားလေသည်။ သုဒ္ဓေါဒန မင်းကြီးသည် ချွေးမတော်ကို စေ့စေ့ ရှုစားတော်မူရင်း မျက်ရည်များစို့ကာ စဉ်းစားတော် မူလိုက်သည်။

'ငါ၏သားတော်သည် သိတတ်သည့် အရွယ်မှစ၍ အလွန်နူးညံ့မွန်မြတ်လှသော ကာသိတိုင်းဖြစ် ပုဆိုး အထည်တို့ကိုသာ ဝတ်ဆင်ခဲ့ရလေသည်။ ယခုကား အလွန်ကြမ်းတမ်းသော တစ်စုံတည်းသာ ဖြစ်သော ဖန်ရည်စွန်းအဝတ်ကို ဝတ်ဆင်နေလေပြီ။

ငါ၏ သားတော်သည် နံ့သာတို့ဖြင့် ထုံအပ်သော၊ နှစ်ချို့သော သလေးဆန်မှ ဖြစ်သော ထမင်းကို အမြိုက်အရသာနှင့် ပြည့်စုံသည့် ဟင်းလျာ အမျိုးမျိုးအပြင် ခဲဖွယ် ငါးပါး၊ ဘောဇဉ် ငါးပါး၊ ယမကာ ငါးပါးတို့ကို အချိန်မရွေး သုံးဆောင်ခဲ့သူ ဖြစ်သည်။ ယခုကား တောတွင်းဝယ် ရတတ်သမျှသော သစ်သီး သစ်ဥတို့ကိုသာ ရောင့်ရဲတင်းတိမ်စွာ သုံးဆောင်နေရရှာလိမ့်မည်။

ငါ၏ သားတော်သည် အခြေလေးချောင်း ရှိသော၊ နူးညံ့လှစွာသော သစ်နက်ရေတို့ဖြင့် ခင်းအပ်သော သလွန်ညောင်စောင်း၌ ထိုင်၍ ကောတုမ္ဗရာဇ်ပြည်မှ ထွက်သော သိမ်မွေ့လှစွာသော ပိုး ဖဲ ကတ္တီပါတို့ဖြင့် ခင်းအပ်သော၊ အခြေ ခြောက်ချောင်းရှိသော ရွှေသလွန်၌သာ အိပ်စက် မွေ့လျော်ခဲ့သူ ဖြစ်သည်။ ယခုကား တောကြီးအလယ် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင် အောက်တွင်သာ ပြင်းထန်လှသော ရာသီအမျိုးမျိုးတို့၏ အနှိပ် အစက်ကို နေ့နေ့ ညည ခံစားနေရပေလိမ့်မည်။ မှက်၊ ခြင်၊ ကင်း၊ သန်း နှင့်တကွသော ကြမ်းကြုတ် ရက် စက် သော သားရဲတိရစ္ဆာန်တို့၏ အန္တရာယ် အမျိုးမျိုးတို့ကို အဖော်မမှီး တစ်ပါးတည်း ရင်ဆိုင်နေရရှာလိမ့်မည်'ဟု စဉ်းစားတွေးတောရင်း ကရုဏာမိုးရွာသွန်းဖြိုးလျက် ရှိတော် မူရှာသည်။

ဤသို့ဖြင့် နေ့မှ လ၊ လမှ နှစ် အချိန်များ လွန်ခဲ့ရသည်။ မြေးတော်ကလေး ရာဟုလာသည် သားတော် သိဒ္ဓတ္ထမင်း၏ 'ရွှေဘုံယ်ပွားလေး'ပီသစွာ ယောက်ျားမြတ်တို့၏ လက္ခဏာနှင့် ခြောက် နှစ် သားအရွယ်သို့ ချမ်းသာစွာ ရောက်ခဲ့လေပြီ။

တစ်နေ့သ၌ သုဒ္ဓေါဒန မင်းကြီးသည် ထစ်ချုန်းရိုက်ဟည်းသော ပဲ့တင်သံနှင့်အတူ ကြီးမားပြင်းထန်သည့် မြေငလျင်ကြီး အဟုန်ကို ခံစားလိုက်ရသည်။ ထိုအချင်းအရာမှာ အံ့သြဘနန်း ကြောက်ခမန်းလိလိ ဖြစ်ဖွယ်ရှိသော်လည်း အဘယ် အကြောင်းကြောင့်ဟူ၍ မသိ။ သုဒ္ဓေါဒန မင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားများ အပြင် ကပိလဝတ္ထု ပြည်သူပြည်သားများ အကုန် ကြောက်ရွံ့ ထိတ်လန့်ခြင်း မဖြစ်မူ၍ နှစ်ထောင်းအားရ ရွှင်ပျ ကြည်နူးကြသည်ကို သုဒ္ဓေါဒနမင်းကြီးမှာ အံ့သြနေမိသည်။

တင်းကုပ်တော်များမှ ဆင် မြင်း ရတနာများ၏ မြူးတူး အော်မြည်သံကို ကြားရသည်။

နန်းတွင်းရှိ တူရိယာများမှ သာယာသော အသံများ အလိုအလျောက် ထွက်ပေါ်လာကြသည်ကို ကြားရသည်။

ဥယျာဉ်တော်မှ ငှက် အမျိုးမျိုးတို့က တွန်ကျူးသံချို သီဆိုနေကြသည်။ ပန်းအမျိုးမျိုးသည်လည်း ရာသီမဟုတ် ပွင့်လာကြသည်။ အသီးသီးသော သစ်ပင်များသည်လည်း အခါမဟုတ် သီးလာကြသည်။

မကျန်းမမာ ဝေဒနာ ခံစားနေရသူများ ရောဂါ ပျောက်ကင်းကြသည်။ ခြေလက် ကိုယ်ခန္ဓာ မသန်မစွမ်းသူများ ကျန်းမာ သန်စွမ်းလာကြသည်၊ စက္ခုနှစ်ကွင်း အလင်းမရသူများ တစ်ဖန်ပြန်၍ လင်းလာကြသည်။ လူတိုင်း လူတိုင်း တောင့်တခဲ့သမျှ ရကြသည်။ စိတ်၏ ချမ်းသာခြင်း ရှိကြသည်။ ရတနာမျိုးစုံဖြင့် ချမ်းသာကြသည်။ အစာရေစာ ပြည့်ဝကြသည်။

ထိုမှတစ်ပါး များစွာသောအတိတ်ကြီး နိမိတ်ကြီးတို့သည် ကပိလဝတ္ထုပြည်၌သာ မဟုတ်။ စကြဝဠာ တစ်တိုက်လုံး ဖြစ်ပေါ်နေသည်ဟု အမတ်များက အဆောတလျင် လျှောက်တင် လာကြသည်။ ထိုမှ တစ်ဆက်တည်း အကြီးဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံး သတင်းကား "သိဒ္ဓတ္ထမင်းသည် ဗုဒ္ဓစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူပြီ ဖြစ်ကြောင်း" နှစ်ထောင်းအားရ လျှောက်တင်လာကြခြင်းပင် ဖြစ်သည်။ သုဒ္ဓေါဒန မင်းကြီးမှာ ထိတ်ခနဲ ဝမ်းသာ ရင်မှာတသိမ့်သိမ့် ခံစားလိုက်ရသည်။

ချွေးမတော် ယသော်ဓရာက သူ ကြားရသည့်အတိုင်း ဝမ်းနည်းဝမ်းသာ လျှောက်တင်လာပြန်၏။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးက ချွေးမတော်အား 'သားတော်သည် ဗုဒ္ဓ၏ အသရေတော်ဖြင့် ဇာတိစံရာ ပြည်တော်သာသို့ ပြန်ကြွ လာတော် မူလိမ့်မည်'ဟု နှစ်သိမ့်ရသည်။ သုဒ္ဓေါဒနမင်းကြီး ကိုယ်တိုင်လည်း ဤသို့ပင် ယုံကြည် မျှော်လင့်သည်။

တက္ကသိုလ်ပြည်သို့ ပညာသင်ရန် ထွက်ခွာ သွားသော မင်းသား သည် တစ်ဘက်ကမ်းခတ် ပညာတတ်မြောက် ပြည့်စုံသည့်အခါ မိမိ တိုင်းပြည် ဂုဏ်ကျက်သရေ အဖြာဖြာနှင့် ပြန်လာစမြဲ ဖြစ်သည်။ ထို့ အတူ မိမိ၏ သားတော်သည်လည်း တောထွက်တော်မူ၍ ဗုဒ္ဓဖြစ်ရန် ကျင့်ကြံ အားထုတ်ပြီးသည့်နောက် ဗုဒ္ဓစင်စစ် ဖြစ်တော် မူလာသော ယခုအခါ (ခမည်းတော်)မိမိ ရှိရာသို့ ပြန်ကြွတော် မူလာလိမ့်မည်ဟု အထင်တော် ရှိထားသည်။

တစ်လမှ ကျော်လွန်၍ နှစ်လအတွင်းသို့ ရောက်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ ဘုရားသခင်သည် မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ဖြစ်သော ဓမ္မစကြာ ဒေသနာတော်ကို ဟော တော်မူပြီဟု ကြားသိရသည့် သုဒ္ဓေါဒန မင်းကြီးသည် ဘုရားရှင်တို့၏ ဓမ္မတာ ဖြစ်သော ဓမ္မစကြာ တရားတော်ကို ဟောတော် မူပြီးသည့်အခါ ကေန်မချွတ် ကပိလဝတ်သို့ ကြွလာတော် မူလိမ့်မည်ဟု မျှော်လင့် ပြန်သည်။

သို့ဖြင့် 'လေးလမှ ငါးလ၊ ငါးလမှ ခြောက်လ' လတွေသာ လွန်လာခဲ့သည်။ သားဘော် ဗုဒ္ဓကား မိမိ ရှိရာသို့ ပြန်ကြွတော်မူခြင်း မရှိသေးပါ တကား။

သားတော်၏ သတင်းကို ကြားရန် အထောက်တော် အများ အပြား စေလွှတ် စုံစမ်းစေပြန်သည်။ 'သားတော် ဗုဒ္ဓအထံ အဆုံးအမ ကို နည်းခံ၍ ကျင့်ကြံဘော် မူကြသော ဘိက္ခု သာဝကပေါင်း အရာ အထောင် ရှိနေပြီ'ဟု ကြားရသည်။ ထိုအခါ သုဒ္ဓေါဒန မင်းကြီးသည် သားတော် ဗုဒ္ဓအား ဤသို့ တွေးကြည့်မိသည်။

ကျွန်းကြီး လေးကျွန်းကို အစိုးရသော စကြဝတ္တိ မင်းကြီးကို အရန်ဖြစ်သော ကျွန်းငယ် နှစ်ထောင်နှင့်တကွ တိုင်းကြီး ပြည်ကြီး အသီးသီးတို့မှ ပဒေသရာဇ် ဧကရာဇ်များ ဝန်းရံ ခစား နေကြသည့် အခါ ရှုကြည့် မငြီး အံ့ချီးဖွယ်ရာ ကျက်သရေ အဖြာဖြာနှင့် ပြည့်စုံ နေပေလိမ့်မည်။ ထို့အတူ ငါ၏ သားကြီး ဗုဒ္ဓမှာလည်း ရဟန်း ဘိက္ခု အပေါင်း ခြံရံလျက် ဂုဏ်ကျက်သရေရှိစွာ တင့်တယ် နေပေလိမ့်မည်။

တန်ဆောင်မုန်းလပြည့် ညဦးတွင် နက္ခတ်တာရာ ကြယ်တကာတို့ ခြံရံလျက် အရှေ့ လောကဓာတ်မှ ထွက်ပေါ်လာသော လဝန်းကြီးသည် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေဘိ၏။ ထို့အတူ ငါ၏ သားတော် ဗုဒ္ဓသည်လည်း ရဟန်း ဘိက္ခုအပေါင်း ခြံရံလျက် အတိုင်း မသိ ကျက်သရေ ရှိနေပေလိမ့်မည်။ ထိုကဲ့သို့ ကျက်သရေ ရှိသော

သားတော် ဗုဒ္ဓအား သခင်ပင် တွေ့ချင် မြင်ချင် ဖူးမြော်ချင် လှပါ၏။ ချွေးမတော်ကလည်း သူ၏ ထိပ်တင် သူ့သခင်ကို တွေ့ချင် မြင်ချင် ဖူးမြော်ချင် ရှာရော့မည်။

ထိုအတွင်းမှာမှ မကြားလိုသော သတင်းတစ်ခု အထောက်တော် တစ်ဦးက လာ၍ လျှောက်ထားသည်။

မြတ်စွာဘုရား သခင်သည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရ မင်းကြီးက ဝေဠုဝန် ဉယျာဉ်တော်တွင် ကျောင်းဆောက်၍ ကိုးကွယ်ထားကြောင်း၊ ထို ကျောင်းကြီး၌ပင် သတ္တဝါ ဝေနေယျတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနေကြောင်း သိရသည်။ သားတော် ဗုဒ္ဓသည် ခမည်းတော်အရင်းထက် သူစိမ်းတစ်ဦးအား အခွင့်အရေး ပေးလွန်းသည်ဟု ထင်မိသည်။

ထို့ကြောင့် အမတ်ငယ်တစ်ဦး ခေါ်၍ "အမောင် သွားစမ်းချေ။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ အလျင် အမြန် သွား၍ ဗုဒ္ဓဘုရားသခင်အား ကိုယ်တော်မြတ်၏ ခမည်းတော်က ဖူးမြင် လိုလှပါ၍ ကပိလဝတ္ထုပြည်သို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပါ ဘုရား"

ဟု လျှောက်ထားချေ။ မရမနေ ပင့်ရန် သင့်တာဝန်သာ ဖြစ်သည်။ အနှောင့်အယှက် အမျိုးမျိုးမှ ကင်းနိုင်ရအောင် တစ်ထောင်သော မြင်းသည်တော် စစ်သားများနှင့် အမြန် သွား၍ ပင့်ချေဟု အမိန့်တော် ထုတ်ပြန် လိုက်လေသည်။

အမတ်ငယ် ထွက်သွားပြီးသည့်နောက် ဆွေတော် မျိုးတော်များသည် သားတော် ဗုဒ္ဓနှင့်တကွ ဘိက္ခု ရဟန်းအများ ကြွအလာကို ဆီးကြိုကြရန် အသင့် စောင့်မျှော် နေကြသည်။

တစ်လ ကြာ၍သည်း မရောက်။ နှစ်လ ကြာ၍လည်း မရောက်။

ကပိလဝတ္ထုပြည်မှ ရာဇဂြိုဟ်ပြည်သို့ ယူဇနာ ခြောက်ဆယ်မျှသာ ခရီး ဝေးကွာသည်။ ကျွမ်းကျင်သော မြင်းစစ်သည်တို့အဖို့ ငါးရက်မျှသော ခရီးသာ ဖြစ်ချေသည်။ အဘယ့်ကြောင့် ကြာသနည်း၊ အဘယ့်ကြောင့် မလာသနည်း။ အကြောင်းကို ထောက်လှမ်းတော့ သွားရောက်သူ အားလုံး ရဟန်း ဘိက္ခု ချည်းသာ ပြုနေကြပြီဟု ကြားတော် မူရသည်။

သုဒ္ဓေါဒနမင်းကြီးသည် အမတ်ငယ် တစ်ယောက်အား ခေါ်၍ တစ်ထောင်သော အခြံအရံဖြင့် လွှတ်လိုက်ပြန်သည်။ သူတို့လည်း ထို နည်းလည်းကောင်း အကြောင်းပင် ပြန်ဖော် မရ။ နောက်မှ သိရသည် ကား ရဟန်း ဖြစ်သွား ကြပြန်သည် ဟူ၏။

ထိုထို အမတ်များသည် သုဒ္ဓေါဒနမင်းကြီး၏ အမိန့်ကို နာခံ၍ ဦးဆံ ဆွေးမြည့် မှုတော်ထမ်း ကျေပွန်သူများ ဖြစ်ကြသည်။ သို့သော် တစ်ခုကား မိမိ၏ အာဏာစက်မှ လွတ်ထွက်သည်ဖြစ်၍ မိမိ၏ ဩဇာကို 'မခံ့ မညား' မလေးစားဘဲ သား ဘုရားထံ ရဟန်းခံနေကြသည်။ မိမိ၏ ကျေးဇူးကို မထောက် မမြော် သတင်း ပြန်ကြားဖော်မျှ မရဟု ဒေါသအမျက် ထွက်မိသည်။

သုဒ္ဓေါဒနမင်းကြီးက ဤသို့ တွေးကြည့် မိပြန်သည်။ လွှတ် လိုက်သော အမတ်ကိုးယောက်နှင့် စစ်သည်တော် ကိုးထောင်တို့သည် ငါ၏ အမိန့် အာဏာကိုသာ စွန့်ပယ် တော်လှန်ခဲ့ကြသည် မဟုတ်။ သူဘို့ သူတို့၏ အသက်ပမာ ချစ်လှစွာသော သား မယားတို့နှင့် အဆ မဘန် များပြားသော စည်းစိမ် ချမ်းသာတို့ကို 'ခေါက်ခေါက် ယက် ယက်' လက်လွှတ်ပြီး ရဟန်း ပြုကြသည်မှာ သားတော် ဗုဒ္ဓ၏ ဓမ္မရသကို တွေ့သိ ခံစား ကြခြင်းသာ ဖြစ်ပေလိမ့်မည်။

ဤသို့ ဖြစ်ဘိမူကား သားတော် ဗုဒ္ဓကို ရှုမြင်လိုရုံ သက်သက်မျှ သာ မဟုတ်တော့ဘဲ သားတော် ဗုဒ္ဓ၏ တရား ဒေသနာတော်ကိုပါ ကြားနာလိုသော ဆန္ဒက ပြင်းပြ သည်းထန် မခံမရပ်နိုင်အောင် ရှိလာ သည်။ ဤအခါ မည်သူ့ကို လွှတ်ရပါမည်နည်း။ သူတစ်ပါးကို စိတ်မချ၍ ဒိဋ္ဌ မြင်ခွင့် ကြားနာခွင့်ရအောင် မိမိကိုယ်တိုင် မဂဓတိုင်း၊ ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော် အရောက် သွားရမည်ကလည်း တိုင်းရေး ပြည်ရေး ကိုယ်ရေး ကိုယ်တာ အဖြာဖြာတို့ကို ငဲ့ကွက် ရသဖြင့် ထွက်ခွာ နိုင်ခွင့် မရှိပေ။

ထို့ကြောင့် သွေးရင်း သားရင်းပမာ မင်းရေးစိုးခွင်မှာလည်း လိမ္မာ၍ သားနှင့် ဖွားဖက်တော် ဖြစ်သော ကာဠုဒါယီ အမတ်ကိုစဉ်း စား မိလေသည်။ သူ၏ ဖခင်ဖြစ်သော မဟာကာဠုအမတ်ကြီးကို မိမိ လက်ထက်ကတည်းက သူကောင်းပြုလာခဲ့သည်။ သားတော် သိဒ္ဓတ္ထ မင်းသား ရွှေနန်း ဥကင် ဖွင့်သောအခါ သား ကာဠုဒါယီကိုပါ သားတော် ဘုရင်က အမတ်ခန့်ထား သူကောင်းပြုခဲ့သည်။ ငယ်စဉ်က ကစားဖော် ကစားဖက် ဖြစ်သကဲ့သို့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သော အခါ၌လည်း တိုင်းရေး ပြည်ရေးကို ဆွေးနွေးတိုင်ပင်ရသူ ဖြစ်သည်။ ထို့ကြောင့် ကာဠုဒါယီအမတ်မှာ မိမိနှင့်လည်း ရင်းနှီးသကဲ့သို့သား တော်နှင့်လည်း ပွန်းတီးခဲ့သူ ဖြစ်လေရာ ကာဠုဒါယီ အမတ်အား အလျင်အမြန် အခစား ဝင်စေသည်။

''ချစ်သား ကာဠုဒါယီ။ ငါသည် သားတော်ဘုရားကို ဖူးမြင်လိုသည် ဖြစ်၍ နောက်ပါ မင်းချင်း ယောကျ်ားပေါင်း တစ်ထောင်စီ တစ်ထောင်စီတို့နှင့် အမတ် ကိုးဦးတို့ကို သားတော် ဘုရားအား လျှောက်ထား ပင့်ဆောင်ခဲ့ရန် စေလွှတ် လိုက်ပါသော်လည်း တစ်ဦး တစ်ယောက်မျှ သတင်းစကား ပြန်ကြားသူ ဟူ၍ မရှိခဲ့။

ချစ်သား ကာဠုဒါယီ။ သင်သည်လည်း ယောကျ်ား အခြွေအရံ တစ်ထောင်နှင့် တကွ ရာဇဂြိုဟ်ပြည်သို့ သွား၍ ငါ့စကားဖြင့် သားတော်ဘုရားကို ပင့်လျှောက်ပါချေဦး။ အရှင့် ခမည်းတော်သည် အိုမင်းသော အရွယ်သို့ ရောက်ချေပြီ၊ သားတော်ဘုရားကို မတွေ့မမြင်ရသည်လည်း ကာလ ရှည်လေပြီ၊ ''မသေခင်ကို ဖူးမြင်လိုပါသည်။မဖျား မနာ ကျန်းမာစဉ် မွေးသည့် ဖခင် ဖူးမြင်ရအောင် ကြွတော်မူပါ''ဟု လျှောက်၍ ငါ့သား ဘုရားကို ပင့်ဆောင်ပေးပါ။

ချစ်သား ကာဠုဒါယီ။ သင့်အား ငါ့သားတော်၏ ဖွားဖက်တော် ဖြစ်သည်နှင့်အညီ ငါ၏ သားတော်နှင့် တပြေးတည်း ထား၍ မြှောက်စား ချစ်ခင်ခဲ့ပါသည်။ သင်နှင့် ကစားဖော် ကစားဖက် ဖြစ်သော သင်၏ အရှင်သခင်ဖြစ်သော ကျေးဇူးရှင်၏ ဖခင်ကို ကြင်နာထောက်ထားသော အားဖြင့် သားဘုရား၏ မျက်နှာတော်ကို ဖူးမြော်နိုင်ရအောင် ဆောင်ရွက်ပေးပါလေ။ သင့်ကိုသာ ငါ အားကိုးပါ၏'' ဟု ဆို၍နှင့် ကြေကွဲ ဝမ်းနည်းသော အသံနှင့် တောင်းပန်ရှာလေသည်။

ကာဠုဒါယီ အမတ်သည် မူလကပင် စဉ်းစား၍ပြီးသူ၊ ဆုံးဖြတ်ထားသူ ဖြစ်ဟန် တူလေသည်။ ထို့ကြောင့် မဆိုင်းမတွ တစ်ခဏချင်း လျှောက်တင်လိုက်လေသည်။

''ကျွန်ုပ်၏ ဖခင် အရင်းဟု ဆိုထိုက်သော မဟာရာဇာ။ကျွန်ုပ်နှင့် မြေမှုန့်ကစားဖက် ဖြစ်သော ဘုရားလောင်း မင်းသားကို ငယ်စဉ် ကလည်း မြတ်နိုးခဲ့ရပါသည်။ အရွယ် ရောက်လာကြသော အခါလည်း လေးစားခဲ့ပါသည်။ သမုတိနတ် ဘုရင် ကေရာဇ် ဖြစ်လာပြန်သော အခါ၌လည်း သစ္စာတော်ခံ အိမ်တော်ပါကျွန်ရင်း အတွင်းလူဖြစ်ခဲ့ပါသည်။ ထို့ကြောင့် အသင်မင်းကြီး၏ အမိန့်ဖြင့် ဘုရားရှင်ထံမှောက် ရောက်သွားရသော ကျွန်ုပ်သည် အရှင့် သားတော် ဗုဒ္ဓ၏ အခြွေအရံ သာဝက ကေန် ဖြစ်ပါလိမ့်မည်။ ဖခင်မင်းကြီးက ကျွန်ုပ်အား ရဟန်းပြုခွင့် ပေးပါလျှင် မကြာမတင် သွားရောက် ပင့်လျှောက်ရန် အဆင်သင့် ရှိပါသည် ဘုရား''ဟု ရဲဝံ့စွာ လျှောက်ထားလေသည်။

သုဒ္ဓေါဒန မင်းကြီးသည် ကာဠုဒါယီ အမတ်အား ရဟန်းပြု ခွင့် ပေးတော်မူလိုက်သည်။ သားတော် ဗုဒ္ဓကို ဖူးမြင်နိုင်ရေးသာ အဓိက မဟုတ်ပါလား။

ဤသို့ဖြင့် ကာဠုဒါယီအမတ်သည် မင်းချင်းယောက်ျား တစ်ထောင်နှင့် ရာဇဂြိုဟ်ပြည်သို့ ခရီးလမ်းပန်း သာယာ ဖြောင့်ဖြူးစွာ ရောက်ခဲ့သည်။ အချိန်ကာလကား ဆောင်းဥတု လွန်မြောက်၍ နွေဥတု အပြောင်း တပေါင်းလ၏ ဆန်းစ အခါ ဖြစ်လေသည်။

မြတ်စွာ ဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ ဘိက္ခုပေါင်း တစ်သောင်းကိုးထောင်နှင့် တကွ ရာဇဂြိုဟ် ပြည်သူပြည်သားတို့ကို တရားဟောတော် မူနေသည်။ ကာဠုဒါယီ အမတ်နှင့်တကွသော မင်းချင်း တစ်ထောင်သည်လည်း၊ အဝေးဆုံးသော နေရာအရပ်မှ မဂ္ဂကထာ ဒေသနာတော်ကို ကြားနာရပြီးလျှင် ယခင့်ယခင်က ရောက်နှင့်သော အမတ်ကိုးယောက်နှင့် ကိုးထောင်တို့ ကဲ့သို့ အရဟတ္တဖိုလ်ပေါက် ဧဟိ ဘိက္ခုအဖြစ်သို့ ရောက်ကြရလေသည်။ အရှင်ကာဠုဒါယီ မထေရ်သည် ယခုမှ အမတ်ကိုးယောက်တို့၏ သတင်းစကား မပြန်ကြားနိုင်သော အဖြစ်ကို ကိုယ်တွေ့ ခံစားတော် မူလိုက်ရသည်။

ယနေ့မှ ဖြစ်သော ရဟန်း တစ်ပါးသည် မိမိထက် အသက် သိက္ခာ ကြီးရင့်တော် မူ ကြ ကုန် သော ရဟန္တာ မထေရ်ကြီးများ အထောင်အသောင်းကို ထိုးဖောက်၍ ဗုဒ္ဓ ခြေတော်ရင်း အရောက် သွားဝံ့ လျှောက်ဝံ့ ရမည့် ကိစ္စကား အလွန် တရာ ဝန်လေးလှပါ ဘိသည်။ ရွှေနန်းတော်ကြီးတွင် မူးစုံမတ်စုံ သားတော် သမီးတော် အခြွေအရံ ပိုလ်ပါအစုံနှင့် ညီလာခံဖွင့်နေသော ရေမြေ့သေဌ်နင်း ပြည့်ရှင်မင်းတို့၏ အနီးအပါးသို့ မင်းချင်းငယ် တစ်ဦးက တိုးဝင် ခစားရမည်မှာ အလွန် ဝန်လေးစရာ မဟုတ်ပါလော။ ဒါကို အရှင် ကာဠုဒါယီ မထေရ်သည် ကောင်းစွာ သိခဲ့သူ ဖြစ်သည်။

သောက သမုတိနတ် ဥပ ပတ္တိ နတ်တို့ထက် အလွန်တရာမြင့်မြတ်တော် မူလှသော ဝိသုဒ္ဓိနတ် ဘုရားမြတ်သည် လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်းအထူးကို ခံတော်မူထိုက်သည်။

နောက်တစ်ကြောင်းကလည်း ရှိသေးသည်။ အကြင်ဘိက္ခုသည် ရဟန္တာ ဖြစ်ပြီးသောအခါမှစ၍ အရိယာတို့၏ သဘောအတိုင်း အလုံးစုံသော ကိစ္စ၌ လျစ်လျူရှုသည်သာ ဖြစ်ကြသည်။ ပလိဗောဓ ၁၀ပါးမှ ကင်းတော်မူကြသည်၊ ထို့ကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏

ပင့်လျှောက်သည့် စကားကို မြတ်စွာ ဘုရားထံ မလျှောက်ကြခြင်း ဖြစ်ပေးသိမ့်မယ်။

ယနေ့ကား တပေါင်းလပြည့်နေ့ ဖြစ်သည်။

တောင်သူလယ်သမားတို့သည် ကောက်ပဲသီးနှံတို့ကို လယ်ယာမှ ထုတ်နှုတ် သိမ်းဆည်းပြီးကြပြီဖြစ်၍ ခရီးသွားများ လွယ်ကူစွာ သွားနိုင်ကြရန် ခရီးဦးတည့်ရာ အရပ်တို့မှ ခရီးလမ်းကို ဖွင့်၍ ပေးကြလေပြီ။ မဟာပထဝီ ဤမြေကြီးသည်လည်း စိုပြည်စိမ်းလန်းသော မြက်တို့ဖြင့် ဖုံးလွှမ်းသျက်ရှိသည့်ပြင် ပတ်ဝန်းကျင် တောအုပ် အပေါင်းတို့လည်း ရွက်ဟောင်းကို စွန့်ပစ်၍ အရွက်သစ် ယဲလှယ်ကာ တင့်တယ်စွာ သီးကြ ပွင့်ကြလေပြီ။

မပူလွန်း မအေးလွန်း။ လမ်းတိုင်း လမ်းတိုင်း သွား၍ ကောင်းသောအချိန် ဖြစ်ခဲ့ပြီ။ ဗုဒ္ဓသည် ဆွေတော် မျိုးတော်များအား ချီးမြှောက်ကြွရောက်ရန် အချိန်တန်ခဲ့လေပြီဟု ကြံစည် ဆင်ခြင်တော်မူသည်။

ကာဠုဒါယီ မထေရ်ကား သုဒ္ဓေါဒနမင်းကြီးထံ အာမဝန္တာ ခံလာခဲ့သူလည်း ဖြစ်သည်။ ဗုဒ္ဓမြတ်စွာနှင့်လည်း ဖွားဘက်တော် အနေနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့သူလည်း ဖြစ်သည်။ ဟိုဘက်ဘု ခေါ်ကော်မူစဉ် ကလည်း မျက်နှာတော် တန်းမိ မှတ်မိနိုင်စရာ ရှိသည်။ ထိုအကြောင်း သုံးပါးကို အားကိုး၍ မြတ်စွာဘုရား၏ အပါးတော်သို့ ဝင်လျှိုးချဉ်းကပ်ကာ....

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အမှာစကားကို တိုက်ရိုက်လျှောက်ထားခြင်း မပြုမူ၍ မိန်ရာသီ တပေါင်းလ၏ ရာသီဥတု သာယာပုံ၊ သစ်ပင် ပန်းမာလ်များ သီးပွင့်ကြပုံ၊ တောတိရစ္ဆာန်များ မြူးတူးပျော်ပါး နေကြပုံ စသည်စသည်တို့ကို တန်ဆာဆင်ကာ အလင်္ကာ ဖွဲ့နွဲ့၍ ဤဆောင်းပါးအစဦးတွင်ဖော်ပြသည့် ဂါထာအပါအဝင်ဂါထာပေါင်း (၆၄)ဂါထာတို့ဖြင့် ကြည်နူးနှစ်သိမ့်ဖွယ်ဖြစ်အောင် ရှည်ရှည်လျားလျား လျှောက်ထား တောင်းပန်လေသည်။


မြတ်စွာဘုရားသည် ကာဠုဒါယီ မထေရ်၏ လျှောက်ခြင်းကို သည်းခံတော်မူ၍ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အမှာစကား အပင့်အလျှောက်ကို လက်ခံတော် မူလိုက်သည်။သို့နှင့် တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရာဇဂြိုဟ်ပြည်သား ရဟန္တာပေါင်းတစ်သောင်း၊ ကပိလဝတ်ပြည်သား ရဟန္တာပေါင်း တစ်သောင်းနှင့် ယူဇနာ ခြောက်ဆယ် ဝေးကွာသော ခရီးကို ဒေသစာရီ ကြွတော်မူသည်။

တောလမ်းခရီးကို ဖြတ်သန်း၍ တစ်နေ့လျှင် တစ်ယူဇနာမျှသာ ခရီးပေါက်စေလျက် ကြွချီတော်မူခြင်း ဖြစ်၏။ အကြောင်းမှာ ကာဠုဒါယီ မထေရ် လျှောက်ထားသော လမ်းပန်းသာယာပုံ အလျှောက် အဆိုကို ဂုဏ်ပြုလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဖွားဘက်တော် ကာဠုဒါယီ မထေရ်ကြီးနှင့် သူ၏ လျှောက်ထားသော ဂါထာခြောက်ဆယ်တို့မှာ မဟာဗုဒ္ဓဝင်တွင် အထူးထင်ရှားသော ဝိသေသ ဂုဏ်ထူး ပြည့်စုံလေသည်။

ထို့ထက် ကြီးမားသော ဂုဏ်ထူးကြီး တစ်ရပ်ကား....

''ငါ၏ ဆွေတော် မျိုးတော်တို့၏ အကျိုးစီးပွားကို လိုလားသူတို့အနက် ကာဠုဒါယီ မထေရ်သည် အသာဆုံး အမြတ်ဆုံး ဘိက္ခု ဖြစ်ပေသည်''ဟု ဗုဒ္ဓကိုယ်တော်က ဧတဒဂ် ချီးမြှင့်ခတော် မူလိုက်ခြင်း ဖြစ်သည်။



# ဧယားကမာန်၍ အနာဂါမ်ဖြစ်ခြင်း

"အမဲသားထမ်း၊ တက္ကတွန်း၊ ရဟန်းလူထွက်သား။
မုဆိုးနောက်လိုက်၊ ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား။
မိခင်ချော့သိပ်၊ အငိုတိတ်၊ မောင် အိပ်ပါတော့လား....။
အေ....အေး....အေး....အို...."

မုဆိုးသမီး စာပါက တအီအီ တအာအာ ငိုနေသော ရင်ခွင်တွင်းမှ ကလေးကို တေးဆို၍ ချော့နေသည်မှာ မိမိကို ရမယ်ရှာပြီး စကားနာ ထိုးနေကြောင်း အိမ်ဦးခန်းမှ တက္ကတွန်း လူထွက် ဆရာကြီး ဥပက သိလိုက်ပါသည်။ သိတော့ကော နာလိုခံခက်အမျက်ထွက်၍ ရှက်မိသည်မှ လွဲ၍ ဘာများ တဘ်နိုင်ဦးမှာလဲ။

သူပြောလဲ ပြောစရာ။

အိုကြီးအိုမှ ကိလေသာ အကြောထပြီး လောကထဲ ပြန်ဝင်မိခဲ့လေခြင်း။

တဏှာကို အလိုလိုက်၍ ကြိုက်မိလေခြင်း။

အားကိုးရာရှာလို့ တွေ့လျက်နှင့် ခွဲထွက်ခဲ့မိလေခြင်း။

ဆရာကြီး ဥပက နောင်တကြီးစွာ ဖြစ်နေရှာလေသည်။

ဥပနိဿယ မရှိ။ 'မိမိကိုယ်မိမိ ဆရာထားပြီး ဘာဝနာတရားဖြင့် တက္ကတွန်းလုပ်ကာ အရုပ်လေးမျက်နှာကို လှည့်ခဲ့သည်။ ဈာန် အဘိ- ညာဉ်အရာ ကိုယ့်ထက်သာသော ပုဂ္ဂိုလ်ကို တွေ့လျှင်လည်း နည်းယူလို့ ဆရာတင် ထာဝစဉ် ချဉ်းကပ်မယ်ပေါ့။

အသက်က ခြောက်ဆယ်၊ အနယ်နယ် ရောက်ခဲ့ပြီးသော ကာလ၊ ဗာရာဏသီ သွားရာလမ်းမှာ (ရဟန်းထူး) တစ်ပါးကို တွေ့ခဲ့သည်။ မိမိကဲ့သို့ အရည်ဝါသီ ဖြစ်ဟန် ရှိသော်လည်း အသား အရေက ပွတ် သစ်စ ရွှေစင်ကဲ့သို့ ကြည်လင် တင့်တယ်လှပါဘိ။ သွားပုံ လာဟန် လှုပ် ရှားသည့် သဏ္ဌာန်ကလည်း ဆင် ဆဒ္ဒန် လှမ်းသလို မမြန်မနှေး အေး ဆေး ငြိမ်သက်လိုက်ပါဘိ။ တိကျပြတ်သားသော မျက်နှာနေ မျက်နှာ ထားက မာနတရား ကင်းကွာသလောက် ပညာဉာဏ် ရင့်သန်နေပုံ ပေါက်သည်။ သတ္တဝါအများကို မေတ္တာထားပုံမှာ ပါးလွှာ စေ့စပ် သော နှုတ်ခမ်း နီတွေးတွေးတွင် ခပ်ရေးရေး ပြုံးယောင်သန်းနေသည်။ မိမိထက်ငယ်၍ သုံးဆယ်ခန့် မှန်းရသော်လည်း ရှိသေချင်လောက်အောင် ခန့်ညားသည်။ ခင်မင်ချင်လောက်အောင် ရည်မွန်သည်။ အားကိုးချင် လောက်အောင် တည်ကြည်သည်။

တက္ကတွန်းကြီး ဥပကက ခင်မင် နှစ်သက်လိုလှသဖြင့် နှုတ်ခွန်း စ၍ ဆက်လိုက်သည်။

"အို.... ကျက်သရေရှိလှစွာသော ရဟန်း၊ သင်၏ ဘွဲ့မည်ကား မည်သူနည်း"

"ငါ၏ ဘွဲ့ကား အနန္တဇိန ဖြစ်သည်"

"မည်သည့်အရာကို ရည်မှန်း၍ ရဟန်း ပြုခဲ့ပါသလဲ"

"လောက သုံးပါးမှာ ဆရာမရှိ၊ မိမိ၏ သယမ္ဘူဉာဏ်ဖြင့် တရား အပေါင်းကို သိခဲ့ပြီ"

"အိမ်း... ဟုတ်ပါလိမ့်မည်။ ယခု ဘယ်ဆီသို့ ကြွမည်လဲ"

"ဗာရာဏသီ၊ မိဂဒါဝုန်တောသို့ ဓမ္မစကြာတရားဟောရန် ကြွ မည်"

"သာဓု .. သာဓု... သာဓု။ ကျွန်ုပ်၏ အမည်ကား ဥပက ဖြစ်ပါ သည်။ အမှတ်ပြုပါလော့"

"ကောင်းပြီ ဥပက"

ဥပက တက္ကတွန်းက လမ်းခွဲ၍ ထွက်ခဲ့သည်။ မျက်ဝံထဲမှာ အမြဲ မြင်နေတာက အနန္တဇိန၏ (ကာယ)။ လေပြင်းတိုက်ခတ်ခြင်းမရှိသော အရပ်၌ ထွန်းညှိအပ်သော ဆီမီးတောက်သည် တည်တည်ငြိမ်ငြိမ် ကာယ

ရရ တောက်ပသော အလင်းရောင် ပျံ့နှံ့၍ လေထန်သော အချပ်၌ စိုက်ထောင် ထွန်းညှိအပ်သော ဆီမီးမှာ ဘယ်ညာယိမ်းသွဲ့ လှုပ်လှဲ့ လှုပ်လီ မတည်မငြိမ် ကလန္ဒြေမရ ဖြစ်တတ်လှလေသည်။ ဆရာကြီး ဥပကာသည် လောဘ၊ ဒေါသ၊ သောက၊ ဗျာပါဒ တည်းဟူသော လေပြင်းမရှိသည့် (အနန္တဇိန)၏ ကလန္ဒြေကို အားကျလိုက်သည်။ အဇ္ဈတ္တ ဓမ္မရသကို မရလိုက်စေကာမူ ဗဟိဒ္ဓ ကာယိန္ဒြေကိုတော့ အတု ယူလိုက်နိုင်သည်။ သွက်လက်လှုပ်ရှား စိတ်ကစားသည့် အမူအရာမှာ ငြိမ်သက်အေးဆေး ခပ်ဖြည်းဖြည်း အမူအရာရအောင် ထိန်းချုပ် စမ်းသပ်ကြည့်သည်။

တစ်စစဖြင့် ရက်ပေါင်း များစွာ ကြာမြင့်လာ သော အခါ (ကလန္ဒြေ)ရလာသည်။ ယခင်က ဥပကသည် တက္ကဘွန်း ဥပက။ ယခု ဥပကကား အာသဝေါတရား ကုန်ခန်းသည့် (ရဟန္တာ) အသွင်အပြင် ဥပက ဖြစ်လေသည်။

ဝင်္ကဟာရ ဇနပုဒ်သို့ ရောက်လာသောအခါ စာပါ၏ဖခင် မုဆိုးကြီးနှင့် မတွေ့သည်။ မုဆိုးကြီးက မြင်လျှင်မြင်ချင်း (ရဟန္တာ) ပုဂ္ဂိုလ်ဟု တမ်းတမ်းစွဲ ကြည်ညိုတော့သည်။ မုဆိုးကြီးသည် တက္ကတွန်းများ၊ ပရဗိုဇ်များ၊ ရသေ့များကို တွေ့ကြုံခဲ့ဖူးပါသည်။ ယခု ဥပက တက္ကဘွန်းလောက် ငြိမ်သက်သော (ကလန္ဒြေ)နှင့် ယောဂီဘို့၏ ကျက်သရေမျိုးကို မတွေ့မမြင်ခဲ့ဖူးချေ။

ဇမ္ဗူရာဇ်ရွှေစင်ကို မမြင်ဖူးသူသည် ကြေးနီ ကြေးဝါ ကြေးခပ်ပြာကို ရွှေထင်၍ ခုံမင်မြဘ်နိုးသကဲ့သို့ မဏိဇောတပတ္တမြားကို မမြင်ဖူးသူသည် ဖန်စိမ်း ဖန်နီကို ရင်သပ်ရှုမော အံ့သြလိုချင်သကဲ့သို့ ယခုလည်း မုဆိုးကြီးက သူ့(ရဟန္တာ)ကို ရိုရိုသေသေ တောင်းတောင်းပန်ပန် လျှောက်၍ ရွာအရောက် ပင့်ခဲ့သည်။ ကျောင်းကလေး တစ်ဆောင် ဆောက်၍ ကိုးကွယ်သည်။ မုဆိုးကြီးကိုယ်တိုင် နိစ္စဘတ်ဆွမ်း ပို့သည်။

တစ်နေ့သောအခါ ညနေဆည်းဆာကတည်းက အမဲကြီး လိုက်ရန် တောသို့ ဝင်ရမည်ဖြစ်ရာ သူ့(ရဟန္တာ)ကို ဆွမ်းကပ်သွားဖို့ သမီးကလေး စာပါအား အထပ်ထပ် မှာကြားခဲ့ရှာသည်။ သမီးကလေးက ဆယ့်ခြောက်နှစ်၊ တောမှာမွေး၍ တောမှာကြီး၊ ထီးနန်းမဆန် မြို့ဟန် မပေါက်သော်လည်း မျှစ်စို့ပေါက်ကြီးလို တော၏ သမီးပျို ဖြစ်သည်။ လုံးကျစ် တောင့်တင်း၍ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ဖြင့် တင့်တယ်လှပ အပျိုရည် အပျိုသွေးကြွစ ဝင်္ကဟာရ ဇနပုဒ်၏လှတန်ဆောင်ကလေးဖြစ်သည်။အလုပ်နှင့် လက် အဆက်မပြတ် တရစပ် လှုပ်ရှားနေခဲ့ရသူ ပီပီ ဖွံ့ဖွံ့ဖြိုးဖြိုး ရှိသည်။

စာပါက ဖခင် မှာခဲ့သည့်အတိုင်း ကျောင်းသို့ လာ၍ (ရဟန္တာ) ကို ရိုရိုသေသေ ဆွမ်းကပ်သည်။ စာပါက ရိုသေပေမယ့် ဖအေအရွယ် (ရဟန္တာ)က ဣန္ဒြေ အကုန်ပျောက်၍ ဆားလေ့ ခေ့ာက်သလို အဖတ် ဆယ်မရအောင် ဖြစ်ရသည်။ စက္ခုနှင့် ရူပါရုံ၊ သားပုံနှင့် ချဉ်သီး၊ မီး တောက်နှင့် ပျားဖယောင်း၊ ဥဒေါင်းမင်းကို အားကျ၍ ကျီးငှက်က ဒေါင်းမွေး ဒေါင်းတောင် အယောင်အဆောင်ကို ဆင်မြန်း တုပနေ ခြင်းသာ ဖြစ်လေရာ ကိလေသာ တဏှာ ငုတ်က ဇာတိ ရုပ်ပြလေတော့ သတည်း။

''မဆာဝါ''* ယဉ်ကသိုဏ်းငယ်ကြောင့်၊ မဆိုင်းတဲ့ မနေနိုင်။ လေအဟုန် ဆော်ဖန်မီးလိုပ၊ ကိုယ်တည်းနော်၊ အို…မချိလေဘု၊ ဒေးမိ လက်မှိုင်။ ရဝေစိုင်ဂနိုင်သို့အလား၊ဝိဟာဘုံ၊ ခေါင်းမြီးနော် သူခြုံလို့၊ ပဒုအုံ ပုံဘဝိုက်ပေပ၊ (ဆာဝါလေ ဆာဝါစိတ်ကာယ်နှင့်) လျောင်းအိပ် ၍ယား''

တက္ကတွန်းကြီး ဥပကမှာ စာပါမှ စာပါ။ သူ့ကိုသာ မပေါင်းရ လျှင် အကြောင်းမလှသည့် အခြေမျိုးနှင့် အသေဆိုး သေရတော့မည် ဖြစ်နေသည်။ နေ့နေ့ညည ထထ ထိုင်ထိုင် မနိုင်တဲ့ ဆင်ရိုင်း (ချွန်းခိုင်း)၍ မရ။ ပဋိသန္ဓေ ယောနိသော စာပါကလေး၏ ကိုယ်သုံးချော မနော မှာ ထင်ဟပ်၍ ရင်တလှပ်လှပ် ဖြစ်နေတော့သည်၊

ကျောင်းဒကာ လုဒ္ဒက အမဲလိုက်ရာမှ ပြန်အလာ (ရဟန္တာ)ကို ဖူးရအောင် ကျောင်းဦးကို ဝင်ခဲ့သည်။ ရာဂမ္မတ္တက ချစ်ရောဂါထနေ သော ဥပကကို မရှုမလှ တွေ့ရ၍ ဝေဒနာကို အေးအောင် အဖြေရှာဖို့ မေးရသည်။

''ဒကာကြီးရဲ့ သမီး စာပါကြောင့် ကာမရောဂါ ကိုယ်တွင်း နာမှာ ကုသနတ္ထိ ဆေးမရှိဘော့ပါဘူး''ဟု ညည်းညည်း ညူညူ ပြော သည်။

ထို စကားကို ကြားရ၍ မုဆိုးကြီးက''ဟင့်အင်း ဘုရားမှတ်လို့ ကိုးကွယ်ပါ ဖွတ်ထွက်မှ တောင်ပို့မှန်း သိတယ်''ဟု မအံ့သြ။ 'အမဲရိုး နှယ် ဟင်းအိုးမှ အားမနာလေ'ဟုသည်း ဒေါသ မဖြစ်။မုဆိုးကြီး သူ့ ခမျာက ကရုဏာ သက်ရှာသည်။ အကြည်ညို မပျက်သည့်အပြင် ဝမ်း သာ အားတက်ရပါသေးသည်။

---

* ဆာဝါဟူသည်၊ သုတ္တနိပါတ်–ဌတွင်ရှိကြေ င်း မဟာ ဗုဒ္ဓ ဝင်တွင်ပြသည်၊

ထိုစဉ်ကာလက မဇ္ဈိမ ဒေသမှာ အယူဝါဒ တစ်ခုရှိသည်။ မိမိတို့၏ သမီးအားတရားကျင့်ကြံ ဆောက်တည်နေသော ယောဂီ သူတော်ကောင်းများနှင့် လက်ဆက် ပေးစားနိုင်ပါက (ထို သူတော်ကောင်းများ)၏ ကျင့်ကြံ ဆောက်တည်လာခဲ့သမျှ ကုသိုလ်အဖို့ ဘာဂကို အမျှခံယူရရှိနိုင်သည်။ သားသမီး အညွန့် အညှောက်များသည်ပင်လျှင် သူတော်ကောင်းမျိုးဆက် ဖြစ်ရသောဟူ၏။ ထို (ဝါဒ)စွဲဖြင့် အချို့သော မဟာရာဇာတို့သည် သူတို့၏ ချစ်မငြီးသော သမီးတော်နှင့် လက်ဆက်၍ သမက် ပြုနိုင်ရန် ဟိမဝန္တာသို့ ယောဂီအရှာ ထွက်တတ်ကြသည်။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်ကိုပင် သမီးကို (ဇန်းပြု၍) သမက်ဖမ်းရ အောင် ကြိုးစားကြသော မာဂဏ္ဍိယ ပညာတတ် ပုဏ္ဏား လင်မယား ရှိကြသေးသည်။

ထို(ဝါဒ)အတိုင်း မုဆိုးကြီးသည် သမီးကလေး နုနုထွတ်ထွတ်ကို ဇွတ် နားချ၍ ကောင်းမှုကုသိုလ်တို့ကို မျက်မှောက် ပြုရပါစေခြင်း အကျိုးငှာ သဒ္ဓါရက်ရော လှူသိုက်သောဟူ၏။

မည်သို့ပင် မိဘသြဇာနာခံသော သမီးလိမ္မာကလေးဟု ဆိုစေ၊ မိန်းကလေးတို့၏ ဓမ္မတာ၊ ကုသိုလ် (အမျှ) ထက်၊ သက်တူရွယ်မျှသာ တောင့်တ တပ်မက်မိပေလိမ့်မည်။

သက်တူ ရွယ်တူ၊ သွေးတူ မွေးတူ၊ စိတ်တူကိုယ်တူ ဖြစ်ပါမူကား ကာမဘောဂီ လောကီဘုံသားတို့ ဓမ္မတာ 'လင်နှင့်မယား၊ သားနှင့် သမီး။ ချစ်မငြီးဟု၊ ချစ်ကြီးချစ်မူ၊ ချစ်ထုံးပြု၍၊ ချစ်စုချင်းပုံ၊ နှုတ်ဝယ် စုံမျှ၊ စုံစုံမက်မက်၊ ပိုက်ဖက်တွဲမှီ၊ တစ်အီအီလျှင်၊ ပွေ့ချီရှုပ်နမ်း တငမ်း ငမ်း' နေကြရဦးမည်။ ယခုတော့ ခေါင်းဖြူစွယ်ကျိုး အဘိုးအို ဒုဗ္ဗလ ရွတ်တွ သင်းကျားအိုသားတစ်ယောက် ရသည်အထိ အောင့်အည်း သည်းခံ နေရခြင်းမှာ စိတ်အချဉ်ပေါက်စရာ ဖြစ်နေရသည်။

တစ်ခါက ဖအေကြီး၏စကားအရ ရဟန္တာလို ကြည်ညိုလေးစား ခဲ့သော်လည်း သီလကြောင့် အို့ပုန်းကို မထိမဲ့မြင် လုပ်ချင်လာသည်မှာ 'စကြာမင်းစစ်၊ ဖြစ်လင့်ကတဲ၊ ဝမ်းထဲတစ်ဝီ၊ တပ်မှန်းသိက၊ မိမိခြေ အောက်၊ ကျွန်သပေါက်မျှ၊ သို့လောက်ထင်ငြား၊ မလောက်လား' ဟူ သည့် စာဆိုအတိုင်းဖြစ်လေသည်။ ဥပက၏ သိက္ခာက အလွှာလွှာ ကွာ ကျ ကုန်ခဲ့ရလေပြီ မဟုတ်လား။

ထို့အပြင်....

''လင်မွဲလင်နာ၊ လင်သူ့ရာကြိုက်၊ လင်မိုက်လင်ဖျင်း၊ လင်ပျင်း လင်အို၊ အလိုမဖြည့်၊ မပြည့်ဆန္ဒ၊ ရှိတုံကမူ၊ မိန်းမငယ်သည်၊ ဤရှစ်လီ

ကြောင့်၊ မကြည်မသာ၊အနာတရ၊ပြုတတ်ကြလေ၏’ ဟု ပညာရှိများ၏ အဆိုအမိန့်အတိုင်း ဇနီးကညာ မစာပါ အဖို့ကဖြင့် လင်ဥပကမှာ လင်မွဲ လည်း ဖြစ်သည်။ လင်နာဆိုလျှင်လည်း ဟုတ်သည်၊ လင်အို ဆိုတာက မျက်မြင်။လင်မိုက်လင်ဖျင်းကြီးဆိုလျှင်လည်းမလွဲ လောကီအာရုံ ကာမ ဂုဏ် ချမ်းသာကို ဖြစ်ဖြစ်မြောက်မြောက် ပေးနိုင်စွမ်းမရှိသည့်အတွက် ရက်စက်စွာ အနာတရပြုချင်နေသည်။ အနာတရ ဆိုရသည်မှာလည်း ကိုယ်ထိလက်ရောက်ပြုသည်ထက် နာသာခံခက် စကားနာဖြင့် နှက်ရ သည်က မိန်းမတို့၏ လက်နက်ကောင်း မဟုတ်လား။

“မြကြိုးလိမ် စိန်ပုခက်ကယ်နှင့်၊
စက်ပါတော့ သားရွှေစင်။
ပျော်ကြောင်းငယ် မာယာနဲ့၊
ဖွဲ့ဆိုကာ အမေလွှဲပါ့မယ်၊
ရွှေခဲ အငိုတိတ် မင်းအိပ်စေချင်။
မောင့်ဖခင် လူတွင်နောက်ဆုံး၊
နောက်နောင်ခါ လွတ်အောင် ရှားပါတော့၊
မွေးမယ်တော် ခုမှာထားလိုက်မယ်၊
သားလှ ရွှေတုံး”

သည်တစ်ခါတော့ ဆရာကြီး ဥပက အိမ်ဦးခန်းမှ ရှက်ရမ်းရမ်း လိုက်သည်။

“ဟေ့....မိန်းကလေး၊ မင်းသားချော့ သီချင်းက ဆဲရေးခြင်း နှစ်ဆယ်ငါးပါးက မလွတ်ဘူးကွ၊ နေ့တိုင်း ကြားနေရတော့ ခံပြင်း လာပြီ”

မစာပါက နှုတ်သီးကောင်း လျှာပါးနှင့် ခွန်းတုံ့တင် စကား ပြန်လိုက်သည်။

“ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်တာလား ဆရာကြီးရဲ့၊ ရှင့်လောက် ခေါးမနောက် ပိတ်ခွေးကျတဲ့ လူ ဘယ်ရှိတော့လို့တုံး။ တက္ကတွန်း လုပ်လို့ တရားဝင်ပြီးမှ မယားလိုချင်တာနဲ့ လူထွက်ခဲ့တာ ရှက်မှ မချက်ကတတ်ရေ့သလား”

“ဟဲ့....ဒါက ကိလေသာပဲ။ အာသဝေါ မကုန်သေးလို့ပေါ့”

“အာသဝေါကလဲ ဝေါ....ဝေါနိုင်လွန်း။ ကိလေသာကလဲ ကိ.... ကိနိုင်လွန်းတော်၊ လူကဖြင့် သေ သေတော့မယ်”

“ဩော....ကာ မစ္ဆန္ဒဆိုတာ အိုတယ် ပျိုတယ် မရွေးဘူးနော်”

"မှရွေးလို့ ကျုပ်ဒုက္ခရောက်တာပေါ့။ မယားယူပြီး ဘာများဘာများ လုပ်ကိုင်ကျွေးမွေးနိုင်လို့လဲ။ လူချင်းတူတူ သူချင်းမျှမျှ ရှင်ထားနိုင်လို့လား"

"မင့်အဖေ ရလာတဲ့ အမဲသားကို ရွာထဲလှည့်လည် ရောင်းပေးတယ်လေကွာ၊ ဒါဟာ ဒိုးဘူ ပေါင်ဖက် လက်ရည်တစ်ပြင်တည်း လုပ်ကျွေးတာပဲ မဟုတ်လား"

ထိုအခိုက် စာပါ၏ ရင်ခွင်တွင်းက ကလေးက ငိုပြန်ပါလေသည်။ စာပါက ဆောင့်အောင့်၍ ရိုက်မောင်း ပုတ်မောင်း လုပ်လိုက်သည်။ ဆရာကြီး ဥပကမှာ နားမခံ့သာသဖြင့် အိမ်ပေါ်မှ ဆင်းလာခဲ့ရာ စာပါက ကလေးကို ရည်ရွယ်ရင်း ဥပကကိုပါ (ပက်) လိုက်ပြန်သည်။

"သွား....သွား၊ သင်္ချိုင်းရောက်အောင် သွားသေချေ။ပြန်မလာခဲ့နဲ့"

"ပြန်မလာဘူးဟေ့။ ငါ့ကို အားကိုးစရာမရှိတဲ့ ရေမျော ကမ်းတင် မှတ်သလား။ မျက်စိလည် လမ်းမှားလို့ နင့်ကိုကြိုက်မိတာ။ မိုက်တာကို နောင်တရပြီဟေ့။ ငါ့ဆရာ(အနန္တဇိန)ဆီ လိုက်ပြီး မိုက်သမျှ သင်ပုန်းချေတော့မယ်" ဟု နောက်ဆုံးစကား ပြောကြား၍ ထွက်ခဲ့လေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဖြစ်သည်။

"ရဟန်းတို့...၊ အနန္တဇိန ဟူ၍ မေးမြန်းသူ လာရောက်ခဲ့သည်ရှိသော် ထိုသူအား ငါဘုရားထံ ဆောင်ခဲ့ကြလော့" ဟု ကြိုတင်မိန့်ကြားထားတော်မူသည် ဖြစ်ရာ တက္ကတွန်း လူထွက်။ မယားက စကားဖြင့် နှိပ်စက်၍ စိတ်ပျက်လာသော ဥပကသည်လည်း သတင်းမေးကာစနည်းနာ၍ ဇေတဝန် ဝိဟာရအထိ ရောက်ခဲ့လေသည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အကျွန်ုပ်အား မှတ်မိပါသေးသလား" ဟု ယခင်တွေ့စ အချိန်ကလို ရဲဝံ့ရင်းနှီးစွာ မေးလျှောက်သည့်အခါ ဗုဒ္ဓမြတ်စွာလည်း သနားသည်းခံတော်မူကာ ကျွမ်းဝင်စွာဖြင့်ပင်။

"ငါကောင်းစွာ မှတ်မိပါ၏။ ဥပက" ဟု ဖြေတော်မူရသည်။

တက္ကတွန်းကြီး ဥပကသည် ပစ္စိမဘဝိက အရိယာ အလောင်းဖြစ်သော ကြောင့် ဉာဏ်နှံ့ သေးသိမ်သူကား မဟုတ်ပါချေ။ ဘုရားဖြစ်စ မိဂဒါဝုန်သို့ အကြွ လမ်းမတ္တမှာ 'တွေ့မြင်လိုက်ရကတည်းက အနန္တဇိနဟူသော ဘွဲ့တော်ကို အဖန်တလဲလဲ စဉ်းစားလာခဲ့သည်။

အနန္တဇိန ဟူသည်ကား သဗ္ဗလုံးစုံ မာန်သူပုန်ကို အကုန်အစင် အောင်မြင်ခဲ့သော ပုဂ္ဂိုလ်တည်း။ ထိုမှ တစ်ပါး ဂဂ်ါဝါဠွဲ၊ သဲစုမြူ ဟန်၊ ပမာတန်ကဲ့သို့၊ အနန္တဂူ၊ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြတ်စွာ၊ စောသတ္ထာတို့၏၊ သွားရာလမ်းကြောင်း၊ စရိုက်ကောင်းမူလ ဖြစ်သော (ဓမ္မစကြာ) တရားဟောတော်မူမည်ဟု ဆိုခြင်းမှာ သမ္မာ သမ္ဗုဒ္ဓ စင်စစ် ဖြစ်တော်မူကြောင်း ဝန်ခံသောစကား ဖြစ်တော်မူသည်။ထို အကြောင်း အရာတို့ကို ရွှေကြာပဒုမ် နေအရုဏ် မသင့်သေး၍ အပွင့်နွေးခဲ့ရသော မိမိ၏ သမ္ဘာရသာ ဖြစ်ကြောင်း နောက်မှ နောင်တကောင်းစွာ ရခဲ့သူ ဖြစ်စရာရှိသည်။ ထို့ကြောင့် မယားဘဏ္ဍာ သားတဖြာရသည် အထိ အမှောင်ကြီး မိပြီးမှ ဃတိရ၍ လိုက်ခဲ့ခြင်း ဖြစ်ရာ ဗုဒ္ဓမြတ်စွာကို ဖူးမြင် ရသည်နှင့် တစ်ချိန်ဘည်း 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား' ဟု ဦးတိုက်လျှောက်ထား စကားဖွဲ့ချီလိုက်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓသခင်သည် ဥပက၏ အာသယာ နုသယနှင့် ဣန္ဒြေနုရင့် ကို ထောက်ချင့်တော်မူပြီး ဖြစ်၍။

"တဏ္ဍတွန်း ဥပက။ ယခု ဘယ်က လာခဲ့သနည်း"ဟု စကားစ နိုင်အောင် မေးတော်မူလိုက်သည်။ ဥပကက ဝင်္ကဟာရ ဇနပုဒ်သို့ ရောက်သွားသည်မှ အစပြု၍ ဖြစ်ကြောင်း ကုန်စင်လျှောက်တင် (ဇာတ် လှန်)ရှာတော့သည်။

"ဥပက သင့်အဖို့အရာ အသက်ဇရာ ထောက်လှပြီ၊ ငါ၏ သာ သနာမှာ ရဟန်း ပြုနိုင်ပါဦးမည်လား"

"ရဟန်း ပြုလို၍သာ လိုက်လာခဲ့ခြင်း ဖြစ်ပါသည် ဘုရား"

ဤသို့နှင့် အသက် ခြောက်ဆယ်ကျော်မှ ဘိက္ခုသမဏ ဖြစ်ရှာရ သည်။ ဗုဒ္ဓမြတ်စွာက သင့်လျော်ရာ ကမ္မဋ္ဌာန်းကို ပေးသည်။ အရွယ်အို သော်လည်း ဉာဏ်မအိုသော ဥပကထေရ်သည် ကမ္မဋ္ဌာန်းအလုပ် စွမ်း အားထုတ်၍ ကြိုးကုတ် ကျင့်ကြံသဖြင့် အနာဂါမိဖိုလ်၌ တည်လေ သတည်း။


လှဂုဏ်ကိုး၍ လင့်အပေါ် ဆိုးခဲ့သော အမျိုးသမီးကလေး မစာ ပါသည် သားငယ် သုဘဒ္ဒနှင့် ကျန်ရစ်ပြီးသည့်နောက် ဖခင် မုဆိုးကြီး ၏ ပြစ်တင် ကဲ့ရဲ့ခြင်းကို ခံရသည်။ ရွာသူ ရွာသားများ၏ စကားတင်း အဆိုလည်း ခံရသည်။ မိမိကိုယ်တိုင်ကလည်း နောင်တရနေသည်။

တကယ်ဆိုတော့ ပျိုသည်အိုသည် အပထား။ 'မင်းယောကျ်ား ဟု၊ သက်ထားရတနာ၊ လင်တန်ဆာနှင့်၊ ကင်းကွာတုံထ၊ မဆင်ရက၊ မိန်းမဓမ္မတာ၊ မတင့်ရာခဲ့၊ စဉ်လာကိစ္စ၊ သဘာဝလည်း၊ မိန်းမဆံထုံး၊

ယောက်ျားရုံးအောက်၊ သက်ဆုံးခိုမှ၊ ချမ်းသာရ၏။’ ဆိုသကဲ့သို့ လင်မောင်မင်းကြီးသား ပစ်ခွာသွားမှ မယားမျက်နှာငယ် မျက်ရည်လည် ၍ ချစ်ဦးကြင်သူ ပြုမူယုယ ချစ်သွေးဆွခဲ့သမျှ သတိရနေမိသည်။ ‘လူ့ရွာမှဘ်ရေး၊ ဥစ္စာကြွေးထက်၊ ချစ်ကြွေးတင်ချက်၊ ဆင်းရဲနက်’ခဲ့ရသည်။ တစ်ချက်နှာမှ တစ်မျက်နှာ ပြောင်းဖို့ကလည်း မိန်းမကောင်းဘို့၏ အကျင့်မဟုတ်ပါချေ။

ထို့ကြောင့် သားငယ် သုဘဒ္ဒကို အဘိုးထံ အပ်ခဲ့ပြီ လျှင် တစ်ရွာတစ်ထောက် နယ်စုံရောက်အောင် လင်ပျောက်ကို အရှာထွက်ခဲ့သည်။ ထို အမျိုးသမီးကလေး မစာပါသည်လည်း ပါရမီ သမ္ဘာရ ကျွတ်ထိုက်သူ ဝေနေယျဖြစ်ခြင်းကြောင့် တစ်ခုသော ဘိက္ခုနီကျောင်းသို့ ရောက်သွားသည့် အခါ သမုဒယ တဏှာကို ပယ်ခွာ စွန့်လွှတ်၍ ထေရီမယ်ကလေးဘဝမှ အရဟတ္တမဂ် ရောက်အောင် ပေါက်မြောက် ထူးချွန်စွာ ဓမ္မရသကို ခံစား သုံးဆောင်လိုက်ရလေသတည်း။

(ကဗျာနှင့် လင်္ကာများကို မန်လည်ဆရာတော်ဘုရား၏ မင်္ဂလာရတုပေါင်းချုပ်နှင့် မဟာသုတကာရီ မဃဒေဝ လင်္ကာကြီးမှ ထုတ်နုတ်ညှိုင်ပါသည်။)



# ကြားတိုင်းလည်း မယုံနှင့် ကြုံတိုင်းလည်း မပြောရာ

အနမတဂ္ဂ=အစဟူ၍ မပြနိုင်သော အသင်္ချေယျ ကမ္ဘာ့ ကမ္ဘာ၊ တစ်ခုသော ကမ္ဘာကာလ။

*　　　*　　　*

အမှတ်မရှိသော ရွာကြီး တစ်ရွာ၏ ဆင်ခြေဖုံး၌ စိမ်းလဲ့ညို့မှောင်း သူတော်ကောင်းများ တရားရှာ သီတင်းသုံးရန် လျော်သော တောအုပ် တစ်ခု ရှိသည်။ ထိုတောအုပ်မှ လွန်လျှင် ပြောက်တိ ပြောက်ကျား ချုံငယ်များနှင့် ခြောက်သွေ့သော ကုန်းမြေဆန်ဆန်တွင် ရှင်သန် ကြီးပွားနေကြသည့် ထန်းတောကြီး ရှိလေရာ ရွာကြီးသား သူရာသမားတို့၏ သောက်စား ယစ်မူးရာ သေတင်းကုပ်များ ပေါလှသည်။

ထန်းရည်သမား သေသောက်ကြူးများတွင် မုနၥဋ္ဌိ အမည်သည် ပေါ်လွင် ထင်ရှား လူသိများလှ၏။ ငွေကြေးပြည့်စုံခြင်း၊ ကာယဗလ သန်စွမ်းခြင်း၊ သူရသတ္တိ ရှိခြင်းတို့ကြောင့် အပေါင်းအသင်း များက အကြီးအမှူး နေရာပေးကြရသည်။ ဩဇာ တိက္ကမ ကြီးသည်နှင့် အမျှ တပည့် ခြွေရံလည်း များသည်။ မကြာ မကြာ ညလုံးပေါက် သောက် စား မြူးပျော်ကြပြီး လင်းအားကြီး အချိန်မှ အိမ်ကို ပြန်တတ်ကြလေရာ ရွာသို့အရောက် လမ်းတစ်လျှောက်မှာလည်း သောက်ရင်း စားရင်း၊ ငြင်းရင်း ခုန်ရင်း အော်ကြီးဟစ်ကျယ် တေးဆို၍ ကွေးနေအောင် ကကြသူများဖြင့် ညံညံစီစီ ရှိတတ်ကြသည်။

ထိုနေ့က မုနၥဋ္ဌိတို့ လူစုသည် ထုံးစံအတိုင်း မိုးလင်းမှ ရွာသို့ ပြန်ခဲ့ကြသည်။ထန်းရည်နှင့် မျက်နှာသစ်၍ ထန်းရည်ဖြင့်(ပလုတ်ကျင်း) ခဲ့ကြသည်ဖြစ်ရာ ထုံးစံအတိုင်း ပြောသံ ဆိုသံ သောသောညံလျက်ပင်။

ထန်းတောမှ မြိုင်ထဲသို့ ဝင်လာခဲ့ကြသည့်အခါ တစ်နေရာတွင် ရွာတွင်းသို့ ဆွမ်းခံဝင်အံ့သောငှာ သက်န်းရုံနေဆဲဖြစ်သော (သုရဘိ မည်သော ပစ္စေကဗုဒ္ဓါ)ကို မြင်တွေ့ကြသည်။ ထန်းသီးကြွေခိုက် ကျီးနင်း ခိုက် တိုက်တိုက်ဆိုင်ဆိုင်။ ခရီးသွား အမျိုးသမီး တစ်ယောက်ကလည်း အနီးအနားမှာ ခပ်သုတ်သုတ် သွားနေသည်။

''ဟေ့....ဟိုမှာ ကြည့်လိုက်ကြစမ်း။ရဟန်းတစ်ပါးနဲ့ မိန်းမ တစ်ယောက်....''ဟု တစ်ဦးက (အာချောင်၍) အစ ထောင်ပေးလိုက်သည်။

အရက်သမားတို့၏ ဉာဉ်က တစ်ယောက်၏ စကားကို ပဋိပက္ခ (ဆီလိုအပေါက်ရှာပြီး)ငြင်းချင်လည်း ငြင်းရမှ။ သဘောကျပြီ ဆိုလျှင် လည်း (ပုံကြီးချဲ့)က ဩဘာပေးကြမြဲ ဖြစ်သည်၊စကားပြောရာတွင် (အာဝဇ္ဇန်း) ရှင်ကြသည်။ ထို့ကြောင့် (ဟေ့လားမောင်ရို့)ဟု တိုင် ပေးသူက တိုင်ပေးလိုက်သည်နှင့် ''ဝါး....''ဟု ဝိုင်းအော် အားပေး ရန် ညှိထားဖို့ မလို။

''ဒါကတော့ တို့လဲ ထန်းတဲမှာ တစ်ညလုံး ပျော်တယ်၊သူတို့လဲ ဒီတောထဲမှာ တစ်ညလုံး ...''

မုနၥဋ္ဌိက အဓိပ္ပာယ်ပါပါ စကားကို ဖြတ်ထားလိုက်သည်က အပေါင်းအသင်းများအဖို့ ''ဝါး''ခနဲ ဟားလို့ကောင်းအောင် ဖြစ်ရ လေသည်။

''ရဟန်းဆိုတာ မမြတ်သောကာမ မေထုန်အမှုကို ရှောင်ကြတယ် မဟုတ်လား ဆရာရဲ့''ဟု တစ်ယောက်က ဝင်၍ဖောက်ပြန်လိုက်သည်။

"ဟေ့….တပည့်ရ။ ရဟန်း မှန်သမျှ မေထုန်မှုကို ရှောင်ကြဉ်ကြတယ် ဆိုဘာ မင်းပြောတာ မှန်တယ်။ ငါကမငြင်းပါဘူး။ဒါပေမယ့် ရဟန်းဆိုတာလဲ မင်းလို တို့လို ယောကျ်ားပဲကွ။ ယောကျ်ားဆိုတော့လဲ 'ဆိတ်၏အလား၊ နွား၏သဘော၊ အာရုံ ပြောဘိုင်း၊ လိုက်လျော ထွေပြား၊ သူအခြားနှင့်၊ ပျော်ပါးမေ့ကျန်၊ ထွင်းဖောက်ပြန်၏' တဲ့ တပည့်ကြီးရ"

"နေပါဦး ဆရာရဲ့။တစ်ခုလောက်ကျွန်တော် မေးစမ်းပါရစေ" တစ်ယောက်က ဝင်လာပြန်သည်။

"ဘာများတုံး တပည့်ရ။ မေးချင်တာ မေးစမ်းပါ။ မင်းတို့ ဆရာက မဟာပညာကျော်ကြီး ဆိုတာသိတယ် မှတ်လား၊ ဟား….ဟား ဟား"

"ဟုတ်တာပေါ့ဆရာရ။ ကျွန်တော်တို့ မသိတာ မတတ်တာဆရာက သင်ကြားလာခဲ့တာပဲဟာ။အခုန ဆရာအမိန့်ရှိတဲ့ အထဲက 'ဆိတ်၏ အလား၊ နွား၏ သဘော' ဆိုတာကို သိချင်လို့ပါ။ ယောကျ်ားတွေကို နွားနှင့်နှိုင်းတာတော့ ကြားဖူးပါပြီ။ 'နွားသိုး ကြိုးပြတ်၊ နွားငတ် ရေချ' ဆိုတာမျိုးပေါ့ ဆရာရယ်။ အဲ….အဲ့….ဆိတ်နှင့် နှိုင်းတာကိုတော့ ဘယ်လို သဘောပေါက်ရမှာလဲ ဆိုတာ မသိလို့ပါဆရာရဲ့"

"အောင်မယ် မင်းက ဆရာ့ကိုများ စောဒကတင်လို့"ဟု တစ်ယောက်က အပြော။

"ဟေ့….ဆရာကောင်း တပည့် ပီသအောင် နည်းနာယူတာကွ။ မင်းကော အဓိပ္ပာယ် သိလို့လား ခွေးမသား"

ဤကဲ့သို့ တစ်ယောက်တစ်ပေါက် လမ်းလျှောက်ရင်း ငြင်းခုံလာကြတာက ယူတို့၏ ထုံးစံ။ အမှန်တော့လည်း မုနာဋ္ဌိသည် သူတို့တစ်တွေထက် ပညာဉာဏ်ပါ သာလွန်သည့် ယောကျ်ား ဖြစ်သည်။

"ဟေ့ကောင်တွေ မှတ်ထား၊နွားဆိုတဲ့ သတ္တဝါဟာ ကာမစိတ် ဝင်လာရင်။ အဲ….အဲ(မြိုင်ကျ)သာရင်ပေါ့ကွာ။ တစ်ဖောက်ကန်းကမူး ရှူးထိုး လိုက်တတ်တယ်။ ဒါကြောင့်'နွားသိုးကြိုးပြတ်' လို့ ပြောကြတာ။ အငမ်းမရ ဖြစ်ကြလွန်းလို့ 'နွားငတ်ရေချ' လို့ ပြောကြတာ။ ရှေ့နောက် မစဉ်းစားတတ်လို့ 'နွားကျတယ်' ပြောကြတာ"

"ဟုတ်ကဲ့ဆရာ….ဟုတ်ကဲ့ဆရာ"ဟု ခေါင်း ညိတ် ကြ သည်၊ ထောက်ခံကြသည်၊ တစ်ခဲနက် သြဘာပေးကြသည်။

"အေး….ဆိတ်ဆိုတဲ့ သတ္တဝါကျတော့ တစ်မျိုး၊ နွားနှင့် မတူဘူး"

"အမိန့်ရှိပါဆရာ"

"အစားအစာ စားတဲ့နေရာမှာအပက်စက်ဆုံး အကောင်မျိုးကွ၊ ဘာမှ မရွေးဘူး။ စပါးကိုလဲ စားတာပဲ။ ဆန်လဲစားတာပဲ။ သစ်ရွက် မှန်သမျှလဲ ရွေးမနေဘူး။ ဆူးပါတဲ့ အပင်အရွက်လဲ ဝါးလိုက်တာပဲ။ ကုန်ကုန်ပြောရင် စက္ကူစ၊ အဝတ်စ၊ ဆေးလိပ်တိုပါ မကျန် ဝါးရတာ မှန်သမျှ မရှောင်ဘူး"

"ဟား....ဟား... ဟား ကျွန်ဘော်တို့ ယောကျ်ားတွေလဲ ဝါး ရသမျှဟာ အကုန်စားကြတာပဲ။ဟား....ဟား....ဟား....သဘောပေါက် ပြီ ဆရာရေ့"ဟု ဝိုင်းရယ်ကြသည်။

မုနာဋ္ဌိ အရက်သမား ပညာရှိက ဆက်၍ ဟောပြော ပို့ချသည်။

"ဒီနေရာမှာ။ အေး... သည်ကိစ္စမှာပေါ့လေကွာ။ တို့ယောကျ်ား များက မိန်းမတွေကို တဏှာ ကြီးမားတယ်။ အလိုရမ္မက် ပိုတယ်။ဖောက် ပြန်တယ်လို့ နှိမ့်ချကဲ့ရဲ့မယ့်သာ ကဲ့ရဲ့ကြတယ်။ မိန်းမတွေက သူတို့ မလို လားရင် အဲ့... မချစ်ရင်ပေါ့ကွာ။ အသက်သာ အသေခံမယ် အလိုမတူ ဘူးကွ။ ငြင်းပယ်ကြသည်။ထွက်ပြေးကြတယ်ကွ။ အဲ . တို့ယောကျ်ားတွေ ကဖြင့် အသက်အသေခံပြီး ငြင်းပယ်တယ်ရယ်လို့ မကြားဘူးပါဗျာ၊ အချိန်မရွေး၊ အိုင်တွေ့ရင် ခြေဆေးလိုက်ကြတာပဲ မဟုတ်လား။ ဒါကြောင့် ဆိတ်နှင့် နှိုင်းထားတာ"

"ဟုတ်လိုက်လေ....ဆရာရေ"ဟု အနုမောဒနာ ပြုကြသည်။

"အခုလဲ ကြည့်လေ"ဟု မုနာဋ္ဌိကဆက်၍ ပြောသည်။

"လူမရှိဘဲ့ တောထဲ အချိန်ကလဲ မိုးလင်းခါစ။ 'ရဟန်းက တစ် ပါး မိန်းမသားက တစ်ယောက်'။ တို့တတွေက ဆူဆူညံညံလာကြလို့ မိန်းမက ရှောင်ပြေးတယ်။ ရဟန်းက သင်္ကန်းကို ပြင်ဝတ်ရင်း ကျန်ခဲ့ တယ်။ ဒီလို မျက်မြင် အခြေအနေကို သုံးသပ်လိုက်လျှင် ရဟန်းတို့မှာ ကာမမေထုန် ကိစ္စကို ရှောင်ကြဉ်ကြသော်လဲ ယခုရဟန်း၊ ဤရဟန်း မှာတော့..."

"တောထဲတောင်ထဲ ခရီးသွားခိုက် ကြုံကြိုက်တဲ့အခါ တွေ့ရာကို ဆိတ်ဝါးသလို"

"ဝါး....ဟား....ဟား"

ဆရာနှင့် တပည့်များ "ဟေးလားဝါလား" မူးမူးယစ်ယစ် အတိုင်အဖောက် ဖြစ်ခဲ့ကြသည်။

အနမတဂ္ဂ အစဟူ၍ မပြနိုင်သော အသင်္ချေယျ ကမ္ဘာ့ကမ္ဘာ လွန်ခဲ့ပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာ စကြာဝဠာ၏အလယ် မဇ္ဈိမ ဒေသတွင် တိုင်းကြီးသောဋ္ဌသ ရှိကြသည့်အနက် ကောသလတိုင်း သာဝတ္ထိမြို့တော်သည် ဗုဒ္ဓမြတ်စွာ ကြွလာ သီတင်းသုံးတော်မူ၍ သုတ္တန်ဒေသနာ အများအပြား ဟောကြားတော်မူလေ့ ရှိသဖြင့် လူ့လောကမှ လွန်လျက် အထက် နတ်ဒေဝါတို့၏ လောကမှာပင် ထင်ရှားခဲ့ရသည်။

ဇေတမင်းသားတို့၏ ဥယျာဉ်မြေတွင် ဆောက်လုပ် လှူဒါန်းသဖြင့် ဇေတဝန်ဟူသော ဝိဟာရ၌ ဗုဒ္ဓမြတ်စွာနှင့်တကွသော ရဟန်းသံဃာများစွာတို့မှာ ဣရိယာပထ မျှတ မွေ့လျော်ကြသည်။ ကြည်ညို ပူဇော် အလှူအတန်းများ ပျားပန်းခတ်မျှ နိစ္စဓူဝ စည်ကားနေလေသည်။

တိုင်းတစ်ပါးမှ တကူးတက အဖူးအမြော် ပူဇော် လှူဒါန်းရန် လာကြသည့် လှည်းတန်းကြီးများ၏ အသံများက ညိုးညိုးညံညံ တရံမပြတ် ကြားကြရသည်။ လူတိုင်း လူတိုင်း၏ နှုတ်ဝမှ ဗုဒ္ဓ-ဗုဒ္ဓ ဗုဒ္ဓ။ ဘုန်းတော်အမြတ်၊ ဂုဏ်အရဟတ်ဖြင့်၊ လောကဓာတ်လုံး၊ ညွတ်ရုံးညီကာ၊ ကောင်းချီးညာလျက်၊ ဘဂဝါ- ဘဂဝါဟူသော ပံ့တော်အထူးဖြင့်၊ ချွတ်နှုးကော်ရော်၊ ပူဇော်ချီးပ နေကြဆဲ....။

*　　*　　*

ဟေ့....ကောင်တွေ....ခုတစ်လော သုန္ဒရီပရိဗိုဇ်မကလေး ဇေတဝန် ကျောင်းကို အသွားအလာ များနေတာ သတိထားမိကြရဲ့လား''ဟု မုသိက စကား စလိုက်သည်။

''တရားနာ သွားတာ နေမှာပေါ့''ဟု သုဘဒ်က သေရည်ကို မော့ရင်း ခပ်ပေါ့ပေါ့ ဖြေ၏။

''တရားနာရအောင် ဗုဒ္ဓကို ကြည်ညိုတဲ့ ဂိုဏ်းမှ မဟုတ်ဘဲ။ နောက်ပြီး တရားနာသူတွေ ပြန်လာကြမှ သုန္ဒရီက သွားတာ''

''ဒါဖြင့် ဘာကိစ္စ သွားတာလဲ''

''မင်းတို့စဉ်းစား။ သုန္ဒရီက သာဝတ္ထိမှာ မပြောနဲ့၊ သောဠသတစ်ဆယ့်ခြောက်ပြည်ထောင်မှာတောင် သူ့လောက် လှဘာ ရှိမှာ မှုတ်ဘူး။နုနယ်ပျိုမျစ် ချစ်စရာ သနားစရာကလေး''

''မင်းသနားချင်တာ ငါ သိပါတယ်ကွာ၊ ဟား ဟား ဟား''

''ဝါး ဟား ဟား ဟား''

''ငါ အတည်ပြောနေတာ။ ရယ်စရာမှတ်ဘူး။ လျှို့ဝှက်သတင်း– လျှို့ဝှက်သတင်း။ဒီသတင်းကိုကြားရင် ပါးစပ်အဟောင်းသား ဖြစ်သွားကြမယ်။ အခု မင်းတို့ ကြားရင်လဲ မင်းတို့နားမှာပဲထား။ လျှာဖျားကို မဆင်းစေနဲ့ သိလား။ ငါ့မိန်းမ....ငါ့မိန်းမ။ ငါ့မိန်းမက ငါ့ကို အတွင်းစကားပြောတာ''

''ဘာလဲ ကျွန်မကို ချစ်ရင် ထန်းရည်ကို လျှော့သောက်ပါမောင်ရယ်....တဲ့လား''

''ဝါး ဟား ဟား ဟား''

''ခွေးမသား၊ ငါက အရေးကြီးတဲ့ စကားကို ပြောနေတာ။ ဒီမှာ ငါ့မိန်းမက သုန္ဒရီပရိဗိုဇ်မကလေးဟာ ည–ညမှာ ဗုဒ္ဓနဲ့အတူ ဂန္ဓကုဋိတိုက်ထဲမှာ သွားသွားအိပ်သတဲ့ ခင်ဗျာ့။ ကဲ''

''ဟာ''

''ဟေ့ကောင် မင်း သိပ်မူးနေပြီ''

''မူးလို့ ပြောတာမဟုတ်ဘူး။ ထူးလို့ ပြောနေတာ နားလည်လား''

''ကြမ်းကြား လေကြား ယုတ္တိ မရှိနိုင်တာကြီး မင်း မိန်းမဗို့ ပြောရက်တယ်''

''ငါ့မိန်းမက ရမ်းသမ်းပြီး အထင်နဲ့ ပြောတာ မဟုတ်ဘူး။ သုန္ဒရီ ကိုယ်တိုင်က ပြောတာတဲ့ မောင်ရေ့။ဒီလိုကွာ....ဒီလို။ငါ အစက ပြန်ပြောမယ်''

''လုပ်စမ်းပါဦး....ပြောစမ်းပါဦး''

''ငါ့မိန်းမနဲ့ သုန္ဒရီနဲ့က ဆရာ–ဒကာလိုဖြစ်နေတာကွ။ဆန်ကလေး ပြောင်းကလေး အလှူခံရင်လဲ လောင်းလှူလိုက်တာပဲ။ ဆေးကလေး ဝါးကလေး အလိုရှိတယ် ဆိုရင်လဲ မရှိ ရှိတာ ရှာဖွေ ပေးလိုက်တာပဲ။ ဒီလိုနဲ့ တစ်နေ့တော့ ငါ့မိန်းမကို မြင်လျက်နဲ့ နှုတ်မဆက်ဘဲ ခပ်ရှောင်ရှောင် လုပ်သွားသတဲ့။ အပြစ်ရှိတဲ့ လူတစ်ယောက် မလုံမလဲ ကြွေ့ပျက်နေတဲ့ သဘောမျိုး။ ဒါလဲ တစ်နေ့ မဟုတ်ဘူး။ လေးငါးရက်။ နောက်တစ်ခုကလဲ မနက်လင်းအားကြီးဆိုရင် ပြန်ပြန်လာတတ်တယ်လေ။ သူတို့ ပရိဗိုဇ်ဂိုဏ်းက တောထဲနေကြတာ မဟုတ်လား။မြို့ထဲကို ညနေ နေဝင်ရီတရောမှာလာ။ မနက်လင်းအားကြီးမှ ပြန်ဆိုတော့ တစ်ညလုံး မြို့ထဲမှာ နေတာ ထင်ရှားတာပေါ့။ မဟုတ်ဘူးလား''

''ဟုတ်တာပေါ့ကွ။ နောက်ပြီးတော့လဲ သူတစ်ယောက်တည်း''

"မိန်းမဆိုတာ စပ်စပ်စုစုနဲ့ မသက်ာဖြစ်တတ်တဲ့ နေရာမှာ ပါရဂူတွေကွ။ နောက်နေ့ ကျတော့ သုန္ဒရီက မမြင်အောင် ရှောင်ထွက်တာကို ငါ့မိန်းမက တမင် လိုက်ပြီး 'ဘယ်သွားမလို့လဲ သုန္ဒရီ' လို့ နှုတ်ဆက်တာပေါ့"

"ဒီတော့ ဘာပြောသလဲ။ ဗုဒ္ဓထံကို သွားမယ်လို့ ပြောသလား"

"ဟာ....မိန်းမ ဆိုတာ လက်ဆုပ် လက်ကိုင် မိတာတောင် မှန်လာဥ လုပ်သေးဘာ။ တစ်ခါတည်းနဲ့တော့ မှန်ရာကို ဘယ် ဖွင့်ပြောမလဲ။ ဟိုလိုလို ဒီလိုလို လှီးလွှဲ ပြောတာပေါ့။ ဒါကို ငါ့ မိန်းမက ဘယ်ကျေနပ်မှာလဲ။ အရွယ်ကလဲ ငယ်တယ်၊ ရုပ်ကလေးလဲ ချောတယ်။ နောက်ပြီး ခုတစ်လောမှာ သူတို့ ဂိုဏ်းကို အရိုအသေ အလှူ အတန်း နည်းပါးလာပြီး ဗုဒ္ဓနဲ့ သံဃာများမှာသာ အောတိုက်နေအောင် ပေါများ နေလေတော့ သုန္ဒရီတို့လို အဆင်းလှတဲ့ ဣတ္ထိယမှာ သဒ္ဓါဆွမ်းမဟုတ်လဲ တဏှာဆွမ်း ဖြစ်ဖြစ် အသက် မွေးမှုရအောင် ရှာနေတာ ဖြစ်မယ်လို့ ငါ့မိန်းမ အတွေးအခေါ် ပညာရှင်ကြီးက ဆုံးဖြတ်သတဲ့လေ"

"မင်းကလဲ အရေးထဲ ကိုယ့်ဟာမကို ဩဘာ ပေးနေရသေး။ ဆက်ပြောကွာ"

"ဒီတော့ မိန်းမသူတွေရဲ့ ထုံးစံအတိုင်း အပေါင်း အသင်း မိန်းမဖော် တွေ့တိုင်း တိုးတိုး....တိုးတိုး သဖန်းပိုး လုပ်တော့တာပေါ့။ မိန်းမတိုင်း မရှောင်မလွှဲနိုင်တဲ့ အရာဟာ အာဝေဏိက ဒုက္ခငါးပါးလို့ ပညာရှိများ ပြောကြတယ် မှတ်လား။ ငါကတော့ သူများ အတင်း လက်ဆင့်ကမ်း ဖောက်သည်မချဘဲ မနေနိုင်ကြတာကိုပါ အာဝေဏိက ဒုက္ခ တစ်ခုလို့ ထပ်ဖြည့် ချင်တယ်။ ဒီတော့ မိန်းမချင်း ဆုံမိကြရင် ထင်မြင်ချက် အမျိုးမျိုးတွေ တစ်ယောက်က အဆိုတင်၊ တစ်ယောက်က ထောက်ခံ၊ တစ်ယောက်က ပြင်ဆင်ချက် ပြုပေါ့ကွာ။ သူတို့ ထင်တာက တို့ သာဝတ္ထိမှာ ကာမဂုဏ်ကို အလွန် လိုက်စားတဲ့ သေဌေးသား၊ မင်းညီ မင်းသားတွေကလဲ များတယ် မှတ်လား။ ဒီတော့ လူလွှန်မသား တစ်ဦးဦးနဲ့ အပေးအယူ လုပ်နေပြီပေါ့။ အဲ့သလို ငါ့မိန်းမက အစ ထောင်လိုက်တာကြောင့် သုန္ဒရီကို စိတ်ဝင်စားပြီး တစေ့တစောင်း ကြည့်ကြ၊ တမင် နှုတ်ဆက်ကြ။ စပ်စု ကြတာပေါ့။ ဒါနဲ့ နောက်ဆုံး ကျခါမှ သုန္ဒရီက ဖြောင့်ချက် ပေးတာတဲ့ ခင်ဗျ"

"ဘယ်လို ပြောသလဲ"

ရဟန်း ဂေါတမနဲ့ ပြိုင်နိုင်စွန်းနေလို့ ဘုရားဖူးများ ပြန်ချိန်ကျလျှင် ဂန္ဓကုဋိတိုက် အတွင်းကို ဝင်အိပ်ရပါတယ်တဲ့။ ဂန္ဓကုဋိတိုက် ဆိုတာ အလုပ်အကျွေး ဖြစ်တဲ့ အာနန္ဒာ မထေရ်တောင်မှ ဝင်အိပ်ရတာ မဟုတ်ဘဲ လွတ်လပ်တာပေါ့။ ရဟန်း ဂေါတမက ခတ္တိယ သာကီဝင် ဆိုတော့ အမျိုးအားဖြင့်လည်း မြတ်တယ်၊ ရုပ်ဆင်း သဏ္ဍာန်ကလဲ အလွန်လှပ ခန့်ညားပြီး ကျက်သရေ ရှိတယ်။ တန်ခိုးရှိန်စော် အာနုဘော်လည်း ကြီးမားပြီး ပစ္စည်း လာဘ်သပ်ပကာကလဲ ပေါများ လေတော့ ဒီ အခွင့်အရေးကို မရှောင်နိုင်လို့ ကာမမှောင်မှာ အလုပ်အကျွေး ပြုနေရပါတယ်-တဲ့၊ အဲဒါကို ငွဲညာပြီး သူတကာ မသိအောင် ဖုံးဖိလို့ ထားကြပါတဲ့။ ငါ့ မိန်းမကို အင်မတန် ခင်မင် ယုံကြည်လွန်းလို့ ကျော်မကောင်း ကြားမကောင်းတဲ့ ကိုယ်ရေး ကိုယ်တာကို ရိပ်မိနေတဲ့ အတူတူမို့ ရင်ဖွင့် လိုက်ရတာပါတဲ့လေ''

နားထောင်နေကြသူများ ပါးစပ် အဟောင်းသား ဖြစ်နေကြသည်။ ထိုသူများ ကိုယ်တိုင် ရတနာသုံးပါးနှင့် ကင်းကွာသောသောက် သောက်စားစား အကုသိုလ် သမားများသာ ဖြစ်ကြသောကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံဘို့၌ ပေါ့ပေါ့ဘန်တန် ပြုလွယ်၊ ပြောလွယ်၊ တွေးလွယ်ကြသည်။

သုကစ်ပါး မကြားပါစေနှင့် ဟူသော စကားမျိုးက တောမီးလောင်သလို အလျင်အမြန် ကူးစက် ပျံ့နှံ့တတ်သော သဘောရှိလေရာ ရတနာ သုံးပါးဂုဏ်ကို မယုံကြည်သောအသိုက်အဝန်းမှာ တစ်ယောက်စကား တစ်ယောက်နား ဖြစ်ကြလေပြီ။

''ရဟန်းဆိုတာလဲ ယောက်ျားပဲ။ ဘုရားဆိုတာလဲ ယောက်ျားပဲ။ သိဒ္ဓတ္ထ မင်းသား ဘဝက နန်းမသုံးဆောင်မှာ ဗျာဆံဝိုက် ဗျာဆံခွေ သိန်းကုဋေထားပြီး ကာမဂုဏ် ခံစားလာခဲ့တာ။ ယသော်ဓရာ မင်းသမီး နီးနီးလောက် လှပတဲ့ သုန္ဒရီကို တပ်မက်မှာပေါ့''ဟု ပြောလာကြသည်။

ရဟန်းသံဃာများ မြို့တွင်းသို့ဆွမ်းခံဝင်တိုင်း မကြားတကြား မထေ့တထေ့ ပြောကြလှောင်ကြ စွပ်စွဲကြသည်ကို သံဃာတော်များမှာ ဘာကို ရည်ရွယ်၍ ပြောကြမှန်း မသိရှာကြ။ နားဝေ တိမ်တောင်ဖြင့် ခေါင်းငုံ့၍သာ ခံလာကြရသည်။

တစ်နေ့ထက်တစ်နေ့ တစ်ရက်မှတစ်ရက် မြို့သူမြို့သားများနားမဆံ့အောင် ရှိလာသည်။

''ဟို...ကျွားသား မိုးကြိုး။ မဟုတ်က ဟုတ်ကနော်။ ကိလေသာ အာသဝေါကင်းစင်ပြီး ဆိတ်ကွယ်ရာမှာ မကောင်းမှု ဟူသမျှကို မြူ မှုန် ကလေးလောက်မှ မပြုတဲ့ အရဟန္တ ကိုယ်တော်ကို မလျော်အောင် ပြောဂုက်ကြပါပေ့''ဟု သူတော်ကောင်း ဒကာ-ဒကာမများစိတ်ဆင်း ရဲကြသည်။ တိတ္ထိများကမူ မီးလောင်ရာ လေပင့် သတင်းဆိုး လွင့်သည် ထက် လွင့်အောင် ဝါဒဖြန့်နေကြသည်။ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့် တစ်ဖွဲ့ ငြင်းကြ၊ ခုံကြ၊ စကားနိုင် လုကြနှင့် အဓိကရုဏ်းဘမျှ ဖြစ်လာ ကြသည်။

ဥက္ကောဌမှေယျဖြစ်၍မှ မကြာမီ သုန္ဒရီတစ်ယောက် သာဝတ္ထိမြို့ပေါ်မှ ပျောက်ခြင်းမလှ ပျောက်သွားပြန်သည်။ ဒါက ပြောစရာ၊ တွေးစရာ၊ ဝေဖန်စရာ သတင်းတစ်ခု ဖြစ်လာပြန်တော့သည်။

အချို့က လူပြောသူပြော ခံရဖန်များ၍ သုန္ဒရီခမျာ စေတုတ္တရာ သို့ ထွက်ပြေးသလိုလို။ ဟိုလို သည်နှယ် အသွယ်သွယ် အမျိုးမျိုးသဖန်း ပိုး ထိုးကြပြန်သည်။

ထိုအတွင်း တိတ္ထိအသင်းက တစ်စခန်းထကြသည်။

သူတို့၏ တပည့်မကလေး သုန္ဒရီကို တစ်ဦးတစ်ယောက်က လုပ် ကြံ သတ်ဖြတ် လေသလားဟု သံသယ ဖြစ်ကြသောကြောင့် ကောသလ ဘုရင့်ထံ အမှုဖွင့်ကြပြန်လေသည်။ သူတို့ ကိုယ်တိုင် ဦးဆောင်၍တစ်မြို့ လုံးကို ပိုက်စိပ်တိုက်၍ ရှာဖွေရလိုကြောင်း မင်းမိန့်တောင်းကြသည်။

''ဘယ်နေရာ ဘယ်ဌာနကို ယုံမှား သံသယ ရှိကြသနည်း'' ဟု မင်းကြီးက မေးသည်ဟု ဆို၏။

''ဗုဒ္ဓ သီတင်းသုံးနေတော်မူရာ ဇေတဝန်ကျောင်းပတ်ဝန်းကျင် မှာ သံသယ ရှိပါသည်''ဟု တိတ္ထိတို့က ထင်မြင်ချက် ပေးကြသည်ဆို၏။

ကောသလဘုရင်ကား ဗုဒ္ဓနှင့် နီးစပ် ကျွမ်းဝင် ရှိလေငြားလည်း ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည် စိတ်ချ ဒိဋ္ဌ ကိုးကွယ်သူဟု ဆိုရန် ခက်လှသည်။ တိတ္ထိဆရာကြီးများကိုလည်း ဆည်းကပ်သည်။ ဗုဒ္ဓ မြတ်စွာကိုလည်း ကိုးကွယ်သည်။ ဟိုဂိုဏ်းဝါဒက မှန်နိုးနိုး၊ သည်ဂိုဏ်း ဝါဒက ဟုတ်နိုးနိုး၊ ခံယူချက် မပြတ်မသား ယောင်ဝါးဝါး ဘုရင် တစ်ပါး ဖြစ်ပုံရသည်။ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရနှင့် တခြားစီ။ ဗုဒ္ဓလက်ထက်တော်တွင် ထွေလာ ကေလာ ကိစ္စများ ထူးထူးဆန်းဆန်း အခြင်းအရာ ခပ်များများက သူ့ကို မှီ၍ ဖြစ်ပေါ်ခဲ့ကြသည်။

တစ်ညလုံး ဆက်လျက် အိပ်မက် (၁၆)မျိုးကို မြင်မက်ပါသည် ဆိုသည်လည်း သူပင် ဖြစ်သည်။

''ဒု-သ-န-သော'' ဆိုသည့် အသံကြီးတွေကို ကြားရပါသည် ဆိုသည်လည်း သူပင်။

သာကီဝင်မှန်သမျှ ဝိဋ္ဋူဍူပက အမျိုးပြတ်အောင် လိုက်သတ်ရန် အကြောင်းဖန်ခဲ့သည်မှာလည်း သူပင်။

ဗုဒ္ဓစံရာ ဝိဟာရ နယ်နိမိတ်အတွင်း ထွေးရောယှက်တင် တိတ္ထိတို့ကို ကျောင်းဆောက်ဖို့ အမိန့်ပေးလိုက်သည်လည်း သူပင်။ ဤမျှ မပြတ်သားသော ဘုရင် ဖြစ်ဘည်။

ယခုသည်း သုန္ဒရီ၏ အမနာပသတင်းကို သူလည်း ကြား၍ ယုံမှား ရှိဟန် တူသည်။ ထို့ကြောင့် တိတ္ထိ ဆရာတို့ မသက်ာသည့် နေရာတွင် တရားဝင်ရှာဖွေခွင့် ပေးလိုက်သည်။ တိတ္ထိတို့ လိုက်လံ ရှာဖွေရာတွင် မြို့သူ မြို့သားများပါ အုတ်အုတ်ကျက်ကျက် လိုက်ကြည့်ကြသည်။ လူတို့ မည်သည် အမှုမရှိ အမှုရှာနေရတာက သူများထက် ဦးအောင်ကြည့်လို၊ မြင်လို။ ကြားလိုသော အဇ္ဈာသယ ရှိသည်။

ဗုဒ္ဓ စံတော်မူရာ ဇေတဝန်ကျောင်းတော်အနားရှိ ပန်း အမှိုက် စွန့်သွန်ရာ အမှိုက်ပုံကြီးကို တူးကြ ဆွကြသည်။

''ဟော....တွေ့ပြီ''

''ဟာ....''

''ဟင်....''

''အို....''

''ရက်စက်လိုက်ကြတာ မရှုမလှပါကလား''

အများ မျက်မြင်တွင် အမှန်ပင် မရှုမလှ ဖြစ်နေသော သုန္ဒရီ၏ အလောင်း။ အဝတ်များ စုတ်ပြတ် ကင်းကွာနေသည်မှာ ကိုယ်လုံးတီး နီးပါး။ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာ ဒဏ်ချက် အပြည့်အနှက်။ မချိ မဆံ့ အသက်ထွက်ရရှာသည့် သဏ္ဍာန်။

''ကဲ....မြင်ကြတဲ့ အတိုင်းပါပဲ အရပ်ကတို့ရေ''ဟု တိတ္ထိ ဆရာကြီး တစ်ဦးက သက်သေပြုသည်။

''ဆင်ကောင်ကြီးကို တွေ့မှဖြင့် ဆင်ခြေရာ ရှာဖို့ မလိုတော့ဘူး ပေါ့''ဟု တစ်ဦးက ဖြည့်စွက်လိုက်သည်။

''ခုတစ်လော သင်တို့ နားမဆံ့အောင် ဘာသတင်းတွေ ကြား နေကြရသလဲ။ ညတိုင်း ညတိုင်း သုန္ဒရီဟာ ဇေတဝန်ကျောင်းမှာ လာ လာ အိပ်နေတယ် ဆိုတာ လူတိုင်း ကြားတယ် မဟုတ်လား။ ကောသလ ဘုရင်တောင် သက်ာမကင်း ရှိခဲ့ရတယ်။ တစ်မြို့လုံး ဟိုးဟိုးကျော်လာ တော့ တရားခံ မပေါ်အောင် လက်စဖျောက်လိုက်တဲ့ သဘောပဲ။ ကဲ....

သင်တို့ ကိုးကွယ်နေတဲ့ ရဟန်းတွေ၊ သင်တို့ လှူဒါန်းနေတဲ့ သာဝကတွေ ကာမကို ယူပြီး လူကို အစဖျောက်တာက သူတို့ ဆရာကြီး ဂေါတမရဲ့ မကောင်းမှုကို လူစုနဲ့ ဖုံးလိုက်တာ အခု လုံးလုံးပေါ်ပြီ မဟုတ်လား''

ပညာမဲ့သော သူများမှာ ယုံမှား သံသယ ဖြစ်ကုန်ကြသည်။ တိတ္ထိဆရာတို့၏ သံယောင်ကို ဟုတ်လိမ့်စရိုး အမျိုးမျိုး ဝေဖန် လာကြသည်။

''ဟုတ်ပါရဲ့၊ ယောက်ျားတို့ ဓမ္မတာ ကာမကို အရယူပြီးလျှင် လူကို သတ်ဖို့တော့ မကောင်းပါဘူး။ မိန်းကလေး ခမျာကို သက်ညှာဖို့ သင့်တာပေါ့''ဟု ထောက်ခံကြသည်။

ထိုအခွင့်ကို ယူ၍ တိတ္ထိဆရာတစ်ဦးက သုန္ဒရီ၏ အလောင်းကို ပြ၍ ဝါဒဖြန့်ရန် ကြံတော့သည်။

''အချင်းတို့၊ ဘုရင် မင်းတရားထံ အမြန် သွားကြလော့။ သုန္ဒရီ၏ အဖြစ်ဆိုးနှင့် တွေ့ရာ ဌာနကို ပြောပြ လျှောက်တင်၍ တရားခံကို ယိုးစွပ်နိုင်လောက်သော အခွင့် မင်းမိန့် တောင်းခဲ့လော့။ သုန္ဒရီ၏ အလောင်းကို ညောင်စောင်း ခုတင်၌ တင်၍ လမ်းတစ်ခုမှ တစ်ခုသို့၊ လမ်းဆုံ တစ်ခုမှ တစ်ခုသို့ ထမ်းဆောင် လှည့်လည် ပြသပြီး လူထုကို တိုင်တန်းကြစို့''ဟု အစီအစဉ် ပြုသည်။

ကောသလဘုရင်လည်း တိတ္ထိဆရာတို့၏ စကားကို ယုံကြည်လာသည် ဖြစ်ရကား ...

''ထိုသို့ ဖြစ်လျှင် သွားကြလော့။ တစ်မြို့လုံးကြားအောင် လှည့်လည် ကြွေးကြော်ကြလော့''ဟု မဆင်မခြင် တစ်ချက်လွှတ် အမိန့်ပေးလိုက်သော ဟူ၏။

''အမောင်တို့၊ အမိတို့၊ သာကီဝင်မင်းသား ရဟန်းများ၏ (လုပ်ပုံ)ကို ရှုကြလော့။ ဤ သာကီဝင်မင်းသား ရဟန်းများသည် အရှက် မရှိကြကုန်။ သီလ မရှိကြကုန်။ ယုတ်မာသော သဘော ရှိကုန်၏။ မဟုတ် မမှန်သော စကားကို ပြောကြားလေ့ ရှိကြကုန်၏။ မမြတ်သော မေထုန် အကျင့်ကို ကျင့်လေ့ ရှိကြကုန်၏။ မိမိတို့ ကိုယ်ကို သူတော်ကောင်း အယောင်ဆောင်ကြကာ မြတ်သော အကျင့်ကို ကျင့်နေကြသူများဟု ဝန်ခံနေကြသည်။ ယခု သုန္ဒရီ၏ ရုပ်အလောင်းကိုသာ ကြည့်ကြလော့။ တစ်ကိုယ်လုံး အနိုင်ကျင့်၍ သတ်ဖြတ် စွန့်ပစ် ထားသည်ကို ဇေတဝန်ကျောင်း အနားမှ တွေ့ခဲ့ပြီ''ဟု မြို့လေးပြင် လေးပြ ကြွေးကြော်ကြသည်။ ထိုအကြောင်းမှာ တစ်မြို့လုံး ပွက်လော ရိုက်သွားသည်။ နားယောင်ပတ်ကား လူအများက ဆွမ်းခံကြွသော

သံဃာများအား တိုက်ရိုက် တဲ့တိုးပင် အပြစ် တင်လာကြသည်။' မေး လာကြ စစ်ဆေး လာကြသည်။

ရဟန်းများက ''ဤအမှုနှင့် ပတ်သက်၍ ငါတို့ တစ်စုံတစ်ရာမျှ မသိပါ''ဟုသာ တညီတညာတည်း ဖြေသည်။ ဗုဒ္ဓနှင့် တကွသော သာဝကဘို့အပေါ် ငြိုငြင်၍ အလှူအတန်းများ နည်းပါးတန်သလောက် နည်းပါးကာ သုန္ဒရီအပေါ်မှာ ကရုဏာ သက်ကြသည်။ သုန္ဒရီနှင့် ပတ်သက်၍ တိတ္ထိဂိုဏ်းကိုလည်း စိတ်ဝင်စား လာကြသည်။ သာဝတ္ထိ မြို့သား လူရမ်းကားများက ဆိုလျှင် သံဃာကို မြင်တိုင်း ကြမ်းတမ်း သော စကားဖြင့် ဆဲရေးကြ၊ ချုပ်ချယ်ကြ၊ ညှဉ်းပန်းကြသည်အထိ ဖြစ် လာသည်။

သံဃာတော်တို့ကမူ''ဤအမှုကို ငါတို့ တစ်စုံတစ်ရာ မသိပါ'' ဟု သာ မျက်နှာငယ်ငယ်ဖြင့် ပြန်ပြောကြရှာသည်။ ဈေး၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း၊ ဇရပ်၌လည်းကောင်း၊ တရားရုံး၌လည်း ကောင်း၊ ရေချိုးဆိပ်၌လည်းကောင်း၊ လယ်တော၌လည်းကောင်း၊ သေတင်းကုပ်၌လည်းကောင်း။ ဤအကြောင်း စကားသာ ရေပန်းစား နေလေသည်။

သို့သော် တစ်ခဲနက် ကဲ့ရဲ့ကြခြင်းဖြစ်စေ၊ တစ်ခဲနက် ချီးမွမ်းကြ ခြင်း ဖြစ်စေ၊ ခုနစ်ရက်သော ကာလ အတိုင်းအတာ အချိန်မှာသာလျှင် အရှိန်အဟုန်ကြီးမားတတ်ကြ၍ ခုနစ်ရက်မှကျော်လွန်လာခဲ့သည့်ကာလ၌ ကား အရှိန်အဟုန် လျော့ပါးအားနည်းလာကြသည်မှာ ဓမ္မတာ ဖြစ် လေသည်။

တစ်ခုထူးခြားလာသည်က ဤစကားနှင့် ပတ်သက်၍ သံဃာ တစ်ပါးပါးအား ပြောကြားစွပ်စွဲမိလျှင် ယခင်ကကဲ့သို့ ''ဤအမှုကို ငါတို့ မသိပါ'' ဟူသော စကားမှ....

''မိမိ မမြင်၊ မကြား၊ မတွေ့၊ မသိပါဘဲလျက် မြင်၏၊ ကြား၏၊ တွေ့၏၊ သိ၏ စသည်ဖြင့် မဟုတ်မမှန် ပြောလေ့ရှိသူသည် ငရဲသို့ ကျရောက်ရ၏။

မကောင်းမှုကို ပြုပြီးလျှင် ငါ မပြုဟု ပြောဆိုသောသူသည် လည်း ငရဲသို့ ကျရောက်ရ၏'' ဟူသော စကား ဂါထာကိုသာ တညီ တညွတ်တည်း ပြန်ဖြေကြကုန်သည်။ မည်သည့်ရဟန်းဖြစ်စေ ဤစကား ကို ညှိနှိုင်းတိုင်ပင်ထားသကဲ့သို့ ရှိသည်။ ထိုစကားမှတစ်ပါး မည်သည့် စကားကိုမှ ပြောင်းလဲပြောဆိုခြင်း မပြုကြ။ မျက်နှာလည်း မပျက်၊ ဒေါသထွက်ခြင်းလည်း မရှိ။ မကြည်မသာ ခံပြင်းသော အမူအရာကို

လည်း မပြ။ သည်းခံခွင့်လွှတ်သော သဘောအမူအရာဖြင့် ပြည့်စုံနေကြ တော့သည်၊

ထိုအခါကျပြန်တော့ သာဝတ္ထိမြို့သားတို့မှာ ပြန်လည် စဉ်းစား လာကြပြန်သည်။

''ဘယ်လိုလဲ၊ သာသနာပြင်ပ ဗာဟိရ အယူရှိကြတဲ့ တိတ္ထိများက အလောင်းကို ထမ်း၍ ကြမ်းတမ်းစွာ ပြောဆိုစွပ်စွဲ ဆဲရေးညှဉ်းပန်း သည့်တိုင်အောင် ဗုဒ္ဓ၏ တပည့် သာဝကတို့က သည်းခံနေကြတယ်။ 'မမြင် မကြား မသိဘဲ သိသည်၊ မြင်သည်ဟု ပြောတဲ့သူလဲ ငရဲကျလိမ့် မယ်' မိမိပြုခဲ့တဲ့အမှုကို မိမိ မပြုဟု ပြောတဲ့သူလဲ ငရဲကျလိမ့်မယ်ပဆိုတဲ့ စကားက စဉ်းစားစရာ ကောင်းလာပြီ။ သကျ သာကီဝင် မင်းသား များဖြစ်သည့် ရဟန်းတော်များနှင့်တကွ ဗုဒ္ဓကိုယ်တော်၌ အပြစ် ကင်းစင်တန်ရာသည်။ မဟုတ်တာ စွပ်စွဲမိလျှင် ငါတို့ပါ ငရဲသို့ကျရမည် ကဲ့သို့ ရှိနေပြီ''ဟု သံဝေဂဖြင့် ပြန်လည် ပြင်ဆင်၍ တွေးတောနေကြရ တော့သည်။

* * * *

မုသိကနှင့် သုဘဒ်တို့ နှစ်ယောက် သေတင်းကုပ်သို့ ဝင်လိုက် သည့်အခါ....တစ်နေရာ၌ ထန်းရွက်ဖျာကို တခမ်းတနား ခင်းထားပြီး ဒေါင်းလန်းကြီးပေါ်တွင် ချိုးကြော်၊ အမဲကင်စသော စားကောင်း သောက်ဖွယ်ရာတို့ အမြည်းစုံလင်စွာဖြင့် ကြွားကြွားဝါဝါ ယမကာ မှီဝဲနေသော သူရာသမား နှစ်ယောက်ကို တွေ့လိုက်ရသည်။ အနားပါး နီးရှိ စုတ်စုတ်ပြတ်ပြတ် ဆင်းရဲသား အသောက်သမားများက သူတို့ကို အားကျလျက် နှုတ်ခမ်း တပြင်ပြင် မျှော်နေကြရသည်။

''ဟေ့....သုဘဒ်။ ဟို နှစ်ကောင်ဟာလေ သောနုတ္တရနဲ့ နန္ဒိယ တို့ မဟုတ်လား''

မုသိကက တိုးတိုးမေးလိုက်သည့်အခါ သုဘဒ်က သေချာအောင် မျက်မှောင် ကုတ်ကြည့်လိုက်ပြီးမှ တအံ့တသြ....

''အမယ်....ပါပါ့၊ ခွေးမသားတွေ ဘယ်က ငွေရပေါက် တိုး လာလို့ ဖြိုးနေကျတယ် မသိဘူး။ လက်စသတ်တော့ နှစ်ကောင်စလုံး ရှိတယ်နော်''ဟု သုဘဒ်က ဝေဖန်လိုက်သည်။

''ဟေ့....မင်းတို့ သူရာကလဲ ချူချာလိုက်တာ။ ပေါ့ပျက်ပျက်နဲ့ ပါလားကွ။ ရေတွေ အဆမတန် ရောထားသလားဟေ့....''ဟု နန္ဒိယက အော်ကြီး ဟစ်ကျယ် လုပ်လာသည်။

"အေးအေး သောက်စမ်းပါ နန္ဒိယ"ဟု သောနုတ္တရက သတိပေးသည်။

"နွားနို့ကို ရေမရောတဲ့လူ၊ သူရာကို ရေမစွက်တဲ့ အရောင်းသမား၊ ဇမ္ဗူမှာ ရှာမှ ရှားတယ်လေ။ လူညံ့တွေကသာ ချဉ်ချဉ် တူးတူးမူးပြီးရော သောက်ကြတာကွ"

"ဟေ့ကောင်။ မင်း နည်းနည်းမူးရင် များများ စကားပြောတယ်"ဟု သောနုတ္တရက ဟန့်သည်ကို နန္ဒိယက ကြက်ခေါင်းဆိတ်မခံ။

"မင်းက ငါ့ကို အပုပ်ချတာလား၊ ဟုတ်လား"

"ခက်နေပါပြီ၊ ဒီကောင်"

နန္ဒိယက မျက်ထောင့်နီဖြင့် သောနုတ္တရကို စွေကြည့်သည်။

သုဘဒ္ဒက မုသိကကို တိုးတိုး ကပ်ပြောလိုက်သည်။

"ဒီကောင် မူးရင် သိပ်သွေးဆိုးတဲ့ အကောင်။ ဟိုလူကို ထိခိုက်၊ ဒီလူကို ထိခိုက်နဲ့"

"မင်းကပါ သခွပ်ပင်က မီးတကျိုကျို မလုပ်စမ်းနဲ့၊ သူ့ဟာ သူဘာပြောပြော"

"မဟုတ်ပါဘူး။ အရက်သမားချင်း အတူတူ, သည့်ပြင် လူကို နွားထင်တာတော့ မခံချင်ဘူး"

သုဘဒ္ဒ၏ အသံက မခံချင်သလောက် ခပ်ကျယ်ကျယ် ဖြစ်သွားသည်နှင့်....

"ဟေ့.... ဟိုဘက်က အကောင် ဘာပြောတာလဲ၊ မခံချင်ရင် ရန်ပြင်ပေါ့....လာ"

နန္ဒိယက ဝုန်းခနဲ ထလိုက်သည်။ သုဘဒ္ဒက ထမည်အပြု မုသိကဆွဲထားလိုက်သည်။

"ဟေ့....ဆွဲမထားပါနဲ့။ လွှတ်လိုက်စမ်းပါ။ ငါ့လက်က တစ်ခါသွေးစွန်းပြီးရင် မရဘူး"

အနားရှိ ဆင်းရဲသား နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ဟေ့....နန္ဒိယ မင်း တိဘ်မသား မတိဘ်ဘူးလား"ဟု သောနုတ္တရက ထဆွဲသည်။

"အံမာ သောနုတ္တရ မင်းကပါ သြဇာပေးလို့။ ငါ မွေးတဲ့မျောက်က ငါ့ပြန် ခြောက်တာပေါ့လေ"

"မင်းစကားတွေ လွန်ကုန်ပြီကွ"

''စကားလွန်လွန် လက်လွန်လွန်ကွာ၊ ငါ့လက်က (သွေးဆာ) နေပြီ။ သုန္ဒရီ နောက်တစ်ယောက် ဖြစ်ပါပေကွာ''

''ဟာ .. ဒီကောင်''

သောနုတ္တရ မျက်လုံး ပြူးသွားသည့် အချိန်နှင့် ဆင်းရဲသား နှစ်ယောက်က နန္ဒိယ၏ လက်မောင်းနှစ်ဖက်ကိုထကိုင်လိုက်ကြသည်မှာ တစ်ပြိုင်နက် ဖြစ်သွားလေသည်။

''ကောသလ ဘုရင့်အမိန့်နဲ့ မင်းတို့ကို ဖမ်းသဟေ့''

* * *

သာဝတ္ထိ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်လာပြန်သည်။

တိတ္ထိတို့၏ ကျောင်းကို စစ်တပ်နှင့် ဝိုင်းလိုက်သည်။

ကောသလ ဘုရင်ကိုယ်တိုင် ထိုအမှုကို စစ်ဆေးသည်။

လှည်း နေ လှေအောင်း မြင်းဇောင်းမကျန် နိုင်ငံအနှံ့ ဥက္ကော ဋ္ဌေယျ ဖြစ်ကြရပြန်သည်။

ဈေး၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း၊ ဇရပ်၌လည်းကောင်း၊ တရားရုံး၌လည်းကောင်း၊ ရေချိုးဆိပ်၌လည်းကောင်း၊လယ်တော၌လည်းကောင်း၊ သေတင်းကုပ်၌လည်းကောင်း။ အရပ်တကာမှာ ပြောစရာ သတင်းကြီးတစ်ပုဒ် ဖြစ်ရပြန်သည်။

နေ့ရက်များစွာ မကြာလိုက်ပါချေ။ သုန္ဒရီ၏အလောင်း အသုဘ ကို တယောင် တဆောင် ထမ်း၍ မြို့ လယ် လမ်းမကြီး တို့တွင် ''ရဟန်း ဂေါတမနှင့် သာဝကတို့က သတ်ဖြတ် စွန့်ပစ်ထားသည်'' ဟု တစ်တစ်ခွခွ စွပ်စွဲ ကြွေးကြော်ကြသော တိတ္ထိ ဆရာကြီးများပင် လှည့် လည် ကြွေးကြော်နေကြပြန်သည်။ ဤအခါမှာတော့ သုန္ဒရီ၏ အသုဘ အစား အာဏာသားများ ဝန်းရံ လိုက်ပါလာ၏။

စွပ်စွဲသည့် စကားအစား ဝန်ခံသည့် စကားဖြစ်လာသည်။

''မြို့သူ မြို့သား အပေါင်းတို့....။ငါတို့၌ လာဘ်လာဘ ပူဇော် သက္ကာရ နည်းပါးခဲ့ပါသည်။ကြည်ညိုသူများရှားပါးခဲ့ပါသည်။ရဟန်း ဂေါတမနှင့် သာဝကများ၌သာ ကြည်ညိုပူဇော် လှူဒါန်းကြသည်ကို ငါတို့ မနာလို သဝန်တိုသောကြောင့် သုန္ဒရီနှင့် ယုံမှားအောင် ငါတို့က ပင် ကြံဆောင် ပြုလုပ်စေခဲ့ပါသည်၊ ထိုသုန္ဒရီအား ငါတို့ပင် သတ်ဖြတ် သုတ်သင်စေ၍ ငါတို့ပင် လှည့်လည်စွပ်စွဲ ရဟန်းဂေါတမ အကျိုးနည်း အောင် ကြွေးကြော်ခဲ့ကြပါသည်။ စင်စစ်ကား ရဟန်း ဂေါတမနှင့်



## ပါရာဇိကကံ လုပ်ကြံမှု

"အကြင်ရဟန်းသည် မေထုန်မှီဝဲအံ့။ ထိုရဟန်းသည် ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ကံကြီးကံငယ် ပေါင်းသင်းခွင့် မရှိစေရ"

မြတ်စွာဘုရားသည် သာသနာတော် သန့်ရှင်းတည်တံ့ ခိုင်မြဲစေခြင်းငှာ မကြည်ညိုသူများကကြည်ညို၍၊ ကြည်ညိုသူများက ပိုမိုကြည်ညိုကြစေခြင်းငှာ ပဌမ ပါရာဇိက သိက္ခာပုဒ်ကိုရှေးဦးစွာ အရှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူရလေသည်။

အရှင်သုဒိန်သည် မိမိကိုယ်တိုင် သဒ္ဓါဆန္ဒ ပြင်းပြစွာ သာသနာတော်သို့ ဝင်လာသူဖြစ်သည်။ ဝေသာလီပြည် ကလန္ဒရွာဝယ် ကုဋေလေးဆယ် ကြွယ်ဝသော ကလန္ဒ သေဋ္ဌေး၏သားဖြစ်သည်။

သူသည် ကိစ္စတစ်စုံတစ်ခုအတွက် ဝေသာလီမြို့သို့ ရောက်စဉ်ဘုရားရှင်ကို ဖူးမြော်၍ တရားတော်ကို ကြားနာရသောအခါ သာသနာတော်၌ ကြည်ညိုစိတ်ပြင်းထန်၍ မြတ်စွာဘုရားထံ ရဟန်းပြုပေးပါရန် တောင်းပန်သည်။

"မိဘတို့ ခွင့်မပြုအပ်သောသားကို ရဟန်းပြုမပေးကောင်း" ဟု မြတ်စွာဘုရားက မိန့်တော်မူသောအခါ ကလန္ဒ ရွာသို့ပြန်၍ မိဘထံ ခွင့်တောင်းသော်လည်း ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြသော မိဘ နှစ်ပါးစလုံးက အပြင်းအထန် ကန့်ကွက်ကြသည်။ မယားဖြစ်သူကလည်း ငိုကြွေး၍ တားဆီးသည်။ ထိုအခြေအနေမှ မရမနေ ဆန္ဒပြသောကြောင့်

တစ်ဦးတည်းသော သားကို မကြည်မသာ မလွှဲသာ၍ ခွင့်ပြုလိုက်ရသည်။

ရဟန်းပြုပြီးသောအခါ (ကိလေသာတို့ကို ခါပစ်ကြောင်းဖြစ်၍ 'ဓုတင်'ဟု ခေါ်သော) အကျင့်များကို ဆောက်တည်နေခဲ့သည်။ 'ဝိဇ္ဇတိုင်း'၌ ရဟန်းများနှင့် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေကြဆဲအခါ ဆွမ်း ကွမ်း ရှားပါး ပြတ်လပ်သောကြောင့် မိဘတို့ကို အားကိုး၍ ကလန္ဒရွာသို့ အဖော်ရဟန်းများကိုပါ ခေါ်ငင်ကာ ပြန်ကြွလာခဲ့သည်။

ထိုအခါ အမိဖြစ်သူက ကုဋေလေးဆယ်ဥစ္စာတို့ကို အမွေဆက်ခံမည့်သူ 'သား'ရပါစေကြောင်း မယားဟောင်းအား မေထုန် သံဝါသအမှုကို အပြုခိုင်းသည်။ ထိုအခါ ပါရာဇိက သိက္ခာပုဒ် ပညတ်ထားခြင်းလည်း မရှိသေး။မိမိ၏အလိုဆန္ဒကို လိုက်လျောခဲ့သော မိဘ၏တိုက်တွန်းမှုကို ဆောင်ရွက်ပေးလိုက်ရုံမျှဖြင့်လည်း အပြစ်ကြီးစွာ မဖြစ်နိုင်ဟု ရိုးသားစွာ ယုံကြည်မိသောကြောင့် သာသနာတော်နှင့် မလျော်သော အမှုကို ပြုမိရသည်။ ထိုအပြစ်ကြောင့်ပင် နောင်တကြီးစွာဖြင့်တစ်ဘဝလုံး တရားထူး မရရှာတော့ချေ။ ဝိနည်းဥပဒေတော် မပြုရသေးမီဖြစ်၍ ရဟန်းဘဝမှာ နေရပါသေး၏။

အရှင်သုဒိန် မျိုးစေ့သန္ဓေပေးလိုက်သော သားကလေးနှင့် မိခင်တို့ကား နောင်အခါ သာသနာ့ဘောင်သို့ ဝင်လာကြ၍ သားအမိနှစ်ဦးလုံး ရဟန္တာ ဖြစ်ကြပေသေးသည်။

("ပါရာဇိက"ဟူသော အင်္ဂလိပ်ဝါဟာရ မဟုတ်—အဓိပ္ပာယ်မှာ မြတ်စွာဘုရား၏ သာသနာတော်မှ ဆုံးရှုံးခြင်း၊ လူဝတ်လဲသွားရခြင်း၊ တစ်ဖန်ပြန်၍ရဟန်း မခံရခြင်း ဖြစ်သည်။)

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဒဗ္ဗသည် ရဟန်းတို့အား အိပ်ရာနေရာတို့ကို စီစဉ်ပေးခြင်း၊ ဆွမ်း စာရေးတံမဲ ချမှတ်ညွှန်ကြားပေးခြင်း ကိစ္စတို့ကို ဆောင်ရွက်ပေးနိုင်ခွင့် ဝေယျာဝစ္စကို မြတ်စွာဘုရားထံ လျှောက် တောင်းပန်သည်။ မြတ်စွာဘုရားသည် မလ္လမင်း၏ သားဖြစ်သော အရှင်ဒဗ္ဗမှာ ခုနစ်နှစ်သား အခါကပင် အာသဝေါကင်းကွာသော ရဟန္တာ ဖြစ်ခဲ့သည်ကို သိတော်မူသည့်အား လျော်စွာ ခွင့်ပြုတော်မူ၍ သံဃာသမုတိ—သံဃာတော်များက အသိအမှတ် ပြုစေသည်။

စာရေးတံမှဲ့ ဆိုသည်မှာ 'နက်ဖြန် မည်သည့် ဒါယကာက ပင့်ဖိတ်ထားသော ဆွမ်းကို မည်သည့်ရဟန်းက ကြွရောက်ဘုဉ်းပေးတော်မူရန် ဖြစ်ပါသည်' ဟု စီစဉ် ညွှန်ကြားပေးရခြင်း ဖြစ်သည်။

မြတ်စွာဘုရား၏ သာဝက ရဟန်းများစွာ ရှိသည့်အနက် အမည်သတင်း မကောင်းသောခြောက်ပါးစု ရဟန်းအဖွဲ့တစ်ခုရှိသည်။ခြောက်ပါးစုဖြင့် သာသနာတော်ကို ဝင်လာကြသူများ ဖြစ်၍ 'ဆဗ္ဗဂ္ဂီ'ဟုအမည်တွင်သည်။ သူတို့ အားလုံး သာဝတ္ထိ ပြည်သားများ ဖြစ်ကြသည်။ အမည်အားဖြင့်'ပဏ္ဍုက၊ လောဟိတက၊ မေတ္တိယ၊ ဘူမဇက၊ အဿဇိ၊ ပုနဗ္ဗသုက' ဟူ၍ဖြစ်သည်။

သူတို့ သူငယ်ချင်း ခြောက်ယောက်ဘို့မှာ လူ့လောက အသက်မွေးမှု ကိစ္စဘို့ကို အပင်ပန်းခံ၍ မလုပ်လိုကြသောကြောင့် သာသနာတော်ကို ဝင်လာကြခြင်းဖြစ်သည်။ ထို့ထက် ရှင်းရှင်း ပြောရလျှင် သာသနာတော်မှာ စားဝတ်နေရေး ချောင်သည်ကို သိ၍ ဖြစ်သည်။ ဒါယကာတို့က စားဦးစားဖျား အမွန်အမြတ်တို့ကို ပေးလှူကြသည်။ သင်္ကန်းပရိက္ခရာ အကောင်းဆုံးတွေကို ရသည်။ အိပ်ရာ နေရာကျောင်းတို့ကို ဒါယကာတွေက အထွတ်အမြတ် ထား၍ လှူဒါန်းနေကြသည်။

သူတို့ ခြောက်ယောက် ရဟန်းခံသည်မှ အစ သူတို့၏ သဘောထားမှာ အခွင့်ထူးခံ အတန်းအစား ဖြစ်နိုင်ကြရန် အကြံအဖန် အပြည့်နှင့် ဖြစ်သည်။ ရဟန်းခံသည်သော်မှ ကိစ္စ ကြီးငယ် ဖြစ်ပေါ်လာလျှင် အကာအကွယ် ဖြစ်နိုင်အောင် ဗုဒ္ဓမြတ်စွာ၏ အဂ္ဂသာဝက ကိုယ်တော်နှစ်ပါးထံ၌ တစ်ဦးစီ ခွဲ၍ ရဟန်းခံကြသည်။ ထိုကိုယ်တော်နှစ်ပါး မှာ ဗုဒ္ဓမြတ်စွာမှ လွဲလျှင်မျက်နှာ အကြီးဆုံး၊အထင်ရှားဆုံး ဖြစ်သည်မဟုတ်ပါလော။

ရဟန်းသိက္ခာ ငါးဝါစီ ရပြီးသော် မာတိကာကို လေ့လာ နိုင်နင်းအောင် ပြုကြပြီး ခြောက်ပါး တိုင်ပင်၍ အစီအစဉ်ချကြသည်။ ထိုအစီအစဉ်က တစ်မြို့တစ်ဌာနတွင် နှစ်ပါးစီခွဲ၍ ပစ္စည်းလေးပါးပေါများသော ဒါယကာ ရှာခြင်း၊ တပည့်မွေးခြင်း ပြုလုပ်ကြရန် ဖြစ်သည်။ သူတို့၏ ဝါဒကား 'ဆရာမွေး၊ တပည့်မွေး ဝါဒ' ဖြစ်သည်။

ထိုအစီအစဉ်ဖြင့် 'ပဏ္ဍုကနှင့်လောဟိတက' ရဟန်း နှစ်ပါးက သာဝတ္ထိပြည်မှာ သီတင်း သုံးကြသည်။ 'မေတ္တိယနှင့်ဘူမဇက' ရဟန်းနှစ်ပါးက ရာဇဂြိုဟ် ပြည်မှာ သီတင်းသုံးကြသည်။'အဿဇိ နှင့် ပုနဗ္ဗသုက'ရဟန်း နှစ်ပါးက ကိဋာဂီရိ ဇနပုဒ် တိုက်နယ်ကြီးမှာ သီတင်းသုံးကြသည်။ အသီးသီး စည်းရုံး ဆွဲဆောင် တပည့် မွေးကြရာ သာသနာ

တော် ဝယ် ပြော့ရိ ပျော့ရဲ ပေါ်ပေါ်တန်တန် နေလိုကြသည့် တပည့်များ ရရှိကာ တစ်ဖွဲ့လျှင် ငါးရာစီမျှ တိုးပွား၍ ရဟန်း၊ ရဟန်း မ တစ်ထောင့်ငါးရာ ကျော် အထိ ရှိခဲ့သည်။ ထို တပည့်ရဟန်းတို့ကို လည်း ခေါင်းဆောင် ရဟန်း ခြောက်ဦးကို အစွဲပြု၍ ‘ဆဗ္ဗဂ္ဂီ ရဟန်း များ’ ဟုပင် အသိအမှတ် ပြုကြသည်။

ထို ဆဗ္ဗဂ္ဂီ ရဟန်းတို့အနက် ပဏ္ဍုက ရဟန်းနှင့် လောဟိတက ရဟန်းတို့သည် ပရိသတ် ငါးရာတို့နှင့်တကွ သီလရှိကြသည့် သီလဝန္တ ပုဂ္ဂိုလ်တို့သာ ဖြစ်သည်။ မြတ်စွာဘုရားနှင့် အတူတကွ ဒေသစာရီ လှည့်လည်ရာသို့ လိုက်ပါကြပြီး ပညတ်မှု မရှိသေးသော အမှုတို့ကို ကျူးလွန်မိကြစေကာမူ ပညတ်တော်မူသည့် အချိန်မှစ၍ စောင့်ရှောက် ကြသည်။ ကုန်သည် နှစ် ပက္ခ (အစု နှစ်စု) ဆရာနှင့် တပည့်တို့ကား ဝိနည်းတော်ဖြင့် ပညတ်တော် မမူသေးမီလည်း ကျူးလွန်ကြသည်၊ ပညတ် တော် မူပြီးသည့် အချိန်အခါတွင်လည်း ကျူးလွန်ကြသည်။ ထို့ကြောင့် အချို့သော ဆဗ္ဗဂ္ဂီ ရဟန်းတို့မှာ အလဇ္ဇီများ (အရှက်မရှိသူများ) ဟု မကောင်းသတင်း ရှိကြသည်။ ဝိနည်းအရေးကို လိမ္မာသော ဗုဒ္ဓဥပါသကာ ဒါယကာများက နှစ်နှစ်ကာကာ သဒ္ဓါတရား မရှိကြချေ။

တစ်နေ့သော် ကလျာဏဘတ္တိက အမည်ရှိသော ဒါယကာက သူ့အိမ်တွင် ဆွမ်းကျွေးရန် သံဃာ နှစ်ပါး ညွှန်းတော်မူပေးပါဟု အရှင် ဒဗ္ဗအား လျှောက်ဆို၏။ အရှင် ဒဗ္ဗကလည်း ကောင်းပြီ ဒါယကာ ဟု ဝန်ခံလိုက်၏။ ကလျာဏဘတ္တိက ဟူသော အမည်နှင့် ညီအောင် ဆွမ်းကို အကောင်းဆုံး၊ အမွန်မြတ်ဆုံး တို့ကို ပေးလှူ ဆက်ကပ်လေ့ ရှိသူ ဖြစ်သည်။ သူ၏ ဆွမ်းကို ဆွမ်းစားရန် စာရေးတံမဲ့ကျသူ နှစ်ပါး မှာ ဆဗ္ဗဂ္ဂီ အဖွဲ့ဝင် မေတ္တိယ ရဟန်းနှင့် ဘုမ္မဇက ရဟန်း နှစ်ပါးတွဲ ဖြစ်နေလေသည်။

“အရှင်ဘုရားတို့....အရှင်တို့ နှစ်ပါးသည် နက်ဖြန် နံနက်တွင် ကလျာဏဘတ္တိက သူကြွယ်အိမ်သို့ ဆွမ်းစား ကြွတော်မူကြရမည် ဖြစ် သည်” ဟု အရှင် ဒဗ္ဗက သတင်းပေးနှင့်သည်။ ထိုအခါ ဆဗ္ဗဂ္ဂီ တစ် ပါးက တစ်ပါးကို ပြောပြ၏။

“အို....ကံကောင်းလိုက်တာ။ အရှင်ဘုရားနဲ့ တပည့်တော်မှာ ဆွမ်းကောင်း ဟင်းကောင်း မစားရတာ ကြာလှပြီ။ နက်ဖြန် မနက် တော့ ကောင်းပေ့ ဆိုတဲ့ အာဟာရတွေ ဗိုက်ကားအောင် စားရတော့ မှာပဲ” ဟု မေတ္တိယ ရဟန်းက ဘုမ္မဇက ရဟန်းကို ဝမ်းသာ အားရ ပြောသည်တွင်....

''ဝမ်းသာတာ အလျင် မလိုပါနဲ့ဦး ငါ့ရှင်ရယ်။ 'ဒဗ္ဗ'- ဆိုတဲ့ ကိုယ်တော်က တပည့်တော်တို့ကို အိပ်ရာ နေရာပေးလျှင် အညံ့ဆုံးနေရာမှ သတ်မှတ်ပေးတာ မဟုတ်လား။ တပည့်တော်တို့ကို ကြည်ညိုပုံ မရဘူး''ဟု နဂိုကတည်းက အရှင် ဒဗ္ဗ အပေါ် သံသယဖြင့် အငြိုးရှိနေသည့် ဘူမဇက ရဟန်းက ပြောသည့်အခါ...

''နေရာပေးတာကတော့ တပည့်တော်တို့ နှစ်ပါးက အခြားသော ရဟန်းများထက် အသက်ငယ်လို့ အညံ့စား နေရာကို ရတာဖြစ်မှာပါ။ အခု ကလျာဏဘတ္တိက သူကြွယ်ကတော့ အသက် ငယ်ငယ်ကြီးကြီး အကောင်းဆုံး ဆွမ်းတွေသာ ကျွေးလေ့ရှိတာ ကျော်ကြားနေတာပဲ''ဟု မေတ္တိယ ရဟန်းက ဖြေသိမ့်လိုက်ရသည်။

အကြောင်း တိုက်ဆိုင် ဖန်တီးလာသည်ကား ထိုညနေပင် ကလျာဏဘတ္တိက သူကြွယ်သည် ဝေဠုဝန်ကျောင်းတော်သို့ ကိစ္စတစ်ခုဖြင့် လာရာ အရှင် ဒဗ္ဗ ကိုယ်တော်ကို တွေ့ကြုံသဖြင့် နက်ဖြန် နံနက်သူ့အိမ်ကို ဆွမ်းစားကြွရန် စာရေးတံမဲ့ကျသော ရဟန်းကို စုံစမ်း မေးလျှောက်မိသည်တွင် ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ရဟန်းနှစ်ပါး ဖြစ်နေကြောင်း သိရလေတော့သည်။

ပင့်လျှောက်သွားပြီး ကိစ္စကို ဖျက်ရန်ကလည်း မသင့်တော်။ဆွမ်းကပ်ရမည်ကလည်း ကြည်ညို သဒ္ဓါတရား မရှိ။ ''ငါ့အဖြစ်နှယ် ဆိုးလေခြင်း''ဟု မကျေမနပ်ဖြင့် အိမ်ပြန်ရောက်ခဲ့ရသည်။

တစ်လမ်းလုံး မကြည် မသာသော စိတ်သည် ဒေါသအသွင်ပြောင်းခဲ့လေပြီ။ ထို့ကြောင့် အခိုင်းအစေ ကျွန်မတို့ကို ခေါ်ကာ....

''နက်ဖြန်ခါ သံဃာတော် နှစ်ပါးကို ဆွမ်းကျွေးဖို့ ကောင်းနိုးရာရာ မွန်မြတ်တာတွေ မစီစဉ်နဲ့တော့။ ဆန်ကွဲကို ပုန်းရည်ဟင်းနဲ့သာ အိမ် ကပြင်မှာ ထုတ်ကျွေးလိုက်ကြ။ငါကိုယ်တိုင်တောင် ထွက်တွေ့ဖို့ မလိုဘူး။ နင်တို့ကပဲ ကျွေးလိုက်။ သူတို့က မေးလျှင်လဲ ဒီအတိုင်း ပြန်ပြော။ နားလည်သား''ဟု သဘောက်သဟ မိန့်မှာထားလိုက်သည်။

နံနက်မိုးသောက် အလင်းရောက်သော် ဝေဠုဝန် ကျောင်းတော်မှာ မေတ္တိယနှင့် ဘူမဇက ရဟန်းနှစ်ပါး ကလျာဏဘတ္တိက အိမ်သို့ ပျော်ပျော်ပါးပါး ဆွမ်းစား ကြွလာကြသည်။

အစေခံများက အိမ်ကပြင်တွင် နေရာ ပေးထားကြသည်။

''ဘယ့်နှယ်လဲ။တပည့်တော်တို့ကို အိမ်တွင်းတောင် နေရာ မပေးပါကလား''

''အိမ်တွင်းမှာ ဆွမ်းပြင်နေကြလို့ ဖြစ်ပါလိမ့်မယ်''

''အဲသည်နေရာမှာ သင့်အကူအညီကို ရလျှင် ဒဗ္ဗရဟန်း သာသနာတော်မှာ ကျဆုံးသွားနိုင်တယ်''

''တပည့်တော်မက ဘယ်လို အကူအညီ ပေးစေချင်သလဲ''

''ဒဗ္ဗ ရဟန်းကို ပါရာဇိကံနှင့် စွပ်စွဲလိုက်ပေါ့။ သူက ဝန်မခံဦး။ သံဃာများက သံသယရှိလျှင် သူ့ ဂုဏ်သတင်း ကျဆင်းပြီး လက်ရှိရာထူးမှ ပြုတ်သွားစရာ ရှိတယ်''

''ဟုတ်တယ်။ သင်၏ ရုပ်အဆင်းနှင့် အပြောအဆို ဟန်ပန်အမူအရာ လိမ္မာ ပါးနပ်ပုံဟာ ဘယ်သူမှ မယုံစရာ မရှိဘူး''

ရှင်မေတ္တိယကပါ ထောက်ခံ အားပေးလာသည်။ ဤအကြံကို သတိရသည့် ဘုမဇကကိုပင် ''မြင်တတ်ပါပေ့''ဟု ချီးမွမ်းသည်။ မေထုန်အမှုကြောင့် ရှင်သုဒိန်သံဃာ့ဂုဏ် လျှောကျ ပျက်စီး သွားရသည်မှာ ရဟန်းဘောင်တွင် အဓိကရ တုန်လှုပ် ချောက်ချားကြရသည် မဟုတ်လော။

မလိမ္မာသော အမြှောက်ကြိုက်သူကို မိုက်မဲသော အငြိုးရှိသူက တိုက်တွန်းသဖြင့် မေတ္တိယာဘိက္ခုနီက ''အာမဘန္တေ'' ခံလိုက်သည်။

မေတ္တိယာသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးသော် ညှိုးလျော်သော မျက်နှာဖြင့် ဤသို့ လျှောက်ထားလေသည်။

''မြတ်စွာဘုရား။ ဒီကိစ္စကြီးဟာ သိပ် မတော်တာပါပဲ ဘုရား။ ဘေးရန် ဥပဒ်မရှိဖူးတဲ့ အရပ်ဒေသဟာ ယခုတော့ ဘေးရန်ဥပဒ် ရှိနေပါပေါ့ ဘုရား။ လေမရှိတဲ့အရပ်က လေတိုက်ခတ် နေပါပေါ့ ဘုရား။ အေးမြပေ့ဆိုတဲ့ ရေကလဲ မီးလို ပူပြီ ဘုရား။ ရှေ့မျက်နှာ နောက်ထားပြီး လျှောက်ပါရစေတော့။ ရဟန္တာလို့ ကျော်စောနေတဲ့ အရှင်ဒဗ္ဗက တပည့်တော်မကို ဖျက်ဆီးပါတယ် ဘုရား''ဟု ဝမ်းနည်းသံကလေးနှင့် လျှောက်ထား တိုင်ကြားတော့သည်။

မြတ်စွာဘုရားသည် (အကြောင်းမှန်ကို သိပါသော်လည်း အများကျေနပ်စေရန် ထုံးစံအတိုင်း) သံဃာတို့ကို စည်းဝေးစေတော်မူ၍ အရှင်ဒဗ္ဗကို မေးမြန်းတော် မူလေသည်။

''ဒဗ္ဗ၊ မေတ္တိယာဘိက္ခုနီက သင့်အပေါ်မှာ ဒီလို ဒီလို ပြောဆိုနေတယ်။ သူ ပြောသလို သင် ပြုမိသလား''

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား…။ သိတော်မူတဲ့ အတိုင်းပါ ဘုရား''

မြတ်စွာဘုရားက ဤအတိုင်း မေးသည်။ အရှင်ဒဗ္ဗကလည်း ဤအတိုင်းပင် ဖြေသည်။ သုံးကြိမ်တိုင်အောင် မေးတော်မူရာ အရှင်ဒဗ္ဗကလည်း သုံးကြိမ်တိုင်တိုင် ဤအတိုင်းသာ ဖြေသဖြင့်....

"ဒဗ္ဗ....ပညာရှိများဟာ (သူများအပေါ် တာဝန်ချ၍) သင်ပြောသလို၊ သင် ဖြေသလို ဖြေလေ့ မရှိကြ။ ဘိက္ခုနီပြောသလို ပြုမိလျှင် ပြုမိကြောင်း၊ မပြုမိလျှင် မပြုမိကြောင်း အတိအလင်း ဖြေရှင်းပါ"ဟု မေးတော်မူမှ....

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တပည့်တော်သည် မွေးသည့် နေ့ကစ၍ မေထုန်မှီဝဲမှု ဆိုတာ အိပ်မက်မျှ မမက်ဖူးပါ"ဟု ရဟန္တာပီပီ တည်ကြည် ရဲရင့်စွာ အရှင်ဒဗ္ဗ ဖြေတော် မူလိုက်သည်။ နိုးနေလျှင်ကား ဆိုဖွယ်ရာ မရှိဟု သိသာနိုင်၏။

မြတ်စွာဘုရားသည် (အရှင်ဒဗ္ဗကား နဂိုကပင် 'လဇ္ဇီ' သူတော်ကောင်းဟု ထင်ရှားနေသော ပုဂ္ဂိုလ် ဖြစ်၏။ မေတ္တိယာ ဘိက္ခုနီကား နဂိုကပင် 'အလဇ္ဇီ' ဒုဿီလာဟု ထင်ရှား၏။ လဇ္ဇီ ပုဂ္ဂိုလ်အတွက် သူ၏ ပဋိညာဉ် ဝန်ခံချက်အတိုင်း ဆုံးဖြတ်နိုင်၏ဟု ဝိနည်းထုံး တစ်ခု ဖြစ်စေတော်မူလိုခြင်းကြောင့် မေတ္တိယာ ဘိက္ခုနီမ မတရားစွပ်စွဲသူ ဖြစ်ရကား။

"မေတ္တိယာ ဘိက္ခုနီကို လူဝတ်လဲစေ။ (သူသည်) သူ့ အလိုအတိုင်း မဟုတ်။ သူ့ကို အားပေး တိုက်တွန်းသော ရဟန်းများ ရှိသည်။ ထိုရဟန်းများကို ရှာဖွေ စစ်ဆေးကြ"ဟု မိန့်တော်မူပြီးလျှင် ဂန္ဓကုဋိ တိုက်တော်သို့ ဝင်တော်မူလေသည်။

မဟုတ်မမှန် စွပ်စွဲသည်ကို မခံ မရပ်နိုင်သော ရဟန်းများက အဝတ်ဖြူကိုပေး၍ မေတ္တိယာ ဘိက္ခုနီအား လူထွက်ခိုင်းကြသောအခါ မတရား စွပ်စွဲသူ ဆဗ္ဗဂ္ဂီတရားခံ နှစ်ပါးက သူတို့၏ အပြစ်ဖြစ်ကြောင်း ဝန်ခံကြဘော့သည်။

(ဝန်မခံ၍လည်း မဖြစ်။ ဆဗ္ဗဂ္ဂီဘိက္ခုနီနှင့် ဆဗ္ဗဂ္ဂီဆရာ ရဟန်းတို့ တစ်ဂိုဏ်းတည်းဖြစ်ကြောင်း ရဟန်းတော်များအားလုံးက သိကြသည်။)

ထိုအမှုနှင့် ပတ်သက်၍ "အခြေအမြစ် မရှိသော ပါရာဇိကဖြင့် စွပ်စွဲ ရမလားဟု ဘုရားရှင်အား လျှောက်ကြပြန်ရာ ဘုရားရှင်လည်း ဆဗ္ဗဂ္ဂီ ရဟန်းများအား ရှုတ်ချတော်မူပြီးလျှင် ဤသို့သော သိက္ခာပုဒ်ကို ပညတ်တော် မူလေသည်။

''အကြင်ရဟန်းသည် သူ့ကို ဒေါသက ဖျက်ဆီးအပ်သည် ဖြစ်၍ (စိတ်ဆိုး၍၊ သက်သက်မုန်း၍) အခြေအမြစ် မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲအံ့။ ထိုရဟန်းမှာ 'သံဃာဒိသေသ်' အာပတ်သင့်စေ''

ပါရာဇိကမှု ပြုကျင့်နေသည်ကို မြင်၍ သို့မဟုတ် သူတစ်ပါးထံ တစ်ဆင့် ကြားရ၍ သို့မဟုတ် ဆိတ်ကွယ်ရာ၌ ဖြစ်စေ။ မှောင်ထဲ၌ ဖြစ်စေ။ မာတုဂါမနှင့် အတူနေသည်ကို တွေ့ရသဖြင့် ပါရာဇိက အမှုကို ပြုလေသလားဟု ယုံမှားသံသယဖြစ်၍ စွပ်စွဲလျှင် မြင်ခြင်း။ ကြားခြင်း။ ယုံမှားခြင်း ဟူသော သုံးပါးတွင် တစ်ပါးပါး အကြောင်းဟူသော အခြေအမြစ် ရှိ၏။ ထို သုံးပါးလုံး မရှိဘဲ စွပ်စွဲလျှင်ကား အခြေအမြစ် မရှိသော စွပ်စွဲခြင်း မည်၏။ ထိုသို့ အခြေအမြစ် မရှိဘဲ သက်သက် အရှုက်တကွဲ အကျိုးနည်းဖြစ်အောင် စွပ်စွဲလျှင် စွပ်စွဲရာ ခဏ၌ပင် 'သံဃာဒိသေသ်' အာပတ်သင့်၏။

*　　　　*　　　　*

မေတ္တိယနှင့် ဘူမဇက ရဟန်းတို့သည် ရှေ့ သိက္ခာပုဒ်လာ ပထမ ဝတ္ထုပါ (အကြံအဖန်ဖြင့်)အရှင်ကောင်း ဒဗ္ဗအား သိက္ခာ မချနိုင်သည့် အပြင် မိမိတို့အပေါ် ပို၍ နာမည်ပျက်ကြရကား အခဲမကျေ ရှိကြလေသည်။ အချက်ကောင်း အကွက်ကောင်း ရအောင် အမြဲ ကြံစည်နေကြသည်။

တစ်နေ့သော အခါ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာရာ လမ်းတွင် ဆိတ်မ တစ်ကောင်ကို မေထုန် မှီဝဲနေသော ဆိတ်ဖိုကြီးကို မြင်ကြသည်။

''ဟေ့....ဟေ့....ငါ့ရှင်တို့။ ဟို ဆိတ်ဖိုကြီးရဲ့ အမည်ကို သိကြရဲ့လား''

''မသိဘူး ဘုရား''

''မသိလျှင် မှတ်ထားကြ။ ဒဗ္ဗမလ္လပုတ္တလို့ ခေါ်တယ်။ ဆိတ်မကလေးရဲ့ အမည်ကော သိကြရဲ့လား''

''မသိဘူး ဘုရား''

''ဆိတ်မကလေး အမည်က 'မေတ္တိယာ' လို့ ခေါ်တယ်။ ကဲ.... ဒီတော့ 'ဒဗ္ဗမလ္လပုတ္တ' က 'မေတ္တိယာ' နှင့် မေထုန် ပြုကျင့်နေတာကို မြင်ကြတယ် မဟုတ်လား''

''မြင်ကြပါတယ် ဘုရား''

"ကဲ.. ဒီတော့ ကိုယ်တိုင်မြင်ခြင်း၊ ကိုယ်တိုင်ကြားခြင်း၊ ကိုယ်တိုင် ယုံမှားခြင်းဆိုတဲ့ အခြေအမြစ်သုံးပါးမှာ ခိုင်လုံတဲ့ အခြေအမြစ်နှစ်ပါးတောင်ရပြီ၊ အဲဒီ အခြေအမြစ်များနှင့် ရဟန်း ဒဗ္ဗကို ပါရာဇိကစွပ်စွဲကြရအောင်။ ဒီလိုမှ တို့ သိက္ခာကို ပြန်ဆည်နိုင်ကြမယ်။ အရှင်ဘုရားတို့ ဘုရားထံ သွားလျှောက်ကြပေတော့"


ဆဗ္ဗဂ္ဂီ ဆရာနှစ်ပါးတို့၏ ဩဇာခံရဟန်းများက မြတ်စွာဘုရားထံ အမှုဖွင့်ကြပြန်လေ၏။ သိမြင်တော်မူသော မြတ်စွာဘုရားသည် ထုံးစံအတိုင်း သံဃာများသိနိုင်ရန်၊ ကြားနိုင်ရန်၊ အဆုံးအဖြတ် ပြုနိုင်ရန်၊ ဝိနည်းသိက္ခာပုဒ် ပညတ်တော် မူနိုင်ရန် သံဃာများ စည်းဝေးစေသည်။

တိတိကျကျ စစ်ဆေးမေးမြန်းတော် မူလိုက်လျှင် အမှန်တရားကို မဖုံးကွယ်နိုင်ကြတော့ဘဲ သူတို့ အကြံအစည်၊ သူတို့၏လုပ်ကြံမှု ဘူးပေါ်သလို ဘွားဘွားပေါ်ကြတော့သည်။ ထို့ကြောင့် ဗုဒ္ဓသခင်သည် 'ဒုဋ္ဌဒေါသ သိက္ခာပုဒ်' ကို ပညတ်တော် မူရပြန်လေသည်။

"အကြင် ရဟန်းသည် ဒုဋ္ဌဒေါသ (ပြစ်မှားသော) စိတ်ဖြင့် အခြားသူ၏ အမျိုးအမည်စသည်ကို အခြားသူ၌ ပြောင်းလဲမှည့်ခေါ်၍ ထိုအမျိုးတူခြင်း၊ နာမည်တူခြင်း စသော အမြွက်လောက်ကို စွဲပြီးလျှင် 'သူ့ကို သာသနာတော်မှရွှေ့လျောအောင် တတ်နိုင်လျှင်ကောင်း၏' ဟု ကြံစည်၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲအံ့။ ထိုရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏။ (ထိုစွပ်စွဲပြီးနောက် အခြားရဟန်းတို့က စစ်ဆေးအပ်သည် ဖြစ်စေ၊ မစစ်ဆေးအပ်သည် ဖြစ်စေ။ သူ၏ အာပတ် ဟူသော အဓိကရုဏ်းသည် စွပ်စွဲခံရသူအတွက် မဟုတ်ဘဲ အခြားတစ်ဦးအတွက်လည်း ဖြစ်နေ၏။တစ်စုံတစ်ခုကို ဆင်တူယိုးမှားဖြစ်အောင် အမြွက်ထောင်ထားကြောင်း ထင်ရှား၏။ ယိုရဟန်းသည်လည်း မိမိအပြစ်ကို ဝန်ခံရတော့သည်။)

(သံဃာဒိသေသ်= သံဃ+အာဒိ+သေသ၊ သံဃာများဖြင့် အစ–အလယ်–အဆုံးကိစ္စ သုံးပါးလုံး ဝန်ခံဖြေရှင်း ကုစားရခြင်း)

စူဠဝါ ပါဠိတော် မြန်မာပြန်၊
မဟာဂန္ဓာရုံ ဆရာတော်၏ဘုရား ဥပဒေတော်ကြီး၊
တိပိဋကဓရ မင်းကွန်းဆရာတော်၏ မဟာဗုဒ္ဓဝင်၊
ဤကျမ်းများကို မှီငြမ်းပြုပါသည်။



# အတိဒုလ္လဘံ

တလောက မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိကြသည်။

“ရန်ကုန်မြို့ကြီးမှာ တစ်နေ့တခြား ကားဦးရေ လူဦးရေ တိုးလာလွန်းသဗျာ” ဟု ကျွန်တော့် မိတ်ဆွေက ဆိုသည်။

“ရန်ကုန်မြို့သာ မဟုတ်ပါဘူးဗျ၊ တစ်ကမ္ဘာလုံး တိုးနေကြတာပဲ၊ သန်းပေါင်းရာနဲ့ချီပြီး ရှိနေတဲ့ နိုင်ငံကြီးတွေမှာဆိုရင် နောင် ၁၀ နှစ် အတွင်း သန်း ထောင်ဂဏန်း ဖြစ်လာမှာကို စိုးရိမ်နေကြတယ်။ လူဦးရေများရင် များသလောက် စားဝတ်နေမှု ကျပ်တည်းလာကြရမယ် မဟုတ်လား”

“အင်း....၊ ဒီလောက် လူဦးရေ တိုးပွားလာကြတော့ ‘မနုဿတ္တဘာဝေါ ဒုလ္လဘော’ ဆိုတဲ့ စကားတောင် မစဉ်းစားတတ်အောင် ဖြစ်လာ သလားလို့”

မိတ်ဆွေက မယုတ်မလွန် ရှုံ့တွန့်တွန့် ပြောလိုက်သည်။

“နေပါဦးဗျာ၊ တစ်ကမ္ဘာလုံးမှာ လူဦးရေ ဘယ်လောက်များရှိနေပြီလဲ”

''ဟာ....၊ နည်းရော့မလား။ လွန်ခဲ့တဲ့ ၁၀ နှစ်က ကမ္ဘာ့လူဦးရေ သန်းပေါင်း သုံးထောင်လို့ ခန့်မှန်းကြတယ်။ အခုဆိုရင် သန်းပေါင်း လေးထောင် ကျော်ခဲ့ပြီ။ နောက် ၁၀ နှစ်မှာ သန်းပေါင်း ငါးထောင်၊ နောင်နှစ်ပေါင်း ၁၀၀ ဆိုလျှင်တော့ ဘယ်လောက်ဖြစ်ကုန်မလဲ။ တွက်သာ ကြည့်ပေတော့....''

''အလွန့် အလွန် နည်းသေးတာပဲ''

''ဗျာ....''

''တစ်ကမ္ဘာလုံးမှာ လူမဟုတ်သော သက်ရှိသတ္တဝါများနဲ့ နှိုင်းစာ လိုက်မယ်ဆိုရင် ပြောပါတယ်''

မိတ်ဆွေမှာ တစ်ခဏချင်း သဘောပေါက်သွားသည်။တကယ်ဆိုတော့ သူ ကိုယ်တိုင် ပရိယတ္တိ နည်းပါးသူ မဟုတ်ပါချေ။ ထို့ကြောင့် ကျွန်တော့်မှာ ဆက်လက်၍ ပြောအားလည်း ရှိလာရသည်။

''ခင်ဗျား သိပြီးသားပါ။ကုန်းနေ ကိုးကုဋေ၊ ရေနေ ဆယ်ကုဋေဆိုတဲ့ သတ္တဝါ အမျိုးအစားတွေလေ။ အဲဒါတွေက အမျိုးအစားရှိသေးတာ။ တစ်ချို့တစ်ချို့မှာ ဘယ်ရွေ့ဘယ်မျှစီရှိနေကြဦးမလဲ။ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ အိမ်ပတ်ဝန်းကျင်လေးကိုပဲ သတိထားကြည့်။ ခင်ဗျားမိသားစုက ရှိလှမှ လူဦးရေ ဆယ်ယောက်၊ ခင်ဗျားအိမ်နားက ပုရွက်တွင်းနဲ့ ခြတောင်ပို့ကိုကြည့်ရင် ကုဋေကုဋာ သတ္တဝါကလေးတွေများ ရှိနေမလားမပြောနိုင်ဘူး။ကိုယ်ကာယကိုပဲ ပြန်ကြည့်ဗျာ။ပိုးမျိုးရှစ်ဆယ် ကိုယ်တွင်းဝယ် ရှိနေတာ မယုံဘူးလား''

''ယုံပါတယ်ဗျာ။ ယုံပါတယ်''

''ဒါလဲ အခုန ပြောသလို အမျိုးအစားက ရှစ်ဆယ်၊ တစ်မျိုးမှာ အကောင်ပေါင်းက ဘယ်လောက်နှံမလဲ။ ဒါတွေကို ခင်ဗျား သိပါတယ်။ ကျွန်တော်က သတိဖော်ပေးတာသာ ဖြစ်တယ်နော်''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက–လို့ ဘုရားဟောထားတာပဲ။ ဒါကြောင့် လူ့ပြည်က အပ်ဘတ်စင်း၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်း လွှတ်ချလို့ အပ်သွားချင်းသာ ထိချင်ထိမယ်။ လူ့ဘဝကို ရခဲတယ်ဆိုတဲ့ ဥပမာကို သတိရပါပြီ''

''သာဓုဗျာ။ ခင်ဗျားနဲ့ ဆွေးနွေး ရတာ ကျေကျေနပ်နပ် ရှိပါပေတယ်''

''အံမယ် မချီးမွမ်းနဲ့ဦး ခင်ဗျ။ ပြောရင်းနဲ့ မကျေနပ်တာကလေး တစ်ခု သတိရလို့ မေးစမ်းပါရစေ''

''ကျွန်တော် ဖြေနိုင်တာသာ ဖြစ်ပါစေဗျာ''

''မနုဿတ္တ ဘာဝေါ ဒုလ္လဘော'' ဆိုတဲ့ အကြောင်းနဲ့ စပ်သွယ်လို့ သတိရတာပါ။ ဒုလ္လဘ တရား ငါးပါးကို ဘုရားဟောခဲ့တာလေ။ (၁) ဘုရားခေတ်တော်ကို ကြုံကြိုက်ဖို့ ခဲယဉ်းခြင်း၊ (၂) လူအဖြစ်လူ့ဘဝကို ရဖို့ရာ ခဲယဉ်းခြင်း၊ (၃) သဒ္ဓါယုံကြည်မှုရှိဖို့ ခဲယဉ်းခြင်း၊ (၄) ရဟန်း အဖြစ်ကို ရဖို့ရန် ခဲယဉ်းခြင်း၊ (၅) သူတော်ကောင်း တရားကို ကြားနာဖို့ အလွန်ခဲယဉ်းခြင်းလို့ စာထဲ ပေထဲမှာ တွေ့ဖူးပါတယ်။ အဲသည်မှာ ရှေ့က ဆိုခဲ့တဲ့ ခဲယဉ်းခြင်း ဒုလ္လဘ လေးပါးထက် သူတော်ကောင်း တရားကို ကြားနာရဖို့ကျမှ(အလွန်)ခဲယဉ်းတယ်လို့ ဆိုတာက ဘယ်လို အထူးပြုပါသလဲ၊ ကျွန်တော် မရှင်းလို့ပါ။ အဲဒါ တဆိတ်လောက်....

''ကျွန်တော် ဖြေနိုင်လိမ့်မယ် ထင်ပါတယ် မိတ်ဆွေကြီးခင်ဗျာ။ မဖြေခင် ခင်ဗျား ပြောသွားတဲ့ ပါဠိတော်ကို ပြန်ဆိုကြည့်ကြရအောင်လား။ သဂါထာဝဂ္ဂ သံယုတ်မှာ ဗုဒ္ဓက ဟောတော်မူပါတယ်။

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော၊ မနုဿတ္တ ဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊
ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မ-သဝနံ အတိဒုလ္လဘံ၊
ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

မြန်မာပြန် အနက်ကတော့ မိတ်ဆွေကြီး ခုန ပြောသလိုပါပဲ။ ဗုဒ္ဓကိုယ်တော်မြတ်က ''မမေ့ကြနဲ့ ချစ်သားတို့''ဟု အစချီပြီး သတိပေးတာပါ။ အဲသလို သတိပေး ဟောကြားတာကလဲ တစ်နေ့မဟုတ်။ တစ်ခါမဟုတ်။ နေ့တိုင်းနေ့တိုင်း သတိပေးတော် မူပါသတဲ့။ ဒီစကားတော်ဟာ အလွန် အရေးပါကြောင်း ထင်ရှားပါတယ်။ နောက်ပြီး မိတ်ဆွေကြီး သတိထားမိရဲ့လား။ မနုဿဆိုတဲ့လူဖြစ်ဖို့ ခဲယဉ်းတယ်လို့ ဟောတော် မူတယ်နော်။ ကျွန်တော်တို့ တစ်တွေက အလွန်ကောင်းတယ် ထင်ပြီး လိုလားဆုတောင်း နေတတ်ကြတဲ့ နတ်သိကြားစတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ဖို့ ခဲယဉ်းတယ်လို့မှ ဆိုမထားတာ''

''အင်း....ဟုတ်ပါရဲ့၊ စဉ်းစားစရာပဲ''

''အတိုချုပ်ကတော့ လူဖြစ်လျှင် နတ်ဖြစ်ဖို့ မခဲယဉ်းတော့ဘူး ဆိုတာ မှတ်ရမှာပေါ့။ အဲ တစ်ခုတော့ရှိတယ်လေ။ မနုဿဆိုတဲ့ တိရစ္ဆာန် မဟုတ်သော လူသာမန် အဖြစ်မှ သပ္ပုရိသ လူတော်လူကောင်းအဆင့် ရောက်ဖို့တော့ လိုတာပေါ့။ ဒုလ္လဘ တရား ငါးပါး အကြောင်းကို တစ်ခုချင်း အကျယ်စဉ်းစားလျှင် အလွန် စိတ်ဝင်စား စရာ ကောင်း

ပါတယ်။ ကြည်ညိုရတာလဲ ဝမ်းမြောက်စရာကောင်းပါတယ်။အခုတော့ မိတ်ဆွေကြီး ပြောတဲ့ (အတိဒုလ္လဘ )အလွန် ဆိုတဲ့ စကားကို ရောက် အောင် သွားကြပါစို့ နော်''

''အင်း.... နောက်တစ်ခါများ ကြုံကြိုက်ရင်တော့ ကြားချင်ပါ သေးရဲ့၊အခုတော့ (အတိ)ကိုပဲ ဆက်ပါတော့ ခင်ဗျာ''

''မြတ်စွာဘုရားရဲ့ စကားတော်၊တရားတော် ဟူသမျှမှာ အစ အလယ်အချုပ်ကို သတိထား သဘောပေါက်ဖို့ လိုပါတယ်။ ဘယ်ဒေ သနာတော်ပဲ ဖြစ်စေ အစနှင့် အလယ်ထက် အချုပ် နိဂုံးတရားကို အရေးထား၍ ဟောကြားတော်မူလေ့ ရှိပါတယ်။ ဒီတော့ ယခုဂါထာ ပါဠိကို ကြည့်ပါ။ (၁) ကိုယ်တိုင် ဘုရားဖြစ်ဖို့ ခဲယဉ်းသည်။ (သို့မဟုတ်) ဗုဒ္ဓပွင့်တော်မူတဲ့ ခေတ်အချိန်အခါကို ကြုံကြိုက်ဖို့ ခဲယဉ်းတယ်။ ဟုတ် ကဲ့ မှတ်လား''

''ဟုတ်ပါတယ်''

''(၂) လူဖြစ်ဖို့ ခဲယဉ်းတယ်။ (၃) ရတနာ သုံးပါးနဲ့ ကံ-ကံ ၏အကျိုးကို မမှိတ်မသုန် ယုံကြည်စိတ် ဖြစ်ဖို့ခဲယဉ်းတယ်။ (၄) ပဗ္ဗဇ္ဇိတ ရဟန်းကောင်း ရဟန်းမြတ် ဖြစ်ဖို့လဲခဲယဉ်းတယ်။(၅)သူတော်ကောင်း စကား။ ဗုဒ္ဓ၏ အဆုံးအမတရားကို ကြားနာနိုင်ခွင့်က အလွန် ခဲယဉ်း တယ်။ ဒီလို မှတ်လား''

''ဟုတ်ပါတယ်။ ဒီအပိုဒ်ကျမှ (အလွန်)ဆိုတဲ့ ဝိသေသစကား ပါလာပါတယ်''

''ဟုတ်ပြီ။ အဲသည်ကျမှ ဘာဖြစ်လို့ ပါလာရသလဲဆိုတော့ အကယ် ၍သာ သတ္တဝါ ပုဂ္ဂိုလ် တစ်စုံ တစ်ယောက်သည် ပဓာနဖြစ်သော ပွင့် တော်မူလေသမျှ ဗုဒ္ဓ အဆူဆူ အနက်မှာ တစ်ဆူသော ဗုဒ္ဓအရှင်၏ ဟော ကြားတော်မူအပ်သော အဆုံးအမ တရားတော်ကို ကြားနာ နှစ်ခြိုက် ကြုံကြိုက်လိုက်ရခြင်း မရှိပါလျှင် ပထမဖြစ်သော ကိုယ်တိုင် ဗုဒ္ဓ ဖြစ်လို ခြင်း။ ဗုဒ္ဓခေတ် ကြုံကြိုက်လိုခြင်း။ ဒုတိယ မနုဿဖြစ်နိုင်သော ကုသိုလ် အကုသိုလ် တရားများ မသိ မလိုခြင်း။ တတိယ ရတနာသုံးပါး၌ ယုံ ကြည် သက်ဝင်မှု ကင်းကွာခြင်း။ စတုတ္ထ ရဟန်းအဖြစ်ကို မတောင့်တ မဖြစ်လို၊ ရဟန်းဖြစ်လို စိတ်ကင်းခြင်း စသည်တို့ကြောင့် ခဲယဉ်းသည်ဟု ဆိုစရာ မရှိအောင် အခြေအနေ ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်ခဲယဉ်း တယ်ဟူသမျှတို့အနက် ပဓာနအကျဆုံးသော သဒ္ဓမ္မ သဝန ဗုဒ္ဓစကား၊ သူတော်ကောင်းတရားကို နာကြားခွင့်က အလွန် ခဲယဉ်းကြောင်း ပြဆို တော်မူခြင်း ဖြစ်ပါတယ်။ သည်နေရာမှာ ဗုဒ္ဓ ကိုယ်တော်တိုင်နှင့် ကြုံ

တွေ့ပါလျက် တရား မရသေးသော ပုဂ္ဂိုလ် ဘယ်နှစ်ယောက်များ ရှိမလဲဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါလိမ့်မယ်။ ကျေနပ်ကောင်းပါရဲ့နော်''

''အင်း....ခင်ဗျား ပြောတဲ့ အစ၊ အလယ်၊ အချုပ်ဆိုတဲ့ ဗုဒ္ဓဒေသနာတော်ကို ကျွန်တော် သဘောပေါက်မိပါပြီခင်ဗျာ''

''ကျွန်တော့် အနေနဲ့ စဉ်းစားဖို့ တစ်ချက်ရှိပါသေးတယ်။အကယ်၍ ကံအားလျော်စွာပေါ့လေ။ ဗုဒ္ဓ ပွင့်တော်မူတဲ့ ခေတ်ကို ကြုံကြိုက်တယ်ထားဦး။ ဗုဒ္ဓကို ဗုဒ္ဓမှန်း မသိ။ တရားတော်ကို နာရကောင်းမှန်းလိုက်နာရမှန်း မသိခဲ့တဲ့ မနုဿဆိုတဲ့ လူဖြစ်ကာမျှ တိရစ္ဆာန် မဟုတ်ကာမျှနှင့်သာ ကျင်လည် ကျက်စား ဘဝ ကုန်သွားလို့ရှိရင် ဒုလ္လဘတရား ငါးပါးစလုံး ဒုလ္လဘ(ခဲယဉ်းကြီးစွာ)မှန်း မသိတော့ဘဲ သံသရာထဲ ဖြစ်ချင်တာတွေ လျှောက်ဖြစ်ကုန်ကြမှာ အမှန်ပါပဲ မဟုတ်နိုင်ပေဘူးလား ခင်ဗျာ''


''ဟုတ်လှချည်ရဲ့ ခင်ဗျာ။ ခုခေတ် လူဖြစ်ရတာ ကျေနပ်စရာကြီးပါပဲ''

''သပ္ပုရိသ လူတော် လူကောင်း လူသူတော်ကောင်းဖြစ်ဖို့ လိုတော့တာပေါ့။ ဒါကြောင့် ကျေးဇူးရှင်တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာ ဘိဝံသ၏ အဆိုအမိန့်ကို သတိတရ လိုက်နာ ကျင့်ဆောင်ကြပါစို့လားဗျာ''

''ဆရာတော်ရဲ့ အဆိုအမိန့်ကို ဖောက်သည် ချပေးပါဦး''

''ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊
လူတော်အများ၊ စိတ်ကောင်းထားလည်း၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊
ထိုထို ဘုံဘဝ မသိရ၊ များလှအပြစ်တွေ။
''ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၊
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊
ထိုထို ဘုံဘဝ သိကြရ၊ များလှကျေးဇူးပေ။
''ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊
အမြတ်ရတနာ၊ သာသနာ၏၊
နိုင်ရာဝန်ထမ်း ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ''။

* * *



# ညောင်လေးပင် တောရ ဆရာတော် ဘုရားကြီး၏ စာပေကျေးဇူး ဂုဏ်တော်ထူး

"ဘယ့်နှယ်လဲ သူငယ်ချင်း....။ ဟိုတလောက မင်းဆီကို ငါလာတယ်။ ညောင်လေးပင်ကို သွားတယ်ဆိုလို့ ငါပြန်ခဲ့ရတယ်။ ညောင်လေးပင်ကို ရုပ်ရှင်ရိုက် သွားတာလား"

"ရုပ်ရှင်ရိုက်ဖို့ မဟုတ်ရပါဘူး။ ညောင်လေးပင် တောရ ဆရာတော်ကြီး ပျံလွန်တော်မူတာ (၂၆)နှစ်မြောက် ပူဇော်ပွဲ၊ ရုပ်တုတော်ဖွင့်လှစ်ပွဲကို သွားတာပါ"

"ဩော်— ဆရာတော်ကြီးကို ပျံလွန်တော် မမူခင်က ဖူးဘူးလို့လား"

"မတွေ့ဘူး။ မဖူးဘူးခဲ့ပါဘူး။ တောရကျောင်းကိုလဲ အခုတစ်ခါရောက်ဖူးရတာပါ။ ဆရာတော်ကြီးရဲ့ ကျမ်းတွေကို ဖတ်ရကတည်းက ကြည်ညိုခဲ့တာတော့ ကြာပါပြီ။ မန္တလေးကိုရောက်တုန်းက လူထု ဦးလှနဲ့တွေ့တော့ အဲသည့် ပူဇော်ပွဲကို လာဖို့ ဖိတ်တယ်။ သူတို့ လင်မယားက ဦးဆန်းထွန်းကိုပါ ဖိတ်ခေါ်ပြီး မန္တလေးက ကားနဲ့ဆင်းခဲ့မယ်။ ငါတို့က ကားနဲ့ လာကြရမယ်။ အဲသည် ညနေ ညောင်လေးပင်မှာ ဆုံကြမယ်ပေါ့"

"အင်း....ဒါကြောင့်ကိုး...."

''လူထုဦးလှကညောင်လေးပင်ပုဇွန်မြောင်းဇာတိကွ။ဆရာတော်ကြီးကလဲ ပုဇွန်မြောင်း ဇာတိပဲ။ တူဝရီးလား၊ ညီအစ်ကိုလား တော်စပ်တယ်။အေး .. ငါသတိထားမိတာတွေ ပြောရဦးမယ်။ညောင်လေးပင်မြို့ဟာ ဥတု သဗ္ဗာယနဲ့ ရေမြေအာဟာရ ကောင်းလို့လား မသိဘူး။ ဇာတိမြို့သူ မြို့သားတိုင်း လိုလိုပဲ ရုပ်ဆင်း သဏ္ဍာန်တွေဟာ ဖြူဖြူဖွေးဖွေး ဖွံ့ဖွံ့ဖြိုးဖြိုးတွေပဲကွ။ ဆရာတော်ဘုရားလဲ ဒီအတိုင်းပဲ။ ဦးလှတို့လဲ ဒီအတိုင်းပဲ။ တို့ ရုပ်ရှင် ပြဇာတ်လောကမှာ ပုစွန်တုပ်ကြီးလို့ဘွဲ့ရတဲ့ မြင့်မြင့်ဌေးတောင် ကြည့်ပါလား။ ဖြူဖြူဖွေးဖွေး ထောင်ထောင်မောင်းမောင်းပဲ မဟုတ်လား''

''ဟား.... ဟား.... ဟား၊ မင့်သက်သေက လုံလောက်တယ်၊ ဟား....ဟား....''

''နောက်တစ်ခု ရှိသေးတယ်။ သာသနာတော်နဲ့ နီးစပ်ရှိသေပြီး သဒ္ဓါတရား ပြည့်စုံတဲ့နေရာမှာလဲ အကဲခတ်မိတယ်။ ဘယ်လိုလဲဆိုတော့ မြို့တစ်မြို့ ရွာတစ်ရွာကို သာသနာ(အဆုံးအမ ရှိကြတယ်လို့ ပြောနိုင်တာက စာသင်တိုက်ကောင်း ရှိမရှိ။ ရဟန်းသံဃာ များမများ၊ အလှူအတန်း ပေါမပေါ၊ ဘုရားသွား ကျောင်းတက် စည်စည်ကားကား ရှိမရှိ။ ဒါတွေကို အကဲခတ်နိုင်တယ်''

''ဟုတ်တယ်။ ဒါတော့ ငါလဲ အကဲခတ်တတ်တယ်''

''ဒါလောက်သာ မကတဲ့ အရည်အချင်း တစ်ခုကိုလဲ တွေ့ခဲ့ရသေးတယ် မောင်ရင်''

''လုပ်စမ်းပါဦး။ မင်းက အဘော်စပ်စုခဲ့ပုံပဲ''

''စပ်စုခဲ့တယ်ဆိုတာထက် သတိပြုမိခဲ့တယ်။ ကြည်ညိုမိတယ်။ နှစ်လိုခဲ့မိတယ်လို့ ပြောရမယ် ထင်တယ်ကွ။ အမှတ်တမဲ့ နေရင်တော့ အသေးအမွှားပါလို့ ပြောကြမှာပဲ''

''ပြောပဲ ပြောစမ်းပါဦး ဦးစံရှားရယ်၊ ဟဲ....ဟဲ....ဟဲ''

''ဒီလိုဒီလို ကိုသိန်းမောင်ရဲ့။ ဟဲဟဲ....ညောင်လေးပင်တောရကြီးဆိုတဲ့ ကျောင်းတည်ရှိတဲ့ နေရာဟာ မြို့နဲ့ တစ်မိုင်သာသာလောက် ဝေးကွာပါတယ်။ သုသာန် သင်္ချိုင်းနှစ်ခုရဲ့ အလယ်မှာရှိတယ်။ ဟိုတစ်ခေတ်ကဆိုလျှင် အခုအခါထက် လူနေဝေးနေမှာပေါ့။ အလွန် ခေါင်မှာပေါ့''

''အင်း ...ဒါကြောင့် တောရကျောင်း ဖြစ်တာနေမှာပေါ့လေ''

''ဟုတ်ပါတယ်။ အခုတော့ ကျောင်းကြီးကန်ကြီး ဖြစ်နေပါပြီ။ အဲ...အဲ့သည့် ပူဇော်ပွဲ အခမ်းအနားကို ပင့်သံဃာ ကျောင်းသံဃာ

သုံးရာလောက်နှင့် ဒါယကာ ဒါယိကာမ ပရိသတ် သုံးထောင်လောက် ရောက်ကြပါတယ်။ ဆွမ်းချက်ဆွမ်းကျွေး အခမ်းအနား ကြည်ညိုတရား နာသည့် နေရာများမှာကအစ ရောထွေးရှုပ်ယှက်ဆူညံခြင်း မရှိ။ တူရိယာများ မပါမဝင်။ ကလေး လူကြီး လူရွယ် လူလတ်မှအစ စည်းကမ်းသေဝပ်ကြတာ တွေ့ရပါတယ်''

''ပျော်ပွဲရွှင်ပွဲ မဟုတ်သော သတိဘရ ပူဇော်ပွဲ ပီသတာပေါ့လေ''

''ဟုတ်ပါတယ်။ ဒါထက် ဆရာတော်ဘုရားကြီး၏ နည်းပေးလမ်းပြ သြဝါဒ ဘယ်မျှဘည်မြဲလျက်ရှိခဲ့တယ်ဆိုတာ အကဲခတ်နိုင်တာက ကျောင်းတွင်းကျောင်းပြင် သီလခံယူကြတဲ့အခါ ပရိသတ်အားလုံးဟာ ကိုယ်တိုင်ရှိခိုး သီလခံယူကြတာ တညီတညာတည်း ရှိပါတယ်''

''နေပါဦးကွ။ သီလယူတဲ့အခါ တညီတညာတည်း ရွတ်ကြရတာပဲ မဟုတ်လား''

''အေး....ငါ ပြောတာဟာ မင်း သဘောမပေါက်နိုင်လို့ ဖြစ်လိမ့်မယ်။ ဒီလိုကွ၊ ငါရှင်းပြမယ်။ တို့တစ်တွေ သီလခံယူမယ် ဆိုလျှင် ရှေးဦးစွာ ရတနာသုံးပါးကို ပဏာမ ရှိခိုးကြတယ် မဟုတ်လား''

''အေးလေ....''

''အဲဒီလို ရှိခိုးတဲ့နေရာမှာ ဘုရားရှိခိုးအမျိုးမျိုး ဆိုသလို ကိုယ်ရထားတဲ့ ဘုရားရှိခိုးကို တစ်ယောက်တစ်မျိုး ဆိုကြတယ်လေ၊ မင်းသဘောပေါက်ပြီလား''

''အေး... အေး။ ငါသိပြီ။ ဩကာသ....ဩကာသ လောက်သာတူပြီးတော့ နောက်ပိုင်းမှာ မတူတော်ကြဘဲ တစ်ယောက်တစ်မျိုးဆိုကြတာ ငါ သတိရပြီ။ တချို့က ဆိုပြီးနေပြီ၊ တချို့က မပြီးသေး''

''အေး....အဲသည် ပရိသတ်ကတော့ တစ်ပုဒ်တည်းသော ဘုရားရှိခိုး စာမူကို အပိုင်းအဖြတ် အရပ်အနား ညီတူညာတူ ဖြစ်နေဘာကို ပြောတာ''

''အား .. ဒါဟာ ပရိတ်ရွတ် အသင်းများလို ညီညီညာညာအလေ့အကျက် များနေတဲ့သဘောပေါ့၊ ဟုတ်ပြီ။ ပရိသတ် များလျှင် များသလောက် တစ်သံတည်းထွက်ဖို့ ခဲယဉ်းတာပဲ''

''အဲဒါသာ မဟုတ်သေးဘူး၊ ငါးပါးသီလ တောင်းတဲ့အခါမှာ ဘုန်းတော်ကြီးက (အဟံဘန္တေ)လို့ ချမပေးရဘူး၊ ကိုယ်တိုင်တောင်းပန်ကြတယ်။ အဲသည့်နောက် သရဏဂုံ ဆောက်တည်ကြတာပဲ။

ကိုယ့်ဟာကိုယ်ပဲ သိက္ခာပုဒ်တွေကို ဆောက်တည်တဲ့အခါမှာလဲ တညီတညာ ကိုယ့်ကိုယ်တိုင်ပဲ။ ဒါ....ပရိသတ်အားလုံးနော်''

''အင်း....မင်းချီးမွမ်းတာ မဆိုးဘူးကွ''

''နောက်ဆုံး အမျှဝေတာနှင့် သာဓုခေါ်တာပါ ပြောဦးမယ်။ လူစုလုဝေးများလျှင် များသလောက် တစ်ယောက်တစ်ပေါက်ဖြစ်တတ်ကြတယ်။ မင်း သတိထားကြည့်။ တချို့ (အမျှ .. အမျှယူတော်မူကြပါချို့)လို့ ဟစ်တဲ့ယောကျ်ားတွေက ဟစ်တယ်၊ အမျိုးသမီးတွေက(အမျှ အမျှ ယူတော်မူကြပါရှင်)လို့ ရောသွားပြီး ဟစ်ကြတယ်။ တကယ်တော့ ပြီးပြည့်စုံတဲ့ ပါဠိစကားကို မြန်မာလို ကွတ္ထိလိင်၊ ပုလ္လိင် စကားတွေ အဆစ် ထည့်တတ်ကြတယ်။ ဒီတော့ တစ်ယောက်တစ်ပေါက် ဖြစ်ကုန်ကြရော''

''မင်းဟာ နေရာတကာမှာ ကတ်သီးကတ်သတ် စဉ်းစားတတ်ပါပေရဲ့ကွာ''

''ဟာ....ဒါမျိုးကို ကတ်သီးကတ်သတ်လို့ ပြောမလား။ နေရာတကာမှာ တိကျရမှာပေါ့။ အဲဒီလို တိကျမှုလေးတွေကို ဆရာတော်ကြီးများက အလွန်နှစ်သက်တော်မူလေ့ရှိတယ်။ ဒါကြောင့်တညီတညာတည်း ဖြစ်အောင် ဆရာတော်ကြီးက ဆုံးမထားပုံရတယ်''

''ဒါဖြင့် အမျှ....အမျှ....အမျှ။သာဓု .. သာဓု....သာဓု။ဒီလိုလား''

''အေး....သုံးကြိမ် သုံးခါ သုံးခေါက် ညီညီညာညာ ဆိုကြလို့ သဘာဝကျဘယ်။ ကြည်နူးမှုရှိတာပေါ့။ ဒါကလေးတွေဟာ အသေးအမွှားလို့ ထင်ရပေမယ့် သာသနာ့ဗဟုသုတ၊ ဆရာကောင်းတို့၏အဆုံးအမ ရခဲ့ကြောင်းကို အကဲခတ်နိုင်ကြဘယ်။ ရဟန်းသံဃာများထံ ဆက်ဆံတဲ့ နေရာမှာလဲ ဦးချ ရှိခိုးတာက အစ သတိထားဖို့လိုတယ်။ သာသနာပါး မဝတဲ့ လူငယ်တွေဆိုလျှင် ဘုန်းကြီးရှေ့မှာ ပုဆိန်ပေါက် ဦးချလိုက်ကြတာပဲ။ အဲဒီလို ဦးချနေရင်းလဲ စကားပြောနေတတ်ကြသေးတယ်။ ပဉ္စင်္ဂါရဝအနေနဲ့ဆိုလျှင် ရိုရိုသေသေ လေးလေးမြတ်မြတ် ထိခြင်းကြီးငါးပါးနဲ့ ဦးချရှိခိုးရမယ်။ အဲသည့်အခိုက်မှာ ဘာစကားမှ မပြောရ၊ မလျှောက်ရဘူး။သိက္ခာကာမနှင့် ပြည့်စုံတော်မူသောဆရာတော်ကြီးများကလဲ အဲဒီလို ဦးချကန်တော့နေစဉ်မှာ ဘာတစ်ခွန်းမှ မေးမြန်း ပြောဆိုခြင်း မရှိသေးဘူး။ ဒါယကာ၏ ပဏာမစေတနာကို နှုတ်မှ ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ ဆုမွန်ကောင်းများကို အာရုံပြုတော်မူလေ့ ရှိတယ်။ နောက် မှ သာ ဝတ်ချရှိကြမှ ဆွေးနွေး မေးလျှောက် စကား ဆိုကြရတယ်''

"အေး ...စဉ်းစားကြည့်မှ ဆရာဒကာ နှစ်ဦးနှစ်ဘက် လေးစားခြင်း လေးစားမှုကို အထူးခံယူခြင်းဆိုတဲ့ သဘောတွေ ပေါ်လွင် ထင်လာတော့တာကိုး။ ဟုတ်ပြီ။ မင်းက သတိထားတတ်တယ်"

"နေဦး....နေဦး။ မချီးမွမ်းနဲ့ဦး။ အဲဒီလို သတိထားတဲ့ကြားထဲက ငါ မှားခဲ့မိတာ ပြောဦးမယ်။ တလောက ငွေတာရီ မဂ္ဂဇင်းမှာ မန္တလေး အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်ပျံလွန်တော်မူတဲ့အကြောင်း ဆောင်းပါး ရေးလိုက်တယ်"

"အေး....ငါ ဖတ်လိုက်ရတယ်"

"အဲဒီဆောင်းပါးမှာ ငါ သတိလက်လွတ် ရေးချင်အားကြီးနဲ့ ရေးထည့်လိုက်မိတာရှိတယ်။ မင်း သတိထားမိသလား"

"ဟင့်အင်း....ဘာများလဲ"

"ဆရာတော်က (ကိုသုခ)လို့ ခေါ်တာမျိုးတို့။ ဆရာတော်က ကိုယ့်ကိုကိုယ်(ကျုပ်)ဆိုတဲ့ စကားမျိုး သုံးတာဘို့ အသျှင်စလို ငါရေးထည့်လိုက်မိတယ်။ အဲဒါဟာ အသေးအမွှားလို့ ထင်ရပေမယ့် ဝိနည်းတော်မှာ ဆိုတဲ့(အနေသန ၂၁ပါး)နဲ့ မကင်းလွတ်အောင် ဖြစ်သွားတယ်"

"ဟုတ်လား။ ပြောစမ်းပါဦး။ ငါကတော့ ဖတ်မိပေမယ့် မှားတယ်လို့ မထင်လိုက်မိဘူး"

"မှားတယ်ကွ။ ဆရာတော် ဘုရားကြီးက ဒီလို အသုံးအနှုန်းမျိုးကို အလွန် ဆင်ခြင်တော်မူတာ။ ငါက အနေဝေးလိုက်လို့ သတိ မရလိုက်တာပဲ။ ဒါကြောင့် ပေါ့ပေါ့တန်တန် မြန်မြန် ရေးချလိုက်မိတာ။ ပျံလွန်တော်မူစ မဂ္ဂဇင်းထဲမှာ ပါအောင် လောမိတာတွေပေါ့။ ဒီလိုကွ ဒီလို.... အနေသနဆိုတာ 'ရဟန်းတော်များ မအပ်မရာ ပစ္စည်းရှာသော အနေအထိုင် အပြုအမူ အပြောအဆို' လို့ အဓိပ္ပာယ်ရတယ်။ အဲဒါကလဲ ၂၁ပါး ရှိတယ်။ မင်း ကြားဖူးမှာပါ။ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း ဆိုတာလေ"

"အေး....၊ အဲသလောက်တော့ ကြားဖူးတယ်"

"အဲ့သည့် ၂၁ပါးအနက် အပိုဒ် ၁၉မှာ၊ ပါဠိလိုတော့ 'စာဋု'တဲ့။ မြန်မာလို ပြန်လျှင်တော့ ဒါယကာတို့ကို ချီးမြှောက်၍ (မောင်မောင်ဘဘ)နာမည် မခေါ်ရဘူး။ (ခင်ဗျား) တို့ (ကျုပ်)ဘို့ ဆိုတာမျိုးလဲ မသုံးရဘူး"

"ဒါဖြင့် ဘယ်လို ခေါ်ရမှာလဲ"

“ဒကာကြီး။ဒကာမကြီးပေါ့။ အလွန် ရင်းနှီးလျှင်တောင်‘ဒကာသုခ’။ အဲသလို ခေါ်လေ့ရှိတယ်။ မိမိကိုယ်မိမိလဲ ဘုန်းကြီး၊ ဆရာတော် ကြီးတို့ဆိုလျှင်(ဘုန်းကြီး)တို့၊ ဦးပဥ္စင်းဆိုလျှင်(ဦးပဥ္စင်းတို့)။ အဲသလိုသာ ခေါ်ဝေါ် သုံးစွဲတော် မူလေ့ရှိတယ်”

“ဒီလို ဆိုရင် မင်းတော့ မြင်းကောင်း ခွာလိပ် ခံလိုက် တာပေါ့လေ။ ဟဲ . ဟဲ....”

“အေး....။ ပြောလဲ ခံရမှာပဲ။ ငါ့မှာ အခုမဟာဂန္ဓာရုံနာယကဆရာတော် အဖွဲ့ကို ဟောင်းပန်ဝန်ချပြီးမှ နေသာထိုင်သာ ရှိသွားတော့တယ်ဗျား”

“အေး....။ကျောင်းကန်၊ ဘုရား၊ ရဟန်းတော်များနှင့် ဆက်ဆံနီးစပ်ဖို့ ဗဟုသုတနှင့် အဆုံးအမတွေကို လူကြီး လူငယ်၊ ကျောင်းသားလူငယ်ထုထဲ ရောက်အောင်ညွှန်ပြဖို့ကောင်းတယ်ကွာ။ ကြာရင်ဘုန်းကြီးရဟန်းနှင့်မှ စကားပြောတတ်ကြပါ့မလား”

“ရှေးခေတ်ကတော့ သာမဏေ ဖြစ်ကတည်းက လောကမှာနေနည်း၊ ထိုင်နည်း၊ စားနည်း၊ သောက်နည်း၊ ပြောနည်း၊ ဆိုနည်းဝတ်ပုံဝတ်နည်းက စ,တတ်ပြီးသား ဖြစ်ကုန်ကြတာပေါ့။အဲသည့် (ယဉ်ကျေးမှု)ကို ယဉ်ကျေးလှပါတယ်။ စည်းစနစ် ကောင်းလှပါတယ်ဆိုတဲ့ကမ္ဘာ့ဘာသာ၊ ကမ္ဘာ့ လူမျိုးတွေက ယှဉ်လို့မှ မရနိုင်ပါဘူးကွာ။ ခေါ်ကတည်းက ‘ဗုဒ္ဓသာသနာ’တဲ့။ သာသနာဆိုတာ(အဆုံးအမ) မဟုတ်လား။ တို့တဇတွေက‘ဂန္ဓမာဒန ပတ္တမြားတောင်’ပေါ်မှာ ခဲားသွေးကျောက်ကို အကောင်းထင်ပြီး အတုယူနေကြတာနော်”

“အေး....။ ခုခေတ် လူငယ်တွေ အတွက်တော့ ပြောမဆုံးပေါင်ဘောသုံးတောင်ပေါ့ လေကွာ။ ကဲ....ညောင်လေးပင် တောရကျောင်းပူဇော်ပွဲသာ ဆက်ပြောပါတော့”

“ပြောစရာ ဆိုလျှင် တိုတိုပဲ ပြောပါရစေတော့။ မန္တလေးကလူထုဦးလှ၊ ဒေါ်အမာတို့နှင့် ဦးဆန်းထွန်း ပါလာတယ်။ တို့ ရန်ကုန်ကဒဂုန် ဦးစန်းငွေရယ်၊ ကျောက်ကုန်းတောရ မေဒိနီ စာသင်တိုက်နာယက ဆရာတော်ရယ်၊ ငါရယ်၊ ဝင်းမော်ဦး စာအုပ်တိုက်ပိုင်ရှင်ကိုဘင်မောင်ရယ် ကားနဲ့ သွားကြတယ်ပေါ့ကွာ။ နောက်တစ်နေ့မနက်မှာ ပူဇော်ပွဲကို တက်ကြတယ်။ ပထမ လူထုဦးလှက တို့ကို ပရိသတ်နှင့် မိတ်ဆက် ပေးတယ်၊ ထို့နောက် ဒဂုန် ဦးစန်းငွေက တောရကျောင်းတို့၏ အင်္ဂါ၊ တောရ ကျောင်းတို့၏ အရသာ၊ ဗုဒ္ဓ ကိုယ်တော်မြတ်က တောရကျောင်းများကို ချီးမွမ်း လိုလားတော် မူပုံများကို ပါဠိ

ပါဠိသား အကျယ်တဝင့် တင်ပြပြီး ဆရာတော်ဘုရားကြီးကို ကြည်ညို ပူဇော် သွားတယ်။ အဲသည့်နောက် ငါက ဆရာတော်ကြီး၏ ကျေးဇူးကို ခံယူခဲ့ပုံနှင့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာတမ်းကို ဖတ်တယ်။

''ဦးဆန်းထွန်းကတော့ သာသနာရေးရာနှင့် ဘုရားကို မမေ့။ တရားကို တွေ့နိုင်အောင် သံဃာများကသာ လောကီ လောကုတ္တရာ အကျိုး ဆောင်ရွက်တော်မူနိုင်ကြကြောင်း အာဝဇ္ဇန်းရွှင်ရွှင် ပြော သွားပြီး တေးထပ်ဘစ်ပုဒ် ဆိုသွားလိုက်တာ ပရိသတ် မျက်ရည်ဝဲရတဲ့ အထိပါပဲကွာ''

''ဆရာ ဦးဆန်းထွန်းဟာ 'စာတတ် ပေတတ် အရေးကောင်း အပြောကောင်း' လို့တော့ ကြားဖူး နေတာပဲကွာ။ နားထောင်ချင်စမ်း ပါတီ''

''အေး....နားထောင်ချင်လောက်အောင် ကောင်းပါတယ်ကွာ။ သူ့အကြောင်း သူ ပြန်ပြောတာက အရှင်ဉာဏိဿရ အဖြစ်မှ မိုက်မှား စွာ လူထွက်ခဲ့မိတဲ့အကြောင်းက အစချီ ပြောတာ။ ဟင်းကောင်းတွေကို အိုးထဲမှာ မွှေပြီး ချက်ခဲ့ရပါလျက်နှင့် အရသာ မသိခဲ့တဲ့ ယောက်မကဲ့သို့ ဖြစ်ရကြောင်းပေါ့''

''အင်း....သူ့ဘာ၀ သူလဲ ယူကျုံးမရ ဖြစ်ဟန်ရှိရဲ့။ မင်းကကော ဘာတွေ ဖတ်ခဲ့သလဲ။ လုပ်စမ်းပါဦး''

''ကဲ....မောင်မင်းကြီးသား၊ ဟောသည့် စာတမ်းကိုသာ ဖတ် ကြည့်ပေရော့–

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဆိုတဲ့ ဘုရားဟော ပိဋကတ် ကျမ်းစာ အဆူဆူထဲမှာ စာသင် သံဃာဒေတာ်များအတွက် အလေး အနက် ထားပြီး စာအစဉ်အလာ ဥဒါန်းတွင် ကျန်ခဲ့ဘဲ့ ကျမ်းတစ်ဆူ ကဖြင့်''ဝိသုဒ္ဓိမဂ်''လို့ ဆရာတော် သမားတော်ကြီးများ မိန့်ကြားတော် မူခဲ့ကြောင်း ကြားဖူးရပါတယ်။

ဘယ်လို ဥဒါန်းတွင်တာလဲ ဆိုတော့....

''ဝိသုဒ္ဓိမဂ် တက်ရတဲ့ ရဟန်းများ လူထွက်လျှင် ထွက်၊ လူ မထွက်ဖြစ်လျှင် တောထွက်ကြရော၊ တောမထွက်ဖြစ်လဲ လူထွက်ကြ ရော''ဆိုတဲ့ စကားပါပဲ။

အဲသည်လောက် ကျောက်ထီးတန္တု အလေးအမြတ် ပြုကြရတဲ့ ကျမ်းကြီးကို သင်မယ်ဆိုရင် ကြိုးကြိုးကုတ်ကုတ်နဲ့ စာချ စာပို့တဲ့ ဆရာ တော် သံဃာတော်များထံမှာ စာဝါလိုက်ယူ သင်ကြားမှတ်သားနိုင်မှ ဘတ်သိ နားလည် နိုင်ကြမှာ ဖြစ်ပါတယ်။ မိမိဘာသာ မိမိ ကြည့်ရှု

ဖတ်ရှုရန်တော့ လုံးဝ ဉဿုံ အကုန် သဘော ပေါက်နိုင်စရာ မရှိကြ ပါဘူး။

ကျွန်တော့် အနေနဲ့ ကိုယ်နှင့်တန်းတူ သူတေသီများကိုသာ ရည်ညွှန်း ပြောပါမယ်။ ဝိသုဒ္ဓိမဂ်ရဲ့ ဒေမိကဂါတော့ အပိုင်းကြီး သုံး ပိုင်း ခွဲခြား ဟောကြားထားတာ ဖြစ်ပါတယ်။ ပထမ သီလပိုင်း၊ ဒုတိယ သမာဓိပိုင်း၊ တတိယ ပညာပိုင်းပါပဲ။

''သီလပိုင်း''မှာ ရဟန်းတော်များ အသက်တမျှ စောင့်စည်း ရမယ့် ဝိနည်း သိက္ခာများမှာ အပ်ဖျားပေါ် မုန်ညင်းစေ့ တင်ထား သကဲ့သို့ အလွန် စောင့်ရှောက်ပါမှ သီလ ဝိသုဒ္ဓိ ဖြစ်ကြောင်း ဖော်ပြ ထားခြင်း ဖြစ်ပါတယ်။

ကျေးဇူးရှင် ရွှေတောင် ကျီးသဲ လေးထပ် ဆရာတော် ဘုရား ကြီးက ဖွင့်ဆိုထားပုံကဖြင့် အလွန် ကြည်ညိုစရာ ကောင်းလှပါတယ်။ ဘယ်လိုလဲဆိုတော့ ''သာသနာ့ဗာဟိရလောကီသီလတို့ထက် ဆထက် ထောင်ရာ သာလွန်ဘိသဖြင့် အဓိ သီလဟု သမုတ်အပ်သော အာပတ် ခုနစ်ပုံကို လုံခြုံစွာစောင့်ကြောင်း ဖြစ်သော ပါတိမောက္ခ သံဝရ သီလ၊ ဣန္ဒြေခြောက်ပါးကို တားမြစ် ပိဘ်ပင်ကြောင်းဖြစ်သော ဣန္ဒြိယ သံဝရ သီလ၊ မိစ္ဆာဇီဝမှ ကြဉ်ခွာလျက် စင်ကြယ်စွာ အသက်မွေးကြောင်း ဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စည်းလေးဖြာကို ပစ္စဝေက္ခဏာ တင်၍ သုံးသပ် ဆင်ခြင်ခြင်း တည်းဟူသော ပစ္စယသန္နိဿိတသီလ၊ ဤလေးဝသော စတုပါရိသုဒ္ဓိတံခွန် အလွန် ဖြူစင် မြူမတင်ခြင်း တည်းဟူသော သီလဝိသုဒ္ဓိ''-လို့ နမက္ကာရ ဘုရားရှိခိုးကြီးမှာ ဖွင့်ဆို တော် မူခဲ့တယ်။

အဲ....ဒုတိယ ''သမာဓိပိုင်း''ဆိုပြန်ရင်လဲ သမာဓိ၏ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်တို့နှင့်တကွ သမာဓိအပြား နှစ်ပိုင်း၊ သုံးပါး၊ လေး ပါး စသည်အားဖြင့် ခွဲခြား ပြဆိုထားပါတယ်။ သမာဓိမှ ဆက်နွယ်ပြီး သမာပတ် ရှစ်ပါး ပွားများပုံ ပွားများနည်းတို့ကိုလဲ ဖွင့်ဆို ထားပါ တယ်။

တတိယပိုင်း''ပညာခန်း'' ဆိုတာမှာတော့ ''ဂမ္ဘီရော ဒုဒ္ဒသော ဟောတိ''လို့ ပညာရှိ သူတော်ကောင်းကြီးများ မိန့်ဆို ထားတော်မူ ကြတဲ့ အတိုင်းပါပဲ။ ဝိပဿနာ ပညာဖြစ်လို့ အလွန်မှ အလွန် ခက်ခဲ နက်နဲ သိမ်မွေ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့ဆိုရင် မြန်မာပြန် အဋ္ဌ ကထာ ကျမ်းတွေကို ဖတ်ရှု လေ့လာတဲ့တိုင်အောင် မဆံ့ရင် ကန်ကြီး ဖြစ်နေပါတယ်။

ဥပမာ ဘယ်လိုနိုင်းရမလဲဆိုရင် မွေးစ ကလေးက ဝက်သား တုံးကြီး စားသလိုလို ပြောရမလား မသိပါဘူး။ အမှန်ကတော့ အလွန် အာဟာရ ဖြစ်စေမယ့် အရသာ ပြည့်ဝတဲ့ ဘောဇဉ် ဖြစ်ပေမယ့် ကျွန်တော်တို့မှာက ကြေညက်အောင် ဝါးနိုင်ဖို့ မျိုနိုင်ဖို့ မဖြစ်နိုင်သလို ရှိနေပါတယ်။ ဒါပေမယ့် ဒီအရသာကိုတော့ ခံစားချင်တယ်လေ။ လောကီ လောကုတ္တရာ ဗဟုသုတ ဆိုတာ နည်းရောင်း များရောင်း တောင်းပြည့်ဆုံသလို ဖြည့်ဆိုကြရတာပေါ့။

အဲသည့်အခါမှာ ဆုံစည်းချင်တော့ ယခင် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ၊ ဟံသာဝတီ စာအုပ်တိုက်နှင့် သတင်းစာပိုင်ရှင် သခင်ဦးညွန့်ထံမှ ဆရာတော်ဘုရား ရေးသား၍ ဟံသာဝတီ စာအုပ်တိုက်မှ ထုတ်ဝေသည့် ဝိသုဒ္ဓိမဂ် အရသာ ကျမ်းကို ဓမ္မဒါန ရခဲ့ရပါတယ်။ သည်အခါမှာ ဆရာတော်ကြီး၏ ကျမ်းစာကို ပထမ ဖတ်ရခြင်းပါ။

ထို ကျမ်းစာကို ဖတ်ရသည့်အခါ ကိုယ်တော်တိုင် ကြွလာ၍ ကျွန်တော့် တစ်ဦးတည်းကိုသာ အထူး စာချပေးနေသလို ဆိုလိုရင်းကို ကွင်းကွင်းကွက်ကွက် ကြည်ညိုခဲ့ရပါတယ်။ ဝိသုဒ္ဓိဂ် အဋ္ဌကထာ မြန်မာပြန် ကျမ်းကြီး သုံးတွဲ၏ အဆီအနှစ်ကို တိုတိုနှင့် သိသာ နားလည်အောင် ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ပညာနု့ နှေး အမြင်မှေး၍ နားဝေးလှသော ကျွန်တော်တို့အတွက် အနဂ္ဃသာရ အရသာအိုးကြီးလို့ ဆိုရပါလိမ့်မယ်''

ထို့ကြောင့် ထိုကျမ်းကြီး ဝိသုဒ္ဓိမဂ်အရသာ စာအုပ်ကို တည်းဖြတ် သုတ်သင်ရသော သာသနဇေ၊ သိရီပဝရ၊ ဓမ္မာစရိယ ဆရာဦးခင်စိုးက စာအုပ်နိဒါန်းမှာ ယခုလို ရေးသားဖော်ပြထားခဲ့ပါသည်''

''ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် အနည်းနည်း အဖုံဖုံ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို မယုတ်စေမူ၍ ဗုဒ္ဓသာသနာတော်ကြီး၏ အကျိုးကို အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်တော်မူဆဲ ဘဝနတ်ထံ ပံ့လွှန်တော်မမူမီ စီရင်တော်မူခဲ့သောအရသာ ကျမ်းပေါင်း မြောက်မြားစွာတို့အနက် အရသာ တကာတို့ထက် ထူးကဲလွန်မြတ်၊ မည်သည့် အရသာတို့နှင့်မျှ နှိုင်းဆ၍ တူတော်မမူသော။ ဝါ၊ နှိုင်းတုစံပြုစရာ မရှိမူသော ဝိမုတ္တိရသ အမည်တော်ရသည့် သီလ၊ သမာဓိ၊ ပညာ နက်နဲစွာသော ဂမ္ဘီရဓမ္မရသတို့၏ အဖွင့်ဒေသနာဖြစ်သော ကိလေသာညစ်ကြေး ပြစ်အသေးတို့မှ မြူမှေးမတင် ကင်းစင်လွင့်ပ မဟာနိဗ္ဗာန သန္တိသုခကြီးကို ရရှိနိုင်ကြောင်း လမ်းကောင်း လမ်းမကြီး ဖြစ်တော်မူကြောင်း ဝိသုဒ္ဓိမဂ်မည်တွင် ဂန္ထဝင်

ကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်လိုကြသူအပေါင်းတို့သည် စမ်းတဝါးဝါး မဖြစ်ကြစေမူ၍ ဆစ်ပိုင်းကျန ဂန သေချာ ယူဆသုံးသပ်နိုင်ကြစေခြင်း ငှာ ရသာဆီနှစ် စွမ်းကုန်ညှစ်၍ အားသစ်ကြိုးပမ်းကာဖြင့် 'ဝိသုဒ္ဓိမဂ် အရသာ' ဟု ကိုယ်တော်တိုင် အမည်တပ်လျက် ပြီးပြတ်အောင် စီရင် တော်မူခဲ့သည်''ဟု ရေးသားဖော်ပြ ဂုဏ်ပြုခဲ့ရပါသည်။

ထို့ကြောင့် ကျွန်တော်၏ လောကုတ္တရာ စာပေ ခရီးမှာ ဤနည်းဖြင့် ဆရာတော်ကြီး၏ ကျေးဇူးကို ခံယူခဲ့ရပါသည်။ထိုဝိသုဒ္ဓိမဂ် အရသာကျမ်းကို ဓမ္မမိတ်ဆွေများအား ကိုယ်နှင့်အလား မှတ်သား လေ့လာနိုင်ကြရန် ဆယ်အုပ်မျှဝယ်ယူ၍ ဓမ္မဒါန ပြုခဲ့ရပါသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ ပရိယတ္တိသာသနာ။ ပဋိပတ္တိသာသနာ နှစ်ဖြာ စွယ်စုံပြုစုပျိုးထောင် အားပေးရှက်ဆောင်တော်မူခဲ့တဲ့ ကျေးဇူး ရှင် ဆရာတော်ဘုရားကြီးသည် လောကုတ္တရာ မင်္ဂလာသီရိ ဘူမိနက်သန် မှန်လှသော ညောင်လေးပင် ပုဇွန်မြောင်းခေါ် ဤအရပ် ဤဒေသ မှပင် ဖခင် ကျောင်းဆရာကြီး ဆရာခေါင်၊ အမိ ဆရာကြီး ကတော် ဒေါ်ဒေါ်ခက်တို့မှ ၁၂၄၈-ခု၊ ပြာသိုလဆန်း ၂-ရက် တနင်္ဂနွေနေ့ တွင် ကောင်းမြတ်သော နက္ခတ်နှင့်ယှဉ်လျက် ဖွားမြင်တော်မူခဲ့သည်ဟု သိရပါသည်။

အလောင်းအလျာတို့၏ ပါရမီသမ္ဘာရ ဝါသနာ ဗီဇအတိုင်း အသက်နုနယ်ငယ်ရွယ်သည့် အချိန်မှစ၍ မကောင်းမှုမှန်သမျှ ကာယကံ- ဝစီကံ ပြုရန်ရှက်ကြောက်၊ မှန်လျှင်ဖြင့် မှန်သည့်အလျောက်၊ မကြောက် မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ပြောဆိုပြုလုပ်တတ်သည့် ဆန္ဒိဒ္ဓိပါဒ် ကြီးမားခဲ့ပါသည်။

အသက် ၁၂ နှစ်အရွယ်ရောက်တဲ့အခါ သာသနာမှာ နေလို လလို ထင်ရှားတော်မူသော တောရကျောင်းတိုက် ပထမ ဆရာတော် ဘုရားကြီးထံ အပ်နှံ၍ ပဗ္ဗဇ္ဇမင်္ဂလာခံယူတဲ့အခါမှာ ဆရာတော်လောင်း ကလေး၏ ကောင်းမွန် မြင့်မြတ်သော အကျင့်စာရိတ္တနှင့်တကွ အသွင် အပြင် အမူအရာ ဥပဓိလက္ခဏာပါ ဒိဋ္ဌမျက်မြင် ဆင်ခြင်ဆုံးဖြတ်တော် မူပြီး သူတော်ကောင်း အရိယာကြီးတို့၏ ဝသီဘော်ကို နှိုးဆော် တိုက်တွန်းလိုသောဆန္ဒဖြင့် ''ရှင်အရိယ''ဟု ဘွဲ့နာမ သတ်မှတ်တော် မူခဲ့ပါသည်။

ဆရာတော်လောင်း သာမဏေငယ်သည် ဆရာရင်းထံမှပင် အလွန် ထက်မြက်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ပညာရင်နို့သောက် စို့၍ ရဟန်း မပြုရသေးမီပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ သုတ်၊ဝိနည်း၊

အဘိဓမ္မာ၊ ဂန္ထန္တရကျမ်းဂန် အဝဝကို ဂဃနဏ သင်ယူ လေ့ကျက် ဆောင်ရွက်ပေါက်ရောက် တတ်မြောက်ခဲ့ပါပြီ။

ယင်းသို့ ရဟန်းပဋ္ဌင်းပြုရန်အတွက် အသက်လည်းစေ့ရောက်၊ ပိဋကတ်လည်း ပေါက်မြောက်သည့်အခါ ခမည်းတော် မယ်တော်ဖြစ်ကြသော ဆရာခေါင်-ဒေါ်ဒေါ်ခက်တို့က ရဟန်းတက်ပေးရန် ပထမ ဆရာတော်ကြီးနှင့် စီမံကြပါသည်။

ပထမ ညောင်လေးပင် တောရ ဆရာတော်ဘုရားကြီးသည် ရှင်အရိယ၏ သီလ၊ သမာဓိ၊ ပညာ အညွှန့်အညှောက်ကို ထောက်ဆ ကြည်ဖြူ လက်ရုံးတစ်ဆူ အားကိုးတော်မူရင်း ရှိသည်နှင့်အညီ မြန်မာ တစ်ပြည်လုံး အုန်းအုန်းကျွက်ဆူ၊ ရဟန္တာဟူ၍ ကျော်စောထင်ရှား သော ဘုန်းတော်ကြီး ဦးသီလကို ပင့်ပြီးလျှင် ဥပဇ္ဈာယ်ပြုရန် တောင်း ပန်၍ ၁၂၆၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂-ရက်နေ့တွင်ညောင်လေး ပင် တောရ သီလဝိသော ခန္ဓီသိမ်တော်ကြီးမှာ လွန်ကဲမြင့်မြတ်စွာသော ရဟန်းအဖြစ်သို့ ရောက်တော်မူစေခဲ့ပါသည်။

ရဟန်းငယ်ဘွဲ့က အရှင်အရိယ။ ဥပဇ္ဈာယ်ဆရာတော်က မဟာ ထေရ် ဦးသီလ။ ဘူမိနက်သန် သိမ်တော်၏ နာမံက "သီလဝိသောခန္ဓီ" ထိုအမည်များကို စုပေါင်းလိုက်လျှင် 'အရိယာနှင့် သီလ'၊ 'သီလနှင့် အရိယာ' တွဲဖက်လာသော လောကုတ္တရာနိမိတ်ထူးကြီး ဖြစ်ပါတော့ သည်။

အကျင့်ပြည့်ဝ၊ တောရပုဂ္ဂိုလ် ရဟန္တာအဖြစ် ကြည်ညိုခံရ သော ဘုန်းတော်ကြီးနှင့် ပထမတောရ ဆရာတော်ကြီး ထံရင်းတွင် အကျင့် ပဋိပတ်နှင့် ဆိုင်ရာ နည်းနာနိဿယတို့ကို အာစရိယ မုဋ္ဌိလက် ကိုင် ပိုင်ပိုင်ကြီး ခံယူတော်မူပြီးမှ ဆရာရင်းနှစ်ဆူတို့က တိုက်တွန်း နှိုးဆော် စီမံ အပ်နှင်းပေးသောကြောင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါ ရုံ တိုက်ရွှေဘုံသို့၊ ခိုလှုံပြောင်းရွှေ့တော်မူပြီးကာ။ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဥက္ကဋ္ဌ ဖြစ်သော ကျေးဇူးရှင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရား ကြီး၏ ခြေတော်ရင်း၌ ရွှေဖလားကို အနားသပ်သကဲ့သို့ ချဉ်းကပ်ပြီး လျှင် သာသနာတွင် နေနည်း၊ ထိုင်နည်း၊ ကျင့်ကြံ အားထုတ်နည်း၊ စာပေ ပို့ချသင်ပြနည်း၊ တပည့်ပရိသတ် အုပ်ချုပ်မွေးမြူနည်း စသော နည်းပေါင်းများစွာ ဗဟုသုတ အဖြာဖြာကို လေ့လာ ဆည်းပူးရပြန် လေသည်။

ဤသို့ ဤမျှ လောကီလောကုတ္တရာ ဗဟုသုတ ပြည့်ဝခိုင်ဖြိုး ဥာဏ်ရင့်ကြီး၍ ကျောက်ထီးတန္တုပမာ ပြုနိုင်ပြီးဖြစ်သော အချိန်အခါ

မှာမှ ဇာတိဌာနေ ဆရာရင်းများထံတော်မှောက်သို့ မျက်နှာပန်းပွင့်စွာ ပြန်ရောက်ခဲ့ပြီးသည့်နောက် အစိုးရ ပထမပြန် စာမေးပွဲကို ဆရာတော်ဘုရားကြီး၏ ဝင်ခွင့်ပြုချက်အရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး အတန်းတို့ကို ဆင်မြန်းလျက် စာပေပို့ချနေဆဲ ပထမ ဆရာတော်ဘုရားကြီးနှင့် ဒုတိယ ဆရာတော်ဘုရားများ အသီးသီး ပျံလွန်တော်မူကြပါသည်။ ထိုအခါ ညောင်လေးပင်နယ် ရွှေကျင်ဂိုဏ်း သံဃနာယက သံဃထေရ်ကြီးများ၏ လွှဲအပ်ချက်အရ ၁၂၇၁-ခုနှစ်တွင် ညောင်လေးပင် တောရ တတိယဦးစီးဥက္ကဋ္ဌ အဖြစ် ဝါတော် ၁၄-ဝါနှင့် လက်ခံတော်မူရ၍ သံဃာတော် ၁၁၀-ကျော်ကို မငြိုမငြင် မပင်မပန်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး။ပစ္စည်း လေးပါးတို့ဖြင့် ထောက်ပံ့ အုပ်ချုပ်ကာ ပရိယတ် ပဋိပတ် သာသနာကို ပြုစုပျိုးထောင်တော်မူခဲ့ပါသည်။

တိုက်တာ အုပ်ချုပ်တော်မူသည့် အရာမှာ "အဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟုလာ ဘဝိဿန္တိဝုဒ္ဓိယေဝ" ဟူသော သုတ်မဟာဝါ ပါဠိတော်နှင့်အညီ တိုက်တွင်းရှိကျောင်းအသီးသီးတို့ကို ထိန်းသိမ်း အုပ်ချုပ်တော်မူကြသော နာယကများနှင့်အခါမလပ် စည်းဝေးညှိနှိုင်း၍ ပရိယတ္တိ သာသနာတော်၊ ပဋိပတ္တိ သာသနာတော်တို့ အဓွန့်ရှည်ရာ ရှည်ကြောင်း၊ ဂိုဏ်းဂဏ ကြီးပွားရာကြီးပွားကြောင်းများကို နှီးနှော တိုင်ပင် အုပ်ချုပ်တော် မူပါသည်။

ထို့ကြောင့်ပင်လျှင် အစိုးရ ပထမပြန် စာမေးပွဲ၌ အောက်နယ် တခွင်တွင် ညောင်လေးပင် တောရတိုက်ကြီးဟု ဆိုရစလောက် 'ငယ်၊ လတ်၊ ကြီး' အအောင်များသော တိုက်အဖြစ် ထင်ရှားကျော်ကြားခဲ့ရပါသည်။

ထိုမျှသာ မကသေး၊ ရွှေကျင်ဂိုဏ်းကြီးနှင့် ဆရာတော် ဦးသီလ၏ တောရဂိုဏ်းကြီးနှစ်ခုကို ဂင်္ဂါရေနှင့် ယမုနာရေ ရောသကဲ့သို့ စာတွေ့ လက်တွေ့ လုပ်ငန်းကြီးကို ထူထောင်ဖန်ဆင်းတော် မူခဲ့ပါသည်။

ဤသို့လျှင် ထူးခြားမြင့်မြတ်သော ပရိယတ္တိ ကောဝိဒ၊ ပဋိပတ္တိ သမ္ပန္နဂုဏ်နှင့် ပြည့်စုံတော်မူခြင်းကြောင့် ၁၃၁၂-ခုနှစ် မန္တလေးမြို့၊ သက္ကျသီဟ အသင်းကြီး၏ အမှတ်(၅၀)မြောက် အထိမ်းအမှတ်ပွဲတွင် ဩဝါဒ သံဃ အမှူးဆောင်အဖြစ်ဖြင့် (ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ မူလ စာချ ဘဒ္ဒန္တ ဇာရိယာဘိဝံသ) ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်း လက်ခံတော် မူရပါသည်။

၁၃၁၄-ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော် အစိုးရ၏ ဆဋ္ဌသင်္ဂါယနာ တင်ရေးကိစ္စ နည်းပေး ညွှန်ကြားသော ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ရပြန်ပါသည်။

"ဤကဲ့သို့ သက်တော် သုံးဆယ်ကျော်၊ ဝါတော်(၁၄)ဝါ လောက်မှစ၍ ညောင်လေးပင် တောရကျောင်းတိုက်ကြီးကို ရှင်သန်ကြီးထွား အသီးအပွင့် ပွားအောင် အားကြိုးမာန်တက် အဘက်ဘက်မှ ဆောင်ရွက်သယ်ပိုး အကျိုးရှိစွာ တာဝန်ယူခဲ့ရာမှ ၁၂၁၄-ခု၊တပို့တွဲလတွင် "ဗျာခိမဓမ္မောမှိဗျမ် အနုတိတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ" ဟူသော အဘိဏှသုတ်နှင့်အညီ လေငန်းရောဂါ ကပ်စွဲ နှိပ်စက်ခြင်းခံတော်မူရရှာပါသည်။

"ပထမ၊ ဒုတိယအကြိမ်များတွင် ရန်ကုန်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဒါယကာ ဒါယိကာမများက ကြိုးစားမှုကြောင့် ပျောက်ကင်း ချမ်းသာသယောင် ရှိသော်လည်း တတိယအကြိမ်မှာတော့ လက်ခြေမျှသာ လှုပ်နိုင်ရှား၍ နှုတ်မှမူကား စကားများ မပြောနိုင်တော့ပါ။

"သို့ကလို 'စကားလည်းငုပ်၊ အားလည်းဆုတ်' လာသည့်အခါ ဆရာဝန်များနှင့် အစောင့်အရှောက် သူနာပြုဆရာမကြီးများက သနားခြင်း ကရုဏာ၊ ကြည်ညိုခြင်းသဒ္ဓါ၊ တာဝန်ရှိသော မေတ္တာတို့ဖြင့် လျှော့ပါး ကုန်ခန်းသော အင်အားကို အစာ အာဟာရဖြင့် ဖြည့်စွမ်းရန် ကော်ဖီ၊ ဆန်ပြုတ်၊ စွတ်ပြုတ်လောက်ကို ညနေစာအဖြစ် မှီဝဲပေးပါရန် တောင်းပန်သည့်အခါတွင်ကား သေလုမီးပါး ဂိလာနဖြစ်ငြားသော်လည်း ဆရာတော်ကြီး၏ "သိက္ခာကာမ လဇ္ဇီပေသလ ဝိနယဓရ" ဂုဏ်အင်္ဂါမှာ သိသာပေါ်လွင်ခဲ့ရပါပြီ။

"နှုတ်မှ မမြွက်နိုင်သဖြင့် စာတစ်ရွက် တောင်းကာ မသက်မသာ လက်ဆာဆာဖြင့် ရေးပြတော်မူလိုက်သည့် အက္ခရာများကတော့....

"နိုင်ငံတော် အစိုးရ၏ အမှုထမ်းများသည် အစိုးရ ဥပဒေကို တသဝေမတိမ်း လိုက်နာ ကျင့်ကြံကြရသည်။ ထို့အတူမြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာတော်ထမ်း ရဟန်း သာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေ ဝိနည်းကို လိုက်နာရပေသည်" ဟူသော စာကို ရေးပြ၍ သေမင်း၏ တံခါးဝသို့ သီလအပျက်မခံ ဆက်ဆံရဲစွာ ဝိကာလ ဘောဇနာကို ပယ်ခွာ စွန့်လွှတ်တော် မူသည်မှာကား 'ရဟန္တာ' ဟု ကျော်ကြားသော ဆရာတော် ဦးသီလ၏ ဓမ္မန္တေဝါသိက

တပည့်ကြီးတစ်ပါး ပီသပါစေလေစွ။အတုယူဖွယ် ကောင်းလေစွ။ လေးစား ကြည်ညိုဖွယ် ကောင်းလေစွ။

''ထို့အပြင် ဘဂ်ါဘိမုခ-မရဏာသန္နနှင့် နီးကပ်လာသည့် နောက်ဆုံးအချိန်မှာပင် တရားနှလုံး အမြဲသုံးမှုကို လက်လွှတ်တော် မမူဘဲ ကာယာနုပဿနာ သတိပဋ္ဌာန် ဓာတု မနသိကာရကို စာချ၍ ရေးပြတော် မူလိုက်သည်မှာကား....

''(ဤကိုယ်၌၊ မာ-ပထဝီ၊ရင့်-တေဇော၊ ဖွဲ့-အာပေါ၊ထောက်-ဝါယော)ဟူသော စာပိုဒ်ကလေးပင် ဖြစ်ပါသည်။ ဓာတ်ကြီး လေးပါး တို့၏ သဘာဝ ဓမ္မကို အကျယ်မချဲ့နိုင်တော့ပေမယ့် တကယ်တည့်တည့် ဆုံးမ သွားတော်မူခြင်းပါ တကား။

''ဤသို့နှင့် အရိယဟူသော ဘွဲ့တော်နှင့် လိုက်လျောစွာ နှလုံး သွင်းလျက် သက်တော် ၆၆၊ ဝါတော် ၄၇-ဝါအရ ၁၃၁၄-ခုနှစ်၊ ဝါခေါင်လဆန်း-၁၄ရက်၊ ၁၇နာရီ မိနစ် ၄၀အချိန်မှာ တုသိတာ နတ်နန်းသို့ ကြွလှမ်း စံဝင်တော်မူသည် ဖြစ်သောကြောင့် ယနေ့သည် ကား ဆရာတော်ဘုရား ပျံလွန်တော်မူသည့်နောက် ၂၆နှစ်မြောက်ခဲ့ရ ပါပြီ။

ဤရွှေ့ ဤမျှသော ကျေးဇူးတော်ရှင် ညောင်လေးပင်တောရ ဆရာတော် ဘုရားကြီး၏ထေရုပ္ပတ္တိ အကျဉ်းကို ဒိုက်ဦးမြို့၊ မင်းလမ်း၊ ယုဝပုံနှိပ်တိုက်၊ ဦးသန်းထွန်းထံမှ လည်းကောင်း၊ ရန်ကုန်မြို့ သာသန ဓဇသီရိ ပဝရ ဓမ္မာစရိယ ဆရာ ဦးခင်စိုးထံမှ လည်းကောင်း စုပေါင်း ရေးသား မှတ်ထား ဖတ်ကြားရပါသဖြင့် ထို ဆရာ နှစ်ဦးအား ကျေး ဇူး တင်ရပါသည်။


''ယခု နောက်ဆုံး နိဂုံးကမ္ပတ်ကို ဆရာတော်မြတ်အားကျေးဇူး ဆပ်ကာ ရှိသေစွာ ကန်တော့လိုက်ပါရစေ ခင်ဗျား။

''ဝန္ဒာမဟံ မဟာထေရံ၊
သီသင်္ဂေနာဘိ အာဒရံ၊
ဝိသုဒ္ဓိမဂ္ဂ သာရေန၊
ပိဝါယ ဝိမုတ္တိရသံ။

''ဝိသုဒ္ဓိမဂ္ဂသာရေန- သီလ သမာဓိ ပညာ ဂမ္ဘီရ ဓမ္မရသတို့၏ အဖွင့်ဒေသနာဖြစ်သော ဝိသုဒ္ဓိမဂ် အရသာကျမ်းဖြင့်။ ဝိမုတ္တိရသံ- ကိလေသစ်ထေး ပြစ်အလေးတို့မှ မြူမှေးမတင်၊ ကင်းစင်လွင့်ပ မဟာ နိဗ္ဗာန သန္တိသုခ အရသာကို။ ဝိပါယ-တစ်စက်တစ်ပေါက် ညက်တောက်

သမ္မ သောက်ခွင့်ရပါသောကြောင့်။ အဟံ- မမြင်ဖူး၍ ရှိဦး မတင်ခဲ့ရသော တပည့်တော်သည်။ မဟာထေရံ- အရဿာပေး ကျမ်းစာ ရေးခဲ့သော ကျေးဇူးတော်ရှင် ညောင်လေးပင်တောရ ဆရာတော် ဘုရားကို။ သိသင္ဂေန- ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဘိအာဒရံ- အလွန်ရိုသေစွာ။ ဝန္ဒာမိ- ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်း၍ ရှိပန်းဆင်ကာ ကန်တော့လိုက်ရပါသည် ဘုရား။ ။

(ဤဝန္ဒနာ ဂါထာကို ဆရာ ဦးသော်ဇင်က ကျေးဇူး ပြုပါသည်။)



# သိချင်တာတွေ

ကျွန်တော်တို့သည် အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်ကာလက ပရိယတ္တိစာပေများကို လိုက်စားလေ့လာခြင်း၊ သင်ယူခဲ့ခြင်း မရှိခဲ့ကြပေ။ အသက်အရွယ် ကြီးမားလာကြကာမှ နေရာတကာ သိလိုခြင်း၊ တတ်မြောက်လိုခြင်း၊ စပ်စုနားလည်လိုခြင်း စသော အာသီသများ ပေါ်လာကြသည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဖြစ်သည့် အလျောက် ဘုရားဟော ဓမ္မတရားတော်များကို ပို၍ သိလိုတတ်လို လာကြသည်။ သို့သော်ကျမ်းဂန် ဗဟုသုတ နည်းပါးချို့ငဲ့သည့် အဖြစ်ကြောင့် အချို့အချို့သော အကြောင်းတရားတို့ အပေါ်ဝယ် မတင်မကျ သံသယ ရှိလာတတ်ကြသည်။ 'အစွန်းနှစ်ဘက်ထွက်သော ပြဿနာ' ယုံမှားစရာများနှင့်ရင်ဆိုင်ခဲ့ကြရသည်။

မဟာသမုဒ္ဒရာကဲ့သို့အပြောကျယ်စွာသောဂန္ထဝင်ရကျမ်းဂန်စာပေ အဏ္ဏဝါကြီးဝယ် ကူးခပ်ဖို့ မလွယ်နိုင်သကဲ့သို့ မိမိသိလိုသောအကြောင်း အရာ အချက်အလက်တို့ကို မွှေနှောက် ချောက်ချား ရှာဖွေရန်မှာ 'ကောက်ရိုးပုံအောက်၊ အပ်ပျောက်'ကို ရှာသကဲ့သို့ ဖြစ်ရသည်။

မိမိသိလိုသော အကြောင်းများမှာ နိဗ္ဗာန်ရောက်ရာ ဒေသနာ ဆိုလျှင် ထားတော့။ စာပေဗဟုသုတ အစွန်းအစကလေးများ ဆိုလျှင် ဆွမ်းဆန်တွင်းကြွက်ချေးရောသကဲ့သို့ အပြောအဆို အစွပ်အစွဲခံရမည် ကို စိုးရိမ်ရသောကြောင့်'စားလုံးစားခု'အဇာမကြေသော ဝေဒနာ' စွဲ ကပ်လာတတ်သည်။ လူဟူသည်ကား နေရာတကာ သိချင် ကြားချင် သော သတ္တဝါတစ်မျိုးတည်း။

ဗုဒ္ဓဘာသာ စာပေဂန္ထဝင်တွင် 'မိလိန္ဒပဉှာ ဝတ္ထုတော်ကြီး' သည် ကျွန်တော်တို့လို သုတေသီများအတွက် ရတနာရွှေအိုးကြီး ဖြစ် သည်။ ကျွန်တော်တို့ သိလိုသမျှထက် ပို၍ မသိမမီနိုင်သော ဗဟုသုတ များ အများအပြား ပါဝင်နေသည်။ 'မိလိန္ဒပဉှာ ပါဠိတော်' မြန်မာ စကားပြေဖြင့် 'ဂုဏာလင်္ကာရထေမွန်သူမြတ်' စီရင်အပ်သောကျမ်းကြီး ဖြစ်သည်။ အဋ္ဌကထာ ဆရာကြီးများပင် ကိုးစားအားထားတော် မူကြ ရသည်ဟု သိရသည်။'အမေး-မိလိန္ဒ၊ အဖြေ-နာဂသေန'ဟူသောစကား အတိုင်း ထိုဝတ္ထုတော်ပါ သာဂလ ပြည့်ရှင်ဘုရင် မိလိန္ဒမင်းကြီးသည် သူသိလိုသမျှ သံသယ ပုစ္ဆာများဖြင့် စောဒက တက်လေရာ ရဟန္တာ အရှင် နာဂသေနမထေရ်က ယထာဘူတ တိတိပပ ဖြေဆိုတော်မူပုံများ ဖြစ်သည်။ ဥပမာ....

''ဘုရားဆိုတာ အကယ်ရှိသလား၊ ဘုရားသည်'သဗ္ဗညုတ'ဟုတ် သလား''

''နိဗ္ဗာန်ဆိုတာ တကယ်ရှိသလား၊ နိဗ္ဗာန်ချမ်းသာကို (မရဖူး သေးခင်က)ပြောနိုင်သလား''

''ကံ-ကံ၏အကျိုး ရှိ-မရှိ''

''ဉာဏ်ရှိသူသည် ပညာရှိသလော''

''ဘဝဟောင်းမှ ပြောင်း၍ ဘဝသစ်၌ ဖြစ်သလော။ သံသရာ ဟူသည် အဘယ်နည်း''

''ဗုဒ္ဓဖြစ်တော်မူစ တရားဟောရန် စိတ်မသန်ခဲ့သည်မှာ အဘယ် ကြောင့်နည်း''

''ရှင်ဒေဝဒတ် ငရဲသို့လားမည်ကိုမသိ၍ ရဟန်းပြုစေသလား''

ဤသို့ စသော စသော–အမေးပုစ္ဆာများမှာ ကျွန်တော်တို့ သိလိုသော အကြောင်းအရာများထက် သိကောင်းစရာ အများအပြား ပါဝင်နေသောကြောင့်‘သိလို၍ ရှာပါမှ မသိတာတွေ အများကြီး အများကြီး ရှိနေပါသေးသလား’ဟု စိတ်အားငယ်ရပြန်ပါသေးသည်။ သို့သော် ‘နည်းရောင်း၊ များရောင်း၊ တောင်းပြည့်’ဆိုသော ဈေးသည်တို့ စကားကဲ့သို့ ဗဟုသုတ တောင်းပြည့်တတ်သမျှ ပြည့်အောင် စုဆောင်း မှတ်သားရတော့မည်။

ထိုနောက် ကျည်းကန် သာမဏေကျော်၏ “အမေး”။ကျီးသဲလေးထပ် ဆရာတော်၏ အဖြေဖြစ်သော ‘စွယ်စုံကျော်ထင်’ ကျမ်းကြီးကိုလည်း တွေ့ရပြန်ပါသည်။ ပညာရှိကြီးများ၏ အဆိုအမိန့်မှာ....

“ဤ စွယ်စုံကျော်ထင် ကျမ်းကြီးသည်ကား မုံရွေးရွာအနီး ကျည်းကန်ရွာကြီး၌ ဖွားမြင်၍ ပိဋက ဗဟုသုတ၊ ဝေဒ ဗဟုသုတ ကုံပြည့်တင်းလျက် ကျော်စောသတင်း ကြီးပေသော ရှင်နန္ဒဓဇခေါ် ကျည်းကန်ရှင်ကြီး၏ ကျီးသဲပုစ္ဆာတို့ကို ဖြေဆိုသူကား ဇိနတ္ထ ပကာသနီ ကျမ်းပြု ကျီးသဲလေးထပ် ဆရာတော် ဘုရားဖြစ်ရာ အမေးပုဂ္ဂိုလ်နှင့် အဖြေပုဂ္ဂိုလ်တို့သည် လောကီလောကုတ္တရာ ဗဟုသုတ ပြည့်ဝပြီးသော စွယ်စုံ ပုဂ္ဂိုလ်ကြီးများ ဖြစ်သောကြောင့် ‘စွယ်စုံကျော်ထင်ကျမ်း’၏ အခြေအနေကို အထူး ဝေဖန် စိစစ်ရန် မလိုတော့”ဟူ၍ ဖြစ်သတည်း။ ထိုကျမ်းပါ ပုစ္ဆာများအနက်....

“သာကီဝင်နွယ်၊စောဘုန်းကြွယ်၊ မင်းဘယ်မျှတွင် ပွင့်သနည်း”

“ဉာဏ်တော်ခြောက်သွယ် အံ့ဩဖွယ် ဘယ်ဝီထိတွင် ဖြစ်သနည်း”

“သွားတော်လေးဆယ်၊ သိချင်ဖွယ်၊ စွယ်တော်လုံးလျား ဘယ်မျှနည်း”

“ဘုရားဘုန်းကြွယ်၊ ကိုယ်တော်ဝယ်၊ ရှစ်ဆယ်ပိုးမျိုး ရှိလိမ့်နည်း”

“ယောက်ျားဝမ်းဝယ်၊ သန္ဓေလွယ်၊ ဘယ်ပြု မီးမနေသနည်း”

ဤသို့သော ဗုဒ္ဓဝင် ဗဟုသုတ၊ လောကီပညာ ဗဟုသုတတို့မှာ ကျွန်တော်တို့ သိလိုသော အကြောင်းထက် သိကောင်းစရာတွေပါ အများအပြား ပါရှိနေသောကြောင့် ကျွန်တော်တို့မှာ ‘ရလေလိုလေ အိုတစ္ဆေ’ ဖြစ်ရပြန်တော့သည်။

နောက်တစ်ကျမ်းက‘သမန္တစက္ခု ဒီပနီ’။

အမရပူရ နန်းတည် ဗဒုံမင်းတရားကြီးလက်ထက်၊ ပြိုင်ဘက်မရှိ၊ ပရိယတ္တိဝိသာရဒ၊ ဂန္ထန္တရဗဟုသုတ စသည် ဥဿုံ၊ ဂုဏ်ပေါင်းစုံသည့်

အလုံမြို့ ကျေး၊ မုံရွေးဇေတဝန်ဆရာ၊ အရိယာဝံသအာဒိစ္စရံသီ ဆရာတော်ကြီးသည် မုံရွာ သီရိမာလာ ဆရာတော် မေးလျှောက်သမျှ အစထွက် အစွန်းထွက် ခက်ခဲ သိမ်မွေ့လှစွာသော ပုစ္ဆာ အရပ်ရပ်တို့ကို ပိဋကတ်ဗေဒင်၊ ရာဇဝင်နှင့် ပုံပြင်နည်းနာပြည့်စုံစွာ ဖြေဆိုထားတော်မူသည့် ကျမ်းကြီးတစ်ဆူ ဖြစ်ပါသည်။

"ဗိုလ်တစ်ထောင်တင်သော လေးဆိုသည်မှာ ယောက်ျား ဗိုလ်ခြေတစ်ထောင်လား။ အလေးချိန်ပို တစ်ထောင်လား"

"မင်္ဂရကေန်၊ သောတာပန်၊ တိရစ္ဆာန် ဘယ်ကြောင့် ဖြစ်သနည်း"

"လူတို့တွင် ကိုယ်စောင့်နတ် ရှိ-မရှိ"

"ရုပ်ထုတော်(စေတီ) စသည်ကို အသစ် ပြုပြင်လို၍ ဖျက်ဆီးရာ အပြစ်လွတ်-မလွတ်"

"စေတီမှ ထီးတော်ကို ချကောင်း၊မချကောင်း"

"စေတီတစ်ဆူမှ တစ်ဆူသို့ ပြောင်း၍ လှူအပ်၊ မလှူအပ်"

"ကိုယ်မချိ၊ အမိသော်လဲ(လည်း)သားတော်ခဲ ဟူသောစကား၊ ကျမ်းဂန်၌ ရှိ၊ မရှိ"

ဤသို့-ဤသို့ သိချင်စရာ ပုစ္ဆာမျိုး (ပထမတွဲ၊ ဒုတိယတွဲတွင်) ၁၆၅မျိုး ပါရှိလေသည်။ ထို့အပြင် မြန်မာစာ သတ်ပုံရေးထုံးအတွက် လွှတ်တော်မှ အစပြု၍ မြန်မာ ပညာရှိများလက်သုံး ကဝိလက္ခဏာ သတ်ပုံ(ကဝိလက္ခဏာ ဒီပနီ)ကျမ်းကိုလည်း ကျွန်တော်တို့ လက်လွှတ်၍ မဖြစ်ပါချေ။ စီရင်ရေးသား ပြုစုတော် မူခဲ့သူမှာ ဟံသာဝတီမင်းလက်ထက်'ရွှေတောင် ရာဇကျော်'ဘွဲ့နှင့် အမှုတော်ရေး အဖြစ် အမှုထမ်းခဲ့သော'စိန္တ ကျော်သူဦးသြ'ဖြစ်ပါသည်။ ထိုကျမ်းကို ပြုစုစဉ်က ဦးသြသည် အသက် ၁၅နှစ်မျှသာ ရှိသေးသည်ဟု သိရသည်။ သို့စင်ပါလျက် ထိုသတ်ပုံကျမ်းသည် အဘယ်မျှလောက် လောကုတ္တရာ ပညာများပြည့်စုံကုံလုံနေပါသနည်း။ ပညာရှိများက အောက်ပါအတိုင်း ခွဲခြား ညွှန်ပြထားတော် မူကြသည်။

၁-ကဗျာ၊ လင်္ကာ၊ ဆန်း၊ သဒ္ဒါနှင့် ဆိုင်ရာ ဗဟုသုတ အနေဖြင့်....

"ရတုချဖွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကိရိယာ"
"ဆန်းဆန်းကြယ်ကြယ်၊ ပညာကျယ်၊ တစ်ဆယ့်ဥပမာ"
"ဇော် တစ်ခိုင်လုံး၊ စာစပ်ထုံး၊ အဆုံးများလှလွှန်း"
၂-ရာဇဝင် သမိုင်းဆိုင်ရာ....

“မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင်သည်သာ”
“မင်းပရိယာယ်၊ တေင့်တယ်၊ နားဝယ်မလည်ရှာ”
“နေဉ်ရထာ့ကံ၊ အရဟံ၊ ခုန်ပျံကျလာဝဲ”
၃–ပိဋကတ် အဋ္ဌကထာ ဆိုင်ရာ...
“ရောင်ခြည် ခြောက်သွယ်၊ ဘဂဝါကယ်၊ အံ့ဖွယ် ဆယ့်ရှစ်ဖြာ”
“ကိုယ်တော်တလံ၊ ရောင်တော်လျှံ၊ ရွှေဆံနှစ်သစ်မြဲ”
“မွေရှင်တော်ပျံ၊ နဖူးယံ၊ တလံတော်အခွဲ”
၄–နက္ခတ်ဗေဒင်ဆိုင်ရာ....
“ခြသေ့် နေမှတ်၊ ကရကဋ်၊ ချစ်မြတ်ဆွေအိမ်ရှင်”
“ကုံမိနစ်ရပ်၊ ဂဠုန်ဝပ်၊ ဖြိုးထပ်ပွားဉစ္စာ”
“ပတ်သာတံရှည်၊ တီးသံမြည်၊ လက်ဆည်ကန်စာရေး”
၅–ဆေးကျမ်းဆိုင်ရာ....
“ငါ့အနာဝဲ၊ ဆေးပုလဲ၊ ပျောက်ရှဲအောင် ကုစား”
“နာဖျားမကျန်း၊ မမာမြန်း၊ ယက်မန်းသောက်ပါလေ”
“အနာမည်းတွတ်၊ အမာရွတ်၊ ကပ်ဖိုဆေးနှင့်တင်”
၆–ပေါရာဏ စကားလုံးများနှင့် ပတ်သက်၍....
“လုလင်သမဲ့၊ အမိညဲ၊ မြဲစေကျင့်ငါးပါး”
“ကလူကလဲ၊ သူညဉ်းဆဲ၊ ဆင်းရဲလွန် ညှိုးပါး”
“ဆင်ထိန်းရလည်း၊ ကျင့်သုံးနည်း၊ ခေါင်းပြည်း ဦးရှင်ညို”
၇–ဓမ္မသတ်ဆိုင်ရာ
“သူလင်နှင့်ကြုံ၊ တံခါးခုံ၊ လွဘ်ရုံကျော်၍ ပြေး”
“သုံးပါးဝန္တံ၊ အာမခံ၊ ပေးနှံ့ခလေးခုကဲ”
“ဆယ်ပါးပုတ်ခတ်၊ တရားကတ်၊ ဖြတ်လေပညာရှင်”
၈–မဏိသျှုတ္တရနှင့် ဆင်ကျမ်း မြင်းကျမ်း
“အရောင်ရဲရဲ၊ ကျောက်မျက်ရွဲ၊ ပုလဲမျိုးရှစ်ပါး”
“ဆင်တွင်ဆင်မြတ်၊ ရန်စပြတ်၊ ပတ္တိယတ်စုံသည့်ဆင်”
“ရှစ်အင်စုံမြတ်၊ ဖြူဆွဘ်ဆွတ်၊ ဖောင်းဝတ် မြင်းယာဉ်ညင်”
၉–အထွေထွေ
“မိတ္တီလာကန်၊ရေလွှတ်ပြွန်၊ ဆန္ဒန်တိုးဝင်သာ”
“အခြောက်ရေညွန်၊ ကျုံးသုံးတန်၊ မြို့ဌာန်ပတ်လည်မှာ”
“လှေလှော်တတ်ဆန်း၊ ဆသ္တနှစ်ခန်း၊ တက်သန်း ညီညွတ်စေ”
ဤသို့ မှတ်ရန် ဆောင်ရန် စာစုမျိုး ၁၇၀၀–ကျော် ပါရှိသဖြင့် နှိုက်သုံး၍ မကုန်နိုင်သော ရတနာရွှေအိုးကြီးနှင့် တူပါဘိသည်။

ထို့အပြင် 'သီရိပဝရ သုဓမ္မာဘိလင်္ကာရ' ဘွဲ့မည်ရှိသော လုံးတော် ဆရာတော် ဘုရားကြီး၏ 'ပုစ္ဆာပကိဏ္ဏကကျမ်း' သည်လည်း ပကိဏ္ဏက ပုစ္ဆာဟူသည့် အတိုင်း မေးခွန်းပေါင်း ၁၀၀၀-ကျော်ကို ဖြေဆိုပြသ ထားပါသည်။

''ရွှေစင် အညစ်အကြေး (၅)ပါး''

''စိတ် အညစ်အကြေး (၅)ပါး''

''နေလ အညစ်အကြေး (၅)ပါး''

''ရဟန်း အညစ်အကြေး (၅)ပါး'' စသည် များစွာ မှတ်စုပဒေ သာ ဖြစ်သည်။ သက္ကရာဇ် ၁၂၅၅-ခု၊တန်ဆောင်မုန်းလတွင် အဂ္ဂမဟာ ပဏ္ဍိတ ပါဠိဆရာကြီး ဆရာဖြေက ဟံသာဝတီ ပုံနှိပ်တိုက်တွင် တည်း ဖြတ် ရိုက်နှိပ် ပေးရာ နိဒါန်း၌....

''ဤပုစ္ဆာ ပကိဏ္ဏကကျမ်းသည် သိလိုရာ အချက်များကို ဖြုတ် ချည်း ချက်ဖြုတ်၊ ရုတ်တရက် ချပ်ချပ်၊ လျပ်လျပ် ခုံတမင်၊ ရှောင်တခင် ခပ်သွတ်၊ တောင်ပတ်ဖြန်းတော၊ ဆောတလျင် ထောက်ထပို၊ လျင်ခုပ် လျင်ခု၊ ကြည့်ရှုရှာဖွေနိုင်ပါပေသည်''ဟု ဆိုထားပါသည်။

''ကျွန်တော်တို့ ငယ်စဉ်က လူကြီးသူမ ဆရာသမားများကို ခဲရာ ခက်ဆစ် အဖုအထစ် မေးခွန်းကလေးများ မေးမိလျှင် 'ကတ်သီး ကတ်သတ် ရှာရှာဖွေဖွေ မေးရန်ကော'' ဟု အပြစ်တင် ခံရပါသည်။ ကျွန်တော်တို့ထက် 'ကတ်သီးကတ်သတ် ကြံကြံစည်စည် ပေါက်ပေါက် ရှာရှာ' မေးတော်မူထားသည့် မန်လည်ဆရာတော် ဘုရား၏ မေးခွန်း တွေကို တွေ့ရှိ ဖတ်မိသည့်အခါ ကျွန်တော်တို့ထက် အဆအရာအထောင် အတွေးခေါင်ခေါင် စပ်စုတော်မူနိုင်လှသည်ဟု ရယ်မောအံ့သြ။အဟော ဝတ သြချကြည်ညိုလိုက်ရပါသည်။ မင်းကွန်း ဆရာတော်ကြီးက နှိုက် နှိုက် ကျွတ်ကျွတ်ပင်ပြေလည်အောင်ဖြေကြားတော်မူထားသည်မှာလည်း အဟောဝတ။ ကျမ်းအမည်က 'သတပဒိက ပုစ္ဆာဝိဿဇ္ဇနာ' အမေး (၁၀၀)-အဖြေ (၁၀၀)ဟူသတည်း။

မန်လည် ဆရာတော် ဘုရားက ဖွေးချိုးနှင့် မေးလျှင် မင်းကွန်း ဆရာတော်ကြီးက ဖွေးချိုးနှင့်ပင် ပြန်၍ ဖြေတော်မူသည်။ လေးဆစ်နှင့် မေးလျှင် လေးဆစ်နှင့်ပင် ပြန်၍ ဖြေတော်မူသည်။ ထိုသို့ အမေးအဖြေ သည်ပင်လျှင် တစ်မူ ထူးခြား ကောင်းမွန်နေပါသည်။မေးပုံနှင့် ဖြေပုံကို ကြည့်ကြပါစို့။

မေး– “ဆ ကာမာဘူမိမှာ၊ ကု မာရိနတ်အပျို၊ လူလိုတဲ့ပေလား။ ပွင့်မြဲငယ်မှီ၊ တစ်လလျှင် တစ်ကြိမ်အညီပ၊ ချိန်ရာသီပေါ်တဲ့ ပန်းငယ်၊လန်းပါစ လား။”

ဖြေ– “ဆ ကာမာဘူမိမှာ၊ ကုမာရိနတ်အပျို၊ လူတို့လို ဟုတ်ပဲ၊ ပွင့်မြဲငယ်မှီ၊ ရှစ်ရက်လျှင် တစ်ကြိမ်စီပ၊ ချိန်ရာသီ ပေါ်တဲ့ ပန်းငယ်၊ လန်းမပွင့်ဘဲ။” (မူအတိုင်း)

မေး– “အပွေ့ပို၊ မဖြေလို စိတ်တော်ရှိပါနှင့်၊ ခင်သိသာမို့၊ နတ်ခြောက်ဆူ၊ချစ်သွေး နှစ်ကိုယ်မြူလို့၊ ဟို အမူလူလိုချင်း ပေထင့်၊ သင်းက ဘယ်သို့။”

ဖြေ– “အပွေ့ပို၊ မဖြေလိုစိတ်တော် ရှိပါဘူ၊ ကိုယ်သိသာမို့။ နတ်ခြောက်ဆူ၊ ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမူ လူလို ကျင့်ကြတယ်၊ သင်းက ဤသို့။”

မေး– “တွေ့မဆုံ၊ ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်၊ ကိစ္စ ကုန် ကြောင်း၊၊ ဆိုကြဟန်၊ စင်စစ်ကယ် မှန်မမှန်လို့၊ မြတ်ကျမ်း ဂန် ဘယ်နှယ် ရှိတယ်၊ ဘုန်းသိသင့်ကောင်း။”

ဖြေ– “တွေ့မဆုံ၊ ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်၊ ကိစ္စကုန်ခဲ့။ ဆိုကြဟန်၊ စင်စစ်ကယ် မမှန်ဟု၊ မြတ်ကျမ်းဂန်သည့်နှယ် ရှိတယ်၊ဘုန်းသိပါငဲ့။”

မြန်မာ့ ဝေါဟာရ စကား ဥပမာ တစ်ခုကား “အမေး ကျွဲ ကျောင်း, အဖြေ–ဘုရားလောင်း”ဟူ၏။

ကျွဲကျောင်းသားများသည် တစ်နေကုန် တစ်နေခန်း ကျွဲများကို ကြည့်ရှု ထိန်းကျောင်းရသော တာဝန်မျှသာ ရှိလေရာ တွေးချင်ရာလည်း တွေးနိုင်သည်။ လက်ဝယ်ရှိသော တုတ်တစ်ချောင်းနှင့် တွေ့ရာ သစ်ပင် ချုံနွယ်များကို အမှတ်မရှိ ရိုက်နှက်သွားချင်လည်း သွားတတ်သည်။ တစ်ခါတစ်ရံ တွေ့ရာမြင်ရာ ခပ်လှမ်းလှမ်းက သတ္တဝါကလေးများအား ခဲနှင့် ကောက်ပေါက်လျှင်လည်း ပေါက်တတ်သေးသည်။ ထို့အတူ အရပ်သား အမေးသမားများသည် အစီအစဉ် မရှိသော ထွေထွေရာရာ ပုစ္ဆာများကို ကောက်ကာငင်ကာ စပ်စု မေးမြန်းတတ်ရကား ထိုအမေး များကို ပြေလည်အောင် ဖြေနိုင်စွမ်းရှိသူမှာ ‘ပညာဓိက’ဘုရားလောင်း ပညာရှိ ပုဂ္ဂိုလ်မျိုးမှသာ ဖြစ်နိုင်လေသည်။(ဝါ)ဂန္ထန္ဓရ ကျမ်းပေါင်း များစွာကို နှံ့စပ် ကျေညက်ထားသူသာ ဖြစ်နိုင်လိမ့်မည်။

သို့သော် ပညာရှိ အချင်းချင်း မေးမြန်း လျှောက်ထားကြသည့်များမှာမူ 'အမေးငါးထွေ–အဖြေလေးပါး'ဟူသကဲ့သို့ မိမိအယူအဆနှင့် ညှိနှိုင်း ဆွေးနွေးလိုသော အာသီသမျိုး ထားရှိတတ်ပါသည်။

ကျွန်တော်တို့ အနေဖြင့်ကား အမေးအဖြေကျမ်းဟူသမျှ ဗဟုသုတ 'ဟင်းလေးအိုးကြီး'ကို ထမင်းပွဲရှေ့ရောက် စားလိုက်ရသည်နှင့် တူပါဘိသည်။ များပြားကျယ်ဝန်းသော ဂန္ထန္တရကျမ်း အဆူဆူမှ မွှေနှောက်ထုတ်နုတ် တင်ပြ ဖြေဆိုထားသည့် အရသာ မျိုးစုံတို့ကို အလွယ်တကူ မပင်မပန်း တစ်ထိုင်တည်း အဆင်သင့် မှတ်ယူ သုံးဆောင်ရုံမျှသာ တည်း။

အမေးအဖြေ မှတ်စု ကျမ်းများအကြောင်းကို ဤရွေ့ဤမျှ ဖော်ပြလာရခြင်း အကြောင်း အတောအတွင်း ကျွန်တော် ဖတ်မှတ်ရသော ကျမ်းတစ်ဆူ၏ အရသာကို ဤစာဖတ်မိသူ သုတေသီတို့အား 'ဟင်းခွက်' ကမ်းလို၍ ဖြစ်ပါသည်။

ကျမ်းအမည်မှာ–'သုတေသန သမ္မာမဂ္ဂဂ်ပဥှာ'

စီစဉ်ရေးသားဖြေဆိုသူမှာ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းပြု ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ ဖျာပုံတိုက်သစ် ဆရာတော် အရှင် ဩဘာသာဘိဝံသ (ယခင် ပထမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့)ဒုတိယ ဥက္ကဋ္ဌနှင့် ယခု နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး၏ 'သုတေသန သရုပ်ပြအဘိဓာန်ကျမ်းကြီးမှာ သုတေသီ မှန်သမျှ အားကိုးအားထား ပြုကြရပါသည်။ အက္ခရာဝလိအတိုင်း (၂)ပါး၊ (၃)ပါး၊ (၄)ပါး၊ (၅)ပါး စသည် စသည် မှတ်စုမျိုး အပါးပေါင်း များစွာတို့ တစ်ပါးချင်း သရုပ်ခွဲပြထားပါသည်။

ယခု ''သုတေသန သမ္မာ မဂ္ဂဂ်ပဥှာကျမ်း''မှာ ၁၉၈၂ခုနှစ်လတွင် ပထမအကြိမ် သုခမ္မဝတီ စာပုံနှိပ်တိုက်မှ အုပ်ရေ(၃၀၀၀)ရိုက်နှိပ်ထွက်ပေါ်လာခြင်း ဖြစ်သည်။

''နှစ်ဆယ်ရာစု သာသနာ့ဒါယကာကြီး''ဖြစ်သော သေဌေးကြီး ဆာဦးသွင်မှ အစပြု၍ လောကီလောကုတ္တရာ ဗဟုသုတလိုလားကြသော ဒါယကာ များစွာတို့ ပြဿနာအရပ်ရပ် အမေးပုစ္ဆာများကို သက်ဆိုင်ရာ ပါဠိအဋ္ဌကထာ ကျမ်းကြီးများမှ ထုတ်နုတ် ကိုးကား၍ 'မြန်မာစကားပြေသက်သက်ဖြင့်' လူတိုင်းနားလည်သဘောပေါက်အောင်ဖြေဆိုထားတော် မူခြင်းဖြစ်ရာ အမေးပုစ္ဆာပေါင်း(၅၇၆)စာမျက်နှာ၇၀၀ ကျော် ပါရှိသည်။ ပကိဏ္ဏက အထွေထွေ မေးခွန်းများကို စာမြည်းအဖြစ် ကောက်နုတ်၍ ပြရမည် ဆိုလျှင်....

"အထက်ဆရာကြီးတွေကို ကိုးကွယ်သူဟာ သီလဗ္ဗတုပါဒါန် ဖြစ်နိုင်ပါသလား"

"အနတ္တက အတ္တ ဖြစ်လာပြန်ခြင်းများ"

"အနိစ္စ၊ဒုက္ခ၊အနတ္တကိုရွတ်ဆိုပြီး ပုတီးစိပ်ကောင်းပါသလား"

"စိပ်ပုတီးဆိုတာ ဘယ်က လာတဲ့ စကားလဲ"

"အရှင်ဝိစိတ္တ (ဓမ္မဘဏ္ဍာဂါရိကထေရ်)က အလွန် အဖိုးတန် သော မော်တော်ကားကြီးကို ဘာကြောင့် အလှူ မခံယူ ပါသလဲ"

"အသက်(၇)နှစ်သားမျှရှိတဲ့ သာမဏေငယ် ရဟန္တာ ကလေး တွေကို ရဟန်းပဥ္စင်း ပြုပေးနိုင်သလား"

"အာဏာစက် ဓမ္မစက်ဆိုတာ ဘာတွေကို ခေါ်သလဲ"

"ဥပုသ်သည်များ သီလတစ်ပါးပျက်လျှင် အကုန်လုံး သီလပျက် ပါသလား"

"ကမ္မဋ္ဌာန်း ထိုင်သူဟာ ညောင်းလျှင် မပြင်ရဘူးလား"

"ကျိုက္ခမီ၊ ကျိုက်ထီးရိုး တန်ဆောင်းပေါ်သို့ မိန်းမများ တက်ကောင်းပါသလား"

"တံငါ၊ ဝက်မွေးအလုပ်မှ စီးပွားဖြစ်တာ ဘာကုသိုလ်တွေလုပ် ခဲ့လို့လဲ"

"တရားမှတ်ဆဲ ယောဂီမှာ ဝေဒနာ ချုပ်တယ်ဆိုတာ ဟုတ်မှန် ပါသလား"

"တင်ပျဉ်ခွေ ထိုင်နည်း အဖွင့်ဋီကာ ရှိသလား"

"ဒုက္ကရစရိယာဆိုတာ မိစ္ဆာဒိဋ္ဌိ အကျင့်လား"

"ဒုက္ကရ စရိယာကျင့်မှ ဘုရားဖြစ်ရသလား"

"ဗုဒ္ဓမြတ်စွာသည် ဘဝသံသရာ ရှိကြောင်းကို လက်ခံ အားပေး နေပါသလား"

"ရဟန္တာအစစ်က မိမိရဟန္တာဖြစ်ကြောင်း ဘာ့ကြောင့် မပြော ကြရသလဲ"

"လူပျိုဘုရား ဘာကြောင့် မရှိကောင်းသလဲ"

စသော အနူအရင့် ကျွန်တော်တို့ "သိချင်တာတွေ–သိချင် တာ တွေ"ပုဒ်ရေ(၇၀၀)ကျော်ပါဝင်နေပါသောကြောင့်သုတေသီများအဖို့ ရတနာ ရွှေအိုး 'ဟင်းလေးအိုးကြီး'တစ်ခွက် ဖြစ်ကြောင်း သံတင်း ကောင်း ပါးလိုက်ရပါသည် ခင်ဗျား။ ။

* * *



# အဘယ ကုမာရ သုတ်

ကျွန်တော်တို့မှာ အဘယကုမာရ မင်းသား၏ ကျေးဇူးကြောင့် 'စကားခြောက်ခွန်း လူ့ဥဒ္ဓထွန်း-လေးခွန်းကိုပယ် နှစ်ခွန်းတယ်' ဟူသည့် မြတ်ဗုဒ္ဓ ဒေသနာတော်ကို ကျနကွဲပြား မှတ်သားနိုင်ခြင်း ရှိရသည်။

အဘယ ကုမာရသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ သားတော်တစ်ပါး ဖြစ်သည်။ မယ်တော် မိဖုရား၏ အမည်နာမကိုကား ထင်ထင်ရှားရှား မတွေ့ရပါ။ အဂ္ဂဒေဝီ မဟေသီ ဖြစ်သော ဝေဒေဟီ မိဖုရားကြီး၏ သားတော် အဇာတသတ်ု မင်းသားနှင့် ဖအေတူ မအေကွဲ ညီတော် နောင်တော် ဖြစ်ကြောင်းကိုကား ယုံမှားမရှိ သိရပေပြီ။

အဇာတသတ်ု မင်းသားသည် ဝေဒေဟီ မိဖုရားကြီးက သူ့အား မီးရှူးသန့်စင် မဖွားမီကပင် ရာဇဂြိုဟ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်အောင် ထင်ရှားခဲ့သူ ဖြစ်သည်။ သန္ဓေနှုတ်ငုံ ရှိစဉ်က မယ်တော် ဝေဒေဟီ မိဖုရားကြီးသည် ဗိမ္ဗိသာရ ဘုရင်၏ လက်ယာ

လက်မောင်းသွေးကို သောက်လိုသော ချင်ခြင်း ဆန္ဒဖြစ်ခဲ့၏။ဗိမ္ဗိသာရ မင်းကြီးကလည်း မိမိ၏ လက်မောင်းသွေးကို မတွန့်မဆုတ် (ပရိစ္စာဂ) လုပ်ကာ ကိုယ်တော်တိုင် ဖောက်၍ မိဖုရားကြီးအား သောက်စေပြီး ချင်ခြင်း ပြေငြိမ်းတော်မူစေသည်။

ထိုအကြောင်းကို ထောက်ဆ၍ ပုဏ္ဏားတော်များက 'အဇာတ သတ္တု'=''မမွေးမဖွားမီ ကတည်းက အဖ၏ ရန်သူ''ဟူသော ဘွဲ့နာမ် ကို ကင်ပွန်း တပ်လိုက်ပြီး ဖြစ်သည်။

လောက၌ ထင်ရှားခြင်း ဟူသည် ကောင်းသတင်း ဖြစ်စေ၊ မကောင်းသတင်း ဖြစ်စေ၊ ကောင်းသော အကြောင်းအရာကြောင့် ဖြစ်စေ၊ မကောင်းသော အကြောင်းအရာကြောင့် ဖြစ်စေ တစ်ခုခု၌ ထူးခြားနေလျှင် ထင်ရှား ကျော်စောစမြဲ ဖြစ်သည်။

အဘယကုမာရ မင်းသားမှာမူကား အဇာတသတ် မင်းသား လောက် လူသိရှင်ကြား ထင်ရှားသော အကြောင်းအရာမျိုး မရှိ၊ တီးတိုး သတင်း တစ်ခုဖြင့်သာ အဘယကုမာရ အကြောင်းကို ပြောကြားခဲ့ကြ ဖူးသည်။

ရာဇဂြိုဟ်ပြည်၌ မင်းဆွေ မင်းမျိုး ဖြစ်သော သာလဝတီ အမျိုး ကောင်း သမီးကို စည်းစိမ်ချမ်းသာ ကြီးကျယ်စွာဖြင့် ပြည်ကြီးတန်ဆာ ခန့်အပ် ထားခဲ့သည်။ အဘယကုမာရသည် သာလဝတီနှင့် အမြဲ ဆက်ဆံ သွားလာ ယှဉ်ပါးနေခဲ့ခြင်းကြောင့် သာလဝတီ၌ သားယောကျ်ားလေး မွေးဖွားသော ဟူ၏။ ပြည့်တန်ဆာတွင် သားယောကျ်ားလေး တစ် ယောက်ကို ကြီးပြင်းအောင် မွေးမြူ စောင့်ရှောက်ရန် မတင့်တယ် လှသည် ဖြစ်၍ ဖခင် မဖော်နိုင်သော ထို မွေးစ ကလေးကို အဘယ ကုမာရ၏ နန်းဆောင် တံခါးဝတွင် သွားချထားသော ဟူ၏။ မိမိ သားအဖြစ်ကို ရိပ်မိသော အဘယ ကုမာရသည် ချစ်ခြင်း သံယောဇဉ် ဖြင့် 'အသက်မှ ရှင်ပါသေးစ ကွယ်ရို့'ဟု အလိုင်းတကြီး မေးမြန်းကာ ကောက်ယူ မွေးစားခဲ့၏။ ထိုသို့ အသက်မှ ရှင်ပါသေးစ ဟူသော စကား ကို အမိပ္ပာယ် ယူ၍ ထိုကလေးသည် ဇီဝကဟု အမည် တွင်သွား၏။ ထို အကြောင်းကား ရိပ်မိသော သူ တချို့၏ အချပ်စကား တီးတိုး စကား မျှသာ ဖြစ်ကြသည်။

အဘယ ကုမာရသည် ဉာဏ်ရှိသူဖြစ်၏။ ပညာလိုလားသူဖြစ်၏။ ထို့ကြောင့် ဆရာရှာသူလည်း ဖြစ်၏။ သူ ကိုးကွယ် ဆည်းကပ်မိသော ဆရာကား နိဂဏ္ဌ ဆရာကြီး ဖြစ်လေသတည်း။

ဆရာကြီးသည် ‘ငါတို့မှာ ထုံးဖွဲ့ နှောင့်ယှက်တတ်သော ကိုလေသာ ဟူ၍ မရှိ။ ကင်းစင်သူများဖြစ်ကြသည်’ ဟု ဝန်ခံ၏။ သူ၏ အယူဝါဒအတိုင်း ပြောဆိုလေ့ ရှိသောကြောင့် နိဂဏ္ဌ ဟူ၍ တွင်လေသည်။ သူ၏ ဖခင်ကား နာဋ္ဋ အမည်ရှိလေ၏။ ဤသို့ နာဋ္ဋ၏ သားဖြစ်သောကြောင့် နာဋ္ဋ ပုတ္တဟု ခေါ်ဆိုပြန်လေ၏။ အမည်နှစ်ရပ် ပေါင်းစပ်ပြီးလျှင် ထိုဆရာကြီးကို နိဂဏ္ဌ နာဋ္ဋ ပုတ္တ ဆရာကြီးဟု ခေါ်တွင်သည်။

ထိုဆရာကြီးမှအပ ရာဇဂြိုဟ်ပြည်တွင် ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသ ကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌ-ပုတ္တ ဟူ၍လည်း ဂိုဏ်းဆရာကြီး ငါးဦးရှိသည်။ ထို ဂိုဏ်းဆရာကြီးများကလည်း တရားအလုံးစုံကို သိမြင်ကြသည်ဟု သူတို့ကိုယ် သူတို့ ကြေညာထားကြသူများ ဖြစ်ကြသည်။

ထိုဆရာကြီးများမှာ ဗုဒ္ဓသခင် ပွင့်ပေါ်တော် မမူခင်ကတည်းက ပြည်သူများ၏ အကိုးအကွယ်ခံ သက်ကြီးဝါကြီး မိရိုးဖလာ ဆရာကြီးများ ဖြစ်နေကြသည်။ဆရာတစ်ဦးဦးတွင်တပည့်ပေါင်းများစွာဖြင့် ထင်ရှားနေကြသည်။ သူတို့ သူတို့၏ ဒဿနိက အယူအဆများကို လူအတော်များများက နှစ်ခြိုက် လိုလား လက်ခံထားကြသည်။ပူဇော်သက္ကာရတို့ကလည်း ပြည့်စုံ ပေါများနေကြသည်။

ထိုအချိန်တွင် လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သော၊ တရားအပေါင်းကို ကိုယ်တိုင် သိမြင်တော်မူသော၊ အသိဝိဇ္ဇာ တရားနှင့် အကျင့်စရဏတရား ပြည့်စုံ ကုံလုံတော်မူသော၊ အကျိုးရှိသောစကားကိုဟောကြားတော်မူသော၊လောက၏အကြောင်းအမှုးလည်း ဖြစ်တော်မူသော၊ မယဉ်ကျေးသော လူနတ်အပေါင်းကို ဆုံးမကယ်ချွတ်တော်မူရာ၌ အတုမရှိ ဖြစ်တော်မူသော၊လူ,နတ်, ဗြဟ္မာတို့၏ ဆရာအစစ် ဖြစ်တော်မူသော၊ သစ္စာလေးပါးကို ကွဲကွဲပြားပြား ခွဲခြားသိတော်မူသော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗ-ညုတ မြတ်စွာဘုရားရှင် ပွင့်တော်မူခဲ့ပြီ။ထိုမြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည်သို့ ကြွလာ ဝါကပ်တော် မူလေ၏။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းတရားကြီး ကိုယ်တိုင် ဇေဝဋ္ဌုဝန် ဥယျာဉ်တွင်း၌ ကျောင်းဆောက် လှူဒါန်း၍ ကိုးကွယ် ဆည်းကပ် နေ၏။

မြတ်စွာဘုရား၏ အမြိုက်အရသာ ဒေသနာတော်ကို ထွေထွေပြားပြား ကြားနာရသော သူတို့သည် သောင်းသောင်းဖြဖြ ဝပ်တွား

ကြည်ညို သရဏဂုံတို့ကို ခိုင်ခံ့စည်းကပ်ကြကုန်၏။ တိတ္ထိ ဆရာကြီးများ၏ တပည့်တို့သည်လည်း ဗုဒ္ဓဝါဒီအဖြစ် ပြောင်းလဲကိုးကွယ် ကြကုန်၏။ ထိုအကြောင်းကြောင့် တိတ္ထိဆရာကြီး ခြောက်ဦးတို့၌ တပည့်များနှင့်တကွ ပူဇော်သက္ကာရ ပစ္စည်းတို့လည်း သိသိသာသာ လျော့နည်းလာကြကုန်၏။

ကိလေသာ ကင်းသည်ဟုဆိုသော နိဂဏ္ဌ ဆရာကြီး၌ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့ ထောင်းထောင်းထကာ မြတ်စွာဘုရားအပေါ်၌ ဣဿာမစ္ဆေရ ပွားများ လာတော့၏။ မဂ်ပေါက်ဖိုလ်ဝင်တရားချင်းယှဉ်၍ မဟောမပြောနိုင်သဖြင့် ဓမ္မမစ္ဆေရလည်း ဖြစ်ခဲ့ရ၏။ ဗုဒ္ဓမြတ်စွာဘုရား၌ အကျင့်သီလ အားဖြင့်သော် လည်းကောင်း၊ သဗ္ဗညုတ ပညာအရာ၌သော်လည်းကောင်း မိမိက ထိုးနှက် တိုက်ခိုက်ရန် မလွယ်ကူ။ အစွမ်းအစလည်း မရှိ။

တစ်နေ့သောအခါ ဗုဒ္ဓသာသနာတော် အတွင်းမှ ဒေဝဒတ်၏ အရေးအခင်းကြီးသည် အရုပ်ဆိုးစွာ ထွက်ပေါ်လာလေသည်။

ဒေဝဒတ်သည် လောကီ အဘိညာဉ်မျှ လောက်သာ ရရှိသော ပုထုဇဉ် ပုဂ္ဂိုလ်ဖြစ်၏။ သို့ပါလျက် ဘုန်းတန်ခိုးကြီးသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အစရှိသော အဂ္ဂသာဝက မဟာသာဝက ရဟန္တာကြီးများကို မလိုတမာ ဣဿာမစ္ဆရိယ ဖြစ်၍နေ၏။ထို့ကြောင့် မလိမ္မာသော ငယ်ရွယ်သော အဇာတသတ်မင်းသားကို သူ၏အဘိညာဉ်ဖြင့် စည်းရုံး သိမ်းသွင်း၏။ ရတနာသုံးပါးဂုဏ်ကို မသိသော အဇာတသတ် မင်းသားက ဒေဝဒတ်အား ကိုးကွယ်၍ ဆွမ်းဝတ် ပြု၏။ ဒေဝဒတ်က မြတ်စွာဘုရားကိုယ်စား သံဃာတော်များကို ဦးဆောင်အုပ်ချုပ်ရန် ဗုဒ္ဓထံခွင့်တောင်း၏။ ထိုအခါ မြတ်စွာဘုရားက ဒေဝဒတ်အား 'ခေဠာသက နှပ်တံတွေးစား'(နှပ်တံတွေးနှင့်တူသည့် မစင်ကြယ်သော ဆွမ်းကိုစားသူ)ဟု မောင်းမဲ၏။ ထိုစကားကြောင့် အရှက်ကြီးရှက်၍ စိတ်အနာကြီး နာသွားသော ဒေဝဒတ်သည် အဇာတသတ်မင်းသားနှင့် ပူးပေါင်း၍ မြတ်စွာဘုရားအား အမျိုးမျိုး လုပ်ကြံ၏။ မအောင်မြင်သည့်အခါ သံဃာကို ဂိုဏ်းခွဲရန် ကြိုးစားပြန်၏။ မြတ်စွာဘုရားက ဒေဝဒတ်အား 'အပါယ်ငရဲသို့ ကျမည့်သူ' ဟု မိန့်တော်မူ၏။

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မှအပဖြစ်သော ဂိုဏ်းဆရာကြီးများက ဗုဒ္ဓအရှင်အား တိုက်ခိုက်နေခြင်းထက် အတွင်းရန်သူ ဖြစ်သည့် ဒေဝဒတ်၏ တိုက်ခိုက်ခြင်းက ပိုမို ဆိုးရွားနေတော့သည်။

နိဂဏ္ဌ ဆရာကြီးသည် ဒေဝဒတ်နှင့် ပတ်သက်၍ မြတ်စွာဘုရားသခင်အား ပြဿနာကြီးတစ်ခု တင်ကာ စွပ်စွဲ ပြောဆို အပုပ်ချရန် အကြံဉာဏ် ရသွားလေ၏။ ထိုအကြံဉာဏ်ကို လေးလပတ်လုံး အနုလုံ ပဋိလုံ စဉ်းစားတွေးဆပြီး ချည်မိတုတ်မိပြီဟု စိတ်ချယုံကြည်လာသော အခါမှ အဘယ ကုမာရကိုခေါ်၍ ဤသို့ သိမ်းသွင်း၏။

"ဒကာတော်မင်းသား၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပေါ်လွင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လိုပါသလား"

"အသို့ ပြောပါသနည်း ဆရာကြီး။ လူတိုင်းသည် လောက၌ ထင်ရှား ကျော်စောခြင်းကို အလိုရှိကြပါ၏။ ထိုအခွင့်အရေးကို မရ၍သာ သာမန်ပုဂ္ဂိုလ်များကြား၌ ခေါင်းငုံ့နေကြရသူများ ဖြစ်သည်"

"ကောင်းပြီ မင်းသား၊ အသင်မင်းသား ထင်ရှား လိုလျှင် ရဟန်းဂေါတမအား ပြဿနာတစ်ခု တင်၍ မေးလေလော့"

"ဆရာကြီး။ မြတ်စွာဘုရား အပေါ်ဝယ် တင်ပြ စွပ်စွဲနိုင်သော ပြဿနာဟူသည် တစ်စုံတစ်ခုမျှ ရှိအံ့မထင်ပါ။ အဘယ်သို့ ပြောဆိုတင်လျှောက်ရပါမည်နည်း"

"မင်းသား၊ သင်သည် ရဟန်း ဂေါတမအား 'မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်သော စကားကို ပြောဆိုပါသလော' ဟု မေးလော့။ 'ပြောဆို၏'ဟု ဖြေလျှင် 'သို့ဖြစ်သော် အရှင်ဘုရားအား ပုထုဇဉ်နှင့် ကွဲပြားခြားနားမှု ဘယ်မှာ ရှိတော့မည်နည်း'ဟု သင်က စွပ်စွဲလော့။ 'မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်သောစကားကို မဆို'ဟု ရဟန်းဂေါတမက ဖြေဆိုခဲ့သော်"သို့ဖြစ်လျှင် အရှင်ဘုရားသည် ဒေဝဒတ်အား 'အပါယ်ငရဲသို့ ကျ၍ တစ်ကမ္ဘာပတ်လုံး တည်မည့်သူ ကုစား၍ မရနိုင်သူ'ဟု အဘယ်ကြောင့် မိန့်ကြားဘိသနည်း'ဟူ၍ သင်က စွပ်စွဲလော့။ ယင်းသို့ စွပ်စွဲသော် ရဟန်းဂေါတမသည် ဤပြဿနာကို အစွန်းနှစ်ဘက်လွတ်အောင် ဖြေနိုင်တော့မည် မဟုတ်။ ဥပမာ လည်ချောင်း ထဲ၌ သံစူးခွကို မျိုလည်း မမျိုနိုင်၊ အန်၍လည်း မထုတ်နိုင် သကဲ့သို့ ရဟန်းဂေါတမသည်လည်း မထွေးနိုင်၊ မအန်နိုင် ဖြစ်လတ္တံ့။

ထိုသို့ အချက်ပိုင်ပိုင် စွဲကိုင်မေးလျှောက်နိုင်လျှင် လူသုံးပါးတို့၏ ဆရာကြီးဖြစ်သည်ဆိုသော ရဟန်းဂေါတမအား ယှဉ်ပြိုင် တုဘက်၍ စကား စစ်ထိုးနိုင်သူသည် ဇမ္ဗူဒီပါ တစ်ကျွန်းလုံးတွင် သင်မင်းသား တစ်ဦးသာ ရှိမည်ဖြစ်၍ အဘယ်မှာလျှင် မထင်ရှား မကျော်စောဘဲ ရှိတော့အံ့နည်း"

လောက၌ မိမိထက် ဂုဏ်မြင့်သူ၊ ပညာကြီးသူ၊ ကျော်စောကိတ္တိရှိသူကို ဝေဖန်ကဲ့ရဲ့ ထိုးနှက်စွပ်စွဲနိုင်ခြင်းသည် ထင်ပေါ် ကျော်ကြားနိုင်သော အကြောင်းကြီး တစ်ခုပင် ဖြစ်သည် မဟုတ်ပါလော။

အဘယကုမာရသည် သူ၏ ဆရာကြီး ပြောသကဲ့သို့ ထင်ပေါ်ကျော်ကြားလိုသူ ဖြစ်၏။ သို့သော် အတုမရှိသော ဘုရားရှင်ကိုယ်တော်ထံသို့ ပြဿနာတင်ရမည့်ကိစ္စမှာ နှယ်နှယ်ရရ ပေါ့ပေါ့တန်တန်မဟုတ်သဖြင့် ဆရာကြီး ပြောပြသော ပြဿနာကို မိမိကိုယ်တိုင် အပြန်ပြန် အလှန်လှန် စိစစ်ကြံဆနေမိသည်။ ကိုယ်တိုင် အဖြေကို ရှာကြည့်သည်။ သူ့ တပ်ကို တိုက်မည်ကြံလျှင် ကိုယ့်တပ်ကို လုံအောင် စီစဉ်ရတော့မည်။

မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်လိုသောစကား၊ မကြားလို မနာလိုသော စကား၊ အခံရခက်စေသောစကား၊ ဆဲရေးခြင်းမျိုးတွင် အကျုံးဝင်သော စကားများကို မိန့်တော်မူလေ့ မရှိဟု သိထားရသည်။ ထိုမှတစ်ဖန် ပြင်းထန်သောစကားများဖြင့် ရှင်ဒေဝဒတ်အား မိန့်ဟတော်မူသည်ဟုလည်း သိထားရသည်။ ထိုသို့ဆိုလျှင် မြတ်စွာဘုရားသည် ‘အပြုနှင့် အပြော’မှာ တခြားစီ ဖြစ်လေပြီ။ ‘ငါဘုရားသည် သူတစ်ပါး မနှစ်လိုသော စကားကို ပြော၏–ဟု ဝန်ခံလျှင် ဆရာကြီး စွပ်စွဲသကဲ့သို့ ပုထုဇဉ်နှင့် မခြားနားသော ပုဂ္ဂိုလ်သာဖြစ်စရာရှိ၏။ ငါဘုရားသည် သူတစ်ပါး မနှစ်လိုသော စကားကို မပြောမဆို’ ဟု မိန့်ဟလျှင်လည်း မုသာဝါဒ ဖြစ်ပေလိမ့်မည်။ ထိုအစွန်းနှစ်ဘက်ကို အဘယ–ကုမာရမင်းသားကိုယ်တိုင် မဖြေရှင်းနိုင်ခဲ့။ အပြန်ပြန်အလှန်လှန် တွေးကြည့်သည်။ ဤစကားညွှပ်ကွင်းမှ မလွတ်ကင်းနိုင်ခဲ့။

ထို့ကြောင့် ကျေနပ်အားရစွာ ဆရာကြီးအား ထောမနာပြုမိသည်။ ဆရာကြီးသည် ခက်ခဲနက်နဲလှသော ပြဿနာကို ကြံစည်နိုင်စွမ်းရှိပါပေသည်။မြတ်စွာဘုရားသခင်၏ စကားတော်နှစ်ရပ်ကို ချောက်ချားနိုင်ပါဘိသည်။ မြတ်စွာဘုရားသည် ဆရာကြီး၏ ပြဿနာကို ကျေလည်အောင် ဖြေနိုင်စွမ်းအံ့မထင်၊ ‘ကျွန်ုပ်ကိုယ်တိုင် မြတ်စွာဘုရားထံသို့ ရဲဝံ့တက်ကြွစွာ ဤပြဿနာကို ယူဆောင်၍ သွားပါတော့မည်’ဟု ဝန်ခံ၍ ဆရာကြီးထံပါးမှ ထွက်ခဲ့လေသည်။ ဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန် ကျောင်းတော်သို့ ရောက်သောအခါ အဘယကုမာရသည် ဗုဒ္ဓအသရေတော်ကို မကြည်ညိုဘဲ မနေနိုင်ရကား ရိုသေတုပ်ကွ ရှိခိုးဦးချမ်လေသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ရင့်ကျက်တော် မူလှသော ဗုဒ္ဓ၏ ဣန္ဒြေတော်သည် တပည့်သာဝကများသာလျှင် **မဟုတ်။**

သာသနဗဟိ အတိုက်အခံခေါင်းဆောင် ပုဂ္ဂိုလ်များပင်လျှင် ရွံ့ရှား တုန်လှုပ်စေလျက် ဦးထိပ်ထက်ဝယ် လက်ယှက်ရှိခိုး မြတ်နိုးဝန္ဒနာပြုမိကြသည်သာ ဖြစ်၏။

အဘယကုမာရသည် အပြစ်ကင်းသော နေရာ၌ ထိုင်၍ပြဿနာကို တင်လျှောက်ရန် ကြံစည်မနစဉ်တွင် ညနေချမ်းအချိန်သို့ ရောက်ခဲ့ရလေ၏။ ထို့ကြောင့် ယနေ့ကား မိမိက တင်လျှောက်မည့် စကားများနှင့် မြတ်စွာဘုရားက ဖြေကြားမည့် အချိန်သည် လုံလောက်နိုင်မည် မဟုတ်။ နက်ဖြန်မှ မိမိနန်းတော်သို့ ပင့်၍ တင်ပြ လျှောက်ထားတော့အံ့ဟု ကြံပြီးလျှင်....

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ မနက်ဖြန်တွင် တပည့်တော်၏ ဆွမ်းကို ချီးမြှင့် ဘုဥ်းပေးတော်မူပါရန် နောက်ပါ သံဃာ သုံးပါးနှင့်တကွ နန်းတော်သို့ ကြွရောက်တော်မူပါ'ဟု ပင့်လျှောက်လေ၏။ မြတ်စွာဘုရားက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်သည်။

ထိုနေ့နံနက်သို့ ရောက်သောအခါ အဘယကုမာရသည် ထိုင်နိုင်သော အရွယ် သားတော်ငယ်တစ်ပါးကို မိမိပေါင်ပေါ်တွင်တင်လျက် မြတ်စွာဘုရားနှင့် သံဃာတော်အား ဆွမ်းလုပ်ကျွေး၏။

အဘယကုမာရကား သတိမကင်းသူဖြစ်၏။ ဉာဏ်ရှိသူ ဖြစ်၏။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသကဲ့သို့ မိမိပြဿနာသည် ဝါဒစစ်ပွဲ အကြိမ်ကြိမ် ဆင်နွှဲ အောင်မြင်ခဲ့သော မြတ်စွာဘုရား၌ အလွယ်တကူ ပြေလည်သွားပြီးသော် မိမိ အပေါ်သို့ ပြန်လည်တင်ရှိလာလျှင် ကလေးငယ်အား ငိုအောင်ပြု၍ (ဆိတ်တန်လျှင်ဆိတ်၍) ထိုကလေး၏ ငိုခြင်းကို အကြောင်းပြကာ အနှောင့်အယှက် ဖြစ်သည်ဟု စကားစပ်၊ ဖြတ်လိုလျှင်လည်း ဖြတ်နိုင်၏။

မိမိကိုယ်တိုင် ငိုကြွေးနေသော ထိုကလေးကိုချီ၍ နေရာမှထသွားလျှင်လည်း ထသွားနိုင်၏။ ထိုအကြံဖြင့် ကလေးကို တမင်ထားရှိခြင်း ဖြစ်လေသည်။ ဤသို့ အစစအရာရာ ပြင်ဆင်ပြီးမှ မြတ်စွာဘုရားအား ပြဿနာကို စတင်လျှောက်လေ၏။

''မြတ်စွာဘုရား။ သူတစ်ပါးတို့ မချစ်မနှစ်သက်အပ်သောစကားကို မြတ်စွာဘုရားသည် မိန့်ကြားတော်မူပါသလော''ဟု အစချီလိုက်သည်။ ထိုအခါ မြတ်စွာဘုရားသည် တစ်ဘက်စွန်းသာ ရှိသေးသော အဘယကုမာရ၏ စကားကို လာလတ္တံ့သော တစ်ဘက်စွန်းစကားနှင့် စုပေါင်း၍ ကောက်ပင်ရိတ်လှီး ဖြေဆိုတော်မူလိုရကား....

"အဘယမင်းသား။ သင် ယခုမေးအပ်သော ပြဿနာ၌မြတ်စွာဘုရားသည် မနှစ်လိုအပ်သော စကားကို မိန့်ကြားသည် ဟူ၍ လည်းကောင်း၊ မမိန့်ကြားဘူးဟူ၍ လည်းကောင်း တထစ်ချအားဖြင့် ဖြေကြားမှု မဖြစ်နိုင်။ အကျိုးရှိမည်ကို မြင်လျှင် မိန့်ကြားဟောဆိုလေရာ၏။ အကျိုးရှိမည်ကို မမြင်လျှင် ထိုစကားကို မိန့်တော်မမူရာ"ဟု ဖြေဘော်မူလိုက်သည်။

ထိုအခါ အဘယ မင်းသားသည် နာဋပုတ္တ တက္ကတွန်း ဆရာကြီးလေးလကြာ စီရင်အပ်သည့် ပြဿနာကို မြတ်စွာဘုရားက မိုးကြိုးစက်ဖြင့် တောင်ထွတ်ကို တစ်ချက်တည်း ဖြိုဖျက်လိုက်သကဲ့သို့ စကားတစ်ခွန်းတည်းဖြင့် မှုန့်မှုန့်ညက်ညက် ချေဖျက်တော် မူလိုက်သည်ကို အံ့ဩထိတ်လန့် တုန်လှုပ်သွားမိသည်။

"သုဂတဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။ဤပြဿနာ၌ တက္ကတွန်း ဆရာကြီးအားလုံး ပျက်ပြုန်း ဆုံးရှုံးကုန်ကြပြီ ဘုရား" ဟု ဝန်ခံလိုက်လေသည်။

"သင်မင်းသား၊ အဘယ်ကြောင့် နိဂဏ္ဌ ဆရာတို့ အားလုံး ပျက်ပြုန်း ဆုံးရှုံးကုန်ကြသနည်း"ဟု မေးတော်မူသည်ရှိသော် အဘယကုမာရသည် မိမိသည် နာဋပုတ္တ ဆရာကြီးထံရောက်၍ ထို ဆရာကြီးက သင်ကြား ပေး လိုက်သည့် အကြောင်းအရာအားလုံးကို ဖွင့်ဟ ဝန်ခံလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူလေ၏။

"အသင်မင်းသား၊ ယခု ငါ ဘုရားမေးမည့် စကားကို သင်အဘယ်သို့ မှတ်ထင် သဘောကျသနည်း။ အကယ်၍ သင့်ပေါင်ပေါ်မှာ ယခု တင်ထားသော ဤ ကလေးငယ်သည် သင်ကပဲ မေ့လျော့ခြင်းကြောင့်ဖြစ်စေ၊ အထိန်းတော်ကပဲ မေ့လျော့ခြင်းကြောင့်ဖြစ်စေ၊ သစ်သား ထင်းစကိုသော် လည်းကောင်း၊ အိုးခြမ်းကွဲ ပုလင်းကွဲကိုသော် လည်းကောင်း ကလေးအမိုက်ဖြစ်၍ ခံတွင်း၌ ထည့်သွင်း မျိုထားသည်ဆိုကြပါစို့ ။ထို ကလေးသူငယ်ကို သင်သည် အဘယ်သို့ ပြုမူမည်နည်း။ သင်ကြိုက်သလို ဖြေလော့"

"မြတ်စွာဘုရား၊ တပည့်တော်သည် ထို ကလေးသူငယ်၏ ခံတွင်း၌ ထည့်သွင်း မျိုထားသည့် သစ်သားထင်းစ (သို့မဟုတ်) အိုးခြမ်းကွဲ ပုလင်းကွဲကို အလျင်အမြန် ထုတ်ဆောင်ပစ်မည်သာ ဖြစ်ပါသည်ဘုရား"

"အကယ်၍ အလွယ်တကူ ထုတ်မရနိုင်သည့်အခါ အသင် မင်းသား အဘယ်ကဲ့သို့ ပြုမည်နည်း"

''မြတ်စွာဘုရား၊ အလွယ်တကူ မထုတ်နိုင်သည်ဖြစ်လျှင် တပည့်တော် လက်ဝဲလက်ဖြင့် ကလေးငယ် ဦးခေါင်းကို မလှုပ်နိုင်အောင် ခိုင်ခိုင်မြဲမြဲ ကိုင်၍ လက်ယာ လက်ညှိုးကို ကွေးပြီးလျှင် သူ မခံလို၍ ငိုသည်ပဲဖြစ်စေ၊ သွေးသံရဲရဲ ထွက်နေသည်ပဲ ဖြစ်စေ ထိုသစ်သား ထင်းစ အိုးခြမ်းကွဲ ပုလင်းကွဲကို အတင်းဆွဲ၍ ထုတ်ယူရမည်မှာ ဧကန်ပင် ဖြစ်ပါသည်''

''အသင် မင်းသားသည် ထိုကလေးအပေါ်၌ ရက်စက်လွန်းလှချေတကား''

''တပည့်တော်သည် ထို ကလေးအပေါ်၌ရက်စက်သည် မဟုတ်ပါ၊ မေတ္တာ ကရုဏာ ကြီးမားသောကြောင့် ထိုသို့ ပြုမူရခြင်း ဖြစ်ပါသည် ဘုရား''

''အသင် မင်းသား။ ထို့အတူပင်–

၁။ ''မှန်လည်းမမှန်၊ အကျိုးလည်း မရှိ။ သူ တစ်ပါးလည်း မချစ်အပ်သော စကား။

(သီလဝန္တ ပုဂ္ဂိုလ်ကို 'ဒုဿီလ ပုဂ္ဂိုလ်'ဟု ပြောအပ်သောစကား) မျိုးကို မြတ်စွာဘုရားသည် မိန့်ကြားတော်မမူ။

၂။ ''မှန်ပင် မှန်သော်လည်း အကျိုးမရှိဘဲသူတစ်ပါးလည်း မချစ်အပ်သော စကား။

(ဒုဿီလ ပုဂ္ဂိုလ်ကို ဆုံးမလို၍ မဟုတ်ဘဲ နှလုံးနာ၍ 'ဒုဿီလ ပုဂ္ဂိုလ်'ဟု ပြောအပ်သော စကား)မျိုးကို မြတ်စွာဘုရားသည် မိန့်ကြားတော် မမူ။

၃။ ''မှန်လည်းမှန်၍ အကျိုးရှိပြီးလျှင် အပြောခံရသူ၊ သူတစ်ပါးမှုကား မချစ်အပ်သော စကား။

(အပါယ် ငရဲသို့ ကျရောက်မည့် ဒေဝဒတ်ကို မဟာကရုဏာတော်ဖြင့် 'အပါယ်ငရဲသို့ ကျရောက်မည့် ဒေဝဒတ်'ဟု ပြောအပ်သော စကား မျိုးကို အခါအခွင့်တို့ ကြည့်၍ မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။

၄။ ''မှန်လည်းမမှန် အကျိုးလည်းမရှိဘဲလျက် သူတစ်ပါးတို့ ချစ်နှစ်သက်အပ်သောစကား။

(ဗေဒင် ကျမ်း လာ အစီအမံအတိုင်း ပါဏာတိပါတ စသည့် အမှုပြုလုပ်ခြင်းသည် နတ်ရွာ သုဂတိသို့ ပို့

ဆောင်နိုင်၏ ဟူသော) စကားမျိုးကို မြတ်စွာဘုရား သည် မိန့်ကြားတော် မမူ။

၃။ ''မှန်ပင် မှန်သော်လည်း အကျိုး မဖြစ်ဘဲ သူတစ်ပါးတို့ ချစ်နှစ်သက်အပ်သော စကား။
(မှန်ကန်၍ တစ်ဦးနှင့်တစ်ဦး အချစ်ဆုံးသည့် အမုန်း ပွားမည့် ကုန်းတိုက်စကား)မျိုးကို မြတ်စွာဘုရားသည် မိန့်ကြားတော် မမူ။

၄။ ''မှန်လည်းမှန် အကျိုးလည်း ရှိ၍ သူတစ်ပါးတို့လည်း ချစ်နှစ်သက်အပ်သော စကား။
(သင့်လျော် လျောက်ပတ်သော နေရာဌာနဥ္စဟောကြား အပ် သော ဒါန၊ သီလ စသည်တို့နှင့် စပ်သော တရားစကားမျိုး) ထိုစကားမျိုးကို အခါအခွင့်ကို ကြည့် ၍ မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။

အသင်မင်းသား ထိုသို့ လေးခွန်းကို ရှောင်ပယ်၍ နှစ်ခွန်းကို မိန့်ကြား ပြောဆိုတော်မူခြင်းမှာ သတ္တဝါတို့ အပေါ်၌ ငါဘုရား၏ မေတ္တာ ကရုဏာ ကြီးမားတော်မူသောကြောင့် ဖြစ်သည်''

(ထိုစကား ခြောက်ခွန်း၌ အမှတ်(၃)နှင့် အမှတ်(၆) ကိုသာ မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။)


ထိုအခါ အဘယ ကုမာရ မင်းသားသည် နှစ်သိမ့် ရွှင်မြူး ကြည်နူး ဝမ်းသာသည် ဖြစ်၍–

''မြတ်စွာဘုရား၊ အရှင်ဘုရား၏ စကားတော်သည် နှစ်လိုဖွယ် ရှိလှပါ၏၊ အံ့ဩဖွယ် ရှိလှပါ၏။ နိဂဏ္ဌ ဆရာကြီး၏ ပြဿနာကို ကြား တော်မူသော ခဏ၌ပင်လျှင် ရုတ်ချည်း ဖြေဆိုတော် မူလိုက်သည်မှာ ချီး ကျူး ၍ မကုန်နိုင်အောင် ဖြစ်ရပါ၏''ဟု လျှောက်တင်လေလျှင် မြတ်စွာဘုရားသည်–

''မင်းသား မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူဌေးသူကြွယ် ပညာ ရှိ၊ ရဟန်း ပညာရှိတို့က ပြဿနာတို့ကို စီမံကြကာ ငါ ဘုရားထံသို့ ချဉ်းကပ်၍ မေးလျှောက်လေလျှင် ဤပြဿနာ၏ အဖြေသည် တစ်ခဏ ချင်းပင် ငါဘုရား၏ ဉာဏ်၌ ထင်မြင် လာပေ၏။ အဘယ့်ကြောင့်ဟူမူ ငါဘုရားသည် သဗ္ဗညုတ ဉာဏ်တော် တည်းဟူသော ဓမ္မဓာတ်ကို ကောင်းစွာ ထိုးထွင်း၍ သိအပ်ရသောကြောင့်ပင် ဖြစ်သည်''ဟု မိန့် တော်မူလေ၏။

အဘာယ မင်းသားသည် သရဏဂုံ ခံယူ၍ ထိုနေရာမှာပင် ဥပါသကာ အဖြစ်သို့ ရောက်ရှိလေ၏။ မကြာမီ ရဟန်း ပြုပြီးသော် ရဟန်းတရားပွားများ အားထုတ်သဖြင့် ပဋိသမ္ဘိဒါပတ္တ ဆဠဘိည ရဟန္တာဖြစ်၍ ထက်သော ပညာ၊ ရှင်သောပညာ၊ လျင်သော ပညာ၊ ကြီးသော ပညာ၊ ဆန်းကြယ်သောပညာ တည်းဟူသော ပညာ ငါးပါးနှင့် ပြည့်စုံထင်ရှားတော်မူလေသတည်း။ ။

(ဓမ္မာ စရိယ ဦးမောင်မောင်လေး၏ ပိဋက အနှစ်ချုပ် မဇ္ဈိမနိကာယ်ကျမ်းနှင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်တော်တို့ကို မှီခို၍ ကြည်ညို ဖွင့်ဆိုရပါသည်။)



# ဗုဒ္ဓက လုပ်မှ ကြိုက်သည်

အခါတစ်ပါး မြတ်စွာဘုရားသည် ညီတော် အာနန္ဒာ မထေရ်နှင့် အတူ ဗာရာဏသီပြည်အနီး မိဂဒါဝုန် တောကျောင်းသို့ ကြွလာတော်မူစဉ် ဆွမ်းစားစရပ်၌ သာမဏေငယ်တို့ စွန့်ပစ်အပ်သော စားကြွင်း စားကျန်များကို တောင်းခံ စားသောက် နေရသည့် လူအိုကြီး လင်မယားအား မြင်တော်မူလိုက်သည်။

ဇရာဒုဗ္ဗလ အိုမင်းမစွမ်း ဖြစ်နေသော လူအိုကြီးမှာ နံရိုးပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်း၊ မျက်စိမှိုင်းမှိုင်း၊ နားထိုင်းထိုင်း ခေါင်းမွေး ဆံဖြူ ကျိုးတိုး ကျဲတဲနှင့် တစ်ကိုယ်လုံး ဖရိုဖရဲ ရှိနေသည်။

မြတ်စွာဘုရားသည် ချည့်နဲ့ ပင်ပန်းနေသော လူအိုကြီးအား ကြည့်၍ ပြုံးတော် မူလိုက်သည်။ ထိုအခါ အာနန္ဒာ မထေရ်က ပြုံးတော်မူသော အကြောင်းအရာကို မေးမြန်း လျှောက်ထားသဖြင့် မြတ်စွာဘုရားက ဤသို့ မိန့်တော်မူသည်။

"ချစ်သား အာနန္ဒာ၊ သာမဏေ ငယ်များ၏ စွန့်ပစ်အပ်သော စားကြွင်း စားကျန်များကို တောင်းခံ စားသောက် နေရသော ဤလူအိုကြီးသည် ဗာရာဏသီပြည် ကုဋေရှစ်ဆယ် ကြွယ်ဝသော မဟာဓနသေဌေး၏ တစ်ဦးတည်းသော သား ဖြစ်ခဲ့သည်။ သူ၏ မိဘများသည် မိုက်မှားစွာသော ချစ်ခင်မှုဖြင့် စာပေကိုလည်း သင်ကြားမှု မပေး၊

လောကီရေးရာ ပညာ အမျိုးမျိုးတို့ကိုလည်း သင်ကြား၍ မပေး။ ကလေးဘ၀မှ စ၍ အလို လိုက်ထားခဲ့သည်။

အရွယ်ရောက်သော် သေဌေးသမီး တစ်ဦးနှင့် အိမ်ထောင် ချပေးခဲ့သည်။ ထို သေဌေးသမီးမှာလည်း သေဌေးသားနှင့် အလားတူပင် မိဘက အလို လိုက်ထားသဖြင့် စာပေမတတ်၊ ဗဟုသုတမရှိ၊ တာဝန်ဝတ္တရား မသိသော အမျိုးသမီးလေး ဖြစ်သည်။ သူတို့ နှစ်ဦးသည် နှစ်ဘက်သော မိဘများ ကွယ်လွန်ကြသည့်အခါ လောကီအာရုံ ကာမဂုဏ်များနှင့်သာ အချိန်နှင့် ငွေကို အကျိုးမဲ့ ဖြုန်းတီး၍ အချည်းအနှီး ဖြစ်ခဲ့ကြသည်။

ယခုကား ဆင်းရဲခြင်း ကြီးစွာဖြင့် သူတစ်ပါး၏ စားကြွင်း စားကျန်တို့ကို လှည့်လည် တောင်းခံ စားသောက်၍ နေရရှာသည်။ ချစ်သား အာနန္ဒာ။ထို ပုဂ္ဂိုလ်သည် ပထမအရွယ်၌ လုံ့လ ဝီရိယကိုပြု၍ ကုန်သွယ်ခြင်းကို အားထုတ်ခဲ့လျှင် (လောကီ စီးပွားကို လုပ်ခဲ့လျှင်) ဤ ဗာရာဏသီပြည်ကြီး၌ပင် ပထမတန်းစား သေဌေးကြီး ဖြစ်ပေရာ၏။ ငါဘုရား သာသနာတော်၌ ရဟန်းပြုလျှင် အရဟတ္တမဂ်ဖိုလ်သို့ တိုင်အောင် ရောက်ပေရာ၏။သူ၏ ခင်ပွန်းမသည် အနာဂါမိ ဖိုလ်၌ တည်ပေရာ၏။

ဒုတိယအရွယ်၌ လုံ့လ ဝီရိယကို အားထုတ်၍ ကုန်သွယ်ခြင်း အမှုကို ပြုခဲ့လျှင် (လောကီ စီးပွားကို လုပ်ခဲ့လျှင်) ဒုတိယတန်းစား သေဌေးကြီး ဖြစ်ပေရာ၏။ ငါဘုရား သာသနာတော်၌ ရဟန်းပြုလျှင် အနာဂါမိမဂ်ဖိုလ် တည်သည် ဖြစ်ပေရာ၏။ သူ၏ ခင်ပွန်းမသည် သကဒါဂါမိဖိုလ်၌ တည်ပေရာ၏။

နောက်ဆုံး တတိယအရွယ်၌ လုံ့လဝီရိယဖြင့် ကုန်သွယ်ခြင်း အမှုကို ပြုခဲ့အံ့။(လောကီ စီးပွားကိုလုပ်ခဲ့အံ့)တတိယတန်းစားသေဌေး ဖြစ်ပေရာ၏။ ငါဘုရား သာသနာတော်၌ ရဟန်းပြုလျှင် မဂ်ဖိုလ်အလုပ်ကို အားထုတ်ခဲ့သည် ရှိသော် သကဒါဂါမိဖိုလ်၌ တည်ပေရာ၏။ သူ၏ ခင်ပွန်းမသည် သောတာ ပတ္တိ ဖိုလ်၌ တည်ပေရာ၏။ ယခု အခါ၌ကား ထိုသေဌေးသားသည်လောကီ ရေးရာ၌လည်း'ပျက်စီးဆုတ်ယုတ်' လောကုတ္တရာ ရေးရာ၌လည်း'ပျက်စီးဆုတ်ယုတ်'သည် ဖြစ်၍ ခြောက်သွေ့သော ညွန်အိုင်၌ မှိုင်တွေ၍ အတောင်ကျိုးသည့်ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရလေတော့သည်''ဟု မိန့်တော်မူသည်။

အထက်ပါ ဓမ္မပဒ ဝတ္ထုကို ဆားတုံဆရာတော်ဘုရားကလင်္ကာ သွားဖြင့် ရေးသားထားတော် မူခဲ့သည်။

"ရှေးသရောအခါ၊ ပြည်ဗာရာဏသီ၊ ကုဋေကြွယ်သား၊ သေဌေး အားလျှင်၊ သား တစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍၊ စာပေ မကျ၊ မိဘစုတေ၊ ခန္ဓာရွေ့သော်၊ အရှေ့အနောက်၊ တောင်မြောက် ဘယ်မှာ၊ မသိပါငြား၊ သေဌေးသားသည်၊ သိုထားမတတ်၊အရပ်ရပ်၌၊ နှံ့အပ် ဥစ္စာ၊ ရှိသည်ငွေကို၊ မျှားစွာ ကျွန်ပေါင်း၊ မကောင်း ခိုးသူ၊ သူ၍ ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်းကြေညက်၊ ခွက် လက် စွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ဒုစရိုက်ဟု၊ ရိုက်ပုတ် လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည်၊ ကောင်သေလင်းတ ကျ၏ တည်း"

မြတ်စွာ ဘုရားသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ ဆဆနှင့် အချိန် ဖြုန်းနေခြင်းမျိုးကို အလွန်ကဲ့ရဲ့တော်မူသည်။ အလုပ်ကို ပြီး မြောက်အောင် လုပ်ခြင်းသည် မင်္ဂလာဟူ၍ ဟောတော် မူ၏။ သုံးဆယ့် ရှစ်ပါးသော မင်္ဂလာတရား၌ 'အနာကုလာစကမ္မန္တာတေမင်္ဂလ မုတ္တမံ' ဟု ထည့်သွင်း ဟောကြားတော်မူသည်။

"အလုပ်တစ်ခုကို အကြွင်းအကျန် မထား၊ အကြွေးမထား၊ ပြီး ပြတ်အောင် လုပ်ခြင်းသည် မင်္ဂလာ ဖြစ်၏။"ဟု မိန့်တော်မူသည်။ "ယနေ့ လုပ်စရာရှိသော အလုပ်ကို ယခုပင် လုပ်လိုက်ပါ။(အချိန် ဆွဲမနေ ပါနှင့် နက်ဖြန် သန်ဘက် သင်သေမည်၊ မသေမည်ကို မည်သူ ပြောနိုင် အံ့နည်း"ဟုလည်း မိန့်တော်မူသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်လည်း သက်တော် ရှစ်ဆယ် ဝါတော်လေးဆယ့်ငါးဝါ ကာလပတ်လုံး နေ့နေ့ညည 'တရစပ်' အလုပ်လုပ်တော်မူသည်။ ဗုဒ္ဓ ကိစ္စ ငါးပါးဟု ဆိုရာ၌–

၁။ ပုရေဘတ္တကိစ္စ–နံနက်တိုင်း ဆွမ်းခံ ကြွတော်မူခြင်း။ အလှူရှင်တို့အား အခွင့် အားလျော်စွာ အနုမောဒနာ ပြုခြင်း။

၂။ ပစ္ဆာဘတ္တကိစ္စ–နေလွဲအခါ ညနေပိုင်း၌ လာကြသော ဒါယကာ၊ ဒါယိကာမတို့၏ အပူဇော်ကို ခံလျက် အခွင့် အားလျော်စွာ ဒေသနာ ဓမ္မ ဟောကြားတော်မူခြင်း။

၃။ ပုရိမယာမ ကိစ္စ–ည၌ဦးယံ၌ ရဟန်းပရိသတ် တို့အား တရားဟောခြင်း၊ ကမ္မဋ္ဌာန်း ပေးခြင်း။

၄။ မဇ္ဈိမယာမကိစ္စ– သန်းခေါင်ယံ၌ စကြဝဠာတိုက် တစ် သောင်းမှ လာရောက် ကြကုန်သော နတ်ဗြဟ္မာ တို့၏ အမေးပုစ္ဆာ ပြဿနာတို့ကို ဖြေဆိုတော် မူခြင်း။

၅။ ပစ္ဆိမယာမကိစ္စ-မိုးသောက်ယံ အချိန်ကိုသုံးစုပြု၍ ပထမ အစုအချိန်၌ စင်္ကြံ ကြွတော်မူခြင်း၊ ဒုတိယ အစုအချိန်၌ သီဟသေယျ-လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူခြင်း၊ တတိယအစုအချိန်၌ မဟာကရုဏာတော်၊ ဉာဏ်တော်ဖြင့် စတုတ္ထဈာန် သမာပတ်ကို ဝင်စားတော်မူ၍ ထိုမဟာ ကရုဏာသမာပတ်မှထတော်မူပြီးလျှင် အရုဏ်တက်ခါနီး၌ ယနေ့ ကျွတ်ထိုက်သော သတ္တဝါကို ဗုဒ္ဓစက္ခုဉာဏ်တော်ဖြင့် လောကသုံးပါးကို ကြည့်ရှုတော်မူခြင်း-ဟူသော ကိစ္စငါးမျိုးကို အခါမလပ် ဆောင်ရွက်တော် မူသည်။

(တစ်နေ့လျှင် ၂၃-နာရီကျော်မျှ အလုပ်လုပ်တော်မူ၏။)

မြတ်စွာဘုရား သခင်သည် မြို့ကြီးတစ်မြို့ ကျောင်းကြီး တစ်ကျောင်း၌သာ အမြဲ မှီတင်း သီတင်းသုံးတော်မူလေ့မရှိ။ တောတောင်အန္ဒိုး ရွာသိမ် ရွာငယ်များပါမကျန် လူ့ပြည်လောက၊ နတ်ပြည်လောက၊ ဗြဟ္မာ့ပြည်လောက အပါအဝင် လောကသုံးပါးစလုံးသို့ ဒေသ စာရီကြွချီ၍ ဗုဒ္ဓ ကိစ္စကြီးများကို လုပ်တော်မူသည်။ နောက်ဆုံး ကုသိနာရုံ အင်ကြင်းစုံ၌ ပရိနိဗ္ဗာန် ဝင်စံတော် မူအံ့ ဆဲဆဲ ခင်းထားအပ်သော ညောင်စောင်းပေါ်မှပင် သုဘဒ္ဒ ပရိဗိုဇ်အား 'အလုပ်တရား များကို' ဟောကြား နည်းပြတော် မူခဲ့ပါသေးသည်။

မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ စင်စစ်ဖြစ်တော်မူမှ ဤအလုပ်များကို လုပ်တော်မူသည် မဟုတ်သေး။ ရှေးလွန်ခဲ့ပြီးသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလ အလောင်းတော် သုမေဓာရှင် ရသေ့ဘဝ၌ ဒီပင်္ကရာ မြတ်စွာဘုရား၏ခြေတော်ရင်းတွင် နိယတ ဗျာဒိတ်ခံယူတော်မူခဲ့သည့် အချိန်မှစ၍ ပါရမီ အလုပ်များကို ကြိုးစား အားသွန်တော်မူခဲ့ကြောင်း ရတနသုတ် ပရိတ်တော်အမွှမ်း၌ ဤသို့ ကြည်ညို ရပါသည်။

''ပဏိဓာနတော- ဒီပင်္ကရာ၊ ထွဋ်ချွာမှန်ကင်း၊ သုံးလူမင်း၏။ ခြေရင်းတော်၌၊ ဦးဖြင့်တိုက်၍၊ ဘုရားဆုကို ပန်ယူသည်မှ။ ပဌာယ- အစပြု၍။ ဒသပါရမိယော-ဥစ္စာသားမယားတို့ကို စွန့်၍၊ ဖြည့်တော်မူသည့် ဆယ်ပါးသော ပါရမီတော်တို့လည်းကောင်း။ ဒသဥပပါရမိယော လက်၊ ခြေ၊ မျက်စိ၊ နား၊ နှာခေါင်းအစရှိသော ကိုယ်တော်၏ အင်္ဂါကို စွန့်၍ ဖြည့်တော်မူသည့် ဆယ်ပါးသောဥပပါရမီတော်တို့လည်းကောင်း၊ ဒသပရမတ္ထ ပါရမိယော-ကိုယ်တော် အသက်ကိုစွန့်၍ ဖြည့်တော်မူသည့်

ဆယ်ပါးသော ပရမတ္ထပါရမီတို့လည်းကောင်း။ဣတိ-ဤသို့။ သမတိံ-သပါရမီယော- အမျှ သုံးဆယ် သော ပါရမီတို့ လည်းကောင်း။ ပဥ္စမဟာ ပရိစ္စာဂေ၊ ကိုယ်ခန္ဓာနှင့် ပြည်ရွာသားမယား၊ ဥစ္စာအားဖြင့် ငါးပါးသော စွန့်ခြင်းကြီးတို့ လည်းကောင်း။ လောကတ္ထစရိယံ-သတ္တလောက၏ အကျိုးစီးပွားအလို့ငှာ ကျင့်တော် မူခြင်းလည်းကောင်း။ ဉာတတ္ထစရိယံ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွား အလို့ငှာ ကျင့်တော်မူခြင်း လည်းကောင်း။ ဗုဒ္ဓတ္ထ စရိယံ-ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်တော်မူခြင်းလည်းကောင်း။ ဣတိ-ဤသို့။ တိသော-သုံးပါး ကုန်သော။ စရိယာယော-အကျင့်တော်တို့လည်းကောင်း''ဟူသော အမွှန်းစာသားများမှာ အလောင်းတော်ကြီး ဘဝကတည်းကဖြည့်တင်းခဲ့သော (ပြုခဲ့သော) ပရဟိတ၊ အတ္တဟိတ အလုပ်များကို တစ်စိတ် တစ်ဒေသ ဖော်ပြထားခြင်း ဖြစ်သည်။

အခါတစ်ပါး၌ အရှင်ဝက္ကလိ မထေရ်သည် မြတ်စွာဘုရား၏ ရုပအစိန္တေယျ အသရေတော်ကို ကြည်ညိုဖူးမြော်၍သာ အမြဲတစေ နေခဲ့ခြင်းကြောင့် ရဟန်းကိစ္စကို မပြီးမြောက်နိုင်သေးဘဲ ရှိနေရာ မြတ်စွာဘုရားက ဤသို့ သဘောရှိသော စကားဖြင့် မိန့်တော်မူဖူးသည်။

''မောဃပုရိသ။ မဂ်ဖိုလ် မရ၊ ကိစ္စ မပြီး အချည်းနှီးသော ယောကျာ်း (အလကားလူ)။ ငါ၏ မျက်နှာတော်ကို ဖူးမြော်နေ၍ ငါဘုရားကို မမြင် (မြင်ရာမရောက်)။ ငါဟောအပ်သော ရဟန်းတရားကို အားထုတ်၍ (ကိုယ့်အလုပ် ကိုယ်လုပ်မှ)မဂ်ဖိုလ်တရား ရသဖြင့် ငါဘုရားကို မြင်သည်'' ဟု (မြင်ရာရောက်သည်ဟု) မိန့်တော်မူကာ ရှေ့တော်မှောက်မှ နှင်ထုတ်တော်မူဖူးသည်။ ထိုသို့ပင် မြတ်စွာဘုရား သခင်က အလုပ်ကို ဦးစားပြု၍ လုပ်တော်မူစေလိုသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ကောင်းမှုကုသိုလ်ပြု၍ ရေစက်သွန်းချသောအခါ'ကမ္မဋ္ဌ-ကံကိုလည်းကောင်း။ကမ္မဖလဋ္ဌ-ကံ၏ အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ-ယုံကြည်ပါကုန်သည်ဖြစ်၍' ဟု ဝန်ခံသော စကားတစ်ခုကို ဆိုလေ့ရှိကြသည်။

'ကံ' ဟူသော စကားမှာ ကမ္မဟူသော ပါဠိမှ အလုပ်ဟူသော မြန်မာပြန် အဓိပ္ပာယ်ကို ကျွန်ုပ်တို့အားလုံး နားလည်ထားကြပါသည်။ (ရှေးက) ပြုလုပ်သော အလုပ်၊ ယခု ပြုလုပ်သောအလုပ်၊ကုသိုလ်ကံ-ကောင်းသောအလုပ်၊ အကုသိုလ်ကံ-မကောင်းသော အလုပ်၊ ကောင်းသော အလုပ်ကို လုပ်လျှင် ကောင်းသောအကျိုးကို ခံစားရမည်။ မကောင်းသော အလုပ်ကို လုပ်လျှင် မကောင်းသောအကျိုးကို ခံစား

ရမည်။ တထစ်ချ ယုံကြည်ထားကြောင်း ကျွန်ုပ်တို့က ဝန်ခံကြရ ရောက်သည်။

မြတ်စွာဘုရား သခင်က သုဘ လုလင်အား ကံနှင့် ပတ်သက်၍ ဟောကြားထားသည်ကို (ဥပရိပဏ္ဏာသ စူဠကမ္မဝိဘင်္ဂသုတ်) ၌ ဤသို့ တွေ့ရပါသည်။

- သတ္တဝါတို့သည် ကံသာလျှင် (အလုပ်သာလျှင်) ကိုယ်ပိုင် ဥစ္စာ ရှိကုန်၏။
- ကံ၏ (အလုပ်၏) အမွေကို ခံယူကုန်၏။
- ကံသာလျှင် (အလုပ်သာလျှင်) အကြောင်းရင်း ရှိကုန်၏။
- ကံသာလျှင် (အလုပ်သာလျှင်) ဆွေမျိုး ရှိကုန်၏။
- ကံသာလျှင် (အလုပ်သာလျှင်) မှီခိုရာ ရှိ၏။

သတ္တဝါတို့ကို ယုတ်ညံ့မှု၊ မြင့်မြတ်မှုအတွက် ကံသည် (အလုပ်သည်) ဝေဖန်ပိုင်းခြား၏။

မြတ်စွာဘုရားသခင်သည် ကိုယ်တော်တိုင်လည်း အလုပ်လုပ်သူ ဖြစ်၏။ အလုပ်လုပ်သူတိုင်းကိုလည်း ချီးမွမ်း၏။

''မကြိုး မကုတ်၊ အားမထုတ်မူ၊ လူ မလုံ့လ၊ နတ်မမတည့်၊ ပယောဂစက်၊ ပျက်သည့်သူအား၊ လူကို ထား၍၊ ဘုရားသော်မှ၊ ကယ် မရဘူး'' (မဃဒေဝ လင်္ကာ)



# လယ်သမားကို ဘုရားချီးမွမ်းသည်

ကြွရောက်လာကြတဲ့ လုပ်သားပြည်သူများနဲ့ တကွ အမှုထမ်း အရာထမ်း၊ စာပေဝါသနာရှင်များ၊ အကြီးအကဲ ပုဂ္ဂိုလ်ကြီးများဝမ်း မြောက် ဝမ်းသာ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

ကျွန်တော့်အကြောင်းကို ဗိုလ်မှူးကလဲ မိတ်ဆက်သွားပါပြီ။ တစ်ခါ စာရေးဆရာ မောင်ဝံသကလဲကျွန်တော့်ကို ထောမနာပြုသွား ပါတယ်။ သူခလာရင်တော့ ချမ်းသာကြတော့မှာပဲတဲ့၊ သူကဒီလိုပြော ပြီးတော့ မသိမသာလေး ကျွန်တော့်အသက်ကို သူက ပြောသွားတယ်။ ကျွန်တော့်အသက်ထက် နှစ်ဆလောက် ရှိပါတယ်တဲ့။ အမှန်ကတော့ သူ ငယ်ပါသေးတယ်လို့ ပြောချင်တာပါ။ သို့သော်လဲ ကိုယ့်ဟာကိုယ် ငယ်ချင်လို့ ငယ်ရင် ငယ်ပါတော့လား။ ကျွန်တော့်အသက် ဘာပြုလို့ သူက ဖော်ကောင် လုပ်သွားရတာလဲ။ ကျွန်တော်က သူ့အသက်တော့ ဘယ်လောက်ရှိတယ်လို့ မပြောပါဘူး။ ကျွန်တော့်အသက်အခု ငါးဆယ် ကျော်ပါပြီ။ ငါးဆယ်က နှစ်ဆယ့် နှစ်နှစ်တောင် ကျော်ခဲ့ပါပြီ။

သူက ကျွန်တော့် အသက်ကြီးတယ် ပြောတော့ သူက ငယ်ချင် လိုပေါ့။ သို့သော် သူ့အကြောင်းလေး ကျွန်တော် ပြန် ဖော်ကောင် လုပ်ရဦးမယ်။ သူက နိုင်ငံရေး စာရေးဆရာ၊ဗိုလ်တထောင် အယ်ဒီတာ၊ အမေရိကန်မှာ သွားပြီးတော့ သတင်းစာပညာဒီပလိုမာ ယူခဲ့တဲ့ပုဂ္ဂိုလ်၊ လူချောပါ။ ကျွန်တော် တော်တော်လေး သူ့ကို ရပ်ရှင်ရိုက်ဖို့ စိတ်ကူး မိပါတယ်။ သို့သော်လည်း စိန်မြင့်ကြီးပြီးမှ သူ ဖြစ်လိမ့်မယ်။

သူ့ ကိုယ်ရေး ကိုယ်တာလေး သူ ဖော်မပြောဝံ့တာလေး တစ်ခု ရှိတယ်။ ကျွန်တော်က သူ့ထက် အသက်နှစ်ဆယောက် ကြီးပါတယ်ဆို တော့ ကျွန်တော်ကလဲ ပြန်ဖော်ရမှာပေါ့။ တစ်နေ့တော့မွှန်မွှန်ရည်ရည် ပုဂ္ဂိုလ်တစ်ယောက်က သူ့ကို လာနှုတ်ဆက်တယ်။

''ဟာ....ခင်ဗျား နေကောင်းရဲ့လား''သူ့ကို လာနှုတ်ဆက်တယ်။ သူကလည်း''ဟုတ်ကဲ့ နေကောင်းပါတယ် ခင်ဗျား''လို့ ပြောတယ်။

နိုင်ငံရေးစာရေး ဆရာ ဆိုတော့ နိုင်ငံရေး ပရိယာယ်အင်မတန် ကြွယ်ဝတယ်။ သူနဲ့သိသိ မသိသိ၊ စကားရောဖောရော၊ ရေလိုက် ငါး လိုက် ပြောတတ်တယ်၊ အဲလေ(ဖြီး)တတ်တယ်ပေါ့။အလိုက်သင့်အလျား သင့် ပြောရမယ့် နေရာမှာ နှစ်ယောက်မရှိဘူး။ ဒါဟာ သတင်းစာ ဆရာ အဆင့်အတန်း၊ နိုင်ငံရေး ဒီပလိုမာ သင်တန်းထဲမှာ ပါတယ်။

နေကောင်းရဲ့လား ဆိုတော့ –

''ဟာ....ကောင်းပါတယ် ခင်ဗျာ''

နောက် ဟိုလူက ဆက်မေးတယ်။

''ခင်ဗျား အဖေကော နေကောင်းရဲ့လား ခင်ဗျ''

''ဟင်....''

သူ့ အဖေက ဆုံးတာ ကြာပြီ။ ဟိုလူက ခင်ဗျား အဖေကောနေ ကောင်းရဲ့လား ခင်ဗျာ ဆိုတော့....

''ဟာ....နေကောင်းပါတယ်လို့'' သူ မပြောနိုင်တော့ဘူး။

''ကျွန်တော့်အဖေ ဆုံးသွားတာ ကြာပါပြီ''

''ဟာ....ခင်ဗျားကလဲ တောက်တီး တောက်တဲ့ ပြောနေ၊ တစ် နေ့ကပဲ တွေ့လိုက်သေးတယ် ခင်ဗျ အဖေကို။ ကျွန်တော်က ဝမ်းသာ ပါတယ်၊ ခင်ဗျာ့အဖေ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့် ရတာလေ''

ဒီတော့မှ သူက စဉ်းစားမိတယ်။

ဟာ....ငါကတော့ အလကားနေရင်း မောင်ဝံသကနေ မောင်ဝဏ္ဏ ဖြစ်သွားပါပေါ့လား။

မောင်ဝဏ္ဏအဖေက စာရေးဆရာ သာဓု။ ဟိုမောင်ဝဏ္ဏက ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာ။ စာရေးဆရာချင်းတော့ တူပါရဲ့။ ဟိုက စာရေးဆရာ အချစ် စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ။ သူက နိုင်ငံရေး စာရေးဆရာ၊ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာ၊ အဲဒီတော့ မောင်ဝံသနဲ့ မောင်ဝဏ္ဏ မှားလို့ သူ အဖေတစ်ယောက် တိုးခဲ့ရပါတယ်။

နောက်များ ကိုဝံသရေ ဟောပြောပွဲတို့ ဘာတို့ ကြုံတဲ့အခါများ နှစ်ဦးသားကြုံရင် အသက်တော့ ချမ်းသာပေးပါ။ အလိုလိုကမှ ဟိုနား ကကိုက်၊ ဒီနားက နာနဲ့။ ဒီကြားထဲ ဟောပြောပွဲလေးတွေက တော်တော်များတယ်။ ကျွန်တော့် ဟောပြောပွဲဆိုတာက စာဆိုတော် ရာသီကျမှ ဟောပြောရတာ မဟုတ်ဘူး။ သာသနာရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ဟိုကလာပင့်၊ ဒီကလာဖိတ်နဲ့၊ ဒီတော့ ကျွန်တော်ကလဲ ရုပ်ရှင်အနားယူပြီးတော့ ဘာသာရေး စာပေတွေ ရေးနေတော့။ အင်း....လူထဲမှာဆိုရင်ဖြင့် အလျှင်ခေတ်က ပေါ်ခဲ့တာ ဆရာကြီး ဦးလှသိန်း။ ဆရာကြီးဦးလှသိန်း ကွယ်လွန်ပြီးတဲ့နောက် ရဟန်းတော်ထဲက ကြာနီကန်ဆရာတော်။ သာသနာရေးနဲ့ ပတ်သက်၍ လူထု အာသယ အလိုက်သင့်လေးဖြစ်ခဲ့အောင် ရယ်စရာ မောစရာလေး ပြော။ သီချင်းဆိုတန် ဆိုပြ။ အဲဒီလို လုပ်ပြီး ဟောခဲ့တဲ့ ကြာနီကန်ဆရာတော်။ လူ ဆရာကြီးတစ်ယောက် အ နေ နဲ့ ဖြစ်ရင် ကျွန်တော်တို့ မြီးကောင်ပေါက်ကလေးတွေ သာ သ နာနဲ့ ဝေးနေတဲ့ ကျောင်းသူ ကျောင်းသားလေးတွေအတွက် အင်မတန်မှ အားကိုးရမယ့် ဆရာကြီးတစ်ယောက် ဖြစ်ပါမယ်။

ဒါကို ကျွန်တော် အားကျပြီးတော့ ဆရာဦးလှသိန်း လက်ထက်ကတည်းက တစ်ယောက်နဲ့ တစ်ယောက် အားပေးလို့ သာသနာနဲ့ ပတ်သက်လို့ စာပေတွေ ရေးလာတဲ့အခါ သာသနာနဲ့ ပတ်သက်တဲ့ ဟောပြောပွဲလေးတွေ ဖိတ်တဲ့အခါ ကျွန်တော် မငြင်းဘဲ လိုက်လိုက်သွားရပါတယ်။ တစ်နေ့ကပဲ ကျွန်တော် ဟသ်ာတမြို့မှာ ဆရာတော် ဦးဝိစိတ္တသာရာ ဘိဝံသ ဖွင့်လှစ်ခဲ့တဲ့ တေဒဂ် ခုနစ်ဆယ့်ငါးဆူ ပူဇနိယ ပွဲတော်မှာ သွားပြီးတော့ မာမာအေးနဲ့ စောင်းဆရာကြီး ဦးဘသန်း၊

ဆွေကလျာဏဇီတို့နဲ့ ဓမ္မပူဇာသီချင်းတွေ သွားဆိုရင်းနဲ့ ကျွန်တော်က တရားဟောရပါတယ်။ ဒါကြောင့် ကျွန်တော့်အဖို့ရာကတော့ တစ်နှစ် တစ်ခါ စာဆိုတော်လမှာ စာဆိုတော်နေ့မှာမှ မဟုတ်ဘဲနဲ့ စာဆိုတော် နေ့ဟုတ်ဟုတ် မဟုတ်ဟုတ်၊ အရပ်ရပ်က လာပြီးတော့ သာသနာရေးနဲ့ ပတ်သက်၍ ဟောပြောပါလို့ ဖိတ်ရင် ကျွန်တော်မငြင်းဆန်ဘဲနဲ့ သွား ရပါတယ်။ ဒီက ပါတီစာနယ်ဇင်း ကိုညိုထွန်းဆိုတဲ့လူက အင်မတန် စည်းရုံးရေးကောင်းတဲ့ လူပါ။ စည်းရုံးရေး အင်မတန် ကောင်းပါ တယ်။ သူက အရပ်ရှည်သလောက် စကားလဲရှည်ပါတယ်။ပျော့စိပျော့စိ အီးညံ့အီးညံ့နဲ့ မရရအောင် ဆွဲနိုင်တာ သူပါပဲ။ ဒီတော့ ကျွန်တော် မနေ့ညကမှ ဟသ်ာတက ပြန်ရောက်တယ်။ ဒီနေ့ည ဒီရောက်အောင် ကျွန်တော့်ကို ဆွဲတင်တယ်။ သို့သော် သူဟာ ဆွဲသာတင်တယ်။ သူ့ မျက်နှာ ဒီမှာ ကျွန်တော် မတွေ့ရဘူး။ အဲဒီတော့ ဘာနဲ့တူသလဲဆိုတော့ ပွဲငှားတဲ့ ကန်ထရိုက်မရှိဘဲနဲ့ တက်ကရတဲ့ မင်းသားလို တစ်ခါ တစ်ခါ ဖြစ်နေတယ်။

အဲဒီတော့ ကျွန်တော်တို့ ဟောပြောကြပါစို့။ တောင်သူ လယ် သမားနေ့ကြီးကို ဆရာ ကိုဝံသကတော့ နိုင်ငံရေးအမြင်နဲ့ သုံးသပ်ပြီး ကြည့်တယ်။ ကျွန်တော်ကတော့ ဗုဒ္ဓရဲ့ ပရိယတ္တိအနေနဲ့ အကြောင်း အရာတို့ကို သုံးသပ်ကြည့်တယ်။ ဒီနေ့ ဆိုရင် တပေါင်းလဆန်း ၄ရက်၊ ၅ရက်လောက် ရှိပြီ။ တောင်သူလယ်သမားနေ့နဲ့ ပတ်သက်ပြီးတော့ တစ်ဆင့်တစ်ဆင့်ဆက်စပ်တာလေးတွေကျွန်တော်တင်ပြတဲ့အခါလူကြာနီ ကန်လို့ သဘောထားပါ။ ဘယ့်နှယ်လဲ၊ ဟောပြောပွဲကလဲ တရားတွေ ရွတ်နေပါလားလို့ မထင်ကြပါနဲ့။ တရားဆိုတာလဲ ဂါထာပါ။ ဂါထာ ဆိုတာဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပဿနာ တရားဟောတဲ့ ဂါထာမျိုး ရှိသလိုပဲ။ အယဉ်အလှအဖွဲ့ကလေးတွေနဲ့ ဖွဲ့ထားတဲ့ ဂါထာလေးတွေ လဲ ဗုဒ္ဓခေတ်မှာ အများကြီး ရှိပါတယ်။

ဒီတော့ ခုတပေါင်းလဆန်း ၄ရက်၊ ၅ရက်ဆိုတော့ဟိုအလျင် နှစ် ပေါင်းနှစ်ထောင့် ငါးရာလောက်က ဒီအချိန်လောက်မှာပဲ ကျွန်တော်တို့ ရဲ့ကိုးကွယ်ရာ သဗ္ဗညုတ မြတ်စွာ ဘုရားကို ကာဠုဒါယီ မထေရ်ကြီးက ဂါထာနဲ့ လျှောက်တယ်တဲ့။ ဒီတပေါင်းလရဲ့ သာယာပုံလေး။ တရား မဟုတ်ပါဘူး။ တပေါင်းလရဲ့ သာယာပုံလေးကို လျှောက်ပါတယ်။ အဓိပ္ပာယ်ကတော့ အဲဒီ တပေါင်းလဟာ အင်မတန် သာယာပါတယ် ဘုရားတဲ့။

အရှင်ဘုရားဟာ ကပိလဝတ်ပြည်က ထွက်လာပြီးတဲ့နောက် တောထွက်တော် မူလာတယ်။ ဘုရားဖြစ်တော် မူလာတယ်။နိုင်ငံ အရပ်ရပ်မှာ တရားဟောတော် မူလာတယ်။ အဲဒီမှာ အရှင်ဘုရားရဲ့ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးဟာ အရှင်ဘုရားကို အင်မတန် ဖူးမြော်ချင်လွန်းလို့ တစ်ဦးတည်းသောသားကြီးမို့ အင်မတန် ချစ်မြတ်နိုးလို့ အရှင်ဘုရားကို ရမ္မ–သုဘ–သုရမ္မဆိုတဲ့ နန်းမသုံးဆောင် အခြွေအရံတို့နဲ့ စံစားစေခဲ့ပါတယ်။

အခု သမ္မာသမ္ဗုဒ္ဓ လောကထွတ်ထား မြတ်စွာဘုရားရယ်လို့ တိလောက အရှင် ဖြစ်လာတဲ့အခါမှာ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို ချီးမြှောက်သော အားဖြင့် ကပိလဝတ်ပြည်ကို ကြွဖို့ အချိန် တော်ပါပြီ ဘုရား....လို့ မြတ်စွာဘုရားကို ဂါထာနဲ့ လျှောက်တယ်။ အဲဒီ ဂါထာရဲ့ အနက်ကို တိပိဋကဓရ ဓမ္မ ဘဏ္ဍာ ဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာ ဘိဝံသက ဗုဒ္ဓဝင်ထဲမှာ ဖွင့်ထားတဲ့ အဖွင့်ကလေး။ တပေါင်းလနဲ့ ပတ်သက်တာလေး ကျွန်တော်တို့ နာကြားရအောင်။

အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေအစ္စိမန္တော ဝ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ဒါက ကာဠုဒါယီ မထေရ်ကြီးက လျှောက်တဲ့ မူရင်း ပါဠိ။ အဲဒီ ပါဠိကို ကျွန်တော်တို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော် အရှင် ဦးဝိစိတ္တ-သာရာ ဘိဝံသက ဘယ်လို ဖွင့်ထားသလဲ ဆိုတော့....

"ဘဒန္တေ၊ ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားရှင်ပင်မြတ်ဘုရား။ ဒါနိ ဣဒါနိ၊ ဆောင်းကိုလွန်မြောက် နွေဦးပေါက်သို့ ရောက်လတ်တုံလာ ယခုအခါ၌။ဒုမာ၊ တစ်ခေတ်ကူးပြောင်း သစ်ပင်အပေါင်းတို့သည်။ ဆဒနံ၊ ရှည်ကြာမြင့်ညောင်း အရွက်ဟောင်းကို။ ဝိပ္ပဟာယ၊ စွန့်ပယ်သောထွေ ကြွေကျကုန်သည် ဖြစ်၍။ ဖလေသိနော၊ အသစ်ဖြစ်သော အသီးကို ရှာမှီးကြကုန်သကဲ့သို့ဖြစ်၍။ အင်္ဂါရိနော၊ မီးကျီးအသွေး နီတွေးသောရွက်နု အပွင့်အဖူးတို့နှင့် ပြည့်စုံကြကုန်၏။ တေ၊ ထိုသစ်ပင်အပေါင်းတို့သည်။ အစ္စိမန္တောဝ၊ ဥတုလုံ့ဆော်အရောင်ရှိကုန်သည်ဖြစ်၍သာလျှင်။ ပဘာသယန္တိ၊ ပြောင်တဝင်းဝင်းထွန်းလင်းတောက်ပကြကုန်၏။ မဟာဝီရ၊ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရား

တို့၏။ သမယော၊ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်း ကိုယ်တော် လှမ်း၍ ကြွမြန်းတော်မူရန် လျှောက်ကန် လျှောက်ပတ် ကောင်းမြတ်သော အချိန်ပါ ဘုရား။''

ဘုရားထဲ ကျောင်းထဲဆို သာဓုခေါ်ကြမှာပေါ့။ သာဓုခေါ်တာ ကတော့ ကျွန်တော် အတွက် မဟုတ်ပါဘူး။ ဗုဒ္ဓရဲ့ တရားတော် ဟော ကြားတဲ့ ဂါထာတော်ကို ကြည်ညိုကြတဲ့ သဘောပါ။ သို့သော်လဲ သာဓု မခေါ်တာ ကောင်းပါတယ်၊ နို့မို့ရင် ဘယ့်နှယ်ဘုန်းကြီးတစ်ပါး ကြွနေတယ် အောက်မေ့မယ်။ ဒီဂါထာလေးဟာ အခု ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တွေ့ထိနေရတဲ့ တပေါင်းလရဲ့ ဂါထာလေး။

ကာဠုဒါယီ မထေရ်ကြီးဟာ ဘယ်လောက် သနားစရာကောင်း သလဲ ဆိုရင် ဖွားဖက်တော် မြတ်စွာဘုရား ဖွားတော်မူဘယ် ဆိုကတည်း က ဖွားဖက်တော် ခုနစ်ဦး ရှိတယ်၊ ခုနစ်ဦးထဲက အပါ ဝင်ပေါ့။

သုဒ္ဓေါဒနမင်းကြီးဟာ ''ငါ့သားတော် မြတ်စွာဘုရား သမ္မာ သမ္ဗုဒ္ဓ ဖြစ်တော်မူပြီ''လို့ လူရော နတ်ရော ဗြဟ္မာရော ကြွေးကြော် နေကြတဲ့အခါမှာ ကွဲကွာနေတဲ့ သားကို အင်မတန် တွေ့ချင်ရှာတယ်။ ကျွန်တော်တို့တစ်တွေ ကိုယ်ချင်းစာကြည့်ကြ။ ကိုယ့်သားကလေး အထွတ် အထိပ်ရောက်ပြီဆိုတာ ကြားရတော့ အင်မတန် စိတ်အေးချမ်း။ သို့သော် လဲ ဗုဒ္ဓမြတ်စွာဟာ ဖွားရာဇာတိဖြစ်တဲ့ ကပိလဝတ်ပြည်ကို ခြေဦးလှည့် တော်မမူဘဲနဲ့ ဝေနေယျ သတ္တဝါအပေါင်း သံသရာဝဋ္ဋဒုက္ခမှ ထွက် မြောက်ရာ ထွက်မြောက်ကြောင်း တရားတွေ ဟောနေပြီးတော့....

'ငါ့သားလေးနဲ့ တွေ့ချင်ပါသေးတယ်' ဆိုပြီးတော့ အမတ်တွေ ကို အကြိုလွှတ်တယ်။ အမတ်တွေကို အလျှောက်ခိုင်းတယ်။ အမတ်တွေ ကို အပင့်ခိုင်းတယ်။ တစ်ခါသွားတဲ့ အမတ်တွေဟာ လူပေါင်း တစ် ထောင်လောက်နဲ့ အစီအစဉ် ဖွဲ့ပြီးတော့ ပျော်ပျော်ပါးပါး သွားကြ တယ်။

ရာဇဂြိုဟ်ပြည်မှာ ဘုရားမြတ်စွာနဲ့ တွေ့တဲ့အခါ ဝင်ပြီး တရား နာကြ၊ တရားနာကြရင်းနဲ့ တရားသဘောပေါက်ပြီး ရဟန္တာအဖြစ်သို့ ရောက်ကုန်ကြတယ်။ သွားတဲ့လူက တစ်ထောင်နဲ့တစ်ယောက်၊ ရဟန္တာ ဖြစ်ကြတာက တစ်ထောင်နဲ့ တစ်ပါး၊ ဖခမည်းတော် မှာလိုက်တဲ့စကား။ မြတ်စွာဘုရားကို မလျှောက်မိကြဘူး။ မလျှောက်ချင်ကြဘူး။

မလျှောက်ချင်ဘူး ဆိုတာက ပလိဗောဓ များမှာ စိုးလို့၊ မလျှောက်ဝံ့ဘူးဆိုတာက မြတ်စွာဘုရားရဲ့ ဘုန်းကျက်သရေတော်ကို ရွံ့ရှားတော်မူလို့၊ ရိုသေတော်မူလို့ ဖြစ်တယ်။ ဒီလိုနဲ့ပဲ သုဒ္ဓေါဒန

မင်းကြီးက တစ်ခါသွားပြီး ပင့်ခိုင်းပြန်တယ်၊ မရ။ နောက်တစ်ခါ လူတစ်ထောင်နဲ့တစ်ယောက် သွားပင့်ခိုင်းပြန်တယ်၊ ပြန်မလာ။ နောက်တစ်ခါ ပြန်မလာ။ အဲဒီတော့မှ ကာဠုဒါယီဆိုတာက မြတ်စွာဘုရားရဲ့ ဖွားဖက်တော် သူငယ်ချင်း ကစားဘက်၊ အမတ်ကြီး၊ အဲဒီတော့....

''သား....ကာဠုဒါယီ၊ မင့်ကို ငါ့သား မရှိသော်လဲ့ သားရဲ့ မွေးဖွားဖက်မို့လို့ သား အရင်းကဲ့သို့ ခင်ပါတယ်၊ ဒီတော့ သူများတွေကို ပင့်လျှောက်ခိုင်းတာဟာဖြင့် ငါ့သားလေးထံက စကားပြန်တောင် မရပါဘူးကွယ်။ ဒီတော့ မင်းကိုယ်တိုင် သွားပြီး ဘုရားနဲ့လဲ မင်းက အကျွမ်းတဝင်ဖြစ်တယ်၊ ငါ့ဘုရင်မင်းမြတ်နဲ့လဲ မင်းက သားနဲ့ ဖအေလို ထွေးရောယှက်တင်နေခဲ့ကြတယ်။ ဒါကြောင့် သွားပြီးတော့ ငါ့သားလေးကို လျှောက်ပေးစမ်းပါ''

လွမ်းဆွတ်ကြေကွဲစွာ မှာလိုက်ပါတယ်။ ကာဠုဒါယီ အမတ်ကြီးလဲ အခြံအရံ တစ်ထောင်နဲ့ မြတ်စွာဘုရားထံ ရောက်၊ တရားနာရတယ်ဆိုရင်ပဲ မြတ်စွာဘုရားထံမှာ ဥပသမ္ပဒ ရဟန်းအဖြစ်ခံပြီးတော့ မြတ်စွာဘုရား ပေးတော်မူတဲ့ ကမ္မဋ္ဌာန်း ဘာဝနာအနှစ်ဘွေကို ကျင့်ခြင်းကြောင့် သစ္စာလေးပါးသိ၊ အာသဝေါတရား ကုန်ခန်းပြီး ရဟန္တာဖြစ်သွားတယ်။

သို့သော်လဲ သူက....

''ဩော်....သုဒ္ဓေါဒန မင်းကြီးဟာလဲ ငါ့ခမည်းတော်လိုပဲ၊ ငါ့အဖေလိုပဲ။ အခု မြတ်စွာဘုရားဟာလဲ ငါ့ အစ်ကိုကြီးလိုပဲ၊ ဒီတော့ သုဒ္ဓေါဒနမင်းကြီးရဲ့ ပရိဒေဝ သောကဒေါမနဿတွေကို....သားကိုမျှော်လင့်နေတဲ့ အပူဗျာပါရမှုလွတ်ငြိမ်းအောင် ငါ ဘုရားတော့ ချိုချိုသာသာလေး လျှောက်မှပဲ'' ဆိုပြီးတော့....

အခု ကျွန်တော် တင်ပြတဲ့....

အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေအစ္စိမန္တော၀ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။

ကို စတင်လျှောက်ထားတယ်။

''အရှင်ဘုရား၊ ဒီအချိန်လေးဟာဖြင့် အင်မတန် လမ်းတွေ သွားလို့ လာလို့ ကောင်းပါတယ်၊ သစ်ပင်တွေဟာ အရွက်ဟောင်းလေးတွေ ကြွေပြီးတော့ ပုရစ်ဖူးကလေးတွေလှ၊ ရာသီအားဖြင့်လဲ ဆောင်းအကုန် နွေဦးပေါက်ကလေး။ တောအနှံ့ တောင်အနှံ့မှာ ရောင်စုံ ပြိုးပြက်

တဝင်းဝင်း တလက်လက်နဲ့ သစ်ရွက်တွေ သစ်ခက်တွေ အစိမ်းကလေး ဖန့်ဖန့်ကလေးတွေ၊ မြေဖန့်ဖန့်ကလေးတွေမှာ....

"အရှင်ဘုရား ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီးထံ ဇာတိ ချက်ကြွေ ကပိလဝတ်ပြည်ကို ကြွဖို့ ကောင်းပါတယ် ဘုရား"

ဒီလိုအင်မတန် သာယာနာပျော်ဖွယ် ကောင်းအောင် လျှောက်တဲ့ ဂါထာ။ အဲ့ဒီ ဂါထာပေါင်း ၆၄-ဂါထာတောင် ရှိတယ်။ မြတ်စွာ ဘုရားက ကာဠုဒါယီမထေရ် လျှောက်သမျှကို နားထောင်ပြီးတော့ နေတယ်။

၆၄-ဂါထာ ရှိတာကို ကျွန်တော်တို့ ဝေါဟာရအားဖြင့် ဂါထာ ခြောက်ဆယ်လို့ ခေါ်တယ်။ ဂါထာခြောက်ဆယ်ပျို့လို့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် စာရေးဆရာကြီး ဖြစ်တဲ့ ရှင်အုန်းညိုက ရေးစပ်ထား တယ်။ အဲဒီဟာတွေဟာ ကျွန်တော်တို့ တောင်သူလယ်သမားနေ့နဲ့ ဘယ် လို ဆက်စပ်လာမလဲလို့ ဒါလေးက စပြီး ကြည့်ရအောင်....

မြတ်စွာဘုရားဟာ ကာဠုဒါယီ လျှောက်ထားတဲ့ ၆၄ဂါထာ ကြားရတော့....

"ကာဠုဒါယီ။မင်းဘာ ငါ့အကျိုးလဲ ဆောင်တော်မူရာ ရောက် တယ်။ ငါ့ဖခင်ကိုမင်းဖခင်လို သဘောထားရာလဲ ရောက်တယ်၊သုဒ္ဓေါ ဒန မင်းတရားရဲ့ အကျိုးကိုလဲ ဆောင်ရွက်ရာ ရောက်တယ်။ဒါကြောင့် ရာဇဂြိုဟ်ပြည်ကနေ ကပိလဝတ်ပြည်ကို ယူဇနာ ခြောက်ဆယ် ရှိတယ်။

တပေါင်းလပြည့်နေ့က စပြီး တစ်နေ့ တစ်ယူဇနာ တစ်ယူဇနာ နောက်က ရဟန္တာ သာဝကတွေ၊ ပုထုဇဉ် သာဝကတွေ အခြံအရံ နှစ်သောင်း နောက်တော်မှ ပါစေ၍ တို့တစ်တွေဟာ သာမန် ခြေလှမ်းနဲ့ ကြွတော်မူမယ်" ယို့မိန့်တော်မူပြီး ကြွပါသယ်။ဘုန်းတန်ခိုးနဲ့ ကြွတော်မူ တာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ။ ကာဠုဒါယီမထေရ်ကြီးက တောရနံ့၊ တောင်ရနံ့၊ တောပန်းလေးတွေ၊တောလမ်းလေးတွေ လျှောက်ထား တော့ ဒီအရသာလေးတွေကို ကာဠုဒါယီမထေရ်ကြီး ကြည်နူးရအောင် သူ လျှောက်တာတွေ အလဟဿ မဖြစ်ရအောင် တစ်နေ့ တစ်ယူဇနာ တစ်ယူဇနာ ကုန်းကြောင်း ကြွတော်မူတယ်၊ ကုန်းကြောင်းကြွလို့ ဟို ရောက်။ ဟိုရောက်တော့ သုဒ္ဓေါဒနမင်းကြီးနဲ့တွေ့တယ်။ ခတ္တိယ သာကီ ဝင်ဆိုတာ မြေအများကို ပိုင်ဆိုင်တဲ့ရှင်ဘုရင်မျိုး၊ မြေပိုင်ရှင်ကြီးတွေ ပေါ့။ အဲ့ဒီမှာ တွေ့တဲ့အခါ မာန်မာနတွေအင်မတန် ကြီးကျယ်ကြလွန်း လို့ ဗုဒ္ဓမြတ်စွာကို ငယ်တဲ့သူတွေကသာရှိခိုးကြတယ်။ ကြီးတဲ့လူတွေ မှန်သမျှ ဗုဒ္ဓထက် သက်တော်ကြီးတဲ့ သူမှန်သမျှကဘုရင်သုဒ္ဓေါဒနကစ၍

ရှိခိုးခြင်း အမှုမပြုကြဘူး။လောကဝတ်တော့ ပြုကြပါတယ်။ဒီမှာနေပါ။ ဒီမှာ ထိုင်ပါနဲ့ ပြုပါရဲ့။ ရှိခိုးခြင်းအမှုမပြုဘူး။ ဒီတော့ ငါ့ဆွေတော် အပေါင်း ရှစ်သောင်းလေးထောင်တို့ဟာ ဘုရားရဲ့ သာသနာ၊တရားရဲ့ သာသနာ၊သံဃာရဲ့ သာသနာ အမြုတေ ရတနာတွေကိုသိကြအောင်လို့ စတုတ္ထချာန် ဝင်စားပြီးတော့ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတယ်။ ဆွေမျိုးတွေအပေါ်မှာ ခြေမှုန့်တွေ၊ မြေမှုန့်တွေ တဖွဲဖွဲ ကြဲချလို့ ပေါက္ခရဝဿမိုး ရွာတယ်။ အဲဒီမိုး ရွာဘာကို အကြောင်းပြု၍ ဝေဿန္တရာဇာတ် ဟောတော်မူဘယ်။

ကဲ ဒီက တစ်ဆင့် မြတ်စွာဘုရား ကပိလဝတ်ပြည်ထဲ ဆွမ်းခံကြွတော့....

အမယ်လေး သုဒ္ဓေါဒန မင်းကြီးက ရင်တီးလက်ခတ်နဲ့....

"ငါ့သားဟာ အိမ်စဉ်ကို လည် တောင်းပြီး စားရသလားကွယ်၊ကိုယ့်အဖေ ကိုယ့်မိဘ နန်းယံမှာ ဆွမ်းစားဘာပြုလို့ မကြွသလဲလို့ ဆိုတော့ ကြည့်စမ်းပါဦး၊ နောက်က လိုက်လာတဲ့ သူတွေက သကျသာကီဝင်တွေ ဟုတ်မှဟုတ်ပါ့မယ်၊ တချို့ဟာက သုဒ္ဒတွေ၊ အမျိုးယုတ်တဲ့ လူတွေ၊အမျိုးညံ့တဲ့လူတွေ၊ကုန်သည်တွေ၊လယ်လုပ်တွေ၊အဲဒီလူတွေ ခြံရံပြီးငါ့သားလေး နေရရှာပါလား။ငါ့လက်ထက်ကဖြင့် ရမ္မ၊သုဘ၊သုရမ္မတို့လို့၊ နန်းမကြီး သုံးဆောင်နဲ့အခြွေအရံ အပျော်အပါး အယုအယ အထိန်းတွေနဲ့ နေခဲ့ရတဲ့ ငါ့သား၊ အခုတော့ သူစိမ်းတွေ အလယ်မှာ မျက်နှာငယ်နေရှာရေ့မယ်။ဒီတော့ မင်းတို့တစ်တွေ သာကီဝင် မင်းသားထဲက ဟိုအရင်က ဖွားခါစက ဆိုသလို....၊ ပုဏ္ဏား ရှစ်ပါးကို လက္ခဏာဖတ် ယောကျ်ားအနေနဲ့ဖတ်အင်တဲ့အခါ ဦးစွာ ပထမပုဏ္ဏားဟော် ခုနစ်ပါးက....

"ဘုန်းတော်ကြီးသော ရေမြေ့ရှင် ဘုရား၊ အရှင် ဘုရားရဲ့ သားတော်မောင်ဟာ ဇမ္ဗူဒိပ်ကျွန်း အပြင်မှာ စကြာဝတေးမင်းသော် လည်းကောင်း၊သမ္မာသမ္ဗုဒ္ဓဘုရားသခင်သော်လည်းကောင်းအကြောင်း နှစ်ခုမှာ တစ်ခုခု ဖြစ်ပါလိမ့်မည် ဘုရား"လို့ လျှောက်တယ်တဲ့။

အဲဒီအခါမှာ ကျွန်တော်ဘို့ ခံ့မစကြာကို ပထမဦးစွာ နာ၍ ရဟန်းဖြစ်သွားတဲ့ ကောဏ္ဍည ပုဏ္ဏားလေးက လက်ညှိုး တစ်ချောင်းတည်း ထောင်ပြီးတော့....

"ဇမ္ဗူဒိပ်ကျွန်းအပြင်မှာစကြာဝတေးမင်းရယ်လို့ လုံးဝ မဖြစ်ပါဘုရား" ၊သမ္မာသမ္ဗုဒ္ဓ လောကသင်းကျစ် ဗုဒ္ဓစင်ဇစ် ဖြစ်ပါလိမ့်မယ်ဘုရား"လို့လျှောက်တယ်တဲ့။

အဲဒီအခါမှာ မင်းတို့တစ်တွေလဲ သိကြတယ်။ မင်းတို့ တစ်တွေဟာ ငါ့သားစကြဝတေးမန္ဓာတ်မင်း ဖြစ်ရင်ဖြင့်မင်းတို့တစ်တွေဟာ ကရာဇ်ပဒေသရာဇ်အခနေနဲ့ ငါ့သားကို ဝန်းရံ၍ ဘုရင်ခံ ရာထူးတွေနဲ့ ပျော်ပါးနေကြမှာ ၊ အခုတော့ အာမတန် ဆင်းရဲ ငြိုငြင်စွာသော (သူ့အမြင်နဲ့ပေါ့လေ) ဆွမ်းခံစားရတဲ့ ကိုးကျောင်း ကိုးကျင်း နယ်တကာလှည့်နေရတဲ့ ဗုဒ္ဓဘုရားဖြစ်တော့၊ မင်းတို့တစ်တွေဟာ တို့အစ်ကိုကြီးပဲ၊ တို့ဦးကြီးပဲ၊ တို့ညီလေးပဲ ဆိုပြီးတော့ သံယောဇဉ် ကင်းလှချည်လား။ ဘုစိမ်းဘွေ လက်ထဲ ဒီလိုပဲ နေတာကို မင်းတို့ ကြည့်ရက်ကြသလား''လို့ ပြောတဲ့ အခါ ကျတော့မှ သာကီဝင် မင်းသားတွေထဲက ...

''ကျွန်တော်တို့ အစ်ကိုကြီးကို၊ ကျွန်တော်တို့ ဦးလေးတော်ကို၊ ကျွန်တော်တို့ လိုက်လံပြီးတော့ ပြုစုယုယလုပ်ကျွေးသမှု ပြုပါမယ်'' ဆိုပြီး တော့ ပေါ်ထွက်လာကြတယ်။ အဲဒါတွေက ဘယ်သူတွေလဲ ဆိုတော့....

အာနန္ဒာ–ဘဂု–ကိမိလ၊ အဲဒီအထဲမှာ ပါလာတဲ့အနုရုဒ္ဓါ၊ ဒေဝဒတ်လဲ ပါသေး။ အဲဒီ အနုရုဒ္ဓါဆိုတဲ့ အကြောင်း ရောက်တဲ့အခါ ကျတော့၊ ဟော....တောင်သူလယ်သမားနဲ့ ဆိုင်လာပြီ။အနုရုဒ္ဓါဆိုတဲ့ မင်းသားဟာ ဘယ်လောက်များ ဘုန်းတန်ခိုး ကြီးသလဲလို့ ဆိုရင်ဖြင့်၊ သူ့ အသက်နဲ့အမျှ၊ မရှိဆိုတဲ့ စကား တစ်ခါမျှမကြားဖူးဘူး။မရှိဆိုတာ ဘာပါလိမ့်မလဲ။

မရှိဘူး မရှိဘူးဆိုတာ ဘာပါလိမ့်မလဲ။ ဘယ်လောက် အရသာရှိတဲ့မုန့်ပါလိမ့်မလဲလို့ ဒီလိုတောင် ထင်သတဲ့။ တစ်ခါတော့ မုန့်တစ်ချပ်တောင်းတော့ သူ့အမေက မရှိဘူးသားရယ်လို့ပြောတော့၊ အဲဒီ မရှိတဲ့ဟာလေး ပေးစမ်းပါ အမေရယ်လို့ ပြောတော့၊ ငါ့သားလေး မရှိတာကိုဖြင့် သူ လက်တွေ့သိအောင် ဘာမှ မပါဘဲ၊ အုပ်ကလေးချည်း သွားပေးလိုက်တယ်။ အုပ်ဖွင့်လိုက်တဲ့အခါကျတော့ နတ်တွေက ထည့်ပေးလိုက်တဲ့ မရှိမုန့်တောင် စားရတယ်တဲ့၊ အဲဒီလို သူ့ဘဝ ပါရမီကြောင့် ဒီသို့ မရှိဆိုတဲ့စကား မကြားဖူးဘူးတဲ့၊ အငြိမ်းချမ်းဆုံး နေခဲ့တဲ့ ပုဂ္ဂိုလ်။

တစ်ခါက မင်းညီမင်းသား အချင်းချင်း ကစားကြတဲ့အခါမှာ....

''ဟေ့ ထမင်းဆိုတာ ဘယ်ကဖြစ်သလဲ သိကြသလား'' လို့ မေးတော့ တစ်ယောက်က ပြောတယ်။

''ဟာ....ထမင်းဆိုတာ ကျိထဲက ထုတ်ထုတ်သွားတာ ငါ တွေ့ဖူးတယ်ကွ'' လို ပြောတယ်။

နောက်တစ်ယောက်....

''ဟာ မင်း ဒါမဟုတ်သေးပါဘူးတဲ့။ ကျုပ်တို့တော့ ထမင်း အိုးထဲက ဖြစ်လာတာပဲ ကျုပ်တို့ တွေ့ဖူးတယ်''တဲ့၊ အဲဒီမှာ အနုရုဒ္ဓါကတော့ ထမင်းအိုးလဲ မတွေ့ဖူးဘူး။

''မင်းတို့တစ်တွေ ပြောတာ မဟုတ်ပါဘူးတဲ့၊ငါကတော့ ပွဲတော်စာ ဆက်တဲ့ ဟင်းတွေ အင်မတန်မှ များတဲ့ ရွှေ ဒေါင်းလန်း၊ ငွေ ဒေါင်းလန်း။ အဲဒီအပေါ်မှာ ထမင်းအုပ်ကလေး ဖွင့်လိုက်တာနဲ့ ထမင်းတွေ ဖြစ်လာတာ ခင်ဗျ'' လို့ ပြောတယ်။

အဲဒီလောက်အထိ ထမင်းရဲ့အကြောင်းကို မသိတဲ့ အနုရုဒ္ဓါ။ မဟာနာမဆိုတဲ့ သူ့အစ်ကို မင်းသားက ပြောတယ်။

''ညီလေးရယ်တဲ့၊ ဗုဒ္ဓဂေါတမကြီး လာတော်မူတဲ့ အခါမှာ မြတ်စွာဘုရားရဲ့ အလုပ်အကျွေးအလို့ငှာ၊ တို့တစ်တွေ လိုက်ကြမလို့၊ ဒီတော့ ငါက အစ်ကိုကြီးဖြစ်လို့ ငါ လိုက်သွားမယ် အနုရုဒ္ဓါ။ ဒီတော့ မင်းက နေရစ်ခဲ့''

ငါတော့ ရဟန်းလုပ်မလို့ဆိုတော့ ''ဘယ်လိုလုပ်တာတုံး၊ ရဟန်းဆိုတာ ဘယ်လိုလုပ်ရတာတုံး'' အနုရုဒ္ဓါက မေးတယ်။

''ရဟန်းလုပ်ရတယ်ဆိုတာ၊ ဦးပြည်း ကတုံးတုံး၍၊ သပိတ်ကို ပိုက်ပြီးလျှင် သင်္ကန်းဆိုတဲ့ အဝတ်အထည် ကြမ်းကြမ်းကြီးကို ရုံပြီးတော့ ဆွမ်းခံစားပြီးတော့ တရားကျင့်ရတယ်။ အင်မတန် ဆင်းရဲတယ်။ ငါ့ညီမင်း မလုပ်ချင်ပါနဲ့၊ ဒါကြောင့်မို့လို့ အစ်ကိုကြီးပဲ သွားလုပ်မယ်။

''ဒီတော့ ငါ့ညီကတော့ လောကလူ့ရွာမှာ လူဘို့ရဲ့ဝတ္တရားရှိတဲ့ အတိုင်း တောင်သူလယ်သမားအနေနဲ့ တိုင်းပြည်မှာ တိုးတက်ကြီးပွားအောင် ငါ့ညီ လုပ်နေခဲ့ပါ''လို့ ပြောတယ်။

ဒီတော့ အနုရုဒ္ဓါက သူ့အစ်ကိုကို ပြန်ပြောပါတယ်။

''ဟိုဟာတော့ ဟုတ်ပါပြီ၊ ကျွန်တော် ရဟန်း လုပ်ရမယ်ဆိုရင် အဝတ်ကြမ်း၊ အစားကြမ်း၊ အနေကြမ်း အဲဒီအပေါ်မှာလဲ ဘုရားနှုတ်မှခပါတ်တော်တွေ ဝိနည်းတော်တွေကို ဥပဒေတွေကို ထိန်းနေရမှာဆိုတော့ ဆင်းဆင်းရဲရဲနဲ့ဘော့ ကျွန်တော် မလုပ်နိုင်ဘူး။ ဒီတော့ တောင်သူလယ်သမားအနေနဲ့ လုပ်ပါမယ်။ သို့သော် အစ်ကိုကြီး ပြောစမ်းပါဦး။ ကျွန်တော် ထမင်းဆိုတာ အုပ်ထဲက ရတာပဲသိလို့၊တောင်သူလယ်သမားဆိုတာ ဘာလဲ''

''တောင်သူလယ်သမားဆိုတာ ငါ့ညီ စားနေတဲ့ ထမင်းဟာ သူတို့က ဖြစ်တာ။ လွယ်လွယ် မဟုတ်ဘူး''

''အဲ....သူတို့က ဖြစ်တာဆိုရင် သူတို့ ဘယ်လိုလုပ်ကြရသတုံး''

''အဲဒီတော့မှ မဟာနာမ မင်းသားက မိုးဦးလေးများ ကျလာပြီ ဆိုရင် ကျွဲနဲ့နွားနဲ့ဖက်ပြီး လယ်ထွန်ရတယ်။ လယ်ထွန်တာက ရိုးရိုးထွန်တာမဟုတ်ဘူး။ ရှစ်စပ်က စေ့အောင် ထွန်ရတယ်။ ထွန်ပြီးတဲ့အခါကျတော့ မိုးတွေ ရေတွေ စောင့်ရတယ်။ မိုးမရွာလို့ ရှိရင်ဖြင့် ဒီလယ်ထဲကို ရေသွင်းရတယ်၊ ရေသွင်းပြီးတော့ တမန်းညီအောင် ညှိရတယ်။ တမန်းညီအောင် ညှိပြီးတော့မှ မျိုးစေ့ကလေးတွေနဲ့ ပျိုးပင် စိုက်ရတယ်။ ပျိုးပင် စိုက်ပြီးတဲ့အခါကျတော့ ရေလိုရင် ရေဖြည့်၊ ရေပိုရင် ရေနှုတ်၊ အနားမှာ ပျိုးပင်နားမှာရှိတဲ့ မလိုလားအပ်တဲ့ ပေါင်းပင်တွေ အနှောင့်အယှက်အပင်တွေကို အကုန်နှုတ်၊ နှုတ်ပြီးတော့မှ ကြီးပွားအောင် ပျိုးကလေးတွေ ထောင်လာအောင် ပြုစု ပျိုးထောင်ရတယ်။ ပြုစုပျိုးထောင်ပြီးတော့မှ အဲဒီပျိုးကို နှုတ်ရတယ်။ ပျိုးနှုတ်ပြီးတော့မှ တစ်ခါပြန်စိုက်ရတယ်။ ပြန်စိုက်ရတဲ့အခါကျတော့လဲ ရေလိုရင် ရေ၊ ရေ မပိုအောင်လဲ သတိထားရတယ်။ ရေလိုပြန်ရင်လဲ ဖြည့်ပေးရတယ်။ အဲဒီအခါကျတော့မှ ဝါဝါလေး ဝင်းလာတဲ့အခါ၊ အဲဒီ စပါးတွေ ရိတ်ရတယ်။ အဲဒီစပါးတွေရိတ်ပြီးမှ စပါးကို ပုံ၊ စပါးကို ပုံပြီးတော့မှ အန်တွေနဲ့ အသီးတွေနဲ့ တခြားစီ ကွဲအောင် နယ်ရတယ်။ နယ်ပြီးတော့မှ လှေ့ရတယ်၊ လှေ့ပြီးတော့မှ ကျီကြ စပါးသွင်းရတယ်။ အဲဒါလဲ မိုးမဖျက် လေမဖျက်ပါမှ၊ မိုးဖျက် လေဖျက်ရင် တို့တစ်တွေဟာ ဒုက္ခကွန္တရကပ် ရောက်သေးတယ်'' အဲဒီတော့ အနုရုဒ္ဓါက....

''အောင်မယ်လေး....တောင်သူလယ်သမားများရဲ့ အလုပ်ဟာ တယ်များပါလား နောင်ဘုရား။ ညီတော်ဟာ ထမင်းအုပ်ကလေးထဲက ထမင်းကို ဒါလေးပဲထင်ပြီးတော့ ဒီလောက်ထိ၊ ဒီအသက်အရွယ်ထိ၊ စားလာတာဖြင့် များပါပေါ့လား။ အဲဒီလောက် အလုပ်တွေများတာဖြင့် ကျွန်တော် မလုပ်နိုင်တာ အမှန်ပါပဲ။ ဒါကြောင့် အစ်ကိုကြီး မဟာနာမ။ တောင်သူလယ်သမား အလုပ်နဲ့ နေရစ်ခဲ့ပါ။ အင်မတန် ဆင်းရဲတယ်ဆိုတဲ့ ရဟန်းအဖြစ်ကိုပြုလိုက်ပါတော့မယ်'' ဆိုပြီးတော့ အခုနကပြောတဲ့ ဘဂုတို့၊ ကိမိလတို့၊ ဘဒ္ဒိယတို့၊ ဒေဝဒတ်တို့နဲ့အတူ အနုရုဒ္ဓါ မင်းသားလေးဟာ လိုက်သွားပြီးတဲ့နောက် မြတ်စွာဘုရား ထံတော်မှာ တေဒက်ရတဲ့ ရဟန်း ဖြစ်သွားပါတယ်။

အဲဒါ ဘာလဲ ဆိုတော့ ကျွန်တော်တို့တစ်တွေဟာ မြို့ပေါ်က လူတွေဟာ အများအားဖြင့် လယ်သမား သားသမီးတွေ ဟုတ်ပါတယ်။ ကျွန်တော်တို့လဲ လယ်သမား သားသမီးပါပဲ။ မောင်ဝံသတို့လဲ လယ်သမား သားသမီးပါပဲ၊ သို့သော်လဲ လယ်သမားသားသမီးတိုင်း

ဟာဆန်ဘယ်က ထွက်တယ်ဆိုတာကို မသိပါဘူး။ ဘာပြုလို့လဲ။ အင်မတန် ကရုဏာကြီးမားတဲ့ မိဘနှစ်ပါးက သူတို့သာ လယ်ထဲ ရုန်းနေမယ်။ ငါ့သားလေးတော့ သားကျွေးမှု မယားကျွေးမှု တစ်ခု ပညာကိုယ်စီ ပါရအောင် မြို့ကိုတက်ပြီး ကောလိပ်အပ်ထားတော့ ကောလိပ်ကျောင်းသားဖြစ်တဲ့ မောင်မောင်တို့ မမတို့က ထမင်းဘယ်ကဖြစ်မှန်း မသိပါဘူး၊ တစ်ခါတစ်ရံကျတော့ ကိုယ့်အဖေ ကိုယ့်အမေဟာ တောသူတောင်သား လယ်သမားကြီးတွေလို့ ပြောရင်တောင် ပြောရမှာ ခပ်ရှက်ရှက်တက်တက်။ ကျွန်တော့်အဖေက အိုင်စီအက်လို့ ပြောချင်တယ်၊ ကျွန်တော့် အဖေက တောင်သူလယ်သမားကြီးပါလို့ မပြောချင်ဘူး။ အဲဒီလို အဲဒီလိုဖြစ်တတ်တယ်၊ ဒါကြောင့် အနုရုဒ္ဓါတို့ လက်ထက်က အခုနက ပြောတဲ့''

''အင်္ဂါနိနေ ဒါနိဒုမာ ဘဒန္တေ'' ဆိုတဲ့ ဂါထာလေးက ဆက်တွေးလိုက်ရင် အဲဒီဂါထာကြောင့် ဘုရားကိုယ်တော်မြတ်ကပိလဝတ်ပြည်ရောက်တယ်၊ ရောက်တဲ့အခါကျတော့မှ ဖွားဘက်တော်များနှင့် တကွ၊ သာကီဝင်မင်းသားတွေ ရဟန်းပြုရအောင် ဘုရားနောက်လိုက်ကြတယ်။ အဲဒီ လိုက်ခါနီးကျမှ မရှိဆိုတဲ့စကား မကြားဖူးတဲ့ အနုရုဒ္ဓါဟာဆန်ဆိုတာ ဘယ်လိုဖြစ်လာတယ်၊ ထမင်းဆိုတာ ဘယ်လိုဖြစ်လာတယ်။ တောသူတောင်သား လယ်သမားကြီးတွေရဲ့ ကရိကထ ဝေယျာဝစ္စတွေကို သိရတယ်။ အဲဒါဟာ မဟာဗုဒ္ဓဝင်က ပေးတဲ့ အသိလေးပါ။

နောက်တစ်ခု လယ်မြေအကြောင်းလေး။ မြတ်စွာဘုရားဟာ လယ်မြေနဲ့ ပတ်သက်လို့ အင်မတန် ဦးစားပေးတယ်၊ မြတ်စွာဘုရားဟာ ဆိုကြပါစို့၊ ဗိမ္ဗိသာရမင်း၊ ဝေသာလီမင်း၊ ကောသလမင်းတို့ရဲ့ အပူဇော် အပသအဖူးမြော်ခံနေရပေမယ့် တောသူတောင်သား လယ်သမားတွေကို မြတ်စွာဘုရား အလွန် အရေးထားတော် မူတယ်။ သူ ဟောတဲ့ စကား၊သူ ဟောတဲ့ တရားတွေဟာ လယ်သမားနဲ့ လယ်စကားနဲ့ မကင်းအောင် အမြဲပြောတယ်၊ အခု ကျွန်တော်တို့ကြည့်၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်....။

''အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ''

''ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ တိုတို ပြောရရင် သံဃာတော် ကိုးကြစို့။ သံဃာ့ဂုဏ်ဂုဏ်တော်မှာကြည့်''

"သုပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော" ရဟန်းတော်များဟာ ကောင်းစွာကျင့်နေကြတဲ့ သူတွေဖြစ်ပါတယ်တဲ့၊ ကောင်းစွာကျင့်နေကြတယ်နော်၊ မကောင်းသဖြင့် ကျင့်နေရင် ရဟန်း မဟုတ်တော့ဘူး....။

မြတ်စွာဘုရား ဆိုလိုတာက သူ့သံဃာတွေဟာ ကောင်းစွာ ကျင့်ပါတယ်တဲ့၊ 'သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော၊ သာဝကသံဃော။"

ဖြောင့်မတ်စွာ ကျင့်ကြံနေကြပါတယ်။ အဆန်းထွင်ခြင်း၊ ကိုယ့်ကိုကိုယ် ဘာလိုလို၊ ညာလိုလို၊ သူများတွေက ထင်အောင်လုပ်ခြင်းဟာ ပျောက်စေဆရာလိုလို။ နက္ခတ်ဆရာလိုလို၊ အဲဒီလို၊ ဒီလိုဆရာမျိုး ထင်အောင်လို့ သူများတွေကိုမပြောခြင်း၊ အဲဒါဟာ 'ဥဇုပ္ပဋိပန္နဂုဏ်' တဲ့၊ အဲဒီလို မပြောရဘူး"

ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ညာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ နိဗ္ဗာန် အကျိုးငှာ ကျင့်တယ်တဲ့။ ငွေရဖို့ မဟုတ်ဘူး။ ဂုဏ်ရဖို့ မဟုတ်ဘူး၊ ပစ္စည်းရဖို့ မဟုတ်ဘူး၊ သြဇာအာဏာ ရှိဖို့ မဟုတ်ဘူးတဲ့၊ မြတ်စွာဘုရား ဟောထားတယ်။

သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။

အရိုအသေ ပြုတာကို ခံထိုက်တဲ့ ပုဂ္ဂိုလ် ဖြစ်အောင် ကျင့်နေတယ်တဲ့။ ဘယ်သူက ဖြစ်ဖြစ်၊ ကုန်ကုန်ပြောမယ်။ သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်ဆိုတဲ့ တရားထူး တရားမြတ်ရတဲ့ လူ့ပုဂ္ဂိုလ်ကပင်လျှင် ယနေ့ ဖတ်သော ကိုရင်လေးကို ထိုင်ရှိခိုး ရမယ်တဲ့။

အဲဒီလို အပူဇော်ခံရတဲ့ အခြေအနေအရည်အချင်းရောက်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို ရှင်ဘုရင် ဆိုတာကိုတော့ ဘေးချိတ်လိုက်တော့၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေကပါ ရှိခိုးရတယ် ဆိုရင် သိကြတော့ပေါ့။

သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော–အာဟု နေယျော ပါဟု နေယျော ..

ဟိုအဝေးကြီးကတောင် လာခဲ့ရတဲ့ ရည်မှန်းပြီးတော့ သူ့ လှူရမယ်၊ ငါ့ဆရာ လှူရမယ်၊ ငါ့ဘုန်းကြီး လှူရမယ် ဆိုပြီး ယူလာခဲ့တဲ့ ဟိုက အဝေးကြီးက ယူလာခဲ့တဲ့ ဟာကိုလဲ အလှူခံဘော် မူထိုက်ဘယ်။ နောက်တစ်ခါ ငါ အင်မတန် ချစ်တဲ့ ငါ့မယားဖို့၊ ငါ့သားလေး စားဖို့၊ ငါ့အဖေ မိဘ စားဖို့လို့ ရည်မှန်းထားတဲ့ ပစ္စည်းလဲ အဲဒီ သံဃာကို လှူချင် လှူနိုင်ပါဘယ်။ အဲဒါက ပါဟုနေယျော။

ဒက္ခိဏာဒေယျာ၊နောက်တစ်ခါ တမလွန်ဘဝကိုယုံကြည်ပြီးတော့ လှူတဲ့အလှူကိုလဲ ခံထိုက်ပါတယ်တဲ့။ အဉ္ဇလိ ကရဏီယော၊ အကုန်လုံး လူတွေ နတ်တွေက ရှိခိုးတာကို ခံထိုက်တယ်။ ဟော နောက်ဆုံး အနုတ္တရံ ပုညက္ခေတ္တံ လောကဿ နောက်ဆုံးဆိုတဲ့ စကား....

အနုတ္တရံ ...အလွန် ကောင်းမြတ်လှစွာသော ပုညက္ခေတ္တံ၊လယ်မြေ ကောင်းကြီးကဲ့သို့၊ ဒါယကာ–ဒါယိကာမများ လယ်မြေ–မြေသြဇာကောင်းမှ မျိုးစေ့ ကောင်းမယ်တဲ့။ ထိုနည်း ၎င်း ဘုရားက လယ်နှင့်နှိုင်းပြီး သူ့သား သာဝကတွေကို ငါ့သား သာဝက သံဃာတော်အစစ်အမှန်တွေကဖြင့် မင်းတို့ တတွေ ဘယ်မျိုးစေ့ပဲ ကြဲချ ကြဲချ အလွန်မွန်မြတ်သော မြေသြဇာ ရှိတဲ့ မြေကြီး လယ်မြေကြီးလိုပဲ။ မင်းတို့က တစ်စေ့စိုက်ရင် နှစ်စေ့ ပွားမယ်တဲ့။ အဲဒီ သံဃာ့ ဂုဏ်တော်မှာ လယ်မြေနဲ့ ယှဉ်ပြီး တော့ မြတ်စွာဘုရားဟာ ဦးဦးဖျားဖျား ပြထားတာဟာ ကျွန်တော်တို့ မှတ်သားစရာ အင်မတန်ကောင်းပါတယ်။ အရဟတ္တဓဇ သာသနာ့ တံခွန်ဟု ဆိုအပ်တဲ့ ရဟန်းတော်များရဲ့သင်္ကန်းကို ကြည့်ပါ။ အဝတ်၊ ပုဆိုး၊ အထည် တစ်ခုခုကို အကောင်းပကတိ အသုံးပြုကြတာ မဟုတ်ပါဘူး။ ထိုအဝတ်အထည်ကို ဓားနှင့် ခွဲဖြတ်၍ လယ်ကန်သင်းများ သဏ္ဍာန် အထပ်ထပ် ချုပ်၊ စပ်၊ ဖာထေးပြီး ဆေးဆိုး ထားကြရပါတယ်။

ဒါဟာ မြတ်စွာ ဘုရားသခင် ကိုယ်တော်တိုင် တစ်နေ့သောအခါ လယ်ကွက်များကို မြင်တော်မူ၍ ညီတော် အာနန္ဒာအား ရဟန်းများ ဝတ်ဆင် သုံးဆောင်ကြရန် အလို့ငှာ၊ လေးထောင့် လယ်ကန်သင်း၊ အလျားလိုက် လယ်ကန်သင်း၊ သုံးထောင့် လယ်ကန်သင်း ပုံသဏ္ဍာန်မျိုး ဖြစ်အောင် အစီအမံခိုင်း၍ အရှင်အာနန္ဒာက ပြုပြင် စီရင်ခြင်းကြောင့် ယခုလို သင်္ကန်းများ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ဗုဒ္ဓခေတ်က အနောက် မဇ္ဈိမ ဒေသမှာ မင်းစိုးရာဇာ သူဌေး သူကြွယ် ကုန်သည်ဆိုတဲ့ လူဦးရေထက် လယ်သမားတို့က အများစု ဖြစ်ပါတယ်။ ဒါကြောင့် အများစု နားလည်နိုင်တဲ့ လယ်မြေ စိုက်ပျိုးမှုနှင့် လက်တွေ့ ဥပမာ တင်စားပြီး မြတ်စွာဘုရားရှင်ဟာ များလှစွာသော တရားဒေသနာများ ဟောကြားတော်မူပါတယ်။ ထိုအထဲက တစ်ခုသော အကြောင်းအရာကို ထုတ်ပြရမယ်ဆိုလျှင် ကသိဘာရဒွါဇ လယ်သမား ပုဏ္ဏားကြီးကို ဟောတော်မူတဲ့ တရားပါပဲ။

တစ်နေ့တော့ ကသိဘာရဒွါဇ ပုဏ္ဏားကြီးက သူ့ အပေါင်းအသင်း လယ်သူကြီး လယ်သမားများကို နို့ထမင်းကျွေးပွဲကြီး လုပ်နေပါတယ်။ ဒီအခါ မြတ်စွာဘုရားက ပုဏ္ဏားကြီးထံ ဆွမ်းခံ ကြွလာတယ်။

"ဒီတော့ ပုဏ္ဏား ကြီးက "အရှင်ဂေါတမ၊ ထမင်းကောင်းကောင်းစားချင်လျှင် ကျုပ်တို့လို ကိုယ်တိုင် လယ်လုပ်ပါလား။ သူများထံမှာ အခုလို လိုက်တောင်းနေလို့တော့ ထမင်းကောင်းကောင်း ဘယ်ရမလဲ" လို့ပြစ်တင် ရှုတ်ချတဲ့ စကားကို ပြောတယ်။

ဒီတော့ မြတ်စွာဘုရားက "အချင်းဘာရဒွါဇ။ ငါလဲ မင်းတို့လို လယ်လုပ်ပါတယ်။ လယ်သမား အစစ်ပါ"လို့ မိန့်တော်မူပါတယ်။

"အရှင်ဂေါတမ။ အရှင်က လယ်လုပ်ပါတယ်။ ငါကိုယ်တိုင် လယ်သမား ဖြစ်ပါတယ်"ဟု ပြော၍သာ နေတယ်။ ထွန်းတုံးတို့၊ ထွန်သန်တို့၊ ကြိုးတို့၊ နွားတို့၊ မျိုးစေ့တို့၊ မျိုးပင်တို့ ရှိရမှာပေါ့၊ အခု အရှင့်မှာ ဒါမျိုးတွေ ဘာတစ်ခုမှ ရှိတာ မတွေ့ရပါလား"လို့ ဘာရဒွါဇက ဆိုတယ်။

ဒီတော့မှ မြတ်စွာဘုရားက "ငါ့မှာ သဒ္ဓါတည်းဟူသော မျိုးစေ့ရှိတယ်။ ကုသိုလ်ကို စောင့်စည်းမှုဆိုတဲ့ မိုးရွာသည့် မိုးရေရှိတယ်၊ ပညာဆိုတဲ့ ထွန်တုံး ရှိတယ်၊ ဟိရိတည်းဟူသော ထွန်သန်ရှိတယ်၊ သမာဓိဆိုတဲ့ ကြိုးရှိတယ်၊ ဝီရိယဆိုတဲ့ ဝန်ဆောင်နွားတွေရှိတယ် စသည် စသည်အားဖြင့် လယ်သမား ကိရိယာ ဥပမာများဖြင့် ဟောတော်မူပါတယ်။

ဒီတော့ လယ်သမားကြီးဟာ လယ်စကားတွေကြောင့် မြတ်စွာဘုရား ဆိုလိုတော်မူတဲ့ ဒေသနာကို ကောင်းကောင်းကြီး နားလည်ပြီး....

"အရှင်ဘုရားသည် နိဗ္ဗာန် တည်းဟူသော အသီးအနှံ မျိုးစေ့ရှိသည့် မေ့ လယ်ထွန်မှုကို ပြုတော်မူသော လယ်ထွန်ယောက်ျား လယ်သမားအစစ်ကြီး ဖြစ်တော်မူပါပေတယ်"လို့ နှုတ်မြွက် ပြောဆိုအကျွတ်တရားရပြီး ဘုရားသာဝက ဖြစ်သွားပါတယ်။ ဒါဟာ အတိုချုံး၍ပြောရခြင်းပါ။

ဒါကြောင့် လယ်သမားကြီးများနှင့် လယ်စကား၊ လယ် အသုံး အဆောင်တို့ဟာ တမင်္ဂလာ တဖိုလ်ရဖို့တောင်အကျိုးရှိနိုင်တာထင်ရှားပါတယ်။

နောက်တစ်ခု။ တစ်ခုသော ဝါဆိုလမှာ လယ်တွေကို လူတွေက ထွန်ပြီးတော့ ယက်ပြီးတော့ စိုက်ပြီးတော့ ပျိုးပင်တွေ ဖြစ်နေပြီ။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုတော့ အဲဒီအခါမှာ ဥတုရာသီ သာယာတော့ ရဟန်းတွေက သူ့ဆရာ ကိုယ့်ဆရာရှိတဲ့နေရာ သွားသွားပြီးတော့ ကန်တော့ကြတယ်။ နွေကျတော့ အင်မတန် ပူတယ်။ အိန္ဒိယမှာ

ကြည့်လေ။ အိန္ဒိယရဲ့ အခြေအနေပေါ့။မိုးဦးကျလေး ကျတော့ အုံ့မှိုင်း နေတော့ ခရီးသွားရတာ သက်သာတယ်။ အဲဒီတော့ ရဟန်းတွေဟာ ထွက်ထွက်သွားလိုက်ကြတာ။ ဟိုရွာကူး။ ဒီရွာကူး။ ကူးတော့ လူတွေ စိုက်ပျိုးထားတဲ့ ပျိုးစပါးတွေ တက်နင်းမိကြတာပေါ့။ အဲဒီ တက်နင်းမိ ကြတဲ့အခါမှာ အဲဒီ တောင်သူ လယ်သမားကြီးများက အချင်းချင်း ပြောကြတယ်။ ညည်းကြတယ်။

"ဘုရားသာဝက သံဃာတွေဟာကွယ်၊ တို့လယ်ထဲက ဖြတ်ဖြတ် သွားကြတာ ကြည့်စမ်းပါဦး၊ စပါးပင်ကလေးတွေ သေကုန်ပြီ"

အဲဒီလို ခဏခဏ ပြောကြ။ ညည်းကြ။ လူစု လူဝေးနဲ့ ပြောကြ တာ မြတ်စွာဘုရား ကြားတော်မူတော့ ချက်ချင်း သံဃာတော်တွေကို ပြောတော်မူဘယ်။

"ချစ်သားတို့၊ သူတို့ဟာ သူတို့၏ လုံ့လ ဝီရိယနဲ့ တိုင်းပြည်၏ ဝမ်းစာဖြစ်သော စပါးကောက်နှံတွေ စိုက်ပျိုးထားတာကို ချစ်သားတို့ ကြောင့် ပျက်စီးတယ်ဆိုရင် ဒီကနေ့က စ၍ ဝါဆိုဝါခေါင်၊ တော်သ လင်း၊ သီတင်းကျွတ် သုံးလပတ်လုံး ကိုယ့် ကျောင်းမှာသာ ကိုယ် နေ၍ ဝါဆိုကြရမယ်တဲ့။ ခရီး မသွားကြရဘူးတဲ့။

ဒါ တောင်သူ လယ်သမားတွေကို မြတ်စွာဘုရား ဘယ်လောက် အလေးထားတော်မူသလဲ။ ဗုဒ္ဓ ပရိယတ္တိရဲ့ အမြင်နော်။

နောက်တစ်ခု သုဒ္ဓေါဒနမင်းကြီး။ဟို မင်းအဆက်ဆက်က လယ် ယာကို အင်မတန် ဂရုပြုတော်မူကြတယ်။ လယ်ယာကို တောင်သူလယ် သမားတွေ လက်ထဲ ပစ်မထားဘဲနဲ့။ ဥပမာ မြေစားမြေပိုင် မြေရှင်လို့ သဘောမထားဘဲနဲ့။ အချိန်ကျလို့ လယ်ထွန်တော့မယ့် အချိန်ကျရင် ဘုရင်မင်းတရားကိုယ်တိုင် မင်္ဂလာအလို့ငှာ ဦးစွာ အကြီးအမှူးအဖြစ်နဲ့ တစ်နိုင်ငံလုံး တောင်သူလယ်သမားတွေကို အားကျအောင် ဂုဏ်ယူ လောက်အောင် သူ ကိုယ်တိုင် ဆင်း ထွန်ပြတယ်။

ကျွန်တော်တို့ ကြားဖူးပါတယ်။

"ရမထား ရွှေကြိမ်လုံးရယ်နဲ့
ထွန်တုံးကိုတဲ့ ခြေတော်တင်၊ နွားကြန်စုံနှင့်
ပျိုးခင်ကိုဝင်၊ ကောင်းကင်က ရွှေပိန်ညင်းရယ်....
မိုးခေါ်လို့ ဆင်း.......။"

ရှင်ဘုရင်ကိုယ်တိုင် ထွန်တယ်။ ဒါကြောင့် ထွန်တုံးပေါ်မှာ ခြေ တော်တင်တယ်လို့ တောင်သူလယ်သမား ဦးကြီးတွေကို ခြေတော်တင် တယ် ပြောလို့ မရဘူး။

ရမထာဆိုတဲ့ ကြိမ်လုံးကို ရွှေပိန်းချထားတယ်။ ဒါကြောင့်မို့လို့ တောင်သူ လယ်သမားတွေ ကိုယ်စား ဘုရင်မင်း တရားများ ကိုယ်တိုင် မင်္ဂလာရှိသော နွားလားဥသဘတွေ၊ကြန်စုံတွေနဲ့၊ အတီးအမှုတ် အက အခုန်တွေနဲ့ အဲဒီ နေရာမှာ ဘယ်မိဖုရားမှ နန်းတော်ထဲမှာ မနေခဲ့ရဘူး။ အင်မတန် ချစ်ပါတယ် ဆိုတဲ့ မိဖုရားလဲ သူ့ဟာသူ ဒီနေရာမှာ နေခဲ့လို့ မရဘူး၊ လိုက်ခဲ့ပဲ။ အဲဒါဟာ ရှေးက မင်းကောင်း မင်းမြတ်များ ကျင့်တဲ့ ကျင့်စဉ်ပဲ။ ဘာပြုလို့ ကျင့်သလဲ၊ သူကိုယ်တိုင် ရွှံ့ထဲ ညွန်ထဲမှာ ဆင်းပြီးတော့ ထွန်တုံးကို ခြေဘင်ပြီးတော့ ကြန်စုံ ဖြစ်တဲ့ နွားနှစ်ကောင်ကို မောင်းနှင်ပြီးတော့ ထွန်တစ်ပတ် ထွန်ပြလိုက်ခြင်း ဟာ တစ်ပြည်လုံးမှာ ရှိတဲ့ တောင်သူလယ်သမားတွေရဲ့အလုပ်ကိုဂုဏ်ပြုတာ ဖြစ်တယ်။ အဲဒါဟာ ဘယ်တုန်းက စသလဲ။ ဟိုမဟာသမ္မတ မင်းက စတယ်။ ဟော ဗုဒ္ဓဝင်ထဲမှာကြည့်၊ သုဒ္ဓေါဒနမင်းကြီး၊ သုဒ္ဓေါဒန မင်းကြီး သားတော်လေး ဖွားပြီးလို့ ခုနစ်လ မြောက်တဲ့ အခါမှာ မယ်တော် မဟာ မာယာ ဒေဝီက နတ်ပြည်စံတော် မူသွားပြီ။ မွေးမွေးချင်း ခုနစ်ရက် မြောက်သောအခါမှာ နတ်ပြည်စံတော့ မဟာ ပဇာပတိ ဂေါတမီဆိုတဲ့ နန္ဒမင်းသားရဲ့ မယ်တော်က မိထွေးတော် ဂေါတမီလို့ ခေါ်ကြတယ်ပေါ့။ အဲ သူက မိမိရဲ့ နို့ချို တိုက်ကျွေးတယ်။ မိမိရဲ့ သားအရင်းကိုတော့ သည့်ပြင် နို့ထိန်းတွေကိုအပ်တယ်။ ဘုရားလောင်း ကလေးကို အဲဒီလောက် ချစ်တယ်။ အဲသို ချစ်ရာကနေ ပြီးတော့ ခုနစ်လ ကြာသွားတဲ့ အခါမှာလယ်ထွန် မင်္ဂလာဆင်းရအောင်၊ လယ်ထွန်မင်္ဂလာ လုပ်ရအောင်ဆိုပြီးတော့ တိုင်းသူ ပြည်သားတွေကို အကုန်လုံးဝိုင်းပြီး တော့ ပွဲကြီးလမ်းကြီးနဲ့ ရတနာ ရွှေငွေ မြူတာအိုးတွေနဲ့၊ နွားတွေနဲ့၊ ရွှေဆည်းလည်း ငွေဆည်းလည်း ရွှေချူ ငွေချူတွေ ထွန်တုံးမှာလဲ ချည်၊ နွားမှာလဲချည်၊ နံ့သာတွေ၊ ပန်းတွေ ဘာတွေ ညာတွေ အကုန်လုံးနဲ့ အင်မတန် ချစ်မြတ်နိုးတဲ့ မိဖုရားတွေနဲ့တကွ ဟော ခုနစ်လ သားလေး ပါ မကျန်၊ မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထ မင်းသားလေး ခုနစ်လသားလေးပါ မကျန် လယ်ထွန် မင်္ဂလာပွဲကို ခေါ်လာရတယ်။

ဘယ့်လောက်များ အရေး ပေးသလဲလို့။ ဟိုတုန်းကလယ်သမား ကြီးတွေကို လယ်အလုပ်ကို ဘယ်လောက် အရေးပေးသလဲလို့....

ခေါ်လာပြီးတော့ အနားမှာရှိတဲ့ ဇမ္ဗုသပြေပင် အောက်မှာ တင်းတိမ် အခြံအရံလေးတွေ ကာရံပြီးတော့ ထားတယ်။ အဲဒီလိုထား

တဲ့ အချိန်ပေါ့။ ပွဲကြီး လမ်းကြီးတွေနဲ့ အကုန်လုံးက သာသာယာယာ ကကြ၊ ခုန်ကြ ဖြစ်တော့ အဲဒီ ကလေးလေးကို ထိန်းတဲ့ အထိန်းတော် အယတော်တွေကလဲ သူတို့က တင်းတိမ်ထဲက ထွက်ထွက်ပြီးတော့ ကြည့်ကြတယ်။ လယ်ထွန် မင်္ဂလာပြီးချိန်မှာ သုဒ္ဓေါဒန မင်းကြီးက သားတော်လေးကို ကြည့်လိုက်တဲ့အခါ ကျွန်တော်တို့ ဘုရားအလောင်းတော်သိဒ္ဓတ္ထ မင်းသားလေးဟာ ခုနစ်လ အရွယ်ထဲနဲ့ တင်ပျဉ်ခွေပြီးတော့ အာနာပါန ကမ္မဋ္ဌာန်း ရှုနေတယ်တဲ့။ အဲဒီတော့မှ သုဒ္ဓေါဒန မင်းကြီးက သြော်....ငါ့သားကို ဖွားခါစတုန်းက ကာဠဒေဝိလ ရသေ့ကြီးခေါင်းပေါ်မှာ ခြေစုံရပ်လိုက်တဲ့အခါကတစ်ကြိမ် ငါ အင်မတန်ကြည်ညိုလွန်းလို့ အင်မတန် ချစ်မြတ်နိုးလွန်းလို့ ရှိခိုးရတယ်။

အခု လယ်ထွန်မင်္ဂလာ လာတဲ့အခါမှာ ဇမ္ဗုသပြေပင်ဝန်းမှာ နေဝန်းက မလွဲဘဲနဲ့ မင်းတဲထဲမှာ အာနာပါန ကမ္မဋ္ဌာန်း ထိုင်နေတာ တွေ့ရတော့ အင်မတန် ကျက်သရေ ရှိလွန်းလို့၊ အင်မတန် ဗုဒ္ဓ ရုပ်ပွားတော်လေး တစ်ဆူနဲ့ တူလွန်းလို့ ရှိခိုး ရတယ်။ အဲဒါ ဒုတိယရှိခိုးခြင်း။ ဒါ့ကြောင့် ကျွန်တော်တို့တစ်တွေဟာ လယ်နဲ့ ပတ်သက်၍ ကျွန်တော်တို့ ရှင်ဘုရင်တွေ ကိုယ်တိုင် (ကုန်ကုန်ပြောရရင်) ဗုဒ္ဓကိုယ်တိုင် နေရာပေး ဦးစားပေး အမွန်အမြတ် ပြုကြပါတယ်။

နောက်တစ်ခု မြတ်စွာဘုရားက ပညတ်တော်မူတယ်။ 'ချစ်သားရဟန်းတို့။ မင်းတို့တစ်တွေဟာ ဆွမ်းခံတဲ့အခါမှာ ကြွသွားတဲ့အခါမှာ ဆွမ်းလောင်းလာမယ်လို့ ဒါယကာ–ဒါယိကာမတစ်ဦးဦးက မင့်အနား ကပ်လိုက်တာနဲ့ သပိတ်ဖုံးလေးကို ဖွင့်ပြီးတော့ မျက်နှာကို မကြည့်ပါနဲ့။ မင်းကို လောင်းလိုက်မယ့် ဆွမ်းကိုသာ အလေးထား ကြည့်ပါ၊ သူတို့ မျက်နှာက အဓိက မဟုတ်ပါဘူးတဲ့။ သူတို့ လောင်းလိုက်တဲ့ဆွမ်း ကလေးကို မင်းက ရိုရိုသေသေ လေးလေးစားစား မျက်နှာထားလေးနဲ့သာ ခံယူပါတဲ့။

ဆန်ကြီး ငစိန်ဆန်ကြီးဗျာ၊ ဒီလို မလုပ်ရဘူးတဲ့။ ဘယ်ဆန်ကိုပဲ လောင်းလောင်း၊ အပျော့လောင်းလောင်း၊ အမာလောင်းလောင်း၊ အပူလောင်းလောင်း၊ အအေးလောင်းလောင်း၊ ပြောင်းဆန်လောင်း လောင်း၊ ကောက်ကြီးဆန်ပဲ လောင်းလောင်း၊ ဘယ်ဆန်ကိုပဲ လောင်း လောင်း ဒီဆန်စပါးဟာ သူတို့မှာ အင်မတန် အပင်ပန်းခံပြီးတော့ မိုးနဲ့ လေနဲ့ နေနဲ့၊ မိုးရွာရင် တကုန်းကုန်း၊ နေပူရင် တကုန်းကုန်း ကျုံးပြီးတော့ လုပ်ရရှာတဲ့ လူတွေရဲ့ လက်ဖြစ်ကလေးတွေမို့လို့ မင်းတို့ဟာ ဒကာ ဒကာမတွေရဲ့ သဒ္ဓါပသန္နကို လေးစားသောအားဖြင့် သူတို့

လောင်းတဲ့ ဆွမ်းကလေးကို ကြည်ကြည်ဖြူဖြူ ကျေကျေနပ်နပ်ကလေး၊ လက်ခံပါတဲ့။ နောက်တစ်ခု ကျောင်းရောက်ပြန်တော့ကော၊ စားပြန်တော့ကော ပရမ်းပတာ မစားပါနဲ့၊ ပျက်ခနဲ ပျက်ခနဲ နေအောင် မစားပါနဲ့။ ဟိုလွှင့်ပစ်လိုက်၊ သည်လွှင့်ပစ်လိုက် မစားပါနဲ့။ ဒါကြောင့် ဆွမ်းကို စားတဲ့အခါတောင်မှပဲ ဖွာရရာ မကြဲအောင် ကိုယ့်လက်ထဲမှာ အလုတ်ကလေး ဖြစ်အောင် လုပ်ပါဦးတဲ့။သူ ပြောတဲ့ သဏ္ဍာန်ကတော့ ဒေါင်းဥသဏ္ဍာန်လေး၊ ကြက်ဥသဏ္ဍာန်လေး ဖြစ်အောင် အဲဒါလေး ထမင်းလုတ်ကလေး လုပ်ပါဦး၊ လုပ်ပြီးတော့မှ အဲဒီ ထမင်းလုတ်လေးကိုမှ မင်းဟာ မျိုချပါတဲ့။ ပစ်စလက်ခတ် မစားပါနဲ့။ ဆွမ်းစားပြီးလို့ ဆွမ်းကျန် ဟင်းကျန်ကိုလဲ့ တရစပ် မကြဲလိုက်ပါနဲ့။ အဟောသိကံ မဖြစ်ပါစေနဲ့၊ ရေမှာနီးလို့ရှိရင်ဖြင့် ရေမှာပျော်တဲ့ သတ္တဝါတွေ၊ ကုန်းမှာ နီးလို့ ရှိရင်ဖြင့် ကုန်းမှာပျော်တဲ့ ခြ ပုရွက်ကစ စားရအောင် ခွေးကစ စားရအောင် သေသေသပ်သပ်ကလေး ထားပါတဲ့။ အဲဒါဟာ မြတ်စွာဘုရားကိုယ်တိုင် လယ်နှင့်တကွ ဆန်စပါးကို ဘယ်လောက် အလေးထားသလဲဆိုတာ သိရခြင်း ဖြစ်ပါတယ်။ဒီတော့ နောက်ဆုံးအနေနဲ့ ကျွန်တော် အစီရင်ခံချင်တာက ကမ္ဘာလောကကြီး စတင်ကတည်းက အာဒိကပ္ပ ကမ္ဘာအစ ဗုဒ္ဓဘာသာ ကျမ်းဂန်များအရ ဆိုရင်ဖြင့် ဗြဟ္မာကြီး ဧလေးယောက် ဆင်းကြတယ်။ ဒါ လူတိုင်း သိကြတယ်။

အဲဒီ ဗြဟ္မာကြီး လေးယောက်ရဲ့ အာဟာရဟာ ဘာလဲ၊ အဲဒီ မဟာပထဝီမှာ အလိုလျောက်ကံကြောင့် ဖြစ်နေတဲ့ သလေးစပါးတွေ။ စပါး ဘယ့်လောက် အရေးကြီးသလဲ။ ကမ္ဘာစဘည်ကတည်းက စပါးက စ,တယ်။အဲဒီ သလေး စပါးတွေက စ,ပြီးတော့မှ ကျွန်တော်တို့တစ်ခွေရဲ့ အာဟာရ ဖြစ်ကြတယ်။

ဒါကြောင့် လောကဥပမာအားဖြင့် အင်မတန် အဖိုးထိုက်တန်ပါပေဘယ်ဆိုတဲ့ မြေထွက်ပစ္စည်း သတ္တုရတနာတွေ စိန်တွေ၊ ကျောက်တွေ၊ ရွှေတွေ၊ ရေနံတွေ ဘယ်လောက်ပဲများများ ဟိုကမ္ဘာကစတဲ့ စပါး။ စပါး...စပါးဆိုဘဲ့ အာဟာရဟာဖြင့် လူတွေအတွက် ကြီးပွားမှုရပ်ကို စောင့်ရှောက်တဲ့ နေရာမှာတော့ ဘယ်အာဟာရနဲ့မှ မတူအောင် ဗီဘာမင် အေကစပြီး အေ ဘီ စီ ဒီ အီး အိပ်ချ်အိုင်အထိများ ရောက်နေမသား မသိဘူး။ ဒါကြောင့်မို့လို့ မြတ်စွာဘုရား ဆွမ်းကပ်တဲ့ အခါမှာ ဆုမတောင်းရပါဘူးတဲ့။ဆွမ်းလေးချက်ပြီး ကပ်တဲ့အခါမှာ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန အကျိုး ငါးပါး ရပါတယ်တဲ့။

အာယု အသက်ရှည်ခြင်း၊ ဝဏ္ဏ–သွေးသား လှည့်ပတ်၍ အဆင်းအရောင်လှခြင်း၊ သုခ–ဒီကနေ့တော့ဖြင့် ဆွမ်းကိစ္စ မပူရ မပင်ရတော့ဘူးဆိုတဲ့ သံဃာတော်တွေမှာ ချမ်းသာခြင်း၊အဲဒီ ဆွမ်းကလေး စားပြီး ဗလအင်အားနဲ့ ပရိယတ္တိ စာသင်လို့ ရှိရင်ဖြင့် တတ်မယ်။ အားအင်ဗလကောင်းသွားမယ်။ ဝိပဿနာ လုပ်လို့ ရှိရင်လဲ ဝိပဿနာဉာဏ် ပေါက်မယ်။

အဲဒီလို ဉာဏ်ပေါက်နိုင်တဲ့ အကြောင်းက ပညာအထိ ရောက်တယ်။ ဒါကြောင့် ဆွမ်းလှူတဲ့အကျိုး ငါးပါးဟာ ဘယ်ဝတ္ထု လှူတာနဲ့မှ မတူဘူး။ မြတ်စွာဘုရား ဦးစားပေးခဲ့တဲ့ လယ်ယာမှ ထွက်တဲ့ ကောက်စပါး သီးနှံဟာ ဗုဒ္ဓဝင်မှာ အမွန်မြတ်ဆုံး ဖြစ်နေပါတယ်။

ရှေးတုန်းက ပုံပြင်လေးပေါ့။ ဗုဒ္ဓဘာသာ ပုံပြင်တော့ မဟုတ်ပါဘူး။ အင်္ဂလိပ်လို ပုံပြင်လေးပါ။ ရွှေ၊ရွှေ – ရွှေအလွန် တပ်မက်တဲ့ ဘုရင်ကြီး တစ်ပါးဟာ တစ်နေ့တော့ ရွှေ အင်မတန် လိုချင်လွန်းလို့ အင်မတန် တောင့်တလွန်းတော့ နတ်တစ်ပါးက ဆင်းလာပြီး 'ကဲ.... အသင်မင်းကြီး၊ ဘာလိုချင်သလဲ ပြောစမ်း''

''ကျုပ် ရွှေကို လိုချင်တယ်။ ကျုပ်လက်နဲ့ ထိသမျှ ရွှေဖြစ်သွားရင် ကျေနပ်ပြီဗျာ'' လောဘများ

''ကောင်းပြီ၊ ဒါဖြင့်....သင်မင်းကြီး၊ဒီကနေ့က စ,ပြီးသင့်လက်နဲ့ ထိသမျှ ရွှေဖြစ်စေ''ပျောက်သွားပြီ။ ဘိုင်စကုတ်လို ပြောရရင် ဖိတ်အောက် ဖြစ်သွားပြီ။ ဖြစ်သွားတော့ မင်းကြီး ဝမ်းသာနေတယ်။ဝမ်းသာနေရာက နေပြီးတော့ တစ်ခါတည်း ငါ နန်းတော်ထဲမှာ အိပ်တော့မယ်ဆိုပြီးတော့ ခြင်ထောင် မ,လိုက်တော့ခြင်ထောင်ကြီး ရွှေဖြစ်သွားတယ်။ ခေါင်းအုံးဆွဲကြည့်တယ်။ ရွှေခေါင်းအုံးကြီး ဖြစ်သွားတယ်။


''ဟယ်....ဟန်ကျလိုက်တာ၊ နက်ဖြန်ကျတော့ သမီးတော်လေးက လာနှိုးတယ်။ ဖခမည်းတော် မျက်နှာသစ် ရေဆက်ဖို့ လာနှိုးတယ်။ သမီးတော်လေး လက်ကို ကိုင်လိုက်တယ်။ သမီးတော်လေးဟာ ရွှေမင်းသမီးရုပ်ကလေးဖြစ်သွားတယ်။ အသက်ပျောက်သွားတယ်။ နောက်ဆုံး ကျတော့သူဟာပရိဒေဝ ဖြစ်ရတယ်။

''ဟာ....ငါ့သမီးလေးတော့ ဒုက္ခပါပဲ။ ရွှေရုပ်ကြီးဖြစ်သွား ပါပေါ့လား။ အဲဒီ အချိန်မှာ စားတော်ကဲ လာပြီးတော့ ဘရိတ်ဖတ်(စ်) လာဆက်တာပေါ့။ ကျွန်တော်တို့ အင်္ဂလိပ် ပုံပြင်ကိုး၊ မြန်မာပုံပြင် မဟုတ်ဘူး။ အဲဒီတော့ ဘရိတ်ဖတ်(စ်)စားမယ်လုပ်ရော၊ အဲဒီ ဘရိတ်ဖတ်(စ်)လဲ ကိုင်လဲကိုင်မိရော အကုန်လုံး ရွှေဖြစ်သွားရော။ နွားနို့

ကလဲ ရွှေရည်တွေဖြစ်၊ ကြက်ဥဘို့ ဘာတို့ကလဲ ရွှေတွေဖြစ်၊ မစားနိုင်တော့ဘူး။

“အဲဒါနဲ့ တဖြည်းဖြည်း.... တဖြည်းဖြည်းနဲ့ ငါ မှားပါလား၊ ရွှေသာအမြဲတမ်း လိုချင်တာဟာ ကမ္ဘာလောကတန်ဆာအာဟာရ ဖြစ်တဲ့ အစာရေစာ ပြတ်ပါပေါ့လားလို့ နောင်တရပြီးတော့နတ်သိကြားကို မြန်မြန် ပင့်ပြီး ခင်ဗျားဆု ခင်ဗျား ပြန်ယူတော်မူပါလို့ မနည်းတောင်းပန်ရသတဲ့။ ဒါကြောင့် ကျွန်တော်တို့ တစ်တွေဟာရွှေ .. ရွှေ ရွှေလဲ မက်ပါသည်။ ရေနံ .. ရေနံ ရေနံလဲ မက်ပါသည်။ ကျောက်သံပတ္တမြားလဲ မက်ပါသည်။ ပုလဲလုံးတွေကိုလဲ မက်ပါသည်။ အဲသည်လိုမက်တဲ့ ရတနာတွေထဲက ဆန်စပါးဆိုတဲ့ ရတနာကိုတော့ အမက်ဆုံးဖြစ်ပါသည်။ အဲဒီ ဆန်စပါး ရတနာကိုပဲ ကျွန်တော်တို့ အများဆုံးရအောင် ကြိုးစားကြပါစို့လို့ ပြောရင်း နိဂုံးချုပ်လိုက်ပါတယ်”

* * *



## ဓမ္မဒါန

(၅-၈-၈၃)နေ့က အမျိုးသမီးတစ်ဦး ကျွန်တော့်ထံ ရောက်လာသည်။ သူကား ပြည်သူနှင့် တိုက်ရိုက် ထိတွေ့ရသော ဌာနတစ်ခုမှ ခေတ်ပညာတတ် အမျိုးသမီး အရာရှိ တစ်ဦးတည်း။

“ဆရာ့စာတွေကို ကျွန်မ အမြဲ ဖတ်နေပါတယ်။ဆရာလှူတဲ့ အစိန္တေယျကြီး ဘုရားရှိခိုးကိုလည်း ကျွန်မ ဆယ်နှစ်လောက် ကတည်းက အလှူခံပြီး ကျက်ထားတာ အလွတ် အာဂုံ ရပါတယ်။ ဆရာရဲ့ဓမ္မဒါနကို အားကျပြီး ကျွန်မ ကိုယ်တိုင်ကလဲ မေ့မစကြာသုတ် ပါဠိတော်နဲ့ ခံရဏသုတ် ပရိတ်တော်ကို၁၉၇၄ခုနှစ်က စပြီး လှူဒါန်းခဲ့ပါတယ်”

ကျွန်တော်က သူ့အား အနုမောဒနာ စကားပြောကြား၍သာဓု သုံးကြိမ် ခေါ်လိုက်ရပါသည်။

“ကျွန်မ အခု လာတဲ့ ကိစ္စက ဆရာ့ဆီက အစိန္တေယျကြီး ဘုရားရှိခိုး စာအုပ် အလှူခံရအောင် လာခဲ့တာပါ”

“ဟုတ်ကဲ့....ရပါတယ်”

''အုပ်(၂၀)လောက်များရမလားဆရာ''ဟုပြောပြီး ကျွန်တော်၏ မျက်နှာကို အားတုံ့အားနာ ကြည့်လျက်....

''အကြောင်းက ဒီလိုပါဆရာ''ဟု ခပ်မြန်မြန် စကားကို ဆက်၍ ပြောသည်။

''မော်လမြိုင်ဆရာဖြစ်သင် ကောလိပ်မှာ ကျွန်မနဲ့ အခင်ဆုံး သူငယ်ချင်း ဆရာမကြီး တစ်ဦး ရှိပါတယ်။ မန္တလေး ဆရာဖြစ်သင် ကောလိပ်မှာတော့ ကျွန်မ ညီမ ဆရာမ တစ်ဦး ရှိပါတယ်။ အဲဒီ 'နှစ်ကျောင်း'စလုံးမှာ ပရိတ်အဖွဲ့ ဝတ်အသင်း ရှိတယ်၊ ပရိတ်ကြီးကိုလဲ ရွတ်ပါတယ်။ ဓမ္မစကြာသုတ်ကိုလဲ ရွတ်ပါတယ်။ ပဏာမ ဘုရား ရှိခိုးကတော့ ဆရာ ဓမ္မဒါန လုပ်တဲ့ အစိန္တေယျကြီးပါပဲတဲ့။ အဲဒီမှာ စာအုပ်အရေအတွက်က နည်းလို့ စာတစ်အုပ်ကို လေးငါးယောက် ခေါင်းချင်းဆိုင်ပြီး ဖတ်ရလို့ အခက်အခဲကလေး နည်းနည်းရှိနေတာမို့ ဆရာ့ထံမှ ရလိုရငြား စာအုပ်အလှူခံပေးဖို့ အကြောင်း ပြောလာကြပါတယ်''

သူ့စကားကို ကြားရ၍ ကျွန်တော် ဝမ်းသာရပါသည်။ ဘုရားရှိခိုးစာအုပ်ကို လှူသည် ဆိုကဘည်းက အလေးအမြတ် ရွတ်ဖတ် ကြည်ညိုကြစေလို၍ ဖြစ်ပါသည်။ ကျွန်တော် ကိုယ်တိုင် ကြည်ညို၍ အလေးအမြတ်ပြု၍ တန်ဖိုး ထားသည်ဖြစ်၍ လှူဒါန်းခြင်းဖြစ်ရာ စာအုပ်ကို လှူသည်ဆို၍ လွယ်လွယ် ကူကူ 'ပေါ့တိ ပေါ့ဆ' 'အလကား'ရ၍ ရချင်သူများထက် ရွတ်ချင်၊ ဖတ်ချင်၊ ကျက်ချင်၊ ကြည်ညိုချင်သူများ၏ လက်သို့သာ ရောက်စေလိုသော ဆန္ဒကြောင့် ရွှေပေလွှာ ဝေသလို၊ ဆေးကြော်ငြာ ကမ်းသလို ပရမ်းပတာ မဖြစ်စေခဲ့ပါ။ ထို့ကြောင့် တကူးတက အိမ်တိုင်ရာရောက် လာ၍ အလှူ ခံသူများကို ကျေးဇူးတင်ကာ လေးစားစွာဖြင့် စာအိတ်ကလေးနှင့် ထည့်၍ မွန်မွန် မြတ်မြတ် လှူလေ့ ရှိပါသည်။

စာတိုက်မှ တကန့်တက စာရေး၍ အလှူခံသော အမှာစာများကို ကျွန်တော် ကိုယ်တိုင် တစ်စောင်ချင်း ဖတ်ရမှ ကျေနပ်သည်။ သူတို့၏ ဓတောင့်တသော ဆန္ဒအလိုက် ကျွန်တော်က စာဖတ်တိုင်း ဝမ်းသာရသည်။ အလှူ ခံသူများထံသို့ ကျွန်တော် ကိုယ်တိုင်ပင် လိပ်စာရေး၍ စာတိုက်တံဆိပ်ခေါင်း ကပ်ပေးရသည်မှာ ကျွန်တော်၏ ကြည်နူးမှု အရသာ ဖြစ်ပါသည်။

''အေးဗျာ ဒေါ်စုစု၊ ကျွန်တော် စာအုပ်များများ လှူလိုက်ချင်ပါတယ်။ အခု သတ္တမနှိပ်ခြင်း အုပ်ရေ သုံးထောင်ရိုက်တာ ကုန်နေပြီ

ဖြစ်လို့ ဆယ်အုပ်လောက်တော့ ရနိုင်ပါသေးရဲ့။ နောက်ထပ် အဌမ နှိပ်ခြင်း ရိုက်ဖို့ စီစဉ် နေပါပြီ။ အဲဒီ စာအုပ်ပြီးလျှင် ပြီးချင်း သတင်းစာမှာ ထုံးစံအတိုင်း ကြော်ငြာလိုက်မှာပါ။ အဲဒီတော့ ကျွန်တော့်ထံ စာရေးလိုက်ပါ''

''ဟုတ်ကဲ့ ဆရာ၊ ဆယ်အုပ်ရရင်လဲ တစ်ကျောင်းကို ငါးအုပ်စီ ခွဲပို့လိုက်ရမှာပေါ့''

ကျွန်တော်က စာအုပ် ဆယ်အုပ်ကို သဒ္ဒါဒေယျဖြင့် လှူလိုက်သည်။ သူ တရိုတသေ လက်ခံသည်။

''ဒါထက် ဆရာ အခု ရိုက်လှူခဲ့တာ (၇)ကြိမ်တောင် ရှိပြီနော်''

''ဟုတ်ကဲ့၊ ၁၉၆၄ ခုနှစ်က နှစ်ကြိမ်၊ ၁၉၆၆ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၇၃ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၇၉ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၁ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၈၂ ခုနှစ်မှာ တစ်ကြိမ် စုစုပေါင်း (၇)ကြိမ် အုပ်ရေအားဖြင့် နှစ်သောင်း ရှိပါပြီ''

ဒေါ်စုစုက ဘုရားရှိခိုး စာအုပ်ကို ကိုင်ကြည့်ရင်း....

''ဆရာ လှူခဲ့တာ အနှစ် နှစ်ဆယ်တောင် ရှိတော့မယ်နော်''

''ဟုတ်ကဲ့၊ အဌမနှိပ်ခြင်း ရိုက်ပြီးလောက်တဲ့ အချိန်ကျရင် အနှစ် နှစ်ဆယ် ပြည့်တော့မှာပေါ့''

ဒေါ်စုစုက တစ်ခုခုကို သိလိုသကဲ့သို့ ကျွန်တော့် မျက်နှာကို စူးစူး စမ်းစမ်း ကြည့်နေသည်။ သို့သော် သူက စကား မဆက်သေး။ ကျွန်တော်ကလည်း တိတ်ဆိတ်နေသဖြင့် စိုစိုပြည်ပြည်တော့ မရှိလှ။ နောက်မှ သူက စကား စ,သည်။

''ကျွန်မကို ဘယ်လိုမှတော့ သဘောမထားပါနဲ့ဆရာ၊ ဒီစာအုပ်နဲ့ ပတ်သက်ပြီး....''ဒေါ်စုစုက သူ့စကားကို မဆက်ဘဲ ဆိုင်းငံ့ထား လိုက်သည်။။

''ဟုတ်ကဲ့'' ဟု ကျွန်တော်က ထောက်ပေးလိုက်ရသည်။

''ဒီစာအုပ်နဲ့ ပတ်သက်ပြီး သိချင်တာလေးတွေ ရှိလို့ပါ၊ စပ်စုတယ်လို့လဲ မထင်ပါနဲ့ ဆရာ''

''ဩော်....မေးပါ....မေးပါ''

ကျွန်တော်က ဖော်ရွေသမှုနှင့် လမ်းခင်းပေးလိုက်သည်။ သည်တော့မှ ရင်းနှီး ရဲဝံ့လာသလို ကုလားထိုင်ကို ရှေ့သို့ အနည်းငယ်တိုး လိုက်ရင်း....

''ဆရာ ဒီ ဘုရားရှိခိုး စာအုပ်ကို အနှစ် နှစ်ဆယ်လုံးလုံး တစ်ကြိမ်ပြီး တစ်ကြိမ် ရိုက်ရိုက် လှူနေတာ ဘယ်လို အဓိဋ္ဌာန် ရှိပါသလဲ။

လက်တွေ့ အကျိုးခံစားရမှုများ ဘယ်လို ရပါသလဲ။ အဲဒါလေးတွေများ ဆရာ့ဆီက သိခွင့် ရရင် သိချင်လို့ပါ။ သိထိုက်တာ ရှိရင်လဲ သိပါရစေ''

ကျွန်တော်က မည်သို့မျှ မဖြေဘဲ ပြုံးရုံသာ ပြုံးနေသဖြင့် သူ့မှာ မနေတတ် မထိုင်တတ် ရှိသွားဟန် တူသည်။

''ကျွန်မကို ခွင့်လွှတ်ပါနော် ဆရာ၊ ဆရာ့ဆီက နည်းယူ စရာများ ရမလားလို့ပါ။ သက်သက် စပ်စုတာ မဟုတ်ပါဘူး''

''ဒေါ်စုစု ပြောတဲ့ အကျိုးခံစားမှုဆိုတာ ဘာတွေများလဲလို့ ကျွန်တော် စဉ်းစားနေတာပါ''

''ဒီလိုပါ ဆရာ၊ 'ဂုဏ်တော် ပုတီးစိပ်နည်း'စာအုပ်ကို ရိုက်လှူတဲ့ လူလဲ ရှိပါတယ်။ ရောင်းတဲ့လူလဲ ရှိပါတယ်။ အဲဒီ စာအုပ်တွေထဲမှာ အဓိဋ္ဌာန်နဲ့ ဘယ်နှစ်ထောင် စိပ်ရင် ဘယ်လို အကျိုးတရားတွေ ရလာလိမ့်မယ်။ ဘယ်နှစ်နှစ် စိပ်ရင် ဘယ်လို ပုဂ္ဂိုလ်က 'ကိုယ်ထင်ပြ' လာပြီး ပညာပေး အပ်တယ်။ ဘယ်လို တန်ခိုး ဣဒ္ဓိတွေ အပ်သွားတယ်။ စီးပွားရေးမှာ ဘယ်လောက် ပြေလည် အောင်မြင်တယ် ဆိုတာကို ညွှန်းပြီးတော့ တိုက်တွန်း အားပေး ရေးသားတာ တွေ့ဖူးပါတယ်။ တချို့ ဂါထာ စာအုပ်ကလေးတွေ ရိုက်နှိပ် ဝေငှရာမှာလဲ ရက်ပေါင်း(၁၀၈)ရက် သက်သတ်လွတ် စားပြီး တစ်နေ့လျှင် ဤဂါထာကို (၁၀၈)ကြိမ် ရွတ်ဖတ် သရဇ္ဈာယ်ပါက လက်တွေ့ ဘယ်လို အကျိုးထူးတွေ ခံစားရပါလိမ့်မယ်လို့ တိုက်တွန်းထားတာတွေလဲ ဖတ်ဖူးရပါတယ်။ အဲဒီတော့ ဆရာ့မှာလဲ ကိုယ်တွေ့ ခံစားရချက် အကျိုးများ ဘယ်လိုရှိသလဲ၊ ဘယ်လို အဓိဋ္ဌာန်ပြုသလဲ၊ အဲဒါလေးတွေများ သိခွင့် ရှိရင် ကျွန်မ သိပါရစေ''

သူ့စကားကို နားထောင်ရင်း ကျွန်တော့် သူငယ်ချင်း ရုပ်ရှင်မျက်မှန် မောင်အောင်သိန်းက 'ပြောလာသည့် အကြောင်းတစ်ခုကို စဉ်းစားမိသည်။ သူက တစ်နေ့တွင် ပြောသည်။

''ကျွန်တော့်ဆီက ကိုခင်မောင်ကြီးက ကိုသုခဟာ ဗေဒင်ပညာမှာ အလွန် တော်လိမ့်မယ်လို့ ကျွန်တော့်ကို လာပြောတယ်။ ကျွန်တော်က ဘာဖြစ်လို့ ပြောတာလဲလို့ မေးကြည့်တော့ ဒီနှစ် ကိုသုခရဲ့ အာယုစန်းက ပြတ်နေတယ်။ သေကိန်း ရှိတယ်။ အဲဒီအခါမှာ သူက ဘုရားရှိခိုး စာအုပ်တွေ ရိုက်လှူတယ်။ ဒါဟာ အင်မတန် ကောင်းတဲ့ ဗုံးခွ ယတြာပေါ့။ ဒါကြောင့် ဒီသေတွင်းက သူ လွတ်လာတယ်'' လို့ ချီးကျူးကြောင်း၊ ကျွန်တော့်ကို မောင်အောင်သိန်းက ပြောပါသည်။

ဦးခင်မောင်ကြီး ဆိုသူမှာ သူ့ မဂ္ဂဇင်းတိုက်တွင် ကြော်ငြာ တာဝန်ခံ လုပ်နေသော (လူပြန်တော် ပညာရှိ) ဖြစ်ပါသည်။

"ငါ့ဟာငါ သဒ္ဒါ ပို့ လှူတာပါကွာ။ အာယုစန်းဆိုတာလဲ မသိပါဘူး။ ယတြာဆိုတာလဲ မဟုတ်ပါဘူး"ဟု ရှင်းပြလိုက်ရသည်။ သူ ပြောတုန်းက ၁၉၆၄ ခုနှစ်တွင် ဖြစ်ရာ ၁၉၆၈ ခုနှစ်လောက်တွင် ဗေဒင် ဆရာ ဦးခင်မောင်ကြီး ကွယ်လွန်သွားရှာသည်။

နောက်အကြောင်းအရာတစ်ခုကရယ်စရာတော့အကောင်းသား။ "ရွှေချည်ငွေချည်တန်းပါလို့"ဇာတ်ကား ဒါရိုက်တာဆုကို လက်ခံရပြီး မြန်မာ့အသံ အဆောက်အအုံမှ ထွက်လာရာ အထက်လမ်းပညာကိုလိုက် စားနေသော လူကြီးပိုင်း သရုပ်ဆောင် တစ်ဦးက ကျွန်တော့်ကို(ကွန် ဂရက်ကျူလေးရှင်း) လုပ်လိုက်သည်။ "ဆရာ ဘုရားရှိခိုး စာအုပ် ခြောက်ကြိမ်ရိုက်ပြီးလှူလိုက်တာ အကယ်ဒမီ ခြောက်ခု ရှိသွားပြီ။ ဆရာ့ ရဲ့ ဓာတ်ရိုက်ဓာတ်ဆင်ပညာကို သင်ယူပါရစေ"တဲ့။ သူပြောသလိုသာ ဖြင့် ယခု ဘုရားရှိခိုးစာအုပ် ခုနစ်ကြိမ် ရိုက်ပြီးပြီ။ ဘယ်မလဲ နောက် တစ်ဆု။

ကျွန်တော်က နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်မိသည်။ ဒေါ်စုစုမှာ နည်းနည်းတော့ ကသိကအောက် ဖြစ်သွားပုံရသည်။ ထို့ကြောင့် ကျွန် တော်က တောင်းပန် လိုက်ရပါသည်။

"ဩော်....ဩော်၊ ကျွန်တော်က ဒေါ်စုစုစကားကို ရယ်သွမ်း သွေးလိုက်တယ် မထင်ပါနဲ့ဗျာ။အခုမေးခွန်းမျိုးနဲ့အလားတူ ကျွန်တော့် သူငယ်ချင်းတစ်ယောက် မေးလို့ ကျွန်တော်က တိုတိုတုတ်တုတ် ဖြေလိုက် မိတာနဲ့ စိတ်ဆိုးသွားတာကို သတိရလိုက်မိလို့ပါ။ ကျွန်တော့် သူငယ် ချင်းက ကျွန်တော့်ကို မေးတယ်၊ 'မင်း ဘာပြုလို့ ဘုရားရှိခိုးစာအုပ် ကို ခဏ ခဏ ရိုက်လှူနေတာလဲ'တဲ့၊ ကျွန်တော်က 'လှူချင်လို့'ဟု ပြော လိုက်တာနဲ့ သူ့ကို ခွပြောတယ်လို့ ဒေါ်ကန်ဓာပေါ့" ကျွန်တော်က စကားအဆုံးမှာ ရယ်လိုက်သည်။ ဒေါ်စုံစုံကပါ ပြုံးဖော် ရလာလေ သည်။

"ကျွန်မ။ ဆရာဆိုလိုတာကို သဘောပေါက်ပါပြီ။ တစ်ခါတလေ အမှန်ဆုံးကို ပြောတာဘာ ဘုကျတယ်၊ ခွပြောတယ်လို့ ထင်တတ်ကြ တာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်ကတော့ အမှန်ဆုံး ပြောလိုက်တာ ပါ။ လူချင်းကလဲ ဆဲမနာ ဆိုမနာ ငယ်သူငယ်ချင်းပေကိုး"

"ဒီ ဘုရားရှိခိုးကို ဆရာ ငယ်ငယ်ကတည်းက ရခဲ့တာလား"

"ဟုတ်ပါတယ်၊ ဒုတိယကမ္ဘာစစ်အတွင်းက လက်ရေးမူနဲ့ကော်ပီ စာအုပ် တစ်အုပ်ထဲမှာ တွေ့ရတာပါ၊ ကျွန်တော် တွေ့ရှိသမျှ ဘုရားရှိခိုး စာသား အများအပြားထဲမှာ ဗုဒ္ဓဂုဏ်တော် အပြည့်စုံဆုံးလို့ ထင်ပါ တယ်၊ နောက်ပြီးတော့ စာသား ၁၁ ပိုဒ် လုံးလုံးဟာ အဆင့်အတန်း အလွန်မြင့်တဲ့ ပိဋကတ် ပရိယတ်များသာ ဖြစ်ပါတယ်။ ကုန်ကုန်ပြောရ ရင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကိုယ်တိုင် အရကျက်၍ ဘုရားရှိခိုးလိုပါသဖြင့် သူ့ထံ နိဗ္ဗုတိ ဓမ္မလက်ဆောင်ပြု ပါလို့ အလှူခံတော်မူတာကိုသာ ချင့်ကြည့်ပါတော့ဗျာ...."

"အဲ .. အဲ၊ ဆရာ့ ဘုရားရှိခိုး စာအုပ်ထဲမှာ ဆရာတော်ရဲ့အမှာ စာကို ဂုဏ်ယူပြီးတောင် ဖော်ပြထားတာပဲ"

"ဟုတ်ကဲ့....မူလ ရေးသားတော်မူခဲ့တဲ့ ကျီးသဲလေးထပ် ဆရာ တော် ဘုရားကြီးကို ဂုဏ်ပြု ပူဇော်လိုတဲ့ အနေနဲ့ ဖော်ပြလိုက်ရခြင်းပါ ခင်ဗျား။ နောက်ပြီးတော့ ဒေါ်စုစု သတိထားမိသလား။ အဲဒီ ဘုရား ရှိခိုး စာအုပ်ထဲမှာ ဆုတောင်းတဲ့ စာသား တစ်ခုမှ မပါပါဘူး"

"ဟုတ်တယ် ဆရာ။ ကျွန်မလဲ သတိထားမိတယ်။ တချို့ ဘုရား ရှိခိုးများက ဆုတောင်းတွေ အများကြီး အရှည်ကြီး ပါကြတယ်နော်၊ ဖြစ်ချင်တာ လိုချင်တာ အကုန်လုံးပဲ"


"ဆရာသမားများရဲ့ အဆုံးအမ တစ်ခုတော့ ခံယူခဲ့ရ ဖူးပါ တယ်။ ဗုဒ္ဓမြတ်စွာကို ကိုးကွယ်ဆည်းကပ်တဲ့ နေရာမှာ 'ကုလ၊ လာဘ၊ ဘယ' ဤအကြောင်းသုံးပါးနဲ့ ကင်းလွတ် သန့်ရှင်းစေရမယ်လို့ မိန့် တော် မူကြပါတယ်။ ကုလဆိုတာက မိရိုးဖလာ ကိုးကွယ်လာလို့ ကိုး ကွယ်ခြင်း၊ လာဘ ဆိုတာက စီးပွားဥစ္စာ လာဘ်လာဘကို မျှော်လင့်၍ ကိုးကွယ်ခြင်း၊ ဘယ ဆိုတာကတော့ ဘေးဥပဒ်အန္တရာယ် ရန်အသွယ် သွယ်တို့မှ ကင်းကွာ စိမ့်သောငှာ ကိုးကွယ်ခြင်းရယ်လို့ ဖွင့်ဆိုတော် မူပါ တယ်။ သံသရာဘေးမှ လွတ်ကင်း၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရပါစေ ခြင်း အကျိုးငှာဆိုတဲ့ ဆုမျိုးကိုတော့ တောင်းကောင်းပါသတဲ့။ ဒါလဲ အကျင့်စရဏ တရားကို လုပ်ရလိမ့်ဦးမယ်၊ ဒါနဲ့ တစ်ခုတော့ မေးချင် တယ် ဒေါ်စုစု၊ ဓမ္မစကြာ စာအုပ်လေးတွေကို ရိုက်ပြီး ဓမ္မဒါန လုပ် တုန်းက ဘယ်လို စေတနာများ ရှေးရှုသွားပါသလဲ"

"ကျွန်မလား၊ ကျွန်မတော့ ကျွန်မကိုယ်တိုင် ကြိုက်လို့ အရ ကျက်ထားတဲ့ ဓမ္မစကြာတရားကို လူအများအပြား ကျက်အောင် ရအောင် ဆိုတဲ့ စေတနာပဲ ရှိပါတယ်"

''အဲဒါ ဓမ္မဒါန စစ်စစ်ပေါ့ ဒေါ်စုစုရဲ့၊ အချို့ လူများက ပိဋကတ်သုံးပုံ စာအုပ်ကို လှူဒါန်းမှ ဓမ္မဒါနဖြစ်တယ်လို့ မှတ်ယူထားကြတယ်။ ဓမ္မဒါန စစ်စစ်ဆိုတာက ကိုယ်သိထားသော တရားစစ် တရားမှန်၊ ကိုယ်လေ့ကျင့်ထားသော တရားစစ် တရားမှန်၊ ကိုယ် နှစ်ခြိုက်ခံစားနေရသော တရားစစ် တရားမှန်တို့ကို သူတစ်ပါးဖတ်ရှုကျက်မှတ်နာကြားစေခြင်းသည်သာ ဓမ္မဒါန စစ်စစ် ဖြစ်ပါတယ်။ ဒီလိုမှ (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ) အလှူတကာတို့တွင် (မိမိ သိထားသော၊ မိမိရထားသော) တရားအရသာကို ပေးလှူခြင်းသည်သာ အလှူဒါနဟူသမျှတို့ အနက် အအောင်မြင်ဆုံး၊ အမွန်မြတ်ဆုံး ဖြစ်သည်ဟု ဗုဒ္ဓက ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ် ဒေါ်စုစုရယ်''

''ကျေနပ်လိုက်တာ ဆရာရယ်၊ ကျွန်မလဲ နောက်ထပ် ဓမ္မစကြာသုတ်ကို ရိုက်လှူရဦးမယ်'' ဟု ဝမ်းပန်းတသာ ပြောဆို နှုတ်ဆက်၍ ပြန်သွားပါလေတော့သည်။

*　　　*　　　*



# ကြည်ညိုတတ်ကြပါစေ

ဗုဒ္ဓသာသနာသည် ခေါက်ရှာငှက် ပျံသည့်နှယ် နိမ့်တုံမြင့်တုံ၊ သက်တုံတက်တုံ ရှိတတ်သည်ဟူသော စကားမှာ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက်ကာလ သာသနာသမိုင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

ရတနာသုံးပါး၏ ဆီမီးအရောင် ထိန်ပြောင် ဝင်းလက်ခဲ့သော တိုင်းပြည်တစ်ပြည်၌ မီးစာကုန် ဆီခန်း သာသနာရောင် ညစ်နွမ်းညှိုးမှိန်ကွယ်လုဖြစ်ချင်လျှင် ဖြစ်နိုင်သကဲ့သို့ သာသနာဆိုတာ ဘာပါလိမ့်ဟု စူးစမ်းသည့် အလေ့အထ မရှိခဲ့သည့် တိုင်းပြည်များက အလျှိုင်းတကြီး အံ့ချီးခုံမင်သက်ဝင်ကြည်ညိုလာကြသည်များလည်းရှိတတ်သည်။

တိုင်းပြည်ဟူသည်မှာ တိုင်းသူပြည်သား လူအများသာဖြစ်သည်။ လူအများက ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာ ကျင့်သုံး ရိုသေစိတ်ရှိလျှင် သာသနာ တည်မြဲသည်ပင် ဖြစ်သည်။ ယုံကြည် ကိုးကွယ်သူ များပြားတိုးတက်လာသည်နှင့်အမျှ ထင်ရှား ကျော်ကြား စိတ်ဝင်စားလာကြသည်မှာလည်း သဘာဝပင် ဖြစ်သည်။

သဗ္ဗပါပဿ အကာရဏံ၊
ကုသလဿုပသမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ၊
တံ ဗုဒ္ဓါနသာသနံ ဟူ၍ ဓမ္မပဒ ဗုဒ္ဓဝဂ်တွင် လာရှိသည်။

မကောင်းမှု ဟူသမျှကို မပြုရာ၊ ကောင်းမှု ကုသိုလ် ဟူသမျှ ပြည့်စုံစေရာ၏။ မိမိစိတ်ကို နိဝရဏ တရားတို့မှ ဖြူစင်စေရာ၏။ ဤသို့ ဤသုံးပါးတို့သည် ဘုရားရှင်တို့၏ (သာသနာ)အဆုံးအမတော်တည်း။

ဤကား သာသနာတော်ဟူသည့် အကျဉ်းဆုံးသော အဓိပ္ပာယ် ဖြစ်သည်။ ထိုအဆုံးအမသည် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီး ကြသော ဗုဒ္ဓရှင်တော်တိုင်း ဟောကြားသည့် စကားဖြစ်သည်။

မကောင်းမှုဟူသမျှတို့၏ အခြင်းအရာတို့ကိုသော်လည်းကောင်း၊ ကောင်းမှု ဟူသမျှတို့၏ အခြင်းအရာတို့ကိုသော်လည်းကောင်း သုတ္တန် ဒေသနာတော်ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ ဟောကြားတော်မူခဲ့သည်။သာသနာ တော်၏ အသက်ဖြစ်သော ဝိနည်းသိက္ခာပုဒ်များဖြင့် တပည့် ရဟန်း တော်များအား ဆုံးမ ပညတ်တော်မူခဲ့သည်။ သာသနာတော်၏ ရည် ညွှန်းရာ နိဗ္ဗာန်ချမ်းသာအတွက် ကျင့်ဆောင်ရာဖြစ်သော အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။

ထို့ကြောင့် သာသနာတော်ကို ကြည်ညိုသူဟူသမျှ ထိုဒေသနာ တော် သုံးရပ်ကို မလစ်မလပ် ကျင့်ဆောင် ပွားများ အားထုတ်ကြရ မည်သာ ဖြစ်သည်။

မိလိန္ဒပဥှာဝတ္ထုတော်တွင် 'ကိုးကွယ်သူ လူထုနှင့် သာသနာ တည်မှု' ဟူသော အမေးအဖြေ စကားတစ်ရပ် ရှိသည်။

မိလိန္ဒမင်းကြီးက အရှင် နာဂသေန (အရှင်နာဂသိန်)ကို ဤသို့ မေးသည်။

''အရှင်ဘုရား၊ ဘုရားရှင်သည် အာနန္ဒာမထေရ်အား အနှစ်ငါးထောင်တို့ပတ်လုံး သူတော်ကောင်းတရား တည်လတ္တံ့ ဟု ဟောတော်မူပါသည်။ ထို့ပြင် ငါဘုရား၏ သာသနာတော်၌ သူတော်ကောင်းတရားသည် အနှစ် ငါးရာပတ်လုံး တည်လတ္တံ့ဟု ဟောတော်မူပါသည်။ ဤကဲ့သို့ ဟောတော်မူပြီးသည့်နောက် တစ်ဖန် ဗုဒ္ဓပရိနိဗ္ဗာန်ပြုဟော်မူအံ့သော ကာလ၌ သုဘဒ္ဒပရဗိုဇ် ရဟန်းအား—

အို....သုဘဒ်၊ ဤရဟန်းတို့သည်ကောင်းစွာကျင့်၍ နေကုန်သည် ဖြစ်အံ့၊ လောကသည်ရဟန္တာတို့မှ မဆိတ်ညံသည်ဖြစ်၏။ (ရဟန္တာ ဖြစ်နိုင်ကြ၏။သာသနာတည်၏)ဟုဟောတော်မူပြန်ပါသည်။ထိုအစွန်း နှစ်ဘက် ထွက်သောစကားကို ဖြေရှင်း ပေးတော်မူပါလော့''

ထိုအမေးကို အရှင် နာဂသေနက ဖြေတော်မူရသည်။

''မင်းကြီး မိလိန္ဒ၊ ဗုဒ္ဓ ကိုယ်တော်က'သူတော်ကောင်းတရားတို့ နှစ်ပေါင်း ငါးထောင်တို့ ကာလ ပတ်လုံး တည်လတ္တံ့ ဟု ဟောဘော်မူသော စကားသည်လည်းကောင်း နှစ်ပေါင်း ငါးရာတို့ကာလပတ်လုံး တည်လတ္တံ့ဟု ဟောတော်မူသော စကားသည် လည်းကောင်း၊ ထိုစကား နှစ်ရပ် ချွတ်ယွင်း မရှိ မှန်သကဲ့သို့။ သုဘဒ် ပရိဗိုဇ်အား'ရဟန်းတို့သည် ကောင်းစွာ ကျင့်၍ နေကြကုန်သည်ဖြစ်အံ့။ လောကသည် ရဟန္တာတို့မှ မဆိတ်ညံ(မဆိတ်သုဉ်း) ဟု ဟော ဘော် မူ သည် မှာ လည်း မဖောက်မပြန် မှန်ကန်သည်ပင် ဖြစ်ပါသည်။ ဘုရားရှင်သည် 'အာနန္ဒာ–ဘိက္ခုနီမတို့သည် အကယ်၍ ရဟန်းပြုကြကုန်သည် ဖြစ်အံ့။ အနှစ် ငါးရာတို့ ပတ်လုံး သူတော်ကောင်းတရား တည်လိမ့်မည်ဟု ပိုင်းခြားတော် မူပေ၏။ ဤသို့ ပိုင်းခြား ပြတော်မူကာမျှဖြင့် သူတော်ကောင်း တရားကွယ်ခြင်း၊ မဂ်ဖိုလ်ရခြင်း အဘိသမယကို မြစ်ခြင်းကိုသော်လည်း ဟောတော်မူ လေသည် မမည်ကောင်းချေ။ ဥပမာ သော်ကား ဤလူ့ပြည်၌ အသစ်သော ရေဖြင့် ပြည့်သော ရေမြောင်းသည် ကောင်းစွာ ပြုပြင်အပ်သော တစ်ဘက်ဆည်ကန်နှင့် ဆက်စပ်နေသည် ဖြစ်အံ့၊ အဆက်မပြတ် သည်းစွာသော မိုးသည် တစ်ဘက်ဆည်ကန်ကို ပြည့်နေသည်နှင့်အမျှ ထိုရေမြောင်းသည်ကာလရှည်ကြာအတိုင်း အဘာမရှိ ရေ မပြတ်မခန်းနိုင်သကဲ့သို့တည်း''ဟု အရှင် နာဂသေန ရဟန္တာက ဖြေဆိုခဲ့သည်။

ဆိုလိုတော် မူရင်းမှာ ဗုဒ္ဓကိုယ်တော်က ဘိက္ခုနီ သာသနာ နှစ်ပေါင်း ငါးရာ၊ ဘိက္ခု သာသနာ နှစ်ပေါင်း ငါးထောင် တည်လိမ့်မည်ဟု ဟောတော်မူရာ၌ ထို့ထက်လွန်လျှင် သာသနာ ကွယ်ပျောက်လိမ့်မည်ဟု ဟောတော်မူခြင်း မဟုတ်။ထိုကာလ အပိုင်းအခြားအတွင်း ဝယ် ငါးပါးသော ပဓာနယင်္ဂတရားတို့နှင့် အကယ်၍ ပြည့်စုံကုန်အံ့၊ သိက္ခာသုံးပါးတို့ကို ကျင့်ကုန်အံ့၊ စာရိတ္တ ဝါရိတ္တ သီလတို့ကို ပြည့်စုံ

စွာ ဖြည့်ကုန်အံ့၊ ဤသို့ ဖြစ်သည် ရှိသော် ဘုရားရှင် သာသနာတော်သည် အတိုင်းထက် အလွန် မြင့်ရှည်စွာသော အဓွန့်ပတ်လုံးတည်ရာ၏။ ရဟန္တာတို့မှ မဆိတ်ညံသည် ဖြစ်ရာ၏ဟု ဆိုတော်မူခြင်း ဖြစ်ရာ အရှင်နာဂသေနသည် မိလိန္ဒ မင်းကြီးအား မီးပုံဥပမာဖြင့် ပြတော်မူပေသေးသည်။ အချိန်ကာလ အပိုင်းအခြားအတွင်း မီးတောက် ငြိမ်းချုပ်သွားနိုင်သော မီးပုံတစ်ခုကို အဆက်မပြတ် လောင်စာ၊ အမှိုက်၊ထင်းစသည်တို့ဖြင့် ထပ်ကာ ထပ်ကာ ဖြည့်စွက်ပေးသည် ရှိသော် မီးတောက်မီးလျှံ မပြတ် အဓွန့်ရှည်စွာ လောင်နေနိုင်သော သဘောဖြင့် ဥပမာ ပြတော်မူပါသေးသည်။(အကျယ်ကို မိလိန္ဒ ပဉ္စာဝတ္ထုတော်တွင် ရှုပါ။)

ထို့ကြောင့် 'စိရံ တိဋ္ဌတု သဒ္ဓမ္မော' (သူတော်ကောင်း တရား အဓွန့်ရှည်ကြာ တည်ပါစေ၊ သာသနာတော် အဓွန့်ရှည်စွာ တည်ပါစေ)ဟု လိုလား တောင့်တ ကြည်ညိုကြကုန်သော ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာတော် ရေအလျှင်မပြတ် ရှင်သန်စီးဆင်းနိုင်အောင် တစ်ဘက်ဆည်ကန်တွင်းသို့ ရေတစ်ထမ်း တစ်ရွက် ဖြည့်စွက် သွန်းလောင်းကြသကဲ့သို့ သာသနာတော်ကြီး မီးအလျှံမီးအတောက် မပျောက်မငြိမ်းစေရန် တစ်ပွေ့တစ်ရွက်သော ထင်းလောင်စာ ဖြည့်စွက် ဆင့်ပိုးပေးသကဲ့သို့ မိမိတို့၏ စာရိတ္တသီလ၊ ဝါရိတ္တ သီလတို့ကို ကြိုးပမ်း ထမ်းရွက်နိုင်ကြပါစေသတည်း။



# အောင်ခြင်းရှစ်ပါး ဘုရားရှိခိုးနှင့် အဖွင့်

မာရံ အာဠာဝကံ ဟတ္ထိံ၊
အင်္ဂုလိံ စိဉ္စမာဏဝိကံ၊
ကုမ္ဘ ဒန္တိဉ္စ နာဂဉ္စ၊
ဗကံ အဇိနိ တေဇသာ။

ဇိနော၊ ဒေဝပုတ္တာ၊ စသည်အပြား၊ မာန်ငါးပါးကို၊ တုတ်ခါး မဆောင် ကြိုးမနှောင်ဘဲ၊ အောင်တော်မူသော မြတ်စွာဘုရားသည်။

မာရံ၊လက်ရုံးပေါင်း တစ်ထောင်ကို ပြည့်စုံအောင် ဖန်ဆင်း၍၊ မှန်ယစ်ခြင်း လွန်စွာဖြင့်၊ ဂီရိမေခလာ နတ်ဆင်ကို ကိုယ်တိုင်ပင် တက်စီး၍၊ အသီး သီးသော ဗိုလ်ပါ အဖြာဖြာသော လက်နက်ဖြင့်၊ ဟစ်ကြွေးလျက် လာပြီးလျှင် မျက်မာန်ကြီး ဒေါသဇောနှင့်၊ ရွှေဗောဓိရိပ်ခွင်၊ နန်းပလ္လင် မြဘ်မဟာကို၊ ရသာမည် ထင်မှတ်၍၊ ချဉ်းကပ်ကာ စစ်ပြု မှားသော၊ မိုးနတ်သား–မာရ်နတ်မင်းကို လည်းကောင်း။ (၁)

အာဠာဝကံ၊ ကြမ်းတမ်းသော စိတ်မာန်ဖြင့်၊ ငါ့ ဘုံပျံဆောင် ရဝဝေဝယ်၊ စံနေလင့်သလောဟု၊ ဒေါသဇော တက်လျှံ၍၊ ညဉ့်သုံးယံ ကုန်ခန်းအောင်၊ ကိုယ်စွမ်းကို အားကိုးကာ၊ ကိုးဖြာ–ကိုးချက်–ကိုးလက်

နက်ဖြင့်၊ စစ်ဖက်နိုင်စွာ နတ်အာဋ္ဌာဝက အမည်ရသည့်၊ ယက္ခစွယ်ပြူး ထိုဘီလူးကို လည်းကောင်း။ (၂)

ဟတ္ထိ နာဂံ၊ ကြွကြွမာန်ဟုန်၊ ယစ်သည်မုန်ဖြင့်၊ သံစုံရိုက်ထစ်၊ ကျူးမြည်ဟစ်သား၊ နတ်စစ်မိုးကြိုး၊ လောင်မီးမျိုးသို့၊ ဆိုးသွမ်း ယုတ်ကြမ်း၊ ညစ်ညမ်းလှစွာ၊ နာဠဂိရီ ဟတ္ထိမာတင်၊ မင်းစီး ဆင်ကို လည်းကောင်း။ (၃)

အင်္ဂုလိ၊ အင်္ဂုလိမာလဥ္စ၊ လက်ညှိုးပေါင်း တစ်ထောင်ကို၊ ပြည့်စုံအောင် ဖြတ်ယူမည်ဟု၊ မှတ်ရည်ကာ ရွယ်ကိုးလျက်၊ မြိုင်တောရိုး တောင်ခေါင်းတွင်၊ ခိုဝင်အောင်း၍၊ လူအပေါင်း တွေ့သမျှကို၊ ထက်လှသော သန်လျက်ဓားဖြင့်၊ လက်ဖျားကို ဖြတ်ယူကာ၊ ပန်းပမာ တစီ တလျဉ်၊ လည်ပင်းတွင် ဆင်ခြင်းကြောင့်၊ အင်္ဂုလိမာလ နာမ တွင်ပြီး၊ ခိုးသူကြီးကို လည်းကောင်း။ (၄)

စိဉ္စမာနဝိကာ၊ ပရိသတ်လေးဖော်ကို၊ တရားတော် ဟောမိန့်၍၊ ရွှင်နှစ်သိမ့် ကြည်ညိုဖွယ်၊ စံပယ်စဉ်ကာလ၊ သန္ဓေရ ကိုယ်ဝန်ဆောင်၊ ဖွားနီးယောင် သဏ္ဍာန်လို၊ စီမံကာ ပြုလုပ်၍၊ စုတ်စုတ်ကြံး စွပ်စွဲခြင်းကြောင့်၊ သတင်းတော်ပုပ် လာဘ်ကြီးယုတ်အောင်၊ ဟုတ်လေယောင် ဆိုမြည်လာသော၊ စိဉ္စမာဏ မိန်းမယုတ်ကို လည်းကောင်း။ (၅)

ကုဋ္ဌဒန္တဥ္စ၊ ဝါဒတစ်ထောင်၊ နှုတ်ရဆောင်၍၊ မာန်စောင် ကြွားကြွား၊ တဘက်သားကို၊ စကားချုပ်ချယ်၊ နှိပ်နယ်ချင်လှ၊ စိတ်နေ ကြွသည့်၊ သစ္စကပရိဗိုဇ်ကို လည်းကောင်း။ (၆)

နာဂဥ္စ၊ ကြီးမားသော အဆိပ်အတောက်၊ ကဲမောက်သော စည်းစိမ်၊ ဂုဏ်ရှိန်သတ္တိ၊ နာဂိဒ္ဓိဒြဗ်ရ ဖြစ်ခြင်းကြောင့်၊ မြတ်ဘုရားကို ပင်၊ သေးသေးယင်၍၊ ရွှေစင်ဗဟို၊ မြင့်မိုရ်တောင်လုံး၊ ပါးပျဉ်း ဖုံးလျက်၊ ကိုယ်လုံး ခုနစ်ထပ်၊ ရစ်ပတ်ကာ မပြုအပ်–မပြုရာ၊ ကြံစည်ကာ ပြုမိမှားသော၊ နန္ဒော ပနန္ဒ–နဂါးမင်းကို လည်းကောင်း။ (၇)

ဗကာ၊ မှားယွင်းသော မိစ္ဆာဉာဏ်ဖြင့်၊ ဖောက်ပြန်ကာယူစွဲလျက် ပြောင်းလဲ စုံတေခြင်း မရှိ၊ ပကတိနိစ္စ၊ ဓုဝကေန်ဟု၊ သန်မာသောနှလုံး သားကြောင့် သူတစ်ပါးတို့ ဟောပြောခြင်းငှာခက်ခဲလှစွာသော၊ဗက– အမည်ရှိ မိုဃ်းဗြဟ္မာကို လည်းကောင်း။(၈)

အဇ္ဇိနိ၊ တန်ခိုးစက်ရှိန်၊ ဂုဏ်မဟိန်ဖြင့်၊ ချိုးနှိမ်ပယ်ထွင် ရှင်း လင်းစင်၍ အောင်မြင်တော် မူလေပြီ။

တေဇသာ၊ ရှစ်ခါ-ရှစ်တန် အောင်ပွဲခံ၍၊ အောင်လုံ့ထူပြီး၊ မြတ်စောထီး၏၊ ကြီးသောခြေစက်၊ ထက်သောအာဏာ၊ ဂုဏ်တေဇာ အစွမ်းအားဖြင့်....

မေ။ အကျွန်ုပ်အား၊

ဇယမင်္ဂလံ၊ ကိုယ်တွင်းကိုယ်ပ ရှိသမျှဒဏ်၊ ခပ်သိမ်းရန်တို့၏မကျန် မကြွင်း အောင်ခြင်းမင်္ဂလာသည်....

ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။''

ကျွန်တော် အသက်(၁၆)နှစ်သား လောက်တုန်းက ဤဘုရား ရှိခိုး ဂါထာကို ဘုရားရှိခိုး အမျိုးမျိုးစာအုပ် တစ်အုပ်မှ ကျက်မှတ်ခဲ့ ဖူးပါသည်။

ကျွန်တော့်မှာ ငယ်စဉ်က အမျိုးသားကျောင်းတွင်နေခဲ့ရသော ကြောင့် ဗုဒ္ဓစာပေများကို ဆရာတော်၊ သမားတော်များနှင့် နီးစပ် ချဉ်းကပ် သင်ယူခဲ့ရခြင်း မရှိပါ၊ အရပ်ထဲတွင်ရှိသော စာတတ်ပေတတ် ပညာရှိ၊ လူပြန်တော် ပညာရှိ ဆရာ့ဆရာကြီးများကိုသာ ချဉ်းကပ်၍ သင်ယူခဲ့ရပါသည်။

ထိုသို့ သင်ကြားရာ၌ စပ်စပ်စုစု မေးမြန်းလွန်းလျှင် လူကြီးများ ၏ အငေါက်အငမ်းကို မကြာမကြာ ခံခဲ့ရဖူးပါသည်။ တကယ်ကတော့ ဆင်ခြေ စောဒကသဘောမျိုး မဟုတ်ပါ။ ကိုယ်တိုင် ဘဝင် ကျနိုင် အောင် နိုက်နိုက်ချွတ်ချွတ် မေးမြန်းတတ်ခြင်းသာ ဖြစ်ပါသည်။ ဒါကို လူကြီးတွေက မကြိုက်။

ကျွန်တော်၏ ဆရာ့ဆရာများအနက် စာပေ ပရိယတ္တိကို အထိုက် အလျောက် ကျွမ်းကျင်၍ ခေတ်ပညာတွင်လည်း အလွန် နှံ့စပ်သော ပုဂ္ဂိုလ်တစ်ယောက်မှာ ဆရာ ဦးဖုန်းမိုဆိုသူ ဖြစ်ပါသည်။ ဆရာဦးဖုန်းမို ကတော့ ကျွန်တော် စပ်စပ်စုစု မေးမြန်းသမျှကို ခွင့်လွှတ်၍ ကျမ်းဂန် စကားများဖြင့်သော် လည်းကောင်း၊ ခေတ်ပညာရှင်တို့၏ အဆိုအမိန့် များနှင့်သော် လည်းကောင်း၊ ကမ္ဘာ့စာပေ အတွေ့အကြုံများနှင့်သော် လည်းကောင်း၊ ယုတ္တိဗေဒများဖြင့်သော် လည်းကောင်း၊ ပြေလည် အောင် ဖြေပြတတ်သည်က များပါသည်။

မှတ်သင့်မှတ်ရာ ဗဟုသုတများကိုလည်း ကျွန်တော် နားလည် အောင် သင်ပြပေးပါသည်။ တစ်ခါက အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး အကြောင်းကို ကျွန်တော့်အား ဤသို့ ပြောပြပါသည်။

''မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားလို့ ပညာရှိ သူတော်ကောင်းကြီးများက ချီးကျူး ရှိခိုးကြတဲ့ နေရာမှာ

အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းရယ်လို့ နှစ်မျိုး ရှိတယ်။ ယခု မင်း ရွတ်ပြတာက အပြင်အောင်ခြင်း ဘုရားရှိခိုးဖြစ်တယ်။ အဲဒီ ဘုရားရှိခိုးကို ရွတ်ဆိုပြီး မြတ်စွာဘုရား၏ အောင်ခြင်းမင်္ဂလာ ရှစ်ပါးကို အောက်မေ့ကြည်ညိုရင်း မိမိ၏ အစဉ်သန္တာန်မှာလည်း ထိုမြတ်စွာဘုရား၏ အောင်ခြင်း မင်္ဂလာများကို လွှမ်းခြုံ၍ မိမိအတွက် အောင်မြင်ပါစေသို့ ဆန္ဒပြုနိုင်ဘယ်၊ဆုတောင်းပတ္ထနာ ပြုနိုင်တယ်။ ဒါကြောင့်....

တေဇသာ-ရှစ်ခါ-ရှစ်တန် အောင်ပွဲခံ၍ အောင်လံထူပြီး မြတ်စောထိ၏ ကြီးသော ရွှေစက်၊ ထက်သော အာဏာ ဂုဏ်ဘောဇာ အစွမ်းအားဖြင့်။ (မေ-အကျွန်ုပ်အား။ ဇယမင်္ဂလံ-ကိုယ်တွင်း ကိုယ်ပ ရှိသမျှဒက် ခပ်သိမ်းရန်တို့၏ မကျန်မကြွင်း အောင်ခြင်းမင်္ဂလာသည်။ ဟောတု-စင်စစ် မသွေ ဖြစ်ပါစေသတည်း။) ဖြည့်စွက်၍ ဆိုကြတာ ဖြစ်တယ်။ မူလ ဂါထာ အရင်းအစစ်ကို အနက် ပြန်ရရင်....

''တေဇသာ၊ တန်ခိုးရှိန်စော် အာနုဘော်အားဖြင့် အဇိနိ-အောင်မြင်တော် မူလေပြီ။''

''အဲသလိုသာ အနက် ပြန်ရမှာ ဖြစ်တယ်''

''အဲသလိုသာဆိုရင် မူလ ဘုရားရှိခိုးကို ဆုတောင်း ထပ်ဖြည့်ထားတာပေါ့နော်''

''ဟုတ်တယ်''

''ဒါဖြင့် ကျွန်တော်တို့မှာ ဘယ်လို အောင်မြင်ခြင်းမျိုးတွေ အောင်နိုင်သလဲ ဆရာ''

''ပထမ မြတ်စွာဘုရားသခင် အောင်နိုင်ခဲ့တာ ဘယ်သူ့ကိုတုံး''

''မာရ်နတ်မင်းကို အောင်နိုင်ခဲ့တာပေါ့''

''ဟုတ်ပြီ၊ ဗုဒ္ဓဝင်မှာ ဘယ်လို ပြဆိုခဲ့သလဲ၊ လွန်လေပြီးသော လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းက အလောင်းတော်ကြီး သုမေဓာ ရှင်ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်း ခဲ့ရတယ်။ ထိုအချိန်မှ စ၍ ဘုရားဖြစ်လာရန် ပါရမီ (၁၀)ပါး အပြား (၃၀)ကိုသော် လည်းကောင်း။ စွန့်ခြင်းကြီး ငါးသွယ်ကိုသော် လည်းကောင်း။ ဗုဒ္ဓစရိယတွေကို ကျင့်ကြံ ကြိုးကုတ် အားထုတ်တော် မူခြင်းမျိုးနဲ့ အားထုတ် ကြိုးစား လာခဲ့ရတယ်။ နောက်ဆုံး ဗောဓိပင်ရင်းမှာ ဘုရား မဖြစ်သမျှ ငါ မထဟု အကြီးမားဆုံးသော အဓိဋ္ဌာန်နဲ့ ပလ္လင်ဖွဲ့ခွေ ထိုင်နေတော် မူရာကို ဘုရားစင်စစ် ဖြစ်တော်မူသွားမှာ စိုးရိမ်တဲ့ မာရ်နတ်မင်းက မလိုတမာနဲ့

လာ၍ ဖျက်ဆီးတယ်။ လာ၍ တိုက်ခိုက်တယ်။ ဒီအခါမှာ ဗုဒ္ဓဖြစ်အံ့ ဆဲဆဲ အလောင်းတော်ကြီးက မေတ္တာ အဓိဋ္ဌာန်ဖြင့် ကြံ့ကြံ့ခံ၍ တွန်းလှန် အောင်မြင်တော် မူလိုက်တယ်၊ ဒီလို မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ''

''အေး....အဲဒီ ဂုဏ်တော်ကြီးနဲ့ နှိုးနွှယ်ပြီး မိမိအတွက် အဓိဋ္ဌာန် ပြုနိုင်တဲ့အကြောင်း၊ မိမိ၏ ပညာအရည်အချင်း၊ လုံ့လ ဝီရိယတို့ဖြင့် အောင်မြင်မှု ထိပ်ဖျားသို့ ရောက်အောင် တရားသဖြင့် ကြိုးစားနေတဲ့ အလုပ်ကြီး တစ်ခုမှာ မလိုတမာ အဘိဇ္ဈာနဲ့ ကဖျက် ယဖျက် ဝင်ရောက် နှောင့်ယှက်တဲ့ ရန်သူများ အတိုက်အခံများ ပေါ်ပေါက်လာလျှင် မာရ် နတ်မင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ ဝါ-အာနုဘော်ကို အာရုံပြုခြင်းအားဖြင့် ထိုရန်သူများ ပပျောက် အောင်မြင် သွားနိုင်တယ်။ အဲဒီလို မှတ်ထား''

''ဟုတ်ကဲ့ ဆရာ။ သိပ် ကောင်းတာပဲ''

''သိပ် ကောင်းတာပေါ့ကွ။ တို့တစ်တွေ အနေနဲ့ လောကရဲ့ အမှု ကိစ္စ အမျိုးမျိုးမှာ အတိုက်အခံ အဖျက်အဆီး သမားများက ရှိတတ် ကြတယ် မဟုတ်လား''

''မကင်းနိုင်ပါဘူး ဆရာ''

''ဒုတိယ အောင်မြင်ခြင်းက ဘာတုံး''

''အာဠာဝက ဘီလူးပါ ဆရာ''

''အေး....အာဠဝီပြည်နားမှာ ညောင်ပင်ကြီး တစ်ပင်ရှိတယ်။ အဲဒီ ညောင်ပင်ကြီးကို အာဠာဝက နတ်ဘီလူးက ကြီးကျယ် ဆန်းပြား သော ဗိမာန်ကြီးတစ်ခု 'ဖန်ဆင်းပြီး' နတ်စည်းစိမ်ကို ခံစားနေတယ်။ တစ်နေ့တော့ မြတ်စွာဘုရားသခင်ဟာ ထို အာဠာဝက ဘီလူးကြီး တရား ရချိန်တန်ပြီလို့ ရွှေဉာဏ်တော်မှာ ထင်မြင်လာတော် မူတဲ့အတွက် ထို ဘီလူးကြီး နတ်သဘင် အစည်းအဝေး သွားနေတုန်း အစောင့် ဘီလူး များကို ခွင့်ပန်၍ ဗိမာန်ထဲသို့ ကြွဝင်စံမြန်းတော်မူနေတယ်။အာဠာဝက ဘီလူးကြီးက နတ်သဘင် အစည်းအဝေးက ပြန်လာတော့ သူ့ ဗိမာန် ထဲကို ကျူးကျော် ဝင်ရောက် နေရမလား ဆိုပြီး ဘာမပြော-ညာမပြော နဲ့ တစ်ညလုံး လက်နက် အမျိုးမျိုးဖြင့် တိုက်ခိုက် နှင်ထုတ်တော်မူတယ်။

မြတ်စွာဘုရားကတော့ မဟာ ကရုဏာတော်နှင့် မေတ္တာစိတ်ကို ထုံမွှမ်းပြီး ဘေးရန် အန္တရာယ်ကင်းစွာ တည်တည် ငြိမ်ငြိမ် စံနေတော် မူနေတယ်၊ နံနက် မိုးသောက်တော့ တစ်ညလုံး တိုက်ခိုက်ရလို့ စိတ်ပန်း လူပန်း ဖြစ်နေတဲ့ အာဠာဝက ဘီလူးက 'ရှင်ကြီး ဂေါတမ ထွက်သွား

စမ်း’လို့ ခြိမ်းခြောက် ပြောလိုက်တယ်။ အဲဒီတော့ မြတ်စွာဘုရား သခင်က ‘သင့် ဗိမာန်ထဲမှာ မနေစေချင်ရင် ငါ ဘုရား ကြွသွားတော်မူပါမယ်’လို့ မိန့်တော်မူပြီး ထွက်ကြွတော်မူတယ်။ အဲသည်တော့မှ အာဠဝက ဘီလူးကြီးမှာ ငါ ဒီလို တစ်ခွန်းတည်း ပြောရုံနှင့် ထွက်သွားမယ်မှန်း သိရင် ညဦးကတည်းက ပြောလိုက်မိဖို့ ကောင်းတယ်၊ ငါကလည်း တစ်ညလုံး မြတ်စွာဘုရားကို တစ်ခွန်းတစ်ပါဒမှ စကား မပြောဆိုဘဲ တိုက်ခိုက် နေမိတာကိုး။

ငါ့အမိန့် ညြဇာကို နာခံလို့ ထွက်သွားတာလား ဆိုတာ စမ်းကြည့်ဦးမယ်လို့ ကြံစည်ပြီး မြတ်စွာဘုရားကို ပြန်ပင့်တယ်၊ သည်တော့ မြတ်စွာဘုရားက ‘ဗိမာန်ရှင်က ပင့်ရင်လဲ ပြန်လာရတာပေါ့’ဟု ကြွဝင်လာတယ်။ တိုတို ပြောရရင် အဲသည်အချိန်ကစ၍ အာဠဝကဘီလူးကြီးမှာ စိတ်ထား နူးညံ့ပြီး တို့ မြတ်စွာဘုရားက အာဠဝက သုတ်တော်ကို ဟောပြောတော်မူ၍ ချေချွတ် အောင်နိုင်တော် မူခဲ့တယ် ဒီလို မဟုတ်လား;’’

‘‘ဟုတ်ပါတယ် ဆရာ၊ အဲဒါ ကျွန်တော်တို့နဲ့ ဘယ်လို ပတ်သက်နိုင်ပါသလဲ။’’

‘‘ဘယ်လို ပတ်သက်နိုင်သလဲဆိုတော့ တို့တစ်တွေမှာ တစ်ခါ တစ်ရံ တာဝန်အရသော် လည်းကောင်း၊ အခါအခွင့်အားဖြင့်သော် လည်းကောင်း၊ အခြေအနေအရသော်လည်းကောင်း သူတစ်ပါး ပိုင်ဆိုင်တဲ့အိမ်ရာမြေရာ တိုက်တာ အဆောက်အအုံဖြစ်စေ သူတစ်ပါး၏ လုပ်ရာကိုင်ရာ ရာထူးဌာနန္တရမှာဖြစ်စေ အကြောင်းအကျိုး အားလျော်စွာ တရားသဖြင့် ဝင်ရောက် နေရ ထိုင်ရ လုပ်ရ ကိုင်ရတာ တွေ့ရတတ်တယ်။ အဲသည့်အခါမှာ မူလပိုင်ရှင် မူလ ရာထူးရှင်က အဘိဇ္ဈာ ဒေါမနဿနှင့် ငြူစူ တိုက်ခိုက်တတ်ကြတာ ရှိတယ်။အဲသည့် အခါမျိုးမှာ အာဠဝက ဘီလူးကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုး ရှိန်စော် အာနုဘော်တော်ကြောင့်၊ ဝါ- အာနုဘော်ကို အာရုံ ပြုခြင်း အားဖြင့် ထိုဘေးရန်များ ပပျောက် အောင်မြင်သွားနိုင်တယ်’’

‘‘အလွန် ကောင်းပါတယ်ဆရာ။ ကျွန်တော်တို့ ခေတ်မှာ ဒီလို အတွေ့အကြုံမျိုးတွေ ပကြာခဏ တွေ့တတ်ကြပါတယ်။ တွေ့လျှင် သည် ဘုရားရှိခိုးကို အာရုံပြုပြီး ရှိခိုးရွတ်ဆိုရမှာပေါ့နော်’’

‘‘ရွတ်ဆိုရမှာပေါ့ကွ။ကဲ....တတိယ အောင်ခြင်းက ဘာလဲ။’’

‘‘တတိယ အောင်ခြင်းက နာဠာဂီရိဆင်ကိုပါ ဆရာ’’

"အဲသည့် အကြောင်းကိုတော့ မင်း ပြောစမ်းကွာ"

"ရှင်ဒေဝဒတ်က မြတ်စွာဘုရားကို အန်တုပြီး သူကိုယ်တိုင်ဘုရား နေရာလိုချင်လို့ အဇာတသတ်နဲ့ ပေါင်းတယ်။ ဖခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို သတ်ပြီး နန်းလုစေတယ်။ အဇာတသတ်မင်းသား မင်းဖြစ် လာတော့ ဒေဝဒတ်က ဘုရားကိုယ်တော်မြတ်ကို သတ်ရအောင် မြတ်စွာ ဘုရား ဆွမ်းခံမည့်လမ်းမှာ နာဠာဂီရိ ဆင်ကြီးကို အရက် ကိုးမောင်း တိုက်ပြီး လွှတ်စေတယ်၊ အဲသည့်အခါမှာ မြတ်စွာဘုရားက မေတ္တာ ဖြင့် နာဠာဂီရိ ဆင်ကြီးကို ယဉ်ပါးအောင် ဆုံးမတော် မူလိုက်တယ်၊ ဒီလို မဟုတ်ဘူးလား ဆရာ"

"အကျဉ်းချုပ်တော့ ဟုတ်ပါတယ်ကွာ။"

"အဲဒါကိုကော ဘယ်လို အာရုံပြုရမှာလဲ ဆရာ"

"အဲသည့် အဖြစ်ကြတော့တစ်မျိုးကွ၊ မြတ်စွာဘုရားကို သတ်လို တာက ဒေဝဒတ်နှင့် အဇာတသတ်မင်း မဟုတ်လား။ သို့ပေမယ့် သူတို့ နှစ်ယောက်က ထင်ထင်ရှားရှား ကိုယ်တိုင် မသတ်ဘဲ နာဠာဂီရိဆင်ကို သာ လွှတ်လိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အေး....အဲသည်လိုပဲ ရန်သူက မိမိကို သူတို့ကိုယ်တိုင် ထင်ထင် ပေါ်ပေါ် မနှိပ်စက်မသတ်ဖြတ်ဘဲနဲ့ တစ်ပါးသူကို တိုက်တွန်း၍ ဖျက်ဆီး စေတာ၊ နှိပ်စက်စေတာ၊ သတ်ဖြတ်စေတာမျိုးတွေ တို့ လောကမှာ ရှိတတ်ကြတယ် မဟုတ်လား"

"ရှိပါတယ် ဆရာ၊ လူငှားပြီး အရိုက်ခိုင်းတာလို့၊ လူငှားပြီး အသတ်ခိုင်းတာတို့၊ လူငှားပြီး မီးရှို့ခိုင်းတာတို့၊ ဓားပြကိုလက်ထောက် ချပေးတာတို့ အမျိုးမျိုးပေါ့"

"အဲသည့် ဘေးအန္တရာယ်မျိုးများ ရှိမယ်လို့ ထင်ရင် နာဠာ ဂီရိဆင်ကို အောင်မြင်တော်မူသော မြတ်စွာဘုရားရှင်၏ တန်ခိုးရှိန် စော်အာနုဘော်တော်ကြောင့်၊ ဝါ- ထို အာနုဘော်ကို အာရုံပြုခြင်း အားဖြင့် ထိုရန်သူများ ပပျောက် အောင်မြင်သွားနိုင်တယ်"

"စတုတ္ထကတော့ အင်္ဂုလိမာလ ဆရာ"

"အေး...အဲသည့် အင်္ဂုလိမာလကျတော့လဲ တစ်မျိုးကွ၊ အင်္ဂုလိ မာလဟာ သူ့ဆရာကို ပူဇော်ဖို့ လက်ညှိုးပေါင်း တစ်ထောင်ပြည့် အောင် လူတွေကို လိုက်သတ်ဖြတ်တယ်၊ လက်ညှိုးတွေကို ပန်းသီသလို နွယ်ကြိုးနဲ့သီပြီး လည်ပင်းမှာ စွပ်ထားလို့ အင်္ဂုလိမာလလို့ ခေါ်ကြ တယ် မဟုတ်လား"

''ဟုတ်ပါတယ် ဆရာ၊ သူ့နာမည် အရင်းက အဟိံသကပါ''

''အင်း....အဲဒီ အင်္ဂုလိမာလလို့ နာမည်တွင်တဲ့ အဟိံသက က လက်ညှိုးပေါင်းတစ်ထောင်ပြည့်ဖို့ တစ်ချောင်းသာ လိုတော့တဲ့ နေ့မှာ သူ့ကို သတိပေးရအောင်လာတဲ့ မိခင်ကို (တောစပ်မှာတွေ့လျှင် သတ်မိမှာ စိုးတဲ့အတွက် မြတ်စွာဘုရားက အင်္ဂုလိမာလ ရှိရာသို့ ဒေသစာရီ ကြွလာတယ်) သည်တော့ အဟိံသက က ဘုရားကို သတ်ရအောင် လိုက်တယ်၊ အဲသလို လိုက်ပေမယ့် ဘုရားတန်ခိုးတော်ကြောင့် မမီနိုင်အောင် ဖြစ်နေတယ်။ ဒီအခါမှာ အဟိံသက က မြတ်စွာဘုရားကို ''ရဟန်းကြီး သေမှာ ကြောက်လို့ သည်လောက် မြန်မြန် ပြေးနေရ သလား၊ ရပ်လိုက်စမ်း''လို့ ပြောတယ်။ သည်တော့ မြတ်စွာဘုရားက ''ငါဘုရားက သံသရာခရီးမှာ ရပ်နေပြီ။ သင်သာလျှင် ပြေးလွှားတုန်း ဖြစ်သည်'' ဆိုတဲ့ စကားတော်ကစ၍ တရားဟောတော်မူသဖြင့် အဟိံသကဟာ အကျွတ်တရား ရသွားတယ်၊ ဒီလို မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ''

''အေး.. အဲဒါနဲ့ နိုးစပ်တာမျိုးကတော့ တို့တစ်တွေ ခရီး တစ်ခုခု သွားတဲ့ နေရာမှာ သူပုန် သူကန်၊ ပြည်လှေး ပြည်မှား အဖျက် အဆီး သမားများနှင့် ဖြစ်စေ၊ ထကြွသောင်းကျန်းသူ သူခိုး ဓားပြ အန္တရာယ်များမှ ဖြစ်စေ၊ ပုဂ္ဂိုလ်ကို မရည်မှတ်ဘဲ တွေ့တဲ့သူ မှန်သမျှကို တိုက်ခိုက်လုယက်သတ်ဖြတ်တဲ့ ဘေးအမျိုးမျိုးမှ အင်္ဂုလိမာလကို အောင် မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော် ကြောင့်၊ ဝါ-အာနုဘော်ကို အာရုံပြုခြင်းအားဖြင့် ပပျောက် အောင် မြင်သွားနိုင်တယ်။ ကဲ - ပဉ္စမ အောင်တော်မူတာကို ဆို''

''ပဉ္စမ အောင်တော်မူတာက စိဉ္စမာဏဝိကာပရိဗိုဇ်မကိုပါ ဆရာ။ မြတ်စွာ ဘုရားပွင့်တော်မူလာသည့်နေ့ကပြီး တိတ္ထိတို့မှာ လာဘ်လာဘ နည်းကုန်ကြတယ်။ ဒါကို မခံနိုင်ကြတဲ့အခါ ဇေတဝန် ကျောင်းတော် မှာ ပရိသတ်လေးပါးကို တရားဟောနေစဉ်အတွင်း တိတ္ထိ ဂိုဏ်းဆရာ ကြီးတို့က စိဉ္စမာဏဝိကာပရိဗိုဇ်မကို ကိုယ်ဝန် အရင့်အမာနှင့် တူအောင် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်းကို ဝမ်း၌ ဖွဲ့ချည်ပြီး မြတ်စွာဘုရားနဲ့ ရခဲ့သော ကိုယ်ဝန်ပါလို့ အပုပ်ချ၍ ပရိသတ်အလယ်မှာ လာရောက် ပြလို့ စွပ်စွဲစေတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားရဲ့ မေတ္တာတော် တန်ခိုး တော်အားဖြင့် သိကြားမင်းက ပရိဗိုဇ်မ၏ လိမ်လည်မှုကြီးကို ပေါ်လွင် ထင်ရှားအောင် စီမံလိုက်စေတယ်။ အဲဒါဟာ မြတ်စွာဘုရား၏ ပဉ္စမ အောင်မြင်ခြင်းပါပဲ ဆရာ''

''အေး....ဟုတ်တယ်၊ အတိုချုပ်ပေါ့ကွာ၊ အဲဒါ ဘယ်လိုအဖြစ်မျိုးနဲ့ နှီးနွှယ်နေသလဲဆိုတော့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မှာ ရာထူး ဂုဏ်ထူးကြီးများနှင့် ကျော်စောနေတဲ့အခါ စီးပွားရေး ကြီးကျယ်စွာ အောင်မြင်နေတဲ့ အခါ သီလ သမာဓိ ပညာတို့ဖြင့် ကျော်စော ထင်ရှား လူ အကြည်ညို များနေတဲ့အခါ၊ မနာလိုသူ ပုဂ္ဂိုလ်တစ်ဦးက ဖြစ်စေ၊ လူတစ်စုက ဖြစ်စေ မိန်းမ တစ်ယောက်ယောက်ကို မြှောက်ထိုးပင့်ကော် လုပ်ပြီး မတရား အပုပ်ချစေတတ်တဲ့ ကိစ္စမျိုးလဲ ရှိတတ်တယ်။ အဲသည့် နေရာမျိုးမှာ မိမိကိုယ်တိုင်က အပြစ်ကင်းစင် ရှိနေလျှင်တော့ စိဉ္စမာဏ ပရိဗိုဇ်မကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ ဝါ အာနုဘော်ကို အာရုံပြုခြင်းအားဖြင့် ထို စွပ်စွဲခြင်းမျိုးမှ ပပျောက် အောင်မြင်သွားနိုင်တယ်''

''ဒါလဲ ကျွန်တော်တို့ ခေတ်နဲ့ အလွန် ဆီလျော်တာပဲ ဆရာ''

''ဒီအဖြစ်မျိုးက ဘယ်ခေတ်ဖြစ်ဖြစ် ရှိတတ်တာပဲကွာ။ ကဲ.... ဆဋ္ဌမ အောင်တော်မူခြင်းကို ပြောကြဦးစို့။ ဆဋ္ဌမ ပုဂ္ဂိုလ် ကုဋ္ဌဒန္တ သစ္စက ပရိဗိုဇ် မဟုတ်လား။မြတ်စွာဘုရား ပွင့်တော် မမူသေးခင် ကာလ ကတည်းက အနောက် မဇ္ဈိမမှာ ဝါဒဗေဒ ကျမ်းများကို ကျမ်းလုံး ပေါက် တတ်မြောက်ကြတဲ့ ဒဿနိက ဆရာကြီးတွေ ရှိကြတယ်။ ပညာရှိ ဆိုပေမယ့်လဲ သစ္စာလေးပါးကိုမသိတဲ့ မိစ္ဆာဒိဋ္ဌိ ပရိဗိုဇ်တို့၊တက္ကတွန်းတို့၊ ဗြာဟ္မဏ ပုဏ္ဏားကြီးတို့ပေါ့ကွာ။ တစ်ကျမ်း တစ်ဝါဒကို တတ်မြောက် လျှင်ပဲ သူဘို့ကို ပဏ္ဍိတ်ကြီးပညာရှိကြီးလို့ လူအများက အသိအမှတ် ပြုကြရတယ်၊ ကိုးကွယ် ဆည်းကပ်ကြတယ်။

မြတ်စွာဘုရား ပွင့်ပြီးတဲ့နောက် ဝေသာလီပြည်မှာ သစ္စကပရိဗိုဇ် ရယ်လို့ ကျော်ကြားတဲ့ ပဏ္ဍိတ်ကြီး တစ်ဦး ပေါ်နေတယ်။ အခြား ပဏ္ဍိတ်များက ဝါဒကျမ်း တစ်ကျမ်း နှစ်ကျမ်းလောက်သာ ပေါက် မြောက် တတ်ကျွမ်းသော်လည်း သစ္စက ပရိဗိုဇ်ကတော့ ဝါဒ ကျမ်း ပေါင်း တစ်ထောင်အထိ တတ်မြောက်ပြီးသား ဖြစ်လို့ စကားအရာ တရားအရာမှာ သူနဲ့ယှဉ်ပြိုင်သူ မပေါ်နိုင်အောင်ရှိနေတယ်။သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု မြတ်စွာဘုရားသခင်ကို စကား အချေအတင် ပြောလျှင် သူက သာ နိုင်လိမ့်မယ်လို့ ထင်နေတယ်။ ဒါကြောင့် မြတ်စွာဘုရား သီတင်း သုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက် အရာမ်မှာ လာရောက် တွေ့ဆုံပြီး ဝါဒချင်း ပြိုင်တယ်။

တရားအလုံးစုံ သိမြင်တော်မူတဲ့ မြတ်စွာဘုရားက သစ္စက ပရိဗိုဇ်ကို တရားဟောပြ ချေချွတ်တော် မူလိုက်တယ်။ အဲသည့် အဖြစ်

မျိုးနဲ့ တို့တစ်တွေ နှိုးနွှယ် စပ်သွယ်ယူရရင် မိမိတို့အား အသိပညာနှင့် ဖြစ်စေ၊ အတတ်ပညာနှင့် ဖြစ်စေ၊ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ပခုံးချင်း ယှဉ်ပြိုင် အနိုင်ယူလိုသူများကို သစ္စက ပရိဗိုဇ်အား အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ ဝါ-အာနုဘော်ကို အာရုံပြုခြင်းအားဖြင့် ပယ်ရှား-အောင်မြင်သွားနိုင်တယ်''

''ဒါလဲ ကျွန်တော်တို့ တွေ့ရိုးတွေ့စဉ် ဖြစ်လို့မို့ အာရုံပြုဖို့ကောင်းပါတယ်''

''ကဲ....သတ္တမကတော့ နန္ဒောပနန္ဒ နဂါးမင်း ပေါ့ကွာ။ သူကတော့ အဆိပ်အတောက်ကလဲ အလွန်တရာ ပြင်းထန်တယ်။နတ်တို့၏ စည်းစိမ်နှင့်လဲ ပြည့်စုံ ခံစားနေရတယ်။ ကိုယ်ခန္ဓာ အတ္တဘောကလဲ အလွန်တရာ ကြီးမား တင့်တယ်နေတယ်။ ဒီတော့ လူသားများသာ ဖြစ်တဲ့ မြတ်စွာဘုရားက သူ စံမြန်းရာ မြင့်မိုရ်တောင်ကို ဖြတ်ကျော်တဲ့ အခါ ရှက် ဒေါသအိုးကြီး ပေါက်ကွဲလို့ မြင့်မိုရ်တောင်ကို ခုနစ်ထပ် ပတ်ခွေပြီး ပါးပျဉ်းနဲ့ ဖုံးပြီး သဘာလ မြတ်စွာဘုရားကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ဖို့ လုံ့လပြုတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က တန်ခိုးအဘိညာဉ် အရာမှာ ဧတဒဂ် ရတော်မူတဲ့ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်ကြီးကို နှိမ်နှင်း ဆုံးမတော် မူစေတယ်။

''ဒါကိုနှိုးနွှယ်ပြီးပြောရရင်လဲ မိမိထက်စည်းစိမ်ချမ်းသာ၊ရာထူးရာခံ ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးများက မိမိကို အသင်သေး အမြင်သေးပြီး နှိမ့်ချ၊ ဖျက်ဆီးလိုသူများ ရှိလျှင် နန္ဒောပနန္ဒ နဂါးမင်းအား အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ ဝါ-အာနုဘော်တော်ကို အာရုံပြုခြင်းအားဖြင့် ထိုဘေးရန်မျိုးမှ ပပျောက် အောင်မြင်သွားနိုင်တယ် ဟုတ်ပြီလား''

''ကျွန်တော် မှတ်မိပါပြီဆရာ။ ဒါလဲ လုပ်ငန်းခွင်တိုင်းမှာ စိတ်ဓာတ် နိမ့်ကျနေရသူများအဖို့ အားကိုးစရာ တစ်ခုပါပဲ၊ ကဲ ...နောက်ဆုံး အဋ္ဌမပဲ ကျန်တော့တယ်''

''အေး—နောက်ဆုံး အဋ္ဌမကတော့ ဗကပြဟ္မာကြီးပေါ့ကွာ၊ ဗကပြဟ္မာကြီးဟာ အသက်ရှည်လွန်းသူ ဖြစ်တယ်။ အန္တရကပ် (၆၄) ကပ်၊ အသင်္ချေယျကပ်တစ်ကပ် အသက်ရှည်တယ်။ သည်တော့ သူ့အဖို့မှာ အနိစ္စ-မမြဲဘူးဆိုတာ မယုံကြည်ဘူး၊ ဒုက္ခ-ဆင်းရဲတယ်ဆိုတာ မသိဘူး၊ အနတ္တ-အစိုးမရဘူးဆိုတာကို မမြင်နိုင်ဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားက ဥက္ကဋ္ဌမြို့ သုဘဂ တောအုပ်အတွင်း အင်ကြင်းပင်မင်းအရင်း

မှ ကွေးသောလက်ကို ဆန့်သကဲ့သို့၊ ဆန့်သောလက်ကို ကွေးသကဲ့သို့ ပထမဈာန် ပြဟ္မာဘုံသို့ ကြွရောက်တော်မူပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတို့ကို ဟောကြားပြသ ချေချွတ်တော်မူရတယ်။


အဲဒါကိုလည်း နှိုးနှယ်ပြောရလျှင် ရရှိနေတဲ့ အခွင့်အရေးအဆင့် အတန်း အရ မော်ဟပိတ်ဖုံးပြီး၊ တစ်ယူသန်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ကြီးများကို အမြင်မှန်ရအောင် ဆွေးနွေးတင်ပြရမှာ ထို–ဗကပြဟ္မာကြီးကို အောင် မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးရှိန်စော် အာနုဘော်တော် ကြောင့်၊ ဝါ–အာနုဘော်ကို အာရုံပြုခြင်းအားဖြင့် အမြင် ဖြောင့်မှန် လက်ခံ အောင်မြင် လာနိုင်တယ်ပေါ့ကွာ။

ကဲ...သည်တော့ နိဂုံးချုပ်ကြစို့ရဲ့၊ မြတ်စွာဘုရားသခင် ကိုယ် တော်တိုင် ရင်ဆိုင်ရတဲ့ အပြိုင်အဆိုင် ရန်သူကြီးရှစ်ပါးဟာတို့လောက တို့ ကြုံတွေ့နေရတဲ့ ယှဉ်ပြိုင်ခြင်း ခံရတာမျိုး၊ ရန်ပြုခြင်း ခံရတာမျိုး ကလေးနဲ့ နှိုင်းစာရင် မြင့်မိုရ်တောင်နဲ့ ဆီးစေ့လောက်သာ ရှိပါတယ် ကွာ။ ထိုဆီးစေ့လောက်ရှိတဲ့ အတိုက်အခံကလေးတွေကိုတော့ မြတ်စွာ ဘုရား၏ ဘုန်းတော် အနန္တ၊ ဂုဏ်တော် အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုး တော် အနန္တများကို ခိုလှုံ ကြည်ညို အားကိုးတာနှင့်ပဲ နေရောင်ခြည် ရောက် နှင်းတွေပျောက်ရသလို အနှောင့်အယှက် ကင်းကြရမှာပေါ့ ကွာ။

အဲ့သည့် ဘုရားရှိခိုးဂါထာကို ပါဠိ–အနက် အကုန် ရအောင် ကျက်ထားရမယ်။ မြန်မာပြန်အနက်ကို ရထားတော့ အောင်ခြင်းတစ်ပါး စီရဲ့ ဇာတ်ကြောင်းကို မှတ်မိတာပေါ့။ ဂါထာကိုရွတ်တဲ့အခါကျတော့ ပါဠိကိုသာ ရှစ်ကြိမ်၊ ရှစ်ခေါက်ရွတ်ဖို့ လိုပါလိမ့်မယ်။ အောင်ခြင်းရှစ် ပါးဆိုတော့ ရှစ်ကြိမ်ရွတ်တာဟာ သဘာဝကျတယ်ပေါ့ကွာ။ အနက်ကို တော့ ထပ်ကာထပ်ကာ ရွတ်ဖို့မလိုပါဘူး''

''ဟုတ်ကဲ့ ဆရာ၊ ဆရာ ပြောတာကို ရိုသေစွာ မှတ်ယူထား ပါ့မယ်''

(အောင်ခြင်းရှစ်ပါး အကျယ်ကို ''မဟာဗုဒ္ဓဝင်''မှာ ရှုတော် မူကြပါ)။ ။



# မယ်တော်ကြီး ဘိက္ခုနီ

ဗုဒ္ဓမြတ်စွာ၏ သမီးတော်များ ဖြစ်ကြတဲ့ ဘိက္ခုနီ ထေရီအပေါင်းက သက်တော် ရှစ်ဆယ်ရှိပြီဖြစ်သော ဂေါတမီ ထေရီကြီးကို 'မယ်တော်ကြီး' ဘိက္ခုနီလို့ ခေါ်ကြတယ်။ ဆွေတော်အစဉ် မျိုးတော်အစဉ် ဗုဒ္ဓဝင်နဲ့ ဆုံးဖြတ်ရလျှင်ဖြင့် ဘွားတော်ကြီး ဘိက္ခုနီလို့ ခေါ်ထိုက်ကြတာပေါ့။

ဘာဖြစ်လို့လည်းဆိုတော့ ဂေါတမီ မင်းသမီးဟာ မဟာမာယာ မင်းသမီး၏ ညီမအရင်းဖြစ်တယ်။ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန မင်းကြီးက အစ်မတော်အရင်းနှင့်အတူ မိဖုရားကြီးများ အရာချီးမြှောက်ခြင်း ခံရသူ ဖြစ်တယ်။ မယ်တော် မာယာဒေဝီဟာ ဘုရားအလောင်းတော်ကို ဖွားမြင်ပြီးတဲ့နောက် ခုနစ်ရက်မြောက်မှာ နတ်ရွာစံတော်မူတယ်၊ ဒီအချိန်မှာ မဟာပဇာပတိ ဂေါတမီ မိဖုရားက သားတော် နန္ဒမင်းသားကို ဖွားမြင်တယ်။ သို့ပေမယ့် သားတော်ရင်းကို နို့ထိန်းလက်များသို့ အပ်ပြီး ဘုရားအလောင်းတော်ကို ကိုယ်တော်တိုင် နို့ချိုတိုက်ကျွေး မွေးတော်မူခဲ့တယ်။

ဒါကြောင့် ဗုဒ္ဓ၏ မိခင် မိထွေး ဖြစ်တယ်။ ဒီလိုဆိုတော့ သားတော် ဗုဒ္ဓ၏ သမီးတော် ထေရီများက သူ့ကို ဘွားတော်ကြီး ဘိက္ခုနီလို့ ခေါ်ထိုက်တာပေါ့။ အဲသလို ဆွေတော်အစဉ် မျိုးတော်အစဉ် ဗုဒ္ဓဝင်ကို မကြည့်ဘဲ သာသနာဝင်ကိုသာ ကြည့်မယ် ဆိုရင်တော့ ဗုဒ္ဓသာသနာတော်မှာ အမျိုးသမီးများ။ ရဟန်း မိန်းမ ဘိက္ခုနီ ရယ်လို့ ပေါ်ပေါက်လာအောင် ကြိုးကြိုးပမ်းပမ်း စတင်ဆောင်ရွက်ခဲ့သူ ဖြစ်လို့ ဘိက္ခုနီမများကို မွေးဖွားပေးနိုင်တဲ့အတွက် ဘိက္ခုနီအစ ဂေါတမီက ဆိုသလို သာသနာဝင်တွင် မိခင်ကြီးဖြစ်လို့ မယ်တော်ကြီးလို့ ခေါ်ကြတာဟာ ယထာဘူတ ကျပါပေတယ်။

မြတ်စွာဘုရားသခင် ပထမအကြိမ် ကပိလဝတ်ပြည်ကို ကြွရောက်တော်မူတုန်း ကတည်းက မိထွေးတော် ပဇာပတိ ဂေါတမီဟာ နိဂြောဓာရုံကျောင်း အရောက် လိုက်လာပြီး အမျိုးသမီး ဘိက္ခုနီ ရဟန်းမပြုခွင့်ရရန် တောင်းပန်ပါတယ်။ မြတ်စွာဘုရားက မိထွေးတော် ဂေါတမီ၏ တောင်းပန်ချက်ကို သုံးကြိမ်တိုင်တိုင် ဟန့်တား ပယ်ရှားတော်မူလို့ ဝမ်းနည်း ပန်းနည်း ပြန်သွားရပါတယ်။

အကြောင်းကတော့ ဣတ္ထိယန္တယ်ဝင် အမျိုးသမီးများ လွယ်လွယ်နှင့် ဘိက္ခုနီ ပြုခွင့် မပေးဘဲ ခဲရာခဲဆစ် အကြိမ်ကြိမ် လျှောက်ထားတောင်းပန်မှ ခွင့်ပေးတော်မူလို၍ ဖြစ်ပါတယ်။ ဒါမှ ရိုသေ ကျိုးနွံကျင့်ကြံကြမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော ပဉ္စမမြောက် ဝါကပ်တော်မူတဲ့အခါ ကပိလဝတ် ရွှေနန်းတော်ကြီးမှာ 'ကျီးနှင့် ဖုတ်ဖုတ်' ခြောက်သွေ့ ဆိတ်သုဉ်းတော့မလောက်ဖြစ်နေပါပြီ။ ကြည့်လေ မြတ်စွာဘုရား ပထမအကြိမ် ကြွရောက်တော်မူစဉ်က ရွှေအိုးတွေ အမွေတောင်းခိုင်းလိုက်တဲ့ မြေးတော်လေး ရာဟုလာဟာ ကျောင်းတော် ရောက်သွားပြီး ရှင်သာမဏေ ဖြစ်သွားခဲ့ပြီ။ အာနန္ဒာမှ အစ သာကီဝင် မင်းသားခြောက်ယောက်တို့လဲ ဗုဒ္ဓ၏ အခြံအရံ ဖြစ်ရအောင် နောက်တော်သို့ လိုက်ပါပြီး ရဟန်း ဖြစ်ခဲ့ကြ၏။

ဂေါတမီ၏ သားအရင်း နန္ဒမင်းသားဟာလဲ ဇနပဒ ကလျာဏီမင်းသမီးနဲ့ လက်ထပ်မည့်ဆဲဆဲ ဗုဒ္ဓ၏ သပိတ်တော်ကို ပိုက်လို့ နောက်တော်က လိုက်သွားပြီး ရဟန်းဖြစ်သွားခဲ့ပြီ၊ အခြားသော သာကီဝင်မင်းသား ငါးရာတို့လည်း ရဟန်းပြုသွားကြပြီ။ ဘုရင် သုဒ္ဓေါဒနမင်းကြီး ကိုယ်တော်လဲ ထီးဖြူအောက်မှာပင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပြီ။

ရွှေနန်းတော်ကြီးဟာ ဂေါတမီ မိဖုရားကြီးအတွက် ဆိတ်သုဉ်းနေတဲ့ ဇရပ်ကြီးနဲ့ တူနေပြီ။ လောကစည်းစိမ်တွေဆိုရင် ဘာတစ်ခုမှ ခံစားချင်စိတ်လဲ မရှိတော့ဘူး။ အစကတည်းက သံဝေဂရလို့ ဘိက္ခုနီမ ဖြစ်ရပါမယ့်အကြောင်း ဘုရားထံ ခွင့်တောင်းခဲ့တယ်လေ။ အဲဒီတုန်းက နန်းတော်ကြီးတစ်ခုလုံး ယခုလောက်မခြောက်သွေ့သေးပါဘူး။ဒီတော့ အခြေအနေအရပ်ရပ်ကို သုံးသပ်စဉ်းစားလေလေ ဘိက္ခုနီမ မပြုချင်လေ ဖြစ်နေရှာတယ်။

အဲဒီအချိန်မှာ 'ငိုချင်လျက်လက်ဘို့' ခံရသလို ရဟန်း ပြုသွားကြတဲ့ သာကီဝင်မင်းသား ငါးရာတို့ရဲ့ မယားများက သူတို့ပါ ဘိက္ခုနီမ ပြုချင်ပါပြီ။ ဗုဒ္ဓထံတော်သို့လိုက်ပြီး မယ်တော်ကြီးက ခွင့်တောင်းပေးပါလို့ ပူဆာကြဘယ်။ အဲဒီမှာတွင် ဂေါတမီမိဖုရားကြီးက 'ခုတ်စပြီး- လှီးစပြတ်' ဖြစ်အောင် နန်းတွင်းဆတ္တာသည်တို့ကိုခေါ်ပြီး မိမိကစတင်၍ အမျိုးသမီးအားလုံး ဆံပင်များကို ရိတ်ပယ်စေတယ်။ အဲဒီနောက် ဖန်ရည်စွန်းသော အဝတ်တို့ကို စီရင်ပြီး နန်းတွင်းအဝတ်တန်ဆာများကို စွန့်ပယ်ကာ သက်န်းအမှတ်နဲ့ ဝတ်ရုံလိုက်ကြတယ်။

ဗုဒ္ဓသခင်ရှိရာကို ရှိခိုးရည်မှန်းပြီး ကိုယ့်သဘောနဲ့ကိုယ် ဘိက္ခုနီ ပြုလုပ်ကြတယ်။ ဒီလိုပြုတာဟာ ဘိက္ခုနီအစစ်ဘော့ ဖြစ်မလာသေးဘူးလေ။ ဗုဒ္ဓကိုယ်တော်တိုင်က အနုညာတ အနုအည္ဆဲ့ဘ်ခွင့်ပြုမှ သူ၏ သာသနာတော်မှာ ဘိက္ခုနီအစစ် ဖြစ်ကြရမယ်။ အဲဒါက အရေးကြီးဆုံးပေါ့။

ဒီတော့ ဘာလုပ်ကြသလဲ။ ကပ္ပိလဝတ်ပြည်မှ ဝေသာလီအရောက် သက်န်းဝတ်မင်းသမီး ငါးရာနှင့်အတူ ခြေကျင် ထွက်လာခဲ့ကြရဘယ်။ ဒီဘစ်ခါတော့ ဗုဒ္ဓကိုယ်ဘော်မြတ်ထံ မရမနေလျှောက်ထား တောင်းပန်အသနားခံကြပယ်ပေါ့။

မြေပြင် ခြေမတင်ဖူးတဲ့ ရွှေနန်းစံ မင်းမိဖုရားများ ဖြစ်ကြလေတော့ ယူဇနာ ငါးဆယ်ကျော် ဝေးကွာတဲ့ ဝေသာလီပြည်ကို ခြေနင်းဖိနပ် မပါလာကြရလို့ ခြေဖဝါးနုနုကလေးတို့မှာ ဖူးဖူးရောင်ပြီး သွေးခြည် ဥလာကြဘယ်။ ပေါက်ကွဲကုန်လို့ သွေးစိမ်းရှင်ရှင်များ ထွက်လာကြဘယ်။ကိုယ်ဝတ်သက်န်းတို့မှာ ဖုန်အလိမ်းလိမ်း မြူအလိမ်းလိမ်း ညစ်ပေနေကြတယ်။ သူတို့ ကိုယ်ကာယမှာ ချွေးတပြိုက်ပြိုက်နှင့် မောဟိုက် ပင်ပန်းနေကြတယ်။

သွားပါများ ခရီးရောက်ဆိုသလို ဒုက္ခဆင်းရဲနှင့် လျှောက်လာခဲ့ကြရာက ကူဋာဂါရ ကျောင်းတံခါးဝလည်းရောက်ကရော။ချွေကုန်လက်

ပန်းကျပြီး အားရပါးရ ငိုကြွေးလိုက်ကြတယ်။ ခရီးအဆုံးသို့ ရောက်တယ် ဆိုလျှင် အားတွေမာန်တွေ လျှော့ချလိုက်တာနဲ့ ခြေပစ်လက်ပစ် ဖြစ်ကုန်ကြတာပေါ့။

အဲဒီအချိန်မှာ အရှင် အာနန္ဒာက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး မိထွေးတော် ဂေါတမီကို မမျှော်လင့်သော နေရာမှာ မမျှော်လင့်သော ရုပ်ဆင်း သဏ္ဌာန်နဲ့ တွေ့လိုက်ရလို့ အထိတ်တလန့် တုန်လှုပ်သွားတော့တယ်။

''အို....မိထွေးတော် ဂေါတမီ။ ဘယ်လိုဖြစ်လာတာလဲ။ သာကီယကောလိယ မင်းမျိုးတို့ ပျက်စီးကုန်ကြလို့လား။ ဘာကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်လာကြရတာလဲ။ ဘာကြောင့် တံခါးမုခ် အပြင်ဘက်၌ ရပ်လျက် ငိုကြွေးနေပါသလဲ''လို့ မေးတော်မူတယ်။

''အို....အရှင် အာနန္ဒာ၊ မြတ်စွာဘုရားရှင်က မာတုဂါမ မင်းမိန်းမများ ဤဓမ္မ ဝိနယ သာသနာတော်မှာ ရှင်ရဟန်းမ ပြုလုပ်ဖို့ ခွင့်ပြုတော်မမူလို့ ယခုလို ငိုကြွေးနေပါတယ်''လို့ ပြန်လျှောက်တယ်။

အရှင် အာနန္ဒာဟာ မိထွေးတော်ဂေါတမီရဲ့အဖြစ်ကို ကရုဏာသက်သွားတယ်။ ဒီခရီးနဲ့ ဒီခရီး ပင်ပန်းကြီးစွာ လိုက်လာတာကိုလဲ ယူကျုံးမရ ဖြစ်တော်မူရှာတယ်။

ဒါကြောင့်....

''ကြင်နာစရာကောင်းလှတဲ့ မိထွေးတော်ရယ်။ ကျွန်ုပ်ကိုယ်တိုင် နောင်တော် ဗုဒ္ဓထံ မိထွေးတော်တို့ကိုယ်စား လျှောက်ထား တောင်းပန် အသနားခံပေးပါမယ်။ ဤနေရာမှာ ခဏ အပန်းဖြေ နေကြပါဦး''လို့ အားပေးစကား ပြောကြားပြီး ဘုရားထံမှောက် အရောက်လာခဲ့ပါတယ်။

''အို.... ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ မိထွေးတော် ဂေါတမီနှင့် တကွ သာကီဝင် မင်းသမီးတို့ဟာ ဖူးဖူးရောင်သောခြေ၊ မြူလိမ်းကျံသော ကိုယ်ရှိလျက် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲစွာနှင့် ကပိလဝတ်ပြည်မှ ဒီခရီးအထိ လိုက်လာကြပြီး ကျောင်း၏ တံခါးဝမှာ ငိုကြွေးလျက် နေကြပါတယ်။ ဗုဒ္ဓမြတ်စွာသည် သူတို့အား သနားသဖြင့် ဘိက္ခုနီမ ပြုခွင့်ပေးတော်မူပါ ဘုရား''လို့ လျှောက်ထား တောင်းပန်ရှာတယ်။

မြတ်စွာဘုရားက 'မသင့်လျော်ဘူး အာနန္ဒာ။ မာတုဂါမများအား ဘိက္ခုနီ အဖြစ်ရောက်ရန် မလိုလားပါနှင့်' ဟု ပယ်ရှားတော်မူတယ်။

သို့ကလို သုံးလေးကြိမ် တောင်းပန်၍ မရတဲ့အခါ အရှင်အာနန္ဒာက တစ်မျိုးတစ်နည်း လျှောက်ထား ပြန်ပါဘယ်။

''အရှင်ဘုရား၊ သာသနာတော်မှာ မာတုဂါမတို့အဖို့ သောတပတ္တိဖိုလ်ကိုသော်လည်းကောင်း၊ အနာဂါမိဖိုလ်ကိုသော်လည်းကောင်း၊ အရဟတ္တဖိုလ်ကိုသော် လည်းကောင်း၊ ဆိုက်ရောက် နိုင်ပါ သလားဘုရား''

''ချစ်သား အာနန္ဒာ။ မာတုဂါမတို့သည် သောတပတ္တိဖိုလ်ကိုလည်း ဆိုက်ရောက်နိုင်၏။ သဒါဂါမိဖိုလ်ကိုလည်း ဆိုက်ရောက်နိုင်၏။ အနာဂါမိဖိုလ် ကိုလည်း ဆိုက်ရောက်နိုင်၏။ အရဟတ္တဖိုလ် ကိုလည်း ဆိုက်ရောက်နိုင်၏''

''အရှင်ဘုရား၊ မာတုဂါမများသည် ထိုသို့ အရဟတ္တဖိုလ် အထိ ဆိုက်ရောက်နိုင်တယ်ဆိုလျှင် ဘိက္ခုနီမ ပြု၍ ကျင့်ကြံစေဖို့ သင့်လျော်ပါတယ် ဘုရား။ မိထွေးတော် ဂေါတမီဆိုလျှင် အရှင်ဘုရား အပေါ်မှာ အလွန် ကျေးဇူးများခဲ့သူ ဖြစ်ပါတယ်။ အရှင်ဘုရား၏ မိထွေးတော် အရင်း ဖြစ်ခဲ့ပါတယ်။ အရှင်ဘုရား၏ မယ်တော်အရင်း နတ်ရွာစံတော်မူသည့်အခါ ပခုံး လက်နှစ်သစ်ကစပြီး ယုယပိုက်ထွေး နို့ချိုကျွေးခဲ့သူ ဖြစ်ပါတယ်။

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်တောင်းပန်ပါတယ်။ ဤသာသနာတော်၌ မာတုဂါမများ ဘိက္ခုနီ ပြုလုပ်ခွင့် ပေးတော်မူပါ ဘုရား''

''ချစ်သား အာနန္ဒာ၊ မိထွေးတော် ဂေါတမီသည် အကယ်၍ ဂရုဓံ ရှစ်ပါးတို့ကို ခံယူလိုက်နာခဲ့လျှင် မာတုဂါမများသည် ရှင်အဖြစ် ရဟန်းမအဖြစ် ပြုလုပ်ခွင့် ပေးမည်'' လို့ ခွင့်ပြုတော် မူလိုက်ပါတယ်။

ဂရုဓံဆိုတဲ့ လေးလေးစားစား လိုက်နာရမယ့် တရား ရှစ်ပါးက ...

၁။ ရဟန်း ယောကျ်ားကင်းသော ကျောင်းအရပ်၌ ဝါမကပ် မဆိုရ။

၂။ လခွဲ တစ်ကြိမ် ရဟန်း ယောကျ်ားများအား ဥပုသ်ပေးခြင်း၊ အဆုံးအမ ခံယူခြင်း ဟူသော တရားကို တောင်းပန် ရခြင်း။

၃။ ဝါကျွတ်ကာလ ဥဘတော သံဃထံ ပဝါရဏာ ပြုရခြင်း။

၄။ ဂရုဓမ္မ အဋ္ဌာပန ဘိက္ခုနီမသည် ဥဘတော သံဃာ၌ ပက္ခမာနတ်ကို နှစ်စဥ်နှစ်တိုင်း မပြတ်ကျင့်ရခြင်း။

၅။ သိက္ခမာန်အဖြစ် နှစ်နှစ်တိုင်တိုင် ကျင့်နေပြီးမှ ဥဘတော သံဃာ၌ ရဟန်းခံရခြင်း။

၆။ ရဟန်း ယောကျ်ားတို့အား တင်စုံတစ်ခု ပရိယာယ် သွယ် ဝိုက်နည်းနှင့်မျှ မဆဲရခြင်း။

၇။ ရဟန်းတို့ ဟောကြား ဆုံးမတိုင်းသာ လိုက်နာရခြင်း။

၈။ ယနေ့ ပြုစဖြစ်သော ရဟန်းငယ် ကလေးအားပင် ညွှတ် တွား ရိုသေရခြင်းတို့ ဖြစ်ပါသည်။

အရှင် အာနန္ဒာက မြတ်စွာဘုရားထံမှ ဂရုဓံ ရှစ်ပါးနှင့် တကွ ခွင့်ပြုတဲ့အကြောင်းကို မိထွေးတော် ဂေါတမီထံ ဝမ်းသာအားရ ပြန် ကြားတယ်။

မိထွေးတော်ကလဲ မြတ်စွာဘုရား၏ မိန့်တော်မူသော အဆိုပါ တရားတို့ကို အသက်ထက်ဆုံး ဦးထိပ်ရွက်ပန်ဆင်ကာ လိုက်နာ ကျင့် သုံး သွားပါမည်ဘုရားဟု အာမခံတော်မူရှာတယ်။ အဲဒီ နည်းနဲ့ပဲ မိထွေးတော် ပဇာပတိဂေါတမီနဲ့ သာကီဝင် မင်းသမီး အပေါင်းတို့ ဟာ စိတ်လက် ရွှင်လန်း ချမ်းမြေ့စွာ ဘိက္ခုနီသာသနာတော်ကို တောင် တော် မူခဲ့ကြပါတယ်။ မကြာခင်မယ်တော် ဘိက္ခုနီကြီးဟာ အာသဝေါ ကုန်ခန်း ရဟန္တာမကြီး ဖြစ်ပြီးတဲ့နောက် ရတ္တညု တေဒဂ်ကို ရတော် မူပါတယ်။

ရတ္တညု တေဒဂ်ဆိုတာ ပထမဆုံး ဘိက္ခုနီအဖြစ်နဲ့ ညအချိန် လွန်မြောက်အောင် တရားကျင့်သုံးသူဟု အဓိပ္ပာယ် ရပါတယ်။(ဘိက္ခု ရဟန်းတော်များထဲမှာတော့ အရှင် ကောဏ္ဍညမထေရ်ကြီးဟာ ရတ္တညု တေဒဂ် ရတော်မူတဲ့ အရှင်သူမြတ်ကြီး ဖြစ်ပါတယ်။)


မယ်တော် ဘိက္ခုနီကြီးမှအစ အခြားသော ရဟန္တာ ထေရီ များရဲ့ ဖြစ်စဥ် ဝတ္ထုတို့ကို ထေရီအပဒါန်ကျမ်းနှင့် မနောရထပူရဏီကျမ်းတို့မှာ ပါရှိပါတယ်။ ထိုကျမ်းကြီးများမှာ ပါဠိဘာသာနဲ့ ကျမ်းကြီးကျမ်းခန့် မြန်မာပြန် အရေးအသားကြောင့် ခေတ်လူငယ်များအဖို့ အလွယ်တကူ နားမလည်နိုင်တဲ့အတွက် စိတ်ဝင်စားမှုနည်းပါးပြီး သူတို့နဲ့ ကွာလှမ်း နေကြပါတယ်။

အဲဒီသဘောကို ရိပ်မိ သိရှိတဲ့ ဒဂုန် မဂ္ဂဇင်း အယ်ဒီတာချုပ် လယ်တီ ပဏ္ဍိတ ဆရာ ဦးမောင်ကြီးက လွန်ခဲ့တဲ့ အနှစ် ခြောက်ဆယ်

ကျော်မှ စပြီး သူ၏ဒဂုန်မဂ္ဂဇင်းမှာ အရပ်သုံး မိသားစုပြော ဝေါဟာရများဖြင့် တန်ဆာဆင်ကာ ထေရီ ဘာသာပြန် ဟူ၍ လက်မှွန်မဆွ ရေးသားခဲ့ပါတယ်။

ဒဂုန် မဂ္ဂဇင်းပါ ထေရီ ဘာသာပြန်များကို အမျိုးသမီးငယ်တိုင်း နှစ်လိုအားကျ စွဲမက်ပြီး လစဉ်လစဉ်ဆက်၍ အငမ်းမရ ဖတ်ရှုခဲ့ရပါတယ်။ ထိုသို့ စိတ်ဝင်စားစွာ ဖတ်ရှုခဲ့ရတဲ့ အမျိုးသမီးငယ် အချို့ဟာ သီလရှင် ဆရာကလေးများ ဖြစ်သွားကြပြီး ယခု အခါ ဆိုလျှင် စာတတ် ပေတတ် အကျော်အမော် ဆရာကြီးများ ဖြစ်ကုန်ကြပါပြီ၊

လယ်တီ ပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏ ကျေးဇူးများကို ဂုဏ်ပြုသော အနေနှင့် ယခု တစ်ဖန် ပြန်လည်ဆန်းသစ် ထွက်ပေါ်လာတဲ့ ဒဂုန်မဂ္ဂဇင်းမှာ အသက်ပါ 'မယ်တော်ကြီး ဘိက္ခုနီ' အပဒါန် ဝတ္ထုကို ရေးသား၍ ပူဇော်လိုက်ပါတယ်။



# တပည့်တော်မ ယသော်ဓရာ

ဘဒ္ဒကစ္စနာဟုလည်း အမည်တွင်သော ယသော်ဓရာ မင်းသမီးသည် ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသား၏ မိဖုရား ခေါင်ကြီးဖြစ်ခဲ့သည်။

အလောင်းတော် မင်းသားနှင့်အတူ ရမ္မ သုဘ သုရမ္မ တည်းဟူသော နန်းမ သုံးဆောင်ဝယ် ရွှေမိုးဆောင်း အလဲလှယ် ရွှေနန်းစည်းစိမ်ကို ခံစားခဲ့ရသည့် ပါရမီရှင် ဖွားဖက်တော် ဖြစ်ခဲ့သည်။

သားတော် ရာဟုလာကို ဖွားမြင်တော် မူပြီး သည့် နောက် အလောင်းတော်မြတ် မဟာနိက္ခမ တောထွက်ကြွသွားတော် မူခကဆိုလျှင် 'ငယ်ခါ ရွယ်သစ်၊ ဆယ်ကျော်နှစ်က၊ ကြင်ချစ်ကျွမ်းဝင်၊ ကျွန်ုပ်သခင်ကို၊ ဘယ်တွင်ဆိတ်စာ၊ခွဲဖူးပါပဲ၊ ကြမ္မာနတ်ဘုန်း၊ဘယ်သို့မုန်း၍၊ ဘုန်းဘုန်းထိပ်တင်၊ နန်းကြီးရှင်နှင့်၊ မယ်ခင်နှမ၊ ယခုမှသာ၊ ကွဲကြကွာသော်၊ လူ့ရွာမှတ်ရေး၊ ဥစ္စာကြွေးထက်၊ ချစ်ကြွေး တင်ဆက်၊ ဆင်းရဲနက်ဟု၊ စဉ်ဆက်ထိမျှ၊ ဆိုကုန်ကြသို့၊ဘဝမကြွယ်၊ ချစ်မပြယ်ဘဲ၊ မစယ်ခန္ဓာ၊ ရှင်စဉ်ခါ၌၊ နာနာဘာဝေါ၊ ဝိပ္ပယောဖြင့်၊ လတ်တလောကွေ၊ ကွဲရထွေကို၊ သက်သေသော်ပင်၊ မြတ်မည်ထင်ခဲ့၊ ရွှေရင်အုံနူ၊ မီးပုံစုသို့၊ ကျွမ်းလုသည်းတွင်း၊ လောင်ပူပြင်းသည်၊ ရှင်ခြင်း ဘယ်သို့မြော်နိုင်တို့'ဟု ဆို့နစ်ကြေကွဲ ငိုပွဲကြီး ဆင်ခဲ့ရရှာသည်။

ဘုရားအလောင်းတော်သည် တောဝ္ဝ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံတော်မူပြီ ဟူသော သတင်းကို ကြားသည့်အချိန် မှစ၍ ယသော်ဓရာ ဒေဝီသည် (ရွှေငွေတန်ဆာ ပိုးဖဲကတ္တီပါတို့ကို စွန့်ခွာ၍) ဖန်ရည်စွန်းသောအဝတ်ဘို့ကို မောင်ဘုရားနှင့် အလားတူ ဝတ်ခဲ့သည်။ ဆွမ်းတစ်နပ်သာ စားတော်မူနေပြီဟု ကြားလျှင် ယသော်ဓရာဒေဝီလည်း ထမင်း တစ်နပ်တည်းသာ ပွဲတော်တည်ခဲ့သည်။ မြင့်သောအိပ်ရာနေရာကို စွန့်ပယ်ကြောင်း ကြားလျှင် ယသော်ဓရာဒေဝီလည်း ကြိုးပြားဖြင့်ရက်အပ်သော ညောင်စောင်း၌သာ အိပ်ခဲ့ရှာသည်။ ပန်းနံ့သာစသည်တို့ကို ရှောင်ကြဉ်ကြောင်း ကြားလျှင် ဒေဝီလည်း ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း အမှုဘို့မှ ရှောင်ကြဉ်ခဲ့ရှာသည်။ မျိုးဟူနွယ်တူ မင်းသားတို့က လက်ဆက်ခွင့်တောင်းပန်သည်ကိုမှ ယသော်ဓရာဒေဝီသည် ပေမသဏ္ဍာဖြင့် ပြန်လှန်စောင်းငဲ့ခြင်း မရှိခဲ့။

ဖွားဖက်တော် ကာဠုဒါယီအမတ် ရဟန္တာ၏ ပင့်လျှောက်ခြင်းကြောင့် ခမည်းတော်ရှိရာ ကပိလဝတ်ပြည်တော်သာသို့ မြတ်စွာဘုရား ကြွလာတော်မူပြီဟု ကြားလိုက်သည်နှင့် ရွှေနန်းတော် လေသာပြတင်းက သားတော်မောင် ရာဟုလာကလေးအား ရွှေလက်ကိုဆွဲ၍ဝမ်းနည်းဝမ်းသာ ခမည်းတော်ကို ပြခဲ့ရသည်။ နန်းတော်သို့ ကြွတော်မူလာသည့်အခါ ဆွေတော်မျိုးတော်တို့က ဖူးတွေ့ကြသည်။ ယသော်ဓရာကား ဆောင်တော်မှထွက်၍ မတွေ့၊ ထွက်၍ မဖူး။

''အရှင်မ၊ မြတ်စွာဘုရားသည် ခမည်းတော်၏ အဖူးအမြော်ကို ခံနေပါပြီ၊ အဆောင်တော်မှ ထွက်ကြွ၍ မြတ်စွာဗုဒ္ဓအား ဖူးတွေ့ပါလော့''ဟု အခြွေအရံများက လာရောက်လျှောက်ထားကြသည်ကို....

''ရှင်မတို့၊ ငါ၏ ကျေးဇူး အထူးရှိခဲ့ပါမူ အရှင့်သား ကိုယ်တော်တိုင် ငါ့ထံသို့ ကြွလာတော် မူလိမ့်မည်။ ထိုအခါမှ ငါသည် အရှင့်ကို ဖူးမြော်မည်''ဟု ကိုယ့် တိုက်ခန်းမှာ ကူနွဲ့မပျက် နေခဲ့သည်။ မြတ်စွာဘုရားသည် ပါရမီရှင်၏ စိတ်ထားကို သိတော်မူသဖြင့် ခမည်းတော်နှင့် တကွ အဂ္ဂသာဝက နှစ်ပါးခြံရံကာ ယသော်ဓရာ ရှိရာ တိုက်ခန်းသို့ ကြွမြန်းတော် မူသည်။ ထိုအခါတွင်မှ ဘုရား ခြေဖမိုးတော်ကိုပါးအပ်၍ မျက်ရည်ကန်ပေါင် ကျိုးအောင် အတိုးချ၍ ငိုခဲ့ရသည်။ မြတ်စွာဘုရားက ယသော်ဓရာ၏ ဂုဏ်ကို ထုတ်ဖော်သည့် အကြောင်း ဖြစ်သော 'စန္ဒကိန္နရီ'ဇာတ်တော်ကို ဟောကြား ချီးမြှင့်တော် မူခဲ့သည်။

ထို့နောက် ညီတော်နန္ဒ မင်းသားကိုဇနပဒကလျာဏီမင်းသမီးနှင့် လက်ထပ်ပေးရာတွင် ဗုဒ္ဓ ကြွလာ၍ နိဂြောဓာရုံ ကျောင်းအရောက်

နန္ဒမင်းသားအား သပိတ်တော်ကို ထမ်းစေ၍ ရဟန်း ပြုပေးသည်။ ထို့အပြင် မိမိသားတော်ရာဟုလာ မင်းသားကလေးအား အမွေတောင်းခိုင်းရာ မြတ်စွာဘုရားက ဓမ္မအမွေဟူ၍ ရှင်သာမဏေပြုလိုက်ပြန်သဖြင့် ယသော်ဓရာမှာ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးနှင့်ထပ်တူ ဝမ်းနည်းအားငယ်ကြရသည်။

မြတ်စွာဘုရား ငါးဝါအရတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထီးဖြူအောက်မှာပင် အရဟတ္တဖိုလ်ရောက်၍ ပရိနိဗ္ဗာန်ဝင် စံတော် မူသည်။ မိထွေးတော် ဂေါတမီလည်း တူတော် အရှင် အာနန္ဒာက မြတ်ဘုရားထံ အသနားခံပေး၍ ဦးစွာ ပထမ ဘိက္ခုနီ ရဟန်းမ ဖြစ်ဖို့ အခွင့်ရသွားသည်။

ထို့နောက်ကား ယသော်မတော်ဇနပဒကလျာဏီ ဘိက္ခုနီပြုသွားပြန်ရာ ယသော်ဓရာသည် အလွန်စိတ်ဓါတ်ကျကာ အားငယ်စွာဖြင့် ဤသို့ တွေးမိသည်။

"ငါတို့သခင် ဘုရင် သုဒ္ဓေါဒန စောမြတ်လှလည်း ဘဝစကန် ငြိမ်းခဲ့ပြီ။ နန်းရိုး ဥပရာဇာ ဖြစ်တော်မူသော နန္ဒမင်းသားလည်း ဘုရားဘက်သို့ ပါချေပြီ။ ထို့နောက် နန်းလျာ ရည်စူးပါသော ရာဟုလာမင်းစစ်၊ ငါ့ရင်နှစ်ကိုလည်း ရှင်ချစ်ဘုရား ယူလေပြီ။သည်ကဲ့သို့သောရဟန်းပြုကြလျှင် ဘေးလောင်းတော် ဥက္ကာမုခမင်းမှ စ၍ ပြုစု တည်ထောင်ခဲ့သော ဤကပ္ပိလဝတ်ပြည်ကြီး ရွှေထီးရွှေနန်းသည် စိုးမြန်းဆက်ခံသူ ဆုံး၍ သုဉ်းဖျင်း ပျက်စီးတော့မည်။ ငါသည် အဂ္ဂမဟေသီဖြစ်ခဲ့စေကာမူ မိန်းမသားသာ ဖြစ်၍ မင်းမှုခြင်းငှာ မသင့်သေး။ ငါ့ရင်သွေးရာဟုလာကိုသာ ဘုရားထံမှ တောင်း၍ ထီးဆောင်း ဘိသိက်ခံစေအံ့"

ဤသို့ကြံ၍ အခြံအရံဖြစ်သောမောင်းမမှူးမတ်တို့နှင့်တကွရထားစီး၍ ဘုရားထံ လာခဲ့သည်။ ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင်အား ဤသို့ လျှောက်သည်။

"ဘုန်းတော် ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်၏ အစီးအပွားကိုသာ ကျင့်ဆောင်တော် မမူပါလင့်။ (ကိုယ်၏ အလိုသာ ကိုယ် မလုပ်ပါနှင့်) သတ္တဝါတို့၏ အစီးအပွား၊ ဆွေတော် မျိုးတော်တို့၏ အစီးအပွားကိုလည်း ကျင့်တော်မူပါ။ ယခု တပည့်တော်မတို့၏ ကပ္ပိလဝတ်ပြည်သည် ရောင်ခြည်မဲ့သော ကျောက်၊ အတောက်အခိုး မဲ့သော မီးဖဲ့သို့ ထီးကောင်းနန်းနေသုဉ်း၍ ပြည်လုံး ဂုဏ်သရေ မဲ့ချေပြီ။ သားတော် ရာဟုလာကို သာသနာမှ ထွက်၍ထီးဆက် နန်းရ ဆက်ခံအုပ်စိုးစေမှ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းနှင့်တကွ ပြည်သူ ပြည်

သားတို့ကိုးစားမှီတင်းရာရှိပါတော့မည်၊သို့ဖြစ်၍ရာဟုလာသတို့သားကို တပည့်တော်မအား ပေးတော်မူပါ၊ ဘေးတော် ဘိုးတော်တို့၏ အမွေ အနှစ်ကို ခံစားပါစေ''

မြတ်စွာဘုရားသည် ထိုးရေးနန်းရေး စိတ်မအေးသောရာဟုလာ၏ မယ်တော်ကို တရားရေအေး ဤသို့ တိုက်ကျွေးတော်မူသည်။

''အချင်းဘဒ္ဒကစ္စနာ၊ ငါဘုရားကား ကိုယ်တော်၏ အစီးအပွားကိုသာလည်း ကျင့်တော်မမူ။ ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့၏ အကျိုးစီးပွားကိုသာလည်း ကျင့်တော်မမူ။ အလုံးစုံသော ဘုံသုံးပါး၌ ဖြစ်ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကိုပင် ရင်သွေး ရာဟုလာနှင့် မခြား သနား ကြင်နာတော်မူသဖြင့် ထိုသူတို့၏ အစီးအပွားကိုပင် ငါ ကျင့်တော်မူ၏။ သင် လျှောက်ထားသော အရေးကား သားတော် ရာဟုလာ၏ ချမ်းသာ စီးပွားကြောင်းလည်း မဟုတ်။ သင့်၏ ချမ်းသာ စီးပွားကြောင်းလည်းမဟုတ်၊ ဆွေတော် မျိုးတော်တို့၏ အစီးအပွားလည်း မဟုတ်။ ယုတ်ညံ့စွာသော ဤလောကီ စည်းစိမ်ကို ခံစံသဖြင့် သံသရာ ဝဋ်၌ ဆီပွတ်ယန္တရားကဲ့သို့သွားလာကျင်လည်ရခြင်း၏အကြောင်းသာ ဖြစ်သည်။ သင်သည် သံသရာက ပါရမီဖြည့်ဖက်ဖြစ်သော ငါဘုရားနှင့် လည်းကောင်း။ သား ရာဟုလာ မဟာ ဆွေတော် မျိုးတော်တို့နှင့် လည်းကောင်း စုံပေါင်းမကွာ၊ ခေမာဘူမိ၊ သိရိပဝရ ပြည်မ နိဗ္ဗာန်ကို လျှင်မြန်စွာ လိုက်ရအောင် ဤလူ့ဘောင်မှ ခွာသန်း၍ ငါ၏ သာသနာ၌ ရဟန်းသာ ပြုဘိလော့''ဟု မိန့်တော်မူသည်။

ယင်းသို့ ဆန်းကြယ်စွာသော ကာမာဒီနဝ၊ နေက္ခမ္မာနိသံသ ဓမ္မကထာကို ကြားနာရသော ယသော်ဓရာသည် လေးပါးသော သစ္စာကို မြင်၍ ဘုရားသခင်အား ညွတ်တွား ပူဇော်ခဲ့ပြီးသော် ကျောင်းတော်မှ သက်ခဲ့၍ အခြံအရံဖြစ်သော မောင်းမတို့နှင့် တကွ ဇနပဒ ကလျာဏီ ထေရီ၏ အထံ၌ ရဟန်းပြုလေသည်။

မကြာမြင့်မီပင် ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ် ခြောက်ပါး၊ သမာပတ် ရှစ်ပါး၊ တရားအထူးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သည်။ ထိုအခါ သာသနာ၌'ဘဒ္ဒကစ္စနာထေရီ'ဟု ထင်ရှားသည်။ ဘဒ္ဒကစ္စနာထေရီသည်ပုဗ္ဗေနိဝါသ ဉာဏ်အရာ၌ဘစ်ပါးသော ရဟန္တာမတို့ထက် ကဲလွန်စွာ မြင်နိုင်သည်။ ပဋိလောမအားဖြင့် ပြန်၍ရေသော် တစ်သင်္ချေ၊ နှစ်သင်္ချေမှ အစ တစ်ဆယ့်ခြောက် သင်္ချေသော ကာလ၌ ဖြစ်ဖြစ်သမျှ ဘဝအစုကိုလည်း တစ်ခုသော အာဝဇ္ဇန်းရှိသော ပီတိစိတ်အစဉ်ဖြင့် တစ်ပြိုင်နက် မြင်နိုင်သည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဘဒ္ဒကစ္စနာသေရီကို သာဝတ္ထိပြည်သို့ ရောက်သောအခါ 'မဟာဘိညာ' တေဒဂ်အရာ၌ ထားတော်မူသည်။

ငယ်စဉ်က ရွှေ အဆင်းကဲ့သို့ ဝါဝင်းသော အသားအရေ ရှိခြင်းကြောင့် 'ဗိမ္မာရွှေလှော်-မယ်ယသော်' ဟု ဘွဲ့ပေးကြရသည်။ လောကဇမ္ဗူတစ်ခွင်၌ ဘုရားလောင်း သိဒ္ဓတ္ထ မင်းသားမှ လွဲလျှင် ယသော်ဓရာသည်သာ အလှဆုံး ဖြစ်ခဲ့သည်။

ယခုကား၊ သက်တော် ခုနစ်ဆယ့်ရှစ်နှစ် ရှိခဲ့ပြီ။ သတ္တဝါတိုင်း မကောင်းသော ဇရာမင်း၏ အလှ ဖျက်ဆီးခြင်းကို ခံနေရရှာပြီ။ ထိုဇရာမှသည် မရဏာသို့ ဝင်ခါနီး ကပ်ခဲ့ပြီ။ ထို့ကြောင့် ပရိနိဗ္ဗာန်ပြုအံ့သော ဌာ ကျေးဇူးတော်ရှင် မြတ်ဘုရား သခင်အား နောက်ဆုံး ဖူးမြင်ရအောင် ကြွတော်မူလာခြင်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာနှင့် ထေရီယသော်ဓရာ နှစ်ပါး နှစ်ဆူ ယခုကဲ့သို့ ဆုံတော်မူကြသောအခါ ဘုရားရှင် ကိုယ်တော်မြတ်မှာလည်း သက်တော် ခုနစ်ဆယ့်ရှစ်နှစ်ပင် ဖြစ်၍ ဆည်းဆာ အချိန်တွင် တောက်ပနေသော နေဝန်းကဲ့သို့ ပို၍ပင် ညို့သက် လှပလျက် ရှိသောကြောင့် အနောက်မျက်နှာအရပ်သို့ ငင်စံအံ့ဆဲဆဲ နေမင်းနှင့် လမင်းတို့ နှစ်ပါး ပြိုင်သလို ရှိနေသည်။

ဗုဒ္ဓဇဉ်များသာဆိုလျှင် အနမတဂ္ဂ သံသရာ ဆဝပေါင်း ကုဋေကုဋာ တွေ့ဆုံ ပေါင်းဖက်လာခဲ့ကြသူနှစ်ဦး အပြီးသတ် အဆုံးသတ် ခွဲခွာကြတော့မည်ဖြစ်၍ အာသဝေါ တရားဖြင့် လွမ်းစရာ ဆွေးစရာ အတွေးနယ်ခဲ့ချင်တိုင်း ခဲ့ဖွဲ့ ကောင်းကြပေလိမ့်မည်။ ယခုသော်ကား ခန္ဓာဝန်လက်စသိမ်း၍ ငြိမ်းအေးခြင်း ဟူသမျှတို့၏ အထွတ်အထိပ် ဖြစ်သော အသခ်တသို့ အဆုံးသတ် ကြွဝင်မည့်ကို ဝမ်းမြောက် ကြည်နူးစနကြသည်။ ထို အကျိုးအမြတ် ဆုကြီးကို လက်ဝယ်ပိုင်အောင် ပါရမီ ဆယ်ပါး အပြားသုံး၊ ဆယ်အားဖြင့် ကမ္ဘာသင်္ချေ ဆည်းပူးခဲ့ကြရသည် မဟုတ်လား။

"ဘုန်းတော်သခင်-အရှင်မြတ် ဘုရား။ တပည့်တော်မ ယသော်ဓရာပါ ဘုရား" ဟု နှုတ်ဆက် ဦးချ အရိုသေဆုံး တုပ်ကွ ရှိခိုးလိုက်သည်ကို ဗုဒ္ဓမြတ်စွာက အသိအမှတ်ပြုသောအားဖြင့် ဆိတ်ဆိတ်သာ ကြည့်တော်မူနေသည်။ ဘုရား ကိုယ်တော်မြတ်၏ ပရိသတ်လေးပါးကလည်း အဓိကာရ အထွတ်အထိပ် ပါရမီရှင်ကြီး နှစ်ဦး နှစ်ဆူ တွေ့တော်မူကြသည့် အခမ်းအနားကို ပင့်သက် ဖိုလှိုက် အာရုံစိုက်နေကြသည်။ ပရိသတ်

ကြီးက တုတ်တုတ် မလှုပ်။ အသံ အသက် မရှိသလို တိတ်ဆိတ် ငြိမ်သက်နေကြသည်။ ထိုအတွင်း ယသော်ဓရာထေရီကြီးက ပြတ်သား ကြည်လင်စွာ လျှောက်ထား၏။

''မဟာမုနိ မြတ်စွာ ဘုရား။ ယသော်ဓရာခေါ် တပည့်တော်သည် ခုနစ်ဆယ့်ရှစ်နှစ် ရှိပြီ ဖြစ်၍ နောက်ဆုံးသော အရွယ်သည် ဖြစ်ပါပြီ။ ရင့်ရော် ယိုယွင်း အိုမင်းပါပြီ။ ဇီဝိတ် အသက် နည်းပါပြီ။ အရှင်ဘုရားတို့ကို ပယ်စွန့်၍ သွားရပါတော့မည်။ တပည့်တော်မ၏ ကိုးကွယ်ရာကို ပြုပြီးပါပြီ။

အရှင်ဘုရားကို လျှောက်ကြားပါ၏။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မ ယသော်ဓရာသည် ယနေ့ည ပရိနိဗ္ဗာန် စံပါမည်''

ထိုစကားကို ကြားကြသော ပုထုဇဉ်တို့သည် လည်းကောင်း၊ သောတာပန်တို့သည် လည်းကောင်း၊ တိတ်တခိုး ငိုရှိုက်ကြကုန်၏။ ပင့်သက်ချကြလေ၏။ မျက်ရည်သုတ်ကြလေ၏။ ယသော်ဓရာထေရီကြီးက မတုန်မလှုပ် ဆက်၍ လျှောက်ကြားပြန်သည်။

''ကျေးဇူးတော်ရှင် သခင်မြတ်ဘုရား၊ တပည့်တော်မ ယသော်ဓရာသည် မဟာကရုဏာအရှင်၊ သခင် ဘုရားကို မှီ၍ ဇာတိဇရာ ဗျာဓိ မရဏာ ဒုက္ခ မရှိ၊ မအိုမသေ အမြဲနေသော အသင်္ခတနိဗ္ဗာနဓာတ်သို့ ရောက်ပါတော့အံ့။ အရှင်ဘုရားအား လျှောက်ကြား ခွင့်ပန်ပါ၏။ ယခုအခါ မြတ်စွာဘုရား၏ အထံတော်သို့ ရောက်ရှိလာကုန်သော ပရိသတ် အပေါင်းတို့၊ အကျွန်ုပ် ယသော်ဓရာ၌ အပြစ်ရှိငြားအံ့။ တောင်းပန်ဝန်ချကန်တော့ပါ၏။ အားလုံးသော ပရိသတ်တို့သည် မြတ်စွာဘုရားရှေ့တော်၌ အကျွန်ုပ်က တောင်းပန်ဝန်ချသည်ကို သည်းခံကြပါကုန်လော့''

ပရိသတ်တို့၏ သာဓု ကောင်းချီးသံသည် ဘဝဂ်သို့ လျှံတက်သွားလေသည်။

''ကြီးသော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ ဘဝများစွာ သံသရာ၌ ကျင်လည်ခဲ့၍သည်း အရှင်ဘုရား၌ တပည့်တော်မ၏ ချွတ်ချော် တိမ်းပါးခြင်းသည် အကယ်၍ ရှိငြားအံ့။ လျှောက်ကြားခွင့်ပန်ပါ၏။ တပည့်တော်မ၏ အပြစ်ကို သည်းခံတော်မူပါ မြတ်စွာဘုရား''

ထိုအခါ မြတ်စွာဘုရားကိုယ်တော်၏ ဗြဟ္မာမင်း၏ အသံနှင့် တူသော အသံသည် သာယာ ကြည်အေးစွာ ပေါ်လာခဲ့သည်။

''ငါ ဘုရား၏ ဆုံးမစကားကို နားထောင်၍ လိုက်နာ ပြုကျင့်လေ့ရှိသော ယသော်ဓရာထေရီ၊သင့်၌ အပြစ် တစ်စုံတစ်ရာ မရှိပါချေ။ လျှောက်လိုသမျှ ဆက်လက်၍ လျှောက်ကြားပါဦးလော့''

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်မ ယသော်ဓရာသည် သာကီဝင်မျိုး၌ မွေးဖွား၍ မိန်းမ၏ ကျက်သရေအပေါင်းနှင့် ကောင်းစွာတည်လျက်၊ အရှင်ဘုရားစံတော်မူသော ရွှေနန်းတော် သုံးဆောင်၌ မိဖုရား ဖြစ်ခဲ့ပါ၏။ တစ်သိန်းကိုးသောင်းခြောက်ထောင်ကုန်သော မိန်းမတို့ထက် လွန်မြတ်သည် ဖြစ်၍ အဂ္ဂမဟေသီ ဖြစ်ခဲ့ပါ၏။ မြတ်စွာဘုရားကိုထား၍(မြတ်စွာဘုရားမှ လွဲလျှင်)အထင်းလှခြင်း၌ တူမျှသူ မရှိခဲ့ပါဘုရား။ အရှင်ဘုရား၏ ခြေတော်ကို ရှိခိုးပါ၏၊ တပည့်တော်မ ယသော်ဓရာသည် ဣဒ္ဓိဝိဓအဘိညာဉ်၌ လျင်မြန်စွာ လေ့လာနိုင်ပါ၏။ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု အဘိညာဉ်တို့ကိုရ၍ အလုံးစုံသော အာသဝေါတို့မှ ကုန်ခန်း၍ နောက်ဘဝဖြစ်ပျက်ခြင်း မရှိတော့ပါဘုရား။ အရှင်ဘုရား၏ အထံတော်မှ ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုလည်း ရခဲ့ပါပြီ ဘုရား။ အရှင်ဘုရား၏ အကျိုးငှာ ရှေးရှေးသောဘုရားတို့အထံတော်၌ များစွာသော ပါရမီ အဓိကာရ ကုသိုလ်တို့ကို ပြုခဲ့ပါသည် ဘုရား။ အရှင်ဘုရား၊ တပည့်တော်မ၏ ပါရမီတို့ကို အရှင်ဘုရား အောက်မေ့တော်မူပါ ဘုရား''ဟု ရိုသေစွာ ကန်တော့ ရှိခိုး၍ လျှောက်ထားသည်။ ယသော်ဓရာထေရီသည် မိမိကိုယ်တော်တိုင်လည်း ပုဗ္ဗေနိဝါသ အဘိညာဉ်ရပြီး ဖြစ်သည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ရပြီး ဖြစ်သောကြောင့် ဤသို့ တိုင်တည်လိုက်ခြင်းဖြစ်ရာ မြတ်စွာဘုရား ကိုယ်တော်က သည်းခံတော်မူလေသည်။

''ဘုန်းတော်သခင် အရှင် မြတ်ဘုရား။ တပည့်တော်မ ယသော်ဓရာသည် မပြုကျင့်ထိုက်သော အရာကို ရှောင်ကြဉ်၍ အရှင်ဘုရား၏ ပါရမီ အကျိုးငှာ အသက်ကို စွန့်ဖူးပါသည်။ ဘဝပေါင်းကုဋေတစ်ထောင်မက တပည့်တော်မကို သူတစ်ပါးမယား အသို့ငှာ အရှင်ဘုရားသည် လှူဖူးပါ၏။ အရှင်ဘုရား၏ ဘုရားဆုကို ပြည့်စေခြင်း အကျိုးငှာ ထိုသို့ လှူရာ၌ 'လှူရက်လေခြင်း၊ စွန့်ရက်လေခြင်း'ဟု ဝမ်းတွင်းပူဆာ စိတ်မသာခြင်း မဖြစ်ခဲ့ဖူးပါ မြတ်စွာဘုရား။ ဘဝပေါင်း ကုဋေတစ်ထောင်မက သူတစ်ပါး၏ အစေခံ ကျွန်အဖြစ် လှူဒါန်းခဲ့ဖူးပါသည်။ ထိုသို့ လှူရာ၌လည်း တပည့်တော်မ စိတ် မသာယာခြင်း မဖြစ်ဖူးပါ''

မြတ်စွာဘုရားသည် ယသော်ဓရာ၏ စကားကို မှန်သော သစ္စာအဖြစ် လက်ခံ သည်းခံနေတော် မူသည်။

''သဗ္ဗညုတ တရားအပေါင်း၏သခင် ရွှေညာဏ်တော်ရှင် ဘုရား၊ ဘဝပေါင်း ကုဋေတစ်သောင်းက အရှင်ဘုရားအား ဘေးလွတ်အောင် ပြုလျက် တပည့်တော်မ၏ အသက်ကို လှူဖူးလှပါပြီ၊ ဥစ္စာစပါး ရွာနိဂုံး ယာမြေ လယ်မြေတို့ကို လည်းကောင်း၊ ဆင်မြင်း ကျွန်သွား အစေခံအခြွေ အရံ ကျွန်မ ယောကျ်ားသမီးသားတို့ကို လည်းကောင်း လှူဖူးပါသည်။ မြတ်သော အလှူကို ပေးလှူတတ်သော အရှင်ဘုရားက အလှူကို ပေးလှူအံ့ ဟူ၍ တပည့်တော်မအား တိုင်ပင်လေသမျှ တပည့်တော်မ၏နှလုံး နောက်ကျ ခြင်းကို မဖြစ်ဖူးပါ။''

ပရိသတ် လေးပါးသည် ယသော်ဓရာ၏ လျှောက်ကြားသော စကားကြောင့် 'အဟော ဝတ' အံ့ဖွယ်ရှိလေစွဟု အနုမောဒန ပြုကြကုန်၏။ မြတ်စွာဘုရားသည် ပဘ္ဘိဒါနပတ္တာနုမောဒန ဖြစ်ကြစေရန် သည်းခံနား ဆင်တော်မူလျက် ရှိသည်။

''မဟာဝီရ- ကြီးသော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ အကျိုးငှာ အထူးထူး အပြားပြားသော၊ များစွာသော ဆင်းရဲတို့ကို ဘဝပေါင်း ကုဋေကုဋာ ခံစားခဲ့ဖူးပါပြီ။ ချမ်းသာလျှင် ဝမ်းမြောက်ပါ၏။ ဆင်းရဲရောက်သော် နှလုံးနောက်ခြင်းမရှိပါ။ အလုံးစုံ၌ အရှင်ဘုရားနှင့် တူမျှသောစိတ် ရှိခဲ့ပါသည် ဘုရား''

''မဟာမုနိ နိဗ္ဗာန်ပြည်နန်း ပျော်စံမြန်းသည့် ရဟန်းထိပ်တင် မြတ်ရှင်ပင်။ အရှင်ဘုရား၏ ကောင်းကျိုးအတွက် တပည့်တော်မ၏ ဆုတောင်းပတ္ထနာ အကြောင်းရှာ၍ ပါရမီထူး ဆည်းပူးရာ၌ မကြောက် မရွံ့ နောက်မတွန့်ဘဲ လေးရပ်သစ္စာ၊ ဆယ်ဖြာသုံးလီ ပါရမီ ဖြည့်စွက်၊ ကြင်ဖော် ကြင်ဖက်၊ လည်ချင်းယှက်၍ လက်တွဲ သွားလာ မကွာမကွေ အတူနေသော ခြေရင်း အလုပ်အကျွေးသည် ဖြစ်ရစေကြောင်း အသိန်း အသောင်းသော ပွင့်တော်မူကြသည့် ဘုရားရှင်တို့ထံ ဆုပန် တောင်း ဆို ခဲ့ပါသည်။ ထို့နောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ 'တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာ'ဟူ၍ လေးဆူသော မြတ်စွာဘုရားတို့တွင် နောက်ဆုံး ဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသော ကာလ၌ အရှင်ဘုရားသည် သုမေဓာ ပုဏ္ဏားဖြစ်၍ ဒီပင်္ကရာ မြတ်စွာဘုရား၏ ရွှေဖဝါးတော်အောက်၊ အသျှားမှောက် ဝပ်စင်း၊ ကိုယ်ကိုခင်း၍ အဘိနီဟာရ ပါရမီ ပြုတော်မူသည့်အခါ တပည့် တော်မ ယသော်ဓရာသည် သုမိတ္တာ အမည်ရှိ ဗြာဟ္မဏကညာ ပုဏ္ဏား သမီးဖြစ်၍ နိယတ ဗျာဒိတ်ပန်းကို အတူတကွ အရှင်ဘုရားနှင့် ဆင်မြန်း ပန်ဆင် ရခဲ့ပါသည် ဘုရား''

မြတ်စွာဘုရားသည် ယသော်ဓရာ ထေရီ လျှောက်ထားသော စကားကို ကြားတော်မူသည့်အခါ ဒီပင်္ကရာ မြတ်စွာဘုရား၏ နိယတ ဗျာဒိတ်စကားကို ယမန်နေ့ကမှ ပေးသနားတော် မူသကဲ့သို့ အပြည့် အစုံ အာရုံထင်ပေါ် သတိတော် ရလိုက်ပါသည်။ ဒီပင်္ကရာ မြတ်စွာ ဘုရားက အလောင်းတော် သုမေဓာအား ဤသို့ ဗျာဒိတ် ပေးတော် မူသည်။


''မဟာကုလသိ-ရသေ့မြတ်စွာ သုမေဓာ၊ ဤ သုမိတ္တာဟု သညာ ပုံ့မွှေး မိန်းကလေးသည်၊ သင်၏ အကျိုးငှာ တူမျှသော စိတ် ရှိသည်၊ တူမျှသော ကိုယ်အမူ ရှိသည်၊ တူမျှသော ပါရမီစာဂီအမှု ပြုလုပ်ခြင်း ရှိသည် ဖြစ်လတ္တံ့။ သုမိတ္တာသည် ရုပ်ရည်အဆင်း သန့်ရှင်း ကြည်လင် ရှုမြင်မဝ နေထိုင် လုပ်ကိုင်ပြုမူ စင်ဖြူ သိုက်မြိုက် အလိုက်သင့်ရာ ကျစ်လျစ်စွာဖြင့် မေတ္တာသစ်လောင်း ချစ်စရာ ကောင်းသည် ဖြစ်၍ လည်းကောင်း၊ တအုံခွေးခွေး ဟရေးရေးမြင် စိတ်မှာထင်၍ ကြည် လင် ရွှင်ပြုံး နှလုံးအသဲ (အသည်း)၊ စွဲမြဲလောက်သည် ဖြစ်၍လည်း ကောင်း၊ တီတီတာတာ နှုတ်ခရာ၍ သာယာချိုလွင် ချစ်ခင်ဖွယ်သော စကား ရှိသည် ဖြစ်၍လည်းကောင်း၊ ထို ဂေါတမဘုရား ဖြစ်လတ္တံ့ သော သင် သုမေဓာ၏ ဆုံးမ ဟောကြား မိန့်မြွက် ထား သည့် လေးပါးသစ္စာ ရှစ်ဖြာမဂ္ဂင်၊ ဗောဇ္ဈင် ခုနစ်ရပ် တရားမြတ်တို့၌၊ သင် ဘုရားမြတ် ဖြစ်တုံလတ်သော် ထက်ကြပ်မသွေ မကွေမကွာ လိုက်ပါ တူစံ အမွေခံ ဖြစ်၍လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ လိုတိုင်းရ၍ လုံးဝဥဿုံ အကုန်အစင် ပြည့်စုံလင်သည် ဖြစ်၍လည်း ကောင်း ဝါ၊ အဘိညာဉ်တန်ခိုး မြေလျှိုးမိုးပျံ လျှန်မြန်ထက်မြက်သည် ဖြစ်၍လည်းကောင်း နေလတ္တံ့''။

မြတ်စွာဘုရားသည် ဒီပင်္ကရာ စောသတ္တာ၏ ဗျာဒိတ်သနား ဆုစကားအရာ နားဖြင့် ဆတ်ဆတ် ယခုမှတ်ရသကဲ့သို့ တပ်အပ် သေချာ ကြားယောင် နေတော်မူသည်။ မှန်၏။ ယသော်ဓရာသည် သံသရာဘဝ ကို ငြီးငွေ့၍ သာသနာတော်၌ ရဟန်းပြုကာ တစ်ဆယ့်ငါးရက် မတိုင်မီ ရဟန္တာအဖြစ်သို့ ရောက်ခဲ့သည်။ သက်တော် ခုနစ်ဆယ့်ရှစ်နှစ် လည်း ရှိခဲ့ပြီ။ အဂ္ဂသာဝကကြီးများသည် ဘုရား ကိုယ်တော်မြတ် အနုပါဒိသေသ ရွှေပြည်နိဗ္ဗာန်မဝင်စံမီ ပရိနိဗ္ဗာန်ပြုကြမြဲ ဖြစ်ရာ ကမ္ဘာ့ ကမ္ဘာ-ဘဝ ဘဝါက ပါရမီဖြည့် ကြင်ဖက်သက်နှံ ဖြစ်ခဲ့ဖူးသော မိန်းမ ထူး မိန်းမမြတ် ယသော်ဓရာ ရဟန္တာထေရီ တောဒင် ရှင်ကြီးသည်

ခန္ဒာ ဝန်ချ၍ ငြိမ်းအေးသော အမတသို့ ကြွမြန်းတော် မူလိုလှရာပြီ။ မြတ်စွာဘုရားသည် ယသော်ဓရာ ထေရီကြီးအား နောက်ဆုံး ချီး မြှောက်ခြင်းအားဖြင့် မမှိတ်သော စက္ခုအစုံဖြင့် ရှုစားတော်မူသည်။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ ဟူသော ဗုဒ္ဓ ကိုယ်တော်မြတ် ပရိသတ် လေးဖော်တို့သည် ဦးရေအားဖြင့် အတိုင်းအတာ မရှိ၊ များပြား ဘိသော်လည်း၊ ဘုရားမြတ်စွာနှင့် ယသော်ဓရာ ထေရီကို အလေး အမြတ် ဂါရဝ ပြုလျက် အသံ အသက် လက်ခြေ မပြင် ရွေ့စင်ဖြင့် သွန်းလုပ်အပ်သော အရုပ်များကဲ့သို့ တုတ်တုတ် မလှုပ် ဆိတ်ဆိတ်ညံညံ ရှိနေကြလေသည်။

ထိုအခါ ယသော်ဓရာ ထေရီသည် အဆုံးစွန်သော ရှိခိုးခြင်းဖြင့် မြတ်စွာဘုရားအား ဤဂါထာကို လျှောက်ကြားလေသည်။

> "ပရိက္ခီဏံ၊ အတိတဉ္စ၊ ပစ္စုပ္ပန္နံ အနာဂတံ။
> သဗ္ဗကမ္မံ မမံ ခီဏံ၊ ပါဒေဝန္ဒာမိစက္ခုမံ။
> "စက္ခုမံ=စက္ခု ငါးပါးနှင့် ပြည့်စုံတော်မူသော
> မြတ်စွာဘုရား၊ အတိကဉ္စ=အတိတ်ကံသည်လည်းကောင်း၊
> ပစ္စုပ္ပန္နဉ္စ=ပစ္စုပ္ပန် ကံသည် လည်းကောင်း၊
> အနာဂတဉ္စ=အနာဂတ် ကံသည် လည်းကောင်း၊
> ပရိက္ခီဏံ=ကုန်ပါပြီ ဘုရား၊ မမံ=တပည့်တော်မ
> ယသော်ဓရာ၏၊ သဗ္ဗကမ္မံ=အလုံးစုံသော ကံသည်၊
> ခီဏံ=ကုန်ပါပြီ မြတ်စွာဘုရား၊ ပါဒေ=အရှင်ဘုရား၏၊
> ခြေတော်မြတ်တို့ကို၊ ဝန္ဒာသမိ=ဦးတိုက်ညွတ်ကြိုး ငုံ့ ဝပ်
> လျှိုး၍ ရှိခိုးပါ၏ ဘုရား။"
> (ထေရီအပဒါန်၊ မဟာ ဗုဒ္ဓဝင်၊ ဇိနတ္ထပကာသနီ၊
> မယ်ဒေဝ လင်္ကာကျမ်းတို့ကို မှီငြမ်းပြုပါသည်။)



# ချော-ချောပါသည်
# လှ-လှပါသည်

ဗုဒ္ဓမြတ်စွာ သိတင်းသုံးရာ ကျောင်းတိုက်ဟူသမျှ တိတ်ဆိတ်ငြိမ်သက်နေခြင်းသည် အထူးအမြတ် အင်္ဂါတစ်ပါး ဖြစ်သည်။

ဘိက္ခု၊ ဘိက္ခုနီ အရာထောင် ရှိစေကာမူ မိမိအမှတ်ဖြင့် မိမိ ဆင်ခြင်နေကြသည်သာ ဖြစ်၍ ဆွမ်းခံကြွကြသည့် အခါမှာ သော်လည်းကောင်း၊ ဆွမ်းခံအပြန်၌သော် လည်းကောင်း၊ ဆွမ်းစားကြသည့် အခါမှာသော် လည်းကောင်း စုရုံး စုရုံး ညံညံစီစီ မရှိကြ။

ဗုဒ္ဓကိုယ်တော် တရား ဟောတော်မူရာသို့ သွားကြမည့်အခါမူ ရွှေရုပ် ကြေးရုပ် စက်ခလုတ် တပ်ထား၍ လှုပ်ရှားနေသလို ကျနွှေ အပြည့်အဝ ရှိလှပါပေသည်။

တစ်ခါက အရှင်သာရိပုတ္တာ၏ တပည့် ဘိက္ခုများနှင့် အရှင်မောဂ္ဂလာန်၏ တပည့် ဘိက္ခုများ စကားပြောသံ သောသောညံ ရှိသဖြင့် ဗုဒ္ဓမြတ်စွာက ကျောင်းတိုက်မှ နှင်အထုတ်ခိုင်းဖူးပြီ။ စကားတွေ ဖောင်ဖွဲ့ နေခြင်းမှာ ပြောဆိုနေသူများအတွက် အကျိုးမဲ့စေသည်သာ

မကာ လောကုတ္တရာ တရား မြတ်ကိုးပါးကို ပိုင်းခြား၊ ထင်ထင် ရှုဆင်ခြင်နေကြသူများအတွက်ပါ အနှောင့်အယှက် ဖြစ်စေသည်။

ထို့ကြောင့် ကျောင်းတိုက်အတွင်း၌ အရိယာ သာဝကများ လေလေ၊ ပို၍ ပို၍ တိတ်ဆိတ်လေ ရှိကြသည်။ တစ်ကျောင်းမှ တစ်ကျောင်းသို့ ကူးသန်း သွားလာမှုကို မတွေ့နိုင်ပေ။

မြတ်စွာ ဘုရား၏ ခွင့်ပြုချက် တစ်ခုတော့ ရှိသည်။

အရိယာ ဘိက္ခု၊ အရိယာဘိက္ခုနီများ ကိုယ်တိုင်က အပဒါန် တရား၊(အပဒါန-မိမိ၏ ဖြစ်စဉ် အချို့အပိုင်း)ကို ပြန်လည် ဟောကြားမည်ဆိုလျှင် ပုထုဇဉ် ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေ၊ သာမဏေရီများပါ သွားလာ ကူးသန်း တရား နာခွင့် ရှိသည်။

ထိုအပဒါန် တရားများကို နာရခြင်းကြောင့် အားကျခြင်း၊ သံဝေဂ ဖြစ်ခြင်း၊ မမွှရသ ခံစားနိုင်ခြင်း အကျိုးကို သိတော်မူ၍ ဖြစ်လေသည်။

ထိုနေ့က အမ္ဗပါလီထေရီ ရဟန္တာမယ်ကြီးက အပဒါန်တရား ဟောတော်မူလိမ့်မည်ဟု ဘိက္ခုနီ ကျောင်းတိုက်အတွင်းမှာ သတင်း ပျံ့နှံ့လာသည်။

မိန်းမသား အချင်းချင်း အတွင်းစကား သိထားကြသည်က တီးတိုးတီးတိုး သဖန်ပိုး လုပ်စရာ ကောင်းလှသည်။

''အဲသည့် ထေရီဟာ တစ်ခါက ဝေသာလီပြည်မှာ ပြည့်တန်ဆာမ ဖြစ်ခဲ့ဖူးသတဲ့တော့''ဟု သမဏဂုတ္တာ အမည် ရှိသော သာမဏေရီကလေးက သူ့အဖော် ရူပဝန္တီသာမဏေရီကလေးကိုကြားဖူးနားဝဖြင့် ဖောက်သည်ချလိုက်သည်။

''အေး....ငါလဲ ကြားဘယ်၊ ဒါပေမယ့် တို့ကို မမွေးခင် ကမ္ဘာကမ္ဘာကြီးက နေမှာပေါ့၊ တို့က အခုမှ ဆယ့်ငါးနှစ်၊ သူက အသက်ရှစ်ဆယ်တောင် ကျော်နေမှ၊ အို....အိုလှပြီ''

''အခု အိုပေမယ့်လဲ အရွယ်ကောင်းတုန်းကဆို သိပ်လှ-သိပ်ချောဆိုပဲ''

''မချော မလှရင် ဘယ်ပြည့်တန်ဆာမ ဖြစ်နိုင်မလဲ''

''အဲ့ပါဟယ်၊ ချောချောလှလှကလေးဆိုရင် မင်းသား တစ်ပါးပါးနဲ့ လက်ဆပ်ယှူလိုက်ပါတော့တဲ့၊ ခုလောက်ဆို ကေရာဇ် တစ်ဦးဦးရဲ့ မိဖုရားခေါင်ကြီး ဖြစ်ချင်တောင် ဖြစ်နေမှာနော်''

''တို့ ဘွားအေက ပြောဖူးတာကြင့် ချောလွန်း လှလွန်းတာနဲ့ သူ့ခမျာ ပြည့်တန်ဆာ ဖြစ်ရရှာသတဲ့''

"မဆိုင်လိုက်တာတော်။ ချောတာ လှတာနဲ့ ပြည့်တန်ဆာ ဖြစ်ရတယ်လို့၊ လူတွင်ပါလို့ နွားကို ကျားကိုက်တာပါ"

သာ မဏော ရီကလေးများ စကားဝိုင်းမှာ သိက္ခမာန်ကလေးများပါ ဝင်ရောက်လာပြီး မေးမြန်း စပ်စုကြသည်။

(သိက္ခမာန်ဆိုသည်မှာ ရဟန်းသာမဏေ မပြုမီ သိက္ခာပုဒ်တော်များကို သင်ကြား သေ့လာနေကြသော ဝတ်ကြောင်၊ သို့မဟုတ် ဖိုးသူတော် မယ်သူတော်ကလေးများ ဖြစ်သည်။)

အရိယာ ထေရီကြီးများသည် များသောအားဖြင့် လူ့ ဘဝ၌ တစ်မျိုးစီ ထင်ရှားကျော်ကြားခဲ့ကြသော မိန်းမထူး မိန်းမမြတ်ကြီးများသာ ဖြစ်ကြသည်။

ဘုရင် ကေရာဇ်၏ မိဖုရားကြီးများ၊ သေဋ္ဌေးသမီးကြီးများ၊ မှူးမတ်ကြီးများ၏ သမီးများ ဘဝဖြစ်စဉ်များကလည်း သူတို့၏ အတွေ့အကြုံမှာ အဖုံဖုံ ထူးခြား ဆန်းကြယ်ခဲ့ကြသည်။

အမ္ဗပါလီထေရီ မယ်ကြီးကိုမူ ပြည့်တန်ဆာမကြီး ဖြစ်ခဲ့ဖူးသည် ဆို၍ ပုထုဇဉ်ရဟန်းပျိုမကလေးများ၊ သာမဏေရီကလေးများက ပို၍ စိတ်ဝင်စားကြသည်။

တစ်ခါက ပြည့်တန်ဆာ ဖြစ်ခဲ့ဖူးသည်ဆိုသော အမျိုးသမီးကြီးသည် ယခု အဘိဉာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးနှင့် တကွရဟန္တာမကြီး ဖြစ်ခနသည်ကား သူတို့ အသိ။ သူတို့ အမြင်။ ယခင်နှင့်ယခု။ ယခုနှင့် ယခင် ပါစင်အောင် ခြားနားသည်က အံ့သြစရာ သိချင်စရာ ဖြစ်နေကြသည်။

အမ္ဗပါလီ ဘိက္ခုနီ ရဟန္တာမကြီး သီတင်းသုံးနေသော ကျောင်းတိုက်အတွင်းမှာ ရဟန်း မိန်းမ ပရိသတ်ဖြင့် စည်စည်ကားကား ရှိနေသည်။ အများအားဖြင့် ဘိက္ခုနီ အပျိုအရွယ်ကလေးများနှင့် သာမဏေရီကလေးများ၊ သိက္ခမာန်ကလေးများက ပို၍ စိတ်အား ထက်သန်နေကြသည်။ လူများသော်လည်း စကား ဆူညံ အုတ်အုတ် ကျက်ကျက် မရှိ။

မကြာမီ မွေ့ရာရုံးခန်းမကြီးအတွင်းသို့ အသက် ခုနစ်ဆယ်ခန့် အမ္ဗပါလီ ထေရီမယ်ကြီး အခြံအရံ အနည်းငယ်နှင့် ဣန္ဒြေကြီးစွာ ဝင်လာသည်။ ဘိက္ခုနီများ လှုပ်လှုပ်ရွရွ လည်ဆန့်၍ ကြည့်မိကြသည်။ အခြံအရံ ဘိက္ခုနီများက ခင်းထားသော ညောင်စောင်းသို့ တွဲ၍ပို့ကြသည်။ စေ့စေ့ စပ်စပ် ပိပိရိရိ မိန်းမသားပီပီ ထိုင်လိုက်သည့်အခါ ပရိသတ်က သောင်းသောင်းဖြဖြ ကန်တော့ဝတ် ပြုကြသည်။

"အာ သက် ကြီး လှ ပါပြီကော"ဟု မပြင်ဖူးသူများက တိုးတိုး ကလေး ပြောပြသည်။

"အရွယ်ကလဲ အိုလှပြီနော်"

"တစ်ခါတုန်းက လှပခဲ့တယ် ဆိုတာ ယုံစရာတောင် မဟုတ်ပါ ကလား"

တိုးတိုးသက်သက် ဆိုပေမယ့်လူကများပြားသဖြင့် ဝိုးဝိုးဝါးဝါး အသံတော့ ဖြစ်ခဲ့သည်။

"ချစ်သမီးတို့...."

ရဟန္တာမယ်ကြီးက ခွန်းစနှုတ်ဆက်လိုက်သည့်အခါ မီးကိုရေနှင့် သတ်လိုက်သကဲ့သို့ ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မိခင်ကြီးသည် သူ့ကိုမြင်၍ ဝေဖန် ပြောဆိုနေကြသည်ကို ရိပ်မိ သည်။ သူတို့ ဝေဖန်နေကြသည့် အကြောင်းအရာက စ၍ တရားအနှ သန္ဓေ စပ်ရလျှင် ပို၍အဆင်ပြေလိမ့်မည်ကို သိတော်မူပြီး ဖြစ်သည်။ ထို့ကြောင့် လည်ချောင်းကို 'အဟမ်း'ဟု ရှင်းလိုက်ပြီးမှ စကားဆက်ကို ဆိုလိုက်သည်။

"တစ်ခါက လှပါတယ်ဆိုတဲ့ အမွှပါလီ"

စကားကို ခေတ္တကလေး ရပ်ဆိုင်းလိုက်ပြီးမှ-

"တစ်ခါက ချောလှပါတယ်ဆိုတဲ့ အမ္ဗပါလီ။ အခု ကြည့်မြင်ရ တော့ သမီးကလေးတို့ မယုံနိုင်စရာပေါ့ကွယ်"

ဝေဖန်မိခဲ့ကြသည့် ဘိက္ခုနီကလေးများက တစ်ပါး မျက်နှာကို တစ်ပါးက (ကွက်ခနဲ)ကြည့်လိုက်ကြသည်။ပရစိတ္တ ဝိဇ္ဇာနနာ သူတစ်ပါး စိတ်အား ကိုသိသော အဘိညာဉ်ဖြင့် ဖြည့်စုံပါဘိသည်ဟု ရိုသေခန့်ညား မိကြသည်။

"သမီးတို့ရေ....အမေအိုကြီးဟာ အရွယ်ပျိုစဉ် ဟိုယခင်က အင် မတန်လှခဲ့ပါဘယ်ကွယ်။ အမေ့ဆံပင်တို့ဟာ ပိတုန်းရောင်ကဲ့သို့ မည်း မှောင် မည်းနက်နေကြဘာပေါ့။ ဖြေ၍ ချလိုက်ရင် သုံးထောင်ထွာမျှ အသိုင်းအလှိုင်းကျပြီး အဖျားက ကော့တက်နေသမို့ နှစ်သက် စရာပေါ့ ကွယ်။ ပိတုန်းရောင် ကေသာဖြေကာ ချတော့ရှုမဝနိုင်ဖွယ်လို့ စာဆိုနိုင် မှာပေါ့။ အခုတော့ သမီးတို့ မြင်တဲ့အတိုင်း ဆံပင်ကို ပယ်ထားသမို့ ဦးပြည်း ဖြစ်နေလို့သာ။ အကယ်၍များ ဆံပင်ကိုဆက်ထားမယ် ဆိုရင် အခုအသက်အရွယ်မှာပိုက်ဆံလျှော်မျှင်လို ဖွေးဖွေးဖြူ နေကြရော့မယ်"

ဘိက္ခုနီ ကလေးများက မယ်တော်ကြီး၏ ဦးခေါင်းဆီသို့မျက်စိ ရောက်သွားကြသည်။

"ဆံထုံးကြီးမှာ ပန်းတွေများ အပြည့် ပန်ထားလို့ ရှိရင်လေ လေဘိုက်တဲ့အခါ နံ့သာကြုတ်ကို ဖွင့်လိုက်သလို မွှေးကြိုင် ပျံ့သင်းနေပါတယ်။ အခုနေများ ဆံပင်တွေ ရှိရင် သမင်မွေး မြက်ပင်ပေါက်သော ချောက်တော ကုန်းမြေနှင့် တူမှာပေါ့။ ဆံပင် ကျဲရဲရဲ လျော့ရဲ တိုရှည် မညီမညာ ဖြူဖွေးစွာနဲ့ ရွံစရာ ဖြစ်နေမှာပဲ။အရင်ကဆို ဆံထုံးက ရွှေဂျင် လုံးကလေးလို သပ်ရပ်ခဲ့ပေမယ့် အခုလောက်ဆိုဟိုတစ်ပင် သည်တစ်ပင် ဆံပင်ကျဲရရဲ စုဆွဲ၍ ထုံးသော်လည်း ဆံထုံးမလှ၊ တစ်စမမီ တစ်စမီနှင့် မညီမညွတ် ချော်ချွတ်ဖွားရား စုတ်မွှားမွှားဖြစ်နေမှာ သေချာတာပေါ့။ ပြောလို့မှ မယုံနိုင်စရာလေ"

ဘိက္ခုနီများက ရဟန္တာမယ်ကြီးကို သနားသလိုလို ဖြစ်နေကြသည်။

"အို.... ချစ်သမီးတို့၊ အရွယ်ပျိုစဉ်ဟိုအရင်က အမေ့ မျက်ခုံးကလေးများဟာ ပန်းချီမင်ဆေးဖြင့် ရေးထားသလို သုံးရက်လ ခုံးမျက်စ မပြုံးဘဲနဲ့ လှနေပါတယ်ကွယ်။ အခုတော့ တွန့်လိပ်ကျဲရရဲ လျော့ရဲရှုံ့တွ မျက်ခုံးရေ ကျနေတော့တာမို့ ဘယ်မှာ လှနိုင်တော့မလဲကွယ်။ မျက်လုံးကလေးများကတော့ သောက်ရှူးကြယ် ညီနောင် ပတ္တမြားအရောင်ထွက်လို့ တလက်လက်ပါ။ အခုတော့ အရေရှုံ့တွ မျက်တွင်းကျပြီ။ အရောင်မွဲမွဲ မျက်ဝတ် မျက်ရည် ဘပေပေ။ အမေ့ နှာခေါင်းကလေးကို ပြောရဦးမလား။ နူးညံ့ မြင့်သွယ် ရှုချင်ဖွယ် ရှိအောင် တင်ထားသလို ထင်ရှားခဲ့ပါရဲ့။ အခုတော့ မီးမြိုက်ထားတဲ့ သားရေအသား ပိပြားရှုံ့တွ မြဲမလှပေါ့။ အမေ့နားကလေး နှစ်ဘက်က (ကက်ဏ) ဆို တဲ့ ရွှေ တန်ဆာလိုပါပဲ။ သွားကလေးတွေ ပြောရဦးမလား။ စံပယ်ငုံ မြတ်ခလေးငုံ အသွေးကဲ့သို့ ဖွေးဖွေးဖြူစင် ပုလဲအသွင်လေး။ အခုလို ပါးပိန်သွားကျိုး အရပ်ဆိုးကြီး ဘယ်ဟုတ်လိမ့်မလဲ"

သာမဏေရီကလေးများက 'ဟုတ်ရှာမှာပဲ'ဟု ဆိုလိုသကဲ့သို့ ခေါင်းညိတ်ကြရှာသည်။

"အမေငယ်ငယ်ကလေ၊ မြိုင်ခွင်တောဖျား ကျက်စား လှည့်လည် မြည်ကာတွန်ကာ ကျူးရင့်ကာနဲ့ သွားလာပျံ့ဖြူး ကြည်နူးဖွယ်ရာ အသံသာသာ ဥဩငှက်ကလေးလို ချိုလွင် သာယာ နာချင်ဖွယ်သော အသံ ရှိခဲ့တာပေါ့။ အခုလို အိုသံပါလို့ ရောနှိပ်စက် ကွဲအက်ရွှက်ဆိုး သွားကျိုး ပါးပိန် အသံတိမ်၍ နှုတ်မြိန်ထွင်းယို စကားဆိုလည်း သံအို

 သံပျက် သံအက်သံကွဲ ချွဲသလိပ်သံမျိုး ဘယ်ဟုတ်လိမ့်မလဲကွယ်။

''ဟိုတုန်းက အမေ့ လည်ပင်း လည်တိုင်ကလေးဟာဆိုရင် လုံးဝန်းချောညီ ရွှေမရိုးစည်ကလေးလို တည့်မတ်တင့်တယ် ရှုချင်ဖွယ် ပေါ့။အခုလို မှဲ့နာစွန်းပေ အရေလိပ်တွန့် ကိုင်းညွတ်ငုံ့လျှိုး လည်ကုပ်ကျိုးမနေပါဘူး။ လက်မောင်းကလေး နှစ်ဘက်ကကော လုံးလုံးဝန်းဝန်း ပြည့်ပြည့်ဖြိုးဖြိုး။ လက်မောင်းအိုးကလေးများဟာ ကိုင်တွယ်ချင်စရာ။ အခုတော့ ကြည့်ပါဦးတော့ အရိုးမှာအရေကပ် ပါးချပ်ပိန်သေး ကောက်ကွေးဖုထစ် အဆစ်ငေါငေါ အကြောပြိုင်းပြိုင်း။ လက်ချောင်းကလေးများကော စိန်လက်စွပ် မြလက်စွပ်များ ဝတ်ထားလျှင် ဖယောင်းတိုင် ကလေးများလို လှလှပပ သွယ်သွယ်ပျောင်းပျောင်း။ လက်ဖမိုးကလေးတွေကလဲ ရွှေလိပ်ခုံးကလေးလို ပြည်ဖြိုးခုံးမို့ နေခဲ့တာပါကွယ်။ ဘယ်အခုလို အရေတွန့်တွန့် အကြောရှုပ်ရှုပ် တုတ်ချောင်းဝါးရုံခက် အဆင်အဖုမျိုး မဟုတ်ပါဘူး''

ဘိက္ခုနီမယ်ကလေးများ အချို့မှာ မယ်တော်ကြီး အမ္ဗပါလီ စကားကို ကြားနာလျက် မိမိတို့၏ လက်ချောင်း လက်ဖမိုးကလေးများကို မသိမသာ ခိုးကြည့်လိုက်မိကြသည်။ အချို့မှာ ဟင်းခနဲ သက်ပြင်းချရင်း 'တို့လဲ သူ့လို အိုကြရဦးမယ်'ဟု သံဝေဂ ဖြစ်ကြသည်။

ဒါကို သိ၍သည်း ရဟန္တာမယ်ကြီးက အသက်အရွယ်၏ ခြားနားဖောက်ပြန်မှုကို အလေးပြု၍ ဟောပြောတော်မူနေခြင်း ဖြစ်ပေလိမ့်မည်။

''သမီးတို့ရေ ပျိုရွယ်စဉ်က အမေ့ရင်သား အစုံတို့ဟာလေ လုံးလုံးမို့မို့ ပျိုပျိုဖူးဖူး နုံးနုံးညှဲ့ညှဲ့ သင်းပုံ့မွှေးထုံ မြတ်လေးငုံသို့ အစုံအဖူး ဆွတ်ခူးဖွယ်ရာ ခဲမာကောက်ကွရင်အုံထ၍ လှပတင့်တယ် ရှုချင်ဖွယ် သောသားမြတ်အစုံကလေးပေါ့ကွယ်။ အခုတော့ ခဲမာမရ တွဲကာကျ၍ ရှုံ့တွပိန်တွဲ နို့ခဲနို့ရည် ထွက်သည်မရှိ ပြားအိဖတ်လတ် အရေကပ်၍ ပါးချပ်ရှုံ့တွဲနေပြီပေါ့ကွယ်။

ပေါင်တံနှစ်သွယ်ကလဲ ဆင်နှာမောင်းအလား အဖျားသွယ်၍ အလယ်အရင်းပြည့်ဖြိုးခြင်းနဲ့ တင်းတင်းရင်းရင်း ရှိခဲ့ပါတယ်။အခုတော့ ဝါးလုံးရိုးပြွေချောင်းကြည့်လို့မှ မကောင်းပါတော့ဘူး။ခြေဖမိုးကလေးများကလဲလေ အခုလို ဖုခွက်ရှုံ့တွ အကြော ထမနေခဲ့ပါဖူးကွယ်''

အမ္ဗပါလီမထေရ်မယ်အိုက ပရိသတ် အလိုကို အကဲခတ်လိုက်သလို စကား ရပ်ဆိုင်း ထားလိုက်သည်။ ထေရီမယ်ကလေးများက မယ်တော်ကြီး၏ ပစ္စက္ခရုပ်အပေါ်တွင် အပျိုစင်တုန်းက အလှအပများကို(အသားထိုး၍)ကြည့်နေကြဟန် ရှိသည်။ မည်သို့ပင် ဖြစ်စေ အလှ

အပ အချောအမွေ့ကို နှစ်သက်သာယာသော မိန်းကလေးများ၏ ဉာဉ်အတိုင်း အမေကြီးအတွက် ရင်ထုမနာ ကရုဏာ ဖြစ်နေကြရှာသည်။

နုနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းကား အိုမင်းနောက်ဆုံး ရှိပါလေသည်တကား။

မျက်မြင်ဒိဋ္ဌ ခေမာဒေဝီမိဖုရားကို ဘုရားက ပြတိသကဲ့သို့ ကိုယ့်ကိုယ်ကို သက်သေပြပြီး အချောအလှနှင့် ဇရာရွယ်ကို သိလွယ်သောစကားဖြင့် ဟောကြားတော်မူခြင်းဖြစ်သည်။

ပုထုဇဉ် အချို့သည် မိမိ စိတ်ဝင်စားသော အကြောင်းအရာဖြစ်စေ၊ မိမိ နားလည်ကျွမ်းကျင်သောကိစ္စ ဖြစ်စေ ဤ အကြောင်းနှစ်ပါးတို့နှင့် ပတ်သက်၍ အကျုံးဝင်အောင် ဟောပြလျှင် အလွန်ခက်ခဲနက်နဲသော တရားဓမ္မကို အာရုံစွဲမြဲ နှလုံးထဲမှ အသိဉာဏ် ရနိုင်ကြသည်။ ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင် သတ္တဝါများ၏ အာသယာနုသယ (ဝါသနာ)ကို စိစစ်ကြည့်ရှုတော်မူပြီးမှ စာတန်းအစားအလိုက် ကယ်ချွတ်ဆုံးမ တရားပြတော်မူပေသည်။

ယခုလည်း အလှအပကို နှစ်သက် မြတ်နိုးကြသော ထေရီမယ်ကလေးများ၊ သာမဏေရီကလေးများအား အလှအပဟူသည် မတည်မမြဲ ဖောက်လွဲဖောက်ပြန်ဖြစ်သော ခန္ဓာကိုယ်၏ အပြစ်ကို လက်ဆုပ်လက်ကိုင် ပြလိုက်ခြင်းဖြစ်ရာ တရား သံဝေဂ ရရှိကြလေပြီ။

"မယ်တော်ကြီးဘုရား၊ သနားသည်းခံ၍ မေးလျှောက်ခွင့် တစ်ခုပြုတော်မူပါ ဘုရား"

သာမဏာဂုတ္တာ သာမဏေရီကလေးက ပရိသတ်အလယ်မှ အရဲစွန့်၍ လျှောက်လိုက်သည်။

"သမီးက မည်သူလဲကွယ်"ဟု ချိုသာစွာ ပြန်၍ မေးလိုက်သည်။

"သမီးရဲ့ဘွဲ့က သမဏာဂုတ္တာ သာမဏေရီ ဖြစ်ပါတယ် ဘုရား"

"ငါ့သမီးကလေးက ဘာများ မေးလိုသလဲ၊ မယ်တော်ကြီးက ခွင့်ပေးပါတယ်"

ထေရီ၊သာမဏေရီများက သမဏာဂုတ္တာကို ဝိုင်းကြည့်နေသဖြင့် မေး၍ တော် မတော်၊ လျှောက်လို့ ကောင်းမကောင်း စိုးရွံ့သွားရှာသည်။ သမဏာဂုတ္တာကလည်း စပ်စုလိုခြင်း ပြင်းပြနေလင့်ကစား အများက ငြိုငြင်ကြမှာကို ကြောက်နေရှာသည်။

"ချစ်သမီး သမဏာဂုတ္တာ အမေ ခွင့်ပြုတယ်လေ"ဟု မဟာထေရီကြီးက ထပ်၍ ပြောသည်။

"မယ်တော်ကြီး ပျိုရွယ်စဉ်က ဟို....ဟို... ဟို"

''ဟုတ်ပါတယ် ချစ်သမီး၊ မယ်တော်ကြီး ပျိုရွယ်စဉ်က ဝေသာလီပြည်မှာ ပြည့်တန်ဆာအဖြစ်နဲ့ တိုင်းပြည်ကို အလုပ်အကျွေး ပြုခဲ့ရပါတယ်။ ချစ်သမီး သိလိုတာ ထိုအကြောင်းပဲ မဟုတ်လား''

''တင်ပါ့ ဘုရား''

''အေး....အမေ့ဘဝကို အစက ချီပြောရမှာပေါ့ကွယ်။ အမေ့ကို ဝေသာလီ မင်းတို့ရဲ့ သရက် ဥယျာဉ်ကြီးထဲမှာ မွေးလို့ အမ္ဗပါလီလို့ အမည် မှည့်ခဲ့ခြင်း ဖြစ်တယ်။ အမေ့ ဖခင်က လိစ္ဆဝီ မင်းတို့ရဲ့ အတိုင်ပင်ခံ အမတ်ချုပ် ပညာရှိကြီးပေါ့။

အသက်အရွယ် တစ်ဆယ့်ခြောက်နှစ်မှာ အမေ့ရူပကာယဟာ အခုန စောစောက အမေ ပြောခဲ့သလို လှပ တင့်တယ် ရှုချင့်စဖွယ် ရှိပါတယ်။ ပွဲလမ်းသဘင် အိမ်အပြင်ကို ထွက်လိုက်ပြီလားဆိုရင် တွေ့သမျှ ယောကျ်ားတိုင်း သွားလာ လှုပ်ရှားနေရာက ရပ်ပြီး တစ်အောင့်တစ်နား ငေးမျှော်ကြည့်ကြရတယ်။ တချို့က အမေသွားရာကို သူတို့ အလုပ်ကိစ္စ လုပ်ဆဲ ကိုင်ဆဲ ပြောဆိုနေကြတာကို ဖြတ်ပြီး တမင် လိုက်ကြည့်ကြတယ်။ မိန်းမသားပီပီ ကိုယ့်ကို စွဲလမ်းခုံမင်နေကြတာကို အလွန် ကျေနပ်မိတာပေါ့။

ဒါပေမယ့် ယောကျ်ားများက လိုချင်သူ များလွန်းတာကို ခံရရင် အန္တရာယ်က ကြီးမားလာတော့တာပါပဲ။ ဒါကြောင့် အမေ့မှာ အိမ်တွင်းမှအိမ်ပြင် ထွက်ဖို့ ဝန်လေးခဲ့ရတယ်။ ဖခင်ကြီးကလဲ ချစ်လို့ မငြီး ရှေလို ဥထားတဲ့ သမီးမို့ အစိုးရိမ်ကြီးနေပါတယ်။

သို့ပေမယ့် ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်လို့မို့ ဝေသာလီတစ်ပြည်လုံး ဖုံးမရအောင် ကျော်စောနေပါတယ်။ အဲဒါဟာ အမေ့ဘဝကို ပြောင်းလဲအောင် ဖန်တီးလိုက်တာပေါ့။ ဝေသာလီပြည်ကို အုပ်ချုပ်နေကြတဲ့ လိစ္ဆဝီ မင်းသားအားလုံးက အမေ့ကို လက်ထပ်ခွင့် တောင်းလာကြတယ်လေ။ တစ်ယောက်က ဒီအခွင့်အရေးကို ဆိုမှန်း သိလျှင် အခြားမင်းသားကလဲ သူမှ လွဲလို့ သူတစ်ပါးနှင့် လက်ထပ်ခွင့် ပေးမယ်ဆိုရင် မိမိနည်းနဲ့ မိမိ ဖြေရှင်း တိုက်ခိုက် ယူရလိမ့်မယ်လို့ ရာဇသံတွေ ပို့ကြတယ်။

လောကမှာ ဖြဟ္မစိုရ် မေတ္တာအစစ် မဟုတ်သော ကာမတဏှာနှင့် လူတိုင်းက ဝိုင်းချစ်ကြပြီ ဆိုရင် တိုင်းပြည်တောင် ပျက်တတ်တာပေါ့ကွယ်။ သမီးတို့ကတော့ ထင်လိမ့်မယ်။ တစ်ယောက်ယောက်ကို ခေါင်းခေါက်ပြီး ယူလိုက်ရင် မအေးဘူးလားလို့။ အဲ....ဝေသာလီ

ပြည်ကို လိစ္ဆဝီမင်းသားတို့ အုပ်ချုပ်ပုံကို ပြောပြ ချစ်သမီးများ သဘော ပေါက်ကြလိမ့်မယ်။

ဝေသာလီပြည်ကို ကေရာဇ်မင်းဆိုတာက အုပ်ချုပ်တာ မဟုတ်ဘူးကွယ့်။ ကေရာဇ်ရဲ့ အဓိပ္ပာယ်က တစ်ဦး တစ်ယောက်ဘည်းသော အမိန့်ဩဇာ၊ အာဏာနဲ့ အုပ်ချုပ်တာလို့ ဆိုတယ်။ ဘုရင် ကေရာဇ် ဆိုရင် တစ်ဦးတည်းသော အာဏာရှင်ပေါ့ကွယ်။ အသက်ဦးဆံပိုင် အုပ်ချုပ်တဲ့ သူပေါ့။ တို့ တိုင်းကြီး ဆယ့်ခြောက်တိုင်းမှာ တိုင်းပြည် တစ်ပြည်ကို ဘုရင် တစ်ဆူ အုပ်ချုပ်လေ့ ရှိကြတဲ့အထဲမှာ ဝေသာလီ ပြည်ကတော့ တစ်ဦး တစ်ယောက်တည်း အာဏာ လက်ကိုင်မထားကြဘူး။ လိစ္ဆဝီ မင်းသားတိုင်း (ဂိုဏ်း) ကိုယ်စီဖွဲ့ပြီး အချင်းချင်း တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် အုပ်ချုပ်ကြတဲ့ အတွက် (ဂဏ)နိုင်ငံရယ်လို့ ထင်ရှားတယ်။

ဒါကြောင့် တစ်ဦး တစ်ယောက်တည်းမှာ တိုင်းပြည်ရေးရာ အာဏာမရှိကြဘူး။ သူတို့ အုပ်ချုပ်နည်းကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် (အပရိဟာနိယတရား ခုနစ်ပါးဖြင့် အုပ်ချုပ်တဲ့အတွက်) ချီးမွမ်းတော်မူခဲ့တယ်။

အဲ.... အမေ့ကိစ္စကလဲ ဘယ်လောက် ကြီးကျယ် လာသလဲဆိုတော့ (ဂဏ) အစည်းအဝေးမှာ တင်ပြ ဆုံးဖြတ်ရသည်အထိ ပြောဆိုငြင်းခုံ လာကြရတယ်။ မင်းသား တစ်ပါးပါးနှင့်သာ လက်ထပ်မယ် ဆိုရင် ဝေသာလီ ပြည်ကြီးမှာ ပြည်တွင်းစစ် ဖြစ်ကြရလိမ့်မယ်။ အစဉ် အဆက်က စည်းလုံး ညီညွတ်တဲ့ နိုင်ငံတော်ကြီးဟာ အမျိုးသမီး တစ်ယောက်အတွက်နဲ့ ပြည်သူလူထု ဖရိုဖရဲ လုပ်ငန်း ဆောင်တာတွေ ပျက်ပြီး အသက်ပေါင်း များစွာ အန္တရာယ် ရှိတယ်။ ဒီတော့ တစ်ဦးတည်း ပုဂ္ဂလိက အိမ်ထောင် မပြုစေရဘဲ လိစ္ဆဝီမင်းသား အားလုံး ကာလ အပိုင်းအခြားနှင့် သိမ်းပိုက် နိုင်ကြစေဖို့ စီစဉ်ကြတော့ တာပါပဲကွယ်။ မိန်းမ ဆိုတာ တစ်လင် တစ်မယား တစ်သားမိခင် ဖြစ်ချင်ခလို တောင်းဆု ဆိုကြတာ မဟုတ်လား။ အများ ဘုံပိုင် ပြည့်တန်ဆာ ဆိုဘာ ဘယ်လောက် ရှက်စရာ ကြောက်စရာ ကောင်းသလဲ။ အမေ့မှာ မကြားဝံ့ မနာသာမို့ နေ့ရှိသမျှ မျက်ရည်နဲ့ မျက်ခွက်ပေါ့ကွယ်''

ရဟန်းပျိုမကလေးများ ကြက်သီး ထ,၍ ရင်ကို မ,မိကြသည်။

''အို....''ဟု တချို့က မြည်တမ်းကြသည်။

''အမယ်လေး''ဟု တချို့က အထိတ်တလန့် ဖြစ်လိုက်သည်။

''ကျွတ်—ကျွတ်....ကျွတ်....ကျွတ်''ဟု တချို့က စုတ်သပ် လိုက်ကြသည်။

အမ္ဗပါလီ ရဟန္တာ မယ်ကြီးကတော့ မတုန်မလှုပ် ဆက်၍ အမိန့်ရှိတော်မူသည်။

''အဲသည်တုန်းက အမေ့မှာ ပြေးစရာ မြေ မရှိခဲ့ပါဘူး။ သူတို့ အာဏာကိုလဲ မလွန်ဆန်ဝံ့ပါဘူး။ ဖခင် ကိုယ်တိုင်က တရား အမတ်ချုပ်ကြီး ဖြစ်နေဘာမို့ ကိုယ့်သမီး တစ်ယောက်တည်း အရေးထက် တိုင်းရေး ပြည်ရေးကိုသာ ဦးစား ပေးခဲ့ပါဘယ်။

သမီးရယ် ဘဝ အကျိုးပေးလို့ပဲ မှတ်လိုက်ပါတော့။ သမီးမှ ဒီရာထူးကိုလက်မခံလျှင် အဖေရော သမီးပါ အသက်အန္တရာယ် လွယ်မယ် မဟုတ်ပါဘူး။ တကယ်တော့ တိုင်းကျိုး ပြည်ကျိုး ဆောင်ရွက်သလိုပါပဲ။ သူတို့ကလဲ့ အေး..ဖေဖေ ကိုယ်တိုင် ပါဝင် ဆုံးဖြတ်ခဲ့ရတာမို့ ဖေဖေတို့ကလွဲလို့ ပြောရမှာပေါ့လေ။ အဲ (ဂဏ) အဖွဲ့အစည်းကလဲ ငါ့ သမီးကလေးကို သေးနုပ် သိမ်ဖျင်းစွာ သဘော မထားကြပါဘူး။ အိမ်ကြီး ဝန်းခြံ ရေကန် ဥယျာဉ်နှင့်တကွ မြင်း က,သော ရထား၊ လှူထမ်းသော ဝေါယာဉ်၊ နတ်သမီး တမျှသော စည်းစိမ်ချမ်းသာတို့ပါ အကန့်အသတ် မရှိ ခန့်ထား ပေးအပ်ကြမှာ ဖြစ်ပါတယ်။ အခြွေအရံ အခေပါင်းအသင်း (ဟစ်ကုဋေ) စေပါး စေရပါလိမ့်မယ်။ အများ ဆုံးဖြတ်ရာ အများ၏ ဆန္ဒကို တရား အမတ်ချုပ်ကြီး ဖြစ်တဲ့ ဖေဖေ ကိုယ်တိုင် သမီးကို တိုက်တွန်း ခန့်ထားရပါတယ် သမီးရယ်''လို့ ဖျောင်းဖျ နားချတဲ့အခါ သားအဖ နှစ်ယောက် ပွေ့ဖက်သို့ ငိုကြရဖူးပါတယ်ကွယ်။

အဖေက ပြောလိုက်တဲ့ (ဘဝ အကျိုးပေး) ဆိုတဲ့ 'ဝဋ္ဋ်ကောင်းတဲ့ ကံကြွင်း'ကို အမေ ဆက်၍ ပြောရဦးမယ်''

အမ္ဗပါလီ ထေရီမယ်ကြီးက ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် အတိတ် ဖြစ်ရပ်ကို ဆောင်တော် မူမည်ဟု ပြော လိုက် သော အခါ ဘိက္ခုနီကလေးများမှာ စိတ်ဝင်စားစွာ နေရာပြင်၍ နားစွင့် လိုက်ကြသည်။

''ချစ်သမီးတို့။ လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာတုန်းက ဖုဿ မြတ်စွာဘုရား ပွင့်တော်မူခဲ့ပါတယ်။အဲ့သည့်ကာလမှာ အမေက မြတ်စွာ ဘုရား၏ နှမတော် ဖြစ်ခဲ့ပြီးတော့ အလှူကြီး ပေးခဲ့တယ်။ ဘာကို ဆုတောင်းခဲ့မိသလဲဆိုတော့ ဖြစ်လေရာဘဝမှာ အဆင်း လှပါစေလို့ ဆုတောင်းမိတယ်ကွယ်။ နိဗ္ဗာန်မဂ်ဖိုလ်ကို မြန်မြန်ရအောင် ဆုတောင်း

ခဲ့ဖို့ကောင်းတယ်နော်။ အေး….ဖြစ်လေရာ ဘ၀မှာ အဆင်းတော့ လှပါရဲ့၊ ဝိပဿနာဉာဏ်တော့ အထုံအဆက် မရခဲ့ဘူး။ အခု ကြည့်လေ အဆင်းကြောင့် ဒုက္ခရောက်ရတယ် မဟုတ်လား။ ဒါဟာ ခန္ဓာကိုယ် အတ္တဘောကြီးကို စုံမက် မိုက်မှားတာပေါ့။ ဒါကြောင့် အမေ့သမီး များ အဆင်းလှဖို့ထက် အချင်းလှဖို့ ဆုတောင်းကြ၊ ကြိုးစားကြနော်။

အေး….နောက်သုံးဆယ့်တစ်ကမ္ဘာ ကြာလာတော့ သိခီမြတ်စွာ ဘုရား ပွင့်တော်မူပြန်သကွယ့်၊ အဲသည့် ဘုရားကိုယ်တော်လက်ထက်မှာ တော့ အရုဏဝတီပြည်မှာ ပုဏ္ဏားအမျိုးသမီး ဖြစ်ခဲ့ပါတယ်။ အဲသည့် အခါမှာ အမေ့ဆန္ဒက သံသရာဝဋ်မှ လွတ်ထွက်လိုတဲ့စိတ်ဆန္ဒဖြစ်ပေါ် လာလို့ ဘိက္ခုနီ ပြုခဲ့ပါတယ်။ တစ်နေ့တော့ ဥဒ္ဒိဿ စေတီတော်ကို ရှိခိုးပြီး လက်ယာရစ်လှည့်စဉ် တံတွေးတစ်ပေါက်ကို မြင်တာနဲ့ ''ဘယ် ပြည့်တန်ဆာမတစ်ယောက်ကများ ထွေးသွားပါလိမ့်'' လို့ ဆဲရေးလိုက် မိတယ်ကွယ်။ တကယ်ကတော့ ရဟန္တာမတစ်ပါးက ဝေဒနာ တစ်ခုခု ကြောင့် ထွေးလိုက်မိတာကို အခု အဘိညာဉ်ရမှ သိတော့တာကလား။

အဲသည့် ဝစီကံကြောင့် ရဟန္တာမကို ဆဲရေးမိတဲ့ အတွက် ငရဲကျခဲ့ရတယ်။ ငရဲက လွတ်လို့ လူပြန်ဖြစ်လာတော့လဲ ဘဝပေါင်း တစ်သိန်း ပြည့်တန်ဆာမ ဖြစ်ခဲ့ရတယ်။ ဤကမ္ဘာ၌တွင်း ကဿပ မြတ်စွာဘုရားပွင့်တော်မူတော့ သာသနာတော်မှာ ရဟန်းမိန်းမ ဖြစ်ခဲ့ ရပြန်တယ်။ ကျွတ်တမ်းတော့ မဝင်နိုင်ခဲ့သေးပါဘူး။ အဲ အခု ဂေါတမ မြတ်စွာဘုရား ရွှေလက်ထက်တော်ရောက်မှ ယခုလို နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ခဲ့ပါတယ်။ ဒါတောင် သမီးတို့ကို အမေ ခုန ပြောတဲ့ အတိုင်း ပြည့်တန်ဆာမ ဖြစ်ခဲ့ရသေးတယ်လေ။ ဒီတော့ အရိယာ သူတော်ကောင်း များကို မသိလို့ဘဲဖြစ်စေ၊ ရှန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုမိလျှင် အလွန် အပြစ်ကြီးတဲ့အကြောင်း ချစ်သမီးများ သတိထားကြရမယ်နော်၊ မြတ်စွာ ဘုရားက 'ခံတွင်းမှ လျှာသည် အရသာ ခံစားဖို့သာ ဖြစ်ပါစေ၊ ထိတိုင်း ရှစေသော သင်တုန်းဓါး မဖြစ်ပါစေနှင့်' ဆိုတဲ့ သဘော ဆုံးမတော် မူထားတယ်''

အမ္ဗပါလီ ရဟန္တာမယ်ကြီးက စကားရပ်၍ ခဏနားလိုက်စဉ် ထေရီကလေးများက ယခု ဘဝမှာ မည်ကဲ့သို့ တရားရလာပါလိမ့်ဟု တွေးတောကြံဆ၍ မေးလျှောက်လိုကြသည်။ လိစ္ဆဝီ မင်းသားတို့ကို ကာမ အလုပ်အကျွေးပြုခဲ့ရသဖြင့် ကိလေသာ အညစ်အကြေး ထူပြော နေရပေလိမ့်မည်ဖြစ်ရာ ထိုအခါ 'လက်နှီးစုတ်' မှ ယခုလို 'ကမ္ဗလာ' ဖြူဖြူဖွေး ဖြစ်လာရပုံကို အလွန် နာကြားလိုကြသည်။

အမေ့ပါလီ ရဟန္တာမယ်ကြီး မပွင့်တပွင့်ကလေး ပြုံးလိုက်သည်။ မိမိ ရင်၌ ဖြစ်သော သမီးငယ်ကလေးများကဲ့သို့ သနားကြင်နာ ယောဘ်မှုလှသည်။

ကိုယ်မှ ဖြစ်ကို ပြောပြခြင်းက သူတို့ကလေးတွေအဖို့ မဂ္ဂင် လမ်းခင်းပေးလိုက်သလို ဖြစ်ရော ရှိသည်။ ဘုရားရဟန္တာတို့က ဓမ္မဒေသနာ ဟောပြောခြင်းမှာ မိမိတို့အတွက် မဟုတ်။ ဝေနေယျများအတွက်သာ ဖြစ်သေသည်တကား။

''ချစ်သမီးတို့။ ကြိုးကြိမ်သားရေ သံခြေချင်းတို့ကဲ့သို့ မမြင်နိုင်သော ကိလေသာ အနှောင်အဖွဲ့မှ အမေအို မည်သို့မည်ပုံ လွတ်မြောက်လာခဲ့ရသည်ကို ချစ်သမီးများ ကြားလာလိုကြပြီ။ သန်းခေါင်လကွယ် တောအုပ်လယ်၌ ရှစ်နယ်ပယ်ကုံး အပြည့်ဖုံးသား မိုးလုံးတိမ်တိုက် လျှပ်ကြိုက်သော ဃရာဝါသ အမိုက်တိုက်အတွင်းမှ အလင်းသို့ရောက်လာခဲ့ရပုံကို အမေ ပြောပါမယ်။

လူတွေပြုတဲ့ (ဥပဒေ)ကြောင့် အမေ စိတ်ဆင်းရဲခဲ့ရပုံကိုပြောခဲ့ပြီနော်။ ပစ္စည်းဥစ္စာ လူ့ချမ်းသာ အဆောင်အယောင်များနှင့်မိဖုရား စည်းစိမ်လောက် ထားပေမယ့် အမေ့စိတ်ထဲမှာတော့ ရွှေသားလှောင်အိမ်ကို စိန်စီ၍ထားသော ရတနာချိုင့်အတွင်းမှာ ပျားသကာစားနေရသော သာလိကာမကလေးလို သဘာဝ လွတ်လပ်မှုကိုသာ တောင့်တနေရပါတယ်ကွယ်။ နိုင်ထက်စီးနင်း လိစ္ဆဝီမင်းသားများအပေါ်ကိုလဲ အခဲမကျေ လက်စားချေပြီး တော်လှန်ဖို့ အကြံ အမြဲတုတ်နေလျက်ပါ။

တစ်နေ့တော့၊ မြတ်စွာဗုဒ္ဓ ကောဋိဂါမ ရွာကြီးသို့ ခရီးကြွလာ ဒေသစာဖြန့်ကြောင်း သတင်း ကြားလိုက်ပါတယ်။ လိစ္ဆဝီမင်းတို့ကို အနိုင်ယူဖို့ဆိုရင် မင်းဟူသမျှတို့၏ ထိပ်ခေါင် အောင်သူတကာ တို့၏ သေဌ်နင်း၊တရားမင်းအစစ် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာထံဆည်းကပ်ပြီး လောကအတွင်းမှ ထွက်မြောက်ဖို့ တရားရှာခြင်းသာ ရန်တကာ အေးငြိမ်းမယ်သို့ သတိရလာပါတယ်။ ဒါကြောင့် အခြွေအရံ များစွာ လူ့ဖွယ်တန်းရာဘို့နှင့် ရထားပေါင်းချုပ်ကိုစီးပြီး မြတ်ဗုဒ္ဓ သီတင်းသုံးရာ ကောဋိဂါမ ရွာကြီးကို လာခဲ့ပါတယ်။

ပဉ္စုပ္ပန်လောက၊ သံသရာလောက နှစ်ပါးလုံးမှာ ချမ်းသာရာရကြောင်း အစင်အမှန်ကဖြင့် တရားဓမ္မသာ ဖြစ်ပါတယ် သမီးတို့ရယ်။ ဗုဒ္ဓကိုယ်တော် ဟောတော်မူတဲ့ တရားဓမ္မဟာ ကာမဂုဏ် ညွန်ဗွက်ထဲမှ ယခုဘဝမှာပဲ လွတ်မြောက်အောင် ရုန်းထွက်ဖို့ သန္နိဋ္ဌာန် ချလိုက်နိုင်စွမ်း ရှိသာပါတယ်။ မြတ်စွာဘုရားကိုလဲ နက်ဖြန်နံနက် အမေ့အိမ်မှာ သံဃာ

ကုန် ဆွမ်းစားပင့်ခဲ့ပါတယ်။ မြတ်စွာဘုရားကိုယ်တိုင် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်ပါတယ်။

အို....သည်တစ်ခါ လိစ္ဆဝီမင်းသားတို့ထက် အမေက သာသွားပြီပေါ့။ သူတို့တစ်တွေက ဗုဒ္ဓသာသနာ အရေးထက် တိုင်းပြည်အရေးကိုသာ အရေးထားပြီး လေးစားနေကြတဲ့ လူတွေကလား။ အမေက နက်ဖြန် ဆွမ်းကပ်ဖို့ စီစဉ် နိုင်ရအောင် ဝမ်းပန်းတသာနဲ့ ရထားပေါင်းချုပ်ကြီးဖြင့် အမြန်ပြန်ခဲ့ဘာပေါ့။ အမေ စီးလေ့ရှိတဲ့ မြင်းဖြူ ရှစ်ကောင် ကတဲ့ ရထားကြီးဟာ အလွန်ဆန်းကြယ် လှပပါဘယ်။အင်မတန်လဲ အရှိန်အဟုန်နှင့် လျင်မြန်ပါတယ်။ ရထားထိန်းကြီးကလဲ အလွန်ကျွမ်းကျင် နိုင်နင်းပါဘယ်။ ဝေသာလီ ပြည်သူပြည်သားများ ဆိုရင်အမေ ရထားစီးပြီး မြို့တွင်း လာတာကိုပဲ အထူးအဆန်း ပွဲလမ်းတမျှရင်သပ်ရှုမော တအံ့တသြ ကြည့်ကြရပါတယ်။

ကောဋိဂါမ ရွာကြီးမှအပြန် ဝေသာလီမြို့တွင်း ဝင်လာဘယ်ဆိုရင်ပဲ လိစ္ဆဝီမင်းသားအချို့ဟာ အခုမှ ဗုဒ္ဓမြတ်စွာထံ အဖူးအမြော်သွားကြမယ့်သဏ္ဍာန်နဲ့ ရထားတွေ မောင်းလာကြတာ ခပ်လှမ်းလှမ်းက မြင်ရပါဘယ်။ ဒီအခါ ‘နိုင်ချင်ကြက်’ ဖြစ်နေတဲ့ အမေဟာ သူတို့ကိုတင်တင်စီးစီး ပြချင်ပြောချင်တဲ့ဒေါသက ထောင်းခနဲ ထလာတယ်။ ဒါကြောင့် ရထားထိန်းကို....

‘‘လိစ္ဆဝီ မင်းသားတို့ရဲ့ ရထားနဲ့ ဘီးချင်းငြိအောင် ပွတ်သပ်တိုက်လိုက်စမ်းဟေ့’’လို့ အမိန့်ပေးလိုက်ဘယ်။ ရထားထိန်းကလဲ ‘‘စိတ်ချ သခင်မ’’ဆိုပြီး မျက်နှာချင်းဆိုင်လာတဲ့ ရထားကို ဘီးချင်းငြိအောင် ဇွတ်တိုက်ပစ်လိုက်တယ်။ ‘ဂျိုင်း’ခနဲ အသံကြီး ကြားလိုက်ရပြီး သူတို့ရထားတွေ မှောက်တော့မတတ် ကစဉ့်ကရဲ ဖြစ်ကုန်ကြဘယ်။ သူတို့မြင်းတွေမှာလဲ လန့်ဖျပ် ခုန်ပေါက်နေလို့ မထိန်းနိုင်အောင် ဖြစ်ကုန်ကြတယ်လေ၊ မှတ်ကရော။

လမ်းသွား လမ်းလာများက အထိတ်တလန့် ဖြစ်နေကြဘယ်။ အိမ်ရှင်များစွာတို့ကလဲ အိမ်အပြင်ကို ပြေးထွက် ကြည့်ကြတယ်။ ‘‘ဟေ့ ရထားထိန်း ရပ်လိုက်စမ်း။ အခု ရပ်လိုက်စမ်း’’လို့ လိစ္ဆဝီ မင်းသားများထံမှ အာဏာသံ ထွက်လာဘယ်လေ။ အမေ့ ရထားထိန်းကလဲ သခင်မအားကိုးနဲ့ နည်းနည်းကလေးမှ မစိုး မရွံ့ဘဲ ရထားကို ရပ်ပေးလိုက်တယ်။

ဘေးက ကြည့်နေကြတဲ့ မြို့သူ မြို့သားများကဖြင့် အမ္ဗပါလီနဲ့ လိစ္ဆဝီ မင်းသားတို့ အချင်းများကြတော့မယ်ဆိုပြီး ရန်ပွဲကြီး တစ်ခု

ကြည့်ရတော့မယ်လို့ မျှော်လင့် နေကြတာပေါ့။ ပြောသာ ပြောတယ် (ဂဏ)အုပ်ချုပ်ပုံ စနစ်ဆိုတာမျိုးက ဘယ်သူ့ကို ဘယ်သူကမှ ကြောက် စရာ မလိုဘူး။အစိုးရနဲ့ ပြည်သူ၊ သေဌေးနဲ့ ဆင်းရဲသား၊အလုပ်သမား နဲ့ အလုပ်ရှင် အခွင့်အရေးတန်းတူ။ ဥပဒေသာ မူလမို့ တရားမဲ့ နှိပ်စက် မှာ မပူရပါဘူး။

''မင်း ရထားပေါ်က အခု ဆင်းခဲ့စမ်း''လို့ ရထားထိန်းကို ဒေါသတကြီး ပြောတော့ ''ဘာကိစ္စ ဆင်းရမှာပါလိမ့် ခင်ဗျာ''လို့ ရထားထိန်းက အေးအေးကလေး ပြန်ပြောလိုက်တယ်။

''ရထားကို တရားမဲ့ မောင်းလို့ ထိခိုက်ကုန်တာ မမြင်ဘူးလား''

''ဒါကတော့ ကျွန်တော့် အပြစ် မဟုတ်ပါဘူး ခင်ဗျာ။ သခင် သြဇာ ကျွန်မှာ တည်စေ။ သခင်မ အမွှာပါလီက အပြင်း အနှင်ခိုင်းလို့ ကျွန်တော် နှင်ရခြင်းပါ''

သည်တော့မှ ရထားထဲမှာ ကြွနေ့ရရ ခန့်ခန့်ညားညား နေတဲ့ အမေ့ကို ကြည့်လိုက်ကြတယ်။ သည်အခါမှာ အမေကလဲ ခပ်အေးအေး ခပ်ပေါ့ပေါ့ပဲ ပြောလိုက်တယ်....

''တော်တော်များ ထိခိုက်သွားကြသလား မင်းသားတို့ရယ်၊ ရထားထိန်းကို အသော့နှင်ဖို့တော့ မမ အမိန့်ပေးထားတာပါ၊ ဘာ ကြောင့် အရေးကြီးဖြစ်ရသလဲဆိုတော့။ အဲ....နက်ဖြန်နံနက် အရုဏ်တက် မှာ ဗုဒ္ဓနှင့်တကွ သံဃာတော်များအတွက် ဆွမ်းချက်ရမယ်လေ။ ဒါ ကြောင့် ဈေးဝယ်နာဝယ် အဆောအလျှင်စီစဉ်ဖို့ အရေးကြီးတယ်မဟုတ် လား။ ဟဲ ဟဲ''

''ဘာ . ဘာ၊ ဗုဒ္ဓသခင်ကို ဆွမ်းကျွေးမယ် ဟုတ်လား''

''ဟုတ်တယ်လေ၊ ပြည့်တန်ဆာ တစ်ယောက်ကို အထင်သေး လို့လား၊ မမက လုပ်ကျွေးတဲ့ ဆွမ်းကို ဗုဒ္ဓကိုယ်တော်က မရှုံ့မရှာ ဘုဉ်း ပေး ချီးမြှောက်တော်မူလိမ့်မယ်လို့ မထင်လို့လား ဟဲဟဲဟဲ''

သူတို့တစ်တွေ ပါးစပ် အဟောင်းသား ဖြစ်ကုန်ကြတယ်လေ။ မယုံနိုင်ကြဘူးပေါ့။ လူတွေကလဲ ဘာဖြစ်လိမ့်မလဲလို့ ဝိုင်းအုံ ကြည့်ရှု နားထောင်နေကြတယ်။ အမေကပဲ အထက်စီးနှင်း ပမာမခန့် ပြောဆို ပြနေရတာ အရသာလို့ ဂုဏ်ယူနေလိုက်မိပါသေးရဲ့။

''အို...ဒါဖြင့် ဗုဒ္ဓသခင်ကို ကျွန်တော်ဘို့ကပဲ ဆွမ်းလုပ်ကျွေးပါ ရစေလား။ အမွှာပါလီကို ငွေ တစ်သိန်း ပေးပါ့မယ်။ ကျွန်တော်တို့.... ကျွန်တော်တို့''

သူဘို့ စကားမဆုံးမီ အမေက သူတို့ကို သနားကရုဏာကြီးစွာဖြစ်လိုက်သကဲ့သို့ (စုတ်သပ်ပြီး) ပြန်ပြောလိုက်ရတယ်လေ။

''အို .. ကျွတ်ကျွတ် ကျွတ်ကျွတ်။ မင်းသားတို့ နောက်ကျသွားပြီလေ။ ဒီ အခွင့်အရေးကြီးကို ဘယ်ရတော့မလဲ။ မင်းသားတို့က ဗုဒ္ဓမြတ်စွာ ကိုယ်တော်ကို အလေးမထားဘဲ (အတ္တ) သမားပီပီ ပေါ့ပေါ့တန်တန် နေခဲ့ကြတာကိုး။ သနားစရာကွယ်''

''ကဲ့ါ....ဒါတွေကို မပြောပါနဲ့ဘော့။ ကျွန်တော်တို့ကို ဆွမ်းကျွေးဖို့သာ လွှဲပေးပါ။ နှစ်သိန်း-နှစ်သိန်း ပေးမယ်''

''မင်းသားတို့က အရောင်းအဝယ်စကား ပြောလှချေလား။ မမကတော့ ဒီ အခွင့်ထူးကြီးကို ငွေနဲ့ မပြောနဲ့ ဝေသာလီပြည်ကြီးကို ပုံအပ်ပါမယ် ဆိုသာရင်တောင် အရောင်းအဝယ် မလုပ်နိုင်ပါဘူးနော်။ ကြီးကျယ်ဘယ်လို့လဲ မထင်နဲ့၊ စော်ကားတယ်လို့လဲ မယူဆနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓမြတ်စွာ အမှူးပြုပြီး သံဃာတော် အရှင်ကောင်းအရှင်မြတ်တို့အား ဆွမ်း တစ်နပ် ကျွေးလိုက်နိုင်တဲ့ ကုသိုလ် ကမ္ဘပထဟာ ဝေသာလီမင်းတို့၏ စည်းစိမ်ချမ်းသာကို မပြောနဲ့ စကြဝတေး မန္ဓာတ်မင်းတို့၏ စည်းစိမ် ချမ်းသာ ဩဇာ အာဏာတို့ထက် အဆပေါင်းများစွာ သာလွန်နေလို့ပါပဲကွယ်။ ဗုဒ္ဓသခင်က အခုပဲ ဟောတော်မူလိုက်တယ်။ 'သဗ္ဗါသမ္ဘတ္တိ ဘာဝေ ါ ဒုလ္လဲဘော'တဲ့။ ရတနာသုံးပါး၏ ဂုဏ်တော်များနှင့် ကံ-ကံ၏ အကျိုးကို မမှိတ်မသုန် ယုံကြည်ဖို့ချား ကြုံတောင့်ကြုံခဲကြီး-ဘဲ့။ ကဲ....မမ အချိန်မီ သွားလိုက်ပါရစေဦး။ ရထားမှူးရေ သွားတော့''

အရိပ်အကဲကို သိလွန်းတဲ့ ရထားမှူးက (ရွှတ်) ခနဲ နှင်တံကို ဝင့်လိုက်တယ်။

အမေ့ ရထားကလဲ လေ၏ လျင်မြန်ပုံမျိုးနဲ့ တစ်ဟုန်တိုး ထွက်သွားတယ်။

လမ်းပေါ်က မြို့သူ မြို့သား တစ်စုနဲ့ လိစ္ဆဝီမင်းသားတို့ဟာ စုရုံး စုရုံး အမျိုးမျိုး ဝေဖန် ကျန်ရစ်ခဲ့ကြတာပေါ့ကွယ်''

ထေရီမယ်ကလေးများက နှစ်ထောင်းအားရ ဖြစ်နေကြသည်။ အဆင့်အတန်းအားဖြင့် ယုတ်နိမ့် အောက်ကျသူပင်ဖြစ်စေ ရတနာသုံးပါး၏ ဂုဏ်ဖြင့် မြင့်မြတ် သာလွန်နိုင်သည်ကို စဉ်းစားနေမိကြသည်။ အမ္ဗပါလီထေရီကြီးသည် မမောနိုင် မပန်းနိုင် အပဒါန်ကို ဆက်၍ ဟောတော်မူသည်။

“ဒီလိုနဲ့ပဲ ဗုဒ္ဓကိုယ်တော်ကို အထူးထူးအပြားပြား အမွန်အမြတ် ဆွမ်းဝိတ္ထုပါတ်ကိုဆက်ကပ်လုပ်ကျွေးနိုင်ခဲ့တယ်။ ဒါသာမကသေးပါဘူး။ အမေ ပိုင်တဲ့ သရက်ဥယျာဉ်ကြီးမှာ (ဟီး)သနေအောင် ကျောင်းကြီး တစ်ဆောင်ကို အမေ ချမ်းသာသမျှ ငွေတွေ ပုံပြီး နတ်ဘုံ နတ်နန်း လောက် ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ မြတ်စွာဘုရားကလဲ အမေ့ ကျောင်းကြီးပေါ်မှာ အချိန်ကြာမြင့်စွာ ကြွရိယာ ပထမ္မတစ်နေတော် မူပါတယ်။ သာသနာလောကမှာ ပုပ္ဖာရုံကျောင်းအမ ဝိသာခါ ဥပသိကာကြီးနဲ့ တစ်တန်းတည်း ကျော်စောလာတာပါပဲ သမီးတို့ရယ်။

အဲ ...နောက်ပိုင်းမှာ ဗုဒ္ဓမြတ်စွာဘုရားထံ အဖူးအမြော် တရား နာ သွားဖန်များလာတာနဲ့အမျှ သံဝေဂ တရားလဲ ပိုလာတာပေါ့။

(တစ်နေ့တော့ ဝိမလကောဏ္ဍညဘွဲ့ အမည်ရှိတဲ့ ရဟန်းပျို ကလေး တစ်ပါးကို ခင်မင် ကြည်ညိုတဲ့အတွက် သူ့ရဲ့ သာသန မိခင် ကြီးအရာ တည်ပါရစေကြောင်း ခွင့်တောင်းပြီး လိုအပ်သမျှ ပစ္စယာ နုဂ္ဂဟ ထောက်ပံ့ လှူဒါန်းခဲ့ရပါတယ်)။

သည့်နောက်တော့ မကြာပါဘူး။ အမေကိုယ်တိုင် အခြံအရံ များနှင့် ဥပသမ္ပဒကံ ခံယူပြီး ဘိက္ခုနီဘဝကို ရောက်ခဲ့တာပါပဲ။ နှစ် ပေါင်းများစွာ မဆုတ်မနစ်သော လုံ့လဖြင့် မဂ်တရား ဖိုလ်တရား ပေါက် အောင် တောက်လျှောက် ကျင့်ခဲ့ပြီး သမီးတို့ရှေ့မှာ အပဒါန် ပြနေရပြီ လေ။ ကဲ....အမေ့ တရားကို နိဂုံးကမ္ပတ် အဆုံးသတ်ကြစို့ရဲ့။ သမီး ကလေးများ (ဣတ္ထိရုပ်ခံနဲ) မိန်းကလေးတို့၏ ဥစ္စာသည် အဆင်း လှပ ခြင်းတည်း ဆိုတဲ့ စကားကို တစ်ဖက်သတ် အားမကျကြလေနဲ့။ အကျင့် သီလ အာစာရ ချွတ်ယွင်းလျက် အဆင်းလှနေခြင်းဟာ ခက်ညွန့် ဝေဖြာ တဲ့ ဦးချိုကို အထင်ကြီးလွန်းတဲ့ သမင်ပျိုမကလေးများလို ထိုဦးချို ကြောင့်ပင် ဆင်းရဲဒုက္ခ ဖြစ်ရတတ်တယ်။ ထို့အတူပဲ အဆင်းလှဖို့ထက် အချင်း လှပစွာ ဝဋ္ဋဘဝတိုဘိုနှင့် မဂ်ဖိုလ်ကို ရနိုင်ကြပါစေကွယ်”

“သာဓု....သာဓု....သာဓု”



# ထူးချွန်ဆုရ ဓမ္မကထိက ထေရီမယ်

''ငါဘုရား၏ သာသနာ၀ယ် တရား အဟောကောင်းသော (သူတစ်ပါးအား မှန်ကန်စွာ နားလည်အောင် ပြောတတ်သော) ဓမ္မကထိက ဘိက္ခုနီထေရီတို့များစွာ ရှိကြသည့်အနက် ဓမ္မဒိန္နာထေရီသည် အထူးချွန် အမွန်မြတ်ဆုံး ဖြစ်သည်''

[illegible]သုံးလောက သေဌ်နင်းတရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မဒိန္နာထေရီအား ဤသို့ ဧတဒဂ်ဘွဲ့(ထူးချွန်ဆု) ဖြင့် ချီးမြှောက်တော်မူခဲ့သည်။

လောကီပညာ သိပ္ပံဗေဒအရာချိုးကို တတ်မြောက် ကုံလုံသူဟူ၍၊ လူတစ်ထောင်တွင် တစ်ယောက်၊ လူတစ်သောင်းတွင် တစ်ယောက် ထွန်းပေါက်ဖို့ ခဲယဉ်းလှဘိသည်။

ပညာတတ် အသီးသီး ပေါ်ထွန်းခဲ့သည် ဖြစ်စေဦး၊ မိမိတတ်သိသော ထိုပညာတို့ကို သူတစ်ပါးအား ဂ-န သေချာတတ်မြောက် **လာ အောင်** ပို့ချသင်ကြားနိုင်သည့် ဆရာ တစ်ဆူဖြစ်ဖို့ ဟူသည်မှာ အလွန် ခဲယဉ်းလှဘိသည်။

ဆရာ့ဆရာ ထိုများစွာ အနက် ထူးထူးချွန်ချွန် (ဆရာမွန် ဆရာ ကောင်း)တစ်ဆူ ဖြစ်ဖို့ဟူသည် အလွန့်အလွန်သာ ခဲယဉ်းလှပါဘိသည်။

အသက်မွေးဝမ်းကျောင်း လောကီပညာ ဟူသမျှ တို့ထက် လောကုတ္တရာတရား မြတ်ကိုးပါး အသိပညာမှာ 'ဂမ္ဘီရောဒုဒ္ဒသော ဟောတိ'ဟု ဆိုသည့် အတိုင်း အလွန် ခက်ခဲ နက်နဲလှပါဘိတောင်း၊ လောကီပညာတတ်သူမှာ တစ်ရာ တစ်ယောက်၊တစ်ထောင် တစ်ယောက် ပေါ်ပေါက်ဖို့ အလွန်ခဲယဉ်းသည်ဆိုလျှင် လောကုတ္တရာပညာကို သိမြင် သူမှာ တစ်သိန်းတစ်သန်းမှ တစ်ယောက်ဟု ဆိုစလောက် ဖြစ်လေသည်။

ဓမ္မရသာထိုပညာကို သိမြင်သူမှာ တစ်သိန်းတစ်သန်းမှ တစ်ယောက် ဟု ဆိုစလောက် ဖြစ်လေသည်။ဓမ္မရသာထိုပညာကို မိမိ သိမြင်သလို သူ တစ်ပါးအားဟောကြားပို့ချ ဓမ္မကထိကဖြစ်နိုင်ဖို့အရေးဆိုလျှင်မူ တစ်ဆူ တစ်ယောက် ထွန်းပေါက်ဖို့ ခဲယဉ်းသည် ဖြစ်ရကား ဓမ္မကထိကများစွာ တို့အနက် အတော်ဆုံး အထူးချွန်ဆုံးတေဒဂ်ဘွဲ့ ခံယူနိုင်ဖို့ ဆိုလျှင်တော့ မဟာရောမ ဒုလ္လဘကြီးတစ်ရပ် ဖြစ်ပေလိမ့်မည်။

ဘွဲ့ချီးပေးအပ်တော်မူသော ပုဂ္ဂိုလ်ကြီးကိုယ် တိုင်က ''အနုတ္တရော ပုရိသ ဒမ္မသာရထိ''လူနတ်ပြဟ္မာတို့အားဆုံးမ ကယ်ချွတ်တော်မူရာတွင် အတုမရှိ၊ သတ္ထာဒေဝ မနုဿ၊ လူနတ်တို့၏ အဓိပတိဆရာကြီးတစ်ဆူ ဖြစ်တော်မူသောကြောင့် ထိုပုဂ္ဂိုလ်ကြီး ကိုယ်တော်တိုင်က ပေးအပ် ချီးမြှောက်တော်မူသော (ဓမ္မကထိက တေဒဂ်)ဟူသော ဘွဲ့ထူးဂုဏ်ထူး ကြီးမှာ နှယ်နှယ်ရရ မဟုတ်ကြောင်း သိသာနိုင်လေပြီ။

ထို အတုမရှိ ဘွဲ့ကြီးကို ဓမ္မဒိန္နာထေရီ အရှင်မ ရခဲ့ခြင်း ဖြစ် လေ၏။

ဓမ္မဒိန္နာ အမျိုးသမီးသည် ရာဇဂြိုဟ်ပြည့်အရှင် ဘုရင် ဗိမ္ဗိသာရ မင်း၏ သူငယ်ချင်း ဖြစ်သော ဝိသာခသူကြွယ်၏ဇနီးချော ဖြစ်သည်။ ပျိုမျစ်နုနယ် ဆယ်ကျော်သက်ကတည်းက လက်ထပ် ထိမ်းမြားခဲ့သည် ဖြစ်၍ တစ်ဦးနှင့်တစ်ဦး ကြင်နာယုယ ချစ်မဝ ဖြစ်နေကြသည်။ စိတ်တူ ကိုယ်မျှ အလိုလိုက်၍ အကြိုက်ခွင်းတူသော သဘော အယူအဆ ရှိကြ သည်။

ခြောက်ပါးအပြစ်၊ မရစ်ဆင်လွှာ၊ ငါးကလျာနှင့်၊ရုပ်ဝါဆင်းပြင်၊ နတ်အသွင်သို့၊ လင်ကို မြင်က၊ အလျင်ထလှုက်၊ နောက်မှ အိပ်မူ၊ မေး ပြု လိုလိုက်၊ စရိုက်ချစ်ဖွယ်၊ သူ့ဝယ်မဆော်၊ နှုတ်သံချိုမြှေ၊ ပြောဆိုလေ ဖြင့်၊စုံစေ့ ခြောက်လီ၊ ကျင့်ရေးညီသည့်၊ မဒ္ဒီမိဖုရားလို အိမ်သူသက်ထား မယားအလိမ္မာ ဖြစ်သည်။

မိမိ၏ မိဘဘက်မှ ကုဋေ လေးဆယ်၊ လင့်ဘက်မှ ကုဋေ လေးဆယ်တို့ကို စိုးပိုင်နေရသည်။

အိမ်အမှုလုပ် အခြွေအရံ အစေခံ ကျေးကျွန်တို့မှာလည်း ရာနှင့်ချီ၍ ရှိသည်။

ရာဇဝလ္လဘ မင်း ကေရာဇ်နှင့်ရင်းနှီးကျွမ်းဝင်သော ဂုဏ်ကလည်း အရေးတယူ ခင်မင် လေးစားကြရသည်။ လောကအလယ် တင့်တယ်ကြွယ်ဝသော ဇနီးမောင်နှံအဖြစ် ထင်ရှား ကျော်ကြားပါဘိသည်။

သက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် မြတ်စွာဘုရားသခင် ပွင့်တော်မူခဲ့ပြီး သတ္တသတ္တာဟ လေးဆယ့်ကိုးရက် စံတော်မူပြီးသည့်နောက် မိဂဒါဝုန်သို့ ကြွကာ ပဉ္စဝဂ္ဂီ ငါးဦးအား ဓမ္မစကြာတရား ဟောတော်မူသည်။ ထို့နောက် ယသ သေဋ္ဌေးသား ငါးကျိပ်ငါးတို့ကို သော် လည်းကောင်း၊ ဘဒ္ဒဝဂ္ဂီ မင်းသား သုံးကျိပ်တို့ကိုလည်းကောင်း၊ ဥရုဝေလတောနေ ရသေ့ တစ်ထောင်တို့အား လည်းကောင်း၊ ဗဟိဘိက္ခု ရဟန်းပြုတော်မူပြီးလျှင် ရဟန္တာ တစ်ထောင် ဝန်းရံ၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေသည်။

ဗိမ္ဗိသာရ မင်းသည် ဗုဒ္ဓလောင်းလျာ တောထွက်တော်မူခါစက တွေ့ကြုံခဲ့ရသည်။ ထိုစဉ်ကတည်းက ကြည်ညိုလေးစား မေတ္တာပွား၍ ဘုရားဖြစ်တော်မူလျှင် မိမိထံသို့ ရှေးဦးစွာ ကြွရောက်၍ ချီးမြှောက်တော်မူရန် တောင်းပန်ပင့်ဖိတ်ထားသူ ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်သည် ဗိမ္ဗိသာရမင်း၏ သဒ္ဓါပသန္နကို ငဲ့ညှာ သနား၍ ကြွတော်မူခဲ့ခြင်း ဖြစ်သည်။

ဗိမ္ဗိသာရမင်းသည် တစ်သိန်းနှစ်သောင်းမျှသော ပရိသတ်တို့နှင့် မြတ်စွာဘုရားအထံတော်သို့ လာ၍ တရားနာယူသည့်အခါ သူငယ်ဘော်ဖြစ်သော ဝိသာခ သူကြွယ်ပါ ပါလာသည် ဖြစ်ရကား အားလုံးပင် သောတာပတ္တိ မဂ်တရားကို ရကြလေသည်။

မြတ်စွာဘုရားထံမှောက်သို့ ဒုတိယအခေါက် သွားရောက် တရားနာရသည့်အခါ ဝိသာခ သူကြွယ်မှာ သကဒါဂါမိ ဖိုလ်၌ တည်လေသည်။ တတိယအကြိမ်တွင် အနာဂါမ် တည်လေပြီ။

ဓမ္မဒိန္နာ အမျိုးသမီးသည် မိမိလင်သား တစ်နေ့ထက်တစ်နေ့ ကြွေကြီးမားလာသည်ကို မတွေးတတ်အောင် ဖြစ်နေသည်။ လှေကားဦးသို့ ဆင်း၍ ခရီးဦးကြိုဆိုလျက် ပြုံးမြဲဝတ်အတိုင်း လက်တွဲသည့်အခါ ဝိသာခ သူကြွယ်က လက်ကို ရုပ်သိမ်းထားသည်။ နံနက် ထမင်းစားသည့်အခါ ခါတိုင်းကဲ့သို့ ကြည်သာရွှင်ပျ စကားဟခြင်း မရှိ။ ညရောက်၍

အိပ်ခန်းသို့ ဝင်သောအခါ ဓမ္မဒိန္နာ မမျှော်လင့်သော စကားကို ပထမဦးစွာ ကြားလိုက်ရပေတော့သည်။

''နှမရယ်....ကျေးဇူးပြု၍ မင့်အစ်ကိုကြီး တစ်ဦးတည်း အိပ်ပါရစေလား။ ငါနှမ သည်းခံပြီး အိပ်ခန်းအရာမ် တစ်ခုခုမှာအိပ်ချေတော့''

''အို....''ဟု ဓမ္မဒိန္နာ၏ နှုတ်မှ အထိတ်တလန့် အံ့သြ မြည်တမ်းလိုက်မိသည်။

''မောင်....ဘယ်လို သဘောလဲမောင်ရယ်။ ပြောပုံဆိုပုံ ဆက်ဆံပုံမှအစ အရင်ကနဲ့ လုံးဝမတူတော့ပါကလားကွယ်။ ကျွန်မမှာ တစုံးတစ်အပြစ်များ ရှိနေရော့သလား။ အပြစ်မြင်ရင် ဆင်ခြင်ရအောင် ထုတ်ဖော်ပြောပါ သခင်ရယ်''ဟု ဝမ်းနည်းပက်လက် ရှိုက်သံပါထွက်လာရသည်။

''နှမမှာ ဘယ်တုန်းအခါကမှ အပြစ် မရှိခဲ့ပါဘူး၊ အမိကဲ့သို့ ကြင်နာ၍ နှမကဲ့သို့ ရိုသေပြီး အစေခံတမျှ ကျိုးနွံခယနေတာ အမြဲပါပဲ နှမရယ်''

''သို့လျက်နဲ့ အချစ်ပျက်သလို ဆက်ဆံနေတာက ကျွန်မရဲ့ နှလုံးကို ကြိမ်မီးအုံးသလို ရှိလှပါတယ်။ အငယ်အနှောင်း အဆွယ်အပွားနဲ့ ဝဲယာထားပြီး စံစားလိုတာဖြစ်လဲ ယောကျ်ားတို့ ဓမ္မတာမို့ ကြည်ကြည်သာသာ ခွင့်ပြုပါမယ် မောင်ရယ်''

ဝိသာခသူကြွယ်သည် သနားစဖွယ် မယားသည်အား ကြင်နာဆပွား ပြဟ္မစိုရ်မေတ္တာနှင့် ကရုဏာထားမိလေသည်။ မြတ်စွာဘုရား၏ တရားတော်ကြောင့် မိမိမှာ ကာမစ္ဆန္ဒနီဝရဏနည်းပါးနေပြီကို ဓမ္မဒိန္နာ မသိရှာ။ အထင်အမြင်မှား၍ မိမိကြောင့် အကုသိုလ် ပွားမည်ကို စဉ်းစားမိသဖြင့်။

''အဘယ်ဓမ္မဒိန္နာ၊ သင်အထင်မှားနေပြီ။ နှုနယ်ပျိုမျစ် ငယ်စဉ်က ချစ်ခဲ့သော မယားအလိမ္မာပှလွဲ၍ တရံတဆစ်မျှ အခြား မိန်းမတစ်ယောက် တင်ဦးကိုသော်မှ မပြစ်မှားခဲ့ပါတကား။ ငါသည် မြတ်စွာဘုရား၏ အထံ၌ မိတ်ဆွေဖြစ်သော ဗိမ္ဗိသာရမင်းနှင့်အတူ တရားတော်ကို နာရ၍ လောကုတ္တရာမည်သော တရားအထူးကို ရခဲ့ပါပြီ။ထို တရားအထူးကို ရသည့်အချိန်မှစ၍ လောကီအာရုံ ကာမဂုဏ်တို့ကို ခံမင် တပ်စွမ်းခြင်း မရှိတော့ပါ။ ထို့ကြောင့် သားမယားနှင့်တကွ ဖြစ်သော ကာမ ချမ်းသာကို စွန့်ပယ်လိုက်ခြင်း ဖြစ်ပါသည်။ အကယ်၍ သင်အလိုရှိမူ သင်၌ ပါသော ကုဋေမလေးဆယ်၊ ငါ၌ပါသော ကုဋေလေးဆယ်ဤ ရှစ်ဆယ်သော ဉစ္စာတို့ကို အစိုးအပိုင်ပြု၍ ငါ၏အမိအရာ၌ သော်

လည်းကောင်း၊ နှမအရာ၌သော် လည်းကောင်း တည်နေပါတော့။ သင်က ကျွေးသော ထမင်း တစ်ဆုပ်တစ်လုတ်ဖြင့်သာ မျှတ၍ ငါနေပါမယ်။ ထိုသို့မှ မနေလိုလျှင်လည်း ပစ္စည်းဥစ္စာတို့ကို ယူ၍ သင်၏ အမိထံ ပြန်လိုက ပြန်ပါ။အကယ်၍ အခြားယောကျ်ားကို လင်သားအရာ ထားလိုကလည်း ထားပါ။ သို့လိုမှမဟုတ် ကျွန်ုပ်နှင့်အတူ နေလိုပါကလည်း မောင်နှင့်နှမ အဖြစ်သာ တည်ကြပါစို့ရဲ့''

ဝိသာခ သူကြွယ်၏ မျက်နှာမှာ လောဘ ဒေါသအငွေ့ မသမ်းဘဲ ရှင်လန်းနေသည်ကို ဓမ္မဒိန္နာ သတိပြုမိရှာသည်။ စကားအသံမှာလည်း အေးဆေး တည်ငြိမ် ဆီစိမ်သော ဂွမ်းနုကဲ့သို့ နူးညံ့လှပေသည်။

မိန်းမမည်သည် မိမိမှ ဖောက်ပြား၍ နောက်မယား ယူသည်ကို သာ လင်သားအပေါ်မှာ စက်ဆုပ်တတ်သည်။ မိမိ၏ အချစ်ကို ပစ်တောင်းဆန်ကာ ဥပေက္ခာပြုသည့်အခါသာ နာလိုခံခက် အမျက်ဆွက်တတ်သည်။ ယခုသော်ကား မိမိ၏လင်သားမှာ ကာယသံသဂ္ဂဖြင့် ထိပါးဆက်ဆံခြင်း မရှိသည်ကလွဲ၍ နှမအနေဖြင့် ချစ်ကြင်နာလျက် ရှိကြောင်းကောင်းစွာ ယုံကြည် လက်ခံနိုင်စရာ ဖြစ်နေသည်။

သူ၏ အပြောအဆို အမူအရာ သာယာညင်းပျောင်းရှိသည်နှင့် အမျှ တရားဓမ္မကို သက်ဝင်ယုံကြည်လာခြင်းကို စိတ်နာဖွယ်မရှိ။ မိမိ အထင်မှားမိသည်ကိုသာ အားနာစရာ နောင်တရမိလေသည်။ သူကား ကာမဘောဂီ လောကီချမ်းသာကို ရှောင်ခွာနိုင်ပါလျက် မိမိက အာသာ မပြတ် နွားတေ်ရေချ ဖြစ်နေရမှာကို ရှက်စနိုး ဖြစ်မိသည်။ မိမိ လင်၏ အလိုကို လိုက်၍ အကြိုက်ကို ဆောင်ခဲ့သည်မှာ အိမ်ထောင်ကျစကတည်းက ဖြစ်သည်။ ယခုလည်း သူ့အလိုကို ကိုယ် မလိုက်နိုင်စဖွယ် မဟုတ်။ သူ ကျင့်လျှင် ကိုယ် ကျင့်နိုင်မည်၊ သူ သွားလျှင် ကိုယ် လိုက်နိုင်သည်။ ထို့ကြောင့် ရိုသေစွာ မေးလိုက်ရသည်။

''မောင် ပြောတဲ့ လောကုတ္တရာ တရားဆိုတာ ယောကျ်ားများ သာ ကျင့်နိုင် ကြံနိုင်တဲ့ တရား ဖြစ်လေသလား မောင်မောင်၊ ကျွန်မတို့ မိန်းမသား အနေနဲ့ကော သိနိုင် ကြံနိုင် မှတ်နိုင် ဆောင်နိုင်ခွင့် မရပေဘူးလား''

''အို…ဓမ္မဒိန္နာ။ မြတ်စွာဘုရား၏ တရား ဟူသည်မှာ မိန်းမ ယောကျ်ားမရွေး သဒ္ဓါနှင့် ဝီရိယရှိသူ မည်သူမဆို ကျင့်နိုင် ကြံနိုင်ကြပါသည်။ ထို လောကုတ္တရာ အမွေကို ခံနိုင်ကြပါသည်။ အကြင်-အကြင် သူအား ဥပနိဿယ(အားကြီးသော အထောက်အပံ့) အကြောင်း ရှိ၏။ ထိုထိုသူသည် ဤ လောကုတ္တရာ တရားကို ရရှိနိုင်ပါသည်''

"ကျေးဇူးရှင် သခင်မောင်မောင်။ အဘယ်ကဲ့သို့ စတင်ရပါမည်လဲ"

ဝိသာခသည် တစ်ခဏမျှ စဉ်းစားလိုက်မိသည်။ အနာဂါမ် ဖြစ်သော မိမိနှင့် တစ်အိမ်တည်း အတူနေလျက် မိမိက တရားပြနေသဖြင့် သူ့အတွက် ဝိတက် ဝိစာရ စိတ်ချဖွယ် ရှိမှ ရှိပါမည်လား" ဝိသာခ တွေးလိုက်သော တစ်ခဏမှာပင် အလွန် ပါးနပ် လိမ္မာသော မယားက စကားဆက်၍ ဆိုလိုက်သည်။

"ကျေးဇူးသခင် အရှင့်သားရယ်။ အရှင်က ခွင့်ပြုမည်ဆိုလျှင် ဘိက္ခုနီ ပြု၍ တရား ကျင့်လိုပါတယ်။ ရဟန်း မိန်းမ တစ်ပါးပါးကို (ဓမ္မဆရာ)ထား၍ သင်ကြားရလျှင် မိန်းမသား အချင်းချင်းမို့ အရာရာမှာ သဘာဝကျစရာ ရှိပါလိမ့်မယ်"

"အို....ဓမ္မဒိန္နာရယ်" ဟု ဝိသာခမှာ အံ့သြ ဝမ်းသာ ဖြစ်လိုက်ရသည်။

"အလွန် ချီးကျူးဖွယ် ကောင်းလေစွ။ အလွန် နှစ်သက်ဖွယ် ရှိလေစွ ဓမ္မဒိန္နာရယ်။ သင့်သဘောကို မသိသာ၍သာ မတိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။ ဘိက္ခုနီတို့၏ ကျောင်းမှာ ဘိက္ခုနီဆရာနှင့် အားထုတ်ခြင်းဟာ အလွန် သင့်မြတ်သော အကြောင်းပါပဲ။ သာဓု....သာဓု"

"အဲလိုဆိုလျှင် နက်ဖြန် နံနက်မှာ ဘိက္ခုနီ ကျောင်းကို ပို့ပေးပါ မောင်မောင်"

"အလွန် လိမ္မာသော အိမ်ရှင်မ။သင်၏ သဒ္ဓါတရားကို ချီးမြှောက် ပူဇော်ပါရစေ။ တိတ်ဆိတ် ငြိမ်သက်စွာ သာမန်ရိုးရိုးသွားခြင်းထက် ငါ ကိုယ်တိုင်မှ အစပြုပြီး သူငယ်ချင်း ဗိမ္ဗိသာရ မင်းကြီး အပါအဝင် ရာဇဂြိုဟ် တစ်မြို့လုံး အုံးအုံးကျွက်ကျွက် ဂုဏ်ပြုကြရအောင် စီစဉ်ခွင့်ပြုပါ။ ယခု ညဘွင်းချင်းပင် မင်းကြီးအား လျှောက်ထား အကြောင်းကြားပါမယ်"

တရားရှိသော ပုဂ္ဂိုလ်တို့သည် တရားကို မြတ်နိုးသော သူတို့အား လင်နှင့် မယား သမီးသားထက် ချစ်ခင် လေးစားတတ်ကြသည်။ နှစ်သက်တတ်ကြသည်။ ဂါရဝပြုတတ်ကြသည်။ ဂုဏ်ပြုတတ်ကြသည်။

ဝိသာခ အနာဂါမ်သည် ဘိက္ခုနီပြုအံ့သော မယားကောင်းကို ကြီးကျယ် ခမ်းနားစွာ ရဟန်းအမအဖြစ် ဗုဒ္ဓသာသနာတော်ကို သွတ်သွင်း ချီးမြှင့်လိုသဖြင့် အကာလ ညကပင်လျှင် ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက် ခစားလေသည်။

''ဘယ်လိုလဲ သူငယ်ချင်း ဝိသာခ ဓမ္မမိတ်ဆွေရယ်၊ နံနက်လင်းအောင်မှ မစောင့်နိုင်ဘဲ ညကြီး မင်းကြီး အရေးတကြီး လာရတဲ့ ကိစ္စကို ပြောပါဦး''ဟု မေးယူရသည်။

ဝိသာခ သူကြွယ်က သူ့ မယားနှင့် စကားဆိုမြွက် အဖြစ်အပျက်အကြောင်းစုံကို အကုန်အစင် ဝမ်းသာအားရ လျှောက်တင်ပြသည်။

''သာဓု....သာဓု ဝိသာခ၊ ဘုရား ကိုယ်တော်သည် သတ္တဝါဝေနေယျတို့၏ ဆင်းရဲကို ကယ်တင်လို၍ ကမ္ဘာအသင်္ချေ ပါရမီဖြည့်ကာ တရားရှာ၍ ဓမ္မရသကို ဝေငှတော်မူခဲ့သည်။ ယခု သင်ကိုယ်တိုင်လည်း ဗုဒ္ဓထံမှ ရခဲ့သော အမြိုက်ရသကို မိမိ၏ မယားအား ဝေငှပေးနိုင်ခဲ့ပြီ။ သင့်ကို ငါ ချီးမွမ်းပါရဲ့၊ ဂုဏ်ပြုပါရဲ့၊ သင့်ကို အားကျ၍ ငါ၏ မိဖုရားများ ဖြစ်သော ဝေဒေဟီနှင့် ခေမာဒေဝီတို့ကို သိမ်းသွင်းရပါဦးမည်။ ငါ့ သူငယ်ချင်းဖြစ်သော တက္ကသိုလ်ပြည့်ရှင် ပက္ကုသာတိ ဘုရင်ကိုလည်း ရတနာသုံးပါးတို့၏ဂုဏ်တော်ကျေးဇူးတော်များကို တဆောင်တယောင် တခမ်းတနား သဝဏ်ပါး၍ ပို့ရန် သတိရမိပါပြီ။ ကဲ....သင်၏ မယား ဘိက္ခုနီပြုဖို့ ကိစ္စမှာ ငါက ဘယ်လို ကူညီဆောင်ရွက်ပေးရမှာလဲ။သင်ပြောသည့်အတိုင်း အရာရာကို ပြည့်စုံဖို့ တာဝန်ယူတယ် သူငယ်ချင်း''ဟု ဗိမ္ဗိသာရမင်းက ဝမ်းသာအားရ တာဝန် ယူလိုက်သည်။

''မြတ်သော မင်းကြီး၊ ကျွန်ုပ်၏ မယားကို ထူးမြတ်စွာ ဂုဏ်ပြုလိုပါသည်။ ဘိက္ခုနီ ကျောင်းသို့ သွားရာလမ်းကို အဆန်းတကြယ် တန်ဆာဆင်၍ ရွှေထမ်းစင် ငါးရာကို အမျိုးသမီး ငါးရာက စီးနင်းလိုက်ပါ ခြံရံလျက် ပန်းနံ့သာ လက်စွဲကာ ပွဲကြီးသဘင် လိုက်ပါစေချင်ပါသည်။ ဤအရာများသာ ဓမ္မဒိန္နာအတွက် တရားပူဇော်ခြင်း ဖြစ်ပါလိမ့်မည်''

ဗိမ္ဗိသာရ မင်းကြီးက ဝိသာခ ပြောသည့်အတိုင်း တာဝန်ယူလိုက်သည်။

''ကောင်းပြီ ဝိသာခ၊ အတိုင်းထက်အလွန် ဖြစ်စေရပါမည် သူငယ်ချင်း''

ဤသို့ဖြင့် နောက်တစ်နေ့ နံနက်တွင် ရာဇဂြိုဟ် တစ်မြို့လုံး ဥက္ကောဋ္ဌေယျ ဖြစ်ကြရသည်။ ဝိသာခ သူကြွယ်သည် ဓမ္မဒိန္နာကို နံ့သာရေဖြင့် ချိုးစေ၍ အလုံးစုံသော တန်ဆာတို့ ဆင်မြန်းလျက် ရွှေထမ်းစင်ပေါ်၌ နေစေ၍ ဆွေမျိုးအပေါင်းနှင့်တကွ မင်း မှူးမတ် သူဌေး သူကြွယ်သမီး ငါးရာပါ ရွှေထမ်းစင်တို့ကို အသီးသီး စီးနင်း ခြံရံလျက် ပန်းနံ့သာတို့ဖြင့် ပူဇော်၍ တစ်မြို့လုံးကို ထုံလှိုင်မွှေးကြိုင်အောင်

ပြုသကဲ့သို့ ဆောင်ယူ လှည့်လည်၍ ဘိက္ခုနီ ကျောင်းသို့ ပို့လေသည်။ မြို့သူမြို့သား အားလုံးတို့သည် ဓမ္မဒိန္နာ(ရှင်ပြုပွဲကြီး)ကို တအံ့တဩ ငေးမော ကြည့်ရှု ချီးကျူးကြကုန်သည်။

ဝိသာခက ဘိက္ခုနီထေရီတို့အား ဓမ္မဒိန္နာကို ရဟန်းမ ပြုပေးရန် တောင်းပန်သည့်အခါ သဒ္ဓါပဗ္ဗဇ္ဇိတ ဟုတ်မဟုတ် စစ်ဆေး မေးမြန်း ပြီးမှ ခွင့်ပြုတော်မူကြသည်။

အနာဂါမ် ဝိသာခသည် ထိုနေ့ဖြစ်စ ဓမ္မဒိန္နာ သာမဏေရီကို ရိုသေစွာ ရှိခိုး၍

''သာသနာမှာ ပျော်မွေ့စွာနေ၍ လောကုတ္တရာ တရားတော်ကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားပါ''ဟု ကြည်နူးစွာ လျှောက်ထားလေသည်။

''ကောင်းပါပြီ ငါ့ရှင်၊ မဆုတ်မနစ် ကြိုးစား၍ တရားရပါစေ့မည်''ဟု ဝန်ခံသည်။

ရာဇဂြိုဟ် တစ်မြို့လုံးက မြို့သူမြို့သားများက အကြီးအကျယ် အကျော်အစော ဘိက္ခုနီ အဖြစ်ကို ယူသည့် သူကြွယ်၏ မယား အချော အလှ အမျိုးသမီးထံ လှူဖွယ်ပစ္စည်းများဖြင့် သွားရောက် ကြည်ညိုကြသည်။ အဘယ်သို့သော သံဝေဂဖြင့် သုံးဆောင်သော ဆံကေသာ အလှကို ပယ်ချပြီး 'ရဟန်းမ' လုပ်ခဲ့ပါသလဲဟု မေးမြန်းကြသည်။ ထိုအခါ ကျော်စောခြင်း ကိတ္တိ၊ လာဘ်ပေါများခြင်း လာဘ၊ ကြည်ညိုပူဇော်ကြခြင်း သက္ကာရ။ ထို့ကြောင့် ကမ္မဋ္ဌာန်း အလုပ်တွင် အနှောင့်အယှက် ဖြစ်လာရသည်။ ဓမ္မဒိန္နာသည် ကမ္မဋ္ဌာနာစရိယ (ကမ္မဋ္ဌာန်းနည်းပြဆရာ)ထေရီနှင့် တိုင်ပင်ကာ လူအတွေ့နည်းရာ ဖြစ်သော တောဇနပုဒ်သို့ ကြွရောက် အားထုတ်ဘော်မူရသည်။

ထိုသို့ ဓမ္မဒိန္နာထေရီ တောရဆောက်တည်သွားပြီဟု ကြားသိရသောအခါ ဝိသာခသည် ဓမ္မစ္ဆန္ဒ(တရားကို အလိုရှိခြင်း)၊ ဓမ္မကာမက (တရားကို မြတ်နိုးခြင်း) ရှိပါပေသည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်နှင့်အမျှ အိမ်ဖော်တူနေ မိတ်ဆွေခင်ပွန်း အမှုလုပ် အခြွေအရံများမှာ ဝမ်းနည်းပက်လက် ဖြစ်ရှာကြသည်။

''ငါတို့၏ သခင်မ၊ ငါတို့၏ အဆွေခင်ပွန်းမသည် ငါတို့နှင့် အတူ နှစ်ရှည်လများ ဆပွားကြည်သာ ခင်မင်သော မေတ္တာဖြင့် ပျော်ရွှင်စွာ နေခဲ့ကြရာမှ ငါတို့နှင့် ခွဲ၍ ဘိက္ခုနီ လုပ်သွားရှာသည်။ နေ့စဉ် ညစဉ် မကွဲမကွာ နေကြရာမှ ခွဲခွာခဲ့ကြရ၏။ ထိုသို့ နေသဖြင့် ဘိက္ခုနီ ကျောင်းသို့ မကြာမကြာ သွားလာတွေ့ဆုံ အလွမ်းပြေ ကြည့်ရှုရ၊

ပြောဆိုလှူဒါန်းခွင့် ရသောကြောင့် ဖြေနိုင်ပါသေးသည်။ ယခုကား အမှတ်မရှိသော တောအရပ်သို့ ခြေရာပျောက် ထွက်ခွာသွားပြီ ဖြစ်၍ အဘက်အတိုင်း နေ၍မှ ပြန်လည် တွေ့ဆုံခွင့် ရပါဦးမည်လား''ဟု ကျိဘ်၍ ငိုကြွေးမြည်တမ်းနေကြသည်။

အချိန်ကာလအားဖြင့် လခွဲမျှသာ ကြာလိုက်သည်။ဓမ္မဒိန္နာထေရီ ဘောကျောင်းမှ ရာဇဂြိုဟ်သို့ ပြန်ကြွလာကြောင်း ကြားရသည်။

''ဘယ့်နှယ်လဲ၊ သာသနာတော်၌ မပျော်မွေ့၍ ပြန်လာသလော၊ သို့မဟုတ် တရားရှာရာက လက်သျှော့စိတ်ကုန်၍ ပြန်လာခြင်း ဖြစ်လေ သလား''

ဝိသာခ သူကြွယ်သည် အခြေအနေကို အကဲခတ်ရလေအောင် ဘိက္ခုနီကျောင်းသို့ သွားကာ ဓမ္မဒိန္နာကို ဖူးမြော်စူးစမ်းရသည်။ တည် ကြည်ခန့်ညားသောဓမ္မဒိန္နာထေရီ၏ ကြွေ့မှာ အထင်နှင့်အမြင် သေးငယ် စရာ မရှိ၊ ပကတိ ရင့်ကျက်နေသည်။

ထို့ကြောင့် ''သာသနာတော်မှာ ပျော်ရဲ့လား''ဟူသည့် စကား မျိုးဖြင့် မေးဖို့ရာမှာ သိမ်နုပ်နေသည်။ ဤသို့ မဟုဘ်မူ၍ ''အရှင်မ၊ တရားထူး ရခဲ့ပါပြီလော''ဟု မေးရမည်ကလည်း ပညာရှိတို့၏ မေးခွန်း မဟုတ်။

မိမိ၏ကိုယ်တိုင် အနာဂါမ် အဆင့်သို့ ရောက်၍ သိမြင်နေသော တရားသဘော ဓမ္မစိနိစ္ဆယ (မှန် မမှန်ကို ဆုံးဖြတ်ခြင်း)ဖြင့် အမေးအဖြေ ပြုမှ သင့်မည်ဟု တွေးမိသည်၊

''အရှင်မ၊ ကျန်းခံ့သာယာ ရှိပါရဲ့လား''ဟု စလိုက်သည်။

''ကျန်းခံ့သာယာ ရှိပါရဲ့(အာဝုသော) ဒါယကာ''ဟု ဓမ္မဒိန္နာ ထေရီက ဖြေသည်။

''အရှင်မနှင့်(ဓမ္မပ္ပဋိသန္ထာ) တရားစကားဖြင့် စေ့စပ်ခြင်းကို ခွင့်ပြုတော်မူပါ''

''ခွင့်ပြုပါရဲ့ ဒါယကာ''

ဝိသာခသည် ပုထုဇဉ်တို့ ပိုင်ပိုင် မသိနိုင်သော တရားအနက် ဖြင့် စ၍ မေးလိုက်သည်။

''အရှင်မ၊ သက္ကာယ....သက္ကာယဟု ဆိုရာဝယ် ဘယ်အရာကို သက္ကာယ ခေါ်ပါသလဲ''

''ဒါယကာ ဝိသာခ၊ ဥပါဒါနက္ခန္ဓာကိုပင် သက္ကာယဟု ဘုရား ဟောပါသည်''

"ကောင်းပါပြီ အရှင်မဘုရား။ အဘယ် အရာကို သက္ကာယ သမုဒယဟု ဆိုပါသနည်း"

"နောင်ဘဝကို ဖြစ်စေတတ်သော ထိုထို ဘုံဘဝကို တပ်မက် နှစ်သက်ခြင်း တဏှာကို သက္ကာယ သမုဒယ ဟူ၍ မြတ်စွာဘုရား ဟော ကြားပါသည် ငါ့ရှင် ဝိသာခ"

"သာဓု...သာဓု အရှင်မ။ သက္ကာယ နိရောဓ ဟူသည် အဘယ် တရားပါလဲ"

"ငါ့ရှင် ဝိသာခ၊ တဏှာမှ လွတ်ကင်း၍ အကြွင်းမဲ့ ဖြစ် မပေါ်ဘဲ တဏှာ အားလုံး ကင်းငြိမ်းသော နိဗ္ဗာန်ကို သက္ကာယ နိရောဓ ဟူ၍ မြတ်စွာဗုဒ္ဓ ဟောတော်မူပါသည်"

ကိုယ်တွေ့ ဉာဏ်မြင် မဟုတ်လျှင် ဖြေဆိုနိုင်စွမ်း မရှိသည့် ခဲရာ ခဲဆစ် အဘိဓမ္မာ အယူအဆ များစွာကို ဝိသာခ သူကြွယ် အနာဂါမ်က မေးရာ ဓမ္မဒိန္နာ ထေရီက ပြတ်သား ရှင်းလင်းစွာ၊ ရဲဝံ့စွာ ဖြေဆိုတော် မူသဖြင့် အလွန် ကျေနပ်မိသည်။

(အမေး ပုစ္ဆာများကို ထေရီ အပဒါန်တွင် ကြည့်တော်မူကြရန် ဖြစ်ပါသည်။)

ဝိသာခ သူကြွယ်က နောက်ထပ်မေးခွန်း မေးလိုက်သည်။

"အရှင် ဓမ္မဒိန္နာ၊ နိဗ္ဗာန်၌ အဘယ်သည် ပဋိဘာဂ (တူညီသော အခြင်းအရာ) ရှိပါသနည်း"

ဓမ္မဒိန္နာထေရီက ပြုံးသည် ဆိုရုံမျှ ပြုံး၍ ဝိသာခကို ကြည့်လိုက် သည်။ သဘောမှာ အနာဂါမ် ပုဂ္ဂိုလ်တို့ မျက်မှောက် မပြုသေးသည့် (မပိုင်သေးသည့်) တရားကို မေးခြင်းကြောင့် ဖြစ်သည်။ စင်စစ်မှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်များက အရဟတ္တမဂ် ဆိုက်သူကို မသိနိုင်၊ အရဟတ္တမဂ် ရောက်ပြီး ပုဂ္ဂိုလ်များကမူ အောက် ပုဂ္ဂိုလ်တို့ကို သိနိုင်ခြင်း ဖြစ်သည်။ လောကီ ဥပမာအားဖြင့် သိနား လည်အောင် ပြောရလျှင် အလယ်တန်း ကျောင်းသား တစ်ယောက် မဟာဝိဇ္ဇာဘွဲ့ရ ပညာရှင်ကို (အကဲ မခန့်မှန်း) နိုင်သော်လည်း၊ မဟာ ဝိဇ္ဇာ ပညာရှင်က အလယ်တန်း ကျောင်းသားအား အဆင့်အတန်း အနေဖြင့် သိနိုင်သကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် အရဟတ္တမဂ် ဆိုက်ပြီး နေသော ဓမ္မဒိန္နာက....

"ငါ့ရှင် ဝိသာခ၊ သင်၏ အမေး ပုစ္ဆာကား လွန်သွားလေပြီ။ (သင် မသိသေးသော အရာကို သင် မေးနေပြီ)။ ငါ့ရှင် ဝိသာခ၊ မြတ်စွာဘုရား၏ သာသနာတော်၌ ဗြဟ္မစရိယ အကျင့်သည် နိဗ္ဗာန်

လျှင် အဆုံး ရှိ၏။ ငါ့ရှင် ဝိသာခ၊ သင် အလိုရှိသေးလျှင် မြတ်စွာဘုရား ကို မေးလျှောက်လေတော့။ ထို အကြောင်းကို မြတ်စွာဘုရား ဖြေတော် မူသည့်အတိုင်း မှတ်လေ၊ ဆောင်လေလော့''ဟု ဖြေတော် မူလိုက်သည်။

ဤတွင်မှ ဝိသာခ အနာဂါမ် ပုဂ္ဂိုလ်ကြီးသည် ဓမ္မဒိန္နာ ထေရီမ ၏ အရည်အချင်းကို အကဲခတ် နိုင်သောကြောင့် အတိုင်းထက် အလွန် ကြည်ညို လိုက်ရသည်၊ ဝမ်းသာ အားရ ရှိရသည်။ မိမိ၏ ဥပနိဿယ အကြောင်းအရာဖြင့် ရဟန္တာမကြီး ဖြစ်သွားသည်ကို သာဓု ခေါ် ရသည်။

ဝိသာခ သူကြွယ်သည် ဓမ္မဒိန္နာထေရီကို ရှိခိုး၍ လက်ယာရစ် လည်ကာ ပူဇော်သည်။

ထို့နောက် မြတ်စွာဘုရားသခင်ရှိရာ သွား၍ ရှိခိုးလျက် သင့်တင့် သော နေရာ၌ ထိုင်ကာ ဓမ္မဒိန္နာ ဘိက္ခုနီနှင့် အတူတကွ မေးခြင်း ဖြေခြင်း ပြောဆိုသော စကား အလုံးစုံကို လျှောက်ကြားလေသည်။

''ဝိသာခ ဥပါသကာ၊ ဓမ္မဒိန္နာ ဘိက္ခုနီသည် ကြီးသော ပညာ ရှိ၏။ သင်က ငါဘုရားအား ထို ပုစ္ဆာတို့ကို မေးငြားအံ့။ ငါဘုရား သည်လည်း ထိုကဲ့သို့ပင် (သူ ဖြေသလိုပင်) ဖြေဆိုအံ့။ ဓမ္မဒိန္နာဘိက္ခုနီ ဖြေသည့် အတိုင်းသာလျှင် မှတ်ဆောင်လေလော့''

မြတ်စွာဘုရား ကိုယ်တော်တိုင်က ထိုသို့ အမိန့် ရှိတော်မူသော စကားကို ကြားရသော် ဝိသာခ အနာဂါမ်သည် နှစ်ထောင်း အားရ ကြက်သီး မွေးညင်း ထမျှ ပီတိ ဖြစ်ရပါလေသတည်း။

❧ ⁘ ⁂



# ညို့မျက်လုံး

ဆရာဇီဝကရဲ့ သရက် ဥယျာဉ်ဟာ ရာဇဂြိုဟ် နေပြည်တော်နဲ့ အတော်ကလေး ဝေးနေတာမို့ မြို့သံ လူသံ ဆူညံခြင်း မရှိ။ ပကတိ အေးချမ်း သာယာလှပါတယ်။ စိမ်းလန်းစိုပြည်တဲ့ သရက်ပင်တွေရဲ့ အောက်မှာ တစ်ယောက်သွားလောက်ရုံလေး ကျယ်တဲ့ လူသွားလမ်းကလေးက ကွေ့ကွေ့ကောက်ကောက် မြေနီသဏ္ဌာန်နဲ့ ပန်းချီ ဆန်နေပါဘယ်။ တီတီဘာတာ မာဂဓာဖြင့် သာယာတေးဆို ကျေးဖိုမတို့က တစ်ပင်မှ တစ်ပင် ကစားမြူးထူး ပျံကူးနေကြပါတယ်။

အဲဒီ တစ်ယောက်သွား လမ်းကလေးပေါ်မှာ မနှေး မမြန်တဲ့ ခြေလှမ်းနဲ့ သတိသမ္ပဇဉ်မကင်းကွာ၊ စက္ခုန္ဒြေမြဲစွာ လျှောက်လာသူက.... သုဘာထေရီမလေး ဖြစ်ပါတယ်။ အရွယ်နုပျို ရွှန်းစိုတဲ့ မျက်လုံးအစုံနဲ့ ဝင်းဝါနေတဲ့ အသားရောင်က ဖန်ရည်စွန်းတဲ့ သင်္ကန်းနဲ့ လိုက်ဖက်တင့်မောလျက် ရှိပါပေတယ်။

ရာဇဂြိုဟ်ပြည် မဟာသာလ ဗြဟ္မဏ ပုဏ္ဏားကြီးရဲ့တစ်ဦးတည်းသော သမီး အလှကလေးပါ။ မဟာသာလမျိုးကြီး ဆွေကြီး။ ပစ္စည်းက ချမ်းသာ။ အရှိန်အဝါက ကျော်စော။ ချောမောသည့် အဆင်းလှ။ သမင်မ မျက်လုံးကလေးများက ညို့ရည်သဲ့။ တကယ့် ညို့မျက်လုံးပိုင်ရှင်ကလေးမို့ သေဌေးသား၊ မင်းသား၊ အရာရှိ အရာခံသားများကပျား ပိတုန်းတွေ ဂမုန်းအင် သဇင်မှာ ဝဲသလို တခဲနက် ဝိုင်းဝိုင်းလည်ခဲ့ကြဘာပေါ့။ သို့ပေမယ့် သုဘာကုမာရီကဖြင့် ''တဏှာ ကျေးကျွန်ကာမဝန်ကို ရွံကြောက်စက်ဆုပ် ရာဂငုတ်ကို နုတ်ထွင်သုတ်သင်'' နေချင်တာက အပျိုပေါက်အရွယ်ကလေးမှ စ,ခဲ့ခြင်းဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူစ ဥရုဝေလ ညီနောင်၊ တစ်ထောင်သော ရဟန္တာတို့နဲ့ ရာဇဂြိုဟ်ကို ပထမဦးစွာ ကြွလာတဲ့အခါ သုဘာကုမာရီဟာ အပျိုပေါက် အရွယ်ကလေးသာ ရှိပါသေးတယ်။ တစ်မြို့လုံး တစ်နယ်လုံး တစ်တိုင်းလုံး တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ဖူးမြော်ကြတဲ့ နေရာမှာ ဘုရားရှင်ရဲ့ အသရေဘော်နဲ့ရဟန္တာများရဲ့ ဣန္ဒြေများကို သူမက နှစ်ထောင်းအားရ သဒ္ဓါဗလသ၀ရှိခဲ့ရတယ်။အားလဲ ကျမိပါတယ်။

"အဖေရယ် အဲသည့် ဗုဒ္ဓနောက်ပါသံဃာများလို သမီးဖြစ်ချင်လိုက်တာ"

အဲသလိုပြောလိုက်မိတဲ့အခါ မဟာသာလပုဏ္ဏားကြီးက သူ့သမီးကို ရွှန်းရွှန်းစားစား ကြည့်ပြီး "ငါ့သမီးမှာ ပါရမီရှိပုံရတယ်၊ ဒါပေမယ့် ဗုဒ္ဓသခင်က အမျိုးသမီးတွေကို သာသနာ၀င် ဘိက္ခုနီအဖြစ် လက်ခံတော်မူမှာ မဟုတ်ဘူးသမီးရဲ့"လို့ နှစ်သိမ့်လိုက်ရတယ်။

"နိဗ္ဗာန် အမြိုက်တရားကို ယောကျ်ားတွေအတွက်သာ မူပိုင်ထားမှာတော့ မဟုတ်ပါဘူး ဖေဖေရယ်"

"အင်း .. သမီး အတွေးအခေါ်က အဖေ မဖြေနိုင်အောင် မြင့်လွန်းလှပါကလား"

ဘိက္ခုနီ အဖြစ်ကို အဲဒီကတည်းက ဖောင့်ဘနေခဲ့သူ ဖြစ်လေတော့ မိထွေးတော် ဂေါတမီကို ဘိက္ခုနီအဖြစ် ခွင့်ပေးတော်မူလိုက်ပြီဆိုတဲ့ သတင်းစကား ကြားလိုက်ပြီးတဲ့နောက် မကြာခင်မှာပဲ ဂေါတမီထေရီ အရှင်မအား ဥပဇ္ဈာယ် ထားပြီး ဘုရားသာသနာမှာ သုဘာထေရီမယ်ကလေး ဖြစ်ခဲ့ပါတယ်။ ဖြေပျက်တရားတွေကို ဆန္ဒ-ဝီရိယအားသျော်စွာ ရှုပွားလို့ ငါးရက်အတွင်းမှာ အနာဂါမိမဂ်ကို ဆိုက်ခဲ့ရတယ်။ ယခု သူ ဦးတည်သွားနေတာက အမွှာရာမ ဘိက္ခုနီကျောင်းကိုဖြစ်ပါတယ်။

မြေနီလမ်းကလေးကိုရဆားသမ်းပိုးဘစ်ပြန်လောက်သာကြည့်ပြီး သတိပဋ္ဌာန်နဲ့ ကြွလှမ်းလာရာမှာ သူ့ရှေ့ကို ၀င်ရပ်လိုက်တဲ့ ယောကျ်ားခြေအစုံကို မြင်လိုက်ရပါတယ်။ မသိတ်မသန့်သော်လဲမမျှော်လင့်တဲ့အံ့သြမှုနဲ့ မျက်လွှာကို ပင့်ကြည့်လိုက်မိတဲ့အခါခြေစုံရပ်ပြီး သူ့ကို ပြုံးကြည့်နေတာကတော့ လုလင်ပျို တစ်ယောက်။

"သုဘာ ကုမာရီ"လို့ လုလင်ပျိုက သူ့ကိုဘရင်းတနှီး နှုတ်ဆက်လိုက်ပါတယ်။

''ကုမာရီ မဟုတ်ပါဘူး၊ ထေရီပါ''လို့ သူက ဣန္ဒြေနဲ့ ပြင်ပေး လိုက်ရတယ်။

''ထားပါလေ။ ကုမာရီ ဖြစ်ဖြစ်၊ ထေရီဖြစ်ဖြစ် လှတာကတော့ လှလျက်ပါပဲ''

သုဘာထေရီက မျက်လွှာချပြီးစဉ်းစားလိုက်တယ်။ ဘယ်သူများ ပါလိမ့်။

''ရာဓဝလေ၊ မှတ်မိတယ် မဟုတ်လား''

မှတ်မိပါပြီ၊ ဘုရင့် တော်ဝင် ပန်းတိမ် ဆရာ ရာဓဝကြီးရဲ့သား ရာဓဝကလေးပေါ့။ ဥစ္စာပေါ၊ ရုပ်ချော၊ အရွယ်ကောင်း၊ လူပွေကလေး။ ငွေနဲ့မျှားပြီး မိန်းကလေးတွေကိုဖျက်ဆီးတယ်။ ရုပ်နဲ့ဖြားယောင်းပြီး ဖျက်ဆီးတယ်။ အနိုင်အထက်ပြုပြီး ဖျက်ဆီးတယ်။ ဒါ့ကြောင့် သူ့ကို (ဣတ္ထိဓုတ္တ)လို့ ခေါ်ကြတယ်။

''ငါ့ကို လမ်းဖယ်ပေးပါ ရာဓဝ။ ငါ သွားပါရစေ''

''ယခုလို ကြုံခဲဘိခြင်းပါကွယ်။ စကားစမြည်ကလေးများ ပြော စမ်း ပါရစေလား''

သုဘာထေရီက ဥပေက္ခာပြုပြီးရှေ့ကို တစ်လှမ်း တိုးလိုက်တယ်။

ရာဓဝကထုပ်တိုးသလိုသူ့လက်နှစ်ဘက်ကိုဆန့်ပြီးတားလိုက်တယ်။ နောက်တစ်လှမ်း ဆုတ်လိုက်မိလို့ တော်တော့တယ်။ သို့မဟုတ်လျှင် သူ့ ရင်ခွင်တွင်း ရောက်သွားစရာ ရှိပါတယ်။ သုဘာအဖို့ ဒီလို သတ္တဝါနဲ့ အသားချင်း ထိရမှာကို ရွံ့ရှာလှတယ်။

''ငါ့ကို မနှောင့်ယှက်ပါနဲ့ ရာဓဝ နင့်ကို အပြစ် တစ်စုံတစ်ရာ ငါ မလုပ်ခဲ့ဖူးပါဘူး။ (ဘိက္ခုနီသည် ယောကျ်ားတစ်ယောက်၏အသား ကို ထိကိုင်ခြင်း မပြုရ)လို့ ဗုဒ္ဓ မြတ်စွာက ပညတ်ထားပါတယ်။ အဲ့သည် သိက္ခာပုဒ်ကို ငါစောင့်ထိန်းရပါမယ်။ ဖယ်ပေးပါ ရာဓဝ''

ရာဓဝက သရော်ပြုံးပြုံးပြီး ပြန်ပြောလိုက်တယ်။

''မိုက်လိုက်ပါဘိတော့ သုဘာရယ်။ မိန်းမနဲ့ ယောကျ်ားရဲ့အတွေ့ အထိဟာ အာရုံငါးပါးအနက် အထူးခြားဆုံးဖြစ်တဲ့ ဖောဋ္ဌဗ္ဗာရုံမဟုတ် လား။ အေးလေ မင်းက ငယ်စဉ် အပျိုပေါက်ကလေး ကတည်းက အထီးဆိုရင် ဖိုမှ အသန်းမခံခဲ့သေးလို့ မသိတာ။ မင်းငယ်ပါသေးတယ်။ အရွယ် ရှိပါသေးတယ်၊ အဆင်းကလဲ လှနေပါသေးတယ်။ ဘာဖြစ်လို့ များ လောကီအာရုံ ကာမဂုဏ်တွေ စွန့်ပြီး ပျင်းခြောက် ငြီးငွေ့စရာ အထီးကျန် ဘိက္ခုနီ လုပ်ချင်ရတာလဲ။ မင်းက ငါ့အသားနဲ့ မထိချင်ဘူး

လို့ ပြောပေမယ့် ငါကတော့ မင်းအသားကလေးကို ထိရုံမက ပွေ့ဖက်ထားချင်လှပါတယ်။ ကြည့်စမ်းပါကွယ်။ ဒီ ဥယျာဉ်ကြီးက ဘယ်လောက်သာယာနေသလဲ။ သရက်ပန်း၊ သရက်ဖူးကလေးတွေရဲ့ အနံ့က ဘယ်လောက် မွှေးကြိုင်နေသလဲ။ ဟောဟိုနားက သန့်ရှင်းတဲ့ မြက်ခင်းပေါ်မှာ မင်းနဲ့ ငါ ကယုကယင် ချစ်တို့တင်ကြရအောင် လား ကွယ်နော်''

သုဘာထေရီကလေးက ခေါင်းငုံ့ပြီး ဖြည်းညင်းစွာ ပြောလိုက်ပါတယ်။

''မိုက်လိုက်ပါဘိတော့ ရာဓဝရယ်။ သင် ပြောတဲ့ ကာမဂုဏ်တရား အာရုံငါးပါးတွေကို ငါဟာ အနာဂါမိ မဂ်နဲ့ ပယ်ဖြတ်လိုက်ပြီးပြီ။ ငါရဲ့ အဆင်းလှခြင်း၊ အရွယ်ကောင်းခြင်း ဆိုတာတွေကို သင်အမြင်မှားနေပြီ။ သင် ကိုယ်တိုင် ငယ်စဉ်က ပွဲလမ်းသဘင်မှာ မြင်ခဲ့ရ၊ ကြည့်ခဲ့ရတဲ့ ယမနေ ရုပ်သေး ရုပ်ကလေးတွေကို ပြန်တွေး ကြည့်လိုက်စမ်းပါ။ သစ်သားကို မိန်းမ၊ ယောကျ်ားသဏ္ဌာန် ထုလုပ်ပြီး ခြေ လက်တွေ တပ်ထားတယ်။ ဆေးခြယ်ပြီးတော့ အဝတ်စကလေးတွေ ဆင်မြန်းပေးထားတယ်။ အဲဒါကိုပဲ ဒါက မင်းသမီး၊ ဒါက မင်းသား ဆိုပြီးကြိုးကလေးတွေတပ်။ ဆွဲပြတာကို တကယ် လှတယ်လို့ သင် ကြည့်ခဲ့ရတယ်။ ချစ်မြတ်နိုးခဲ့ရတယ်။ ရယ်မောခဲ့ရ လွမ်းဆွေးခဲ့ရတယ်။ ပွဲပြီးလို့အဲသည့် အရုပ်ကလေးတွေကို သေတ္တာထဲ စုပုံထားလိုက်တော့ မင်းသမီး၊ မင်းသားရယ်လို့ ထင်ပါဦးမလား။ ရယ်ရပါဦးမလား။ လွမ်းရပါဦးမလား။ ဒါထက် အရုပ်ကလေးတွေကို လက်ကလေးတွေ ခြေကလေးတွေ တစ်ပိုင်း တစ်စစီ ဖြုတ်ပြီး စုပုံထားလိုက်ရင်ကော မင်းသမီး၊ မင်းသားရယ်လို့ ဟုတ်ပါဦးမယား။ အဲသည်လိုပါပဲ ရာဓဝရယ်။ ဒီခန္ဓာကိုယ် အကောင်ပုပ်ကြီးဟာလဲ အရေ၊ အသား၊ အကြောများနဲ့ ပုပ်ဟောင် နံစော်နေတဲ့ အစာဟောင်း အစာသစ်တွေကို ဖုံးအုပ်ထားခြင်းမျှသာ ဖြစ်ပါတယ်။ တရွှေ့ရွှေ့နဲ့ ပျက်စီး အိုမင်း ယိုယွင်းနေတာကို သင် မမြင်လို့သာပါ။ နှစ်သက်စရာ တပ်မက်စရာ ဘယ်မှာရှိမှာလဲ''

သရက်ဥယျာဉ်အလယ်မှာ သူတို့နှစ်ယောက်သာ လူသူရယ်လို့ရှိနေတယ်။ သုဘာထေရီက ခရီးသွား တစ်ဦးတလေဖြစ်စေ ဘိက္ခု+ဘိက္ခုနီ တစ်ပါးပါးဖြစ်စေ ကြွလာပါစေလို့ စိတ်ထဲက တောင့်တမိတယ်။ သည်လိုဆိုရင် ရာဓဝရဲ့ အန္တရာယ်က လွတ်ကင်းနိုင်ကောင်းပါရဲ့။ ခေါင်းငုံ့ပြီး တရားဟောနေတဲ့ ထေရီမယ်ကလေးကို ရာဓဝကတော့ စူးစူးဝါးဝါး မချင့်မရဲ ရာဂမျက်လုံးများနဲ့ ကြည့်နေတယ်။

''နှစ်သက်စရာ တပ်မက်စရာ အလုံးစုံကို အကုန်မြင်နေရပါတယ် သုဘာရယ်။ မင်း အလှ ကို မင်းက မမြင်ရလို့သာပါ။ တကယ်တော့ ငါဟာ မိန်းကလေး အမျှားအပြားကို အပျော်အပါးသဘော ထားခဲ့ ပါတယ်။ ဒါကြောင့် ငါ့ရုပ် အလှနဲ့ ဖျက်ဆီးခဲ့ပါတယ်။ ငွေနဲ့လဲ ဖျက် ဆီးခဲ့ပါတယ်။ သို့ပေမယ့် မင်းကိုတော့ သူတို့ သူတို့ကို ဖျက်ဆီးသလို အပေါ်ယံ အပျော်ကြံတာမျိုး မဟုတ်တာ အမှန်ပါ။ ငါ့မှာ ဘယ် လောက် ချမ်းသာတယ်ဆိုတာ မင်း သိပါတယ်။ ငါ့အိမ်ကို လိုက်ခဲ့ပါ။ တလောကလုံးမှာ စည်းစိမ် အရှိဆုံး ဆိုတဲ့ သက်ရှိ သက်မဲ့ အရာဝတ္ထု အားလုံး မင့် ခြေဖဝါးကလေးအောက် အပြည့်အစုံ ရောက်လာရပါစေ မယ်....။ နိဗ္ဗာန် မဂ်ဖိုလ် ဆိုတဲ့ စကားတွေဟာ အိုကြီး အိုမ ချစ်သွေး ချစ်ရည် ခန်းခြောက်တဲ့ အသက်အရွယ် ရောက်ကြမှ ဘဝကို အရှုံးပေး ပြီး အေးအေးနေချင်တဲ့ လူတွေဖို့ ဖြစ်ပါဘယ်''

''အို....ရာဓဝ၊ သင့်မှာ အကုသိုလ် များလှပြီ။ ငါ့ကို လမ်းဖယ် ပေးပါ''

''မင်း ငါ့ ရင်ခွင်က လွှဲပြီး သွားစရာ မရှိနိုင်ပါဘူး''

ရာဓဝက သူ့လက်ကို ဆန့်တန်းလို့ တစ်လှမ်းချင်း ရှေ့ကို တိုးလာပါတယ်။ သုဘာ ထေရီကလဲ နောက်ကို တစ်လှမ်းပြီး တစ်လှမ်း ဆုတ်ဆိုက်ရတယ်။

မြွေမျိုးသည် အဆိပ်ကို အားကိုး၏။ မင်းစိုးရာဇာသည် အာဏာ ကို အားကိုး၏။ လူမိုက်အန္ဓသည် ဗလကို အားကိုး၏။

ကယ်မည့်သူ မရှိတဲ့ တောခေါင်ခေါင်မှာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မသိတဲ့ ဒုဿီလနဲ့ ပက်ပင်း ရင်ဆိုင် တွေ့ရခြင်းဟာ အန္တရာယ် ကြီးမားကြောင်း သုဘာက သတိထားမိပါတယ်။ လာရာ လမ်းကို လှည့်ပြန် ပြေးရမှာကလဲ ပြေးလို့ မဘာင့်ဘာသ်။ လွတ်ဖွယ်ရာလဲ မရှိနိုင်။ ပြေးလို့ မတင့်တဲ့ပုဂ္ဂိုလ်လေးပါးမှာ မင်းကေရာဇ်၊ မင်းစီးဆင်၊ ဘိက္ခုသမဏီ၊ အမျိုးကောင်းသမီးပျို။ အဲဒီလေးယောက်အနက် ဇာတိ ၊ ဝိမန္ဒိယ သံဝရ သီလမှ မကင်းထိုက်ဘဲ့ ဘိက္ခုနီထေရီလဲ ဖြစ်တယ်။ အမျိုးကောင်း သမီးပျိုလဲ ဖြစ်တဲ့ သုဘာအဖို့ ခြေချုပ်တုပ်နှောင်ခံနေရသလို မလှုပ် သာ မလှည့်သာ ဖြစ်နေရရှာတယ်။

သရက်ပင်ပေါ်က ငှက်ကလေးများရဲ့ အော်သံဟာ သုဘာ အဘွက်တော့ ''ခက်ရချည် ခက်ရချည်''လို့ ဆိုနေကြသလို လေပြည်နဲ့ ဝေ့လာတဲ့ သရက်ဖူးအနံ့က မွှေးမွှေးကြူကြူမို့ ရာဓဝကို ရာဂ ဖြစ် အောင် ချူပေးနေကြသလို ရာဂငွေ့ တရှိန်ရှိန် တက်လာတဲ့ ရာဓဝရဲ့

မျက်နှာကို သုဘာ သတိထားလိုက်မိတယ်။ ဒါကြောင့် ဒီမိးကို မလောင်မိ တားရအောင် သူက တရား ဟောလိုက်တယ်။

''ရာဓဝ။ လူတွေရဲ့ သက်တမ်းဟာ အလွန် တိုတောင်းပါတယ်။ ပန်းကလေးများ ပွင့်ပြီးလို့ မကြာမီ အတွင်းမှာ နွမ်းကြေ ပျက်ပြုန်းသွားသလို ကာမဂုဏ်ချမ်းသာကို မက်မောလိုက်စားတဲ့ သူဟာလဲ မရောင့်ရဲခင် သေသွားကြရပါတယ်။ သေပြီးတဲ့ နောက်ဘဝမှာ အပါယ်လေးပါးသို့သာ ခရီးဆက်ကြရပါတယ်။ တကယ်တော့ သင်တုန်းခါးသွားပေါ် တင်နေတဲ့ ပျားရည်ကို လျက်ရတာနဲ့ အတူတူပါပဲ ရာဓဝရယ်။ တံလျှပ်ကို ရေထင်တဲ့ ရွှေသမင် အလိုက်မှားသလို မမှားချင်စမ်းပါနဲ့''

သုဘာရဲ့ တရားကို ရာဓဝနားမဝင်ပါဘူး။ စားရက်ကြုံလို့ မုတ်ဆိတ်မှာ ပျားစွဲ တောထဲမှာ နှစ်ယောက်ချင်း တွေ့ရတာ ''မရှောင်သာတဲ့သမ်းမြွောင်ကြား မင်းနဲ့ငါ ညား''လို့ သဘောထားလိုက်ပါတယ်။ ဒါကြောင့် သူက ပြန်ပြောလိုက်တယ်။

''ငါ မမှားပါဘူး သုဘာ၊ ကာမဂုဏ်ဆိုတာ အရွယ်နုပျိုတုန်းသာ ခံစားသုံးဆောင်ရတဲ့ လောကီချမ်းသာပါ။ မင်း ပြောသလို သူတို့ရဲ့ သက်တမ်းက တိုပါတယ်။ ဒါကြောင့် မအိုမီ၊ မနာမီ၊ မသေမီ ကာလကလေးမှာသာ 'အချိန်ရှိခိုက် လုံ့လစိုက်'ရပါတယ်။ အခု ငါ ပြောနေတာက နှစ်ဦးသဘောတူ စိတ်တူကိုယ်မျှ ပျော်ပျော်ရွှင်ရွှင် ခံစားကြရဖို့ ပြောနေတာပါ။ မင်း သဘောမတူ မကြည်ဖြူဘူးဆိုရင် ငါက တော့ တကိုယ်ကောင်းဆန်ဆန် အနိုင်အထက် ပြုရမှာပဲ သုဘာရယ်။ မင်းကို ငါ သနားပါတယ်။ ဘာဖြစ်လို့ အချိန်အခါကို အလွဲသုံးစားလုပ်ချင်ရတာလဲ။ ကဲ တို့နှစ်ယောက် စိတ်တူကိုယ်မျှ ရွှင်မြူးကြပါစို့''

သုဘာက ခေါင်းကလေးကို မသိမသာ ယမ်းပြီး 'မျက်ကန်းကို အရောင်အဆင်း ပြသလို ဖြစ်နေပြီ'လို့ သိလိုက်ရပါတယ်။

''ဓမ္မသဘော၊ ဘယ်သို့ပြောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်တပြုံးပြုံး၊ မော်မဆုံးပဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်ဘည့်၊ ပျိုစဉ် ယုတ်မာ၊ အိုခါဆိုးရွား၊ ဤလူစားသည်၊ တရားမရနိုင်ပါ တကား''

သုဘာက ရာဓဝကို ကရုဏာ အပြည့်နဲ့ စေ့စေ့ကြည့်လိုက်တယ်။

''ကဲ....ရာဓဝ၊ ငါ့မှာ သင်နဲ့ မြူးထူးပျော်ပါးဖို့ ကာမဆန္ဒ မရှိပါဘူး။ သင့်မှာ ဘယ်အရာကို မှီပြီး ငါ့ကို ဒါလောက် ကာမုပါဒါန် ဖြစ်နေရတာလဲ''

''အို....ချစ်နှမ သုဘာ၊ အခု ငါ့ကို ကြည့်နေတဲ့ မင်းမျက်လုံးကလေးတွေကပဲ ငါ့အသည်းနိုက်စေပါတယ်။ မင်း မျက်လုံးကလေးများဟာ တစ်နှစ်မြောက်တဲ့ သမင်ပျိုမလေးရဲ့ မျက်လုံးလေးလို ညိုရည်ဝင်းလဲ့ တောက်ပနေပါတယ်။ ပန်းစုံပေါတဲ့ တောရဂုံမှာ ကခုန်သီကျူးနေတဲ့ ကိန္နရီမလေးရဲ့ မျက်လုံးလို မှိန်းမှိန်းဖွင့်ပြီး တစ်ဘက်သားကို ညို့ယူဖမ်းစားနေပါတယ်ကွယ်''

ရာဓဝက သူ့အာသယကို လိုက်ပါတော့မယ်ထင်ပြီး အလက်ာဆန်ဆန် နှုတ်သံချိုမြ ချီးမွမ်းလိုက်တဲ့ တစ်ခဏမှာပဲ သုဘာက သူ့မျက်လုံး တစ်ဘက်ကို ယုံနိုင်စရာမရှိအောင် လျှပ်ပြက်သလို လက်နှင့်နှိုက်ပြီး ကော်ထုတ်လိုက်တယ်။

''ရော့....ရာဓဝ၊ သင် ချီးမွမ်း မြတ်နိုးနေတဲ့ ''ညို့မျက်လုံး'' ဆိုတာကို ယူပါ။ ကဲ....ငါ့ကို သွားဖို့ လမ်း ဖယ်ပေးပါ''

''အို ...အို....သုဘာ''

သွေးစိမ်းရှင်ရှင် စွတ်စိုနေတဲ့ သုဘာရဲ့ မျက်လုံးကလေးကို ရာဓဝဟာ ထိတ်လန့် အံ့သြစွာနဲ့ ကြည့်နေမိတယ်။

ရာဓဝက သုဘာရဲ့ မျက်နှာကို ကရုဏာသက်စွာ ကြည့်လိုက်ပြန်တယ်။ ဟောက်ပက်နေတဲ့ သုဘာရဲ့ မျက်ကွင်း တစ်ဘက်က သွေးတွေဟာ ယိုစီးပြီး ပါးကလေးပေါ်မှာ စိုရွှဲနေတယ်။ သူ့မျက်နှာထားကတော့ နာကျင်တဲ့ ဝေဒနာ မရှိသလိုပါပဲ။ ရာဓဝမှာသာ ပါးစပ်အဟောင်းသားနဲ့ကြက်သီးမွေးညင်း ထနေတယ်။ သူ့စိတ်တွေ ချောက်ချားပြီး သုဘာကို အလွန်သနားသွားတယ်။

''ရော့လေ....ယူပါ ရာဓဝ၊ သမင်ပျိုမကလေးရဲ့ မျက်စိနဲ့ တူတယ်ဆိုတဲ့ မျက်လုံး၊ ကိန္နရီမလေးရဲ့ မျက်စိနဲ့ တူတယ်ဆိုတဲ့ မျက်လုံး၊ သင့်စိတ်ကို ယူကျုံးဆွဲငင် ရမ္မက်တွေ ဝင်စေတယ်ဆိုတဲ့ မျက်လုံး၊ အခု မုန်းသွားပြီလား၊ ရွံသွားပြီလား၊ စက်ဆုပ်သွားပြီလား၊ ဘာဖြစ်လို့ ငိုင်တွေနေသလဲ....အင့်လေ ယူပါ''

ဟုတ်ပါတယ်။ ရာဓဝဟာ ပြောမပြနိုင်တဲ့ ခံစားမှုနဲ့ ငိုင်နေမိပါတယ်။ သုဘာ ပြောသလို ရွံနေတာလဲ ဟုတ်တယ်။ စက်ဆုပ်နေတာလဲ မုန်းတယ်။ ထိတ်လန့်နေတာလဲ ဖြစ်တယ်။ နှမြောနေတာလဲ ပါတယ်။ သနားကြင်နာ ကရုဏာ ဖြစ်လာတာလဲ တကယ်ပဲ။ သူ့ကိုယ်သူ သည်လောက် စွန့်ရက်လိမ့်မယ်လို့ ရာဓဝ မထင်ခဲ့တာ အမှန်။ ဒါကို ကြည့်တာနဲ့ သုဘာမှာ ကာမဂုဏ်တရား ပယ်ရှားပြီးပြီဆိုတာ မယုံနိုင်စရာ မရှိတော့ပါဘူး။ သုဘာ လက်တွင်းက မျက်လုံး၊ သုဘာ မျက်ကွင်း

က သွေးတွေဟာ မြေနီလမ်းကလေးပေါ်ကို တပေါက်ပေါက် ကျနေတယ်။ သုဘာကတော့ ရာဓဝ မျက်နှာကိုသာ ကျန်ရှိနေသေးတဲ့ မျက်လုံးတစ်လုံးနဲ့ ဘာခံစားချက်မှ မရှိသလို စေ့စေ့ကြည့်နေတယ်။

အဲဒီအခါ ရာဓဝရဲ့ ဒူးဟာ မြေနီလမ်းကလေးပေါ်ကို တဖြည်းဖြည်း ကွေးညွတ်ပြီး ကျသွားတယ်။ အဲဒီနောက် ပုဆစ်ဒူးတုပ် ထိုင်မိရာက နောက်တော့ လက်နှစ်ဘက်ပါ ယှက်ပြီး ကြာဖူးကြာငုံ သဏ္ဌာန်ရှိခိုးလျက်သား ဖြစ်သွားတယ်။

''ငါ့ရဲ့ မိုက်မဲမှုကို သည်းခံပါတော့ သုဘာရယ်''

တကယ်ကတော့ ရာဓဝ ပြောချင်တာ၊ တောင်းပန်ချင်တာ၊ သတိသံဝေဂ ရလိုက်တာက ဒုနဲ့ဒေး။ တစ်ခဏချင်း ရှိသေလေးစားကိုယ့်အမှားကိုယ် မြင်လာတာကြောင့် ဆရာရှေ့မှောက် အပြစ်ရှိတဲ့ တပည့်တစ်ယောက်လို ဆွံ့ထစ်နေတော့တယ်။

''အဘယ် ရာဓဝ၊ ငါ့ကို ဆဲရေးသူနှင့် ရှိခိုးသူကို ငါဟာ တစ်တန်းတစားတည်း သဘောထားနိုင်ပါတယ်။ အခု သင် မျက်မြင် ကိုယ်တွေ့ သိလိုက်ပြီ မဟုတ်ပါလား။ သစ်သားရုပ်ကလေးကို ခေါင်းဖြတ် လက်ဖြတ် မျက်စိထုတ်လိုက်ရင် မချစ်ခင် မစွဲလမ်းနိုင်သလို ဤကာယကိုလဲ ဆံပင်မွေးညင်း အရေထူအရေပါးစတဲ့(၃၂)ကောဋ္ဌာသကို တစ်ခုစီ ခွဲခြားလိုက်ရင် သင့်ရဲ့ ရာဂစိတ် တပ်မက်စိတ်တွေဟာ ရှိနိုင်ပါတော့မလား၊ ကဲ....ငါသွားမယ့်လမ်းကို ဖယ်ပေးပါတော့''

သုဘာထေရီက ပြည်းညင်းသာယာစွာ ပြောလိုက်တဲ့အခါ.... ရာဓဝမှာတော့ တစ်ကိုယ်လုံး နောင်တမီး ပူလောင်ပြီး သုဘာကို လက်ယှက် ရှိခိုးရင်း တရိုတသေ လမ်းဖယ်ပေးလိုက်ပါတယ်။ သုဘာထေရီဟာ ဖယ်ပေးတဲ့လမ်းအတိုင်း စင်္ကြန္တြေနဲ့ တစ်လှမ်းချင်း လှမ်းကြွသွားပါတယ်။ ရာဓဝမှာ သုဘာထေရီက သူ့အား ကျောပေး ယွဲဖယ်သွားတာကို မျက်ရည်လည်ရွဲနဲ့ ကြည့်နေပါတယ်။ သုဘာကဖြင့် သွားလိုရာခရီးအဆုံးကို အရောက်သွားမှာ ကေန် ဖြစ်ပါတယ်။ ရာဓဝ အဖို့မှာသာ ဘယ်ခရီးကို လျှောက်ရဦးမည်မသိ။ မြေနီလမ်းကလေး ပေါ်မှာလည်း သွေးစက်တွေက တစ်ပေါက်ချင်း ကျသွားတာ ထင်ထင်ရှားရှားမြင်နေရလေတော့ သူ့အဖို့ ယူကျုံးမရ ဖြစ်လေလေ။

သုဘာထေရီ ဗုဒ္ဓထံတော်မှောက်ရောက်လို့ ကြည်ညိုစွာဖူးမြော်လိုက်ရတဲ့အခါမှာ ရာဓဝပြောတဲ့ ညိုရည်ဝင်းလဲ့နေတဲ့ မျက်လုံးကလေးဟာ ပကတိအတိုင်း ပြန်ဖြစ်နေပါတော့တယ်။ အဲဒီအကြောင်းကို ထင်ရှားပြလိုတဲ့အတွက် ထေရီဂါထာမှာ....

(တတော-ထိုပန်းတိမ်သည်သား ဆီးတားခြင်းမှ၊ မုတ္တာ-လွှတ်တော်မူလာသော၊ သာစဘ်က္ခုနီ-ထိုသုဘာထေရီဘိက္ခုနီလှ အချင်မသည်လည်း၊ ဗုဒ္ဓာရယ-ဘုရားမြတ်စွာ၏၊ သန္တိကံ-အထံတော်သို့၊ အဂ္ဂမိ-သွားလေ၏။ ဝရပုညလက္ခဏ-လွန်မြတ်သော ပါရမီကုသိုလ်တော်ကြောင့် ဖြစ်သည့်လက္ခဏာ ရှိတော်မူသော မြတ်စွာဘုရားကို၊ ပဿိယ-မြင်ရ၍၊ စက္ခု-မျက်လုံးသည်၊ ယထာပုရာအကံ-ရှေးကမျက်လုံးကဲ့သို့၊ အာသိ-ဖြစ်ပေါ်လာ၏။)

သို့ကလို ဟောတော်မူပါတယ်။ သုဘာထေရီဟာ မြတ်စွာဘုရားကို ကြည်ညိုလှတဲ့ ဒွါရမ္မဏိက ပီတိတစ်ကိုယ်လုံး ပျံ့ပြီး တည်နေတဲ့ အချိန်မှာ မြတ်စွာဘုရားဟာ သုဘာထေရီကို အရဟတ္တမဂ်အသို့ငှာ ကမ္မဋ္ဌာန်းနည်းကို ပြပေးတော်မူတဲ့အတိုင်း ဝိပဿနာတရားကိုပွားများသဖြင့် ပဋိသမ္ဘိဒါ လေးပါးနဲ့တကွ ရဟန္တာထေရီ အဖြစ်ကို ရောက်တော် မူသွားပါတယ်။

(ဇီဝက မဝိနိကာ သုဘာထေရီ အပါဒါန်ဝတ္ထုကို ပို့ငြိမ်းပြုပါသည်။)



# နို့တစ်လုံးဖိုး

ယခုတလော ကျွန်တော့်ထံသို့ ထွက်ဝင် သွားလာနေကြသော တပည့် မိတ်ဆွေလေးများ လေးငါးခြောက်ယောက် ရှိပါသည်။ အသက်အရွယ် ပုံပန်းသဏ္ဌာန်၊ ရုပ်ရည်သဘောထား မတိမ်းမယိမ်း ခြားနားကြသော်လည်း အနုပညာ ဝါသနာ ပါကြသည့်ကတော့ တစ်ပြေးတည်း ညီညာကြပါသည်။ သူတို့အားလုံး သီချင်း၊ ဂီတ၊ ကဗျာ၊ စာပေ၊ ရုပ်ရှင်၊ ဘာသာရေးတို့ကို အမြတ်တနိုး လိုက်စား လေ့လာနေကြသူများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် တညီတညာတည်း ရှိသည်ဟု ဆိုရစေကာမူ အတွင်းကျကျ အကဲခတ်ရသောအခါ ဘာသာရပ်တစ်ခုခု၌ ပို၍ စိတ်အားထက်သန်သော ဝါသနာ၊ ဘာဂီ ပါရမီ ခံတတ်ခံတို့ကို ကျွန်တော် သတိထားမိပါသည်။ တစ်ဦးက ဝတ္ထုဆောင်းပါး အရေးအသား၌ စိတ်ပါလက်ပါ အရေးအဖတ်ရှိသလို တစ်ဦးက ရုပ်ရှင်ဇာတ်လမ်း၊ ဗွီဒီယိုဇာတ်လမ်း၊ တီဗွီဇာတ်လမ်းတို့၌ ပို၍ စိတ်ဝင်စားသည်။ ဝေဖန်သုံးသပ်လေ့ရှိသည်။ ထိုအထဲတွင် ဇာတ်လိုက်၊ ဇာတ်ဆောင်တို့၏ (အက်ဘင်) စရိုက် အမူအရာ၊ အပြောအဆို၊ လေယူလေသိမ်းတို့ကိုအကဲဖြတ်နိုင်သူ၊ ဝေဖန်သုံးသပ်တတ်သူလည်း ပါသေးသည်။ တစ်ဦးကဆိုလျှင် ရုပ်ပြကာတွန်း၌ အောင်မြင်နေလျက် ကျွန်တော် ရိုက်ခဲ့သမျှသော ရုပ်ရှင်ဇာတ်ကားများမှသော်လည်းကောင်း၊ ကျွန်တော်ရေးခဲ့

“ကျွန်တော်တို့ရဲ့ မြတ်စွာဘုရားသခင် တာဝတိံသာကို ကြွပြီး အဘိဓမ္မာတရား ဟောတော်မူတဲ့အကြောင်းကို ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရား ရေးသားတော်မူတဲ့ ‘ဇိနတ္ထပကာသနီကျမ်း’ မှာ ‘သာဝတ္ထိပြည် ကောသလမင်းရဲ့ ကဏ္ဍာ အမည်ရှိသော ဥယျာဉ်မှူး၏ သရက်ဖြူပင်မှာ ယမိုက်ပြာဋိဟာပြတော်မူပြီးသည့်နောက် တာဝတိံသာသို့ အဘိဓမ္မာတရားဟောရန် ကြွသွားတော်မူသည်’ဟု သာမန်မျှသာ ပါရှိတာကို တွေ့ရပါတယ်။”

“အင်း....ဆိုစမ်းပါဦး” ·

“ကျေးဇူးရှင် တိပိဋကမဲရ မင်းကွန်းဆရာတော် ဘုရားကြီးရဲ့ ‘မဟာဗုဒ္ဓဝင်’ ကျမ်းကြီးမှာတော့ ‘မြတ်စွာဘုရား တာဝတိံသာသို့ကြွတော် မူရာမှာ ယုဂန္ဓိုရ်တောင်က လက်ယာခြေတော်အောက်သို့ ညွတ်ငိုက်ခံယူပြီး ပင့်ဆောင် မြင့်တက်သွားပါတယ်။ထို့နောက် တာဝတိံသာ နတ်ပြည်တည်ရာ မြင့်မိုရ်တောင်ထိပ်က လက်ဝဲ ခြေတော်အောက်သို့ ညွတ်ငိုက်ခံယူလာပြီး ပင့်ဆောင် မြင့်တက်သွားသဖြင့် တာဝတိံသာသို့ ရောက်သွားပါတယ်’ အဲသလို တွေ့ရပါတယ် အဲဒါ....”

“ဟုတ်ပြီ....ဟုတ်ပြီ မောင်လှအေး၊ မင်း ပြောချင်တဲ့ ‘အဲဒါ’ကို ဘဘ ရှင်းပြပါမယ်၊ ‘ဇိနတ္ထပကာသနီ’ ကျမ်းက စာမျက်နှာ (၇၀၀) ရှိတဲ့ စာဘစ်အုပ်တည်းနဲ့ ဗုဒ္ဓအတ္ထုပ္ပတ္တိကို အကျဉ်းချုံး ရေးတော်မူခဲ့တာ ဖြစ်တယ်။ ‘မဟာဗုဒ္ဓဝင်’ကတော့ အတွဲပေါင်း ခြောက်တွဲ၊အုပ်ရေပေါင်း ရှစ်အုပ်၊ တစ်အုပ်တစ်အုပ်မှာကို စာမျက်နှာ (၈၀၀)ခန့်လောက်ရှိတယ်၊ ဒီတော့ ဇိနတ္ထပကာသနီကျမ်းထက် မဟာဗုဒ္ဓဝင်တော်ကြီးက ကျယ်ဝန်း ပြည့်စုံနေတယ်။ ဒါကြောင့် ဇိနတ္ထပကာသနီမှာ မပါတဲ့ အကြောင်းအရာအချို့ကို တွေ့ရတာပေါ့။ ဟုတ်ပြီလား”

“ဟုတ်ကဲ့ ဘဘ၊အဲဒီ အချက်တော့ ရှင်းသွားပါပြီ”

“ဒါဖြင့် မရှင်းတဲ့အချက် ကျန်သေးတယ်ပေါ့ ဒီလိုလား”

“ဒီလိုပဲ ပြောရလိမ့်မယ် ထင်တယ် ဘဘ”

“ဒါဖြင့်လဲ ဆက်ပြောလေကွာ”

“ကျွန်တော့်အနေနဲ့ စပ်စုလွန်းရာ ကျနေမလားလို့”

“ငါ မင်းတို့အရွယ်လောက်က သိပ်စပ်စုတဲ့ ကောင်လေးပေါ့ကွာ။ အချို့လူကြီးတွေကဆိုရင် အမြင်တောင်ကတ်ကြတယ်။ ဒါပေမယ့် ဖြေဘတ်တဲ့ ဆရာသမားနဲ့ တွေ့တဲ့အခါ ဗဟုသုတ အများကြီးရလိုက်တာပေါ့။ ‘စာမတတ်လျှင် လမ်းမှာဖတ်’ဆိုတဲ့ စကားပုံရှိသားပဲ၊ ကဲ....ပြောမှာသာ ပြောပါ”

"ဒီလိုပါ ဘဘရယ်။ မြတ်စွာဘုရားသခင်ဟာ တန်ခိုးတော် အနန္တရှင် ဖြစ်ပါတယ်။ စိတ်အကြံ ပြုလိုက်တာနဲ့ တာဝတိံသာ နတ်ပြည်ကို တိုက်ရိုက် ကြွနိုင်ပါလျက် ဘာအကြောင်းကြောင့် လှေကားအဆင့်ဆင့်တက်သလို ယုဂန္ဓိုရ်တောင်နှင့် မြင့်မိုရ်တောင်တို့ကို ခြေချနေရသေးသလဲ ဆိုတဲ့ အကြောင်းပါပဲ။ နောက်တစ်ခုက မြတ်စွာဘုရားသခင်ဟာ ပုဂ္ဂိုလ်သတ္တဝါ အများအပြားကိုပဲ ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုပဲ ဖြစ်စေ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှာ တရားဟောလိုမှသာ တန်ခိုးဣဒ္ဓိပါဒ်ကို ပြတော်မူကြောင်း ဖတ်ရဖူးပါတယ်။ အခု တာဝတိံသာကို ကြွတော်မူတဲ့ ကိစ္စမှာတော့ ဘယ်သူမှလည်း မမြင်လိုက်ရဘူး၊ ဒီတန်ခိုးတော်နဲ့ ပတ်သက်၍ ဘယ်သူ့ကိုမှလည်း တရားဟောတော်မူတယ်လို့ မတွေ့ရ မဖတ်ရပါဘူး။ အဲဒါကို ကျွန်တော် စဉ်းစားမိလို့ပါ"

"ဟား.... ဟား... မင်းလဲ ငါ့လို ကောင်လေးမျိုးပါပဲလား၊ ငါလဲ ဒီမေးခွန်းကို မေးခဲ့ဖူးတာပေါ့။ အေး.... ငါ့ရဲ့ ဆရာတစ်ဦးဖြစ်တဲ့ ဆရာကဲဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ဒီလို ပြောခဲ့ဖူးသကွယ်။ 'သဗ္ဗလောကဟိဘတ္ထာယ' လောက၏အကျိုးငှာ ပုဂ္ဂိုလ်သတ္တဝါ၏အကျိုးငှာ တန်ခိုးဣဒ္ဓိပါဒ်ကိုပြသင့်ပြထိုက်ဘဲ့အခါမှာပြတော်မူပြီးတရားဟောတယ်ဆိုတာမှန်ပါတယ်၊ ယခု တာဝတိံသာကို ကြွတော်မူတဲ့အခါမှာတော့ ဣဒ္ဓိဝိဓစသော တန်ခိုးတော်နဲ့ ကြွတော်မူခြင်း မဟုတ်ဘဲ 'ပြကတေ့ အနေဖြင့်' သာ ယုဂန္ဓိုရ်တောင်နှင့် မြင့်မိုရ်တောင်တို့၏ ဝတ်ပြုပူဇော်ခြင်းငှာကို ခံယူတော်မူလိုက်တာသာ ဖြစ်ပါတယ်တဲ့။ အဲ့ဒီလို ဆရာကဲက ပြောပြီးတဲ့နောက် ငါကိုယ်တိုင် စာဖတ်များလာတဲ့ အခါ မြတ်စွာဘုရားရဲ့ တန်ခိုးတော်က ရှစ်ပါး ရှိတယ်လို့ ကျမ်းဂန်များမှာ တွေ့လာရသကွယ့်။ အဲဒီ ရှစ်ပါးက ဘယ်သိုလဲ့ ဆိုတော့....

(၁) အနိမာတဲ့=ကိုယ်တော်ကို အဏုမြူပမာ သေးငယ်စွာ ဖန်ဆင်းနိုင်ခြင်း၊

(၂) လဃိမာ=ရေပြင် မြေမိုး ပျံလျှိုငုပ်လွှား သွားတော်မူနိုင်ခြင်း။

(၃) မဟိမာ=ကိုယ်တော်ကို ကြီးမားစေလိုက စကြဝဠာတိုက်အမျှ ကြီးမားစေနိုင်ခြင်း။

(၄) ပတ္တိမာ=မြေထု၊ ရေထု၊ တောင်အထုတို့ကို လျှိုးဝင်ထွင်းဖောက် ကြွရောက်တော်မူနိုင်ခြင်း။

( ၅ ) ကမ္မ=အမှုကြီးငယ် မှန်သမျှ အလိုတော်ရှိကပြည့်စုံရခြင်း။
( ၆ ) ဣဿိတာ=၃၁ ဘုံကို စိုးပိုင်တော်မူခြင်း။
( ၇ ) ဝသိတာ=လောကီချာန် မှန်သမျှ လေ့ လာ တော်မူနိုင်ခြင်း။
( ၈ ) ယတ္ထကာမဝသယိတာ=ကောင်းကင် သွားခြင်း၊ လိုရာပြုခြင်းတို့၌ အပြီးသို့ ရောက်ခြင်း။

ဒါကို ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီးက ''ရဲသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်လောက်ရုံသော၊ အဏုမြူပမာ၊ သိမ်မွေ့စွာသော ကိုယ်တော်ကို ငယ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း။ ရေပြင် မြေမိုး၊ ပျံလျှိုးငုပ်လွှား၊ သွားတော်မူနိုင်ခြင်း။ ကြီးစေလိုက မြင့်မိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြဝဠာတိုက်လုံး၊ အုပ်ဖုံးပတ်လျှည့်၊ ကိုယ်တော်ပြည့်အောင်၊ တရှိထိုင်တော်မူနိုင်ခြင်း။ မြေထု ရေထု နေရပဗ္ဗတာ၊ သိလာတောင်ထပ်၊ အတွင်းရပ်ကို၊ ကျဉ်းကျပ် ပိတ်ဆီးခြင်း မရှိ။ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက်၊ ကြွရောက်တော်မူနိုင်ခြင်း။ မနောဓိဋ္ဌာန်၊ စိတ်တော်ကြံတိုင်း၊ ကမ္မာကမ္မဟူသမျှကို၊ ကုန်ငှပြီးမြောက်ခြင်း။ သုံးဆယ့်တစ်ဘုံ အလုံးစုံကို၊ ဥဿုံစိုးပိုင်တော်မူခြင်း။ လောကီချာန်ရပ်၊ သမာပတ်ကို မပြတ်ဝင်ကာ လိုတိုင်းပါအောင် လေ့လာတော်မူနိုင်ခြင်း။ သက်မရှိသည့်၊ ဂီရိဗဟို၊ တောင်မြင့်မိုရ်မှလည်း၊ လိုတော်လိုက်ကာ ညွတ်ငိုက်လာရခြင်းတည်း ဟူသော တန်ခိုးတော် ရှစ်ဦး ဘုန်းတော်ထူး''လို့ ပကိဏ္ဏက၊ အစိန္တေယျ ဘုရားရှိခိုးမှာ ကြည်ညိုရေးသားတော်မူခဲ့တာပေါ့''

''သြော်.... ဒါဖြင့် မြတ်ဘုရား ကိုယ်တော်မြတ်ကြီးဟာ တာဝတိံသာ နတ်ပြည်ကို ဈာန် အဘိညာဉ် တန်ခိုးနဲ့ ကြွတော်မူတာ မဟုတ်ဘဲကိုး....နော''

''အေးလေ။ ဒါကြောင့် 'ပြကတေ့အားဖြင့်' ကြွသွားတော်မူတယ်လို့ ဆိုတာပေါ့။ ဒီနေရာမှာ ပြောရဦးမယ်။ မြတ်စွာဘုရားရဲ့ ကိစ္စတော် အကြံတော် ဉာဏ်တော်တို့ကို လူသာမန် မဆိုထားနဲ့ တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံတော်မူတဲ့ ရဟန္တာကြီးများတောင် မမှီနိုင်ပါဘူးတဲ့။ (၁) ဗုဒ္ဓဝိသယောအစိန္တေယျော=သဗ္ဗညုတ ဉာဏ်တော်၏ အရာကို မကြံအပ်။ (၂) ဈာနဝိသယောအစိန္တေယျော=တန်ခိုးတော်၏ အရာကို မကြံအပ်။ (၃) ကမ္မဝိပါကော အစိန္တေယျော=ကုသိုလ်အကုသိုလ်ကံ၏အကျိုးကို မကြံအပ်။ (၄) လောကဝိသယော အစိန္တေယျော=

လောကဖြစ်ပျက်ခြင်းကိုမကြဲ့အပ် -တဲ့။ အဲဒီ အစိတ်နှောယျလေးပါးကို စတုက အင်္ဂုတ္တိုရ်မှာ ပါတယ်လို့လဲ ဆရာများက ညွှန်ပြပေးတော်မူကြတယ်''

''အဲဒီလို မကြံစည် မတွေးတောအပ် ဆိုတော့လဲ ခံစားရတာ တစ်မျိုးကြီးပဲ ဘဘရဲ့၊ မယုံကြည်နိုင်ဘူးလို့တော့ ပြောတာ မဟုတ်ဘူးနော် ဘဘ''

''အေးပါ။ အခု မင်းပြောသလိုပဲ ငါ့ဆရာသမားကို ငါက စောဒက တက်ဖူးပါတယ်ဗျာ။ ဒီတော့ ဆရာသမားက အခုပြောတယ် မှတ်တယ် သိလား။ 'ကိုယ်နဲ့ မတန်မရာတွေးလွန်းအားကြီးရင် ဦးနှောက် ပျက်ပြီး ရူးသွားနိုင်သတဲ့၊ ဓမ္မာစရိယဆရာဦးငွေလှိုင်ကတော့ ဘယ်အရာ မဆို ကိုယ်ဉာဏ်မမီတာနဲ့ပဲ ထင်ရာကိုမဆုံးဖြတ်လိုက်ပါနဲ့ဦး-တဲ့။ တစ်နေ့ နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ လက်ခံနိုင်စရာ အကြောင်းအရာလေး တွေကို တွေ့ချင်လျှင် တွေ့လာပါလိမ့်မယ်တဲ့ ''

''ဩော်.... နောက်တစ်ခု ကျွန်တော် သတိရတာ ရှိသေးတယ် ဘဘ။ မြတ်စွာဘုရားသခင်ဟာ မယ်တော်ဟောင်း 'သန္တုသိတ' နတ် သားကို အဘိဓမ္မာတရား ဟောဖို့ ကြွတော်မူတာ ဖြစ်တယ်နော်''

''ဟုတ်ပါတယ်၊ အဲဒါဟာ 'ဗုဒ္ဓ ဓမ္မတာ သုံးဆယ်' မှာ တစ်ပါး အပါအဝင်ပေါ့''

''အဲသလို ကြွတော်မူပြီး မယ်တော်ဟောင်းကို တရားဟောတာ ဟာ မိခင်တို့ ကျေးဇူးကို ဆပ်တော်မူတာ ဖြစ်တယ်။ အဲသလို ပေး ဆပ်တော်မူတာတောင်မှ 'နို့ တစ်လုံးဖိုး' ပဲ ကျေတယ်လို့ ဆိုကြပါတယ်။ အဲဒါ ဟုတ်ပါသလား ဘဘ''

''အဲဒါကို မင်းက ဘယ်လို ခံယူထားလို့လဲ။ ပြောစမ်းပါဦး''

''မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးတော်အရှင်၊ မွေးမိခင်လို့ ခဏ ခဏ ကြားဖူးနေရတော့ ဘုရားသော်မှ မိခင်ကျေး ဇူးကို ဆပ်တာ 'နို့ တစ်လုံးဖိုး' ပဲ ကျေတယ်ဆိုတာကို လက်ခံချင်ပါ တယ်''

''စာထဲ ပေထဲမှာ တွေ့ဖူးသလားကွယ်''

''ကျွန်တော်တို့ အနေနဲ့ စာပေကို 'နှံ့နှံ့ စပ်စပ်' မရှိလို့ မသိပါ ဘူး။ လူကြီးသူမ အစဉ်အဆက် ပြောခဲ့ကြတာ ကြားရ နာရခြင်းသာ ဖြစ်ပါတယ်''

''အေး.... တို့ငယ်ငယ်ကလဲ ဒီအတိုင်းပဲ ကြားခဲ့ဖူးပါရဲ့၊ အခု အထိတော့ နို့ တစ်လုံးဖိုးပဲ ကျေတယ်ဆိုတာကို စာပေကျမ်းဂန်ထဲမှာ မတွေ့မိသေးပါဘူး။ အရပ် စကား၊ ပါးစပ် စကား၊ စာမှောကွက်စိပ်

စကား၊ ပြဇာတ်စာအုပ်ပါစကားတို့ပဲဖြစ်ပါလိမ့်မယ်။ ဟိုတစ်တွေကလဲ ခက်သားကွယ့်။ 'ကျမ်းဂန်စာပေ'မှာ ပါတဲ့ 'အကြောင်းအရာ'အချို့ကို ဖြစ်နိုင်ပါ့မလားလို့ သံသယ ရှိကြတယ်။ ပုံပြင်ပါ အရပ် စကား၊ ဇာတ် စကားတို့ကျတော့ ယုံမှား မရှိ လက်ခံနေကြပြန်ရော။ ကဲ…ဒီတော့ အရပ်စကားနဲ့ပဲ ပြန်စဉ်းစားကြည့်။ မိဘ ကျေးဇူး ဆိုတာ မြင့်မိုရ်တောင်ဦး မကကျူးတယ်လို့ ပြောတာနော်။ ကဲ…. ဘုရားရဲ့ ဂုဏ်ကျေးဇူးကို ကြည့်ရအောင်….

''ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာပြုလျက်၊ နှိုင်းတုစက်လည်း၊ ကျေးဇူး နက်တိုင်၊ မကုန်နိုင်သည် ဖြစ်၍၊ စင်စစ်ဂုဏ်တော်အားဖြင့်၊ မြတ်သော 'ဂုဏာမဟတ္တဂုဏ်'ဘဲ။

ဒီတော့ မင်းတို့ ငါတို့ရဲ့ မိဘ ဂုဏ်က မြင့်မိုရ်တောင်ထက် ကျော်ရုံသာ ရှိမယ်၊ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကြီးကတော့ မြေကြီး အထုတွေထက်၊ တောင်အထုတွေထက်၊ မဟာသမုဒ္ဒရာ စတဲ့ ရေအထုတွေထက် ကြီးမားနေပါသတဲ့။ မြေအထုကို မြူမှုန်လောက်ရှိအောင် ခွဲခြမ်းစိတ်ဖြာ၍ ထားလိုက်ဦး၊ တောင်ထုကို မြူမှုန်လောက်ဖြစ်အောင် ခွဲခြမ်းစိတ်ဖြာ၍ ထားလိုက်ဦး၊ ရေအထုကို တစ်စက်ချင်း တစ်ပေါက်ချင်း ခွဲခြမ်းစိတ်ဖြာ၍ ထားလိုက်ဦး။ အဲဒီ သုံးခုစလုံးကို တစ်ရာ တစ်ထောင်မှ အစပြုပြီး ရေတွက်ကြည့်၍ မဆုံးနိုင်မကုန်နိုင်သလို မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်ကြီးတွေကိုလည်း ရေတွက်လို့ ကုန်နိုင်မှာ မဟုတ်ပါဘူးတဲ့။ ဒီတော့ ကျေးဇူးချင်း ဂုဏ်ပြိုင်လို့ ရနိုင်ပါတော့မလား။ ပြောစမ်း''

''ယှဉ်ပြိုင်လို့ မရပါဘူး ဘဘ''

''ဒါဖြင့် မြတ်စွာဘုရားက ကျေးဇူး ဆပ်ရအောင်လို့ တရားဟောတော်မူရန် ကြွတော်မူဘယ်လို့ပဲထား။ အဲ့သလို အဘိဓမ္မာတရားကို ဟောတော်မူသည့် တိုင်အောင် နို့တစ်လုံးဖိုးသာ ကျေပြီး နို့တစ်လုံးဖိုး အကြွေးကျန်သေးတယ်ဆိုတာ ဟုတ်နိုင်ပါတော့မလား''

''ဟုတ်နိုင်စရာအကြောင်း မရှိတော့ပါဘူး ဘဘ။ ဒါပေမယ့် မင်္ဂလသုတ် စာအုပ်မှာ ဘဘ ရေးထားတဲ့ စာတစ်ပိုဒ်ကို ကျွန်တော် အလွတ်ကျက်ထားမိပါတယ်''

''ဘာလဲကွ။ 'လူဘုံဌာန၊ ဤလောကဝ၌၊ ဖကို လက်ယာ၊ မိမှာလက်ဝဲ၊ အမြဲ ဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက် လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး။ အဲဒီစာပိုဒ် မဟုတ်လား''

''ဟုတ်ပါတယ် ဘဘ''

''အေး....အဲဒါက ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး
က အင်္ဂုတ္တိုရ်ဒုကနိပါတ် သမစိတ္တဝဂ်မှာပါတဲ့ ဘုရားဟောကို 'မဃဒေဝ
လင်္ကာကြီး' မှာ ထည့်သွင်း ရေးသားတော်မူခဲ့တာ ဖြစ်တယ်။ မြန်မာ
ပြန် အဓိပ္ပာယ် အဘိအကျကို မင်းသိရင် မိဘကို ပိုပြီး ကြည်ညိုလာလိမ့်
မယ်။ ကဲ...ဖတ်ကြည့်စမ်း''

(ကျွန်တော်က မောင်လှအေးအား စာအုပ်ကို ယူပေး၍ အသံ
ထွက်ပြီး ဖတ်စေပါသည်။)

''ဘိက္ခုဝေ၊ ရဟန်းတို့။ သားသမီး ဖြစ်သော သူသည်
အသက် တစ်ရာတမ်း၌ ဖြစ်၍ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်
ကာ ပခုံး တစ်ဘက်ဖြင့် အမိကို ဆောင်ယူ၍ လုပ်ကျွေး ပြုစုရာ
၏။ ပခုံး တစ်ဘက်ဖြင့် အဖကို ဆောင်ယူ၍ လုပ်ကျွေး ပြုစုရာ
၏။ ထိုသားသမီး ဖြစ်သူသည် ထိုအမိအဖတို့အား အနံ့ အသက်
ကင်းအောင် အမွှေးအကြိုင်လိမ်းပေးခြင်း၊ အညောင်းအညာ
ပြေအောင် နှိပ်နယ်ပေးခြင်း၊ ရေပူ ရေအေး ချိုးပေးခြင်း၊
ခြေဆုပ်လက်နယ် ပြုခြင်းဖြင့် လုပ်ကျွေးပြုစုရာ၏။ ထိုအမိအဖတို့
သည်လည်း ထိုသားသမီးပခုံးပေါ်၌ ပင်လျှင် ကျင်ကြီးကျင်ငယ်
ကို စွန့်ကုန်ရာ၏။ ရဟန်းတို့ ဤသို့ပင် ပြုစုပါသော်လည်း အမိ
အဖတို့အား ကျေးဇူး ပြုခြင်းသည် လည်းကောင်း၊ ကျေးဇူးတုံ့
ပြန် ခြင်းသည်လည်းကောင်း မဖြစ်နိုင်သေးသည်သာတည်း''

''ကဲ...ဆရာတော်ကြီးရဲ့ လင်္ကာရဲ့ အဓိပ္ပာယ်ကို အပြည့်အစုံ သိ
ရပြီ မဟုတ်လား''

''ဟုတ်ကဲ့ ဘဘ။ မိဘရဲ့ ကျေးဇူးကို ကျေအောင်ဆပ်နိုင်ဖို့ မလွယ်
တော့ ပါဘူး''

''အေး...အဲဒါက မင်းတို့ ငါတို့လို သာမန်ပုထုဇဉ် လူမျိုးတွေ
အတွက်သာ ဖြစ်တယ်။ သီလ သမာဓိ ပညာ ပြည့်စုံတဲ့သူတော်ကောင်း
ကြီးများ အနေနဲ့ကဖြင့် မိဘကျေးဇူးကိုပြေသည်အောင်ဆပ်နိုင်ကြောင်း
ဘုရားက ဟောထားတာကို ဆက်ဖတ်ကြည့်စမ်းပါဦးကွာ''

''ရဟန်းတို့ (အကြင်သူသည်ကား) သဒ္ဓါတရားမရှိ။ အမိအဖ
တို့ကိုသဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ သက်ဝင်
စေ၏။ တည်စေ၏။ သီလမရှိသောအမိအဖတို့ကိုသီလဖြင့် ပြည့်စုံ
ခြင်း၌ ဆောက်တည်စေ၏။ တည်စေ၏။ ဝန်တိုခြင်းမစ္ဆရိယရှိ
ကုန်သော အမိအဖတို့ကို စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း
၌ ဆောက်တည်စေ၏။ သက်ဝင်စေ၏။ တည်စေ၏။ ပညာမဲ့သော

အမိအဖတို့ကိုပညာနှင့်ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ သက်ဝင်စေ၏။ တည်စေ၏။ ရဟန်းတို့၊ ဤသို့ ပြုစုခြင်းဖြင့် သာလျှင် အမိအဖတို့အား ကျေးဇူးပြုခြင်းသည် လည်းကောင်း၊ ကျေးဇူးတုံ့ပြုခြင်းသည် လည်းကောင်း ဖြစ်နိုင်၏ဟု (မိန့်တော်မူ၏။)''

''ကဲ....ဒီစာရဲ့ အဓိပ္ပာယ်ကို မင်း သိပါတယ်နော်''

''သိပါပြီ ဘဘ။ အမိအဖတို့ကို တရားဓမ္မ ပြသ၍ ဓမ္မဖြင့် ပူဇော်ခြင်းသာလျှင် ကျေးဇူးဆပ်ရာ ရောက်တယ်လို့ ကျွန်တော် နားလည်ပါတယ်''


''အေးပေါ့ကွ။ မြတ်စွာဘုရားက တာဝတိံသာမှာ အဘိဓမ္မာ ဟောလို့ မယ်တော်ဟောင်း သန္တုသိတ' နတ်သားဟာ သောတာပန် ဖြစ်သွားပါတယ်။ အဲသလို အရိယာ နွယ်ဝင် ဖြစ်အောင် တရား ဟောပြတော်မူတာဟာ ဘယ်သူက ဘယ်သူ့ကို ကျေးဇူး တင်ရမလဲ။ မင်း ဖြေစမ်း''

''သန္တုသိတ နတ်သားကသာ မြတ်စွာ ဘုရားကို ကျေးဇူးတင်ရမှာပေါ့''

''ကဲ....ဒါဖြင့် 'သတ္တာဒေဝ မနုဿာနံ-လူ သုံးပါးတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားမှာ 'နို့တစ်လုံးဖိုး' အကြွေး ကျန်သေး သလားကွယ်''

''မကျန်တော့ပါဘူး ဘဘရယ်။ ကျွန်တော် ကျေနပ်ပါပြီ''

''သာဓု....သာဓု....သာဓု''



## မွေးကျေးဇူး

“ဘဘ ဒီနေ့ ဘာစာအုပ် ဖတ်ပြရမလဲ”

မောင်လှအေးက ကျွန်တော့်ထံ ရောက်လာသော မဂ္ဂဇင်း စာအုပ်များကို အထပ်လိုက် ဆွဲယူကြည့်ရှုပြီး မေးသည်။ ကျွန်တော်က သူ့ကို ခဏမျှ ကြည့်နေမိသည်။ သူကတော့ မဂ္ဂဇင်းမျက်နှာဖုံးတို့ကို တစ်အုပ်ချင်း ကြည့်၍ အကဲခတ်နေသလို ရှိပါသည်။

“နေပါဦးကွ၊ ဖြည်းဖြည်းပေါ့”

ဖြည်းဖြည်းပေါ့ဟု ဆိုလိုက်သဖြင့် ကျွန်တော့်ကို တစ်ချက်မော့ကြည့်လိုက်သည်။ ထို့နောက် မာတိကာများကို စိမ်ပြေနပြေ ရွေးချယ်နေသည်။ ထိုသို့ရွေးချယ်နေရာမှ ‘ဪ ... ဘဘ’ဟု အာမေဍိတ်သံပြုရင်း ရှိနေသော မဂ္ဂဇင်းများကို ဘေးမှာချလိုက်သည်။ ကျွန်တော်က သူ့အပြောကို စောင့်နေမိသည်။

“မနေ့က ‘နို့တစ်လုံးဖိုး’ အကြောင်းကို ကျွန်တော်တို့ ဆွေးနွေးခဲ့တယ်နော်”

"အေးလေ...မြတ်စွာဘုရားသခင်က မယ်တော်ဟောင်း 'သန္တုသိတာ နတ်သား'ကို တာဝတိံသာမှာ အဘိဓမ္မာတရား ဟောတော်မူတဲ့ အကြောင်း မဟုတ်လား။ ဒါ့ကို ဘာပြောချင်လို့လဲကွ"

"ကျွန်တော် သင်ခန်းစာ နှစ်ခု ရလိုက်တယ်"

ကျွန်တော်က မောင်လှအေးအား ဆတ်ခနဲ ကြည့်၍ 'ဘယ်လို သင်ခန်းစာ နှစ်ခုလဲကွ။ ဆိုစမ်းပါဦး'ဟု ခပ်သွက်သွက် မေးလိုက်ရသည်။

"ဒီလိုလေ ဘဘ၊မိခင်များရဲ့ မွေးကျေးဇူးဟာ သက်ရှိ လက်ရှိကို မပြောနဲ့ ဘဝဘစ်ပါး ပြောင်းသွား ကွယ်လွန်သည့်တိုင်အောင် ကျေးဇူး ကြီးမားနေသေးတယ် ဆိုတာရယ်။ အဲသည် ကျေးဇူးကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်ပင် အသိအမှတ်ပြုတော်မူဘယ် ဆိုတာရယ်။ အဲဒီ သင်ခန်းစာနှစ်ခုပေါ့"

"ဟုဘ်ပေဗျား၊ သာဓု သာဓု၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟာ ပါရမီဖြည့်ရာ နှစ်ဥ်ကာလ ဘဝ ဘဝတွေကတည်းက မိဘကျေးဇူး ဆပ်ခဲ့တဲ့ ဘဝပေါင်းများစွာကို ငါးရာ့ငါးဆယ်ဇာတ်တွေမှာ မင်းတွေ့ဖူးမှာပေါ့၊ ဇာတ်တော်ကြီးဆယ်ဘွဲ့မှာဆိုရင်လည်း သုဝဏ္ဏသာမဇာတ်တော်လေ"

"ဟုတ်ကဲ့ ဘဘ"

"အေး....အဲဒီဘဝတွေတုန်းက မိဘကို ကျွေးမွေး ပြုစု စောင့်ရှောက်ခြင်းဆိုတာဟာ သာမန်ကျေးဇူးဆပ်ခြင်းသာ ဖြစ်ဘယ်၊ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူလာတော့ မိခင်အား လောကုတ္တရာ တရားပြပြီးအရိယာ ဖြစ်အောင် ကျေးဇူးဆပ်တာကတော့ အမြတ်ဆုံးကျေးဇူးဆပ်ခြင်းပေါ့ကွာ"

"ဟုဘ်တာပေါ့ဘဘရယ်၊ မယ်တော် မိနတ်သားဟာ သောတာပန် အရိယာက အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို အဆင့်ဆင့်ရောက်သွားဘော့မှာကိုး၊ အမြတ်ဆုံးကျေးဇူးဆပ်ခြင်းဆိုတာ ဟုဘ်ဘာပေါ့"

"အေး....မြတ်စွာဘုရားက အဲသလို ကျေးဇူးဆပ်ဘာတောင် နို့ဘစ်လုံးဖိုးပဲကျေသေးဘယ်လို့ တို့တစ်တွေ ပြောကြတယ်မဟုတ်လား။ အဲဒီစကားဟာ မိခင်တို့ရဲ့ကျေးဇူးကို သိဒ္ဓိတင်ချင်လွန်းလို့ စေတနာဘွေလွန်ပြီး ပြောကြတဲ့အတွက် အတိုူတ္တိစကားဖြစ်သွားတယ်ထင်ပါရဲ့၊ ယုတ္တိ မရှိဘူးလားကွာ"

"မနေ့က ဘဘ ပြောတာနဲ့ ရှင်းသွားပါပြီ"

“တဲ ...ဒါဖြင့် ငါ သတိရတာ တစ်ခု ဆက်ပြောရဦးမယ်။မြတ်စွာဘုရား ကိုယ်တော်မြတ်ကဲ့သို့ မိခင်ရဲ့ မွေးကျေးဇူးကို ဓမ္မဒေသနာနည်းအားဖြင့် ကျေးဇူးဆပ်သွားတဲ့ရဟန္တာကြီး တစ်ပါးလဲ ရှိသေးသကွယ့်၊ သူကတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးပေါ့”

“ဟုတ်လား ဘဘ၊ ဆက်ပြောပါဦး”

“နေဦး....မင်းကို ငါ မေးမယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး အကြောင်း မင်း ဘယ်လောက် သိထားသလဲ”

“ကျွန်တော် သိသလောက် ပြောရရင် အရှင်သာရိပုတ္တရာ ကိုယ်တော်ဟာ အဂ္ဂသာဝက နှစ်ပါးအနက် လက်ယာရံ သာဝကကြီး ဖြစ်တယ်၊ ပညာအရာမှာ အထူးချွန်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ကို ရတော်မူတယ်။ အဲသလောက်ပါပဲ”

“ဒါဖြင့် ကြည်ညိုကြရအောင် နိယဘ ဗျာဒိတ်ခံတော်မူခဲ့တာက စပြီး အကျဉ်းချုံး၍ ပြောကြပါစို့။ ဤကမ္ဘာမှ ပြန်၍ ရေတွက်လျှင် လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလမှာပေါ့ကွယ်၊ ယခု မဇ္ဈိမ ဒေသမှာပဲပေါ့။ စန္ဒဝတီပြည်မှာ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူသတဲ့။ အဲဒီ အချိန်မှာ ရှင်သာရိပုတ္တရာ အလောင်းတော်မြတ်ဟာ သရဒ ရသေ့ကြီး ဖြစ်နေတယ်။ သူ့မှာ တပည့် ရသေ့ပေါင်း ၇-သောင်း ၄-ထောင် ရှိပါသတဲ့။ တစ်နေ့မှာတော့ သရဒ ရသေ့ကြီးဟာ “အနောမဒဿီ” မြတ်စွာဘုရားအား တပည့်များနှင့် အတူ ဝတ်ပြုပူဇော်တဲ့အခါ မြတ်စွာဘုရားက လက်ယာရံ အဂ္ဂသာဝက ဖြစ်တော်မူတဲ့ အရှင်နိသဘ ရဟန္တာ အရှင်မြတ်ကို မြတ်စွာဘုရား ကိုယ်စား တရားအနုမောဒနာ ဟောကြားစေပါသတဲ့။ ပညာအရာမှာ ဧတဒဂ်ဖြစ်တဲ့ အဲဒီ နိသဘ လက်ယာရံ ကိုယ်တော်ကို သရဒ ရသေ့ ဆရာကြီးက အလွန်တရာ အားကျ ကြည်ညို လွန်းတာနဲ့ “နောင်ပွင့်တော်မူလတ္တံ့သော ဗုဒ္ဓတစ်ဆူဆူ၏ ပညာ ဧတဒဂ်ရ လက်ယာရံ အဂ္ဂသာဝက ဖြစ်ရပါလို၏”လို့ နှုတ်နဲ့ ဆုတောင်းတော်မူပါသတဲ့။

“အနောမဒဿီ မြတ်စွာဘုရားကလည်း သရဒ ရသေ့၏ ပြည့်စုံလုံလောက်တဲ့ အကြောင်းအရာကို မြင်တော်မူတဲ့အတွက် ‘ချစ်သား သရဒ၊ နောင်နှစ်ပေါင်း တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလဝယ် ဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင် ‘သရဒ’ ရသေ့သည် သာရိပုတ္တရာ အမည်ရှိသော လက်ယာရံ အဂ္ဂသာဝကစင်စစ် ဖြစ်လိမ့်မည်’လို့ ဗျာဒိတ်စကား မြွက်ကြားတော်မူပါသတဲ့။အဲဒီ ဘဝက စပြီး ဆုတောင်းခဲ့ရတာ ဖြစ်တယ်”

''လက်ယာရံ သာဝက ဖြစ်ဖို့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ခဲ့တာပေါ့နော်။ အကြာကြီးပဲ''

''အမယ် သမ္မာသမ္ဗုဒ္ဓ ဖြစ်ဖို့ဆိုရင် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတောင် ပါရမီ ဖြည့်ရတယ်လို့ ဆိုတယ် မဟုတ်လားကွယ်။ ''အရေအတွက်မှ အရည်အချင်းသို့''ဆိုတာ ဒါမျိုးပေါ့''

''ကျွန်တော် စာထဲ ဖတ်ရတဲ့ Quantity To Quality ဆိုတဲ့ စကားမျိုး မဟုတ်လား။ ကျွန်တော်တို့ နားလည်ထားကြတာကတော့ အရေအတွက်ထက် အရည်အချင်း ရှိဖို့သာ လိုတယ်လို့ နားလည်နေကြရတယ်''

''မဟုတ်နိုင်ဘူး။ 'လောကသာရ' ဆုံးမစာ စကားနဲ့ပြောရလျှင် 'စေ့မြေ့ သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းလော့၊ စရည်းအိုးခွက်၊ ကြီးစွာ လျက်လည်း၊ စဉ်ဆက်ကျများ၊ ပြည့်သောလားသို့' ဆိုသလို အရေအတွက် အားဖြင့် အကြိမ်များစွာ အဖန်ဖန်ပြုလုပ် ကျင့်ကြံမှ အကျိုးကျေးဇူးဆိုတဲ့ အရည်အချင်း ရနိုင်တဲ့သဘော။ အဲဒီသဘောကိုမြတ်စွာဘုရားကိုယ်တော်တိုင်က ဟောတော်မူထားတာ အင်္ဂုတ္တိုရ်၊ ဧကကနိပါတ်၊ အမတဝဂ် မှာ ပါရှိပါတယ်။

> ''ရဟန်းတို့ တစ်ခုသောတရားကို(အလုပ်ကို)ပွားများအပ်၊ 'အဖန်ဖန်'အလေ့အလာပြုအပ်သည်ရှိသော်(ထိုအရေအတွက်မှ) ပညာကို (အရည်အချင်းကို) ရခြင်းငှာ ဖြစ်၏။ ပညာ၏ တိုးပွားခြင်းငှာ ဖြစ်၏။ ပညာ၏ ပြန့်ပြောခြင်းငှာဖြစ်၏။ မြတ်သော ပညာအလို့ငှာ ဖြစ်လေ၏''

အဲသလို ဟောတော်မူတဲ့အကြောင်း ဖတ်ရှုရပါတယ်။ သာရိပုတ္တရာအလောင်းဟာ အဲသလိုပဲ အကြိမ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ရပါတယ်။ အချို့သောဘဝ ဘဝတို့မှာ မြတ်စွာဘုရားအလောင်းတော်နှင့် ဆွေမျိုးသားချင်းအဖြစ်ဖြင့်သော်လည်းကောင်း၊ အဆွေခင်ပွန်းအဖြစ် ဖြင့်သော် လည်းကောင်း၊ ဆရာတပည့်အဖြစ်ဖြင့်သော်လည်းကောင်း ကြုံကြိုက်ဆုံစည်းပြီးပါရမီဖြည့်ဖက် ဖြစ်ခဲ့ရတာလည်း ရှိပါတယ်''

''ဟုဘ်မှာပေါ့၊ဘဝသံသရာရှေလျား(ရှည်လျား)××ထွေပြား× မနေမနား×တစ်သွားတည်း သွားကြတာ ဆိုတဲ့အတိုင်း တွေ့ကြုံဆုံကွဲဖြစ်နေကြမှာပေါ့ ဘဘရဲ့''

"ဟင်း....မင်းကတော့ လုပ်ပြီ။ ထားပါတော့ကွာ။ ထားပါတော့။ ယခု ဘဒ္ဒကမ္ဘာရောက်တော့ စတုတ္ထ မင်းတရားကြီး အဖြစ် ဂေါတမ မြတ်စွာဘုရား ပွင့်မူလာတယ်လေ"

"စတုတ္ထ မင်းတရားကြီးဆိုတာ ဘာကို ဆိုလိုတာလဲ ဘဘရဲ့"

"ဘဒ္ဒကမ္ဘာဆိုတာ ဘုရား ငါးဆူပွင့်တဲ့ ကမ္ဘာ မဟုတ်လား၊ ကကုသန် မြတ်စွာဘုရားက ပထမ၊ ဂေါဏာဂုံ မြတ်စွာဘုရားက ဒုတိယ၊ ကဿပ မြတ်စွာဘုရားက တတိယ၊ ယခု သာသနာတည်ဆဲ ဂေါတမ မြတ်စွာဘုရားက စတုတ္ထ။ အဲဒါကို ပြောတာ။ ပဥ္စမ ဗုဒ္ဓမြတ်စွာဘုရား ကတော့ အရိမေတ္တေယျပေါ့၊ ဟုတ်ပြီလား။ အဲဒီလို ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူတဲ့အချိန်မှာ ရာဇဂြိုဟ်ပြည်အနီး ဥပတိဿရွာကြီးမှာ မဟာသာလ ဗြာဟ္မဏမျိုးဖြစ်တဲ့ 'ဝင်္ကန္တ'အမည်ရှိ ပုဏ္ဏား သေဌေးကြီးနှင့် ရူပသာရီသေဌေးကတော်တို့က အရှင်သာရိပုတ္တရာ အလောင်း သတို့သားကို ဖွားမြင်ပါတယ်။ ဥပတိဿရွာသူကြီးမျိုးရိုးရဲ့ သားမို့ ဥပတိဿလို့လဲ ခေါ်ကြတယ်။ သာရီပုဏ္ဏေးမကြီးရဲ့သားမို့ သာရိပုတ္တရာ လို့လဲ ခေါ်ကြတယ်။ အရှင် သာရိပုတ္တရာအလောင်း ဥပတိဿဟာ မိဘများအတွက် သားဦးရတနာ ဖြစ်တယ်။ သူ့ အောက်မှာ သား ယောက်ျားသုံးဦးနဲ့သမီးရတနာသုံးဦးရှိကြသေးတယ်။အဲဒီဥပတိဿဟာ မဟာသာလဗြာဟ္မဏမျိုးပီသစွာ ရုပ်ရည်လက္ခဏာအင်မတန်ဖြူစင်ကြည် လင်တယ်။အရုပ်အမောင်း မြင့်မား၍ တည်ကြည် ခန့်ညားတယ်။ အရွယ် ရောက်တဲ့အခါ ဗြာဟ္မဏတို့၏ သင်ရိုးဖြစ်တဲ့ ဝေဒသုံးပုံကို ကုန်စင်တတ် မြောက်စွာလောကီပညာမှာ အထွတ်အထိပ် ရောက်ခဲ့တယ်။ ဒါကြောင့် သာရီပုဏ္ဏေးမကြီးကအလွန်ချစ်ခင်မြတ်နိုးတယ်။ပစ္စည်းကလည်းပေါပြန်၊ ရုပ်ကလည်း ချောပြန်၊ပညာကလည်းအထွတ်အထိပ် ရောက်နေပြီမို့ သူတို့ မြို့ သူတို့ရွာမှာ အလွန် ကျော်စော ထင်ရှားခဲ့သပေါ့ကွယ်။ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်းကတော့ ကောလိတ ရွာကြီးက မောဂ္ဂလီ ပုဏ္ဏေး သေဌေးမကြီးရဲ့ သား ကောလိတဖြစ်တယ်။သူ့ကိုလဲ မောဂ္ဂလီ သေဌေး မကြီးရဲ့ သားမို့ မောဂ္ဂလာနလို့လဲ ခေါ်သတဲ့"

"အဲဒီ မောဂ္ဂလာန ဆိုတာ ရှင်မဟာ မောဂ္ဂလာန် အလောင်း ပေါ့နော် ဘဘ"

"ဟုတ်ပါတယ်။ အဲဒီ သူငယ်ချင်း နှစ်ယောက်ဟာ ပညာ အရည် အချင်းနှင့် တကွ စိတ်တူ ကိုယ်တူ ရှိကြတယ်။သွားဖော် လာဖက်၊ ဆွေး နွေးဖော် ဆွေးနွေးဖက်လဲ ဖြစ်ကြတယ်။တစ်နေ့တော့... ရာဇဂြိုဟ်မြို့မှာ ကြီးကြီးကျယ်ကျယ် ပြုလုပ်မြဲ ဖြစ်တဲ့ တောင်ထိပ် ပွဲသဘင်ကို သူငယ်

ချင်း နှစ်ယောက် အတူ သွားကြတယ်။ တောင်ထိပ်ပွဲ သဘင် ဆိုတာ ကြယ်လနက္ခတ်တာရာ အပြည့်အစုံ ထွန်းလင်းတောက်ပကြတဲ့ တန်ဆောင် မုန်း လပြည့် အခါမှာ ပျော်ပွဲ ရွှင်ပွဲ သဘင်အမျိုးမျိုးနဲ့ စားသောက် ဖွယ်ရာ ဆိုင်များ၊ အဝတ်တန်ဆာ ပစ္စည်းပစ္စယ တည်ခင်း ရောင်းချတဲ့ ရာသီ ပွဲတော်ပေါ့။ ဈေးတန်းကြီးများကလဲ ကြီးကျယ်တယ်။ အဲဒါ ကြောင့် မင်းစိုးရာဇာ သူဌေး သူကြွယ် ကုန်သွယ် လယ်လုပ် ဆင်းရဲ သားများအထိ လူမျိုးပေါင်းစုံ၊ အလွှာ ပေါင်းစုံ လာရောက်ကြတဲ့ အတွက် ကြက်ပျံမကျ အလွန် စည်ကားလေ့ ရှိပါသတဲ့''

''အခု ကျွန်တော်တို့ခေတ် တန်ခိုးကြီး ဘုရားပွဲတွေလို နေမှာ ပေါ့နော် ဘဘ''

''အေး....အဲသည်လို စိတ်ကူးကြည့်ရမှာပေါ့ကွာ။အဲသည်ပွဲကိုဥပ တိဿနဲ့ကောလိတ သူငယ်ချင်း နှစ်ယောက်လဲကိုယ့်အခြံအရံနဲ့ကိုယ်အတူ တကွ လာကြပြီး တစ်ခုသော သဘင်ပွဲကို ပျော်ပျော်ရွှင်ရွှင် ဝင်ကြည့် နေကြပါသတဲ့။ သဘင်သည် များကလဲ ပရိသတ် နှစ်ခြိုက်အောင် ကြိုးကြိုးစားစား သီဆိုကပြ နေကြတယ်။ ပွဲကြည့်ပရိသတ်ကလဲ နှစ်နှစ် ခြိုက်ခြိုက် ကောင်းချီး ဩဘာ ပေးပြီး ပျော်မဆုံးအောင် ရှိနေကြပါ သတဲ့။ အဲဒီ အချိန်ကလေးမှာ အရှင် သာရိပုတ္တရာအလောင်း ဥပတိဿ သေဌေးသားရဲ့ ပါရမီ အထုံဝါသနာတို့က နိုးဆွလာပါတော့တယ်''

''တို့ ခုန ပြောခဲ့တဲ့ 'အရေအတွက်မှ အရည်အချင်းသို့' ဆိုတဲ့ စကားလိုပေါ့ကွယ်။ ဘဝ ဘဝပေါင်း များစွာက ပညာတေဒင်္ဂနဲ့ အဂ္ဂ သာဝကကြီး ဖြစ်ရ ပါစေကြောင်း၊ ဆုတောင်း ဆန္ဒ ကြီးကြီး မားမား နဲ့ ကုသိုလ် ကောင်းမှုတွေ ကြိုးစား ပြုလုပ်ခဲ့သူ ဆိုတော့ ပါရမီတွေက အကျိုးပေးလာပါတော့တယ်။ ဘယ်လို အကျိုးပေးသလဲ ဆိုတော့ပျော် မဆုံး ရွှင်မဆုံး ပတ်ဝန်းကျင်က လူအားလုံးဟာ တစ်နေ့နေ့မှာ တစ် ယောက်မကျန် သေကြရမယ်။ ဇာတ်စင်ပေါ်က လှလှပပ ကပြ သီဆို နေကြတဲ့ မင်းသားမင်းသမီးတွေလဲ သေကြရမယ်။ လက်ခုပ် ဩဘာ ပေးပြီး ဟေးလား ဝါးလား ပျော်နေကြတဲ့ သူတွေလဲ သေကြရမယ်။ သူတို့ချည်းသာမဟုတ် ငါလဲ သေရဦးမှာပဲ။ တကယ် စင်စစ်တော့ လူ ဆိုတာ-

''မသေခင်သာ၊ ရုတ်ရုတ် ရုတ်ရုတ်

သေသွားတော့၊ ဘာမှ မဟုတ်။

မသေခင်သာ၊ ထောင်ထောင် ထောင်ထောင်

သေသွားတော့ အပုပ်ကောင်။

မသေခင်သာ၊ ကြွားကြွား ကြွားကြွား
စေသွားတော့၊ အလကား။
မသေခင်သာ၊ ငါ ငါ
သေသွားတော့၊ ပြာ ပြာ''

အဲသလို သဘောမျိုး တွေးလာမိသတဲ့ကွယ်။ ဒီလို တွေးမိတော့ ပျော်ပွဲရွှင်ပွဲ ဆိုတာတွေကို ဘယ် ဖိဘ်ဝင်ဘေးနိုင်တော့မလဲ။ ဘယ်ခံ့မင် နိုင်တော့မလဲ့။ ဘယ် နှစ်သက်နိုင်တော့မလဲ။ငါ သေရဦးမယ်၊ ငါသေရ ဦးမယ် ဆိုတဲ့ အတွေးဘွေက ခြောက်လှန့်နေတယ်။ အဲဒီက တစ်ဆက် တည်း''အခု တစ်ဘဝသာ သေပြီး နောက်တစ်ဘဝမှာ မသေရရင် ကောင်းမှာပဲ။ဒါပေမယ့် နောက်ဘဝရယ်လို့ဖြစ်လာရရင်တော့ သေရဦး မှာပါကလား။အင်း....သေတဲ့ကိစ္စရှိရင် မသေတဲ့ကိစ္စလည်း ရှိရလိမ့်မယ်။ မွေးတဲ့ကိစ္စရှိရင် မမွေးတဲ့ ကိစ္စလည်း ရှိရလိမ့်မယ်။ အဲသလို မမွေးရ၊ မသေရတဲ့ အကျင့်တရားမျှား ရလျှင် သိပ်ကောင်းမှာပဲ။ ရှိရမှာကတော့ သေချာပါတယ်။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို လှည့်လည် ရှာဖွေနိုင်ရင် အဲဒီအကျင့်တရားကို ပြနိုင်တဲ့ ဆရာ တစ်ဦးဦးကိုတော့ တွေ့ရမှာပေါ့''လို့ တစ်ထစ်ချ ယုံကြည်လိုက်ပါသတဲ့''

''အံ့ဩစရာနော် ဘဘ၊အခု ဘဘ ပြောသလို ဥပတိဿ သေဋ္ဌေး သားက တွေးနေတာတွေဟာ အလွန်နက်နဲတဲ့ ပညာရှင်ကြီး ဖြစ်လို့သာ ပေါ့နော်''

''ပညာအရာမှာ ဧတဒဂ်ဆုကြီးတောင် ဆန္ဒပြုခဲ့တဲ့ ရဲရဲတောက် ပုဂ္ဂိုလ်ကြီးပဲကွာ။အဲသလို သူ ကြံစည်သမျှတွေကို သူငယ်ချင်း ကောလိတ အား ပြောပြတယ်။ ပါရမီရှင် ဖြစ်တဲ့ ကောလိတကလဲ သဘောပေါက် သွားတယ်။ ဆရာရှာဖို့လဲ သဘောတူတယ်။ အဲဒီလိုနဲ့ပဲ သူငယ်ချင်း နှစ် ယောက် ပျော်ပွဲရွှင်ပွဲတွေမှ ထွက်လာပြီး အမြို့မြို့အနယ်နယ်ကို ဆရာ ရှာရအောင် လှည့်လည်ကြတယ်။ ဒီအချိန်ကာလမှာ သိဉ္စည်း ဆရာကြီး က တပည့်ပေါင်း များစွာနှင့် ပရဗိုဇ်ဂိုဏ်း တစ်ဂိုဏ်း တည်ထောင် ထားတယ်။တရားပြသနေတယ်။ရာဇဂြိုဟ်ပြည်မှာ လူအတော်များများက ဆည်းကပ် ကိုးကွယ် နေကြတယ်။ တိုတို ပြောရရင်တော့ကွာ ဥပတိဿ နဲ့ ကောလိတတို့ဟာ တစ်ဦးလျှင် အပေါင်းအသင်း ၂၅၀စီနဲ့ ဆရာကြီး ထံမှာ တပည့်ခံပြီး ပရဗိုဇ် လုပ်ကြတယ်''

''ပရဗိုဇ်ဆိုတာ ဘယ်လို ဟာမျိုးလဲ ဘဘ၊ ဆာဒူး ယောဂီ ကြီးလို ပုဂ္ဂိုလ်မျိုးလား''

''ဟုတ်လိမ့်မယ် ထင်ပါရဲ့ကွယ်။ ပရဗိုဇ် တက္ကတွန်း ရဟန်း ရသေ့ မုနိ အရည်း ဦးပြည်းတပဿီဆိုတဲ့ ပုဂ္ဂိုလ်(၈)ယောက်မှာ တစ်ယောက် အပါအဝင်ပေါ့ကွာ။ အဲသလို သိဥ္စည်း ဆရာကြီးဆီမှာ ကာလ အတန် ကြာအောင် နည်းခံပြီး ကျင့်ကြံ အားထုတ်ကြလို့ ဆရာကြီး တတ်သိ သလောက် သူတို့ ကတ်မြောက်လာကြပါတယ်။ သို့ပေမယ့် သူတို့ တောင့်တတဲ့ တရားထူးကိုတော့ မတွေ့ မသိရပါဘူး–တဲ့။ ဒီတော့ ဆရာ အသစ်ရှာရန် လှည့်လည်သွားလာဖို့ ဆရာကြီးကို ခွင့်တောင်း နှုတ်ဆက် ကြသည်။ ဆရာကြီးက တားမြစ်ပါတယ်။ သူ့ဂိုဏ်းမှာ ဆရာလုပ်ဖို့ ရာထူး ပေးပါတယ်။ သို့ပေမယ့် ဥပတိဿတို့က ဆရာကြီးထံမှ ခွဲခွာ ထွက်လာကြပါတယ်။ အဲသည့်နောက် တစ်ဦးကို တစ်လမ်းစီသွားပြီး ဆရာရှာကြဖို့နှင့် တရားထူး ရနိုင်တဲ့ ဆရာကို တွေ့လျှင် တစ်ယောက်ကို တစ်ယောက် မမေ့ကြစတမ်းလို့ အသီးသီး ကတိကဝတ် ပြုကြပါ တယ်''

''သူငယ်ချင်းကောင်း ပီသလိုက်တာ ဘဘရယ်''

''အဲဒီ အချိန်မှာ ငါတို့ ဗုဒ္ဓမြတ်စွာက ပွင့်တော်မူခဲ့ပါပြီ။ မိဂဒါ ဝုန် တောမှာ ပဥ္စဝဂ္ဂီ ရဟန်းတို့ကို ဓမ္မစကြာတရားဦး ဟောတော်မူခဲ့ ပါပြီ။ ဘုရားဖြစ်ခါနီး ဃနာနို့ဆွမ်း လှူဒါန်းတဲ့ သုဇာတ သေဌေးမရဲ့ သား 'ယသ' လုလင်ကိုလည်း တရားဟောပြ ချွတ်ဆုံး၍ သာဝက ရဟန်း ပြုပေးတော်မူခဲ့ပါပြီ။ ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်ကိုလည်း ရဟန်းပြုစေခဲ့ပါပြီ။ အဲသည့်နောက် ဥရုဝေဠ ကဿပ နဒီ ကဿပ ဂယာကဿပ ရသေ့ညီနောင် သုံးဦးတို့ကိုလည်း တန်ခိုးပြပြီး သာဝက ရဟန်းများ ဖြစ်စေခဲ့ပါပြီ။

ထိုကမှ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီးအား ကတိပေးခဲ့တာနှင့်အညီ ဦးစွာ ပထမ မဂဓတိုင်းကို ကြွပြီး ရာဇဂြိုဟ်မြို့ အနီးက ဝေဠုဝန် ဝါးမဘာ ဥယျာဉ်ကြီးမှာ ကြွရောက် သီတင်းသုံး နေတော် မူပါပြီ။ သို့သော်လည်း ဥပတိဿ ပရဗိုဇ်ဟာ ဆရာကောင်း ရှာတုန်းပဲ ရှိနေပါသေးတယ်''

''နေပါဦး ဘဘရဲ့။ လောက သုံးပါးမှာ ဘုရား ပွင့်တော်မူလာ ပြီဆိုတာ ဥပတိဿက မကြားသိသေးလို့လား''

''အဲဒါက ဥပတိဿဟာ သူ့ဆရာ သိဥ္စည်း ပရဗိုဇ် ကြီး ရဲ့ လောင်းရိပ်မိနေခဲ့လို့လဲ ဖြစ်နေမယ်။ နောက်တစ်ကြောင်းက ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဗာရာဏသီ၊ ဝေသာလီ အစရှိတဲ့ မြို့ကြီး များ မှာ မိမိ ကိုယ်တိုင်မိမိ ဗုဒ္ဓဘုရားလိုလို၊ သဗ္ဗညု ဥဏ်ကြီးရှင်လိုလို တိုင်းပြည်

အသီးသီး မြို့ကြီးအသွယ်သွယ် လှည့်လည် ကြွေးကြော်နေကြတဲ့ တိတ္ထိဆရာကြီးများကလဲ ရှိနေကြသေးလေတော့ ဥပတိဿ အတွက် ကြားရဖန်များတော့လဲ နားလျှံနေဟန် တူပါရဲ့ကွယ်''

''အဲဒီ တိတ္ထိဆရာကြီးတွေက ဘယ်နှစ်ဦး ရှိသလဲ၊ ဘယ်သူတွေလဲ....''

''အေး.... သိဋ္ဌည်း ဆရာကြီး အပါအဝင် ခြောက်ဦး ရှိသတဲ့။ (၁) သိဥ္စယ ဗေလဋ္ဌပုတ္တ-သိဋ္ဌည်း။ (၂) ပူရဏကဿပ။ (၃) မက္ခလိဂေါသာလ။ (၄) နိဂဏ္ဌနာဋပုတ္တ။ (၅) ပကုဓကစ္စာယန။ (၆) အဇိတကေဿကမ္ဗလ-တဲ့ကွယ်''

''ဩော်.... ဘုရားကိုယ်တော်မြတ်ကြီး ပွင့် တော် မူ နေ တုန်း ကတောင် ဒီလို အတုအယောင်တွေ ရှိနေသေးဘယ် ဆိုတော့ အခု ကျွန်တော်တို့ခေတ်မှာ ရဟန္တာ ယောင်ယောင်၊ ဘိုးတော် ယောင်ယောင်၊ အကြားအမြင် ရတဲ့သူလိုလို အလျှိုလျှို ပေါ်နေကြတာ မဆန်းတော့ဘူးပေါ့နော် ဘဘ''

''အေးပေါ့ကွာ။ အစစ်ဟာ အဖိုးတန်မှန်းသိရင် အတုဆိုတာ ပေါ်စမြဲပေါ့။ ကဲ.... ငါ ဆက်ပြောမယ်ကွာ။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ကြွလာတော့ ပဥ္စဝဂ္ဂီ ငါးပါးမှာ တစ်ပါး အ ပါ အ ဝင် ဖြစ်တဲ့ အဿဇိ သာဝက ရဟန္တာလဲ ပါဘာပေါ့။ တစ်နေ့တော့ ဥပတိဿ ပရဗိုဇ်ဟာ ရာဇဂြိုဟ်မြို့အတွင်း ဆွမ်းခံဝင်လာတဲ့ အဿဇိ မထေရ်ကို တွေ့လိုက်ရပါသတဲ့။ မြင်မြင်ချင်းပဲ ဥပတိဿ ပရဗိုဇ်က ဒီပုဂ္ဂိုလ်ဟာ တရားထူး ရရှိထားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါကလားလို့ တပ်အပ်ဒိဋ္ဌ သိလိုက်ရပါသတဲ့''

''ဘယ်လိုကြောင့် သိလိုက်ရတာလဲ ဘဘရယ်''

''ဒါကတော့ တရားထူး ရရှိထားတဲ့ ပုဂ္ဂိုလ်များဟာ သွားပုံလာပုံ ကိုယ်လက် လှုပ်ရှားပုံနှင့်တကွ တည်ငြိမ် ကြည်လင်တဲ့ သဏ္ဌာန်က ပေါ်ပေါ်လွင်လွင် ဖြစ်နေတယ်။ သီလသံဝရဆိုတာ ရှိနေတော့ ဣန္ဒြိယသံဝရကလည်း အလိုလိုဖြစ်နေတာပေါ့။ ပရဗိုဇ်တက္ကတွန်းတို့လို အဝတ်အစား ဖိုးရိုးဖားရား၊ ကိုယ်လက် အမူအရာကလဲ ကိုးရိုးကားရား၊ မျက်စိ ကစားလိုက်တာကလဲ ကျီးကန်းတောင်းမှောက်။ လမ်းလျှောက်တာကအစ ပျာယီးပျာယာ၊ အဲဒါတွေနဲ့ နှိုင်းစာလိုက်တော့ အဝန်းညီစွာ သော သင်္ကန်းကို ချပ်ချပ်ရပ်ရပ်ဝတ်ရုံပြီး တစ်ခုဘည်းသော သပိတ်ကို ပိုက်လျက် ရထားဆမ်းပီးတစ်ပြန်လောက် အကွာအဝေးကိုသာ ဖြောင့်တန်း တည့်မတ်စွာ ကြည့်ပြီးလာတဲ့ ရဟန္တာအရှင်မြတ်ရဲ့ကျွန္ဒြေက သိသာ

လွန်းနေတာပေါ့ကွယ်။ ဥပတိဿပရိဗိုဇ်ဟာ အရှင်အဿဇိ မထေရ်ကို မျက်ခြည်ပြတ်မခံတော့ပါဘူး။ မမိုတ်မသုန် ကြည်ညိုစွာနဲ့ နောက်ယောင် ခံပြီး လိုက်နေပါတော့တယ်။ အချို့ အိမ်များက ဆွမ်းထွက်လောင်းလို့ မထေရ်မြတ်က ရပ်တန့် အလှူခံတဲ့အခါ နောက်ပါးက ဥပတိဿကလဲ ရပ်စောင့်နေပါသတဲ့။ အရှင်မြတ်က ဆက်လက် ကြွသွားတော်မူတဲ့ အခါ ဥပတိဿကလဲ ဆက်၍ လိုက်ပြန်သတဲ့။ ဒီလိုနဲ့ မြို့အစွန် အဖျား ရောက်လာပြီး 'ဇရပ်'တစ်ခုမှာ အရှင်အဿဇိက ဆွမ်းစားမယ်လို့ ဝင် ရောက် ထိုင်တော်မူလိုက်တော့ ဥပတိဿပရဗိုဇ်က သည်အချိန် သည်အခါ ဟာ စုံစမ်းဖို့ အသင့်တော်ဆုံးပဲဟု သိပြီး ရိုသေစွာ ချဉ်းကပ်၍ ယခုလို လျှောက်ထား မေးမြန်းပါသတဲ့။ "အို...ကြည်ညိုဖွယ် ကောင်းလှသော ငါ့ရှင်။ သင်၏ အမည်ကား အသို့နည်း။ မည်သည့် ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါနည်း"လို့ စတင် မေးမြန်းလိုက်တယ်။ ရှင်အဿဇိ မထေရ်မြတ်က သူ့ဘွဲ့ အမည်မှာ အဿဇိ ဖြစ်ကြောင်း၊ သဗ္ဗညုတ ဗုဒ္ဓမြတ်စွာဘုရား သခင်ထံမှာ ရဟန်းအဖြစ် ရခဲ့ကြောင်း ပြန်ကြားပါ သတဲ့။

"အို.... အရှင်ကောင်း အရှင်မြတ်၊ အရှင့်ကို မြင်ရတာနှင့်ပင် တရားထူးရှိကြောင်း ကျွန်ုပ် ခန့်မှန်းမိပါသည်။ သင်၏ဆရာ ဗုဒ္ဓမြတ်စွာ ဆိုလျှင် အတိုင်းမသိ။ အံ့ဩကုန်နိုင်ဖွယ် ရှိပါလိမ့်မည်။ သင့် ဆရာ၏ တရားကို ငါ့အား ဟောကြားပါဘိ"လို့ တောင်းပန်သတဲ့။ အခု ငါ ပြောတာ တွေဟာ အတိအကျတော့ မဟုတ်ဘူးပေါ့ကွယ်။ လိုရင်း လောက်သာ 'ငါ့စကားနဲ့ငါ' မင်းကို ဟောပြောပြနေတာပါ"

"ဟုတ်ပါပြီ ဘဘ၊ ကျွန်တော် သဘောပေါက်ပါတယ်။ လိုရင်း ရောက်ရင် ပြီးတာပါပဲ။ ဆက်သာ ပြောပါ။"

"အရှင် အဿဇိမထေရ်မြတ်က မြတ်စွာဘုရား၏ တရားတော် များဟာ အလွန်တရာမှ ခက်ခဲပါတယ်။ နက်ရှိုင်းပါတယ်။ ပြန့်ပြော ပါတယ်။ ဤနေရာ ဤအချိန်မှာ ဟောပြဖို့ ဖြစ်နိုင်မယ် မထင်ပါဘူးလို့ ပြန်ပြောတယ်။ ဒီတော့ ဥပတိဿပရဗိုဇ်က အင်မတန် နက်ရှိုင်း ပြန့် ပြောကျယ်ဝန်းတဲ့ သမုဒ္ဒရာရေကို တစ်ခွက်၊ တစ်ဖလားလောက် သောက် ရလျှင် မဟာသမုဒ္ဒရာ၏ အရသာကို ခံစားနိုင်သလို မြတ်စွာဘုရား၏ တရားတော်ကိုလဲ တစ်ခွန်း၊ တစ်ပါဒ တစ်ဂါထာ ကြားရလျှင် ဓမ္မရသ ကို ကျွန်ုပ် ခံစားရလိမ့်မည်ဟု ယုံကြည်ပါတယ်။ ထို့ကြောင့် ကျွန်ုပ်အား ဟောသာဟောပါလို့ တောင်းပန်သတဲ့။ ဒီတော့ ရှင်အဿဇိ မထေရ်မြတ်

ကမြတ်စွာဘုရားထံမှ ကြားနာခဲ့ရသောတရားကိုရှိသေစွာ ဤသို့ ရွတ်ဆို ပြပါသတဲ့။

''ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာ သာမဏော။

အဓိပ္ပာယ်ကတော့ ဒုက္ခသစ္စာဆိုတာ သမုဒယသစ္စာကအကြောင်းရင်းခံတယ်။ နိရောဓသစ္စာ ဆိုတာ မဂ္ဂသစ္စာက အကြောင်းရင်းခံတယ်။ သို့ကလို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်လို့ တစ်ဆင့် တရားဖောက်သည်ချတော်မူပါသတဲ့ကွယ်။ အတိုချုပ်ပြောရရင်'အကျိုးဆိုတာ' 'အကြောင်း'က အရင်းခံတယ်။ အကြောင်းအကျိုး ဆက်စပ်နေတဲ့ တရားပေါ့။ အကျယ်သိချင်ရင် 'ထေရာပဒါန်'တို့ 'မဟာ ဗုဒ္ဓဝင်'တို့မှာ ကြည့်ပေရော့။ တို့က မွေးကျေးဥူးရောက်အောင် ပြောရမှာ ဆိုတော့ သိပ်ရှည်နေလို့လဲ မဖြစ်သေးဘူး။ ဤဂါထာနှစ်ပါဒတည်းနဲ့ ထိုင်ရာမထ သောတာပန် ဖြစ်သွားသတဲ့''

''အမယ်လေး ....အရှင်သာရိပုတ္တရာရဲ့ ပညာဉာဏ်ကဖြင့် ကြီးကျယ်ပါဘိ။ ပုဂ္ဂိုလ်တိုင်း သူ့လို ဉာဏ်ရဖို့ မလွယ်ဘူးနော် ဘဘ''

''အေးပေါ့ကွ၊ ဒါကြောင့် ပုဂ္ဂိုလ်လေးပါး ရှိတယ်လို့ ဘုရားကိုယ်တော်မြတ်က ဟောထားတာပေါ့။ (၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်-အကျဉ်းကို ကြားနာရုံမျှဖြင့် အကျယ်ကိုသိပြီး မဂ်ဖိုလ် ရနိုင်သောသူ၊ (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်-အကျယ်ကို ဟောပြမှ မဂ်ဖိုလ် ရသော သူ၊ (၃) နေယျပုဂ္ဂိုလ်-အကျဉ်းအကျယ်ကို ကြားနာရပြီးသော်လည်း နှစ်ပေါင်း လပေါင်းရှည်ကြာစွာ ကျင့်ကြံမှ မဂ်ဖိုလ်ရသော သူ၊(၄) ပဒပရမပုဂ္ဂိုလ်-အကျဉ်းအကျယ် နာပြီးသော်လည်း တရားမရ။ နှစ်ရှည်လများ ကျင့်ကြံအားထုတ်သော်လည်း ဤဘဝမှာ တရားမရ။ နောက်နောင်ဘဝအတွက် ပါရမီမျိုးစေ့ကလေးမျှသာ ရနိုင်သောသူ-တဲ့။ကဲ.... ဥပတိဿဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ''

''ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်မျိုးပေါ့ ဘဘရဲ့''

''မင်းတို့ ငါတို့ဟာ ဘယ်ပုဂ္ဂိုလ်အမျိုးအစား ဖြစ်နေကြသလဲ။ မင်း ထင်တာ ပြောစမ်း''

''ကျွန်တော့်အထင်တော့ နောက်ဆုံးတန်းက ဖြစ်နေမှာပါပဲ ဘဘရယ်''

"အေးပေါ့ကွ၊တို့တစ်တွေက 'ခံမှုသဘော၊ ဘယ်လို ပြောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်ဟပြုံးပြုံး၊ မော် မဆုံးဘဲ၊ နှလုံးမရွှင်၊ ပုထုဇဉ်တို့၊ ပျိုစဉ်ယုတ်မာ၊ အိုခါဆိုးရွား၊ လူမျိုးစား'ဆိုသလို ဖြစ်နေတယ် ထင်ပါရဲ့ကွာ။ 'အရိုးသာရင့်၊ ဉာဏ် မပွင့်'ပ ဘူး။ ကဲ....ဥပတိဿပရဗိုဇ်ဟာ ချက်ချင်းပဲ အရှင် အဿဇိ မထေရ်နဲ့အတူ မြတ်စွာဘုရားထံမှောက်လိုက်သွားလိုပေမယ့် သူငယ်ချင်း ကောလိတကို သတိရတာနဲ့ မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ ကိုသာ မေးလျှောက်ခဲ့ပြီးတော့ 'ကောလိတ'အား လိုက်ရှာရတယ်။ တစ်နေရာမှာ ကောလိတက ဥပတိဿအား စ,၍ မြင်တယ်၊ မြင်မြင် ချင်းပဲ ဥပတိဿကဏ္ဍေကို ကြည့်ပြီး တရားထူးရခဲ့ပြီဆိုတာ ပုံဖမ်းလိုက် မိတယ်"

"အင်း... ဥပတိဿ ပရဗိုဇ်ဟာ ယခင်ကနဲ့ တူတော့မယ် မဟုတ် ဘဲကိုးနော်"

"အေးကွာ။ ဥပတိဿက ကောလိတကို အကြောင်းမျိုးစုံ ပြန် ပြောတယ်။ အဲသည်နောက် မြတ်စွာဘုရား သီတင်း သုံးတော်မူရာ ဝေဠုဝန်ကျောင်းကို လိုက်ကြဖို့ တိုင်ပင်တယ်။ အဲသည်မှာ သူတို့နှစ်ဦး ရဲ့ တပည့် ငါးရာကိုလည်း တရားဟောပြပြီးတစ်ပါတည်း ခေါ်သွား ချင်ကြတယ်။ နောက်တစ်ခုက ဆရာဟောင်း ဖြစ်ခဲ့တဲ့ သိဉ္စည်းပရဗိုဇ် ကြီးကို သမ္မာဒိဋ္ဌိရအောင် ကျေးဇူးပြုပေးချင်တယ်။ ကြည့်စမ်းကွာ သူတို့နှစ်ဦးဟာ ဘယ်ကလောက် ဆရာ့ကောင်းပီသသလဲ။ ဘယ်လောက် တပည့်ကောင်း ပီသသလဲ"

"ဟုတ်ပါတယ်နော်။ တပည့်များ အပေါ်မှာလဲ ဆရာကောင်း ပီသပါပေရဲ့။ဆရာ့အပေါ်မှာလဲ တပည့်ကောင်း ပီသပါပေရဲ့"

"အဲသလိုနဲ့ ဆရာကြီးကို ဟောပြ သိမ်းသွင်းတော့ ဆရာကြီးက ငြင်းတယ်။ 'ရာဝင်'စဥ့်အိုးကြီး ဘဝကခေါင်းရွက် လင်ငင် 'အိုးလေး' မဖြစ်ချင်တော့ပါဘူးတဲ့"

"အဲဒါ လူ့သဘာဝ ငစ်စစ်ပဲ ဘဘရေ။ သူများအပေါ် ဆရာ လုပ်လာခဲ့တဲ့ လူတစ်ယောက်ဟာ သူများရဲ့ တပည့်အဖြစ် မခံချင်တော့ ဘူးလေ။ မှားမှားမှန်မှန် ကျားကျား မီးယပ် တစ်ဇွတ်ထိုး လုပ်တတ်ကြ တာပဲ"

"အဲဒါကြောင့် မန်လည် ဆရာတော် ဘုရားက 'ဉာဏ်ရှိယောကျ်ား၊ မှားလတ်သောခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့' လို့ ဆိုထားတာပေါ့။ သိဉ္စည်းဆရာကြီးက ဘယ်လိုပြောတယ်မှတ်သလဲ

'လောကမှာ လူမိုက်နဲ့ လူလိမ္မာ၊ လူမိုက်က အများဆုံးရှိနေပါတယ်တဲ့။ ဒါကြောင့် အများစုဖြစ်တဲ့ လူမိုက်တို့ရဲ့ ဆရာဘဝနဲ့ စားဝတ် နေရေးကို အကြံအဖန် လုပ်နေရစ်ခဲ့ပါတော့မယ်'တဲ့။ ဒါပေမယ့် ဥပတိဿတို့ရဲ့ တပည့်ပေါင်း ငါးရာသာမက သိဉ္စည်းဆရာကြီးရဲ့ တပည့် တွေပါ အားလုံးလိုက်ပါသွားကြတာနဲ့ ဆရာကြီးမှာ ဘုန်းမောင် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ရှာသတဲ့ကွယ်။ ကဲ....ဒီလိုနဲ့ ပဲ မြတ်စွာဘုရား ထံတော်မှောက် ရောက်ကြပြီး ရုန့်ရင်းသော ပရဗိုဇ် အသွင်သဏ္ဍာန်မှ ဆံမုတ်ဆိတ် ကျင်စွယ် ပယ်ပြီးသော ကြည်ညိုဖွယ်သော သာဝက ရဟန်းများ ဖြစ်လာကြပါတယ်။ အဲသည်နောက် အရှင် ဥပတိဿက မြတ်စွာဘုရား၏ လက်ယာရံ ဓမ္မ သေနာပတိ၊ သာရိပုတ္တရာဘွဲ့အမည်ဖြင့် ပညာတေဒဂ် ရတော်မူတယ်။ ကောလိတက လက်ဝဲရံ အဖြစ် တန်ခိုးဈာန်၊အဘိညာဉ် အရာမှာ တေဒဂ်ရတယ်တဲ့။ အရှင် မဟာမောဂ္ဂလာန် ကိုယ်တော်ကြီး ဖြစ်လာတယ်။ အခု ရဟန္တာကြီးတွေ ဖြစ်ကုန်ကြပြီ။ အရှင်သာရိပုတ္တရာရဲ့ မွေး ကျေးဇူးဆပ်ပုံအကြောင်း ဆက်ပြော ရမှာ ဖြစ်တယ်။ ငါ့ကို လက်ဖက်ရည်ကြမ်း တစ်ခွက်တော့ ပေးဦးမှ ပေါ့ကွာ''

မောင်လှအေးက သွက်လက်စွာ ထ၍ လက်ဖက်ရည်ကြမ်း စီစဉ်နေမှ ကျွန်တော့်မှာ တစ်အောင့်တစ်နား အပန်းဖြေရပါတော့သည်။

မကြာမီ လက်ဖက်ရည်ကြမ်းနှင့် မြေပဲကြော်ကလေးများ ရောက်လာသည်။ ဆားခပ်မြက်မြက်နှင့်မြေပဲကြော်ကို အရသာခံ၍ ငါးရင်း လက်ဖက်ရည်ကြမ်း တစ်ခွက်နှစ်ခွက်ကို ဖြည်းဖြည်းချင်း သောက်နေလိုက်သည်။ သို့ကလို နှစ်ယောက်သား သောက်၍ ပြီးကာမှ စကားစကို ပြန်ဆက်ရသည်။

''မြတ်စွာဘုရား သခင်က အရှင်သာရိပုတ္တရာကို ပညာအရာနဲ့ ပတ်သက်လို့ ဘယ်လောက် ချီးမြှောက် အားထားတော်မူသလဲဆိုရင် သာမန် ပုဂ္ဂိုလ်ဘို့ အသိခက်ပြီး နက်နဲ သိမ်မွေ့တဲ့ အဘိဓမ္မာ တရားတော်ကို တာဝတိံသာ နတ်ပြည်မှာ ဟောတော်မူတဲ့အတိုင်း အရှင်သာရိပုတ္တရာကိုပါ ဟောတော်မူတဲ့အကြောင်း မင်းကို ပြောပြပြီးပြီ ထင်ပါရဲ့''

''ဟုတ်ကဲ့ ဘဘ၊ ဟိမဝန္တာ အနောတတ္တအိုင်ကြီး အနီး စန္ဒကူးတောကြီး၌ ဟောတော်မူပါတယ်။ အရှင်သာရိပုတ္တရာ မထေရ်ကြီးကမှ တစ်ဆင့် တပည့် ရဟန်းပေါင်း ၅၀၀ကို အရှင်သာရိပုတ္တရာက ဟောတော်မူပါတယ်။ အဲသလိုနဲ့ အခြားသော သာဝကကြီးများထံ ပြန့်ပွားသွားရတယ်လို့ ကျွန်တော် ကြားဖူးထားပါတယ်''

"အေး....ဟုတ်တယ်၊ လက်ယာရံ ကိုယ်တော်ကြီးလဲ ဖြစ်တော့ မြတ်စွာဘုရား ဒေသစာရီ လှည့်လည် ကြွသွားတော်မူရာ အခါတိုင်း ရှင်သာရိပုတ္တရာဟာ ဘုရားကိုယ်တော်မြတ်ရဲ့ နောက်ပါးက အများအားဖြင့် ပါတော်မူပြီး သာသနာပြုတော် မူခဲ့ပါတယ်။ အဲသလိုနဲ့ပဲ မြတ်စွာဘုရားသခင် သက်တော် ခုနစ်ဆယ့်ကိုးနှစ်၊ ဝါတော် ၄၄ဝါ ပြည့်ပြီးတဲ့အခါ မဟာပရိနိဗ္ဗာန် ပြုတော်မူခါနီး ဖြစ်၍ ဝေဠုဝန္ဓာက ကြွလာပြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ နောက်ဆုံးသီတင်းသုံးတော်မူခြင်းဖြင့် သီတင်းသုံးနေပါတယ်။သည်အခါ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အဂ္ဂသာဝက နှစ်ပါးတို့သည် ဗုဒ္ဓပရိနိဗ္ဗာန် စံတော် မမူမီ ပရိနိဗ္ဗာန် ပြုရကြောင်း သိတော်မူတာနှင့် ဘုရားထံ လာရောက် ကန်တော့ပြီးလျှင် ယနေ့မှ (၇)ရက် အကြာတွင် မိမိ ပရိနိဗ္ဗာန် ပြုတော့မည့်အကြောင်း လျှောက်ထားပါသတဲ့။ ဗုဒ္ဓမြတ်စွာတို့ မည်သည် ထိုသို့သော လျှောက်ထားချက်မျိုးကို တားမြစ်တော်မူသည်လည်း မဟုတ်။ တိုက်တွန်းတော် မူသည်လည်း မဟုတ်။ပရိယာယ်စကားမျိုးဖြင့်သာ 'ချစ်သား အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုမည်နည်း' ဟု မေးတော်မူလေ့ ရှိတယ်။

ရှင်သာရိပုတ္တရာက 'ဥပတိဿရွာ' မိမိအား မွေးဖွားရာ မယ်တော် သာရီပုဏ္ဏေးမ တိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုပါမည် ဘုရားဟု လျှောက်ထားပါသတဲ့။အဲသည်မှာ အကြောင်း ရှိပါတယ်။ အရှင်သာရိပုတ္တရာမှာ ညီတော် သုံးပါးနှင့် ညီမတော် သုံးပါး ရှိခဲ့ပါတယ်။သူတို့က ဘယ်သူတွေလဲ ဆိုတော့ ညီတော် သုံးပါးက စုန္ဒ၊ ဥပသေန၊ ရေဝတတို့ ဖြစ်ပြီး၊ ညီမတော်သုံးပါးက စာလာ၊ ဥပစာလာ၊ သီသူပစာလာတို့ ဖြစ်ဘယ်။ အဲဒီ အချိန်မှာ သူ့ညီတော်၊ ညီမတော်များဟာ ရဟန္တာထေရာ၊ ထေရီများ အသီးသီး ဖြစ်ကုန်ကြပြီ။ ဖခင် ဝင်္ဂန္တပုဏ္ဏားသေဌေးကြီးလည်း ကွယ်လွန်သွားတာ ကြာခဲ့ပြီ။ အဲဒီတော့ အသက်အရွယ် အိုလှပြီ ဖြစ်တဲ့ မယ်တော်ကြီးဟာ အထီးကျန် ဘဝ ဖြစ်နေရှာတယ်။တူ ဖြစ်သူ 'ဥပရေတဝ'တစ်ယောက်သာ ဆေးပေးမီးယူ ပြုစုကျွေးမွေးသူ ဖြစ်နေရတယ်။

ပစ္စည်းဥစ္စာ ပေါများတာတော့ မှန်ပါရဲ့။ သားထောက်သမီးခံ နီးနီးကပ်ကပ် လက်ကတုံးတောင်ဝှေးပြုရမည့်သူ သူတစ်ဦး တစ်ယောက်မျှ မရှိတော့တဲ့ အတွက် အလွန်တရာ စိတ်အားငယ်ပြီး ကိုးကွယ်ရာမဲ့ နေရှာဘယ်။ တရားဓမ္မကို နှလုံးသွင်း၍ 'ဓမ္မရတိ' တရားနှင့် မွေ့လျော်နေဖို့ ဆိုတာလဲ ဗုဒ္ဓဝါဒီ မဟုတ်ရှာသေး။ ဗုဒ္ဓ သာသနာမှာ

မခိုလှုံနိုင်ရှာသေး။ ဗုဒ္ဓ ကိုယ်တော်မြတ်ကို သက်ဝင် ယုံကြည်မှု မရှိရှာသေး။ မျိုးရိုးအလိုက် အစဉ်အဆက် ကိုးကွယ်နေတာက 'မဟာသာလ' ပြဟ္မဏတို့၏ ထာဝရ ဘုရားအမည်ခံ မဟာပြဟ္မာကြီးသာ ဖြစ်တယ်။ တစ်ကမ္ဘာပြီး တစ်ကမ္ဘာ 'ချင့်'အောင် အသက်ရှည်စွာ 'နိစ္စဓုဝ'တည်မြဲနေတဲ့ မဟာပြဟ္မာကြီးနှင့် စာလျှင် ဗုဒ္ဓကိုယ်တော်ဆိုတာက အသေးအမွှားကလေး။ မဟာပြဟ္မာကြီးက မွေးထုတ်လိုက်တဲ့ အမျိုးလေးပါးမှာ ခတ္တိယ အမျိုးအနွယ်ဆိုတာက ဒုတိယတန်းစားလောက် ရှိသေးတယ်။ ဗုဒ္ဓမြတ်စွာကိုယ်တိုင် ခတ္တိယသကျသာကီဝင်မျှသာ မဟုတ်လား။ ဒီတော့ အထင်သေးကြတာပေါ့''

''မြတ်စွာဘုရားက ချွတ်လွဲ ဆုံးမတရား ပြတော်မူခဲ့ရတဲ့ 'ဗက' ပြဟ္မာကြီးလို ပုဂ္ဂိုလ်ဖြစ်လိမ့်မယ် ထင်တယ်နော် ဘဘ''

''ဟုတ်ပါလိမ့်မယ်။ ဗကပြဟ္မာကြီးလို အသေချေ်ယျကပ် တစ်ကပ်လုံး အသက်တည်မြဲနေတဲ့ ပြဟ္မာကြီးတွေလဲရှိတယ်လို့ ကျမ်းဂန်များမှာ တွေ့ရဖူးပါတယ်''

''မယ်တော် သာရီပုဏ္ဏေးမကြီးဟာ သနားစရာပါနော်''

''သ နား စ ရာကောင်းတာ အလွန်ပေါ့ကွယ်။ ''ဥပတိဿသတို့သား''အဖြစ်က ပရဗိုဇ်ရဟန်း ပြုမယ်လို့အိမ်ကထွက်ခါနီးမယ်တော်ကြီးဟာ ရင်ကွဲပက်လက်နဲ့ ငိုယို တားမြစ်တာတွေကို အရှင် သာရိပုတ္တရာမထေရ်ကြီးက ပြန်၍ မြင်ယောင်လာတယ်။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က လူဖြစ်အောင် မွေးလာခဲ့ရတဲ့ ကျေးဇူးတွေ၊အချိန်တန် အရွယ်ရောက်လို့ လူလားမြောက်တဲ့ အချိန်မှာ မင်းစည်းစိမ်တမျှ လိုတ တိုင်းရအောင် ရွှေပေါ်မြှတင်ထားခဲ့တာတွေ၊ လောကီပညာမှန်သမျှ ဆရာပေါင်းစုံနှင့် သင်ပြပေးခဲ့တာတွေ။ အဲဒီကျေးဇူးတွေကို တွေးလိုက်တော့ ယခုနေအခါများ ဘဝတစ်ပါး ပြောင်းရွှေ့ ကွယ်လွန်သွားမည်ဆိုလျှင် 'တေဘူမကသံသရာ' နယ်အတွင်းမှာ ဩဃလေးတန်ဖြင့် အဖန်ဖန်ကျင်လည်နေရဦးမှာကို တွေးမိတာက ပို၍ပို၍ သနားစရာ ဖြစ်နေတယ်။ ဒါကြောင့် မိမိ ကိုယ်တိုင်(၇)ရက်မျှသာ အသက်နှင့် ခန္ဓာ ရှိနေမှာမို့ အမေ့ကျေးဇူးကိုအချိန်မီပေးဆပ်နိုင်ဖို့ကအလွန်အရေးကြီးနေပါတယ်''

''ဘဘ ပြောခဲ့တဲ့ ဓမ္မဒေသနာဖြင့် ကျေးဇူးဆပ်တာဟာ အမွန်မြတ်ဆုံးပေါ့နော်''

''သားကြီး အရှင်သာရိပုတ္တရာက လွဲရင် ကယ်မည့်သူမရှိရှာတော့ပါဘူး''

ဒါကြောင့် မြတ်စွာဘုရားထံ မယ်တော်တိုက်ခန်း ပြန်ပြီး ပရိနိဗ္ဗာန်ပြုပါမယ်ဘုရားလို့ လျှောက်ထား ခွင့်ပန်ခဲ့တာပေါ့။ အဲသည့်နေရာမှာ မင်းတိုင်ဝါတို့လို ပုထုဇဉ်အနေမျိုးနဲ့သာဆိုလျှင် နှလုံးကြည်ကွဲဝမ်းနည်းစရာ စကားမျိုးနဲ့ မြတ်စွာဘုရားအား ရှင်သာရိ ပုတ္တရာက နောက်ဆုံး နှုတ်ဆက် လျှောက်ထားပါသတဲ့။ ဘယ်လိုလဲဆိုတော့-

''ကျေးဇူးငါးပုံ၊ ကောင်းခြင်းဂုဏ်ဖြင့်၊ ပြည့်စုံထင်ရှား၊ ရှင်တော်မြတ်ဘုရား။ ဘုရားဘပည့်တော်သည် ရှေးလွန်လေပြီးသော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလက အရှင်ဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝကဖြစ်ရပါစေကြောင်း ဆုတောင်း မိဋ္ဌာန် ကျင့်ကြံ အားထုတ်ခဲ့ရပါသည် ဘုရား။ ဘဝများစွာ 'အနေကာ' တို့တွင်လည်း အရှင်ဘုရားနှင့် တွေ့ကြုံဆုံကွဲ တွဲရသည့်အခါလဲ ရှိပါသည်ဘုရား၊ ခွဲရသည်အခါလဲ ရှိပါသည် ဘုရား။ အခု အန္တိမ မျက်မှောက် ဘဝတွင်မှ ရှင်တော်မြတ်ဘုရားအား ထက်ကြပ်မကွေ အမြဲနေ၍ ရွှေမျက်နှာတော်ကို အားရပါးရ ဖူးမြော်နေရပါသည် ဘုရား။

ယခု ဘဝသည် အရှင်ဘုရား အဖို့သော် လည်းကောင်း၊ တပည့်တော် အဖို့သော် လည်းကောင်း၊ ပစ္ဆိမဘဝိက နောက်ဆုံး ဘဝသာဖြစ်ပါဘော့သည် ဘုရား။ အရှင်ဘုရားအား နောက်ထပ်ဘင်ဖန် ဖူးတွေ့နိုင်ရန် ဘဝတစ်ပါး အခြားမရှိတော့ပြီ ဘုရား။

ထို့ကြောင့်ရကား ကျေးဇူးတော် အရှင် သခင်ဘုရားကို ယခု ဖူးမြော်ရခြင်းမှာ နောက်ဆုံး ဖူးမြော်ခြင်းသာ စင်စစ်ကေန် အမှန်ဖြစ်ရပါတော့သည် ဘုရား''

''အဲသလို လျှောက်ထားတဲ့ပြီး ဘုရားကိုယ်တော်မြတ်၏ ပဒုမ္မာကြာင်ံ သဏ္ဌာန်ရှိသော ရွှေအဆင်းဖြင့် ဝင်းဝါနေတဲ့ ခြေဖမိုး အစုံကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်၍ နဖူးနှင့် ထိတိုးငပ်လျှိုးလျက် ရှိခိုးသော အခါ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာများမှ လွဲလျှင် သောတာပန် မထေရ်တို့တောင် ရွှေမျက်ရည် စို့ရပါသတဲ့ကွယ်''

''ဝမ်းနည်းစရာကြီးကိုး ဘဘရဲ့''

''အဲသလိုနဲ့ပဲ မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း တန်ခိုး ပြာဋိဟာပြ၍ နောက်ဆုံးတရား ဟောခြင်းဖြင့် လူပရိသတ်၊ ရဟန်း ပရိသတ်တို့အား တရားဟောပြ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'ဟု ဆုံးမတော် မူခဲ့ပါ

သေးတယ်။ အဲ့သည်နောက် ညီတော် စုန္ဒမထေရ် အဖါအဝင် တပည့်ရင်း ရဟန်းသာဝက ငါးရာနှင့် သာဝတ္ထိပြည်မှသည် ဥပတိဿရွာအရောက် ကြွခဲ့ပါသတဲ့။ ရွာရောက်တော့ ရွာတံခါးဝမှာ ငံ့လင့်တော်မူပါတယ်။ အရှင်သာရိပုတ္တရာရဲ့ ညီဝမ်းကွဲ၊ မယ်တော်ကြီး၏ တူတော်မောင် ဖြစ်တဲ့ 'ဥပရေဝတ' က ဆီးကြို တွေ့ဆုံလာတာနှင့် မယ်တော်ကြီးထံ အရန် ငါးရာသော ရဟန်းများ သီတင်းသုံး နေဆိုင်ရန် နေရာတို့ကိုသော် လည်းကောင်း၊မိမိကိုယ်တော်တိုင် သီတင်းသုံးရန် မိမိအားမွေးဖွားခဲ့ရာ မယ်တော်၏ တိုက်ခန်းကိုသော်လည်းကောင်း ခင်းကျင်းစီမံထားနှင့်ဖို့ အကြောင်းကြားလိုက်ပါသတဲ့။ စဉ်းစား ကြည့်စမ်းပါမောင်လှအေးရယ်။ ဒီအချိန်မှာ မယ်တော်ကြီး ရူပသာရီ ပုဏ္ဏေးမကြီးဟာ အသက်(၇၀)က ကျော်လောက်ပြီ။ ဆံဖြူ သွားကျိုး၊ပါးရေ နားရေတွေက တွန့်လှပြီ။ မျက်စိမှုန်ခြင်း၊ နားထိုင်း၊ခါးကိုင်း အိုမင်းမစွမ်းဇရာဒုဗ္ဗလ အရွယ်ကကျခဲ့ပြီ။

သို့ပေမယ့် နှစ်ပေါင်းများစွာ ကွဲကွာနေရတဲ့ သားကြီးဩရသကိုယ်တော်ကို မြင်လိုက်ရတဲ့ အခါ ပျောက်ဆုံးပြီးသော ပတ္တမြားရတနာကို ပြန်၍ တွေ့လိုက်ရသလို မျက်စိ နှစ်ကွင်း အလင်း မရခဲ့ရှာသောဒုက္ခ ဝေဒနာရှင်သည် ဒိဗ္ဗစက္ခု နတ်မျက်စိကို ရလိုက်ဘိသကဲ့သို့ လည်းကောင်း။ 'ဝမ်းနည်းဝမ်းသာ' ဘယ်လောက် ဖြစ်ရှာလိုက်မလဲ။ ဧရာမတိုက်ကြီးမှာ အထီးကျန် တစ်ကိုယ်ချင်းသေမင်းကို စောင့်နေရတဲ့အခါဖြစ်နေပြီ။ သေခါနီး ဆဲဆဲ သားမျက်စိ လည်ရွဲကို ဒီအာစ်ခါဖြင့်မခွဲတော့ဟု စိတ်ထဲမှာ ပိုက်မိလေတယ်။

သားရဲ့ ရဟန်း ငါးရာတို့အတွက် သီတင်းသုံးရန် တိုက်ခန်းအသီးသီးမှာ စီမံနေရာ ချထားပေးပါတယ်။ အရှင် သာရိပုတ္တရာလည်း မိမိအခန်းမှာနေသား ထိုင်သား ကျလို့ ညအချိန် ရောက်လျှင်ပဲ ကြမ်းတမ်း ကြောက်မက်ဖွယ် သွေးအန်သော ဝေဒနာ ဖြစ်ပေါ် လာပါတယ်။ညီတော် စုန္ဒ မထေရ်မှာ ခွက်ကြီးခွက်ငယ်ဖြင့် အလှယ်လှယ်ခံ၍ သွန်ရရှာတယ်။ ရှင်သာရိပုတ္တရာ မထေရ်ကြီးဟာ ဝေဒနာကို အာရုံမပြုဘဲ သည်းခံပေမယ့် တက်ဆန်လာသော လေကြောင့် ရေပွက် မှုတ်သလို တရှုံ့ရှုံ့ ပျို့အန်နေရပါတယ်။ အဲဒီအခါ မယ်တော်ကြီးဟာ ထိတ်ထိတ် ပျာပျာ ဖြစ်နေပါတယ်။ မမြင်ရက်၊ မရှုဝံ့လို့ အခန်းတံခါးဝကိုမှီပြီး ရင်ဘတ် စည်တီး ငိုနေရှာပါတယ်။ နှစ်ပေါင်းရှည်စွာ မရောက်မလာလို့ အမျှော်ကြီး မျှော်ခဲ့ရတယ်။ မခေါ်ပင့်ချေ။ ယခုလို ရောက်လာပြန်တော့လည်း ဘဝရဲ့ နောက်ဆုံး ခရီးကို အပြီးတိုင် ခွဲခွာသွားဖို့

အတွက် နှုတ်ဆက်ဖို့ ရောက်လာ လေရော့သလား။ ဤသို့ အောက်မေ့လျက် မိခင်ကြီးမှာ 'သည်းအူပြတ်မျှ' ခံစားနေရရှာပါတယ်။

သည်အခိုက် စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ ရောက်လာပြီး သာရိပုတ္တရာ ကိုယ်တော်ကြီး၏ ခြေတော်အစုံကို ဆုပ်နယ်ဝတ်ပြု နေကြပါတယ်။ ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာနှင့် ရောက်လာပြုစုကြတဲ့ နတ်ဒေဝတာများကို ရင်သပ်ရှုမော အံ့ဩတုန်လှုပ်စွာ မြင်ရတော့ မယ်တော်ကြီးက သားတော် စုန္ဒမထေရ်ကို မေးတယ်။ စုန္ဒမထေရ်က 'စတုမဟာရာဇ်' နတ်မင်းကြီးတို့ ဖြစ်ကြောင်း ပြောတဲ့အခါ မယ်တော်ကြီးမှာ အလွန်တရာ အံ့ဩပြီး 'ငါ့သားက တော်ရုံတန်ရုံ ဘုန်းတန်ခိုး ကြီးမားသူ မဟုတ်။ စတုမဟာရာဇ် နတ်တို့ကပင် ရှိခိုးဦးခိုက်ဝတ်ပြုကြခြင်းကို ခံသိုက်သူ ဖြစ်နေပါပကော'ဟု အံ့ဩ ကျေနပ် နေပါသတဲ့။

စတု မဟာရာဇ်နတ်တို့ ပြန်သွားတဲ့ အခါ သိကြားမင်း သုယာမနတ်မင်း၊ စုဋ္ဌရထနတ်မင်းတို့ အသီးသီး လာရောက်၍ ခြေဆုပ်လက်နယ် ပြုကြပြန်တယ်။မယ်တော်ကြီးကလည်း စုန္ဒမထေရ်ကိုမေးမြန်းစုံစမ်းပါတယ်။ သိကြားမင်းနှင့်တကွ တန်ခိုးကြီးသော နတ်မင်းကြီးတို့ ဖြစ်ကြောင်း သိရတဲ့အခါ မယ်တော်ကြီးမှာ ရှေးနည်းအတိုင်း 'သားရဟန္တာရဲ့ ဂုဏ်ကျေးဇူး'ကို အောက်မေ့ ကြည်ညိုလိုက်ရပါသတဲ့။

နောက်ဆုံး ရောက်လာသူကတော့ ဗြဟ္မာမင်းကြီး ဖြစ်နေပါတယ်။ ဗြဟ္မာမင်းဆိုတာက ဗြဟ္မဏအနွယ်တို့၏ ကိုးကွယ်ရာ မဟုတ်လား။ အဲဒီတော့ သာရိပုတ္တေးမကြီးဟာ စုန္ဒမထေရ်နဲ့ အတူ သားတော်ကြီး အပါး လျှောက်ထား မေးမြန်းရအောင် ချဉ်းကပ် သွားပါတယ်။ အရှင်သာရိပုတ္တရာက 'အချိန်ကာလ မဟုတ်ဘဲ အဘယ့်ကြောင့်လာရသလဲ'လို့ မယ်တော်ကြီးကို မေးတယ်။ မယ်တော်ကြီးဟာ သားထံကို သူနာပြု လာကြတဲ့ နတ်ဒေဝတာများ အကြောင်းကို မေးမြန်းလို၍ လာပါဘယ်လို့ လျှောက်တယ်။ ထို့နောက်....

"ချစ်သား။ ကိုယ်အရောင်အဝါ တင့်တယ်စွာဖြင့် ရှေးဦးစွာလာသော သူတို့သည် အဘယ်သူတို့နည်း"ဟု မေးတယ်။

"ဒကာမကြီး စတုမဟာရာဇ် နတ်မင်းကြီးတို့ ဖြစ်တယ်"

"ချစ်သားသည် ထိုနတ်မင်းကြီး လေးပါးတို့ထက် ကြီးမြတ်သလော"

''ဒကာမကြီး၊ထိုနတ်မင်းကြီးလေးယောက်တို့သည်အရံအစောင့်နှင့်သာ တူ၏။ ငါတို့ဆရာ မြတ်စွာ ဘုရား ပဋိသန္ဓေ ယူသည်မှစ၍ သန်လျက်စွဲလျက် စောင့်ရကုန်သည်။ ပဉ္စသာဝကတို့ကိုလည်းထိုနည်းတူ စောင့်ရကုန်သည်''

''ချစ်သား၊ ထို့နောက် ရောက်လာသူကား အဘယ်သူနည်း''

''မယ်တော်၊ နတ်တို့ကို အစိုးရသော သိကြားမင်းပင်တည်း''

''ချစ်သားသည် ထို သိကြားထက်လည်းကြီးမြတ်သလော''

''မိခင်....၎င်း သိကြားမင်းသည် သပိတ်၊ သက်န်းကို ဆောင်ယူသော လူသာမဏေငယ်နှင့်သာ တူ၏။ ငါတို့ဆရာ မြတ်စွာဘုရား တာဝတိံသာမှ သက်သောအခါ သပိတ်၊ သက်န်းကို ဆောင်ယူကာလိုက်ရ၏''

''ချစ်သား....ထို့နောက် ပြောင်ပြောင် တောက်သော ကိုယ်အလျှံဝါဖြင့် လာ၍ ခစားလတ်သည်ကား အဘယ်သူနည်း''

''ဒကာမကြီး၊ ဒကာမကြီးတို့၏ ကိုးကွယ်သောဆရာ၊ ဘုန်းအာနုဘော်ကြီးစွာသော ဗြဟ္မာမင်းတို့တည်း''

''ချစ်သား....သင်ချစ်သားသည် ငါတို့ဆရာ ဗြဟ္မာကြီးတို့ထက်လည်း ကြီးမြတ်သလော''

''ဒကာမကြီး၊ ထိုဗြဟ္မာကြီးသည် ငါတို့ဆရာ မြတ်စွာဘုရားဖွားတော်မူသည့်နေ့မှာပင် ရတနာရွှေကွန်ရက်ဖြင့် ခံကြရကုန်သည်။ ဥပါသကာ-ပရိသတ်ကဲ့သို့သာ ဖြစ်ကုန်သည်''

အဲဒီအခါမှာ ရူပသာရီမယ်တော်ဟာ ''ငါ့သားသည် ဘုန်းတန်ခိုး ကြီးမားလွန်းလှပါပေတယ်။ ငါတို့ ကိုးကွယ်ရာဖြစ်သောဗြဟ္မာကြီးကပင် လာရောက် ပြုစု ခစားရတယ်။ ငါ့သား၏ဆရာ ဖြစ်သောရှင်တော် ဂေါတမဆိုလျှင်ကား အဘယ်ဆိုဖွယ်ရာ ရှိဘော့မလဲ''ဟု သဒ္ဓါပီတိတို့ တဖွားဖွား ပေါ်နေပါတော့တယ်။ ထိုအခါ ရှင်သာရိပုတ္တရာလည်း''ငါ၏မယ်တော်ကား များစွာသော နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပြီ။ ယခုအခါ၌ တရားဟောခြင်းငှာသင့်ပြီ''ဟု ကြံပြီးလျှင် 'မိခင် အဘယ်သို့ နှလုံးထားသနည်း'ဟုမေးလေတယ်။ ထိုအခါ မိခင်ကြီးက 'ငါ့သား၏ ဂုဏ်ကျေးဇူးကို ရှေးဦးစွာ မိခင် အောက်မေ့ပြီးမှ ငါ့သား၏ ဆရာဆိုလျှင် ဘယ်ဆိုဖွယ်ရာ ရှိတော့မည်လဲဟု နှစ်သက် ဝမ်းမြောက်အောက်မေ့နေပါတယ်'လို့ လျှောက်သတဲ့ကွယ်။

''မယ်တော် ငါ၏ဆရာ မြတ်စွာဘုရားသည် ဖွားတော်မူသော အခါ၌ လည်းကောင်း၊ တောထွက်တော်မူသောအခါ၌လည်းကောင်း၊ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူသောအခါ၌ လည်းကောင်း၊ ဓမ္မစကြာ ဟောတော်မူသောအခါ၌ လည်းကောင်း တစ်သောင်းသော လောကဓာတ်တို့ ပဲ့တင်ထပ်မျှ တုန်လှုပ်သည်။ သီလ၊ ပညာ၊ သမာဓိ အရာ၌ လည်းကောင်း၊ အရဟတ္တမဂ်ဖိုလ်စိတ်၌ လည်းကောင်း၊ ဉာဏ် အမြင်၌ လည်းကောင်း ဘုရားသခင်နှင့် တူသူ မရှိပြီ။ ဣတိပိသော ဘဂဝါ အရဟံ-အစရှိသည့် ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူ၏'လို့....

ရှင်သာရိပုတ္တရာက မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဖွင့်ဆိုဟောပြ နားချတော်မူပါသတဲ့ကွယ်။ အဲသလို မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို သိရတဲ့ မယ်တော်ကြီးဟာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းပြီး သောတာပန် ဖြစ်သွားပါသတဲ့။ အဲဒီတော့မှ သာရိပုတ္တရာမထေရ်ကြီးဟာ 'မယ်တော်၏ နို့ဖိုးမွေးကျေးဇူးကို ဆပ်လိုက်ရပြီတကား'လို့ ဝမ်းမြောက် ကျေနပ်တော်မူပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ညီတော် စုန္ဒမထေရ်ကိုခေါ်၍သံဃာတော်တို့ကို အခေါ်အပင့် ခိုင်းလိုက်ပါတယ်။ သံဃာတော်တို့ အားလုံးလည်း တိတ်ဆိတ်ငြိမ်သက်စွာ စုဝေးရောက်လာပြီး မိမိတို့၏ ဆရာကို ရှိခိုးကန်တော့ ခစားနေကြပါတယ်။ ဒီတော့မှ အရှင်သာရိပုတ္တရာက မိမိအား ထူမပေးရန် ပြောပါသတဲ့။ ညီတော် စုန္ဒမထေရ် ကလည်း ကြင်နာယုယစွာ ထူမ ပေးလိုက်ရပါတယ်။ ဒီတော့မှ အရှင်မြတ်ကြီးဟာ စုန္ဒမထေရ်၏ ရင်ခွင်ကိုမှီရင်း သံဃာတော်တို့အား ဤသို့ မိန့်တော်မူပါတယ်။

''ငါ့ရှင်တို့၊ ငါသည် လေးဆယ့်လေးနှစ်တို့ပတ်လုံး သင်တို့နှင့် အတူတကွ သွားလာကြသည်။ ထိုမျှလောက်သောအခါ၌ ငါ၏ ကာယကံကြောင့်ဖြစ်သော အမှုအရာကိုလည်းကောင်း၊ ဝစီကံကြောင့် ဖြစ်သော အမှုအရာကို လည်းကောင်း၊ သင်တို့ မနှစ်သက်ရှိကုန်အံ့။ ထိုအမှုကို သည်းခံကြပါကုန်လော့'ဟု မိန့်တော်မူတယ်။

တပည့် သံဃာများကလည်း....

''အရှင်ဘုရား....ဤမျှလောက်သော ကာလပတ်လုံး အရှင်၌ ကျွန်ုပ်တို့ မနှစ်သက်ဖွယ် မည်သည် မရှိ။ အရှင်ဘုရားကသာ တပည့်တော်တို့အပေါ် သည်းခံတော်မူပါ။ ကံ့သုံးပါးဖြင့် ကန်တော့ပါသည် ဘုရား''လို့ ယူကျုံးမရတသဝမ်းနည်းစွာလျှောက်တင်ကြပါသတဲ့ကွယ်။

အရှင်သာရိပုတ္တရာလည်း တန်ဆောင်မုန်းလပြည့်နေ့ည ပစ္ဆိမယာမ်အချိန်တွင် မယ်တော့် အိမ်တိုက်ခန်းမှာ 'ခေါမ' သင်္ကန်းကိုရုံတော်မူ၍ လက်ယာနံပါးဖြင့် လျောင်းလျက် ဈာန်သမာပတ်၊ ဖလသမာပတ်တို့ကို မပြတ် ဝင်စားတော်မူလျက် စတုတ္ထဈာန်၏ အထွတ်၌ ဤမြေကို ပဲ့တင်ထပ်စေလျက် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူပါသတဲ့ကွယ်''



# မွေးကျေးဇူးကို တော်လှန်သူ

"ဘဘ"

"ဆိုစမ်း မောင်လှအေး"

"လက်ယာရံ ဓမ္မသေနာပတိ အရှင်သာရိ ပုတ္တရာကြီးကတော့ ပရိနိဗ္ဗာန် စံယူခါနီး မိခင်ကြီးကို သောတာပန် အရိယာ ဖြစ်အောင် "မွေးကျေးဇူး" ဆပ်တော်မူခဲ့တယ်။ လက်ဝဲရံ ဖြစ်တော်မူတဲ့ အရှင် မဟာမောဂ္ဂလာန်ကြီးကတော့ အရှင်သာရိ ပုတ္တရာလို မိခင်ရဲ့ မွေးကျေးဇူး ဆပ်ခဲ့သေးသလားလို့။"

"အင်း....မင်းကတော့ သံသရာ အဆက်ဆက်က ဆုံးတူ ကောင်းဖက် ဆက်ဆံ ပေါင်းသင်းလာကြတဲ့ သူငယ်ချင်း နှစ်ယောက် ဖြစ်တာမို့ တစ်ယောက်နည်းတူ တစ်ယောက်က ပြုမူနိုင်လိမ့်မယ်လို့ ယုံကြည် မျှော်လင့်ဟန် တူပါရဲ့။ မင်း....မေးလိုက်တဲ့ စကားကြောင့် ယူကျုံးမရ စရာတွေ တ,သ' အောက်မေ့မိလိုက်တယ်ကွယ်။ တစ်သင်္ချေနဲ့ ကမ္ဘာ တစ်သိန်း ကာလပတ်လုံး အတူတူ ဆုတောင်းပြီး အတူတူ ကျင့်ကြံလာခဲ့ကြတဲ့ သူငယ်ချင်းနှစ်ယောက်။ တစ်ယောက်က မွေးကျေးဇူးကို ကောင်းစွာ ဆပ်ပြီးမှ ပရိနိဗ္ဗာန် ပြုတော်မူရတယ်။ တစ်ယောက်ကတော့ မွေးကျေးဇူးကို တော်လှန် ပစ်မှား စော်ကား ရက်စက်ခဲ့တဲ့ တစ်ခုသော

ဘဝက 'အပရာ ပရိယက်'ကြောင့် ဖွတ်ဖွတ်ညက်ညက် ကြေအောင် အရိုက်အနှက် ခံရပြီးမှ ပရိနိဗ္ဗာန် ပြုတော်မူရရှာတယ်ကွယ်''

''အို.... ဖြစ်မှ ဖြစ်ရလေ ဘဘရယ်။ လူ့ဘဝတုန်းကလဲ အဆင့်အတန်းတူ၊ ဉာဏ်ပညာ အရည်အချင်းကလဲတူ၊ မေတ္တာစေတနာကလဲ ချစ်ရည်တူ။ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ အဂ္ဂသာဝက ရာထူးကြီး ရပြန်တော့လဲ လက်ဝဲရံ၊ လက်ယာရံ ဖြစ်တော်မူခဲ့ကြရတာနော် ဘဘ''

''ဟုတ်ပါတယ် မောင်လှအေးရယ်။ အရှင်၂ပါးကိုအဂ္ဂသာဝက အရာပေးတော်မူတုန်းက ပုထုဇဉ် ရဟန်းတော်များ သံသယ အကုသိုလ်ဖြစ်ရအောင် ဟောတော်မူရသေးတယ်။ အဂ္ဂသာဝကအရာ ချီးမြှင့်မြှောက်စားတော်မူရတာဟာ လွန်ခဲ့သော တစ်သင်္ချေ ကမ္ဘာတစ်သိန်းက 'အနောမဒဿီ'မြတ်စွာဘုရား အထံတော်မှ 'နိယတ' ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ကြရသည့်အတွက် သူတို့ နှစ်ဦးရဲ့ ပါရမီ သမ္ဘာရအလျောက် ချီး မြှောက် ရ ကြောင်း (မျက်နှာလိုက်၍ ပေးတော်မူခဲ့သည် မဟုတ်ကြောင်း) မိန့်မြွက်တော်မူရပါတယ်။ 'အဂ္ဂသာဝက'ဆိုတဲ့ အဓိပ္ပာယ်က တပည့် သာဝကတို့ ရှိသမျှအထဲတွင် အဂ္ဂ အသာလွန်ဆုံး၊ အမြင့်ဆုံးဆိုတဲ့ ဘွဲ့ထူးကြီးပေကိုး မောင်လှအေးရဲ့။ မြတ်စွာဘုရား ကိုယ်တော်မြတ်က အဲသလို ရှင်းလင်း ဟောပြောတော် မူလျက်နှင့် အရှင်ဒေဝဒတ်တို့များ မလိုတမာ ကြွဿမစ္ဆေရ အငြိုးကြီးတောင် ထားလိုက်ပါသေးတယ်။ ဒီ ရာထူးကြီးကို ပေးချင်း ပေးလျှင် သူ့ကိုသာ ပေးထိုက်တယ်ပေါ့။ သူက သကျသာကီဝင် အစစ်။ မြတ်စွာဘုရား၏ ညီတော်တစ်ဝမ်းကွဲ။ ယသော်ဓရာဒေဝီရဲ့ မောင်တော် အရင်းဖြစ်လို့ မြတ်စွာဘုရား၏ ယောက်ဖတော် စစ်စစ်။ နောက်ပြီး မြတ်စွာဘုရားကို နောက်တော်ပါးက ပြုစု လုပ်ကျွေးရအောင် မင်း စည်းစိမ်တွေကို စွန့်ပြီး ရဟန်းလိုက်ဝတ်ကြတဲ့ မင်းသားညီနောင် ခြောက်ယောက်မှာ တစ်ယောက် အပါအဝင်။ ဒါကြောင့် ပေးချင်း ပေးရင် သူ့သာ ပေးထိုက်တယ်။ ဖိတ်ချင်း ဖိတ်ရင် ကိုယ့်အိတ်ထဲ ဖိတ်ရမယ်ပေါ့''

''အင်း....သာဝက အချင်းချင်းလဲ မနာလိုစိတ်ရှိကြတာပဲနော်။ ကြောက်စရာ ကောင်းလိုက်တာ''

''သံဝေဂယူစရာပေါ့ကွယ်။ ဒေဝဒတ်ဟာ လောကုတ္တရာ တရားမရသေးဘူး။ ဒီတော့ သုပ္ပဋိပန္နဂုဏ်၊ ဥဇုပဋိပန္နဂုဏ်၊ ဉာယပဋိပန္နဂုဏ်၊ သာမီစိပဋိပန္နဂုဏ်တော်တို့နှင့် မပြည့်စုံလို့ နေမှာပေါ့။ သူ တွေးသလိုသာ တွေးရမယ်ဆိုရင် ပဉ္စဝဂ္ဂီတို့ရဲ့အကြီးအမှူးဖြစ်တဲ့ အရှင်ကောဏ္ဍညမထေရ်ကြီးဆို ဘယ့်နှယ် လုပ်မတုံး။ မင်း ကြည့်စမ်း။ ဗုဒ္ဓသာသနာ

တော်၌ အစ ပထမဦးစွာ ရဟန္တာဖြစ်ရတဲ့ ပုဂ္ဂိုလ်ကြီး။ တရားဦး ဓမ္မစကြာ ဟောတော်မူတဲ့အခါမှာ ရှေးဦးစွာ (အရင်ဆုံး) နားလည်သဘောပေါက်သွားသူဖြစ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင်က....

''အညာသိဝတဘော ကောဏ္ဍညော၊ အညာသိဝတဘော ကောဏ္ဍညော''လို့ နှစ်ခွန်းထပ်ဆင့် ဝမ်းမြောက်ကျေနပ်သောဥဒါန်းတော်ကို ကျူးရင့်တော်မူခဲ့ပါသတဲ့''

''အဲဒီစကားအဓိပ္ပာယ်ကို သိချင်လိုက်တာ ဘဘရယ်''

''ဘော-အိုအချင်းတို့။ ဝတ-စင်စစ် အားဖြင့် 'တကယ်ကို'၊ ကောဏ္ဍညော-ကောဏ္ဍညသည်၊ အညာသိ-သစ္စာ လေးပါး တရားတော်ကို သိလေပြီတဲ့။ အဲသလို မြတ်ဘုရား၏ နှစ်ခြိုက် အားရစွာ ဥဒါန်းမိန့်မှုကို ခံယူရတဲ့အတွက် မူလ 'ကောဏ္ဍည'ဆိုတဲ့ ဘွဲ့ နာမတော်ရှေ့က 'အညာသိ'ဆိုတဲ့ ဘွဲ့ကို ထင်တိုး၍ 'အညာသိကောဏ္ဍညော'ရှေးဦး=စွာ တရားရသူ ကောဏ္ဍညလို့ ထင်ရှားခဲ့ပါသတဲ့။ အဲဒီတော့မနိုင်းကောင်း မယှဉ်ကောင်း နှိုင်းယှဉ်ကြည့်ရရင် (ဒေဝဒတ်စိတ်မျိုးနဲ့ဆိုရင်ပေါ့ကွာ) အရှင်ကောဏ္ဍညမထေရ်ကြီးဟာ ဝမ်းနည်းစရာ မကောင်းဘူးလားကွာ''

''ဝမ်းနည်းစရာကြီးပေါ့ ဘဘရယ်။ ဘယ့်နှယ် ရှေးဦးစွာ တရားသိသူ၊ ရှေးဦးစွာ ရဟန္တာဖြစ်သူ ပုဂ္ဂိုလ်ကြီး မဟုတ်လား''

''အေး....အဲဒါပေါ့ကွ၊ သံသာ့ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်နဲ့ မပြည့်စုံတဲ့ပုဂ္ဂိုလ် ကွာခြားနေတာ။ အရှင်ကောဏ္ဍည မထေရ်ကြီးက မတုန်လှုပ်တဲ့အပြင် ဘယ်ကလောက်များ အလိုက်သိတော်မူသလဲ၊ဘယ်လို ကြံစည်တော်မူသလဲ၊ ပြောရဦးမယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ပါရမီဆုတောင်း ဗျာဒိတ်တော်အရ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို အမြင့်ဆုံး သာဝကနှစ်ပါးအဖြစ် ရာထူး ဌာနန္တရ ပေးတော်မူတယ်။ ဂုဏ်အားဖြင့်ဆိုလျှင် ငါကိုယ်တိုင်က ရိုသေလေးစား သဂါရဝ ပြုမူရမယ်။ အဲသလို ပြုမူတဲ့အခါတိုင်း အရှင်နှစ်ပါးတို့မှာ မိမိက ဝါကြီးသူဖြစ်၍ 'မခံမကောင်း၊ ခံမကောင်း' ကောဏ္ဍညမထေရ်က သက်တော်အားဖြင့်လည်း ဗုဒ္ဓမြတ်စွာသက်ပင် တစ်ဆယ့်ခြောက်နှစ်ကြီးသေးတယ်ကိုး။ ဒါကြောင့် အားတုံ့အားနာကသိကအောင့် စိတ်ဆင်းရဲခြင်း ဖြစ်တန်စရာ ရှိတယ်။ အရှင်နှစ်ပါးကဤသဘောမျိုး မရှိတဲ့တိုင်အောင် အများသော သာဝကတို့အလယ်မှာ မတင့်မတယ် ဖြစ်နိုင်စရာရှိတယ်။ ငါမှာ မြတ်စွာဘုရား၏ ကျေးဇူးတော်ဖြင့် အရဟတ္တဖိုလ်ပေါက်၊ သံသရာဝဋ်မှ ကူးမြောက်ပြီးသော ရဟန္တာ

စင်စစ်ဖြစ်လေတယ်။ ဒါကြောင့်သံယံာများအလယ်တွင် သီတင်းသုံးနေထိုင်ရသည်ထက် မြတ်စွာဘုရားအား ခွင့်ပန်၍ ဆဒ္ဒန်အိုင်ကြီးတွင် ဧကစာရီ ကျင့်နေခြင်းက နှစ်ဦး နှစ်ဘက် သက်သောင့်သက်သာ သာယာစရာ ဖြစ်ပေလိမ့်မယ်လို့ ဆုံးဖြတ်ကြံစည်တော်မူပါသတဲ့ကွယ်။ ဒီတော့ ဗုဒ္ဓမြတ်စွာထံ ခွင့်ပန်၍ ဆဒ္ဒန်အိုင်ကြီးမှာ ဆင်အပေါင်းရဲ့အလုပ်အကျွေးကို ခံယူကာ စံနေတော်မူလိုက်တာဟာ ပရိနိဗ္ဗာန်ပြုခါနီးမှ ဗုဒ္ဓထံမှောက်ကို တစ်ခေါက်သာ အရောက်လာတော်မူပါသတဲ့ကွယ်''

''သူဘော်ကောင်းကြီးများဟာ မိမိကိုယ်တိုင် အပြစ်ဆိုလို့ မှုမှန် ကလေးလောက်မျှ အငြိအတင် အတွယ်အကပ် မရှိအောင် ကျင့်တော် မူရုံ မဟုတ်သေးဘူး။ မိမိကြောင့် သူတစ်ပါးမှာ အပြစ် တစ်စုံတစ်ရာ မရှိရလေအောင် စောင့်ရှောက် ထိန်းသိမ်းတော်မူကြပါတယ်''

''အံ့သြစရာကြီးပါပဲ။ ကြည်ညိုစရာကြီးပါပဲ''

''အေး....မင်းနဲ့ငါ စကားစ ပျောက်ပြီး အူပေါက်သွားပြီနဲ့တူတယ်။ အရှင်မဟာမောဂ္ဂလာန်အကြောင်း ပြောရာက အရှင်ကောဏ္ဍည မထေရ်ကြီး အကြောင်း ရောက်လာပြီလေ''

''စကားစပ်မိလို့သာဖြင့် ပြောသာပြောစမ်းပါ ဘဘရယ်။ ကျွန်တော်တို့က ရသမျှ အမြတ်ချည်းပဲ''

''ကဲ....ဒီတော့ အရှင် မဟာ မောဂ္ဂလာန် အလောင်း လက်ဝဲတော်ရံ ဗျာဒိတ်ခံတော် မူတဲ့ အကြောင်းကစ၍ ကောက်ကြဦးစို့။ ရှင်သာရိ ပုတ္တရာ အလောင်း သရဒ ရသေ့ ဖြစ်တော်မူစဉ်က အနောမဒဿီ မြတ်စွာ ဘုရားထံမှာ လက်ယာရံ အဂ္ဂသာဝက ဆုကို တောင်းခဲ့ကြောင်းမင်းကိုငါပြောပြီးပြီနော်။အေး....ရသေ့မလုပ်ခင်သေဌေးသား သရဒဘာဝနွဝတီမြို့မှာနေစဉ်ကချစ်ကျွမ်းဝင်တဲ့သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့အမည်က 'သီရိဝဍ္ဎန'တဲ့။သရဒ ရသေ့က အနိစ္စတရားကိုဆင်ခြင်မိလို တောထွက်မယ် ပြုတဲ့အခါ သူငယ်ချင်း 'သီရိဝဍ္ဎန'ကိုတိုင်ပင်တယ်။ ဒီတော့'သီရိဝဍ္ဎန သေဌေးက လောလောဆယ်တော့ တောထွက်၍ ရသေ့လုပ်ပြီး တရားမကျင့်နိုင်သေးတဲ့ အကြောင်း၊ လူ့ဘောင်ထဲမှာပင် အလှူဒါနတို့ဖြင့် မွေ့လျော်ပြီး နေခဲ့မည့် အကြောင်း၊အကယ်၍ သရဒ လုလင်၌ ထူးထူးခြားခြား တရားအမွန်အမြတ်ရလျှင်ဖြင့်သူ့ကိုပြန်၍ မိန့်ဟ ပြောဆိုဖို့ အကြောင်း ဘောင်းပန်လိုက်ပါသတဲ့။ အဲသည်နောက် သရဒ လုလင်ဟာ ရသေ့ ပြုလုပ်တယ်ကွယ့်။ သူ့ကို အားကျပြီး အခြားသော မိတ်ဆွေ အပေါင်းအသင်းများက တရား လိုက်ကျင့်ကြတာ ခုနစ်နှစ်ကြာတော့ တပည့်ပေါင်း ခုနစ်သောင်း လေးထောင့်ရှိ

လာပါသတဲ့။ သရဒ ရသေ့ ကိုယ်တိုင်က လောကီဈာန် သမာပတ်များ ရရှိထားလေတော့ တပည့်အပေါင်းကိုလည်း သင်ကြားပြသ ပေးပါ တယ်။

တစ်နေ့တော့ အနောမဒဿီ မြတ်စွာဘုရားက သရဒ ရသေ့ ထံ ကြွတော်မူလာတယ်ကွယ်။ သရဒ ရသေ့နှင့် တပည့်ပေါင်း ခုနစ် သောင်း လေးထောင်က မြတ်စွာ ဘုရားနှင့် လက်ဝဲရံ၊ လက်ယာရံ နောက်ပါ သံဃာတော် အပေါင်းကို သစ်သီး ဆွမ်းနှင့်ကကွပန်းမွေ့ရာ ပလ္လင်ခင်းပြီး ဝတ်ပြုလှူဒါန်းဘယ်လေ။ အနောမဒဿီမြတ်စွာဘုရားက လက်ယာရံ အဂ္ဂသာဝက ဖြစ်တဲ့ အရှင် နိသဘ ရဟန္တာမြတ်ကို အနု မောဒနာ တရား ဟောကြားတော် မူစေတယ်။ အဲဒီအခါမှာ သရဒ ရသေ့က လက်ယာရံ ကိုယ်တော်ကို အားကျ ကြည်ညိုပြီး၊ သူ ကိုယ် တိုင် နောင် ပွင့်လတ္တံ့သော ဘုရား တစ်ဆူ၏ အဂ္ဂသာဝက လက်ယာရံ ဖြစ်ရပါစေကြောင်း ဆုတောင်းပြီး ဗျာဒိတ် ခံယူတော် မူတဲ့အခါ အနောမဒဿီ မြတ်စွာဘုရားက နောင်သော ကာလ ဘဒ္ဒ ကမ္ဘာတွင် ထင်ရှား တစ်ဆူ ပွင့်တော် မူမည့် ဂေါတမ မြတ်စွာ ဘုရား၏ လက်ယာ တော်ရံ ဖြစ်လိမ့်မည့် အကြောင်း ဗျာဒိတ် ပေးတော်မူပါသတဲ့။ ဒါတွေ ကို မွေးကျေးဇူးနဲ့ ပတ်သက်ပြီး မနေ့က ငါပြောခဲ့ပြီ ထင်ပါရဲ့ကွာ''

''ဟုတ်ပါရဲ့ ဘဘ။ မနေ့က ကျွန်တော် တစ်ခု မေးမလို့ဟာ ဒီနေ့မှ သတိရတယ်။ ရှင်သာရိပုတ္တရာအလောင်း သရဒ ရသေ့ကတော့ အဂ္ဂသာဝကဆု တောင်းတယ်။ တပည့်ပေါင်း ခုနစ်သောင်းလေး ထောင်ကတော့ ဘာဆုများ အသီးသီး တောင်းကြသလဲ''

''ဘာဆုမှ မတောင်းကြဘူး။ မြတ်စွာဘုရား ကိုယ်တော်တိုင် တရားအမြိုက်ဆေး တိုက်ကျွေး ဆုံးမတော်မူလို့ အာသဝေါ ကင်းကွာ ပြီး ရဟန္တာ ဖြစ်ကုန်ကြပါလေရော''

''ဟင်.... အဲဒီ ဘဝမှာပဲ နိဗ္ဗာန်ကို စံဝင်တော်မူကုန်ကြဘာ ပေါ့နော်''

''အေးပေါ့ကွ''

''အရှင် သရဒ ရသေ့ကတော့ မြတ်စွာဘုရားနဲ့ တွေ့တော်မူပြီး တရားနာယူရတာတောင် ရဟန္တာ မဖြစ်ဘူးပေါ့နော်၊ ဟုတ်လား ဘဘ''

''အေး... ဆုကြီးပန် ပုဂ္ဂိုလ်တိုင်း တစ်ဘဝတည်းနဲ့ အဆုံးသတ် ပြီး ကိုယ်လွတ် ရုန်းတော်မမူကြပါဘူး။ သတ္တဝါ ဝေနေယျ အတွက် နောင်လာလတ္တံ့သော သာသနာတော်အတွက် အာဇာနည်ပီပီ သံသရာ

ရှည်ကြာအောင် ပါရမီတော်များ ဖြည့်ကျင့်ရပါသတဲ့။ တို့မြတ်စွာဘုရား ဂေါတမဗုဒ္ဓ အလောင်းတော်ကိုပဲ ကြည့်။ သုမေဓာ ရှင်ရသေ့ဘဝက ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ တွေ့ပြီး ရဟန္တာ ဖြစ်နိုင်ပါလျက်နဲ့ သမ္မာသမ္ဗုဒ္ဓ ဆုကြီးကိုပန်ပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဘဝ ဘဝများစွာ ပါရမီ ဖြည့်တော်မူခဲ့ရပါတယ်။

ကဲ.... ရှင်မဟာမောဂ္ဂလာန် အကြောင်းကို ပြန်ဆက်ကြပါဦးစို့။ သရဒ ရသေ့က လက်ယာရံ ဖြစ်ပါမည့်အကြောင်း ဗျာဒိတ်ဆုတောင်းပြီးတော့ သူငယ်ချင်းဟောင်း သိရိဝဍ္ဍန သေဋ္ဌေးထံ ပြန်လာပြီး အကြောင်းကြားတယ်တဲ့ကွယ်။ ''ငါတော့ လက်ယာရံဆု ရခဲ့ပြီ။ အသင် သေဋ္ဌေးလည်း ငါနဲ့မကွေမကွာ သံသရာမှာ ကောင်းမျိုးပြုရအောင် ဆုတစ်ခုခုတောင်းပါ''လို့ တိုက်တွန်းတော် မူသတဲ့။ ဒီတော့ သိရိဝဍ္ဍနသေဋ္ဌေးက 'သင်က လက်ယာရံဆိုရင် ကျွန်ုပ်က လက်ဝဲရံအဖြစ်ဆုတောင်းရမှာပေါ့'လို့ ဝမ်းသာအားရပြောပြီး အနောမဒဿီ မြတ်စွာဘုရားနှင့်တကွ သံဃာတော် တစ်သိန်းကို ပင့်၍ ကြီးကျယ်စွာ အလှူဒါန ပြုပါတယ်။ အဲဒီနောက် လက်ဝဲရံ အဂ္ဂသာဝက ဖြစ်ရပါစေကြောင်း ဆုတောင်းတယ်။ အနောမဒဿီ မြတ်စွာဘုရားကလည်း အနာဂတံသ ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူ၍ ပြည့်စုံလုံလောက်သော ဥပနိဿယ အကြောင်းတို့ကို မြင်တော်မူပြီး ဂေါတမ မြတ်စွာဘုရား လက်ထက်တော် အခါမှာ တန်ခိုးအဘိညာဉ် အရာ၌ ဧတဒဂ်ဆုနှင့်တကွ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ဖြစ်လာလိမ့်မယ်လို့ ဗျာဒိတ် ပေးတော်မူပါသတဲ့ကွယ်။ အဲဒါ သူငယ်ချင်းနှစ်ယောက်တို့ရဲ့ဗျာဒိတ်ခံရာအကြောင်းပဲ....''

''ထူးဆန်းလိုက်တာ ဘဘရယ်။ အနောမဒဿီဘုရား လက်ထက်တော်တုန်းကလဲ သူငယ်ချင်း နှစ်ယောက်ဟာ တစ်ဦးက တရားရလျှင် တစ်ဦးကို ပြောစတမ်းလို့ ကတိကဝတ် ပြုခဲ့ကြတယ်နော်။ ယခု မြတ်စွာဘုရား လက်ထက်ကျတော့လဲ ဥပတိဿနဲ့ ကောလိတ သူငယ်ချင်း နှစ်ယောက်ဟာ တစ်ဦးက တရားရလျှင် တစ်ဦးကို ပြောစတမ်းလို့ ကတိကဝတ် ပြုကြပြန်တာပဲ''

''အေးပေါ့ကွ။ ကလျာဏမိတ္တ ဆိုတဲ့ သူငယ်ချင်းမျိုးတွေကိုး။ တို့တစ်တွေအဖို့လဲ ဒီလို သူငယ်ချင်းမျိုး လိုတယ်နော်။ ကဲ... ဆက်ကြဦးစို့။ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ဟာ တန်ခိုး အဘိညာဉ် အရာမှာ ဧတဒဂ် ရတော်မူတယ်။ ဘယ်လောက်များ တန်ခိုးတော်နှင့် ပြည့်စုံသလဲဆိုရင် အခါတစ်ပါးမှာ သိကြားမင်းရဲ့ နတ်နန်း ဝေဇယံ

ပြာသာဒ်ဖျားကို ခြေမတော်နှင့် ညှပ်၍ သွက်သွက်ခါအောင် တုန်လှုပ်ချောက်ချားစေ၍ တန်ခိုးပြပြီး ဆုံးမတော်မူခဲ့ဖူးတယ်။ တစ်ခါကလဲ မြတ်စွာဘုရားအား ပြစ်မှားသတ်ဖြတ်လိုတဲ့ နန္ဒောပနန္ဒ နဂါးမင်းကို အပြစ်ကြီးစွာ ပြုမိသော ကျောင်းသားသူငယ်မိုက်အား ကျောင်းဆရာက ရိုက်နှက်ဆုံးမသကဲ့သို့ တန်ခိုးအဘိညာဉ် အမျိုးမျိုးဖြင့် ညှဉ်းဆဲဆုံးမတော်မူခဲ့ရဖူးတယ်။ ငရဲပြည်နှင့် နတ်ပြည်တို့ကို လူးလာတုံ့ ခေါက်ကြွရောက်တော်မူနိုင်ခဲ့တယ်။ အဲဒီ အကြောင်းတွေကို အကျယ် သိချင်ရင် 'မဟာဗုဒ္ဓဝင်'ကို ဖတ်ပါကွာ။ ငါပြောချင်တာက အဲသလောက် တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံတော်မူတဲ့ လက်ျာရံ ရဟန္တာကြီးပင်လျှင် မွေးကျေးဖူးကို ပြစ်မှားမိခဲ့တဲ့ ကံဟောင်းကြောင့် မွဲဒိတ်တမျှ အရိုးတွေ၊ အသားတွေ ဖွတ်ဖွတ်ကြေပြီးမှ ပရိနိဗ္ဗာန် စံယူတော်မူရတဲ့ အကြောင်းပါပဲ။

ဖြစ်ရပုံ အစက ဒီလိုကွာ။ အခုန ငါပြောခဲ့သလို လက်ျာတော်ရံ ကိုယ်တော်ကြီးက ငရဲပြည်ကို ကြွပြီး ပြန်လာတဲ့အခါမှာ တိတ္ထိဆရာကြီး မည်သူ မည်သူတို့၊ တပည့် ဥပါသကာ မိန်းမ ဒါယိကာ မည်သူ မည်သူတို့ဟာ ဘယ်ငရဲ ဘယ်ငရဲမှာ ခံနေကြရကြောင်း ပြန်လည် ဟောပြတယ်။ နတ်ပြည် အသီးသီးမှ ပြန်ကြွလာတဲ့ အခါတိုင်းလဲ ဗုဒ္ဓသာသနာ၊ ဗုဒ္ဓရဲ့ အဆုံးအမတို့ကို လိုက်နာကျင့်ဆောင်ခဲ့ကြတဲ့ ဥပါသကာ၊ ဥပါသိကာမတို့ဟာ ဘယ်ဘုံ ဘယ်ဘုံမှာ နတ်စည်းစိမ်ချမ်းသာတို့ကို ခံစားနေရကြောင်း ဟောပြတော်မူပါသတဲ့။ အဲဒီ စကားကို ကြားရတော့ တိတ္ထိဆရာကြီးများရဲ့ တပည့် ဝေနေယျတို့ဟာ မိမိတို့ရဲ့ ဂိုဏ်းဆရာ၊ မိမိတို့ရဲ့ အယူဟောင်းတို့ကို စွန့်ပယ်ပြီး ဗုဒ္ဓ သာသနာကို ကူးပြောင်းလာကြပါသတဲ့။ ဒီတော့ တိတ္ထိ ဂိုဏ်းအသီးသီးမှာ လာဘ်လာဘ ဆုတ်ယုတ်ပြီး 'စားရမဲ့၊ သောက်ရမဲ့' ဖြစ်ကုန်ကြပါရော။ အဲဒီမှာတင် အရှင်မဟာမောဂ္ဂလာန်ကို အငြိုးထားပြီး သူခိုးငှား၍ အရိုက်ခိုင်းရန် စီမံနေကြပြီ။

အဲဒီအချိန်က အရှင်သာရိပုတ္တရာကြီးလဲ ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ။ ဗုဒ္ဓ မြတ်စွာဘုရားကိုယ်တော်တိုင်လဲ နောင် သုံးလ လွန်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူဖို့၊ အာယုသင်္ခါရ လွှတ်တော်မူဖို့ ကတိပေးခဲ့ပြီ ပြီ။ ဝေလုဝရွာမှာ မြတ်စွာဘုရား ဝါဆိုတော်မူစဉ် အခါက ရှင်မဟာမောဂ္ဂလာန်မှာ ရာဇဂြိုဟ်ပြည် အနီး ကာဠသိလိတောင် နံပါး၊ ကာဠသိလာ ကျောက်ဖျာကို ကျောင်းပြု၍ တစ်ပါးတည်း သီတင်းသုံးနေတော်မူတယ်။

''မြတ်စွာ ဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ ကြွရောက် သီတင်းသုံးတော်မူတဲ့ အခါမှာ ရှင်မဟာ 'မောဂ္ဂလာန်က လက်ယာရံ ရှင်သာရိပုတ္တရာမထေရ်ကဲ့သို့ မိမိလည်း မြတ်စွာဘုရားထက် ဦးစွာ ပရိနိဗ္ဗာန် ပြုရမည်ကို သိထားတော် မူပါသတဲ့။

တစ်နေ့တော့ တိတ္ထိ ဆရာကြီးများက အသပြာတစ်ထောင် ပေး ငှားထားတဲ့ လူဆိုးကြီး 'သမဏဂုတ္တိက'ဟာ အရှင် မဟာမောဂ္ဂလာန် ကို ခြေရာခံမိလို့ တပည့်ပေါင်း ၅၀၀နှင့် လာကြတယ်။ ရိုက်နှက် သတ် ဖြတ်ကြရအောင်ပေါ့ကွာ။ အဲ့ဒါကို တန်ခိုးတော်ရှင် လက်ဝဲရံ ကိုယ် တော်ကြီးက ကောင်းကင် ထက်ကို ကြွပြီး ရှောင်ရှားနေတော် မူပါ တယ်။ 'သမဏဂုတ္တိက' အဖွဲ့က အရှင်မြတ်ကြီးအား မတွေ့တော့၊ နောက်တစ်နေ့ ပြန်လာကြပြန်ရော။ အရှင်မြတ်ကြီးကလည်း ဒီဘိညာဉ် နှင့် ကောင်းကင်ကို ကြွပြီး ရှောင်ပြန်ပါသတဲ့၊ အဲသလိုနဲ့ ခြောက်ရက် မြောက်ပြီးတဲ့ နောက်တစ်နေ့မှာတော့ အရှင်မြတ်ကြီးက ရှောင်နေလို့ ဖြင့် ဘဝဟောင်းက အကုသိုလ် ကံကြွေးကို ပြေးလွတ်မှာ မဟုတ်တဲ့ အတူ လူငါးရာတို့ရဲ့ အရိုက်အနှက်ကို ခံတော်မူလိုက်ရပါသတဲ့ကွယ်''

''ဘယ်လို အ ကုသိုလ် ကံကြွေးလည်း ဘဘရယ်''

''ဟို . ယခင့်-ယခင် ကာလ၊ နှစ်ဘဝ တစ်ခုမှာ ရှင်မောဂ္ဂလာန် အလောင်းဟာ မျက်မမြင် မိဘနှစ်ပါးကို ခစား လုပ်ကျွေး နေရှာပါ သတဲ့။ အဲ့ဒီအခါမှာ ယုတ်မာဆိုးဝါးတဲ့ မယားဖြစ်သူက မနာလို ငြူစူ တဆူတည်း ဆူနေပါသတဲ့၊ နောက်ဆုံးတော့ အထိရောက်လာသလဲဆိုတော့ 'မိဘကို ပစ်မလား၊ ကျွန်မကို ပစ်မလား'လို အရေး ဆိုလာတယ်ပေါ့။ ဒီတော့ လင်လုပ်တဲ့ သူက မင်းကို ချစ်လွန်းလို့ မပစ်နိုင်ပါဘူးကွယ်။ ငါ့မိခင် ဖခင်ကို ပစ်ရအောင် ဆိုလည်း သူတို့ခမျာမှာ မျက်စိနှစ်ကွင်း အလင်းမရရှာကြတဲ့ ဒုက္ခိတကြီးတွေမို့ ဘယ်ကိုသွားပြီး ဘယ်လို စား နေကြရရှာမလဲ'လို့ အသနား ခံရှာပါသတဲ့။ 'ဒီလိုဆိုရင်လည်း ရှင်း ပါတယ်တော်၊ တောထဲ ခေါ်သွားပြီး နှစ်ယောက်လုံးကို ရိုက်သတ် လိုက်ပေါ့' အဲသလို တိုက်တွန်းသတဲ့''

''တော်တော် ရက်စက်တဲ့ မိန်းမပဲနော် ဘဘ''

''ရက်စက်ဆို သူကလည်း သူ့ ဆုတောင်းနဲ့ ''စိဉ္စမာဏ'' အလောင်းပေကိုးကွယ်။ နောက်ပြီးတော့လည်း ချွေးမနဲ့ ယောက္ခမ မတည့်နိုင်ကြတဲ့ သဘောတရားတွေကလည်း ရှိသေးတယ်လေ။ လော ကမှာ 'အတ္တ'ဆိုတဲ့ 'အတ္တ'က ကိုယ့်အတွက်သာ ကိုယ် သိတတ်ကြတယ်၊ ကြည့်တတ်ကြတယ် မဟုတ်လား။ မိဘအနေနဲ့ ကြည့်ရင် 'ငါ့သားမှငါ့

သား၊ ကိုးလလွယ် ဆယ်လကျမှ ဖွားခဲ့ရတဲ့ သား။ ဖဝါး လက်နှစ်လုံး။ ပခုံးလက်နှစ် သစ်က နို့ချို ကျွေးပြီး မွေးခဲ့ရတဲ့ သား။လူလားမြောက်တဲ့ အထိ မိဒိတို့ ရင်ခွင်မှာ ပျော်ရွှင်ချမ်းမြေ့စွာ ထားခဲ့ရတဲ့ သား။ငွေကုန် ကြေးကျ ကရိကထနှင့် ပရိယေသန အသက်မွေးနိုင်အောင် ပညာသင် ပေးခဲ့ရတဲ့ သား။ လောကမှာ တစ်ဦးတည်းသာ ရှမဝ ချစ်မဝတဲ့ သား အဲ့ဒီ သား 'မျက်ရွဲ'ကို ကိုယ့်ရင်ခွင်ထဲက ဆွဲထုတ်ပြီး အသည်းနုတ် သလို နှုတ်ယူသွားတဲ့ သူစိမ်းမိန်းမဆိုတော့ ချွေးမကို မုန်းတတ်ကြတာ ပေါ့ကွယ်''

''ဟုတ်တော့ ဟုတ်ဘာပဲ ဘဘရဲ့''

''နေဦးလေ။ချွေးမဘက်က အမြင်ကိုလည်း ကြည့်ကြဦးစို့၊တစ်မိ သားနဲ့ တစ်မိသား ချစ်လွန်းလို့ ညားခဲ့ကြရတာ၊ ခေါင်းက ဆံပင်၊ ရင်က'အသည်း'၊ ဆွဲထုတ် ပေးနိုင်လောက်အောင် ချစ်ရတဲ့ မယား။ တစ်ကိုယ်လုံး ပုံအပ်ပြီး ကြာ့ကွက်လပ် မထားနိုင်အောင် ကြင်နာ လွန်းရတဲ့ မယား။ကိုယ့် မိဘ နှစ်ပါးကို သူစိမ်းလို့'ပစ်'ထားခဲ့ပြီး လင် သားကို အားကိုးလို့ တစ်ဇွတ်ထိုး လိုက်ခဲ့ရတဲ့ မယား။ သေတပန် သက် တစ်ဆုံးထင်းပုံကို ခေါင်းအုံးရတဲ့အထိ ချစ်သွားရမယ့် မယား။သူ့ မိဘ တွေထက် မေတ္တာပိုလို့ကိုယ့်ကိုမြှောက်စားတာခံနေရတဲ့ မယား။သူ့သား ပေမယ့် ကိုယ့်လင်ရယ်လို့ဖြစ်လာတော့ တစ်ဦးတည်း မူပိုင် ချုပ်ကိုင်ရ မယ့် မယား။ 'ဘူးကောင်းလျှင် စင်ခံ။ လင်ကောင်းလျှင် စံရ'မှာက မယား။လင့်ဥစ္စာ ကိုယ်သာပိုင်တဲ့မယား။ လင့် ဝေယျာဝစ္စနှင့်အိမ်တွင်း ဗာဟီရ မှန်သမျှမှာ မိမိသာလျှင် အချုပ်အခြာ အာဏာပိုင် ဖြစ်ရမယ့် မိန်းမ။ အဲ့သလို ချွေးမကလည်း တွေးကြမှာပေါ့ကွယ် မဟုတ်ဘူး လား''

''ဟုတ်တယ်နော် ဘဘ၊ ဘဘ ခုန ပြောတဲ့ အတ္တဆိုတာ ဒါမျိုး ဖြစ်နေမှာပဲ''

''အေးပေါ့ကွ။ သူ့ဘက် ကိုယ့်ဘက် စုံလုံး ကန်း ချစ်ကြတော့ အတ္တရယ်လို့ ဖြစ်လာတာပေါ့၊ အတ္တဆိုတဲ့ အတ္တက–

''ငါပြောတာ အမှန်

ငါ ကြံတာ အဟုတ်

ငါ လုပ်တာ အကောင်း''လို့

ထင်လာတတ်ကြတယ်။ ဒီချွေးမနဲ့ယောက္ခမ ‘အတ္တ တိုက်ပွဲ’မှာ မြေစာပင် ဖြစ်ပြီး ‘မိဘနှင့် မယား’အကြားမှာ ဗျာများရတာကတော့ ‘မိဘရဲ့ သား၊ မယားရဲ့လင်’ပေါ့ကွာ။ အခုလည်း ရှင်မောဂ္ဂလာန် အလောင်း ဖြစ်ဘဲ့ ယောက်ျားဟာ မယားက ‘နေ့လည်းတိုးတိုး-တိုးတိုး၊ ညလည်း တိုးတိုး-တိုးတိုး၊ အမျိုးမျိုးသော ပရိယာယ် မာယာနဲ့ ချော့တစ်ခါ ခြောက်တစ်လှည့်။ ငို၍တစ်မျိုး၊ မူ၍တစ်မျိုး ပြောဖန် များလာလေ တော့ လင်ဖြစ်သူက ခေါင်းညိတ်လိုက်ရရှာပါရောတဲ့ကွယ်’’

‘‘လင် ယောက်ျားကလည်း မိုက်သိုက်တာနော်’’

‘‘ပြောဖန်များ မယား စကား အောင် ဆိုတာ ရှိတယ်မဟုတ် လားကွယ်။ တို့ ယောက်ျားများကလည်း အခက်သားကလားကွယ့်။ ‘မ’နဲ့ ပတ်သက်လာရင် ဆင်ခြင်ဉာဏ်ကင်းတတ်ကြတယ်။ ကာမ တာဝန် တဏှာကျွန်တွေအတွက် မန်လည် ဆရာတော် ဘုရား ရေးသားထား တာကို ကြည့်-

‘ဤ လောကဦ၊ ရာဂ မကင်း
ကိုယ်တွင်း မဆိတ်၊ ယောကျ်ား စိတ်ကို
မပိတ်ဆို့နိုင်၊ ယိမ်းယိုင် ကိုယ်လုံး
ကျုံး၍ ပစ်သို့၊ ပြစ်ပြစ် ကုန်စင်
မွေမမြင်အောင်၊ ဆင်ခြင်ဉာဏ်ကင်း
မကြွင်းစေကြောင်း၊ စိတ်ကောင်းဟူသမျှ
ပြုန်းပြုန်းကျ၏’ -တဲ့။

ဒါကြောင့် ရှေးခေတ်က မပြောနဲ့ ယခုခေတ်မှာတောင် မယား အလိုလိုက်ပြီးမိဘကို တော်လှန်ကြတာတွေ၊ မိဘကို ညှဉ်းဆဲကြတာတွေ၊ မိဘကို သတ်ပစ်ကြတာတွေ မကြာမကြာ ကြားနာ ဖတ်ရှုနေကြရတယ် မဟုတ်လား။ အရှင် မောဂ္ဂလာန်အလောင်းဟာ မျက်မမြင် မိဘနှစ်ပါးကို ဥပါယ်တံမျဉ်နဲ့ လှည်းပေါ်တင်ပြီး တောထဲခေါ်လာသတဲ့။ မရိပ်မိတဲ့ မိဘများကတော့ သားနဲ့အတူ လာကြရတာမို့ ပျော်ပျော်ရွှင်ရွှင် ဖြစ် နေကြမှာပေါ့။ အိမ်မှာက ချွေးမကြောင့် သားဖြစ်သူနဲ့ လွတ်လွတ် လပ်လပ် ပူးပူးကပ်ကပ် နေခွင့်မှရခဲ့ကြရှာဘူးလေ’’

‘‘ဘဘ အဲ့ဒီ အခန်းကို ရုပ်ရှင် ရိုက်ပြရရင် သိပ်ကောင်းမှာပဲ နော်....’’

''အေး.... ရပ်ရှင် ကားပေါ်မှာ မြင်ရသလို တွေးပြီး ကြည့်ကြစမ်းပါလားကွာ။ သား လုပ်တဲ့လူက မယားဖြစ်တဲ့သူကို မတော်လှန်နိုင်လို့သာ လှည်းနဲ့တင်ပြီး မောင်းထွက်ခဲ့ရတယ်။ 'အိုကြီး အိုမ မျက်မမြင် ဒုက္ခိတ အဖေနဲ့အမေကို မသတ်ရက်၊ ဆတ်ရက် ဖြစ်နေရှာလိမ့်မယ်။ ဒီတော့ သူ့ မျက်နှာထားဟာ ကြင်နာတာက တစ်ပိုင်း၊ ရက်စက်ရမှာက တစ်ပိုင်းမို့ အံကြိတ်ပြီး မျက်ရည်ဝဲရမယ့် 'အက်တင်' မျိုး ဖြစ်နေရမှာပေါ့။ ဒီအတွင်း သား မျက်နှာထားနဲ့ အမူအရာကို မမြင်ရှာတဲ့ အဖေနဲ့ အမေတို့က သားကို ပျော်ပျော်ရွှင်ရွှင် ချိုချိုသာသာ စကားပြောရင်း လိုက်လာကြမယ့် အက်ဘင်မျိုးတွေလဲ တွေးကြည့်ပေါ့ကွာ။

ဒီလိုနဲ့ တောနက်ထဲ ရောက်လာကြတယ်။ အကြံနဲ့ လာတဲ့ သားက လှည်းကို ဖြုန်းခနဲ ရပ်လိုက်ပြီး 'အဖေတို့ အမေတို့ရေ.... ခိုးပြတွေ လာပြီဗျ' လို့ ကြောက်ကြောက်လန့်လန့် အသံနဲ့ အော်ပြီး လှည်းပေါ်က ဆင်းပြေးတယ်။ သည်အခါမှာ မိဘနှစ်ပါးက သည်းထိတ်ရင်ဖို ဟိုစမ်းစမ်း ဒီစမ်းစမ်း ဝမ်းပန်းတနည်းဖြင့် 'ချမ်းသာပေးကြပါ မောင်တို့ရယ်၊ ဒုက္ခိတ အဘွားအိုနဲ့ အဘိုးအို၊ ပစ္စည်းဆိုတာ ဘာမှ မပါပါဘူး' လို့ ငိုယို တောင်းပန် နေကြရှာတယ်။ ဒီအခါမှာလည်း လှည်းပေါ်က ဆင်းပြေးတဲ့ သားဖြစ်သူက ခိုးပြအဖြစ် ဟန်ပန်လေသံပါ ပြောင်းပြီး ကဖြောင်းဖြောင်းနေအောင် မိဘကို ရိုက်တော့တာပါပဲ။ နဖူးပေါက်၊ ခေါင်းကွဲနဲ့ သွေးတွေက ယိုစီးပြီး ငိုညည်းတဲ့ မျက်ရည်များနဲ့ ရောထွေးနေကြပါပြီ။ 'ချမ်းသာပေးကြပါ မောင်တို့ရယ်။ သေခါနီးတဲ့ အဘိုးကြီးနဲ့ အဘွားကြီးပါကွယ်။ အမယ်လေး နာလှပါပြီ။ ကြောက်လှပါပြီလို့ မရှုမလှ ငိုယိုတောင်းပန်နေတဲ့ မိဘကို တအား ရိုက်နေတဲ့သူက သားအရင်းလေ။

ဒါကို သူတို့ကတော့ မမြင်ကြရှာဘူး။ မြင်နေကြရမှာက ရုပ်ရှင်ကြည့် ပရိသတ် မဟုတ်လား။ မိဘနှစ်ပါး မပြောနဲ့ လှည်းမှာ တပ်ထားတဲ့ နွားနှစ်ကောင်ကတောင် လန့်ဖျပ် ရုန်းကန်နေကြပြီ။ ဤအတွင်း မျက်ရည်နှင့် အံခဲပြီး သဲသဲမဲမဲ ရိုက်နေတဲ့ သားကို ဆို့နင့်သွားလောက်အောင် ဖြစ်စေတဲ့ စကားတွေက ပေါ်လာပါတယ်။ 'ရှင်မရေ.... သိပ်အော်ပြီး မငိုနဲ့၊ သားလေးက ကြားလို့ မိဘနှစ်ပါးကို လာကယ်ရင် သူပါ အရိုက်ခံရရှာတော့မယ်။ တို့နှစ်ယောက်သာ ကျိတ်မှိတ်ပြီး ခံကြပါစို့ရဲ့' အဘိုးကြီးက ကျိတ်ပြောတယ်။

ဒီအခါ အဘွားကြီးက အောင့်မနေနိုင်တော့ဘဲ 'သားကလေးရေ— လူကလေးရေ၊ အဖေတို့ အမေတို့မှာ ဒုက္ခိတကြီးတွေမို့ သေ

ပျော်ပါပြီ၊ သေချင်ကြပါပြီ၊ အမေတို့ အနားကို မလာနဲ့ လွတ်အောင် သာ ပြေးပါကွယ်၊ ငါ့သားလေး ဘေးအန္တရာယ် ကင်းပါစေ'လို့ အော် ပြောနေရှာပါသေးတယ်။ ဒီစကား ကြားရတော့ 'ချွေးမ'မိုက် ကြောင့် လူယုတ်မာ ဖြစ်ရတဲ့ သားဟာ 'မကြားရက်တော့ပါဘူး၊ မမြင်ရက် တော့ပါဘူး၊ ကျွန်တော်ဖြင့် မှားပါပေါ့ အမေရယ်'လို့ တအားသာ အော်ပြီး ချုံးပွဲချ၍ ငိုချင်လာတော့တယ်တဲ့။ ဒါကြောင့် ဆောက် တည်ရာ မရတော့ဘဲ လှည်းပေါ်က ဆင်းပြေးတယ်။ မိဘများ မကြား နိုင်တဲ့ နေရာရောက်မှ ရှိုက်ကြီးငင်ကြီး ငိုချလိုက်ရတယ်။ အားရအောင် ငိုပြီးတော့ စားပြတွေ ထွက်ပြေးလို့ သူက ရောက်လာသလို တငိုငို တရှိုက်ရှိုက် အဖေနဲ့ အမေကို ကြင်နာစွာ ပွေ့ ပိုက် လိုက် ပါ တော့ တယ်ကွယ်။ မောင်လှအေးရေ....

အဲသည် မြင်ကွင်းကို တွေးကြည့်လိုက် စမ်းပါလား။ အေး.... အဲဒီ အကုသိုလ် ကံကြီးက သံသရာတစ်လျှောက်လုံး မ်းခဲပြာဖုံး ပါလာ ခဲ့တယ်''

''ကံကြေး၊ ဝဋ်ကြွေးများ ကြောက်စရာ ကောင်းလိုက်တာနော်။ ရဟန္တာ ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကိုတောင် အလွတ်မပေးဘူးနော် ဘဘ''


''ပစ္စေကဗုဒ္ဓနှင့် ရဟန္တာတို့ကို မပြောနှင့် သမ္မာသမ္ဗုဒ္ဓကိုယ်တော် တို့ပင် မလွတ်နိုင်ကြပါဘူးတဲ့။ 'ဝိပါကမို့ အများ မရှောင်နိုင်တယ်။ ဘုရားတောင် ဝတ်တော်နှင့် မကင်း'လို့ ဆိုကြတယ် မဟုတ်လားကွာ။ အဲသလို ဘဝဟောင်းက 'အပရာ ပရိယကံ'ကြောင့် ခိုးသားငါးရာတို့က ရိုက်နှက်တာကို ခံတော်မူလိုက်ရတယ်။ အရိုးတွေ အသားတွေ စိစိ ညက်ညက်ကြေပြီး 'ဆန်ကွဲအိတ်လို၊ ဖွဲအိတ်လို' ဖြစ်နေတဲ့ အခါကျမှ ခိုးသားတို့က ဆုတ်ခွာထွက်သွားကြတယ်။ သေလောက်တဲ့ အခြေအနေ ကြောင့် သေပြီလို့ ထင်သော်လည်း ဘုရား ရဟန္တာများရဲ့ အသက် တော်ဟာ သူတစ်ပါး၏ ပယောဂဖြင့် 'ဖျတ်ခနဲ' ပြတ်စဲခြင်း မရှိနိုင်ပါ ဘူးတဲ့။

ရှင်မောဂ္ဂလာန်ဟာ သတိရ၍ 'ငါသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန် စံစံမည်လို့ ကြံစည်တော်မူပါတယ်။ မှုန်မှုန် ကြေနေသော ကိုယ်ခန္ဓာတော်ကို အဘိညာဉ်ဖြင့် ဖွဲ့စည်းရစ်နှောင် ခိုင်မတ်အောင် ပြုလိုက်ပါတယ်။ အဲဒီနောက် ကောင်းကင် ခရီးဖြင့် မြတ်စွာဘုရား ထံတော်မှောက် ရောက်လာလေတယ်။

"မြတ်စွာဘုရားအား မိမိ ပရိနိဗ္ဗာန် ပြုမည့် အကြောင်း ရှိသေ စွာ ရှိခိုး လျှောက်ထားပါသတဲ့။

"ချစ်သား.... အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုမည်နည်း"လို့ မေး တော်မူတဲ့အခါ ကုသိဂြိုလ်တောင်နံပါး ကာဠသိလာ ကျောက်ဖျာပေါ် မှာ ပရိနိဗ္ဗာန် ပြုမည် ဖြစ်ကြောင်း ပြောကြားတော်မူပါတယ်။ အဲဒီ နောက်တော့ မြတ်စွာဘုရား၏ အမိန့်တော် အတိုင်း တန်ခိုး အဘိညာဉ် အမျိုးမျိုးဖြင့် ကောင်းကင်သို့ တက်ကာ တရား ဟောတော်မူပါတယ်။ တရားဟောပြီးမှ ကာဠသိလာ ကျောက်ဖျာသို့ ပြန်၍ ပရိနိဗ္ဗာန် ပြု သတဲ့ကွယ်"။ ။

* * *



# ဪ....မိဘ

ဆရာဝန် ဒေါက်တာ သာဒင် ပြန်သွားသည်မှာ နှစ်နာရီ လောက်ပဲ ရှိသေးသည်။ ဒေါက်တာ သာဒင်၏ ပညာ၊ စေတနာနှင့် ဇွဲကို မြခင် ယခင်ကတည်းက အတွင်းသိ ဖြစ်သည်။ ယခုလည်း အစွမ်းကုန် ကြိုးစားနိုင်သမျှ အထွတ်အထိပ်ရောက်အောင် အနည်းနည်း အဖုံဖုံ ကြိုးစားသွားကြောင်းကိုတော့ မသိ၍ မဖြစ်။ မိုးပြင်းလေပြင်း အိမ်ကလေးအတွင်းတွင်ပင် နဖူးက ချွေးတစီစီပေါက်လာအောင် ကြိုးစားရှာပေသေးသည်။ သို့သော်....

ယခုအခြေအနေအရဆိုလျှင် အပ်ဖျားပေါ် မုန်ညင်းစေ့ကလေး တင်ထားသလို သူ့သားကလေး ဂျိုကာ၏ သေရေးရှင်ရေး တည်းတည်းကလေးအချိန်သာ ရောက်ခဲ့ရလေပြီ။

ဒေါက်တာ သာဒင်ကတော့ စကားများများ မပြောသွား။ ဆယ်နာရီလောက်က မိုးထဲလေထဲမှာပင် ပြန်သွားသည်။ သူ၏ မျက်နှာထားကို မြင်လိုက်ရခြင်းဖြင့် ထိုအခေါက်သည် ဂျိုကာ ကလေးအတွက် မြခင်တို့အိမ် လာရခြင်း၏ နောက်ဆုံးအခေါက်ဟု ကောင်းစွာ ရိပ်မိနိုင်လေသည်။

ဒီလိုဆိုရင် ဆရာဝန် သာဒင် လက်လျှော့သွားပြီပေါ့။

ဒေါက်တာ သာဒင်၏ ပညာ၊ စေတနာနှင့် ဇွဲကို မြခင် ယခင်ကတည်းက အတွင်းသိ ဖြစ်သည်။ ယခုလည်း ကြိုးစားနိုင်သမျှ အထွတ်အထိပ် ရောက်အောင် အနည်းနည်း အဖုံဖုံ ကြိုးစားသွားကြောင်းကိုတော့ မသိ၍ မဖြစ်။

ဆရာဝန်က ခပ်ဖုံးဖုံးတော့ ပြောသွားသည်။

''ဒီကနေ့ ည အရေးကြီးတယ်၊ နက်ဖြန်မနက်တော့ ဆရာလာခဲ့ပါဦးမယ်ဝလ''

ထိုစကားကို သေသေချာချာ ဆန်းစစ်ကြည့်လိုက်တော့....

''နက်ဖြန်မနက်(တော့) ဆရာ လာခဲ့ပါ၊ (ဦး)မယ်(လေ)''တဲ့။

''နက်ဖြန် မနက် ဆရာ လာခဲ့မယ်'' ဤလို ပြောဖို့ ကောင်းသည်။

ဤသို့ မဟုတ်လျှင်လည်း....

''အစိုးရိမ် ကြီးမနေပါနဲ့ မြရယ်၊ မနက်ဖြန် မနက်တော့ ဆရာ လာခဲ့ပါဦးမယ် ဟုဘ်လား'' ဤလို စကားသာ မြခင်က ကြားလိုက်ချင်သည်။ ယခုတော့ (လေ)ဆိုတဲ့ နောက်ဆုံး စကားအထိ အားရစရာ ဘယ်ဘာစ်ကွက်မှ မရှိ။

ဒေါက်တာ သာဒင်ဆိုသော ဒေါက်တာ သာဒင်မှာ ပညာတော်သလောက် သဘော ဖြောင့်သည်။ စကားကိုတော့ ပရိယာယ်မသုံး ဝေဒနာကိုသာ ပရိယာယ်အမျိုးမျိုးနှင့် တစ်မျိုးပြီး တစ်မျိုး ကုတတ်သည်။ လူနာကိုသာ ဂရုစိုက်သည်။ လူနာရှင်တွေကိုတော့ ဘုကျကျ တိုတိုတုတ်တုတ် ပြောတတ်သည်ကို မြခင် စဉ်းစားမိသည်။ သူ့စကားမှာ အလွန့်အလွန် တတ်ကျွမ်းသော ဗေဒင်ဆရာကြီး တစ်ဆူကဲ့သို့ မခံချင်လို့ လှဲသေသေ ဟောမိမှဖြင့် မြောက်၍လည်း မဟော၊ ခြောက်၍လည်း မဟောသော တုံးတိ တဲ့တိုးစကားမျိုး ဖြစ်သည်။ ယခုမှသာ မြခင်၏ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ သောကတွေကို လူရင်းဖြစ်သည့်အားလျော်စွာ မကြည့်ရက် မရှုသာ၍ ခပ်ဖာဖာ ပြောသွားခြင်း ဖြစ်ကြောင်း မြခင် ကောင်းကောင်းကြီး ရိပ်မိနိုင်သည်။

''သူ စောင့်ကုနေလို့ အသက်ရှင်ဘက် ပါသာမယ်ဆိုရင် ခုနစ်ရက်၊ ခုနစ်ည အနားက မထဘဲ ကုတတ်တဲ့ လူကြီးပါ၊ အခုတော့.... ခုတော့....''

အသက်ပါ စကားများမှာ မြခင်၏ ပါးစပ်မှ ထွက်ပေါ်လာသော စကားများ မဟုတ်။ ဦးနှောက်ထဲမှ အပြင်သို့ မထုတ်ဘဲ တွေးလိုက်ခြင်းမျှသာ ဖြစ်သည်။ ဒါတောင်မှ ဆုံးအောင် ဆက်မတွေးဝံ့၊ ဇွတ်ဖြတ်ပစ်လိုက်ရသည်။

မြခင်သည် တဖျောက်ဖျောက်နှင့် မှန်မှန်ကြီး မြည်နေသော တိုင်ကပ် နာရီကြီးကို ကြောက်ကြောက် ရွံ့ရွံ့နှင့် မျက်စိ ခိုးကြည့်လိုက်မိသည်၊ နာရီလက်တံ နှစ်ချောင်းစလုံး အပေါ်ကို ထောင်၍ သန်းခေါင်အချိန်ကို ညွှန်ပြ နေကြသည်။

ဂျိုကာကလေးသည် ထွက်သက် ဝင်သက် လေက ယဲ့ယဲ့လေးဖြင့် သူ့အသက်ကို သူ ဆက်နေရရှာ သကဲ့သို့ အနားက မြခင်တွင်လည်း မမြင်ရသော သေမင်းနှင့် စစ်ခင်းနေရရှာသည်။ ဒီအထဲတွင် သူ့စိတ်နှင့် လည်း သူ တစ်ဘက်က နပန်း လုံးနေရပြန်သေးသည်။ မမြင်စကောင်း၊ မနိုင်စကောင်းသော ရန်သူကား နှစ်ယောက်တောင်မှ ဖြစ်သည်။ တစ်ဦးက သေမင်း၊ တစ်ဦးက သူ့နှလုံးသားထဲက မခံနိုင်အောင် သောင်း ကျန်းနေသည့် စိတ်။

ထိုအတွင်း ဂျိုကာကလေး၏အသက်ရှူသံမှာ ပို၍မြည်လာရုံမက မြန်လည်း မြန်လာပါသည်။ ထို အခြင်းအရာမှာ အသက်ရှူ၍ မဝသော အကြောင်း ဖြစ်သည်။

အိမ်အပြင်ဘက်သို့ ကြည့်လိုက် စမ်းပါဦး။ မိုးသက်တွေကလည်း ပြင်းလိုက်လေ၊ သဲသဲမဲမဲ ရွာရုံသာ မဟုတ်သေး၊ လေကလည်း တဝေါ ဝေါ ဟိန်းနေပြန်သေးသည်။ ဂျိုကာကလေး၏ အသက်ကို ပွဲတော် တည်ရန် သေမင်းက ရှစ်ခေါပဏီ ဟစ်ကြွေး၍ အပြေးလာကြသလို ထင်စရာ ကောင်းလှသည်။

အနိစ္စ–အမြဲ မရှိ။
သတ္တဝါဆိုတာ သခၤါရ။
လောကသုံးပါးစလုံး သခၤါရ။

ဟုတ်ပါသည်။ မြခင်လည်း သိဖူး ကြားဖူးပါသည်။ ပြောတော့ လွယ်လွယ်ကလေး ပေါ့တီး ပေါ့ဆ ရှိလိုက်လေ။ ထို သခၤါရ၊ ထို အနိစ္စဒဏ်ကို မြခင်တော့ ယခု ပက်ပင်းမှာ မခံနိုင်ရှာ။

သူ့ သားကလေး အသက် မဝ–တဝ ရှူနေသည်ကို မြင်တိုင်း သူ၏ ဝင်သက်ပါ အားမရနိုင်အောင် ဖြစ်လာတော့သည်။ သူ့ သား ကလေး ရင် ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေသလို သူ့ အသည်း နှလုံး တွေလည်း ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်လာတော့သည်။ ကြာကြာသာ ဒီလို ခံစားနေလျှင် အသည်း နှလုံး ဆိုတာ တစ်လုံးပြီး တစ်လုံး ဖုတ်ခနဲ ဖုတ်ခနဲ စဉ်တိုက် ကြွေကျတော့မည်ဟုသာ အောက်မေ့မိသည်။

''စိတ်မချ''

ဤ စကားကို မြခင် ခဏ ခဏ သုံးဖူးသည်။ မြန်မာစကားဖြစ်၍ မြခင် နားလည်ခဲ့သည်ဟု အထင်ကြီးမိသည်။ စင်စစ်မှာတော့ မြခင် ယခုမှ ထို မြန်မာစကား၏ အဓိပ္ပာယ် အမှန်ကို ကေန် ကေ သိလိုက်ရ သည်။ 'စိတ်မချ' ဆိုသည်မှာ လည်ချောင်းဝသို့ တက်လာသည့်စိတ်ကို

ဝမ်းထဲသို့ရောက်အောင် ချလို့ မရ၊ ဥပမာ သဘောအရ ပူဖောင်းကို ရေတွင် နှစ်သကဲ့သို့ တစ်ဆစ်မှမရ၊ ရေပေါ်သို့သာ တက်၍တက်၍ ကြွလာတော့သည်။

''ဂျိုကာ....ဂျိုကာ....သား သား....အို....သား‌ရဲ့''

အဲသလို သံကုန်ဟစ်၍ ပစ်အော်လိုက်ချင်သည်။ သူ့ရင်သွေးက ပက်လက်ကလေး။ မရှုနိုင် မရှိုက်နိုင်။ ဇောနှင့် နစ် နေသည်ကိုတော့ မကြည့်ရက်။ သို့သော် ကြည့်မနေ၍လည်း မဖြစ်သေး။

ဂျိုကာဟုအမည်ပေးထားသည်မှာ ဖဲထုပ်ထဲက ဂျိုကာကို အား ကျ၍ အထင်ကြီး၍ သူ့သားကလေးကို သူ ကင်ပွန်း တပ်ထားခြင်း မဟုတ်။ သူ့တစ်သက်ဘဝတွင် ပျော်စရာ အကောင်းဆုံးသော အစွမ်းကို ပေးနိုင်သူ တစ်မျိုးတည်းသာ ဖြစ်ခြင်းကြောင့် ဖြစ်ခဲ့သည်။

သားတို့ရုပ်ရည် သိတာမည်သား
ရေကြည်ချမ်းမြ တစ်ပေါက်ကျက
မိဘတို့ဝမ်း ငြိမ်းစတမ်း။

ဤစာကိုလည်း မြခင်ကြားဖူးသည်။ ဒါပေမယ့် ဒီအဓိပ္ပာယ်ကို ရှည် ရှည်ဝေးဝေး တွေးမနေ မေးမနေ။ သူ့သားကိုချစ်တာကတော့ သူ့ဝမ်းနာ သူသာသိသလို မြခင်သာ အသိဆုံး။ အိမ်မှု ဝေယျာဝစ္စ၊ လင်မှုရေးရာ၊ စီးပွားရေးရာ၊ လောကကြီးအတွင်းတွင် ရေးရာပေါင်း အသချေနှင့် နေ့စဉ်အမျှ သဘ်ပုဘ်နေခဲ့ရသည့်ကြားက ခြေကလေးကားရား၊ လက် ကလေး ကားရား စကားကလေး ဝူးဝူးဝဲဝဲနှင့် အသည်း စွဲအောင် လုပ်ပြဘသ်သည့် နေ့ကစ၍ အပျော်ကြီး ပျော်အောင် ဂျိုကာတစ်ယောက် တည်းက မြခင်ကို ပျော်တော်ဆက်ခဲ့သူ ဖြစ်လေသည်။

လောကမှာ ပြောကြတာ တစ်ခု ရှိသေးသည်။

''ရင်သွေးဟူက ချစ်မဝ။
လောကအားလုံး သားသမီးကို မုန်းသည်ဟု ထုံးမရှိ။''

အို....မမုန်းရုံ၊ မမုန်းတာမှ မဟုတ်ပါပါကလား။ ချစ်ထားလိုက် တာမှ နှစ်သို့သာနေပြီ။ မမုန်းရုံ မမုန်းတဲ့စိတ်ဟာ ဘာသာမရွေး၊ အမျိုး မရွေး၊ အရွယ်မရွေး ကိုယ့်ကို ဘေးမပေါ်စေတဲ့ သတ္တဝါတိုင်းကို မမုန်း ပေဘူးပေါ့။ မမုန်းဖို့ဟာ အလွယ်ကလေးရယ်၊ သားကလေးကျတော့ ဘာသာမရွေး၊ အမျိုးမရွေး၊ အရွယ် မရွေး ဆုံလောက်တဲ့ သဗ္ဗေသတ္တာ ထဲမှာ ချထား၍ မရ။ မြခင်၏ နှလုံးကြားထဲမှသာ အစဉ်အမြဲ ရှိနေ တော့သည်။

မြခင်၏ အနေတွးကို ကလေးက လှန်လိုက်ပြန်သည်။ ချောင်းကလေး တဟွတ်ဟွတ် ဆိုးလိုက်သည်မှာ ကိုယ်ကလေးပါ သွက်သွက်ခါ၍ သွားရှာသည်။ မျက်လုံးကလေး မှေးနေရာက အသက်ကို အားယူ၍ မျက်လုံးကလေး ပြူးလာအောင် ခဲခဲယဉ်းယဉ်း ရှူနေပြန်သည်။ ငိုနိုင်လည်း အားမရ။ မျက်နှာကလေးပင် မော့၍ အစွမ်းကုန် ကြိုးစား အားသုတ်ကာ အသက်ကလေး တစ်ချက်နှစ်ချက်ဆက် ရှူရနိုင်အောင် ပင်ပန်းနေပုံမှာ ထ၍ ခုန်ပစ်လိုက်ချင်အောင် မြခင် ထိတ်လန့်နေရသည်။

ထို့နောက် တဖြည်းဖြည်း ချောင်းအဆိုး ရပ်သွားတော့သည်။ ငြိမ်သည်ထက် ငြိမ်၍ သွားပြန်သည်။ လူသာ ငြိမ်သည်။ အသက်ရှူသံနှင့် အကြိမ်ကတော့ ပို၍မြန် ပို၍ ပြည်လာပြန်သည်။ ကြားမှာ ကိုးကွယ်ရာ မရှိ။ ကယ်နိုင်မည့်သူလည်း မရှိ။ မကယ်နိုင်တဲ့နှင့် အနားက ထိုင်ကြည့်နေရသော မိခင်၏ အ ရှစ်ကိုသာ မြခင်စက်ဆုပ်လာမိသည်။ သူအတတ်နိုင်ဆုံးကတော့ လက်ကလေးတွေ့ပြ ကလေးဟွကိုစောင်ထဲမှာနွေးနွေးထွေးထွေး ဖြစ်အောင် ပြုပြင်ပေးနေခြင်းမျှသာ ဖြစ်သည်။ ဒါတောင်မှ ဤသို့ လုပ်ပေးရခြင်းကြောင့် သူ့သားကလေး အဖို့ ကောင်းသည်၊ မကောင်းသည်ကိုဘာသိအံ့မည်။ မကောင်းတာ လုပ်ပေးမိမှဖြင့် အကျိုးနည်းရချည့်။ ကြားဖူးတာတော့ ရှိသည်။ သေခါနီး လူများ ယင်နားခံရတာတောင် အတော် တာဝန်လေးသတဲ့။

"အို...ဒါဖြင့် အမေ ဘယ်လိုဟာ လုပ်ပေးရက်တော့မှာလဲ သားရယ်"

"ငါ့သား သက်သာအောင် အမေ ဘာမှလဲ ဘယ်လိုမှလဲ မလုပ်တတ်တော့ဘူး"

မြခင်သည် ဤလိုသာ စိတ်တွင်းက ပြောပြလိုက်မိသည်။ ကလေးမှာ နောက်ဆုံး ချောင်းဆိုးပြီးကတည်းက လုံးလုံးကြီး ငြိမ်ကျသွားပြီး အသက်ပါ ဆွဲနုတ်သွားသလို ဖြစ်နေလေသည်။ မျက်နှာကလေးမှာ အစိုပြန်၍ မနှစ်သက်ဖွယ် ဖြူဖပ် ဖြူရော် ဖြစ်လာသည်။ မြခင်သည် အသားကလေးကို မစမ်းဝံ့ဝံ့၊ အရဲကိုးကာ ဇွတ်တိုး၍ စမ်းကြည့်လိုက်မိသည်။ နွေးသလိုလို အေးသလိုလိုသော အတွေ့ကို ခံစားနေရသည်။ မြခင် လက်က အကြောက်လွန်၍ ဖအေ ပြီး ကလေးအသားက နွေးနေတာလား။ ဒါမှ မဟုတ် မြခင်အသားက နွေးပြီး ကလေး အသားက အေးနေတာလားဟု ဖြုန်းခနဲ အမှန်ကို မသိလောက်အောင် ဦးနှောက်တွေ ချာချာလည်သွားလေသည်။

မြခင်လည်း တစ်ခဏချင်း ဟိုပြေးချဝ်သလိုလို သည်ပြေးချင်သလိုလို ဂဏှာမငြိမ်အောင် ဖြစ်သည်။ မငြိမ်ရုံမျှမဟုတ်၊ လှုပ်ရှားလွန်းအားကြီးလာသည်။ ဟစ်အော် ငိုယိုပြီး ကရွတ်ကင်းလျှောက် ဒုန်းပြေး လိုက်ရလျှင် သက်သာကောင်း သက်သာမည်ဟု ထင်လိုက်မိသည်။ ဒါပေမယ့် မြခင်၏ အားတွေ၊ မြခင် ကိုယ်တွင်းမှ သွေးစိမ်း ရှင်ရှင်တွေသည် ထစ်နေရာရာက ပေါက်၍ တရဟော ယိုဖိတ်နေသလို ခံစားနေရတော့သည်။ ထို့နောက် သူ့ပရိဒေဝကို သူ စဉ်းစားလိုက်မိပြန်သည်။

''အင်း... ဒီ ဒုက္ခဘွေဟာ ငါ လင်ယူမိလို့၊ လင်ယူမိလို့''

''လင် ယူမိလို့ ကလေး မွေးတယ်''

''ကလေးမွေးလို့ ငါပူရတယ်''

''အို--ဘယ်သူက ကလေးမွေးခိုင်းသလဲ''

''ဘယ်သူက လင်ယူခိုင်းသလဲ''

''ဟုတ်တယ်၊ ဟုတ်တော့ ဟုတ်တယ်။ အစတုန်းကတော့လင်သာ လိုချင်ရုံပဲ ရှိတယ်။ နောက်တော့မှ ကလေးရယ်လို့ ကိုယ့်ဝမ်းထဲမှာ အလိုလို ဖြစ်လာတာ''

''အို....အလွယ်ကလေးရယ်။ အလိုလိုဖြစ်လာတာကို နုနုကလေးတည်းက ဖျက်ဆီးပစ်လိုက်ပါတော့တဲ့။ အလကား ရုပ်ဆင်း သန့်ပျက်ဝန်အလေးခံပြီး ကိုးလလုံးလုံး တဝန်ဘပိုး ခံလာခဲ့ရသလား။ ဒီအထဲမှာ အစားရှောင်ရတာလဲ ရှိသေးဘယ်။ အနေအထိုင် ဆင်ခြင်ရတာလဲ ရှိသေးတယ်။ အဲသည့် ကရိကထတွေဟာ ကိုယ် ကျန်းမာဖို့လဲ မဟုတ်။ ကိုယ်ချမ်းသာဖို့လဲ မဟုဘ်။ သူ ကြီးပွားသထက် ကြီးပွားပြီး တစ်နေ့တခြား အပူပေးရအောင်လာတဲ့ သတ္တဝါကလေးမှန်းမစဉ်းစားမိဘူးလား''

''အို....ဒီလိုလဲ ဘယ်ဟုတ်မလဲ''

''ဘယ်လို မဟုဘ်ဘာလဲ''

''ဘယ်လို မဟုဘ်တာလဲတော့ မသိဘူး''

မြခင်သည် သူ့အမေးကို သူ့အဖြေနှင့် ပြေလည်အောင် ဖြေနိုင်စွမ်းအင် မမြင်ရှာပေ။ ထိုကဲ့သို့ ပြေလည်အောင် မဖြေရှင်းနိုင်လင့်ကစား၊ တစ်လောကလုံး ဘ..မှာ ကြည့်ကြည့် သူလို ဒဏ်ခံကြသည့် အပေါင်းပါတွေကိုတော့ အနှံ့အပြား မြင်နေရသည်။

''လူတွေလား''

''အို....လူတွေဆိုတာက ဘယ်လူ ဖြစ်ဖြစ် သိတတ်သောပညာ၊ ကြင်နာတတ်သော သဘောတရား၊ စဉ်းစား ဆင်ခြင်တတ်သည့် ဆင်ခြင်တုံကြောင့် မခုံမင်လောက်သေးပါဘူး''

''ဒါဖြင့် ဘယ်လိုဟာတွေလဲ''

''လူတွေက ယုတ်ညံ့သည့် ခွန်အားနှင့် အသား အသွေးသာ အသုံးဝင်သည်ဟု တစ်လောကလုံးက ဆုံးဖြတ်ထားကြတဲ့ တိရစ္ဆာန်တွေပေါ့''

''တိရစ္ဆာန်ဆိုတာ ဘာအဓိပ္ပာယ်လဲ''

''စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်းဆိုတဲ့ အလို သုံးခုသာ သိတတ်တဲ့ အကောင်တွေပေါ့။ အဲသည့် အကောင်တွေတောင် သူတို့သားကို သူတို့ ဖျက်ဆီးခြင်း၊ ဒဏ်လွတ်အောင်တစ်ကိုယ်ကောင်းကြံခြင်း မရှိကြဘူးလေ။ သူတစ်ပါးအသားကိုသာစားမျိုတတ်တဲ့သတ္တဝါတိရစ္ဆာန်တွေတောင် ကိုယ့်သား အတွက်တော့ကိုယ် ကရိကထနဲ့ အန္တရာယ်ခံပြီး ကြီးပွားအောင် စောင့်ရှောက် လာခဲ့ကြတယ် မဟုတ်လား။ ဒါတောင် အလို သုံးခုတည်း သိတတ်တဲ့ အကောင်တွေမို့ပေါ့၊ လူတွေလို အခုခေါင်း အရာအထောင် သိတတ်တဲ့ အစားထဲက ဆိုရင် ဘယ်ပြောဖွယ် ရှိတော့မလဲ''

''ဒါဖြင့်လဲ ကိုယ့်ဘဝ ကိုယ်ခံလေ''

''ခံမယ်....ခံမယ်၊ ငါ မသေမချင်း ခံသွားမယ်''

မြခင်သည် ပိုင်၍ စဉ်းစားနေရာကဇက်အံသေတော့မှ တစ်ဘက်သို့ သက်ပြင်းချရင်း စောင်းငဲ့လိုက်မိသည်။ ထိုအခါမှ တိုင်ကပ် နာရီကို သတိပြုမိပြန်သည်။ နာရီကတော့ သုံးနာရီ ဆယ့်ငါးမိနစ်။

သူ စဉ်းစားနေမိတာ ဒီလောက် ကြာသွားမှန်းမသိ။ အခုမှ သူ့တစ်ကိုယ်လုံး အေးလာရမှန်း သတိပြုမိတော့သည်။ မိုးလုံ လေလုံ အခန်းထဲတွင် ရာသီကြောင့်ပဲ အေးသလော။ သူ့ စိတ်ကြောင့်ပင် သူ့ကိုယ် အေးလာသလားမသိ။ သို့ပေမယ့် ဘယ်လိုကြောင့် အေးအေး၊ သူ ဂရုမစိုက်။ သူ ဂရုစိုက်လိုက်မိသော ပထမဆုံး အာရုံမှာ အိပ်ရာပေါ်က သူ့ကလေးသာ ဖြစ်လိုက်သည်။ ဂျိုကာ ကလေး၏ မျက်နှာမှာ ပြာနှမ်းနှမ်းပင် ဖြစ်လာချေပြီ။

''အမယ်လေး....သားရယ်၊ မသေပါနဲ့ဦး သားရယ်''

မြခင်သည် တစ်ကိုယ်လုံးက ရှိသမျှ အားတွေ မျက်လုံးတွင်း အကုန်သွင်း၍ ဂျိုကာကို ငုံ့ကြည့်ရင်း ကလေး နဖူးကလေး အရောက်သွား၍ နှုတ်ခမ်းကလေး တင်လိုက်မိသည်။ ထိုနှုတ်ခမ်းကလေး နှစ်ခု

မှာ အမြင်အားဖြင့် သေးငယ်သည်။ အချိန်အဘွယ်အားဖြင့် ပေါဆသည်။ သို့သော်....သို့သော် မြခင်၏ စိတ်မှာကား စကြဝဠာ အနန္တဆိုဘာလောက် မေတ္တာထု ကြီးကျယ်၍ ကရုဏာမှု လေးလံကြောင်းယုံမှား သံသယမှ မဖြစ်လိုက်။

ကလေး၏ အသားမှာ သူ့နှုတ်ခမ်းကလေးနှင့် စမ်းကြည့်မှ ခပ်နွေးနွေး အတွေ့ကို ဒိဋ္ဌ သိလိုက်ရသည်။ ယခင်ကလက်နှင့် စမ်းကြည့်မိဘာတွေသည် အကြောင်းမှန် မဟုတ်။

မြခင်သည် မယုံဘစ်ဝက် ယုံတစ်ဝက်နှင့် ပြန်၍ ကိုယ်ကို မတ်လိုက်ပြီးမှ စိန်းစိန်းဝါးဝါး ကြည့်နေမိပြန်သည်။ သူ နမ်းခဲ့ရသည့် နှုတ်ခမ်းကလေးနှစ်ခုမှာ ကြားက လေဝင်နိုင်လောက်အောင်ပင် စေ့ထားရုံနှင့် အားမရ။ နှစ်ခုစလုံး သွားနှင့် ဖိထားလိုက်သေးသည်။ မျက်လုံး နှစ်ဘက်မှာလည်း မျက်ရည်ဆို၍ ထွက်စရာမရှိတော့အောင် ခြောက်သွေ့ယောင်းနေပေပြီ။ အိပ်ပျက်ပေါင်းများစွာနှင့် အိပ်ပျက်ထားခဲ့ရသည့်သဏ္ဌာန်သည် သူ့မျက်နှာကလေး တစ်ပြင်လုံးပေါ်က အသားတွေကို ဆွဲနှုတ်သွားကြသည်။ သို့ပေမယ့် သူ မမော့မပန်း ငိုက်မျဉ်းတွေ ဝေခြင်း မဲ့ခဲ့၏။ အချိန်ကို သူက စောင့်ခဲ့ရသလော၊ အချိန်က သူ့ကို စောင့်ခဲ့သလော မပြောတတ်။

ဝေဒနာကိုသာ လက်နှင့် ယူလို့ရလျှင် မီးကျီးခဲထဲ ဖြစ်စေ လက်နှင့် စုံနှိုက်၍ ယူပစ်လိုက်မည် မုချ။ အခြားကို ပစ်၍မရ၊ လက်ခံမည့် ဌာန မရှိ၊ မတွေ့ဆိုပြန်ကလည်း သူ့ ပါးစပ်ထဲကိုပင် အလုံးလိုက် မျို၍ ကိုယ်တွင်းသို့ သွင်းပစ်လိုက်ပါတော့မည်။

တစ်အိမ်လုံးမှာ အပ်ကျတာကအစ ကြားရလောက်အောင် တိတ်ဆိတ်နေတော့သည်။ ကလေးကို ကြည့်လိုက်ပြန်တော့ အသက်ရှူသံမှုပင် မကြားရတော့။ မြခင်ကိုယ်တိုင်ကမှ သူ အသက်ရှူနေမိကြောင်း သူ ကိုယ်တိုင် မသိ။ ဝမ်းနည်းခြင်းနှင့် စိုးရိမ်ပူပန်ခြင်းတို့သည် တစ်ခန်းလုံးမှာ လေဟုန်စီး၍ နိမ့်ချည်မြင့်ချည် လွင့်ပါးနေတော့သည်။

မှန်တံခါးအပြင်ဘက်မှ မီးခိုးရောင်လဲ့လဲ့ကလေးသည် အခန်းတွင်းက မီးရောင်ကိုဝင်၍ ပမာမခန့် လုပ်စပြုလေပြီ၊ ငှက်ကလေးတစ်ကောင်စ နှစ်ကောင်စ ကျာကျာကျီကျီ အော်မြည်သံ ကိုကြားလိုက်မိချေပြီ။ မိုးသံလေသံလည်း ကင်းသွားပြီကို ယခုမှ သတိရသည်။

''အို ...အရုဏ်တောင် လာပါပကော''

မြခင် အလွန့်အလွန် ဝမ်းသာသွားသည်။ အလွန့်အလွန်ရဲတင်းသွားမိသည်။ တကယ်ပြောရလျှင် ညကြီးမင်းကြီး မှောင်ကြီး မည်း

ကြီးထဲတွင်သာ ပို၍ ကြောက်သည်။ ပို၍ စိုးရိမ်မိသည်။ လင်းလာပြီ ဆိုမှတော့ သတ္တိ အများကြီး ပေါ်ပေါက်ခဲ့ရသည်။

နောက်တစ်ကြိမ် ဂျိုကာကလေးကိုငုံ့ကြည့်လိုက်သည်။ဤတစ်ခါ ငုံ့ကြည့်ရလည်း အကြည့်မှာ ဘာပဲဖြစ်ဖြစ် ကြည့်ဝံ့သလိုလို ရှိသည်။ သေမင်းဆိုတာ ညမှပဲ လာတော့မလားဟု သူမ တွေးမိ၍ မဟုတ်။ တွေးတော့ တွေးမိပါသေးသည်။ ဒါပေမယ့် မနက် မိုးလင်း မြင်မြင် ထင်ထင်မှ လာရင်တော့ ထင်ထင်ရှားရှားမို့ အကြိတ်အနယ် ခုခံနိုင်ဦး တော့မလိုလို သူ့စိတ်က သူ့ကို လိမ်လိုက်ခြင်းမျှ ဖြစ်သည်။

ထို့ကြောင့် တဖြည်းဖြည်း ဆိုပေမယ့် သုံးနာရီလောက်က နမ်းသည့်အရှိန်ထက် ရဲတင်း လျင်မြန်စွာ ဂျိုကာ၏ နဖူးကို နှုတ်ခမ်း ကလေးနှင့် နမ်းကြည့်လိုက်မိသည်။ နွေးနွေးကလေး။

သုံးနာရီ အချိန်လောက်ကထက် ပို၍ နွေးလာသယောင်ယောင်။

အို...သယောင်ဓယာင်ဆိုတဲ့ မတင်မကျ စကားကို ဖြုတ်၍ ငုံ့ပြီး နွေးလာပြီဟု တစ်ထစ်ချ သူ့ဘာသာ သူ အဝင်းဆုံးဖြတ်လိုက်သည်။ ဒါတွင်မျှ မဟုတ်။ စောစောက ရင်ဘတ်ကလေးပေါ်သို့ နားအပ်၍ မကြည့်ဝံ့သည်ကို ယခုတော့ အပ်ကြည့်ဝံ့အောင် သတ္တိရှိလာသည်။

အသက်ကလေးတော့ ရှူနေသည်။ ရှူနေသေးသည်။ တစ်ခါ တစ်ခါ မြန်လိုက်၊ တစ်ခါတစ်ခါ နှေးလိုက်။ အို....ဘယ်လိုပဲ ရှူရှူ ရှူချင်သလိုသာ ရှူ၊ ရှူရင် ပြီးရော။ ကျေနပ်ပြီ။

ရင်ဘတ်ကခွာ၍ မျက်နှာလေးကို သေသေချာချာ ကြည့်လိုက် ပြန်ပြီ။ စောစောက ပြာနှမ်းနှမ်း အရောင်ကလေးတွေ လွင့်ပါး၍ ဖျော့တော့သော နှင်းဆီဖြူကလေး အသွေးသောက်တော့ မီလာပါပြီ။ သုံးနာရီခွဲအချိန်လောက်က ပြာနှမ်းနှမ်းနှင့် အဖြူမှာ အမင်္ဂလာ အဖြူ။ ယခု နွမ်းလျလျ အဖြူမှာ ဘယ်လိုပင် နွမ်းနွမ်း အမြင် ချမ်းသာသော မင်္ဂလာ အဖြူ ဖြစ်သည်။

"မိုးမင်းကြီးရယ် မြန်မြန် လင်းပါတော့၊ ထွက်ပါတော့"

မြခင် မိုးလင်းစေချင်သည်မှာ အခြားကြောင့် မဟုတ်။ မြင်မြင် ထင်ထင်နှင့် သူ့ သားကလေးကို ရင်ခွင်တွင် ပွေ့ပြီး သေမင်း လိုက်မမီ အောင် စကြဝဠာတစ်လျှောက်လုံး ဒုန်းပြေးချင်၍ ဖြစ်တော့သည်။

"ရင်ခွင်တွင် မိုက်ပြေးရမယ်ဆိုလို့ ငါ သတိရမိသေးတယ်"

"ငါးရာငါးဆယ်ထဲက တိသနိပါတ်ဇယဒိသ ဇာတ်ပေါ့။

ကဝိလတိုင်း ဥတ္တရပဉ္စာလမြို့မှာ ပဉ္စာလမင်းကြီး မိဖုရားရဲ့ သားကလေးပေါ့။ ရှေးဘဝဘဝက ရန်ဆက်ဖြစ်ခဲ့လို့ သား မွေးတိုင်း

လာလာစားတဲ့ ဘီလူးမကြီးဟာ အဲသည့်ကလေးကိုလဲ စားဖို့ လာခိုး တယ်ဆိုပဲ။

အစောင့်အရှောက်နဲ့ ဆရာသမားတွေက ဘီလူးမ လာခိုးတာ သိတော့ အဘင်းလိုက်ကြတယ်။ ဒီလို လိုက်လို့ တစ်ထိုင်တည်း မစားနိုင် တဲ့အခါ ဘီလူးမက ကလေးကို ရင်ခွင်ပိုက်ပြီး ယူပြေးရတာပေါ့။

အဲ့သလို ရင်ခွင်ပိုက်ပြီး ပြေးရတဲ့အခါ ကလေးက နို့းပြီး ဘီလူးမရဲ့နို့ကို သူ့အမေနို့အမှတ်နဲ့ စို့တော့ဘာပါပဲ။ ဒီအခါမှာ ဘီလူးမကလဲ နို့ကို မချွတ်နိုင်၊ ချွတ်လိုက်လို့ ကလေးငိုရင် လိုက်လာတဲ့ လူတွေကို အသံပေး ခေါ်သလို ဖြစ်သွားမှာ စိုးတဲ့အတွက် ငြိမ်ခံပြေး နေရတာပေါ့။

အဲသလို ပြေးလို့ လူတွေရဲ့ ဘေးရန်ကင်းတဲ့ နေရာလဲ ရောက် ကရော သူ့အသက်နဲ့ရင်းပြီး ခိုးပြေးလာခဲ့ရတဲ့အစာကို မစားရက် တော့ပဲ သားတမျှ ချစ်ရရှာပါရော။

အင်း.... ဒါတောင် ဝမ်းနဲ့ မလွယ်ဘဲ သူ့သွေးဖြစ်တဲ့ နို့ကို လမ်းမှာ စို့သွင်းလာခဲ့တဲ့ အကြောင်းကြောင့်ပေါ့။ ဒါကြောင့် ငါ့သား ဂျိုကာလေးအတွက် ငါ ပူရဘာ ငါ ပူထိုက်တယ်။ ပူသင့်တယ်။ အို.... နောက်လဲ ပူရဦးမှာပဲ''

မြခင် စဉ်းစားနေဆဲတွင် အိမ်ခေါင်ရင်းဘက်က အခန်းတံခါး ကြီး တဖြည်းဖြည်း ပွင့်လာသောကြောင့် မြခင် လန့်၍ တုန်လှုပ်သွား တော့သည်၊ သူ့သားကလေးကို ယူဖြစ်အောင် လာယူတဲ့ ရှင်သေမင်း ရယ်။

''မြ....မြ ကလေး ဘယ့်နှယ် နေသေးသလဲ''

ထိုအသံကြားမှ သူ့ယောကျ်ားမှန်း သူ သတိရတော့သည်။

''အမယ်လေး....နေနိုင်ပါပေရဲ့ ကိုဝင်းရယ်၊ တစ်ညလုံး မြ တစ်ယောက်ဘည်း။ ဒါကြောင့် 'မာတာ' ပြီးမှ 'ပိတု'၊ 'မိ' ပြီးမှ 'ဖ' လို့ ဆိုကြတာပေါ့နော်''

မြက ဝမ်းနည်း ပန်းနည်း ငိုချလိုက်တော့မလို ဖြစ်သွားသေး သည်။

''အို....မြ ကိုယ်လဲ တစ်ညလုံး ဘုရားရှေ့မှာ ပုတီးစိပ်ပြီး ဆုတောင်းနေရတာလေ၊ ဒေါက်တာ ပြန်သွားသွားချင်း ငါတော့ ဘုရားကုပဲ ကုတော့မယ်ကွယ် ဆိုပြီး ဘုရားခန်းထဲ ဝင်သွားတာ မင်း အသိသားနဲ့ကွာ''

မောင်ဝင်းက ဝမ်းနည်းသံနှင့်ပင် သာယာညင်းပျောင်း အယူခံဝင်ရှာရင်း မျက်စိက ဂျိုကာကလေး ရှိသည့်နေရာသို့ မကြည့် ရက်ရက် ကြည့်ရက်ရက် လည်ပင်းကြီး ရှည်ထွက်လာအောင် မျှော်ကြည့်လိုက်သည်။

'ဟုတ်ပေသားပဲ' မောင်ဝင်းခမျာ၏ လက်တွင် စိပ်ပုတီးကြီး တစ်ကုံးလုံးပါလာသေးသည်။ သူသည် ဆရာဝန်၏ စကားကို အားမရ၍ နောက်ဆုံး ကိုးကွယ်ရာကို ရှာခဲ့သည်။

''မြခရ....ကိုယ်တော့ ဘုရားပဲ ဖက်ရတော့မှာပဲ ''ဟု ပြောပြီး ဘုရားခန်းထဲသို့ ဝင်သွားခဲ့သည်ကို မြခင်ကိုယ်တိုင် မှန်နေ၍ မေ့သွားခြင်း ဖြစ်သည်။

ဟုတ်သည်။ မြခင် လင်ကို တစ်ညလုံး မေ့နေမိသည်။

လောကပေါ်မှာ တစ်ညလုံးလုံးအဖို့ သူ့သားကလေးနှင့် သူနှစ်ယောက်တည်း၊သာပဲ ဒုက္ခခံနေတော့ သလို မှတ်ခဲ့မိသည်။

'လင်နှင့်သား–သားနှင့်လင်' တကယ်ဆိုရင်တော့ လင်ကို ချစ်လို့ သားကို မွေးခဲ့ရပါသည်။ သို့ပေမယ့် သားရတော့ လင်ကိုတောင် မေ့နိုင်ခဲ့သည်။ သားဇောကြောင့် လင်ကို မေ့သလို လင်ဇောကြောင့် သားကို ဘယ်တုန်းကမှ မမေ့ခဲ့။

သားငယ်နှင့်လင် ယှဉ်လိုက်တော့ သားကို အားကိုး၍ သားကို တိုးကာ သက်ညှာကြင်နာ၍ လင်ကို မေ့ရသည်။ သားလောက်မှ တန်းတူ အချစ်မခံရတဲ့ လင်ခမျာ သနားစရာပဲ ကောင်းသေးသည်။

သူ့ခမျာလည်း သူတတ်နိုင်သည့် ဘက်က အစွမ်းကုန်သာတူညီမျှ မရိဒေဝကို တစ်ညလုံး ခံစားနေရှာပေမည်။ ယောကျာ်းဆိုတာကတော့ စိတ်ခိုင်ခံ၍ ဘုရားကို သတိရသည်။ မြခင်မှာတော့ မိန်းမပီပီမျက်ရည်ကိုသာ အားကိုးလျက် သူ့မျက်မှောက်တွင်သာ သူ့သားကို သူ မြင်နေချင်ခဲ့သည်။

သို့သော် မြခင် တစ်ခုတော့ အမြတ်ရလိုက်ပါပြီ။ ကိုယ်တွေ့ကြုံ၍ ယုံရပါပြီ။ ကိုယ်တွေ့ခံစားရ၍ ကိုယ်ချင်းစာ တရား ထားနိုင်ပါပြီ။

''ဩော်... မိဘ''

ထိုစကား သုံးလုံးပင် ဖြစ်တော့သည်။ စကားကလေးမှာ သုံးလုံးတည်းမို့ နည်းလွန်းသည်။ သို့ပေမယ့်....သို့ပေမယ့်....

မြင့်မိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်....

အို....ဒီစာတွေ ရွတ်ကောင်းတဲ့ လင်္ကာတွေ ဘေးချိတ်လိုက်ပါတော့၊ မြခင်တော့ အတုံးလိုက် အတစ်လိုက်၊ သိလိုက်ရပြီ။ရွတ်၍ အစဉ်ပြေသော စာတွေ့ထက် နိုးလိုးခုလု ငါတွေ့က ပို၍ အရသာရှိသည်။ ပို၍ ထိခိုက်သည်။ ပို၍ပို၍ နောင်တရမိသည်။

"မောင်ရေ....မောင်ရေ... မြ ဝမ်းနည်းလိုက်တာ မောင်ရယ်" ဟု ပြောပြောဆိုဆို မြခင်က ဒီတစ်ခါတော့ ပွင့်ပွင့်လင်းလင်း ငိုချလိုက်တော့သည်။

"ဟင်....ကလေးဆုံးပလားကွာ"

မောင်ဝင်းက မချိတရိ အသံတုန်တုန် ယင်ယင်နှင့် မေးလိုက်သောကြောင့်—

"ကလေးမဆုံးပါဘူး၊ မြ မိဘတွေ ဆုံးကုန်လို့"

(ဤဝတ္ထုဖြင့် ကျွန်ုပ်၏ မိဘကိုသာမက ကမ္ဘာပေါ်ရှိ မိဘတိုင်း၏ ဂုဏ်ကို ဦးခိုက်ပါသည်။)



## အမေစားရသောထမင်းတစ်နပ်

ကမ္မဋ္ဌ၊ ကံကိုလည်းကောင်း၊ ကမ္မဖလဋ္ဌ၊ ကံ၏ အကျိုးကိုလည်းကောင်း၊ သဒ္ဓဟိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍....

ဤသို့ဖြင့် ကျွန်ုပ်တော် ယုံကြည်နေသော ကံကိုပင် တစ်နည်းတစ်သဘောအားဖြင့်တော့ ယုံကြည် စိတ်ချ၍ မဖြစ်ပါချေ။

အဘယ်ကြောင့် ဆိုသော် ၎င်းကံသည် တစ်ဘဝတည်းတွင်ပင် ကမောက္ကမ အမျိုးမျိုး မျက်လှည့်ပြတတ်သောကြောင့်ပင် ဖြစ်၏။

သတ္တဝါပါမွှားကို အပထား။ ကုသိုလ် အကုသိုလ်(ကံ)တို့ကို အကြွင်းမဲ့ ပယ်ပြီး လွန်မြောက်ပြီးသော ဘုရားရဟန္တာသော်မှ ကံဆိုသော ကံက လောကဓံ အဖြစ်ဖြင့် မျက်လှည့် ပြတတ်ပါသေးသည်။

ယနေ့ လူနတ်ပြဟ္မာတို့က သဒ္ဓါရိုကျိုး ရှိခိုးပူဇော်၍ ကောင်းချီးပြုခြင်းကို ခံရသော မြတ်စွာဘုရားသည် နောက်တစ်နေ့ မာဂဏ္ဍီမိဖုရား၏ ခိုင်းစေချက်ဖြင့် အရက်သမားတို့၏ အော်ကျယ်ဟစ်ကျယ် မြို့

အလယ်တွင် ဆဲရေးဆိုခြင်းကို ခံရပြန်သည်။ ထို့အတူ ယနေ့ နတ်သုဒ္ဓါ ဆွမ်းကို ဘုဉ်းပေးရပြောလည်း တစ်နေ့တွင် ဝေရဉ္ဇပုဏ္ဏားရွာ၌ ဆွမ်း အငတ်ခံရသည်။

လောကဓံဟူသည် မည်သူ့မှ မကင်း၊ လူအမျိုးမျိုး အဆင့်အတန်း အမျိုးမျိုး၌ ချမ်းသာဆင်းရဲ ဒွန်တွဲ၍ နေတတ်သည်။

ကျွန်တော့်ဘဝတွင် 'သုခ' ဟူသော ကလောင်အမည်ကို 'ငုက္ခ' နှင့် နပန်းလုံး၍ ယူနေရသော အချိန်က ဖြစ်လေ၏။ ရန်ကုန်မြို့ပေါ်တွင် ငတ် တစ်လှည့် ပြတ်တစ်လှည့် ဘဝစ်ကား လ'ခြားမှ မစီးနိုင်၍ ဆူးလေ ဘုရားနှင့် အလုံ၊ ကြည့်မြင်တိုင်ကို ခြေလျင်တစ်လှည့်၊ ကုန်းကြောင်းတစ် လှည့် လျှောက်နေရသော အချိန်တွင် ကျွန်တော့်မိခင်တွင်လည်း ဇာတိ ရပ်ရွာ၌ မနက်ခြောက်ချက် ညခြောက်ချက် ထမင်းကို အလျင်မီအောင် မနည်း ချက်နေရသည့် ကာလ ဖြစ်လေသည်။

ရင်းနှိုင် နှိုင်းနှိုင် အိမ်ပိုင်ရာပိုင် ဆိုင်ကြီး ကနားကြီး အခြေ အနေမှ မိခင်ကြီးအား လောကဓံက မျက်လှည့်ပြလိုက်သည်မှာ ယုံနိုင် စရာ မရှိ။

ရှင်ပြုတုန်းက ရွှေထီးဆောင်းရသည်ကို ပြောရမည် ဆိုလျှင် ကျွန်တော် ဆယ့်နှစ်နှစ်သားလောက်က ရှင်ပြုပွဲကြီး ခြိမ့်ခြိမ့်ယင်လိုက် ပါသည်။ အကမ်းအလှမ်းပွဲလမ်း မဏ္ဍပ် ပရိသတ်ဗိုလ်ပုံ အလယ်တွင် ကျွန်တော့် မိခင်ကား စိန်နားကပ်ကြီး တစ်ဝင်းဝင်းနှင့် သာသနာ့ ဒါယိကာမကြီး အဖြစ် ပေါ်လွင် ထင်ရှား ခဲ့လေသည်။

'အောင်ပါလေ သပြေညိုဆိုတဲ့ ပန်းရယ်နဲ့ ရေခွမ်းကိုလောင်း' ဟု မဏ္ဍပ်အဝင်ဝက စည်တော်ကြီး ရွမ်းနေသလို ကျွန်တော့်ကိုမွေး၍ 'ယောကျ်ားကလေး' ဟု သိခဲ့ရသည့် အချိန်ကစ၍ ရည်မှန်းကြိုးစားခဲ့ရ သော သာသနာ့ ဒါယကာ သာသနာ့အမွေခံ ဂေါလ်ကြီးသည် ယနေ့ ပြီးစီး အောင်မြင်လေပြီဟု ပီတိ ဖြစ်နေပုံရသည်။ သာသနာကို သဒ္ဓါ သေန္ဓ ဖြစ်ပေါ်သည့် ကြားက လောကီ ပကာသန မော်ကြွားရသည့် အပြုံးကလည်း မိခင်ကြီး နှလုံးကို လေးခွ နေချင် နေပေလိမ့်မည်။

မိခင်ကြီး၏ စေတနာကိုတော့ တင်ပြနိုင်စွမ်း ကျွန်တော့်မှာ မရှိပါ။ ကိုရင် အသစ်စက်စက်ဖြစ်ခဲ့ရသော ကျွန်တော်၏ အမူအကျင့် တို့ကိုတော့ ကျွန်တော် ဖော်ပြနိုင်ပါသည်။ ဖွယ်ဖွယ်ရာရာ အမွှန်အမြတ် ချက်၍ ပို့သော ဆွမ်းကို ဆရာတော်ကြီး၏ ပွဲဒကျ ကျွန်တော်စား၏။ သို့ကလို မြိန်ရေရှက်ရေ ဆွမ်းစားပြီးသောအခါမှ ကျွန်တော်၏ တစ်နေ့ တာ လုပ်ငန်းကို စပါတော့သည်။

ဦးစွာသထား ကျောင်းဝင်းအတွင်းက သိမ်ထဲသို့ သွားသည်။ သိမ်တွင်းသို့ ကျောင်းက ခွေးတွေကို (အခြားသော ကိုရင်ကလေးများနှင့် ပူးပေါင်း၍) သွင်းသည်။ ထို့နောက် သိမ်တံခါးကိုပိတ်၍ ကြာပွတ်ကိုယ်စီနှင့် 'ဆပ်ကပ်'ပြတမ်း ကစားကြလေသတည်း။ သက်နိုး ဖိုးရိုးဖားရား ကြာပွတ် တစ်ရွှမ်းရွှမ်း မောပန်းသောအခါ ချောမွေ့နေသော သိမ်ဘွင်းက သမ သလင်းတွင် ဂေါ်လီ လိုမ့်ကြပြန်လေသည်။ ညနေ နေသာသာကလေးမှာတော့ သန့်ရှင်းကျယ်ဝန်းသော ကျောင်းပရဝုဏ်ထဲတွင် သံဂွေ အလိုမ့် ပြိုင်ရတာလောက် ပျော်စရာကောင်းသည်ကား ကိုရင်ဘဝနှင့် ထူးခြားခြင်းတစ်ခု ဖြစ်လေသည်။

နေဝင်ရိုးရီတွင် မိခင်က သံဃာကုန်လာ၍ ကပ်သော ဘိလပ်ရည်ကို အပန်းဖြေသောက်ရပြန်လေသည်။ ညဦးပိုင်းတွင်ကား မိခင်က ဝှက်၍ပေးထားသော ကိတ်မုန့်များဖြင့် ဝမ်းသမုဒ္ဒရာ အူဂင်္ဂါကို ဖြည့်ရသည်။ စာကယ်ဆိုတော့ ကျောင်းတိုက်တွင် စည်းကမ်းသေဝပ်ခဲ့သော သာမဏေကောင်း ကလေးတချို့ပင် ကျွန်တော်နှင့်ပေါင်း၍ ကောင်းကောင်းကြီး ပျက်စီးခဲ့ရလေသည်။

ကျွန်တော့် မိခင်တွင် ကျွန်တော့်အား ရှင်ပြုရကျိုး အဘယ်မျှနပ်ခဲ့ပါသနည်း။ ကျောင်းထိုင် ဆရာတော်ကြီးပင်လျှင် ကျောင်းအမသားမို့ နားမျက်စိ မှိတ်တော်မူရသော ဟူ၏။

"ခဏတစ်ဖြုတ် သက်နိုးဆီးတာ ပျော်သလို နေပါစေကွာ" ဟု အထူးအခွင့်အရေးပေးတော်မူသော ဆရာတော်ဘုရားအား ကျွန်တော့်မိခင်က လွန်စွာ သဒ္ဓါကြည်ညို၍ ဒါတဗ္ဗဝတ္ထုအစုစုတွေ ကျောင်းအရောက် ပို့ပေး၏။ ဒါတောင်မှ ခုနစ်ရက် မပြည့်ခင် ကျွန်တော့်အား သနားလှချည့်ဟု မိခင်က ရှင်လိင်ပြန်စေတော့သည်။ အာဂ ကျွန်တော်ပါတည်း။

ဘုရားလက်ထက်က တိဿသာမဏေတို့များ ခုနစ်နှစ်သားနှင့် ရဟန္တာတောင် ဖြစ်သေးသည်ဟု ယင်းဆရာတော်ကြီးက ကျွန်တော့်ကို ရှင်ပြုစဉ်က တရားဒေသနာ ချီးမြှင့်တော်မူခဲ့သေးသည်။

ဤအကြောင်းများကို ပြန်ပြောင်း၍ သတိရစေသောအချိန်ကား အစကို ပြန်ကောက်ရမည်ဆိုလျှင် စာရေးဆရာ လုပ်စားမည်ဟု ရန်ကုန်သို့ ထွက်လာကတည်းက ဆင်းရဲနေရချိန် ဖြစ်လေ၏။

ကိုသုခ

ခင်ဗျားမှာတော့ ရန်ကုန် ရောက်ပြီး စာရေးဆရာကြီး ဖြစ်နေလို့ ကျုပ်တို့ကို မေ့နေပြီလား၊ ခင်ဗျားတို့ ကျုပ်တို့ ဆောင်ရွက်နေတဲ့ ဒုလ္လဘအသင်းက ဒုလ္လဘ ရဟန်းခံဖို့ အောင်ပါလေပေါက်မဲထဲမှာ ခင်ဗျားတစ်ယောက် ပါနေပြီ၊ အဲဒါ... ကိုယ့်မြို့ကိုယ်ခဏပြန်ပြီး ရဟန်းခံပါလားဗျာ။ ပရိက္ခရာရော၊ ရဟန်းဒကာရော အဆင်သင့် ဖြစ်ကုန်ပြီ။

နောက်တစ်ခု အကြောင်းထူးတာ ပြောရဦးမယ်။ ဒီနှစ်လို သာသနာရေးမှာ အောင်မြင်တာမျိုး မကြုံဖူးခဲ့ခြင်းပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ စက်သေဌေး ဦးသာဒွန်းကြီးတို့က အစ အားကျဂုဏ်ပြိုင် သာသနာ့ဝန် ထမ်းကြမယ့် မြို့မိမြို့ဖ မြို့မျက်နှာဖုံးတွေကရော။ ရုံးအရာရှိတွေရော။ ကုန်သည်ကြီးတွေရော။ လက်လုပ်လက်စား ခင်ဗျားတို့ ကျွန်တော်တို့ပါ ဆိုရင် ရဟန်းပေါင်း ငါးဆယ်လောက် ရှိလိမ့်မယ်။ ဒီအထဲမှာ စာရေးဆရာကြီး တစ်ယောက်အနေနဲ့ ခင်ဗျားလဲ ပါစေချင်တယ်ဗျာ။ လာဖြစ်အောင် လာခဲ့ပါ။ ကျုပ်တို့ အားလုံး မျှော်နေတယ်....။

ဘထွေး

ကျွန်တော့်ထံ အထက်ပါ စာတစ်စောင် ရောက်ခဲ့သည်။ ကိုဘထွေး ဆိုသူမှာ ကျွန်တော် ချမ်းသာဆင်းရဲ ဘာဝထဲတွင် အမြဲ ခင်မင်အားပေးနေသော မိတ်ကောင်း ဆွေကောင်း တစ်ဦး ဖြစ်ပါသည်။ စာရေးဆရာ ပေါက်စကို သူများက အထင်မကြီးစေကာမူ သူကတော့ အထင်မသေးဘဲ သူပိုင် စာပုံနှိပ်တိုက်ကလေးမှာ နေ့စဉ် ညှော်ခံ၍ ငွေကြေးအထောက်အပံ့က အစ ကျွန်တော့်ကို ကူညီခဲ့သည်။ အသင်းအပင်းမှန်သမျှ သာသနာရေးရာက စ၍ အရပ် ဇာတ်အသင်းအဖွဲ့အထိ သူကကော်မတီဆိုလျှင် ကျွန်တော်က အတွင်းရေးမှူး။ ခပ်တိုင်းငန် ပဲခူးဆား လုပ်ခဲ့ကြသည်။ ရပ်ကျိုးရွာကျိုး ဆိုလျှင်လည်း သူနှင့် တပူးတွဲတွဲ။ မြို့နယ်များ၏ ဓမ္မတာဟု ဆိုရမည်လော မသိ။ အထက်ပါ စာကိုလက်ဝယ် ရရှိစဉ်က ကျွန်တော် ကဲ့သို့သော စာရေးဆရာကြီး သုခမှာ မိတ်ဆွေတစ်ဦး အိမ်တွင် ကပ်ရပ်နေရသော အခါသမယ ကောင်းကြီး ဖြစ်နေသည်။ မြို့မကျောင်းသားကလေးများ ဖြစ်ကြသော မိတ်ဆွေ

ကြီး၏ သားငယ် သမီးငယ်တို့ကို ကျွန်တော်က မြန်မာစာ ကျောင်းစာ ပြသပေးရင်းက ထမင်းနှစ်နပ်ကို အမှတ်တမဲ့ အချောင် စားနေရဆဲ ဖြစ်၏။

ရဟန်းခံမည်ဆိုတော့ ရှင်ပြုတုန်းက အကြောင်းတွေ စဉ်းစား မိခြင်း ဖြစ်ပါသည်။

''သံသာရ ဋ္ဌေ ဒုက္ခတော မောစနတ္ထာယ''ဟု ကျွန်တော့် မိခင် ကငွေအကုန်အကျခံပြီး ရှင်ပြုစဉ်က ကျွန်တော်၏ မပီမသ ကလေး သဘာဝ ဆိုခဲ့ရသည်ကို သတိ ရမိလိုက်သည်။ ထို့နောက် ဆပ်ကပ် ပြပုံများ၊ ခွေလှိမ့်ပုံများ၊ ကျောင်း၌ သာမဏေကလေးများကို အနိုင် ကျင့်ခဲ့ပုံ၊ မုန့်မျိုးစုံကို ဝိကာလဘောဇနာခဲ့ပုံများ၊ ထို့ထက် သံသရာ ဆိုတာ ဘာဟူ၍ ရိပ်ဖမ်း သံဖမ်းမှ မသိ၊ ကျွတ်ချင် လွတ်ချင်တာလဲ နတ္ထိ၊ ကွမ်းကာသာဝံဟု သက်န်းအပ်၊ သက်န်းပြန်တောင်း၊ ဘုန်းကြီး နှင့် အပေးအယူ ပြုလုပ်ကာ ရှင်ပြုတမ်း ကစားခဲ့သည့် ကိုယ့်အဖြစ် အမှန်ကို ကိုယ်ပြန်၍ မထိမ်မချန် စဉ်းစားကြည့်မိသည်။

ထိုစဉ်က ရှင်ပြုဖိတ်စာ ရွှေစာလုံး ဝင်း ဝင်း ဝါ တို့မှာ ကား တေဘူမက သံသရာက မဂ္ဂင်ဖောင်ကြီး စီး၍ အပြီးတိုင် ထွက်ချင်လှ သော သမ္မာဆန္ဒ။

''ငါ့အမေသည် ငါ့ကို မှီ၍ ညောင်ပင်ကြီးလောက် အကုန်ခံပြီး ရင်းနှီးခဲ့ရာသည်ကား ညောင်စေ့လောက်မှ (ငါ့အတွက်ကြောင့်ဖြင့်) အကျိုး ရခဲ့လိမ့်မည် မဟုတ်။ ရှင်သာမဏေတို့၏ အပြုအမူ စိတ်နေ သဘောထား ကျင့်ဝတ်သိက္ခာ ဟူ၍ စိုးစဉ်းမျှ မတည်ရှိခဲ့။ အလဟဿ အချည်းနှီး ဖြစ်ခဲ့လေစွ။''

ဤသို့ဖြင့် ရှင်ပြုစဉ်က အပြစ်အဆာတို့ကို ရဟန်းဘဲ၏ ဝိနည်း သိက္ခာတို့ဖြင့် ချေချွတ် ကယ်တင်ရန် ကိုယ့်မြို့ကိုယ် ပြန်ခဲ့ရသည်။

အံ့ဖွယ်ရှစ်ဖြာ သာသနာဝယ် ပျက်တီး ပျက်ချော် သူငယ်တော် သာမဏေ အဖြစ်သို့ ငွေ သုံးလေးထောင် အကုန်ခံ၍ ပြုခဲ့သော ကျွန်တော့် မိခင်မှာ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘောဟု နှလုံးရော သည်း ပွတ်ပါ သဒ္ဓါ ကြည်ညိုစွာဖြင့် ကျွန်တော် ရဟန်းပြုသည့် အခါတွင် ကား ပဉ္စင်း အမ အဖြစ်ကို ထား၍ ပရိက္ခရာ တစ်ပါးမျှပင် ကုသိုလ် ပါဝင်နိုင်ခြင်း မရှိရှာပေ။ လောကဓံကား ဤမျှ ပြက်ရယ် ပြုဘိသည်။

ပုပ္ဖာရုံကျောင်းတိုက်ဟူသော အမည်သည် တင်း ကျပ် သော ဝိနည်း သိက္ခာများ ဆောင်ရွက်ရာ ကျောင်းကြီး ဝိဟာရကို အတူး ပြု နေသည်။ ဆရာတော် ဘုရားကြီး၏ ပြတ်သား ရဲဝံ့သော အယူအဆ

များကို မြို့နေ ဒကာ ဒကာမများ ကြောက်ရွံ့ ရိုသေ ကြရသည်။ တစ်ခါ တစ်ရံ ကျောင်း ပရဝုဏ်အတွင်းသို့ ဥပုသ်သည်အဖြစ်နှင့် ရောက်သွား စေကာမူ အမြင်မတော် အကြားမတော်လျှင် အော်ငေါက်၍ နှင်ပစ်လေ့ ရှိသည်။ ငဲ့ညှာခြင်း၊ အားနာခြင်း၊ မျက်နှာလိုက်ခြင်း၊ သောကွတ် ချော်ခြင်းတို့ ဆိုသည်ကား ဘာ စကားတွေလဲဟု မေးကြည့် ရမလောက် ဖြစ်သည်။ သူ့ ကျောင်းတိုက်က ရဟန်းဆိုရင် ဓုတင် တစ်ပါး နှစ်ပါး အနည်းဆုံး ကျင့်မှ လက်ခံ၍ စာပေ ပို့ချပေး၏။

လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်က အခြေအနေအရ ဆိုလျှင် ကြောင်လိမ် လှေကားကြီး တစ်ခုတည်းနှင့်ပင် ပုပ္ဖာရုံကျောင်းတိုက်ကို ရပ်ဝေး ရပ်နီးက လာ၍ တအံ့တသြ ကြည့်ရှုကြသည်။ ကျောင်းဒကာ ကား သေဌေးကြီး ဦးတူ ဖြစ်သည်။

ကျောင်းအတွင်းဝယ် ပျားရည်ကန်၊ ထောပတ်ကန်၊ တင်လဲ ကန်၊ နှမ်းဆီကန်များ ဆေးဝါး အလို့ငှာ ထားရှိသည်။ စတု မဓုဟု ဆိုအပ်သော ပျားရည်၊ ထောပတ်၊ တင်လဲ၊ နှမ်းဆီတို့ကို ကန်ဖြင့် လှောင်၍ လှူဒါန်းသော အစဉ်အလာသည် အာသောကမင်း လက်ထက် က ဖြစ်သည်။ တစ်နေ့သ၌ လေနာ ရောဂါရှိသော ရဟန်း တစ်ပါး သည် ထောပတ် အနည်းငယ်အဖို့ အလှူခံ ထွက်သော်လည်း မည်သည့် နေရာကမှ မရ မရှိဘဲ ထို လေနာရောဂါဖြင့် ရဟန်းတော်မှာ ပျံလွန် တော် မူရလေသည်။

ထို အကြောင်းကို အာသောက မင်းတရားကြီး ကြားသိတော် မူသောအခါ "ငါကဲ့သို့သော သာသနာကို ကြည်ညိုသူ မင်း ဧကရာဇ် ရှိပါလျက်နှင့် အနည်းငယ်သော ထောပတ် အလှူခံ မရ၍ ရဟန်း တော်တစ်ပါး ပျက်စီးရလေသလော"ဟု စိုးရိမ် ထိတ်လန့် လေသော ကြောင့် မြို့၏ လေးထောင့်တွင် အဆိုပါ ပျားရည်၊ ထောပတ်၊ တင် လဲ၊ နှမ်းဆီတို့ဖြင့် ပြည့်အပ်သော လေးခု လေးခုသော ကန်တို့ကို ပြု စေ၍ ရဟန်းတော်များအတွက် ဆေးဝါး အလို့ငှာ အခါ ခပ်သိမ်း လှူဒါန်းလေသည်။ ယခု ပုပ္ဖာရုံကျောင်းကြီးမှာလည်း အာသောက မင်း ကြီးလှူဒါန်းသကဲ့သို့ စတုမဓုကန်များ လှူဒါန်းထားသည်။ မီးဖို၊ ရေချိုး ခန်း၊ ကုဋီတို့မှာ လူးလဲ့အိပ်၍ ရလောက်အောင် မွန်မြတ် သန့်ရှင်း ခဲ့သည်။ ယခုခေတ် မျက်မြင် ဥပမာနှင့် နှိုင်းရလျှင် ယခုခေတ် သမတ ရုပ်ရှင်ရုံလောက် ကြီးကျယ်ခမ်းနားခဲ့၏။

ထိုကျောင်းတိုက်ကြီးကိုသော်မှ မကြာမကြာစွန့်၍ ပြေးခဲ့ဖူး သော ဆရာတော်ကြီးသည် လူကုံထံ များစွာ မါဝင်သော ကျွန်တော်

တို့ ရဟန်းသစ်ပေါင်း ငါးဆယ်ကျော်တို့အား ဖော်ဖော်ရွှေရွှေ မျက်နှာသာ ပေးခဲ့သည် မဟုတ်။

''အိမ်း - မောင်ပဉ္စင်းသစ်တွေ၊ ကိုယ့်သဒ္ဓါနဲ့ ကိုယ် ရဟန်းပြုကြတဲ့ ကိစ္စမှာ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုသလို မဖြစ်စေနဲ့၊ ရဟန်းဘဝနဲ့ သာသနာဝန် ထမ်းပြီး ကုသိုလ်ရှာဖို့ လာကြတာ သာသနာမှာ စိတ်ထားမတတ်ရင် ဖွပ်သထက် ညစ်တတ်တယ်။ လူအဖြစ်နဲ့ အပြစ်လုပ်ရင် ငရဲကြီး ရုံသာ ရှိတယ်၊ ရဟန်းအဖြစ်နဲ့ အပြစ်လုပ်ရင် အလဇ္ဇီဖြစ်ပြီး ငရဲအိုးမှာ ကမ္ဘာအသင်္ချေ ကံထရိုက် ဆွဲထားသလို ဖြစ်နေတတ်တယ်။

ဒုလ္လဘ ရဟန်း၊ ဒုလ္လဘ ရဟန်းနဲ့ ခဏ ခေတ္တ ရက် အကန့်အသတ်နဲ့ ရဟန်းဝတ်တဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်ရယ်လို့ အထင်အမှတ်မှားမနေကြနဲ့၊ တိုတိုပြောမယ်။ လူတကာ မလုပ်နိုင်တာကိုဖြစ်အောင် လုပ်လာတဲ့ ရဟန်းမို့ ဒုလ္လဘ ရဟန်းလို့ ခေါ်ကြတာ၊ အများအပြားဟာ စီးပွားရေး၊ လူမှုရေးတွေထဲမှာ တစ်သက်လုံး နစ်မြုပ်နေကြတာ မဟုတ်လား၊ ဘုရားလက်ထက်က ရက်အကန့်အသတ်နဲ့ ရဟန်းဝတ်တာ မရှိဘူး၊ တစ်သက်လုံး ရည်ရွယ်ကြရတယ်။

အေး....ခဏဝတ်တဲ့ ရဟန်းပဲရယ်လို့ ဝိနည်းသိက္ခာ မကင်းစေရဘူး။ ဝိနည်းသိက္ခာ မတတ်ရင်၊တဝ်လျက်နဲ့ မရှိရင် ရဟန်း မဟုတ်ဘူး၊ နားလည်ကြရဲ့လား။ ဒါကြောင့် မောင်ပဉ္စင်းတို့ နေ့စဉ်နေ့တိုင်း ရဟန်းဝိနည်း ၂၂၇ သွယ်သော သိက္ခာတို့ကို အကျဉ်းအားဖြင့်သင်ယူကြရမယ်။ မသင်တဲ့ ရဟန်း မရှိရဘူး။

အဲဒီလိုသင်၊ သင်ပြီးသိပြီးလို့ ဝိနည်းကို စောင့်ထိန်းတဲ့ အခါတောင်မှ သာမည ရဟန်းဘဝပဲ ရသေးတယ်လို့မှတ်။ ဘုရား အလိုတော်ကျ ရဟန်း ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ဖို့ လိုသေးတယ်။ ရဟန်းကိစ္စဆိုတာ ဂန္ထဓုရနဲ့ ဝိပဿနာဓုရ နှစ်ပါးပဲ။ အေး... အကျိုးရှိဖို့ လုပ်ရင် အကျိုးရှိမှ ကောင်းတယ်။ မင်းတို့ ရပ်ထဲရွာထဲမှာ လူကြီးလူကောင်း လုပ်လာခဲ့ကြတာ နားဝေးမယ် မထင်ပါဘူး ဟုတ်လား။

ဘုန်းကြောင့် ကံကြောင့် ကျောင်းသို့ လာကပ်အပ်သော ဆွမ်းကို စားနိုင်တယ်လို့ ဘုရားက ခွင့်ပြုခဲ့တယ်။ ဒါပေမယ့် သလုံး မြင်းခေါင်းကို အမှီပြု၍ ရအပ်သော ဆွမ်းက ပို၍ မြင့်မြတ်တယ်လို့ ဘုရားက ချီးမွမ်းတော်မူတယ်။ မင်းတို့တစ်တွေကို ပွဲကြီးလမ်းကြီးနဲ့ ရဟန်းဘောင် သွတ်သွင်းခဲ့ကြတာ ဆွမ်းပင့်ကျွေးမယ့် ဒါယကာ ဆွမ်း ပို့ပေး

မယ့် ဒါယကာ များချင် များမှာပဲ။ အင်း....ဆွမ်းကို လွယ်လွယ်ရလို့ လွယ်လွယ်စားတာထက် ရွာစဉ်မှာ ခံယူရအပ်တဲ့ ဆွမ်းကို တန်ဖိုးထားကြ။

အိမ်း.... နောက်ဆုံးစကား မောင်ပဉ္စင်းများကို မှာထားမယ်၊ အဘဘုရားသာသနာမှာ ဘုရား သားတော် ရဟန်းရယ်လို့ လုပ်ကြရင် 'အဖက ဘုရားဒကာ သားက အရက်သမား' မဖြစ်ကြစေနဲ့ သာကီဝင်မျိုးက သူခိုး လူယုတ်မာ မဖြစ်ကြစေနဲ့ ကြပ်ကြပ်သတိထား''

ဆရာတော် ဘုရား၏ ပြတ်သားသော ဩဝါဒအောက်ဝယ် ဒေါသ ကြီးခဲ့သော စက်ပိုင်ရှင်ကြီးသည်လည်းကောင်း၊ မာနကြီးသည်ဟုအပြောခံခဲ့ရသော အမိန့်တော်ရ ရှေ့နေကြီးသည် လည်းကောင်း၊လောဘ ရမ္မက် လျှမ်းလျှမ်းတောက်ခဲ့သော ကုန်သည်ကြီးသည် လည်းကောင်း သူတို့က အစ ပဉ္စင်းသစ် တော်တော်များများသည် သမဏသာရုပ္ပလဇ္ဇီ ပေသလ သိက္ခာကာမ ဖြစ်ခဲ့ကြသည်။ဓုတင်ဆယ့်သုံးပါးအနက်က ကိုယ်တတ်နိုင်သော တိစီဝရိက်ဓုတင်၊ ပိဏ္ဍပါတ် ဓုတင်၊ ဧကာသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်၊ ရုက္ခမူဓုတင် စသည်ဖြင့် အသီးသီး ဆောက်တည်ကြလေသည်။

ရဟန်းတိုင်း ရဟန်းတိုင်း ကြည်လင်သော မျက်နှာ၊ နိမ့်ချသော စိတ်ထား၊ သိမ့်မွေ့သော အမူအရာများဖြင့် တစ်ဦးကိုတစ်ဦး နှစ်လိုကြည်ညိုဖွယ် အဖြစ် မြင်ကြရသည်။ ကျောင်းကြီးအတွင်းဝယ် နေ့နေ့ညည အပ်ကျသံ ကြားရမလောက် တိတ်ဆိတ် ငြိမ်သက်နေကြသည်။

ဆရာတော် ဘုရားကိုယ်တိုင် ဆွမ်းခံဝတ် တည်မြဲသောကြောင့် ကျောင်းရှိ သံဃာနှင့် ဒုလ္လဘရဟန်းများ စီတန်း၍ ဆွမ်းခံရာတွင်တစ်ရပ်ကွက်လုံး သက်န်းရောင် လွှမ်းနေသဖြင့်'ဘုရား လက်ထက်က ရာဇဂြိုဟ် ဆိုတာ ဒီလိုပဲ နေလိမ့်ထင်ပါရဲ့'ဟု ကြည်ညိုစွာ တွေးမိကြသည်။ ဆွမ်း၊ ဆွမ်းဟင်း ခဲဖွယ်ဘောဇဉ်တို့ကား လက်ဘွန်းလှည်းဖြစီးလောက်နှင့် နောက်က လိုက်၍ သိမ်းရလေသည်။ မြို့၏ ရပ်ကွက်တိုင်း ဆွမ်းလောင်းကြသူများမှာ သောင်းသောင်းဖြဖြ ဥက္ကောဋ္ဌေယျ ဖြစ်ကြသည်။

တစ်နေ့သော ဆွမ်းခံချိန်ဝယ် ကျွန်တော့် မိခင်ကြီး နေသော အိမ်သို့ မျက်လွှာကိုပင့်၍ ဝင့်ကြည့်လိုက်မိသည်။ မိခင်ကြီးသည် အိမ်တံခါး ပြင်က ကျုံ့ကျုံ့ထိုင်၍ ရှမျှော်နေပုံမှာ ကျွန်တော့် အသည်းဝယ် နာကြည်းစွာ ခံစားလိုက်ရ၏။

ရှေးအခါက ဆိုလျှင်သံဃာကုန်ဆွမ်းလောင်း၍ အပေါင်းသော မိတ်ဆွေတို့ အလယ်ဝယ် သူ့သားအတွက် သူ ဂုဏ်ထည်လိုက်မည့်ဖြစ်

ခြင်း၊ ယခုကား သား တစ်ပါးတည်းကိုသာ ဆွမ်းကွက်၍ လောင်း ရမည်လည်း အခက်၊ သံဃာကုန် အပါးတစ်ရာကျော် အတွက်လည်း စီးပွားရေး အခက်ကြောင့် မတတ်နိုင်၊ လူအများ လောင်းလှူကြသည် ကိုသာ ရင်ထုမနာ ဝမ်းသာ ဝမ်းနည်း မျက်ရည်စည်ရွဲနှင့် ငေးမျှော် အားကျနေပုံမျိုး ရှိလေသည်။

ဤငြောင့်ကြီးသည် ကျွန်တော့် အသည်းတစ်နေရာဝယ် နာ ကျင်စွာ စူးဝင်မိလေပြီ။ ခုဘင် ကျင့်စဉ်ဘွင်သော်လည်းကောင်း၊ တရား ထိုင်စဉ်တွင် သော်လည်းကောင်း မိခင်ကြီး၏ ငေးမျှော်နေသော မျက် နှာ ပုံပန်းသည် ကျွန်တော့်စိတ်ကို တုန်လှုပ် ချောက်ချားနေစေတော့ ၏။ ဖျောက်၍ မရ ဖယ်၍ မရ၊ လူနှင့်အရိပ်ပမာ ဖြစ်ရှိလေသည်။

ပြောတစ်ပြုန်းပြုန်းတီး၍ ရှင်ပြုမင်္ဂလာကြီး လုပ်ခဲ့စဉ်က တက် ကြွားကြွကြွ ရွှင်ခဲ့ရသော မိခင်၏ မျက်နှာထားကိုလည်း မှတ်မိနေ သည်။ ယခု ပဥ္စင်းဘဝတွင် ညှိုးလျော်စွာ မျှော်ကြည့်နေသော မိခင်၏ မျက်နှာကိုလည်း မှတ်မိနေသည်။

ဆွမ်းစားကြရာဝယ် ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ပစ္စဝေက္ခ ဏာတင်၍ သတိယှဉ်ပြီး စားကြလေ့ရှိရာ ဇွန်းသံ ပန်းကန်သံက အစ ဆိတ်ငြိမ်လျက်ရှိသည်။ ဆွမ်းပွဲများမှာ ဖွယ်ရာပြည့်စုံလှသော ဟင်းကျွေး ဟင်းလျာများဖြင့် ပြည့်နှက်နေလေသည်။ ဆွမ်းပွဲကို ကြည့်ရင်း ချို့ငဲ့ စွာ ပြီးစလွယ် စားနေရမည် ဖြစ်သော မိခင်ကြီးအား သွား၍ သတိရ လိုက်သည်။

''ယခု ငါ စားနေရသော ဆွမ်းကို ငါ့မိခင်အား ကျွေးလိုက်ရ လျှင်။'' ဤအတွေး ဝင်လာသည်နှင့် တစ်ပြိုင်နက် ကြက်သီးမွေးညှင်း တွေ ထသွားပါတော့သည်။

ကျွန်တော့်ကို ကိုယ်ဝန်လက်ဝန် ရှိစဉ်က မယားငယ်ယူမှုကြောင့် ကျွန်တော့် ဖခင်နှင့် ကွဲကွာခဲ့သော မိခင်သည် မိန်းမသားတန်မဲ့ တစ် ယောက်တည်း ခေါင်းဆောင်၍ စီးပွားဖြစ်အောင် ရှာဖွေခဲ့သည်။ ထို အချိန်က လောကခံသည် မိခင်အား လုပ်အားပေးခဲ့ဟန် တူသည်။ ကံ ရှိသဖြင့် ညက်ရှိတိုင်း အောင်မြင်ခဲ့သည်။ ကြီးပွားခဲ့သည်။ ပစ္စည်းသည် ဒီရေအလား တိုးတက်လာခဲ့သည်။ အလုပ်အကိုင် အကြံအဖန်အပေါက် အလမ်း တည့်ပြီဆိုလျှင် အကျိုးပြုမည့် မိတ်သစ်ဆွေဟောင်း တွေပါ ပတ်ဝန်းကျင်မှာ ခြေရာ ထပ်ခဲ့ကြသည်။ ထိုကာလအတွင်းမှာမှ လူ့ ပြည်သို့ ကျွန်တော် ရောက်ခဲ့ရခြင်း ဖြစ်သည်။

''ငါ့သားက သိုက်ဖွားကွယ့်၊ ဒါကြောင့် ငါ့မှာ စီးပွားဖြစ်တာ''

မိခင်၏မေတ္တာသည် သူ့ ချွေးနှင့်ရင်း၍ ရခဲ့သော ဥစ္စာစည်းစိမ်သော်မှ ကျွန်တော့်ကြောင့် ရသလို ကျွန်တော်ကပဲ အကျိုးပြုပေးသလို တင်စား၍ ကြေညာလိုက်သေးလည်း။ ကျွန်တော် လူမှန်းသူမှန်းသိသော အချိန်တွင် ကျွန်တော့်ဖခင်ကလည်း သူ၏ နောက်အိမ်ထောင်နှင့်သားနှစ်ယောက် ထွန်းပေါက်ခဲ့သည်။

မိဘတိုင်း သားသမီးကို ချစ်သည်ဟု ဆိုရာ၌ ကျွန်တော်၏မိခင်က ကျွန်တော့်အား ချစ်ပုံချစ်နည်းနှင့် တူချင်မှ တူမည်ဟု ထင်ပါသည်။ အကြောင်းမှာ မိခင်က ကျွန်တော့်အား မိခင်၏မေတ္တာ အပေါ်ဝယ် ဖခင်နှင့် သားချင်း ဂုဏ်တုဂုဏ်ပြိုင် ချစ်ပြသော အလိုလိုက်မှုတွေက မီးဆောင်း ထားလိုက်ခြင်းကြောင့် ဖြစ်သည်။ သူ ကိုယ်တိုင် ချစ်ရုံနှင့်အားမရသေး။ ဘေးက ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအသင်း ကပါ အရေးတယူ ပြုမှ ကျေနပ်သည်။

ဤမျှ ကျွန်တော့် အလိုကို လိုက်ခဲ့သောမိခင်၏အလိုကို ကျွန်တော် လိုက်နာခဲ့ပါသလော။ အရာရှိ မင်းမှုထမ်း ဖြစ်စေလိုသော မိခင်ဆန္ဒကို စာရေးဆရာယောင်ယောင် အဖြစ်နှင့် ဆန့်ကျင်လိုက်သည်။ သဘောမတူသော မိန်းကလေးကို ခိုးပြေး၍ ယောက္ခမအိမ်တွင် ပြောင်းနေခဲ့သည်။ ကံအားလျော်စွာ ဝင်ငွေရသော အခိုက်အတန့် တွင်ကား ယောက္ခမနှင့် မယား သား မျက်နှာရအောင် လောကွတ်လုပ်ခဲ့သည်။

ကူညီညာဝိုင်း၍ မှိုင်းမခဲ့သော ကံသည် လောကဓံအဖြစ်ဖြင့် ထိုအချိန်ကစ၍ မိခင်ကြီးအား နှိပ်စက်ခဲ့သည်။ ကံမရှိ ဉာဏ်ရှိတိုင်း မွဲခဲ့ရသည်။ သို့သော် မိခင်ကား ဖခင်ကအစ မည်သူ့ကိုမှ လက်ဖြန့်၍ မခံ။ လောကဓံကို ကြံ့ကြံ့ခိုင်ခိုင်နိုင်အောင် တိုက်နေပုံရသည်။

''ယခုနေ ဓမ္မိယလဒ္ဓ အဖြစ်နဲ့ ရလာတဲ့ ဒီဆွမ်းမျိုး ငါ ကျွေးလိုက်ရရင် ငါ့အဖို့ အမွန်မြတ်ဆုံး ဖြစ်မှာပဲ....''

ညဦးပိုင်းတွင် သံဃာအကုန် ဘုရားဝတ်ပြုပြီးသည့်နောက် ဆရာတော်က ဩဝါဒ ပေးလေ့ရှိသည်။ ရဟန်းသစ်များ၏ အလျှောက်အမေးကို လက်ခံသည်။ ကုက္ကုစ္စများကို ဖြေရှင်းပေးသည်။ စစ်ဆေးမေးမြန်းစရာရှိလျှင်လည်း ဆရာတော်က စစ်ဆေးတော်မူသည်။

ကျွန်တော်သည် ထိုနေ့ညက သံဃာ့ အစည်းအဝေးတွင်တုန်လှုပ်သော ကိုယ်၊ ဆွံ့ထစ်သော စကားဖြင့် မိခင်အား မိမိခံ၍ ရအပ်သော

ဆွမ်းကို ကျွေးခွင့် ရှိမရှိ၊ ဆရာတော်အား ဦးတိုက်လျှောက်ထား၍မေး မိသည်။

အထူးအဆန်း ဖြစ်သော ကျွန်တော့်ပြဿနာသည် ကျယ်ဝန်း ခမ်းနားသော ဘုရားဆောင်ကြီးအတွင်းဝယ် ရုတ်တရက် လုံးဝ တိတ် ဆိတ်သွားသည်။ ဂန္ဓကုဋီတိုက်အတွင်းမှ ဘုရားဆီမီးများနှင့် ရွှေရောင် မီးရောင် သံဃာတော်တို့၏ သင်္ကန်းရောင်တို့မှာ ထိန်ထိန်ညီးညီးရှိနေ လေသည်။ ဆရာတော်က ချောင်းတစ်ချက် ဟန့်လိုက်သည်မှာပင် ပတ် ဝန်းကျင်၌ ပဲ့တင်ထပ်သွားလေတော့သည်။

"ဒီအထဲက မောင်ပဉ္စင်းတွေ မိဘ ရှိကြတာ ဘယ်နှစ်ပါး ပါကြသတုံး"

ရဟန်းတော်များက မလျှောက်ဝံ့ လျှောက်ဝံ့ ရှိနေကြသည်။

"မိဘကို ဆွမ်းကျွေးလိုတဲ့ စေတနာ သာဓု ခေါ်စရာ ကောင်း တယ်၊ ဒီ မောင်ပဉ္စင်း(ကျွန်တော့်အားညွှန်း၍) စာရေးဆရာ ပီသ သကွယ်"

ဆရာတော်က ကျွန်တော့်အား ချီးမွမ်းသည်ဟု ထင်ရစေကာမူ ကျွန်တော့်စိတ်မှာတော့ မိခင်ကြီးနှင့် ကင်းကွာစွာ နေခဲ့သမျှ အပြစ် တို့ကို ပြန်၍စဉ်းစားရင်း ကြေကွဲစွာ ခံစားနေရသည်။ ဆရာတော်က ကျွန်တော့်စကားနှင့် အစချီ၍ ဘုရားလက်ထက်ကပင် မိဘကို ရဟန်း ဘဝနှင့် လုပ်ကျွေးခွင့်ပြုကြောင်း ဝတ္ထုသုတ္တန်များဖြင့် အကျယ်တဝင့် ဟောပြောနေသော်လည်း ကျွန်တော့်ရင်ထဲမှာကား တလှပ်လှပ်နှင့် မိန်းမောနေသလို ရှိနေရပါသည်။

အချိန်မည်မျှ ကြာသွားသည်မသိ၊ တရားနာ သံဃာအကုန်၏ သာဓုခေါ်သံကြီး သုံးခွန်းက ကျွန်တော်အား လှန့်လိုက်သောအခါဝယ် ကျွန်တော့် မျက်ရည်များသည် သင်္ကန်းပေါ်သို့ တပေါက်ပေါက် ကျဆင်းလျက်ရှိကြောင်း သတိပြုမိပါသည်။

နောက်တစ်နေ့ ဆွမ်းခံ ထွက်ရပြီ ဆိုကတည်းက ခြေလှမ်းနှင့် အမျှ ကျွန်တော့်ရင်ထဲမှာ တဒိုင်းဒိုင်း ဆောင့်လျက် ရှိသည်။ ရင်တွင်း က လှုပ်ရှားမှုမှာ ခြေဖျား လက်ဖျားအထိ သွေးတိုးနေကြသည်။

ထေရ်စဉ်ဝါလိုက် ဆွမ်းခံရာ အစဉ်ဖြင့် ကျောင်းပရဝုဏ်အထိ အစဉ်မဖျက်ဘဲ လိုက်ပါပြီးမှ မိခင်ကြီးရှိရာသို့ ကျွန်တော် တစ်ပါးတည်း ခွဲထွက်ရမည်ဖြစ်ရာ ကျွန်တော်သွားခါနီးတွင် အခြားသော ရဟန်း များကပါ ကုသိုလ်ပါဝင်ပါရစေဆိုပြီး လှူဖွယ်တန်းရန်များကို လှူဒါန်း လိုက်ကြပါသေးသည်။

စားကောင်း သောက်ဖွယ်များမှာ ကျွန်တော်၏ သပိတ်နှင့် မဆံ့သောကြောင့် ကျောင်းသား သူငယ်တစ်ယောက် နောက်မှ ခြင်းတောင်းတစ်ခုနှင့် လိုက်ခဲ့ရသည်။ တစ်လမ်းလုံး ကျွန်တော်၏ စိတ်မှာ တုန်လှုပ်မှု ပြင်းထန်သည်ထက် ပြင်းထန်လာလေသည်။ တကယ့် စွန့်စားမှုကြီးတစ်ခုနှင့် ရင်ဆိုင်ရတော့မည်ကဲ့သို့ ရှိသည်။

"အမေ ဘာပြောမည်နည်း။

အဘယ်သဘော ရှိမည်နည်း။

ဝမ်းပန်းတသာ ရှိမည်လား။

ဝမ်းနည်း ကြေကွဲနေမည်လား"

တကယ်ဆိုတော့ မိခင်ကြီး၌ အူလှိုက် သည်းယှိုက် ဝမ်းပန်း တနည်းဖြစ်တော့မည်မှာ ကျွန်တော့်အဖို့ သံသယဖြင့် ဒွိဟ ဖြစ်စရာ မလိုပါ။ "ဒါဖြင့် မိခင် စိတ်ချမ်းသာမှု မရှိနိုင်သော အမှုကို ငါ ပြု၍ တော်ပါမည်လား" ဟု ကျွန်တော့်ခြေလှမ်းများက မသိမသာ ဆုတ်နစ် သွားပါသေးသည်။ သို့သော် ထိုအချိန်တွင် အိမ်ပေါ်မှ ကျွန်တော့် မိခင်၏ ဝမ်းသာစွာ ဆီးကြိုသော မျက်နှာနှင့် မျက်နှာချင်း ဆိုင်လိုက် ရပါပြီ။

"မောင်ပဥ္စင်းကို မြင်လိုက်ရတော့ ယယ် ရှင်ပြုတုန်းက ညအခါ စားရအောင် မုန့်တွေ လာပေးတာ အမှတ် ရသေးတယ်။ ဟဲ....ဟဲ၊ ခုကော ညည ထမင်း မဆာဘူးလား"ဟု ရှေးဟောင်း နှောင်းဖြစ်ကို ရယ်သွမ်း သွေးလိုက် ရှာသေးသည်။ သို့သော် ကျွန်တော်၏ ဣန္ဒြေက သူ့အား တန့်သွားစေပေသည်။

"ဒကာမကြီး ဦးပဥ္စင်းဆီက သီလ ယူပါလား"

"ဒီနေ့ ဥပုသ်နေ့မို့လား"

"သီလ ဆိုတာ ဘယ်နေ့ ယူယူ ရတာပဲ မဟုတ်လား ဒကာမ ကြီး"

"ယူဆိုလဲ ယူရတာပေါ့ ဘုရား"

ရှစ်ပါးသီလ ပေးပြီးမှ ကျွန်တော်က တည်ငြိမ်အောင် အသံကို ထိန်း၍ "ကဲ - အခုဆိုရင် ဒကာမကြီးမှာ ရှစ်ပါး သီလ တည်မြဲနေပြီ။ ဦးပဥ္စင်းမှာလဲ ရဟန်းတို့၏ သီလ အပြည့်အဝ ရှိတယ်လို့ ယုံကြည် နေ လျက်ပဲ ဖြစ်တယ်။ နောက်တစ်ခု ပြောရမယ်ဆိုရင် ဟောသည် သပိတ် ထဲက ဆွမ်းတွေဟာလဲ ဦးပဥ္စင်းအဖို့ ဓမ္မိယလဒ္ဓ အမွန်အမြတ် အသန့် ရှင်းဆုံးသော လာဘ်လာဘ ပစ္စည်း ဖြစ်နေတယ်။ ဒါကြောင့် ဒကာမ ကြီးကို ဦးပဥ္စင်း ဆွမ်းကျွေးလိုတဲ့အတွက် လာပို့တာပဲ"

ကျွန်တော်က စကျုန်ြန်ခြ၍ ပြောနေသည့်အခါ မိခင်ကြီးမှာ ကျွန်တော့်ကို စူးစူး စိုက်စိုက် ကြည့်နေရာက မျက်ရည် တတွေတွေ ကျလာပါတော့သည်။

ကျွန်တော်က ညီငယ် ညီမငယ်လေးများကို ဆွမ်းပွဲ အလှယ်ခိုင်း လိုက်ရသည်။ မိခင်ကြီး၏ ရှိုက်သံမှာ တဖြည်းဖြည်း ကျယ်၍ လာသည်။ ပြီးတော့မှ မျက်ရည်ကို ပခုံးပေါ်က တဘက်နှင့် သုတ်၍ နာကြည်း လှိုက်လှဲစွာဖြင့်....

"အရှင် ဘုရားက သူတော်ကောင်းတို့ရဲ့ လမ်းစဉ်အတိုင်း မိခင် ကို ဆွမ်းကျွေးတယ်ဆိုဘာ ကျေနပ်စရာလို့ ထင်လာခဲ့သလား။ တပည့် တော်မ အဖို့တော့ ဝမ်းမသာနိုင်တဲ့အပြင် အသည်းကွဲတော့ မတတ် ခံလိုက် ရတယ်ဆိုတာ အရှင်ဘုရား သိချင်မှ သိလိမ့်မယ်။ ဦးပဥ္စင်းတို့ကို ဆွမ်း မလောင်း နိုင်တာကိုမှ အတော် ယူကျုံးမရ ဖြစ်နေတဲ့အထဲ၊ အခု လို အရှင်ဘုရားက ရပ်ထဲ ရွာထဲက ခံလာတဲ့ ဆွမ်းကို တပည့်တော်မ လာကျွေးတာဟာ တပည့်တော်မကို စိတ်ညှဉ်းဆဲတာနဲ့ အဘူတူပဲလို့ မှတ်လိုက်ပါ ဦးပဥ္စင်း။ အင်း ဟို....အလျင်တုန်းကလို တပည့်တော်မ မှာ ပစ္စည်း ပစ္စယ ကြွယ်ဝ ချမ်းသာ တုန်းဆိုရင် အခု အရှင်ဘုရား ပေးတဲ့ သပိတ် တစ်လုံးကို ထမ်း....ထမ်းပြီး 'ကျုပ်သား ရဟန်းက မွေးကျေးဇူး ဆပ်ရအောင် ဆွမ်းခံ ကျွေးသတော့' လို့ လမ်းလယ်ကောင် မှာတောင် ကြွားပြ လိုက်ချင် ပါသေးရဲ့၊ အခုတော့....အခုတော့...."

ကျွန်တော့်မှာ မိခင်ကြီး ၏ ရှိုက်၍ ရှိုက်၍ ငိုနေသည့် အသံ ကြားဝယ် သတိ ကပ်၍ ဝေဒနာ လိုက်နေရပါသည်။

"အဲလေ ခု တစ်ခါဘော့ ရှိပါစေတော့။ နောက်နောင်ကို မျက် ရည်ပေါက် ကြီးငယ်နဲ့ စားရမယ့် ထမင်းတစ်နပ်ကို ဘယ်တော့မှ လာ မကျွေးချင်ပါနဲ့တော့ ဦးပဥ္စင်းရယ်၊ ကဲ ...ကြွပေတော့....ကြွပေတော့"

ကျွန်တော်သည် ဟာလာဟင်း ဖြစ်သော သပိတ်ကို ပိုက်၍ မိခင်ကြီး၏ မျက်မှောက်မှ တုန်လှုပ် ချောက်ချားစွာ လှမ်းထွက် ခဲ့ရ ပါသည်။

အမေ စားရသော ထမင်း တစ်နပ်ကို ကျောင်းအရောက် မှတွေး လာခဲ့မိသည်။ အကုသိုလ်လား၊ ကုသိုလ်လား၊ ဝမ်းသာ ရမည်လား၊ ဝမ်းနည်း ရမည်လား။ ။



# ကျေးဇူးတရား (၁)

''ရဟန်းတို့....၊ သူယုတ်မာတို့၏ အခြေခံသဘောကို လည်းကောင်း၊ သူတော်ကောင်းတို့၏ အခြေခံ သဘောကို လည်းကောင်း ဟောကြားအံ့။ ထိုတရားကိုနာကြားကုန်လော့။ ကောင်းစွာ နှလုံးသွင်းကုန်လော့။ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ ။ ''အရှင်ဘုရား ကောင်းပါပြီ''ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့....။ သူယုတ်မာတို့၏အခြေခံသဘောသည် အဘယ်နည်း။ ရဟန်းတို့။ သူယုတ်မာသည် ပြုဖူးသော သူ့ ကျေးဇူးကို မသိ။ ပြုဖူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ မသိ။ ရဟန်းတို့ ပြုဖူးသော သူ့ကျေးဇူးကို မသိခြင်း၊ ပြုဖူးသော သူ့ ကျေးဇူးကို ထင်စွာပြု၍ မသိခြင်းကို သူယုတ်မာ တို့သည် ချီးမွမ်းကုန်၏။ ရဟန်းတို့....။ ပြုဖူးသော သူ့ ကျေးဇူးကို မသိခြင်း၊ ပြုဖူးသော

သူ့ ကျေးဇူးကို ထင်စွာပြု၍ မသိခြင်းဟူသော ဤအလုံးစုံသည် သူယုတ်မာတို့၏ အခြေခံသဘောပေတည်း။

ရဟန်းတို့....။သူတော်ကောင်းတို့သည်ကား ပြုဖူးသော သူ့ ကျေးဇူးကို သိ၏။ ပြုဖူးသော သူ့ ကျေးဇူးကိုထင်စွာပြု၍ သိ၏။ ရဟန်းတို့။ပြုဖူးသော သူ့ ကျေးဇူးကို သိခြင်း၊ ပြုဖူးသော သူ့ ကျေးဇူးကို ထင်စွာ ပြု၍သိခြင်းကို သူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏။ ရဟန်းတို့။ပြုဖူးသော သူ့ ကျေးဇူးကို သိခြင်း၊ ပြုဖူးသော သူ့ ကျေးဇူးကို ထင်စွာပြု၍ သိခြင်းဟူသောဤအလုံးစုံသည် သူတော်ကောင်းတို့၏ အခြေခံ သဘောပေတည်း''ဟု (မိန့်တော်မူ၏)''

''မောင်လှအေး။ မင်း အခုဖတ်နေတာဟာ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် မဟုတ်လားကွ''

''ဟုတ်ပါတယ် ဘဘ၊ ဒုကနိပါတ်၊ သမစိတ္တဝဂ်ပါ''

''မင်း....အဓိပ္ပာယ်တော့ နားလည်ပါတယ်နော်''

''ဟုတ်ကဲ့ဘဘ၊ ပြုဖူးသော သူ့ ကျေးဇူးကို မသိဆိုတာနားလည် ပါတယ်၊ ပြုဖူးသော သူ့ ကျေးဇူးကို ထင်စွာပြု၍ မသိဆိုတာကိုတော့ ကျွန်တော် နည်းနည်း မရှင်းဘူး ဘဘ''

''သူ့ ကျေးဇူး မသိ''ဆိုတာ အသိအမှတ် မပြုတာ။ ထင်စွာပြု၍ မသိဆိုတာ ကျေးဇူးကို ပြန်ဆပ်ရကောင်းမှန်း မသိတာ၊ အဲသလိုပဲ သူ့ ကျေးဇူးကို သိခြင်း၊ သူ့ ကျေးဇူးကို ထင်စွာပြု၍ သိခြင်းဆိုတာ သူ တထူး၏ ကျေးဇူးကို မိမိက အသိအမှတ်ပြုတာ။ ကျေးဇူးကို ပြန်ဆပ်ရ ကောင်းမှန်း သိတာကို ဆိုလိုတာဖြစ်တယ်။ အဲသလို ကျေးဇူးတရားနဲ့ ပတ်သက်ပြီး 'ပုဂ္ဂလပညတ် မြန်မာပြန်၊ ဒုကပုဂ္ဂလပညတ်'မှာ ဟော တော်မူထားတာ ရှိတယ်ကွယ့်'

''လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ်နှစ်ယောက်တို့သည် အဘယ်နည်း။ အကြင်ပုဂ္ဂိုလ်သည်ကား ရှေးဦးစွာ ကျေးဇူး ပြုတတ်၏။ အကြင်ပုဂ္ဂိုလ်သည် ပြုဖူးသော သူ့ ကျေးဇူးကို ထင် စွာ ပြုသေ့ရှိ၏။ ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည် လောက၌ ရခဲ ကုန်၏''တဲ့။

''အဲဒီ အဓိပ္ပာယ်ကတော့ သူတထူးအား မိမိက စတင်ကျေးဇူး ပြုပေးသူလဲ'ရှား'သတဲ့။ သူ့ကျေးဇူးကို မိမိက ပြန်ဆပ်တဲ့သူလဲ 'ရှား' သတဲ့။ မင်း နားလည်ပါတယ်နော်''

"နားလည်ပါပြီ ဘဘ"

"အဲဒီ သဘောတရားကို မင်္ဂလသုတ်မှာ 'ကတညုတ ကတဝေဒီ'လို့ ဟောတော်မူပါတယ်။ အေး. ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီးရဲ့ 'မဃဒေဝ'လင်္ကာကြီးမှာတော့ ကျေးဇူးတရားနဲ့ ပတ်သက်၍ ခက်ခဲခြင်း(၃)မျိုးကို ဟောဒီလို ဖော်ပြထားသကွယ့်"

"မေတ္တာရှေးဦး၊ ပြုပေဖူးကို
ကျေးဇူးသိမှု၊ ကဘာညုဟည့်
ထိုသူထက်ပင်၊ ကျေးဇူးအင်ကို
တင်ဘင်မချွတ်၊ ပြောဆိုတတ်က
သူမြတ်မှန်လှ၊ ကတဝေဒီ
ဟုတ်ပြီရှင့်၊ လောကီလူစုံ
မြင်ဉာဏ်နုတို့၊ သူပြုအထူး
သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်
မခေါက်မရက်၊ နှစ်သက်အင်ရွှဲ၊
သိတတ်ခဲ၏။....တဲ့"

"အဲဒီစကားကို မင်း ဘယ်လို နားလည်သလဲ"

"သူ့ကျေးဇူးကို သိတဲ့သူက တစ်ယောက်၊ သူ့ ကျေးဇူးရှိတဲ့ အကြောင်း တစ်ပါး သူတို့အား ဝမ်းမြောက်ဝမ်းသာ ပြောပြတတ်တဲ့ သူက တစ်ယောက်။ နောက် သူ့ကျေးဇူးကို ပြန်၍ ဆပ်တဲ့သူက တစ်ယောက်။ အဲဒီလို ပုဂ္ဂိုလ်မျိုး(၃)ဦးဟာ ရှားပါးသတဲ့"

"အေး....ကောင်းတယ်ကွာ၊မင်းနဲ့ငါဆွေးနွေးခဲ့တာ'နို့တစ်လုံးဖိုး'က စပြီး ကျေးဇူးတရား အကြောင်းတွေ ဆွေးနွေး ခဲ့ကြတယ်လေ။ ဒီနေ့တော့ သူတထူး ကျေးဇူးကို သိတတ်လို့ ကျေးဇူးပြန်ဆပ်တဲ့ ဝတ္ထုသာဓက ကလေးတွေ ဆွေးနွေးကြရအောင်ပေါ့ကွာ။ အဲဒီ ဇာတ်ဝတ္ထုတွေက အများကြီးပေါ့။ ဂုဏ ဇာတ်ကို ဆွေးနွေးကြရအောင်။ ဂုဏဇာတ် ဆိုကတည်းက 'ဂုဏ်ကျေးဇူး'ကို ပြောတာ မဟုတ်လား။ မြတ်စွာဘုရားက'ရှင်အာနန္ဒာ'ကို အကြောင်းပြုပြီး အတိတ်ဇာတ်ကို ဟောတာလေ"

"ရှေးသရောအခါ ဟိမဝန္တာမှာ ဘုရားအလောင်း ခြင်္သေ့မင်းကြီး ရှိပါသတဲ့။ တစ်နေ့တော့ သမင် တစ်ကောင်ကို အင်အား ဗလနဲ့ ခုန်အုပ်လိုက်တဲ့အခါမှာ သမင်ကို မမိဘဲ ညွန်အိုင်ကြီးထဲ ကျသွားပါသတဲ့။ ခွန်အားနဲ့ ရုန်းသော်လည်းနုန်းညွန်ထဲကမထွက်နိုင်တော့ပါဘူး။ နုန်းဆိုတာမျိုးကလဲ'လှုပ်လေ မြုပ်လေ၊ ရုန်းလေ နစ်လေ'မဟုတ်လား။

ဒီလိုနဲ့ ခုနစ်ရက်ကြာတဲ့အခါ အစာရေစာ ငတ်ပြီး သေတော့မတတ် ဖြစ်နေဘယ်၊ ယိုအခိုက် အချင် အာနန္ဒာအလောင်း မြေခွေးက ညွန်အိုင် ထိပ်ကို ရောက်လာပါဘယ်။ ဒီတော့ ခြသေ့မင်းက 'အဆွေ မြေခွေး၊ ငါ့ကို ကယ်နိုင်ရင် ကယ်ပါ'လို့ တောင်းပန်ပါသတဲ့။ ဒီအခါ မြေခွေး က အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီးတော့ ညွန်တွင်းကို ညင်ညင် သာသာ သတိကြီးစွာ ထား၍ ဆင်းလာတယ်''

''အချင်း ခြသေ့မင်း၊ ကျုပ်က အချိန်တန်ပြီလို့ မပြောမချင်း လှုပ်ရှားရုန်းကန်ခြင်း မပြုပါနှင့်''လို့ သတိပေးလိုက်ပါသတဲ့။ သဘော ကတော့ ခြသေ့မင်းမှာ 'အလဟဿ'အားအင် ကုန်ခန်းနေလျှင် အရေး ကြီးတဲ့အခါ ခွန်အား မရှိမှာ စိုးလို့ပါ၊ တကယ်တော့လဲ ခြသေ့မင်း ဟာ မလှုပ်နိုင်တော့ပါဘူးလေ။ မြေခွေးဟာ ခြသေ့မင်းရဲ့ ခြေနှစ် ချောင်း လက်နှစ်ချောင်းနေရာက ညွန်တို့ကို လက်နှင့်ယက်ပြီး မြောင်း လေးခု ဖောက်ပေးပါတယ်။ မြောင်းတွေ ဖြစ်လာတော့ ညွန်ပေါ်မှာ ဝပ်ခနေတဲ့ ရေတွေက စီးဝင်ပြီး နုန်းတွေမှာ ပျော့ပျောင်းလာတာပေါ့။ ရောင်မျှားလေ 'သွက်'လာလေပဲ''

''ဟုတ်တာပေါ့။ ရွံ့နည်းနည်းကို ရေများများနဲ့ ရောလိုက် သလို အရည်ပျော်သွားနိုင်တာပဲ''

''အေး... ဒီအတိုင်းပေါ့ကွာ။ အဲသလို ရေတွေကြောင့် ညွန် နူးလာတော့မှ မြေခွေးက ခြသေ့မင်းရဲ့ ဗိုက်အောက်ဝင်ပြီး ဦးခေါင်းနဲ့ မ,လိုက်ရင်း ''အရှင် ခြသေ့မင်း၊ အားစိုက် ခုန်လိုက်တော့''လို့ အချက် ပေးလိုက်ဘယ်။ အဲဒီတော့မှ ခြသေ့မင်းက အားစိုက် ခုန်လိုက်တာ ညွန် အိုင်ထဲက လွတ်သွားပါရောတဲ့ဗျာ''

''အင်း....သတ္တဝါဆိုတာ ကြီးတယ် ငယ်တယ် မဟုတ်ဘူး။ သူ့နေ ရာနဲ့သူ ကျေးဇူး ပြုနိုင်တာပဲနော် ဘဘ။ သတိရလို့ ကြားဖြတ် ပြောရ ဦးမယ်။ ကျွန်တော်တို့ တဘိယတန်း မြန်မာ ဖတ်စာထဲမှာ ဘာတဲ့၊ ဟို ဝတ္ထုတင်ပုဒ် ရှိဘယ်လေ''

''ပြောစမ်းပါဦးဗျာ''

''ဒီလိုလေ ဘဘရဲ့၊ ခြသေ့ကြီး တစ်ကောင်ဟာ တောမုဆိုး ထောင်ထားတဲ့ ပိုက်ထဲမှာ မိနေသတဲ့။ ပိုက်ကြိုးလေးတွေက သေးငယ် လွန်းပေမယ့် အလွန် ကျစ်လျစ်ခိုင်မာနေလို့ ခြသေ့ကြီးဟာ ကိုက်လို့လဲ မပြတ်၊ ကုတ်လို့လဲ မပေါက်တဲ့ ခြသေ့ကြီးက ရုန်းလေ ထွေးလုံးရစ်ပတ် ဖြစ်လေနဲ့ နောက်ဆုံးတော့ အားအင် ကုန်ခန်းပြီး မော့ပန်းနေပါ တော့သတဲ့။ အဲဒီအခါမှာ ကြွက်ကလေး တစ်ကောင်က ခြသေ့ကြီး

အဖြစ်ကို မြင်တော့ 'ကျွန်တော် ကူညီ ပေးရမလား' လို့ မေးသတဲ့လေ။ အဲဒါကို ခြင်္သေ့က 'နင်လို အကောင်ငယ်ကလေးက ဘာများ ကူညီနိုင်မှာမို့လဲ၊ စိတ်ရှုပ်ရတဲ့အထဲ သွားစမ်းကွာ' လို့ ငေါက်လိုက်သတဲ့လေ။ ဒီတော့ ကြွက်ကလေးက 'ကျွန်တော် ကူညီနိုင်တာ လက်တွေ့ ပြပါမယ်' ဆိုပြီး ခြင်္သေ့ ကိုက်လို့မရတဲ့ ပိုက်ကြိုးလေးတွေကို ထက်မြက်လှတဲ့ သွားသွားကလေးတွေနဲ့ အချိန်အတန်ကြီး ကြာအောင် ကိုက်၍ ကိုက်၍ ပေးလိုက်တာနဲ့ ပိုက်ကြိုးပြတ်ပြီး ခြင်္သေ့ကြီး လွတ်သွားပါရော။ အဲဒီအခါ ခြင်္သေ့ကြီးက 'ကျေးဇူး တင်ပါတယ်ကွာ' လို့ ပြောလိုက်တဲ့အခါ 'အကောင်ငယ်လို့တော့ အထင် မသေးပါနဲ့ဗျာ၊ နေရာနဲ့သူ အသုံးချနိုင်တဲ့ အစွမ်းအစတော့ ရှိတာချည်းပဲ' လို့ ကြွက်ကလေးက ငေါ့တော့တော့ပြောပြီး ထွက်သွားပါရောတဲ့''

''ဟား.... ဟား... ဟား.... မင်း မှတ်မသားပဲ''

''အဲ.... ကျွန်တော် ပြောတုန်း စကား ပြတ်သွားပြီ။ ဘာဘာ စကား ပြန်ဆက်ပါဦး''

''အေး... မင်း ခြင်္သေ့ကြီးကတော့ ကျေးဇူးတင်ပါတယ် စကား လောက်သာ ပြောပြီး ထွက်သွား ပေမယ့် ဘုရားလောင်းခြင်္သေ့မင်းက တော့ သူ့ကျေးဇူးရှင် မြေခွေးကို လိုက်ဂူထဲ ခေါ်ပြီး ကျွေးမွေးပြုစု ကျေးဇူးဆပ်ပါတယ်။ နေ့တိုင်း နေ့တိုင်း သားကောင်များကို ဖမ်းဆီး သတ်ဖြတ်ပြီးတဲ့နောက် မြေခွေးကို စားဦးစားဖျား ကျွေးပါတယ်။ မြေခွေးမနဲ့ မြေခွေးကလေးတွေကိုလဲ သူ့ခြင်္သေ့မနဲ့ သူ့ခြင်္သေ့ကလေး တွေနဲ့ အတူတူထားပြီး အစားအသောက်မှအစ ပြုစု စောင့်ရှောက်ပါ သတဲ့''

''ဟုတ်တာပေါ့၊ ကျွန်တော့် ခြင်္သေ့ကြီးထက် သာနေတာပဲ ဘာဘရဲ့''

''နေဦး....ဒီကြားထဲ အနှောင့်အယှက်က ဝင်လာသေးတယ်။ ဘယ်လိုလဲဆိုတော့ နေ့ရှည်လများ ခြင်္သေ့ကြီးရဲ့ စားဦးစားဖျားကို အခန့်သား စားနေတာမို့ ခြင်္သေ့မကြီးက မြေခွေး သားအမိတစ်တွေ အပေါ်မှာ မလိုတမာဖြစ်လာတယ်။ ခြင်္သေ့မင်းကို မြေခွေးက အသက် ကယ်လိုက်တဲ့အကြောင်း သူမှ မသိဘဲကိုး။ ဒီတော့ ခြင်္သေ့မင်းနဲ့ မြေခွေး အစာရှာ ထွက်သွားတဲ့အခါ မြေခွေးမနဲ့ ကလေးတွေကို ငြူစူ လာတယ်။ ဟိန်းဟောက် မောင်းမဲလာတယ်''

ဒီတော့ မြေခွေးသားအမိတစ်စုမှာ မနေဝံ့ကြတော့ဘူးပေါ့။ ကြာတော့ အဲဒီအကြောင်း မြေခွေးမက မြေခွေးထီးကို ပြောတယ်။

အဲဒီတော့ မြေခွေးထီးက ခြင်္သေ့မင်းကို သူတို့မိသားစု အခြားသို့ ထွက်သွားပါရစေတော့လို့ နှုတ်ဆက်တဲ့အခါ ခြင်္သေ့ကြီးက ဘာကြောင့် ထွက်သွားချင်တာလဲလို့ မေးတယ်။ မြေခွေးက အကျိုး အကြောင်း ပြောပြတယ်။ အဲဒီမှာတင် ခြင်္သေ့မင်းက ခြင်္သေ့မကို မြေခွေးကြောင့် သူ့အသက် မသေခဲ့ရကြောင်း၊ မြေခွေးရဲ့ ကျေးဇူးကြီးမားပုံအကြောင်း နားချပြောပြတော့မှ ခြင်္သေ့မက ကြည်ဖြူပြီး ဆွေ ခုနစ်ဆက်၊ မျိုးခုနစ်ဆက်တိုင်အောင် အဆွေခင်ပွန်းဖြစ်သွားပါသတဲ့ကွာ''

''အဟိတ်တိရစ္ဆာန်သာ ဆိုတယ်၊ သူ့ကျေးဇူးကို သိကြတယ်နော် ဘဘ''

''လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ပါရမီရှိတဲ့သူဟာ သိတတ်ကြပါတယ်။ မင်း ခုနပြောတဲ့ တတိယတန်း မြန်မာဖတ်စာထဲက ခြင်္သေ့အကြောင်းကြားရတော့ တို့ငယ်ငယ် သတ္တမတန်းမှာ သင်ခဲ့ရတဲ့ အင်္ဂလိပ် ဖတ်စာထဲက အင်ဒရိုစလီ အင်(န်) သည် လိုင်း ယင်း (Androceeless and the lion) ဆိုတဲ့ ဝတ္ထုလေးကို သတိရလိုက်မိတယ်။ အမေရိကန် ရုပ်ရှင်ကားကိုလဲ ကြည့်ဖူးတယ်။

ဒီလိုကွ၊ ရှေး ရောမခေတ်မှာ သက်ဦးဆံပိုင် ကျွန်ပိုင် ကျေးပိုင် စနစ်ကြီးက ကြီးထွားနေတယ်။ ကိုယ်ဝယ်ထားတဲ့ ကျွန်များဟာ ထွက်ပြေးနိုင်ခွင့် မရှိဘူး။ ထွက်ပြေးတာကို ဖမ်းလို့မိရင် အသက်ဆုံးသည်အထိ စီရင်ပိုင်ခွင့် ရှိတယ်။ ကျေးကျွန်တွေ အများကြီး ပိုင်ဆိုင်တဲ့ မြို့စားကြီးတစ်ဦးဟာ အလွန်ရက်စက် ကြမ်းကြုတ်သတဲ့။ ခိုင်းစေရာမှာ တာဝန်မကျေဘူးဆိုလျှင်၊ သူ့သဘောနှင့်မတွေ့ဘူးဆိုလျှင်သွေးထွက်သံယိုဖြစ်အောင် နှိပ်စက်ကလူပြုတတ်ဘယ်။ နေ့ရှည်လများ အစာငတ်ထားတယ်။ သူ့ကျေးကျွန်တွေထဲမှာ အင်ဒရိုစလီ အမည်ရှိတဲ့ သူ့ကျွန် တစ်ယောက်ဟာ မြို့စားရဲ့ အနှိပ်အစက်ကို အခံရဆုံးဖြစ်ပါသတဲ့။ မခံနိုင်တဲ့ အဆုံးမှာတော့ ရောမမြို့တော်ကြီးမှ ထွက်ပြေးရှာပါတယ်။

အင်ဒရိုစလီဟာ တောထဲကို ရောက်လာတော့ လမ်းလဲ မသိ။ အစာရေစာလဲ မရှိလို့ အလွန် စိတ်ဓာတ်ကျပြီး ဝမ်းနည်းပူဆွေးနေရှာပါတယ်။ မြို့စားထံ ပြန်လို့လဲ မဖြစ်တော့ဘူး။ ပြန်ရောက်တာနဲ့ အသတ်ခံရမှာက သေချာနေတယ် မဟုတ်လား။

ဒီလိုနဲ့ ငွတ်တိုးပြီး သွားရတဲ့အခါ တောစပ် တစ်နေရာ ချုံနံဘေးနားမှာ ဝပ်နေတဲ့ ခြင်္သေ့ကြီး တစ်ကောင်ကို တွေ့လိုက်ရပါသတဲ့။ တွေ့တွေ့ချင်းတော့ အင်ဒရိုစလီဟာ သေရတော့မလောက် ကြောက်လန့်သွားတာပေါ့။ အလျှင်အမြန် ထွက်ပြေးရအောင်ကလဲ သူ့မှာ အစာ

ရေစာ ပြတ်လို့ မတ်တတ်ကတောင် လဲတော့မလို ဖြစ်နေပြီပဲလေ။ ဒါကြောင့် 'ခြင်္သေ့ အစားခံပြီး သေချင်လဲ သေပါစေတော့'လို့ စိတ်ပိုင်းဖြတ်လိုက်မိသတဲ့။ ခြင်္သေ့ကြီးက မတုန်မလှုပ် ဖြစ်နေတဲ့ အင်ဒရိုစလိကို မြင်နေပေမယ့် ဝပ်ရာက ထမလာပါဘူး။ ဒေါသတကြီးနဲ့ ဟိန်းခြင်း၊ ဟောက်ခြင်းလဲ မပြုပါဘူး။ ညှိုးငယ်တဲ့ မျက်နှာထားနဲ့ ခေါင်းကြီးကို စောင့်ငဲ့ပြီး ပါးစပ်က ဟရုံသာ ဟလျက် ကြောင်ကြီးတစ်ကောင်လို ညည်းညူရှာသာ နေပါသတဲ့။ ဒီတော့ အင်ဒရိုစလိက အကြောက် နည်းနည်း ပြေပြီး သေသေ ချာချာ ကြည့်မိပါတယ်။ ခြင်္သေ့ကြီးကလဲ ညည်းညည်း ညူညူနဲ့ သူ့ ညာဘက်လက်ကို လျှာနဲ့ လျက်လိုက်၊ အင်ဒရိုစလိကို ညှိုးငယ်တဲ့မျက်လုံးနဲ့ ကြည့်လိုက်၊ တောင်းပန်တဲ့ အမူအရာမျိုးသာ လုပ်ပြ နေပါသတဲ့။ အဲဒီတော့ အင်ဒရိုစလိဟာ ဘေးအန္တရာယ် မရှိနိုင်ကြောင်း ရိပ်မိလို့ ခြင်္သေ့ကြီး အနား အနည်းငယ် တိုးသွားပြီး ကြည့်လိုက်တော့ (လား....လား) ခြင်္သေ့ကြီးရဲ့ လက်ဖဝါးမှာ 'ငြောင့်'ကြီးက ထုတ်ချင်းပေါက် စူးနေတာကို တွေ့ရပါသတဲ့''

''ဩော်....ဒါကြောင့်ကိုး၊ ထုတ်ချင်းပေါက် စူးထားတယ် ဆိုတော့ ဘယ်ထနိုင်ပါ့မလဲနော် ဘဘ''

''မထနိုင်တာ ဘယ်နှစ်ရက်များတောင် ရှိသွားပြီလဲ မသိပါဘူး။ အနာမှာ ပြည်တွေ တည်ပြီး လောက်တွေ တဖွားဖွား ဖြစ်နေပါသတဲ့။ ဒါကြောင့် အစာ ရေစာလဲ ပြတ်တော်နေပုံ ရတယ်။ အနာကလဲ ကိုက်ခဲနာကျင်နေပုံ ရတယ်။ ဒီတော့ အင်ဒရိုစလိက ကရုဏာ သက်လာတယ်။ ဒီလို ကရုဏာ သက်လာတော့ မိမိ အသက်အန္တရာယ်ကို ပဓာန မပြုတော့ဘဲ ကူညီ ကယ်မ လိုတဲ့ စေတနာတွေ ပေါ်လာတာကြောင့် ခြင်္သေ့ကြီး အနား မရဲတရဲ တိုးပြီး ဦးခေါင်းကို ကြွင်နာ ယုယစွာ ချော့မော့ ပွတ်သပ် ပေးလိုက်ပါတယ်။ ခြင်္သေ့ကြီးဟာ ကြောင်ကလေး တစ်ကောင်ကဲ့သို့ နှစ်သိမ့် ခံယူနေပါသတဲ့''

''ခြင်္သေ့တို့ ကျားတို့ဟာ ကြောင်ရဲ့ အမျိုးအနွယ်လို့ သိပ္ပံ ဆရာတွေက ဆိုကြတာပဲ''

''အေး....ကျားဆရာ 'ကြောင်'လို့တော့ ကြားဖူးတာပဲ''

''ကဲ....ဆက်ပြောပါဦး ဘဘ ဝတ္ထု''

''အင်ဒရိုစလိက 'ငြောင့်'ကြီးကို တအားဆွဲထုတ် လိုက်တယ်။ ခြင်္သေ့ကြီးက နာပေမယ့်လို့ ဟိန်းဟောက်ခြင်းတော့ မပြုပါဘူး။ အဲသည်နောက် အနာက လောက်တွေကို သန့်ရှင်းပေးတယ်။ သွေးပုပ်

တွေ ပြည်တွေကို ကုန်စင်အောင် ညှစ်ထုတ်ပေးတယ်။ ခြင်္သေ့ကြီးကလဲ တညည်းညည်း တညူညူနဲ့ ခံနေရရှာပါသတဲ့။ အင်ဒရိုစလိက ဒဏ်ရာရှိတဲ့ လက်ကို ယုယု ယယ ပွတ်သပ် ပေးပါတယ်။ ခြင်္သေ့ကြီးကလဲ အင်ဒရိုစလိရဲ့ လက်ကို ကျေးဇူးတင်တဲ့ သဘောနဲ့ လျှာဖြင့် လျက်နေပါသတဲ့။ ခွေးကလေး ကြောင်ကလေးများလိုပေါ့ကွယ်''

''ဟုတ်တယ်နော် ဘဘ၊ အိမ်မှာ မွေးထားတဲ့ ခွေးတို့ ကြောင်တို့ဟာ သခင်ကို လျှာနဲ့ လျက်ပေးတတ်ပါတယ်။ ချစ်ခင်တဲ့ သဘော ကျေးဇူးတင်တဲ့ သဘောပေါ့''

''အင်ဒရိုစလိဟာ ခြင်္သေ့ကြီး အနားမှာ ကြာကြာ မနေနိုင်ပါဘူး။ သူ့ကို လိုက်ဖမ်းမယ့် ရန်နဲ့ ဝေးအောင် ပြေးရ ဦးမယ်လေ။ မြို့စားရဲ့ နယ်ပယ်က လွန်မှ လွတ်မှာကိုး။ ဒါကြောင့် ခြင်္သေ့ကြီး ဦးခေါင်းကို ယုယ ကြင်နာစွာ ပွတ်သပ်ပေးပြီး ထွက်ခဲ့ရပါတယ်။ ခြင်္သေ့ကြီးကလဲ သူ့ကို တည်းညည်း တညူညူနဲ့ ကြည့်ရင်း ကျန်ရစ်ခဲ့ပါသတဲ့။ အင်ဒရိုစလိဟာ ဝေးဝေးတော့ မပြေးနိုင်ပါဘူး။ နောက်လေး ငါးရက် ကြာတော့ အားပြတ်ပြီး လဲနေတဲ့ အင်ဒရိုစလိကို မြို့စားရဲ့ တပ်သားများက ဖမ်းမိ သွားပါလေရော''

''ဟောဗျာ.... သူ့ ခမျာ သနားပါတယ်။ 'ပြေးစရာ မြေမရှိ၊ ရွေးစရာ ငွေမရှိ'တဲ့ ဘဝပေးကိုး။ ဒီလိုနဲ့ အသတ် ခံလိုက်ရရောလား ဘဘ''

''ရိုးရိုးတန်းတန်း သတ်ဖို့တောင် စီစဉ်ကြတာ မဟုတ်ပါဘူးဗျာ။ ခြင်္သေ့စာ ကျွေးမယ်တဲ့။ အဲဒီခေတ်က ပွဲလမ်းသဘင်ကြီး အနေနဲ့တောင် လုပ်တတ်ကြသေးတယ်။ မင်း မြင်ဖူး ဖတ်ဖူးမှာပေါ့။ ရုပ်ရှင်ထဲ စာပေတွေထဲမှာလေ။ လူတွေ အုပ်စုချင်း တစ်ဘက်နဲ့ တစ်ဘက် သတ်ကြတာတို့၊ မြင်းစီးချင်း လှံရှည်ကြီးနဲ့ ထိုးကြတာတို့၊ ရထားစီးချင်း ခုတ်ကြ ထိုးကြတာတို့။ အဲဒါမျိုးတွေကို လုပ်ကြတဲ့အခါ ပြည်သူလူထုကလဲ ရာလိုက် ထောင်လိုက် စိတ်ဝင်တစား လာကြည့်ကြတယ်။ ကြည့်တာမှ ရိုးရိုးတန်းတန်း မဟုတ်သေးဘူး။ ဟစ်အော်အားပေး ကျွက်ကျွက်ညံအောင် အော်နေကြသေးတယ်။ ခရစ်ယာန် ဘာသာဝင် မှန်သမျှကလေးသူငယ်မကျန် သံချိုင့်အကျယ်ကြီးထဲမှာ ထည့်ပြီး ကျားတွေနဲ့ သော်လည်းကောင်း၊ ခြင်္သေ့တွေနဲ့ သော်လည်းကောင်း လွှတ်ပေးလို့ ခုန်အုပ်၊ ကိုက်သတ်၊ အပိုင်းပိုင်း အပြတ်ပြတ် စားကြ ဝါးကြတာတွေကို ပရိသတ်က ကြည့်ပြီး သည်းထိတ်ရင်ဖို အရသာကို ခံစားနေတတ်ကြသေးတယ်။ အင်ဒရိုစလိကို သတ်မယ့် အစီအစဉ်ကလဲ ဒီလို

အစီအရင်မျိုးကိုလုပ်ကြပါတယ်။ နေ့ရက်ကို သတ်မှတ်ပြီး ထွက်ပြေးသော ကျွန်အား ခြင်္သေ့စာ ကျွေးမယ့်အကြောင်း တစ်မြို့လုံးကို ကြေညာလိုက်ပါတယ်။ အဲဒီနေ့ ရောက်တယ် ဆိုရင်ပဲ ပြည်သူလူထုဟာ နံနက်စာ စားပြီးကတည်းက မြို့လယ်ရှိ အေရီနာ (Arena) ခေါ်တဲ့ အားကစားကွင်းကြီး၏ လူသတ်ကွင်းကြီး ပေါ့ကွာ။ အဲဒီနေရာကို ပြည်သူတွေ အလျှိုလျှို ရာထောင်မက ရောက်လာကြတယ်။

ပွဲကြည့် ပရိသတ်အတွက် အဆင့်ဆင့် တန်းလျားကြီးတွေ ဝိုင်းဝိုင်းလည် ရှိကြတယ်။ မြင်ကွင်း အကောင်းဆုံး နေရာမှာတော့ အမိုးနဲ့ အကာနဲ့ သန့်သန့်ပြန့်ပြန့် ကတ္တီပါ ထိုင်ခုံ အဆောင်အယောင်များနှင့် ရှိပါဘယ်။

အဲဒီ နေရာမှာတော့ ရောမ ဘုရင်၊ မိပုရားနှင့် တကွ မှူးကြီးမတ်ကြီး၊ ဆွေတော် မျိုးတော်တို့ရဲ့ ပွဲကြည့်စင်ပေါ့။ သံလှောင်ချိုင့်ကြီးရဲ့ အနီးဆုံး နေရာမှာတော့ မြို့စား နယ်စားတို့ရဲ့ ကျေးကျွန်ဟူသမျှ မိန်းမ ယောကျ်ား ကလေးသူငယ် မကျန် တစ်စုတစ်ဝေးတည်းထားပြီး ထွက်ပြေးတဲ့ ကျွန်တစ်ယောက်ရဲ့ သေပွဲကို မျက်ဝါးထင်ထင် ကြည့်စေ မြင်စေပါသတဲ့''

''ဒါက ကျွန်တွေ ထွက်မပြေးဝံ့အောင် ပြတဲ့သဘော နေမှာပေါ့နော် ဘဘ''

''အေးပေါ့ကွ၊ ဒီသဘောနဲ့ သံလှောင်ချိုင့်ကျယ်ကြီးထဲကို အင်ဒရိုစလိကို သွင်းလိုက်တယ်။ 'ဤသူဟာ မြို့စားကြီး ဘယ်သူရဲ့ ထွက်ပြေးတဲ့ကျွန် ဖြစ်တယ်။ သူ့မှာ အပြစ်ရှိတဲ့အလျောက် ယခု ခြင်္သေ့စာ ကျွေးပါတော့မယ်'လို့ ကြေညာလိုက်တဲ့အခါ ပရိသတ်ကြီးက တစ်ခဲနက် ဩဘာ ပေးကြပါသတဲ့။ မြင်နေရတဲ့ ကျွန်တွေမှာတော့ ရင်ထုမနာ ဖြစ်ပြီး ငိုသူက ငို၊ ဘုရားတ တဲ့သူက တ ၊ ကျိန်ဆဲသူက ကျိန်ဆဲ၊ မကြည့်ရက် မမြင်ရက်လို့ မျက်လုံးကို စုံမှိတ်ထားသူက စုံမှိတ်ထားပေါ့၊ သံလှောင်ချိုင့်ထဲက အင်ဒရိုစလိကလဲ မျက်စိကို စုံမှိတ်ထားတာပေါ့ပါ။

မကြာပါဘူး။ သံလှောင်အိမ်ကြီးနဲ့ ဆက်ထားတဲ့ ခြင်္သေ့လှောင်ချိုင့်ရဲ့ သံတံခါးကြီး ဖွင့်သံကို 'ဂျိုးဂျိုးဂျိမ်းဂျိမ်း'နဲ့ ကြားလိုက်ရတယ်။ ခြင်္သေ့ကြီးကို အပြင်ထွက်အောင် လှံတံများနှင့် ထိုးဆွမောင်းထုတ်ကြတယ်။ ခြင်္သေ့ကြီးက ဒေါသဖြစ်၍ ဟိန်းဟောက်ပြီး ထွက်လာပါတယ်။ သံလှောင်အိမ်ကြီးထဲက ခြင်္သေ့ကြီး ထွက်လာတာ မြင်ရတော့ ပရိသတ်များက လှုပ်လှုပ်ရှားရှား ဟစ်အော် အသံပြုကြတယ်။ ခြင်္သေ့ကြီးကလဲ စားမာန်ထပြီး ဟိန်းဟောက် နေပါတယ်။

အင်ဒရိုစလိဟာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပါတယ်။ မကြည့်ဘဲ ဇနေနိုင်လို့ မျက်စိကို ဖွင့်ကြည့် လိုက်တဲ့အခါ ခြင်္သေ့ကြီးက အင်ဒရိုစလိအား အကဲခတ်သလို စူးစူးစိုက်စိုက်ကြည့်ရင်း လူးလားခေါက်တုံ့ သွားလာနေပါတယ်။ အနံ့ခံသလိုလဲ အသက်ရှူနေပုံ ရပါတယ်။ ပရိသတ်ကြီးကတော့ ခြင်္သေ့ကြီးဟာ 'အင်ဒရိုစလိကို တစ်ဟုန်ထိုးခုန်အုပ်လိုက်မှာပဲ' လို့ အသည်းတယားယားနဲ့ စောင့်ကြည့်နေကြတယ်။

သို့ပေမယ့် သူတို့ ထင်သလို မမြင်ကြရပါဘူး။ ခြင်္သေ့ကြီးဟာ ခေါင်းကို စောင်းငဲ့ စောင်းငဲ့နဲ့ ညည်းတွားတဲ့အသံကိုပြုရင်း ကြောင်ကြီး တစ်ကောင်လို အင်ဒရိုစလိအနားသို့ တိုးဝင်လာပါတယ်။ အဲဒီနောက် သူ့ခေါင်းဖြင့် အင်ဒရိုစလိအား ပွတ်သပ်နေပါတော့တယ်''

''ကေန္တ အင်ဒရိုစလိက ဆေးကုပေးလိုက်တဲ့ ခြင်္သေ့ကြီးပဲ နေမှာပေါ့။ ဟုတ်တယ်မဟုတ်လား ဘဘ''

''အေးပေါ့ကွ။ မြို့စားရဲ့ တပ်သားများက အင်ဒရိုစလိကို လိုက်ဖမ်းနေတုန်း ဒဏ်ရာကြောင့် ရန်မပြုနိုင်တဲ့ အဲဒီ ခြင်္သေ့ကြီးကို တွေ့လို့ လှောင်ချိုင့်လုပ်ပြီး ဖမ်းလာခဲ့ရတာပေါ့''

''ဒါဖြင့် အင်ဒရိုစလိနဲ့အတူ ပါလာမှာပေါ့''

''အတူတူ ဘယ်ပါမလဲကွ။ ခြင်္သေ့ကြီးကို ဖမ်းပြီး တပ်သားအချို့က ပြန်ကြတယ်။ ကျန်တဲ့ တပ်သားတွေက အင်ဒရိုစလိရဲ့နောက် ဆက်လိုက်သွားတာပေါ့''

''ဩော်....ဩော်....ဆက်ပြောပါ ဘဘ''

''ခြင်္သေ့ကြီးက အင်ဒရိုစလိကို မှတ်မိနေသလို အင်ဒရိုစလိကလဲ ခြင်္သေ့ကြီးကို မှတ်မိသွားတယ်။ အဲဒီလို ခြင်္သေ့နဲ့ အင်ဒရိုစလိတို့ ဖက်လှဲတကင်းတစ်ဦးကိုတစ်ဦး ပွတ်သပ်ယုယနေကြတာ တွေ့ကြတော့ ပရိသတ်ကြီးဟာ မှင်တက်မိနေသလို အံ့ဩနေကြတယ်။ အံ့ဩရာက ချီးကျူးသလို ဩဘာပေးကြတယ်၊ လက်ခုပ်တီးကြတယ်။ အော်ကြဟစ်ကြတယ်။ ဝမ်းအသာဆုံး၊ တက်ကြွရွှင်မြူးအော်ဟစ်နေတဲ့ ပရိသတ်ကတော့ ကျေးကျွန် အုပ်စုကြီးပေါ့ကွာ''


''ဟုတ်မှာပေါ့။ သူတို့ဆွေစုမျိုးစုထဲက လူဘစ်ယောက်ရဲ့အသက်ဟာ ကြမ်းကြုတ်ရက်စက်တဲ့ အန္တရာယ်က လွတ်သွားပေတာကိုး''

''အေး....နောက်ဆုံးတော့ ရောမဘုရင်ကြီးကိုယ်တိုင် မဖြစ်စဖူးဖြစ်ရတဲ့ အကြောင်းချင်းရာကို စစ်မေးတော်မူရတယ်။ အင်ဒရိုစလိဟာ ခြင်္သေ့ကြီးနဲ့ တောထဲတွင် တွေ့ပုံ၊ ခြင်္သေ့လက်က ဒဏ်ရာ ကြီးကို

ကုသပေးပုံဘို့ကို ပြန်လည်လျှောက်ကြားတဲ့အခါ ဘုရင်ကြီးက အံ့ဩချီးမွမ်းပါတယ်။ သားစား တိရစ္ဆာန်ကြီး တစ်ကောင်ကပင်လျှင် ကျေးဇူးတရားကို သိတတ်ပေတယ်။ လူအချင်းချင်း ကျေးဇူးတရားကို သိတတ်ကြရအောင်'သာဓက'အနေနဲ့ အင်ဒရိုစလီအား အသက်ချမ်းသာပေး၍ ကျေးကျွန်ဘဝမှ လွတ်မြောက်စေလို့ အမိန့် ချတော်မူလိုက်ပါတယ်''

''အင်း....အခု ကျွန်တော်တို့ ပြောလာခဲ့ကြတာ ခြင်္သေ့သုံးကောင်အကြောင်း ဖြစ်နေပြီနော်''

''အေး... လူသားအချင်းချင်း ကျေးဇူးသိတတ်တဲ့ အကြောင်းတွေ ဆက်ပြောကြသေးတာပေါ့ကွာ၊ ဒါဖြင့်....''



# ကျေးဇူးတရား (၂)

“လူတစ်ဦးတစ်ယောက်က လူတစ်ဦးတစ်ယောက်ကို ကျေးဇူးပြုရာမှာ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း ရယ်လို့ ၂ မျိုး ၂ စား ရှိတယ်။ နှုတ်၏ စောင်မခြင်း ဆိုတာက နှုတ်မြွက် စကားဖြင့် အခက်အခဲ အန္တရာယ်များမှ လွတ်ကင်းအောင် တိုးတက်ကြီးပွား ချမ်းသာအောင် နည်းပေးလမ်းပြ ပြောပြတာ၊ အကြံဉာဏ်များ ပေးတာ၊ တိုက်ရိုက် ပြောဆိုညွှန်ပြတာမျိုးလည်း ရှိတယ်။ သို့မဟုတ် ထိုသူ တစ်ယောက်ရဲ့ အကျိုးအတွက် ချီးမြှောက်မစနိုင်စွမ်း ရှိသူ ပုဂ္ဂိုလ်တစ်ဦးထံ သွားရောက်ပြောဆို စေ့စပ်တောင်းပန်တာမျိုးလည်း ရှိတယ်။ အဲဒီလို ကိစ္စတွေ ဆောင်ရွက် ပေးတာမျိုးကို နှုတ်၏ စောင်မခြင်း လို့ ခေါ်နိုင်ပေလိမ့်မယ်။

လက်၏ စောင်မခြင်း ဆိုတာကတော့ သူတစ်ဦးတစ်ယောက်ရဲ့ ကိစ္စကို မိမိ၏ ကမ္မပထဖြင့် ကိုယ်တိုင်ကိုယ်ကျ ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးခြင်း၊ ရှေ့ဆောင် ရှေ့ရွက် ပြုပေးခြင်း၊ ငွေကြေးဥစ္စာတို့ကို ချေးငှားပေးကမ်းကူညီခြင်းစသည်တို့ ဖြစ်တယ်။ ‘စောင်မခြင်း’ ဆိုတဲ့စကားဟာ သူတစ်ပါးအား မိမိက တတ်နိုင်သမျှ ကူညီ စောင့်ရှောက်တဲ့ အဓိပ္ပာယ်မျိုးပါပဲ။

အဲဒီလို စောင့်ရှောက်ခြင်း ၂ မျိုးဟာ ဗြဟ္မဝိဟာရ မေတ္တာ စစ်စစ်ဖြင့် ကျေးဇူးပြုခြင်းသာလျှင် ကျေးဇူးအစစ်အမှန် ဖြစ်ပါသတဲ့။ သူ့ထံမှ အကျိုးလာဘ်လာဘကို မျှော်ကိုးပြီး ‘အရင်းအနှီး’ လုပ်သလို ပြုတဲ့ကိစ္စများကျတော့ ‘မျက်နှာလို မျက်နှာရ’ လုပ်ကြတာများသာဖြစ်လို့ အကျိုးပေး မထက်သန်ပါဘူးတဲ့။ ဒီနေရာမှာလည်း ၂ မျိုး ၂ စား ရှိပါသေးတယ်။ တစ်မျိုးက ကာစ်ဦးတစ်ယောက်တည်း အတွက်

သာ ရည်ညွှန်းပြီး ပုဂ္ဂလဓိဋ္ဌာန် အမှတ်ထင်ထင် တမင်တကာ ပြုတဲ့ ကျေးဇူးရယ်။ နောက်တစ်ခုက မည်သူ တစ်ဦးတစ်ယောက်ကိုမှ မရည် ရွယ်ဘဲ အများအကျိုးအတွက် ဓမ္မဓိဋ္ဌာန် သက်သက်နှင့် အမှတ်မထင် ကောင်းကျိုးပြုပေးတဲ့ ကျေးဇူးရယ်။ ဥပမာ- လမ်းဖောက်ခြင်း၊ တံတားခင်းခြင်း၊ ရေအိုးစင် တည်ခြင်း၊ အဘယဒါန ဆေးဝါးလှူ ဒါန်းခြင်း၊ သွေးလှူခြင်းတို့မှ အစ ယုတ်စွအဆုံး လမ်းပေါ်မှာတွေ့တဲ့ ဆူးငြောင့်ခလုဘ်ကန်သင်းတို့ကို ဖယ်ရှားလိုက်ခြင်း၊ ပုလင်းကွဲက အစ သူတကာ အနာတရ မဖြစ်အောင် ရှင်းလင်း သုတ်သင်ပေးခြင်းတို့ ပေါ့။ အဲ့ဒီလို ကျေးဇူးတရား လေးပါး ရှိတဲ့အခါမှာ ထိုကျေးဇူးတို့ကို သိတတ်သူရယ်၊ သိပြီးတဲ့အလျောက် ကျေးဇူးတုံ့ပြန် ပြန်လှန်ပေးဆပ် သူရယ်လို့ နှစ်မျိုးနှစ်စား ခွဲခြား၍ ဘုရားကိုယ်တော်မြတ် ဟောကြား တော်မူဘာ အင်္ဂုတ္တိုရ်မှာ မင်း ဖတ်ရသားပဲ''

''ဟုတ်ကဲ့.... ဘဘကို မနေ့က ကျွန်တော် ဖတ်ပြပါတယ်''

''ကတညုတ ကတဝေဒိ ဆိုတဲ့ စကားဟာ အဲဒီ နှစ်မျိုးနှစ်စား ကို ခွဲခြားပြီး ပြဘာပဲ။ 'ကတညုတ' ဆိုတာက ပြုအပ်သော ကျေး ဇူးကို သိတတ်သူ၏ အဖြစ်လို့ အဓိပ္ပာယ်ရပြီး 'ကတဝေဒိ' ဆိုတာက ပြုအပ်ပြီးသော ကျေးဇူး ကို သိ တတ် သည် လို့ ပါဠိ အဘိဓာန်မှာ အဓိပ္ပာယ် ဖွင့်ပါတယ်။ အဲ့သည့် နေရာမှာလည်း မိမိ အပေါ်မှာ ထင်ထင် ပေါ်ပေါ် သိသိသာသာ နှုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်း သိထားတဲ့သူ့ကျေးဇူး တုံ့ပြန်သူဆွေကတော့ အများအပြား ရှိတတ်ကြ ပါတယ်။ ဇာတ်ဝတ္ထု ပုံပြင်တို့မှာ ထင်ထင်ရှားရှား တွေ့နိုင်ကြပါ တယ်။ နောက်တစ်မျိုးကတော့ မိမိကို မရည်ရွယ်စေကာမူ ဓမ္မဓိဋ္ဌာန် သက်သက်ဖြင့် အမှတ်မထင် ပြုခဲ့တဲ့ သူ့ကျေးဇူးကို သေးငယ် သိမ်နုတ် သည်ပဲ ဖြစ်စေ၊ မိမိမှာ အကျိုးစီးပွား ကြီးထွား အောင်မြင်လာတာ ကို သူ့ကျေးဇူးရယ်လို့ သိပြီး တုံ့ပြန်ပေးဆပ်တဲ့ ပုဂ္ဂိုလ်မျိုးကတော့ အတော် ရှားပါးပါတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ပညာရှိ သူတော် ကောင်းကြီးများက ထောမနာပြု၍ ချီးမွမ်းတော်မူကြပါဘယ်။ ဒီတော့ မင်းနဲ့ ငါနဲ့ အဲ့ဒီ ပုဂ္ဂိုလ်မျိုး အကြောင်းကို ဆွေးနွေးရအောင်လား''

''ကောင်းပါတယ် ဘဘရယ်''

''၅၅၀ ဝတ္ထု ကေနိပါတ်မှာ 'စူဠသေဋ္ဌိ'သေဋ္ဌေးဘွဲ့ကို ရသွား တဲ့ အညတရ ဆင်းရဲသား တစ်ဦးအကြောင်းကို သတိရမိပါတယ်။ ပစ္စုပ္ပန် ဝတ္ထုကတော့ မြတ်စွာဘုရား သခင် ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံးတော် မူစဉ်က စူဠပန် အမည်ရှိတဲ့ ရဟန်း တစ်

ပါးကို အကြောင်းပြုပြီး အတိတ်ဇာတ်ကို ဟောတာပါ။ ရှေးတစ်ရံရော အခါက ပေါ့ကွယ်။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး တိုင်းပြည် အုပ်ချုပ် မင်းလုပ်တော်မူ၍ နေပါတယ်။ ထိုမင်းကြီးကို ခစားတဲ့ မှူး မတ်များ ရှိသည့်အနက်က စူဠသေဋ္ဌိ အမည်ရှိတဲ့ သေဌေးကြီး တစ်ဦး ဟာ 'နက္ခတ္တဝေဒ' နိမိတ်ဖတ်ခြင်းပညာမှာ အလွန်တတ်မြောက် ကျွမ်း ကျင်ပါသတဲ့။ အဲဒီ သေဌေးကြီးက တစ်နေ့သော အခါ မင်းကြီးရဲ့ ညီလာခံသို့ အသွား၊ လမ်းပေါ်မှာ 'ကြွက်'သေ တစ်ကောင်ကို တွေ့ လိုက်ရပါသတဲ့။ အဲဒီလို တွေ့လိုက်တာနဲ့ သေဌေးကြီးက ကောင်းကင် နက္ခတ်ကို ကြည့်လိုက်ပြီး....

''သည်နေ့ သည်အချိန်သည်အခါမှာ ဟောဒီကြွက်သေကိုအရင်း ပြုပြီး စီးပွားရှာတတ်တဲ့ လူဆိုရင် မကြာခင် ကာလမှာ သေဌေးကြီး ဖြစ်စရာ ရှိတယ်လို့ အမှတ်မထင် ပြောလိုက်ပါသတဲ့။ အဲဒီ စကားကို သေဌေးကြီးရဲ့ အခြေအပါး အခြွေအရံများကအမှတ်တမဲ့ပဲ နေလိုက် ကြပါတယ်။ သို့ပေမယ့် အမည် မထင်ရှားတဲ့ ဗဟုသုတနဲ့ ပြည့်စုံတဲ့ ဆင်း ရဲသား လုလင်ပျို တစ်ယောက်ကတော့ ကောင်းကောင်းကြီး သတိပြု လိုက်မိပါတယ်။ အိန်း....သေဌေးကြီးဟာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ တာနဲ့အမျှ 'နက္ခတ္တဝေဒ'မှာလည်း အလွန် ကျွမ်းကျင်သူ ဖြစ်တယ်။ ဒါကြောင့် သူ့စကားဟာ ယုတ္တိမဲ့တဲ့၊ အချည်းနှီး စကားတော့ မဟုတ် တန်ရာဘူး။ အဲဒီ ကြွက်သေကို အရင်းပြုပြီး 'ငါ စီးပွားရှာရမယ်'လို့ သန္နိဋ္ဌာန် ချလိုက်ပါသတဲ့။ အဲဒီ နေရာမှာ....

''ပညာရှိ စကား
အပ်ဖျား ရေစက်
အနက် ပင်လယ်''

ဆိုတဲ့ ခုခေတ် စာရေးဆရာ တစ်ဦးရဲ့ အဆိုအမိန့်ကို ငါ သတိ သွားရမိတယ် မောင်လှအေးရယ်။ အဲဒီ စာရေး ဆရာကို ဂုဏ်ပြု ဖော်ပြလိုက်ချင်ပါရဲ့။ ရိုးသားစွာ ပြောရရင်တော့ သူ့နာမည်ကို ငါ မမှတ်မိဘူးကွယ်။ ငါ ကိုယ်တိုင် စာဖတ်နိုင်တာမှ မဟုတ်ဘဲကလား''

''နာမည်ကို မမှတ်မိတာ ထားပါတော့၊ သူ့အဓိပ္ပာယ်ကို ရှင်းပြ စမ်းပါဦး ဘဘရယ်''

''သူ့ အဓိပ္ပာယ်က နှစ်မျိုးဖြစ်နိုင်တယ်ကွယ့်။ ပထမ တစ်မျိုးက တော့ 'ပညာရှိတို့ရဲ့ ပြောတဲ့စကားဆိုတာ အပ်ဖျားပေါ်မှာတင်တဲ့ ရေ စက်ကလေးလောက် ဖြစ်ပေမယ့် ပင်လယ်ကြီးတမျှ နက်ရှိုင်းတယ်'လို့

ယူဆနိုင်စရာ ဖြစ်တယ်။ နောက်တစ်မျိုးကတော့ အဲဒီ ရေစက်ကလေးကို‘ဝိတ္ထာရ’ဖွင့်လိုက်မယ်ဆိုရင် ပင်လယ်ကြီးတမျှ အနက်အဓိပ္ပာယ်တွေ ကျယ်ဝန်း ပြန့်ပြောတယ်’လို့ ယူဆရင်လည်း ရနိုင်စရာ ရှိတယ်။ အပြောကျယ်တဲ့ ပင်လယ်ကြီးပေါ့ကွာ’’

‘‘နှစ်မျိုးစလုံး ကောင်းတာပဲနော်... ဘဘ’’

‘‘အေးပေါ့ကွာ၊ အဲဒီ လုလင်ပျိုကလည်း ဒီသဘောမျိုး ပေါက်သွားလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်တိုင်ကလည်း ဗဟုသုတနဲ့ ပြည့်စုံတယ်ကိုး။ ဒီတော့ သူ့နာမည်ကို ‘မောင်သုတ’လို့ အသိအမှတ်ပြုထားရအောင်ကွယ်’’

‘‘ကောင်းပါတယ် ဘဘ၊ နာမည် မှည့်ထားလိုက်တော့ အပြောရ အဆိုရ လွယ်တာပေါ့’’

‘‘အေး....ဒီတော့ မောင်သုတက အဲ့ဒီ ကြွက်သေကိုကောက်ပြီး ဈေးထဲ သွားရောင်းတယ်၊ ကြောင်တလေးတစ်ကောင် မွေးထားတဲ့ လူက ကြောင်စားဖို့ရာ အမဲ သား ငါး လိုက်ရှာနေတုန်း ကြောင်ကြိုက်တဲ့ ကြွက်သေကို မြင်တော့‘တစ်ချင်ရွေး’ပေးပြီး ဝယ်သွားပါသတဲ့’’

‘‘တစ်ချင်ရွေး ဆိုတာ ဘယ်လိုဟာလဲ၊ ဘယ်လောက် တန်ဖိုးရှိမလဲ ဘဘ’’

‘‘ရှေးခေတ်တွေမှာ ရွေးပင်က သီးတဲ့ ရွေးသီးရဲ့ အခေ့နီကလေး တစ်စေ့ကို ‘တစ်ချင်ရွေး’လို့ ခေါ်တယ်၊ သူ့ထက် နှစ်ဆကြီးတဲ့ ရွေးစေ့ကို ‘ရွေးကြီး’လို့ ခေါ်တယ်။ အဲဒီ ရွေးစေ့ကြီး‘လေးစေ့’ကို ငွေ တစ်ပဲနဲ့ တန်ဖိုးထားပြီး သုံးစွဲခဲ့တယ်။ နှစ်ပဲကို တစ်မူး၊ နှစ်မူးကို တစ်မတ်၊ လေးမတ်ကို ငွေသား တစ်ကျပ်ဆိုတော့ ငွေသား တစ်ကျပ်ဆိုရင် ချင်ရွေး ကလေးပေါင်း တရာ့နှစ်ဆယ်နဲ့ အလေးချိန်လည်း ညီမျှတယ်၊ တန်ဖိုးချင်းလည်း ညီမျှတယ်။ တို့ အခုသုံးနေကြတဲ့ ပြားတစ်ရာကို တစ်ကျပ်နှုန်းနဲ့ ဆိုရင် တစ်ချင်ရွေးဟာ တစ်ပြားဖိုးတောင် မရှိဘူး၊ အခုတော့လည်း ရွှေ အချိန်အတွယ်ကလွဲရင် ချင်ရွေးကို အသုံးမပြုကြတော့ပါဘူးကွယ်’’

‘‘ဟုတ်ကဲ့....ဆက်ပြောပါ ဘဘရယ်’’

‘‘မောင်သုတဟာ တစ်ချင်ရွေးနဲ့ တင်လဲကို ဝယ်ပါသတဲ့။ တစ်ချင် ရွေးဖိုးဆိုတော့ တင်လဲက နည်းနည်းရမှာပေါ့ကွာ။ သကာတို့၊တင်လဲ့ဘို့ဆိုတာတော့ မင်း ကြားဖူးမှာပါ’’

‘‘ကြားဖူးပေမယ့် ကွဲကွဲ ပြားပြားတော့ မသိဘူး ဘဘရဲ့’’

''တင်လဲဆိုတာက ထန်းရည်က ချက်လို့ရတဲ့ ထန်းလျက်မဖြစ်ခင် အရည် ခပ်ပျစ်ပျစ်လို ဟာမျိုး ဖြစ်တယ်။ သကာကတော့ ကြံရည်ကို ချက်လို့ သကြားမဖြစ်ခင် အရည် ခပ်ပျစ်ပျစ်ကို ပြောတာ။ အရသာကတော့ အချိုအရသာချည်းပါပဲ''

''အဲဒီ တင်လဲကို မောင်သုတက ဘာလုပ်သလဲ ဘဘ''

''အဲဒီ တင်လဲခဲလေးတွေရယ်၊ သောက်ရည်ရယ်ယူသွားပြီးပန်းဥယျာဉ်ထဲက ပန်းခူးလာတဲ့လူတွေကို ပေးပြီး ပေးတယ်။ ဒီတော့ ပန်းသည်တွေက ပန်းတစ်ဆုပ်စီ သူ့ကိုပြန်ပေးတယ်။ အဲဒီ ပန်းတွေကို မောင်သုတက ဈေးထဲမှာ ပြန်ရောင်းတယ်။ဒီလိုနဲ့ပဲ ပိုက်ဆံခပ်များများ ရလာတော့ တင်လဲတွေကို ခပ်များများဝယ်ပြီး သောက်ရေသန့်သန့်နဲ့ ပန်းဥယျာဉ်ကို တိုက်ရိုက်သွားတယ်။ ပန်းသည်တွေကို လောကွတ်လုပ်တယ်။ ပန်းသည်တွေကလည်း သူတို့ ခူးလို့ရသမျှ ပန်းတွေထဲကတစ်ဝက်စီ တစ်ဝက်စီပြန်ပြီး လက်ဆောင် ပေးသွားကြတယ်။အဲဒီတော့ ပန်းတွေ အများကြီး ရတယ်။ အဲဒီပန်းတွေ အားလုံးကို ရောင်းလိုက်တော့ ရှစ်အသပြာတောင် ရသတဲ့။ တစ်နေ့တော့ ဗာရာဏသီမြို့မှာ မိုးကြီးလေကြီး ကျပါလေရော။ အဲသည်အခါ သစ်ပင်အိုကြီးများရှိတဲ့ ဥယျာဉ်ဟောင်းကြီး တစ်ခုမှာ အမြစ်ကလဲတဲ့ သစ်ပင်အိုကြီးတွေ၊ အကိုင်းအခက် ပြတ်ကျတဲ့ သစ်ကိုင်း သစ်ခြောက်တွေဟာ ဖရိုဖရဲ ပြန့်ကျဲနေပါလေရော။ အဲဒီမှာ မောင်သုတက ဥယျာဉ်မှူးကို သွားပြောဘယ်။

''ဥယျာဉ်မှူးကြီးခင်ဗျာ၊ ခင်ဗျားဥယျာဉ်ထဲက သစ်ပင်ကျိုး သစ်ကိုင်းကျိုးတွေကို ကျွန်တော့်ကို ပေးမယ်ဆိုရင် အားလုံးကို အမြန်ဆုံး လှဲ့ကျင်း သုတ်သင်ပေးပါမယ်''

အဲသလို ပြောတာကို ဥယျာဉ်မှူးကလည်း....

''အေး....ငါ့ဥယျာဉ် သန့်ရှင်းရင်ဘော်ပြီ၊ တစ်စခကျန်၊ မင်းယူနိုင်တယ်လို့ ပြောပါသတဲ့။ ဒီတော့ မောင်သုတက ဘယ်လိုလုပ်တယ် ထင်သလဲ။ အဲဒီအနီးအပါးမှာ ရှိသမျှကလေးငယ်တွေကို တင်လဲအနည်းငယ်စီ ပေးပြီး စည်းရုံးသတဲ့။ ကလေးသူငယ် အရွယ်တွေဆိုတာက နည်းနည်းလေး စားရသောက်ရရင် လူကြီးခိုင်းသမျှ ကျုံးလုပ်တတ်ကြတယ် မဟုတ်လား။

ဒီတော့....

''တို့လူလေးများ ဆိုသလေ''

''ဒီ သစ်ကိုင်းခြောက်တွေ ဘယ့်နှယ်ကောက်မယ်''လို့ တိုင်ပေးလိုက်ရင်....

''ဟောသလိုကောက်မယ်''ဆိုပြီး ပျော်ပျော်ပါးပါးနဲ့ ကောက် လိုက်ကြတာဟာ မကြာခင်မှာပဲ ထင်းပုံကြီးတွေ ဖြစ်သွားပါလေရော။ အမှိုက်တွေ သစ်ရွက်တွေဆိုလည်း လှည်းလိုက်ကျင်းလိုက်ကြတာ ပြောင် သလင်း ခါသွားတာပေါ့ကွယ်။ အဲဒီနောက် တင်လဲ နည်းနည်းစီ ထပ် ဝေပေးလိုက်၊ သောက်ရေလေးတွေ နည်းနည်းစီ ပေးလိုက်၊ ကလေး တွေဆိုဘော့လည်း ကျေနပ်ပြီး ကခုန် ပြန်သွားကြရော။ မောင်သုတ မှာတော့ ရောင်းစရာ ထင်းပုံကြီးတွေ 'ဟီး'နေအောင် ကျန်ရစ်ခဲ့တာ ပေါ့''

''ဘယ်သူ့ကို ရောင်းသလဲ ဘဘ''

''ဘုရင့်ရဲ့ အိုးတော်လုပ် အိုးဖုတ်တဲ့ဌာနကို ရောင်းရဘာပေါ့ ကွ။ အဲသလိုရောင်းဘော့ ဆယ့်ခြောက်အသပြာနဲ့ အိုးငါးရာ ရတယ်။ အိုးတွေ ပြန်ရောင်းလိုက်ပြန်တော့ ရှစ် အသပြာ ထပ်ရတယ်။ ဒီတော့ နှစ်ဆယ့်လေးအသပြာ ဖြစ်သွားတယ်။ အဲဒီနောက် မြို့တံခါးဝမှာ ရေချမ်းစင် တည်ထားလိုက်တယ်။ မြို့အပြင်ဘက်ထွက်ပြီး ဆင်စာ၊ မြင်း စာမြက်ရိတ်ကြတဲ့ မြက်ထမ်းသမားများကို မောင်သုတက သောက်ရေနဲ့ လောကွတ်လုပ်တယ်၊ မြက်ထမ်းသမားများကလည်း တစ်နေကုန်တစ်နေ ခန်း ပင်ပန်းလာကြသူတွေဆိုဘော့ ရေကြည်ရေအေးလေး တစ်ပေါက် သောက်လိုက်ရတာကို အလွန် ကျေးဇူးတင်ကြတယ်။ ဒီတော့....

''အင်းကွာ။ ငါတို့နဲ့ပတ်သက်တဲ့ အကူအညီများ လိုရင်လည်း ပြောပေါ့''လို့ ဆိုကြဘယ်။ မောင်သုတက ''ကျေးဇူးပါပဲဗျာ။ ကျွန် တော် လိုတဲ့အခါမှသာ နောင်ကြီးတို့က ကူညီ မစကြပါ''လို့ စကား ကမ်းလှမ်းထားလိုက်သတဲ့။

''အင်း....မောင်သုတဟာ အမြော်အမြင် တော်တော်ကြီးမားပုံ ရဘယ်နော် ဘဘ''

''စီးပွားရေးသမားဆိုဘာ အမြော်အမြင် ရှိရတာပေါ့။ ဒါ့ ကြောင့် မောင်သုတက ဘယ်သူ့ကို သွားပေါင်းသလဲ သိလား''

''ဘယ်သူ့ကို ပေါင်းသလဲဟင် ဘဘ''

''ကုန်းလမ်း ကုန်စည် ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ် ကို သွားပေါင်းတာပေါ့၊ အဲဒီဘော့ မကြာခင်ရက်အတွင်းမှာ မြင်း ငါးရာနဲ့ ကုန်သည်များ ဗာရာဏသီကို ရောက်လာလိမ့်မည်ဆိုတဲ့ သတင်း ကြားခဲ့ရဘယ်လေ။ အဲဒီသတင်းလဲကြားရော မောင်သုတက မြက်ထမ်း သမားတွေဆီ ပြေးတော့တာပေါ့''

''အား....ကုန်သည်တွေရဲ့ မြင်းငါးရာစားဖို့ မြက်က အရေးကြီး တာပဲကိုး၊ ဟုတ်ပြီ .. ဟုတ်ပြီ''

''အေး....မင်းတောင် အတော် သဘောပေါက်လာမှပဲ၊ ဒီလိုနဲ့ မောဝ်သုတက မြက်ဆမ်းသမားတွေဆီသွားပြီး မြက်တစ်စည်းစီတောင်း တယ်၊ မြက်ဆမ်းသမား ငါးရာက တစ်စည်းစီ ပေးတယ်ဆိုတော့ မြက် အစည်းပေါင်း ငါးရာ ရတာပေါ့။ ဒါကို မောင်သုတက ဘယ်လို ထပ် ပြောသေးသလဲ သိလား။ အခု အစ်ကိုတို့ပေးတဲ့ မြက်တွေကို ကျွန်တော် ဈေးဆိုပြီး အရင် ရောင်းပါရစေ၊ ဒါမှ အစ်ကိုတို့လည်း ဈေးကြီးရ လိမ့်မယ်လို့ စည်းရုံးလိုက်သတဲ့လေ။ ဒီလိုနဲ့ မြင်းကုန်သည် ငါးရာကို မြက်အစည်း ငါးရာ ရောင်းလိုက်ဘာ မောင်သုတမှာ အသပြာ တစ် ထောင် ရလိုက်ပါသတဲ့''

''ဟာ .. ဘာဘ မောင်သုတကလည်း အမြတ်ကြီးစားပါလား''

''ကုန်သည်ကလေးက အမြတ်ကလေးစားတယ်၊ ကုန်သည်ကြီး က အမြတ်ကြီးစားတယ်။ အဲဒါ ကမ္ဘာ့ထုံးစံကွ မောင်လှအေးရ၊ ထား ပါတော့ကွာ။ ရှေးပဝေသဏီအခါက အသပြာ တစ်ထောင်ဆိုရင် ဓသဋ္ဌေးကလေးလောက် ကြွယ်ဝတယ်လို့ ခေါ်နိုင်တယ်။ ဘုရင်မင်းမြတ် က အမြင့်ဆုံးပေးတဲ့ ဆုကြေးတောင် အသပြာ တစ်ထောင် ရှိတယ်။ ဇာတ်ပွဲထဲတို့ ဇာတ်တော်ဇာတကတို့မှာ ကြားဖူး၊ ဖတ်ဖူး မှာပေါ့။ တောင်စမုတ်က ထောင်ထုပ်ကို ပေးသနားတော်မူမယ်ဆိုတဲ့ စကားကို လေ''

''ဟုတ်ဘယ်....ဟုတ်တယ်၊ ကျွန်တော် ကြားဖူးပါတယ်၊ ငွေ တစ်ထောင်ဆိုတာ ရောမ စည်းစိမ်ချမ်းသာကြီးပဲ''

''အေးပေါ့ကွ၊ သို့ပေမယ့် တို့ရဲ့ မောင်သုတက မရောင့်ရဲသေး ပါဘူး။ နောက်တစ်ခါ သူ သွားပေါင်းတာက ပင်လယ်ရပ်ခြား ကုန်စည် ကူးသန်းရေး ကိုယ်စားလှယ်ကြီးပေါ့။ အဲသလို ပေါင်းသင်း ရင်း စပ်စုစုံစမ်းတဲ့အခါ ပင်လယ်ရပ်ခြား တိုင်းပြည်က သင်္ဘောကုန် သည်ကြီးတစ်ဦး ကုန်စည် အပြည့်နဲ့ သင်္ဘောဆိုက်လာမယ့်အကြောင်း ဦးဦးဖျားဖျား သိရပြန်ရော။ သင်္ဘောမှာ ပါလာမယ့် ကုန်တွေက နိုင်ငံ ရပ်ခြားက ပစ္စည်း ပစ္စယ အသုံးအဆောင် အဝတ်အထည်တွေ ဆိုတော့ အဖိုးက သိပ် ထိုက်တန်လိမ့်မယ်။ ဒီလို ကုန်သည်ကြီးမျိုးနဲ့ အရောင်း အဝယ် ပြောဆို ဆက်ဆံတဲ့ နေရာမှာ မိမိ ကိုယ်တိုင်က ဂုဏ်ရည် တန်း တူ၊ အရင်းရှင် အနေအထားနဲ့ ခန့်ညား ပီပြင်ဖို့ လိုလာတယ်။ ကြက် သေကို တစ်ချင်ရွှေးနဲ့ ရောင်းတဲ့ အညတရ ပုံပန်း အခြေအနေမျိုးဖြစ်လို့

ဘယ်တော်မလဲ။ ဒီတော့ မောင်သုတက ‘မြင်းလေးကောင်က’ ရထား ပေါင်းချုပ် တစ်စီးကို ငှားလိုက်တယ်။ သူ့ အခစခံ အခြွေအရံ လုပ်မယ့် လူတွေကိုလည်း ငှားလိုက်တယ်။ သူ့ကိုယ်သူလည်း သေဌေးဂိုက် ပေါ်အောင် အဖိုးထိုက် အဖိုးတန် အဝတ်အစား၊ အဆင်အပြင် အသုံး အဆောင်တွေလည်း စီမံလိုက်တယ်၊ ဗာရာဏသီပြည်မှာ အလွန် ထင်ရှား ကြွယ်ဝတဲ့ သေဌေးကြီးပေါ့လေ။

ဒီလိုနဲ့ မောင်သုတဟာ သဘော်ာ သေဌေးကြီးထံသွားပြီး သဘော်ာ တစ်စင်းလုံး ပါသမျှ ကုန်ပစ္စည်းတွေကို လက်ဝါးကြီးအုပ် နှုတ်ကတိနဲ့ ဝယ်လိုက်တယ်။ သဘော်ာ သေဌေးကြီးကလည်း ‘မောင်သုတ’ရဲ့ သရုပ်ပြ အဆောင်အယောင် အပြောအဆိုတွေကို ယုံကြည်ပြီး လက်ခံ လိုက်တယ်။ အဲသည် နောက်တော့ ဗာရာဏသီက ကုန်သည်ကြီး မှန်သမျှဟာ သူတို့ထက် ‘နှာတစ်ဖျား’ သာသွားတဲ့ မောင်သုတထံကသာ တစ်ဆင့် အဆမတန် အမြတ်ပေး ဝယ်ကြရတာမို့ မောင်သုတဟာ အသားတင် ငွေနှစ်သိန်း အမြတ် ရလိုက်ပါသတဲ့”

“ဩ....
ကြွက်သေဘစ်ခု၊ အရင်းပြုကာ
လေးလတွင်းဝယ်၊ နှစ်သိန်းကြွယ်
ဆိုတဲ့ စကားဟာ ဒီက စတာကိုး”

“ဟုတ်ပါတယ်၊ မောင်သုတဟာ အဲသလို ငွေနှစ်သိန်းကိုရတော့ စူဠသေဋ္ဌိ သေဌေးကြီးထံသွားပြီး ငွေဘစ်သိန်းကို ပေးအပ်ပါသတဲ့”

“ဘာဖြစ်လို့ ပေးတာလဲ ဘဘ”

“အေး....မင်း မေးသလို သေဌေးကြီးကလည်း မောင်သုတကို ပြန်မေးတယ်။ ဒီတော့ မောင်သုတက ‘အရှင် သေဌေးကြီးရဲ့ စကားကို ယုံကြည် လိုက်နာပြီး ကြွက်သေ တစ်ခုနဲ့ အရင်းပြုခဲ့လို့ ကျွန်တော့်မှာ ငွေနှစ်သိန်း ချမ်းသာခဲ့ရပါတယ်။ ဒီတော့ တစ်ဝက်သော ငွေ အသပြာဟာ သေဌေးကြီးရဲ့ ဥစ္စာ ဖြစ်သင့်တာမို့ အခုလို လာရောက် ကန်တော့ခြင်း ဖြစ်ပါတယ်’လို့ ပြောတဲ့အခါ သေဌေးကြီးက သူ့ လုပ်နည်း လုပ်ဟန်တွေကို မေးပြန်ပါတယ်။ ဒီတော့ မောင်သုတကလည်း ကြွက်သေကို တစ်ချင်ရွေးနဲ့ ရောင်းရတဲ့အဖြစ်ကစပြီး လုပ်နည်း လုပ်ဟန်တွေ ပြန်ပြောပြတာပေါ့”

“အင်း....ခုခေတ်ဆိုင် လူအတော် များများက ဒီလို ပေးကြမှာ မဟုတ်ဘူး၊ ကိုယ့်အစွမ်းအစ ကိုယ့်ကိုယ့်ဉာဏ်၊ ဝီရိယနဲ့ ကိုယ်ကြီးပွားတာလို့ သဘောထားကြမှာနော် ဘဘ”

''ကတညုတ၊ ကတဝေဒီဆိုတဲ့ ဘုရား တရားတော်ကိုလည်း သတိထားလိုက်ဦးလေ။ ပညာရှိ သူတော်ကောင်းများသာ ပြုကျင့်တတ်တယ်လို့ ဆိုတာ မဟုတ်သား။ အဲဒီ ဘဝမှာ စူဠသေဋ္ဌိ သေဋ္ဌေးက ဘုရားအလောင်းကွယ်၊ မောင်သုတက စူဠပန် ရဟန္တာ မထေရ် အလောင်းကွယ်။ အဲဒီလို ငွေတစ်သိန်း ကန်တော့လိုက်တော့ မောင်သုတအဖို့အဆမဘန် ပိုမို ကြီးပွားလာတာကိုလည်း ကြည့်ဦး၊ စူဠသေဋ္ဌိ သေဋ္ဌေးကြီးက မောင်သုတအပေါ် ဘယ်လို နှစ်သက်သွားသလဲ။ 'သူ့ ကျေးဇူးကို သိတတ်တဲ့လူ၊ အမြော်အမြင် ဗဟုသုတနဲ့ ပြည့်စုံတဲ့ ယောကျ်ား၊ လုံ့လ ဝီရိယနဲ့ အစွမ်းအစရှိတဲ့ လုလင်ရယ်'လို့ နားလည် သဘောပေါက်ပြီး သူ့ သမီးနဲ့ ပေးစား၍ သမက်အရာ ထားလိုက်သတဲ့''

''ဒါလည်း မောင်သုတရဲ့ အမြော်အမြင် တစ်ခုလား ဘဘရာ''

''ဘာပဲ ဖြစ်ဖြစ်ကွာ၊ အကြောင်းနဲ့ အကျိုးဆိုတာ ဆက်သွယ်နေတာပဲ မဟုတ်လား၊ သမက် ဖြစ်လာတော့ ယောက္ခမ စူဠသေဋ္ဌိ သေဋ္ဌေးကြီးက မင်း ခစား ရာကို ခေါ်သွားတယ်။ ဗြဟ္မဒတ္တ မင်းကြီးက သူစိမ်းဖြစ်တဲ့ မောင်သုတရဲ့ အကြောင်းကို မေးမြန်းတော် မူတယ်။ စူဠသေဋ္ဌိ သေဋ္ဌေးကြီးက သူ့ သမက်၏ ကျေးဇူး သိတတ်ပုံ၊ ဉာဏ်ပညာ ဗဟုသုတနှင့် လုံ့လ ဥဿာဟ ပြည့်စုံလို့ လေးလအတွင်း ငွေနှစ်သိန်း ချမ်းသာ လာပုံဘို့ကို သိဖွယ်တင် ပြောသပေါ့ကွာ။ ဒီတော့ ရှင်ဘုရင်က ချီးမွမ်းပြီးတော့ ထိုက်ထိုက် တန်တန် အိမ်တစ်ဆောင် ဆောက်ဖို့ မြေတစ်ကွက်ပေးတယ်။ မောင်သုတကို ပေးတဲ့ မြေထဲက ရွှေအိုးတွေ တွေ့တယ်။ ဒီလိုနဲ့ ပို ချမ်းသာပြီး သေဋ္ဌေးကြီးအရာ ရောက်တယ်။ နောင် နှစ် အတန်ကြာတော့ ယောက္ခမ သေဋ္ဌေး ကွယ်လွန်တဲ့အခါ 'စူဠသေဋ္ဌိ' ဆိုတဲ့ ဘွဲ့ကိုပါ အရိုက်အရာ ခံလိုက်ရ ပါသတဲ့''


''ဒီလို ဆိုတော့လည်း ကျေးဇူး သိတတ်သူရဲ့ အကျိုးဟာ ဆထက် တန်ဖိုး တိုးပွား လာတာပါပဲနော်''

''ဟုတ်တာပေါ့ကွ၊ ဒီဇာတ်ကို မြတ်စွာဘုရား ဟောတော်မူတဲ့ အကြောင်းရင်းကတော့ ပညာဉာဏ် နုံ့နှေးတဲ့ စူဠပန် မထေရ်သည် မြတ်စွာဘုရား၏ 'ဥပနိဿယ'ကို စွဲစွဲ မြဲမြဲ လိုက်နာ ကျင့်ကြံတဲ့အတွက် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဆိုက်ရောက် ရခြင်းကြောင့် 'ဤ လောကမှာ ပညာရှိ သူတော်ကောင်းကြီးများ၏ စကားသည် လောကီ၊ လောကုတ္တရာ အကျိုးကို ဖြစ်ထွန်း စေနိုင်တယ်'ဆိုတဲ့ အတ္ထုပ္ပတ္တိကို ဟောတော်မူရင်း ဖြစ်ပါတယ်။ သဗ္ဗ-ညုတ ဗုဒ္ဓ ဒေသနာတော်များဟာ နည်းအမျိုးမျိုးနှင့် ပြည့်စုံတာ ချည်းပဲ ဖြစ်လေတော့ အရသာ အမျိုး

မျိုးကို ထုတ်ယူ သုံးဆောင် နိုင်ပါတယ်။ ဥပမာ-အလွန် ကောင်းမွန်တဲ့ ဒံပေါက်ထမင်း ဆိုရင် မူလ အရသာက ထမင်းနဲ့ ကြက်သားသာ ဖြစ်ပေမယ့် ၎င်းအထဲမှာ ပါတဲ့ ဟင်းခပ် အမွှေးအကြိုင်၊ အသီး အစေ့ ကလေးများကိုလဲ ချိုမြိန်စွာ စားသုံး နိုင်တာပေါ့။ အခု ဝတ္ထုကိုပဲ ကြည့်လေ။ 'ပညာရှိကို အမှီသဟဲ ပြုလျှင် အကျိုးစီးပွား ဖြစ်ထွန်းနိုင်တယ် ဆိုတဲ့ အကြောင်း အရာထဲက 'ကတညုတ၊ ကတဝေဒိ' ကျေးဇူးကို သိလျှင်လည်း ကြီးပွား ချမ်းသာ နိုင်တယ် ဆိုတဲ့ သာဓကကို မင်းတို့ ငါတို့က ယူကြ ရမှာပေါ့''

''ဟုတ်ပါတယ် ဘဘ၊ တရားတော် မှန်သမျှဟာ ဆွတ်ယူခူးစားသုံး၍ မကုန်နိုင်စရာ 'ပဒေသာပင်ကြီး' လို့ ပြောရမယ် ထင်ပါတယ် ဘဘရယ်။ ကျေးဇူး သိတတ်သူ ဖြစ်အောင် ကျွန်တော် အမြဲ သတိထားပါ့မယ်''

''အေး....ကျေးဇူးတရားဆိုရင် အသေး အမွှားလေးက အစ မင်းတို့ ငါတို့ သတိထားကြရလိမ့်မယ်။ အခု ဝတ္ထုမှာ 'မောင်သုတ' ဟာ စူဠသေဋ္ဌိ သေဋ္ဌေးကြီးရဲ့ နှုတ်၏ စောင်မခြင်းကို ခံယူလိုက်ရတာ ဖြစ်တယ်။ လူထုဦးလှ ပြောတဲ့ ပုံပြင်ကလေးတစ်ခုမှာတော့ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်းလည်း မပြုခဲ့ဖူးဘူး။ လူချင်းတောင် မမြင်ဖူးသေးဘဲနဲ့ ထိုသူ၏ ကျေးဇူးကို ရှာကြံ၍ အသိအမှတ် ပြုပြီး ကျေးဇူး တုံ့ပြန်တဲ့ လူကောင်း လူတော်ကလေး တစ်ယောက်အကြောင်းကို ဆက်ပြီး ပြောရဦးမှာ ပေါ့ကွယ်''



# ကျေးဇူးတရား (၃)

"တရုတ်ပြည်ကို ရှေးတုန်းက ဂန္ဓာလရာဇ် တိုင်းပြည်လို့လဲ ခေါ်ကြတယ်၊ စိနရဋ္ဌလို့လဲ ခေါ်ကြတယ်။ လူဦးရေ အများဆုံး ဖြစ်သလို နိုင်ငံတော်ကလဲ အလွန် ကျယ်ပြန့်တယ်။ ဒါကြောင့် ဘုရင်ကေရာဇ် လက်အောက်မှာ တိုင်းအသီးသီး မြို့ကြီးအသွယ်သွယ် နယ်အရပ်ရပ် သတ်မှတ်ပြီး မြို့စား ရွာစားများနဲ့ အုပ်ချုပ်ရသတဲ့။

တရုတ်ပြည်ကြီးရဲ့ အရှေ့မြောက်ဖျား 'ဝူဆန်'နယ်မှာ ကြီးကျယ်တဲ့ သစ်တောကြီးများရှိပါတယ်။ အဲဒီ သစ်တောကြီးရဲ့ အနားပတ်ဝန်းကျင်မှာ ရွာကလေးတွေရှိပါတယ်၊ အဲဒီ ရွာသူရွာသားများဟာ အလွန်ဆင်းရဲတဲ့ သစ်ခုတ်သမားများသာ ဖြစ်ပါတယ်။

အမည် မထင်ရှားတဲ့ ရွာကလေး တစ်ရွာမှာ 'ချင်ချောင်ဖူး' ဆိုတဲ့ လုလင်ပျိုကလေးတစ်ယောက် ရှိပါတယ်။ သူဟာ အလွန် ရိုးသားပြီး အလုပ်ကို ကြိုးစားတဲ့လူ ဖြစ်ပါတယ်။ မိခင် မျက်မမြင် မုဆိုးမကြီးကို လုပ်ကျွေးနေသူ ဖြစ်ပါတယ်။ နံနက် ကြက်ဦးတွန်လောက်မှာ ထပြီး ထမင်းချက်ရပါတယ်။ မိခင်ကြီး နိုးလာတော့ မျက်နှာသစ်ရေတို့ကို ပေးခြင်း၊ ကိုယ်လက် သုတ်သင်မှုတို့ကို ကူညီခြင်း၊ သူနဲ့အတူ နံနက်စာ ထမင်း စားကြရပါတယ်။ နေထွက်တစ်ပြူ အချိန်ကျတော့ ချင်ချောင်ဖူးဟာ သစ်တောတွင်းကို ထင်းခုတ်ရအောင် ထွက်ရပါတယ်။ သူ့မိခင်ကြီးအတွက် နေ့လယ်စာကိုလည်း ပြင် ဆင် ပေး ခဲ့ ပါတယ်။ အိမ်နီးနားချင်း မိတ်ဆွေအချို့က မိခင်ကြီးကို အကူအညီ အစောင့်အရှောက် ပြုပေးဖော် ရကြပါသတဲ့။ အထူးသဖြင့် သူနဲ့ လက်ထပ်ဖို့ ရည်မှန်းထားတဲ့ ဆင်းရဲသူမကလေးက မိခင်ကြီး၏ ဝေယျာဝစ္စကို အမြဲ လာရောက်ပြုစုပေးမြဲ ဖြစ်ပါတယ်။ ချင်ချောင်ဖူးဟာ လက်တွန်း လှည်းဆွဲလှည်းနဲ့ တောထဲကို ဝင်လာ၊ တစ်ယောက်နိုင် အမင်ကိုရှာ၊ နေ့လယ်စာ မစားမီ မွန်းမတည့်မချင်း ထိုသင်ပင်ကို ခုတ်လှဲရပါတယ်။

တစ်ယောက်တည်း လုပ်ရတာ ဖြစ်လေတော့ တစ်ဖက်လောက်ရှိတဲ့ သစ်တစ်ပင်ကို အရင်းက ခုတ်လှဲရတာဟာ အချိန် ကြာသလောက် ပင်ပန်းလှပါတယ်။

သစ်ပင် လှဲပြီးလို့ မွန်းလွဲလောက်မှ ပါလာတဲ့ ထမင်းထုပ်ကို စားရပါဘယ်။ ထမင်းထုပ်ထဲမှာက ဟင်းကောင်း ဟင်းရံရယ်လို့ မဟုတ်ပါဘူး။ အာလူးပြုတ်၊ ပိန်းဥပြုတ်၊ ကန်စွန်းဥပြုတ် အဲဒါမျိုးနဲ့ ဆီးဖြူသီးလောက်ရှိတဲ့ ပဲငါးပိဆုပ် တစ်လုံးသာ ဖြစ်ပါသတဲ့။ အမဲသားငါးဆိုတာ မျိုးက နှစ်သစ်ကူးမှာ ဖြစ်စေ၊ ဘိုးဘွားဘီဘင်တို့ကို ပူဇော်ပွဲမှာ ဖြစ်စေ နေ့ကြီး ရက်ကြီးများမှာသာ စားသောက်နိုင်ပါသတဲ့။

နေ့လယ်စာ စားပြီးတော့ တစ်အောင့်တစ်နား နေတဲ့အခါနေ၊ တစ်ရေးတမော အိပ်တဲ့အခါ အိပ်။ ပြီးမှ ဒူးလောက် ပေါင်လောက် သစ်ကိုင်းတွေကို ခုတ်ဖြတ်ပြီး လှည်းပေါ်တင်၍ အိမ်အထိ ဆွဲလာခဲ့ရပါတယ်။ ဒါဟာ သူ့အတွက် နေ့တဝူ အလုပ်ပါပဲ။

တစ်နေ့တော့ နံနက်စောစော သစ်တောထဲကို ရောက်လာတဲ့အခါ ခပ်ဝေးဝေး တောစပ်ဘက်နေရာက လူသံ သူသံ တံပိုးခရာသံတွေကို ကြားရပါတယ်။ ဒီအသံတွေဟာ 'ဝူဆန်' နယ်စားကြီး တောကစား ထွက်လာပြီး စခန်းချနေတာလို့ ချင်ချောင်ဖူးက သဘောလိုက် ပါတယ်။ အဲဒီနောက် မကြာပါဘူး။ အလွန် တက်ကြွမြူးထူးဖွယ် ဖြစ်တဲ့ ဆိုင်းသံ၊ ဗုံသံတွေကို ကြားရပါတယ်။ လေတင်နဲ့ လေအောက်ဆိုတော့ ကြည်လင်ချိုမြတဲ့ တရော်နှဲသံ၊ သာယာချွန်နွဲ့တဲ့ တယောသံ၊ ဗျပ်စောင်းသံတို့ကို ပီပီသသ ကွဲကွဲပြားပြားလည်း ကြားရတယ်။ လင်းကွင်းသံ၊ ကြေးလင်ပန်းသံနှင့် စည်တိုတို့ရဲ့ အသံက ခုန်ပေါက်ပြီး က,ချင်လောက်အောင် တက်ကြွ မြူးထူးနေကြပါတယ်။

ချင်ချောင်ဖူးဟာ အဲဒီလို တူရိယာအသံများကြောင့် ရွှင်လန်းဖျတ်လတ်ပြီး သူ ခုတ်ရမယ့် သစ်ပင်ကို စည်းချက် ဝါးချက်နဲ့ လိုက်အောင် ပျော်ပျော်ရွှင်ရွှင် ခုတ်နေမိပါသတဲ့။ မော ပန်းရမှန်းတောင် မသိဘောပါဘူး။ ခါတိုင်း တစ်နေကုန်နီးပါး လုပ်ရတဲ့ အလုပ်ဟာ မွန်းမတည့်ခင်မှာပဲ ပြီးစီးသွားပါသတဲ့။

အဲဒီအချိန်မှာ အလွန် မွှေးကြိုင်တဲ့ ဟင်းနံ့ ကျွေးနံ့တွေက ထွက်ပေါ်လာပြန်ပါဘယ်။ သူတို့ ပစ်ခတ် ဖမ်းဆီးလို့ရတဲ့ တောကောင်အသားမျိုးစုံကို ချက်ပြုတ်ကြော်လှော်နေကြတာပေါ့။ အဲဒီ ဟင်းရနံ့တွေကြောင့် ချင်ချောင်ဖူးမှာ သွားရည်တများများတောင် ဖြစ်လာပါ

သတဲ့။ ဒီတော့ သူ့ ထမင်းထုပ်ကလေးကို ဖြေစားလိုက်ရတယ်။ ညှော်နံ့ သင်းနံ့တွေက သူ့ကိုယ်တိုင် အဲဒီ ဟင်းလျာတွေကို စားနေရ သကဲ့သို့ သူ့ သက်သတ်လွတ် ဟင်းတွေကိုပဲ ခံတွင်း တွေ့နေပါတော့သတဲ့။ အရသာ ရှိရှိနဲ့ ထမင်း တစ်ထုပ်လုံး ကုန်သွားပြီးတဲ့နောက် ခါတိုင်းလို တစ်အောင့် တစ်နား တရေးတမော အိပ်မနေချင်တော့ပါဘူး။ နယ်စားကြီးရဲ့ မောင်းမမိဿံ အခြွေအရံတွေ ပျော်ပျော်ပါးပါး သီဆိုတီးမှုတ် က,ခုန်နေကြတဲ့ ပွဲကို သွားကြည့်ချင်လာတယ်။ ချင်ချောင်ဖူးတို့လို ဆင်းရဲသား အဘန်းအစား ဆိုတာက ပျော်ပွဲ ရွှင်ပွဲတွေကို ကြည့်ရှုနားထောင် ကြည်နူးဖို့ရာ အခါအခွင့်က အလွန် နည်းပါးကြတယ်လေ။ ဒီတော့ ကိုယ်တိုင် မပျော်ပါးနိုင်တဲ့ ဘဝ ဖြစ်ပေမယ့် သူ တစ်ပါးပျော်ပါးတာကို ကြည့်ရ မြင်ရရင်လည်း စိတ်ချမ်းသာကြတယ် မဟုတ်လား။ နေမဝင်ခင် ပြန်လာပြီး ထင်းလှည်းကို အိမ်အရောက် ဆွဲနိုင်ရင် ပြီးတာပဲ။

ဒါကြောင့် အသံလာရာဘက်ကို ချင်ချောင်ဖူးက မှန်းဆပြီး လိုက်လာခဲ့တယ်။ တောအုပ်ကြီးထဲ ဖြတ်လာရတာ ဆိုတော့ ခရီးလမ်းပန်းက ဖြောင့်ဖြူးလှတယ် မဟုတ်ပါဘူး။ လျှိုမြောင် ချောက်ကြားတို့ကို ဖြတ်ကျော်လာရတာ မျိုးပါ။ တစ်နေရာရောက်တော့ ချင်ချောင်ဖူးဟာ ဝက်ဝံကြီး တစ်ကောင်နဲ့ ပက်ပင်း တိုးပါလေရော။ ဝက်ဝံကြီးက ချင်ချောင်ဖူးကို မြင်တယ် ဆိုရင်ပဲ ရန်မူရအောင် ပြေးလာတယ်။ အဲဒီမှာတင် ချင်ချောင်ဖူးဟာ ခြေဦးတည့်ရာ ပြေးရတာပေါ့။ ကြောက်အား လန့်အား ပြေးရင်း လွှားရင်းနဲ့ ကျင်းကြီးတစ်ခုထဲ ကျသွားပါတယ်။

ကျင်းကြီးက ဘော်တော်လေး နက်စောက်တာမို့ ချင်ချောင်ဖူးမှာ အထိတ်တလန့် ဖြစ်သွားရတယ်။ သို့ပေမယ့် ဝက်ဝံကြီးဘေးက လွတ်ပြီဆိုတာ သိလို့ 'မသေကောင်း မပျောက်ကောင်း' စိတ်သက်သာရာ ရသွားပါတယ်။ အဲသလိုနဲ့ သူ့ ပတ်ဝန်းကျင်ကို လေ့လာကြည့်မိတဲ့အခါ မြေကြီးအောက်က တစ်ဝက် ပေါ်နေတဲ့ သေတ္တာဖုံးလိုလို ဝတ္ထုပစ္စည်း တစ်ခုကို စူးစမ်းမိပါသတဲ့။

မြေသားတွေကို တူးယက် ဖော်ကြည့်တဲ့အခါ ကျွန်းသေတ္တာဟောင်းကြီး တစ်ခုကို တွေ့လိုက်ရတယ်၊ သော့ခလောက်ကြီးတစ်ခု ခတ်ထားပေမယ့် ချင်ချောင်ဖူးက ထုရိုက် ချိုးဖဲ့လိုက်တဲ့အခါ အလွယ်တကူနဲ့ ပွင့်သွားပါတယ်။ အထဲကို ကြည့်လိုက်တော့ ချင်ချောင်ဖူး တစ်သက်မှာ မကိုင်မတွယ် ခဲ့ရဖူးတဲ့ ရွှေ ငွေ ရတနာ မျိုးစုံတို့ကို တအံ့တသြ

တွေ့လိုက် ရပါတယ်။ ''အဲဒီ ရတနာတွေဟာ လွန်လေပြီးသော နှစ်များက ကိုယ်ပိုင်ဥစ္စာကို လျှို့ဝှက်စွာ မြှုပ်နှံထားတာရင်လည်း ဖြစ်ရမယ်၊ သူခိုး ဓားပြများက သူတို့ရဲ့ ခိုးရာပါ၊ တိုက်ရာပါ ပစ္စည်းများကို လာရောက် မြှုပ်နှံ ထားတာရင်လည်း ဖြစ်ရမယ်''လို့ ချင်ချောင်ဖူးက တွေးမိပါတယ်။ ''ချုံနွယ် ပိတ်ပေါင်းများက နှစ်ရှည်လများ ကြာတဲ့အခါ ကျောက်ဂူကြီး တစ်ခုလုံးကို ဖုံးထားသလို ပေါက်ရောက် ရှုပ်ထွေး နေတာကြောင့် နေရာကို မမှတ် မိနိုင်လို့လား၊ သက်ဆိုင်တဲ့ လူတွေ သေဆုံးကုန်ကြလို့လား''ဟု ချင်ချောင်ဖူးက တွေးလိုက်မိပါတယ်။ ဘယ်လိုပဲ ဖြစ်စေ၊ ချင်ချောင်ဖူးမှာတော့ မျက်စိများ ပြာဝေ သွားတဲ့အထိ ဝမ်းသာလုံး ဆို့သွားပါသတဲ့။ အဲဒီနောက်တော့ ချင်ချောင်ဖူးဟာ ကြာကြာ ဆိုင်းမနေတော့ပါဘူး။ သစ်ပင် နွယ်ပင်တွေကို ဆွဲ၍ ကျောက်ဂူကြီးထဲက တက်လာခဲ့တယ်။ နေရာဌာနကို သေချာအောင် မှတ်ပြီးတော့ ထင်းလှည်း ရှိရာကို ပြန်လာခဲ့တယ်။ အဲဒီညက ချင်ချောင်ဖူးဟာ တစ်ညလုံး အိပ်မပျော်ခဲ့ပါဘူး။ ရတနာတွေကိုပဲ မျက်စိထဲမှာ မြင်ယောင်နေတယ်။

နောက်တစ်နေ့တော့ အလွယ်တကူပဲ သွားယူပြီး လှည်းနဲ့ တင်ခဲ့ပါတယ်။ အဲဒီ လှည်းကို ဆွဲလာရင်း ချင်ချောင်ဖူးက တစ်လမ်းလုံး တွေးလာခဲ့တယ်။ ''ငါ့လှည်းဟာ ထင်းလှည်း မဟုတ်တော့ဘူး။ ရတနာလှည်း ဖြစ်နေပြီ။ ရတနာတွေကို ငါပိုင်ပြီ'' အဲဒီလို တွေးပြီး စိတ်ကြီးဝင်ရာက စိုးရိမ်ကြောင့်ကြစရာတွေ တွေးလာမိပြန်တယ်။ ဘယ်လိုလဲဆိုတော့ ငါ့လက်ထဲမှာ ဒီရတနာတွေကို တွေ့ရင် လူတိုင်းက ဘယ်လိုထင်ကြမလဲ။ သူတစ်ပါးဆီက လုယက် ခိုးလာတယ်လို့ ထင်မှာပေါ့။ နယ်စားကြီး သိသွားရင် ငါ့မှာ ရာဇဝတ် သင့်ရလိမ့်မယ်။ တကယ်တမ်းပြောရရင်လည်း နယ်စားကြီးကို အကြောင်းပြုပြီး ဒီရတနာတွေကို ငါ တွေ့ရတာ။ သူ့ရဲ့ တူရိယာ ဂီတသံတွေ၊ သူ့ရဲ့ အမဲသား ငါးညှော်နံ့တွေက ဖြားယောင်းလို့ ကျောက်ဂူကြီးထဲကို ကျပြီး ဒီရတနာများကို တွေ့ရတာ။ ဒါကြောင့် သူ့ကျေးဇူး မကင်းတာတော့ အမှန်ပဲ။ ဒီတော့ ဒီရတနာတွေ ငါ့အိမ်ကို သယ်မယ့်အစား နယ်စားကြီးထံကိုပဲ သွားပို့မယ်။ အကျိုးအကြောင်း လျှောက်တင်ပြီး ရတနာတွေကို အပ်နှံတဲ့အခါ နယ်စားကြီးက ဆုတော်လာဘ်တော်အဖြစ် အနည်းအကျဉ်းလောက်တော့ ပေးတန် ကောင်းပါရဲ့။ သူ ပေးသလောက် ယူတာက တရားဝင် ဖြစ်လို့ ရာဇဝတ်ဘေးမှ အေးလိမ့်မယ်''ဟု ဆုံးဖြတ် လိုက်ပါသတဲ့။

ဒီလိုနဲ့ပဲ ချင်ချောင်ဖူးဟာ နယ်စားကြီးထံ ရောက်သွားတာပေါ့။ အကျိုးအကြောင်း အဖြစ်အပျက် အားလုံးကို လျှောက်တင်ပြီး ရတနာတွေကို အပ်လိုက်တဲ့အခါ နယ်စားကြီးမှာ အလွန် အံ့ဩ သွားပါတယ်။ ရိုးသားဖြူစင်ပြီး ကျေးဇူးတရားကို ရှာကြံ တင်ဘတ်တဲ့ ချင်ချောင်ဖူးကို ကြည့်နူး ဝမ်းမြောက်စွာ ချီးမွမ်းလို့ မဆုံးပါဘူး။ နာယကဂုဏ် (၆)ပါးနဲ့ တရားမျှတတဲ့ နယ်စားကြီးက ရတနာမျိုးစုကို ၃-ပုံ ပုံလိုက်ပါတယ်။ ပထမတစ်ပုံက ခရမြို့ရှင် ဘုရင် ကောရာဇ်ကြီးကို အခွန်ဆက်သဖို့ ဖြစ်ပါသတဲ့။ ဒုတိယ တစ်ပုံကတော့ ရတနာများ တွေ့ရှိရာ နယ်မြေကို အုပ်ချုပ်ရတဲ့ သူ့အတွက် ဖြစ်ပါသတဲ့။ တတိယ တစ်ပုံကတော့ ထိုရတနာများကို ကိုယ်တိုင် ကိုယ်ကျ တွေ့ရှိသူ၊ ကျေးဇူးတရားကို ရှာဖွေကြံဆ သိတတ်သူ ချင်ချောင်ဖူးအား ဆုတော် လာဘ်တော်အဖြစ် ပေးသနားတော် မူလိုက်ပါသတဲ့။ ယိုမျှသာမက မင်းဘဏ္ဍာကို မထိမ်မဝှက် စောင့်သိ ရိုသေတတ်သော သဘောထားကို အသိအမှတ် ပြုသော အနေဖြင့် နယ်စားကြီးက ဘဏ္ဍာစိုး ရာထူးပါ ခန့်အပ် သူကောင်း ပြုလိုက်တယ်။

အဲဒီနောက်တော့ ချင်ချောင်ဖူးဟာ မိခင်အိုကြီးနှင့် သူ့ ရည်းစားကို ခေါ်ယူပြီး ပျော်ရွှင်စွာ နေကြပါသတဲ့။

အဲဒါ.... 'လူထူးလူ့'ပြောဖူးတဲ့ ပုံပြင် တစ်ခုပဲ။ ငါက တန်ဆာဆင်ပြီး ပြောလိုက်ရတာပေါ့ မောင်လှအေးရယ်''

''ဒါကြောင့်....ကျေးဇူးရှင်ကိုလဲ မမြင်ဖူးဘဲနဲ့၊တစ်စုံတစ်ရာကိုလဲ ကိုယ်ထိလက်ရောက် မပေးဖူးဘဲနဲ့ ကျေးဇူးကို ရှာကြံ တင်တဲ့ လူကောင်း တစ်ယောက်ရဲ့ ဝတ္ထု''လို့ ပြောတာကိုး။ ဟုတ်တယ်နော်.... ဘဘ''

''အေးလေကွာ။ သူ ခံစားရတာက 'သဒ္ဒါရုံ' နဲ့ 'ဂန္ဓာရုံ'ပဲ မဟုတ်လား။ ဒါတွေဟာလဲ သူ့အတွက် ရည်ညွှန်းပြီး လုပ်ပေးတာ မဟုတ်ဘူးလေ''

''ဒီလိုဆိုရင် မြန်မာ့ သမိုင်းထဲက 'ခေင်ညို' အကြောင်းတောင် ပြောလို့ ရသေးတယ်''

''လုပ်စမ်းပါဦးကွ၊ မင်းက ကျောင်းဆရာ လုပ်ခဲ့ဖူးတဲ့သူ ဆိုတော့''

''ဟိုလေ....မြန်မာသက္ကရာဇ် ၇၀၀ လောက်မှာ ထွန်းကားတဲ့ ပင်းယခေတ်ကပေါ့။ ငါးစီးရှင် ကျော်စွာဆိုတဲ့ ဘွဲ့နဲ့ ပင်းယဘုရင်

အဖြစ် နန်းမတက်ရသေးခင် ပင်လယ်မြို့စား အဖြစ် နေခဲ့ရတုန်းက သူ့ရဲ့ ကျွန်ယုံတော် ခေင်ညို အကြောင်းပေါ့''

''ဆက်ပြောပါလေ၊ မင်းကလဲ''

''ဘဘလဲ သိပြီးသားပါ။ ပင်းယနန်းကို မရမီ ကျော်စွာဟာ သူနဲ့ နန်းလုဘက်ဖြစ်တဲ့ အသခ်ယာ စောယွန်းကို လုပ်ကြံဖို့ ကျွန်ယုံတော် ခေင်ညိုအား လွှတ်လိုက်တယ် မဟုတ်လား ဘဘရဲ့။ ဒီအချိန်မှာ အသခ်ယာ စောယွန်းက စစ်ကိုင်း မြို့စားလေ''

''ပင်လယ်မြို့စားက စစ်ကိုင်းမြို့စားကို လုပ်ကြံ ခိုင်းတယ်လို့ ဆိုပါကွာ''

''ဟုတ်တယ်လေ....ဘဘရဲ့။ ဒီတော့ အခွင့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်လေ့ရှိတဲ့ ကျွန်ယုံတော် ခေင်ညိုက စစ်ကိုင်းဘက်ကို ကူးသွားတယ်။ ဒီအချိန်မှာ အသခ်ယာ စောယွန်းရဲ့ အစောင့်အနေအခြံအရံ တပ်သားများ အလစ်ကို အခါအခွင့် မရသေးလို့ ခေင်ညိုဟာ တောထဲမှာ သုံးရက်လုံးလုံး ပုန်းအောင်းပြီး အလစ် ချောင်းနေရတယ်။

တစ်ညကျတော့မှ 'စစ်ကိုင်းသား'ရဲ့ အိမ်တော်ကို ကပ်နိုင်ခဲ့တယ်။ အိမ်တော်ဦးမှာ တွေ့လိုက်ရတာကတော့ နတ်စင်ပေါ်က ဗလိနတ်စာ ထမင်းပွဲပေါ့။ သုံးရက်လုံးလုံး တောထဲမှာ ပုန်းနေရလို့ ထမင်းငတ်ခဲ့တဲ့ ခေင်ညိုဟာ နတ်တင်တဲ့ ထမင်းကို ပလုတ်ပလောင်း အငမ်းမရ ဝမ်းဝအောင် စားလိုက် ရပါတယ်။ အဲဒီ ထမင်းစားလို့ အားရှိလာမှ အန္တရာယ် ဟူသမျှကို ရင်ဆိုင်ပြီး အမှုတော်ကို ကျေပွန်စွာ ထမ်းနိုင်မှာ ဖြစ်တယ်လေ။ ဒါက အသခ်ယာ စောယွန်းရဲ့ စက်ခန်းဆောင်ထဲကို မရောက်ခင် ခေင်ညိုရဲ့ သဘောထားပေါ့။ သို့ပေမယ့် စက်ခန်းဆောင်ထဲ ရောက်လို့ နှစ်နှစ် ခြိုက်ခြိုက် အိပ်စက်နေတဲ့ စစ်ကိုင်းမြို့စားကို တွေ့လိုက်ရတော့ ခေင်ညိုမှာ ဓားလွတ်ကို ကိုင်ဆွဲရာက 'တန့်ခနဲ' ဖြစ်သွားရသတဲ့လေ။

ဘာဖြစ်လို့လဲ ဆိုတော့ နတ်တင်ထားတဲ့ ထမင်းရှင်ဟာ စစ်ကိုင်းမြို့စား ဖြစ်နေတယ်။ အဲဒီ ထမင်းစားမိတာက ငါကိုယ်တိုင် ဖြစ်နေတယ်။ ငါ့ကို တိုက်ရိုက် ကျွေးသည် မဟုတ်စေကာမူ 'တစ်လုတ် ကျွေးဖူး သူ့ကျေးဇူး' ဆိုတာနဲ့ အကျုံးဝင်သွားပြီ။ ကျေးဇူးရှင် ဆိုလျှင် သတ်ဖို့ ဖြတ်ဖို့ မဆိုထားနှင့် စော်ကားမော်ကား ပြစ်မှားမိလျှင်ပင် ဘဝအဆက်ဆက် ဆင်းရဲတွင်း နက်တယ်လို့ ဘုရား ဟောထားတာ ရှိတယ်။ ဒီတော့ ငါ ဘယ်လို လုပ်ရပါ့မလဲ။ အချိန်မရှိဘူး။ ငါ မြန်မြန်

စဉ်းစားမှ ဖြစ်မယ်။ ဒီအတိုင်း ငါ့အရှင်မင်းကျော်စွာ ဆီကို ပြန်သွားရင် အမှုတော်ကို မကျေပွန်ဘဲအတွက် ငါ့အသက်ကို အဆုံးစီရင်ချင်စီရင်လိမ့်မယ်။ အခု အိပ်ပျော်နေတဲ့ ကျေးဇူးရှင်ကို သတ်လိုက်မိရင်တော့ 'သံသရာဘဝအဆက်ဆက် ငါ့အသက်ပေါင်း များစွာ'ကို သူတစ်ပါးက သတ်လိမ့်မယ်။ ဒီဘဝဘဝ ဒီတစ်သက်နဲ့ နောင်သံသရာ ဘဝအဆက်ဆက် အသက်ပေါင်းများစွာကို ကြိုက်ရာ ရွေးပေတော့'လို့ ခေင်ညိုက စဉ်းစားလိုက်တာနဲ့ တစ်ပြိုင်နက်....

'ဒီဘဝ ဒီဘဝ်သက်ကိုသာ အသတ်ခံပါတော့မယ်'လို့ ယတိပြတ်ဆုံးဖြတ်နိုင်လိုက်ပါသတဲ့။ ဒီတော့ အသခ်ယာ စောယွန်းရဲ့ စက်ခန်းဆောင်ထဲကို အောင်မြင်စွာ ချဉ်းကပ် ဝင်ရောက်နိုင်ခဲ့တဲ့ အကြောင်းမင်းကျော်စွာအား သက်သေပြရအောင် မြို့စားရဲ့ ပတ္တာမြား ကျောက်စီဓားကို အိမ်နှင့်တကွ ခေင်ညိုက ယူလာပြီး ပြန်ခဲ့ပါသတဲ့''

''ဟုတ်ပြီ မောင်လှအေး၊ အဲဒီအကြောင်းလေးကို ငါက ပြောချင်တာ။ 'အကြောင်းလေး'လို့သာ ဆိုတယ်။ အရေးအကြီးဆုံးအချက်ဖြစ်နေတယ်ကွယ့်။ မင်း စဉ်းစားကြည့်စမ်း၊ သူတထူးရဲ့ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်တဲ့ အဖြစ်အပျက်၊ ဝတ္ထုသာဓက အများအပြားရှိတယ် မဟုတ်လား။ အဲဒီလို ကျေးဇူးသိတဲ့ လူတွေအနက်မှာ ခေင်ညိုရဲ့ ကျေးဇူး သိပုံ၊ ကျေးဇူးဆပ်ပုံဟာ သူ့အသက်နဲ့ အလဲအလှယ်ပြုပြီး ကျေးဇူးဆပ်လိုက်တာပဲကွယ့်''

''ဟုတ်တယ်နော် ဘဘ၊ ကိုယ့်အသက်သာအသေခံမယ်၊ ကျေးဇူးရှင်ရဲ့ အသက်ကို ဘေးမဲ့ပေးခဲ့တဲ့ ခေင်ညိုရဲ့စိတ်စေတနာဟာလူသာမန်တို့ ပြုနိုင်ခဲ့တဲ့ အမှုကြီးပေါ့''

''အေး....နောက်တစ်ခုရှိသေးတယ်။ ဘာလဲဆိုတော့ ခေင်ညိုရဲ့ အရှင်သခင်ဖြစ်တဲ့ ပင်လယ်မြို့စား မင်းကျော်စွာရဲ့ စိတ်ထားပေါ့။ ကြည့်လေ ခေင်ညိုဟာမင်းကျော်စွာထံ ပြန်ရောက်တော့ ထမင်းတစ်နပ်ရဲ့ ကျေးဇူးရှင် ဖြစ်ခဲ့လို့ စစ်ကိုင်းမြို့စားကို မသတ်ဖြစ်ခဲ့တဲ့အကြောင်း။ အဲသလို အမှုတော်ကို မကျေပွန်တဲ့အတွက် မိမိအသက်ကိုသတ်လိုရင်လဲ သတ်တော်မူပါတော့လို့ ရဲရဲဝံ့ဝံ့ လျှောက်တင်တယ် မဟုတ်လား''

''ဟုတ်ပါတယ် ဘဘ''

''အဲဒီ နေရာမှာ လူသာမန်ဆိုရင်'နင့်ကို တစ်သက်လုံး ထမင်းကျွေးလာခဲ့တဲ့ ငါ့ကျေးဇူးကိုတော့ မထောက်၊ တစ်နပ်ကလေးစားရတဲ့ သူ့ကျေးဇူးကို ထောက်ရသလား'လို့ ဒေါသူ ပုန်ထပြီး အချိန်မဆိုင်းဘဲ ဓားနဲ့ ပိုင်းပစ်လိုက်မှာပေါ့။ ဟုတ်တယ် မဟုတ်လား''


''ဟုဘ်တာပေါ့ ဘဘရဲ့၊ သခင်ရင်း ကျန်ရင်းပဲဟာ၊ အရေးကြီး ဆုံး ဖြစ်တဲ့ အမှုတော်အသမ်းခိုင်းလိုက်တာကိုမှ အခါအခွင့် ရပါလျက် ပျက်ကွက်ခဲ့တာ အာဏာဖီဆန်မှုကြီးပေါ့''

''အေး....သို့ပေမယ့် မင်းကျော်စွာက ခေါင်ညိုအပေါ် ဘယ်လို သဘောထားသလဲ ဆက်ပြောစမ်း''

''အား....ဟုတ်ပြီ ဘဘရေ၊ ခေါင်ညိုက ထမင်းတစ်နပ်ကျေးဇူး ရှင်ကို မပြစ်မှားဝံ့ကြောင်း၊ တာဝန်ပျက်ဘာကြောင့် သူ့ အသက်ကို သာ သတ်လိုရင် သတ်ပါတော့လို့ လျှောက်တင်တဲ့ စကားကြားရတော့ မင်းကျော်စွာရဲ့ စိတ်မှာ ဒေါသဖြစ်မလာဘဲ 'တစ်လုပ်ကျွေးဖူး သူ့ ကျေးဇူးကို' စောင့်သိတတ်တဲ့ ခေါင်ညိုဟာ ဘစ်သက်လုံးသူ့ကိုကျွေး လာခဲ့တဲ့ ငါ့ကျေးဇူးဘွေကို မစောင့်သိဘဲနေတော့မှာမဟုတ်၊ ငါ့အပေါ် မှာ အမြဲဘမ်းသစ္စာ စောင့်သိ ရိုသေညွှတ်ကျွန်ယုံတော်ကြီး တစ်ယောက် ဖြစ်လိမ့်မယ်လို့ စိတ်ချဆုံးဖြတ်လိုက်ပြီးခွင့်လွှတ်ရုံမက နှစ်လိုဝမ်းမြောက် စွာ ချီးမွမ်းစကားဆို၍ ရာထူးတောင် တိုးပေးလိုက်ပါသေးသတဲ့''

''အေး....အဲဒီ သဘာဝကို နက်နက်နဲနဲ စဉ်းစားကြည့်ရင် ''လူ ကောင်းလူတော်''နဲ့ ''လူတော်လူကောင်း''နှစ်ယောက် ပေါင်းမိကြလို့ သမိုင်းဇာတ်ကြောင်း လှခဲ့ဘာပေါ့ကွာ''

*　　*　　*



# ကျေးဇူးတရား (၄)

"မောင်လှအေးရေ"

"ခင်ဗျာ....ဘဘ"

"ကျေးဇူးတရားနဲ့ ပတ်သက်ပြီး အသင်္ချာ စောယွန်းနဲ့ ခင်ညိုတို့ အကြောင်းကို မနေ့က မင်း ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ဘဘ။ ဘာများ ပြောစရာ ရှိလို့လဲဟင်"

"ငါ စဉ်းစားမိလို့ပါကွာ။ အသင်္ချာ စောယွန်းက သူ့ အဆောင်ဦးမှာ မြို့စောင့်နတ်ကို ထမင်းပွဲနဲ့ နတ်တင်ထားတယ်။ အသင်္ချာ စောယွန်းကို လုပ်ကြံရအောင်လာတဲ့ ခင်ညိုက အဲဒီထမင်းပွဲကို ထမင်းဆာလွန်းလို့ စားလိုက်ရတယ်။ ထမင်းစားပြီးလို့ အဆောင်ထဲ ဝင်သွားတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ 'စောယွန်း' ကိုတွေ့ရတယ်။ အဲဒီ တစ်ခဏလေး အတွင်းမှာ ခင်ညိုက 'စောယွန်းဟာ ငါ့ ထမင်းရှင် ဖြစ်နေပါပကော' လို့ 'သူတော်ကောင်းစိတ်' ဝင်လာတာနဲ့ မသတ်တော့ဘဲ ဘေးမဲ့ ပြုခဲ့တယ်။ ဟုတ်တယ် မဟုတ်လား"

''ဟုတ်ပါတယ်....ဘဘ''

''အဲဒီအချက်ကို ငါစဉ်းစားမိလို့ပါ။ ဘယ်လို စဉ်းစားမိသလဲ ဆိုတော့'' အသခ်ယာ စောယွန်းဟာ မြို့စောင့်နတ်ကိုသာ ပသကိုး ကွယ်ပြီး ဗလိနတ်စာ ကျွေးတဲ့ ထမင်း ဖြစ်တယ်။ ခေင်ညိုကို ရည် ရွယ်ပြီး တင်ထားတဲ့ ထမင်းပွဲ မဟုတ်ဘူး။ ခေင်ညိုကလဲ သူ့ကို ကျွေး တဲ့ ထမင်းပွဲ မဟုတ်ကြောင်း၊ နတ်တင်ထားတဲ့ ထမင်းပွဲသာဖြစ်ကြောင်း သိတယ်။ ဒါကို မလွှဲသာလို့ စားရပြီးတဲ့နောက် သူ့ကို တိုက်ရိုက် ကျွေးတာ မဟုတ်စေကာမူ၊ သူ့ကျေးဇူးပါလား''လို့ အမှတ် ပြုလိုက်မိ တယ်လေ။ အဲဒါတွေဟာ မနေ့က မင်း ပြောတဲ့အထဲမှာ ပါပြီးပါပြီ။ အဲဒီအထဲက ငါ ဆက်တွေးမိတာ တစ်ခုရှိလို့ပါ''

''ပြောစမ်းပါ ဘဘရယ်''

''အသခ်ယာ စောယွန်းရဲ့ မူလ စိတ်စေတနာက သူ့အတွက် အန္တရာယ်ကင်းအောင် ဘေးရှင်းအောင် မြို့စောင့်နတ်ကို 'ဗလိနတ်စာ' ကျွေးတာပဲ ဖြစ်တယ်။ မြို့စောင့်နတ်က'မ'တာ၊ မ'မ'တာ အပထား။ ခေင်ညိုရဲ့ သဘောထား ပြောင်းသွားတာက သူတော်ကောင်း တရား ဝင်စားလိုက်မိတာတော့ အမှန်ပဲကွယ့်။ ဒါကြောင့် သမိုင်းပညာရှင် ကြီးများက'သူ့ကျေးဇူးကို သိတတ်သော ခေင်ညို'လို့ မော်ကွန်းတင် ခဲ့ကြတာပေါ့''

''ဟုတ်တယ်နော်....ဘဘ''

''အဲဒီတော့ သူတစ်ဦး တစ်ယောက်က သူ့ ရည်ရွယ်ချက်နဲ့သူ ပြုသည်၊ ပြောသည်၊ စေတနာ ထားသည်ပဲ ဖြစ်စေကာမူ ခံယူလိုက် သူက ပညာကြီးကျယ်သူ ဖြစ်လျှင် အတိုင်းမသိသော လောက အစီး အ ပွား၊ သံသရာ အစီးအပွား၊ မိမိတစ်ကိုယ်၏ အစီးအပွား၊ သဗ္ဗေသတ္တာ ဝေနေယျာတို့၏ အစီးအပွားအထိ ကြီးကျယ် ပွားများ အကျိုးဘရား ဖြစ်ထွန်းတာကို ဘုရားဖြစ်စဉ်၊ ဗုဒ္ဓဝင်'က ဖြစ်ရပ်တစ်ခုကို တွေးလိုက် မိလို့ပါ။ ဗုဒ္ဓအလောင်းတော်ကြီး 'သိဒ္ဓတ္ထကုမာရ'၏ ကိုယ်ဘော့ ဆိုပါ တော့ကွာ။

တို့ မြတ်စွာဘုရား အလောင်းတော်ကြီးဟာ လွန်ခဲ့သောလေး သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလမှ အစပြု၍ လူနတ်ဗြဟ္မာ သတ္တဝါ အထွေထွေဘို့ကို ကယ်တင်နိုင်ဖို့ ကိစ္စဖြင့် မိမိကိုယ်ဘော်တိုင် သမ္မာ သမ္ဗုဒ္ဓ ဖြစ်ရစေကြောင်း ပါရမီ အပေါင်းတို့ကို ဖြည့်ခဲ့ရတယ်နော်''

''ဟုတ်ပါဘယ် ဘဘ''

ပါရမီ ဆယ်ပါး၊ အပြား သုံးဆယ်တဲ့။ ရတနသုတ်အမွှန်းမှာ (၁) ဒသပါရမီ၊ (၂) ဒသဥပပါရမီ၊ (၃) ဒသပရမတ္ထ ပါရမီလို့ ခွဲခြားပြီး ပြထားတယ်လေ။ စွန့်ခြင်းကြီး ငါးပါး ဆိုတာလည်း 'ဓနပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ ဘရိယပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ဇီဝိတပရိစ္စာဂ'၊ အဲသလို မဟုတ်လား''

''ဟုတ်ပါတယ် ဘဘ''

''အဲသလောက် ကမ္ဘာအစစ၊ ဘဝအသခေါ်၊ ရှည်လျားထွေပြား မနေမနား ကြိုးစား အားထုတ်တော်မူခဲ့ရတာဟာ ဘုရား စင်စစ်ဖြစ်တော်မူလိုဘဲ့ အဓိကရ တစ်ခုဘည်းသော ရည်ရွယ်ချက်ကြီး မဟုတ်လား''

''ဟုတ်ပါဘယ် ဘဘ''

''ကဲ....ဘုရားဖြစ်ဘော်မူချိန်ရောက်လို့ တုသိတာနတ်ပြည်မှသည် လူ့ပြည်သို့ စုတေသက်ဆင်း မယ်တော် မဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်တွင်းမှာ 'အဋ္ဌမဘာတိ' နောက်ဆုံးသောဘဝအဖြစ်သန္ဓေယူတော်မူခဲ့တယ်လေ။ အဲသည့်နောက် လုမ္ဗိနီဥယျာဉ်မှာ မဟီလိုက်ဆူ ဖွားတော်မူတယ်။ ဖွားမြင်ပြီးသည့်နောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ 'ကောဏ္ဍည' ပုရောဟိတ်၏ နိမိတ်ဖတ်ကြား၊ ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်ဆိုတဲ့ စကားကို နားကြားပြင်းကတ်၊ မလိုလားအပ်တာနဲ့ သားတော်လေး လူလားမြောက်တဲ့အရွယ်ကစပြီး သံဝေဂ ဖြစ်စရာ အနိဋ္ဌာရုံမှန်သမျှ မမြင်ရ၊ မကြားရ၊ မထိမတွေ့ရသေအောင် 'ရမ္မ၊ သုဘ၊ သုရမ္မ၊ နန်းပြာသာဒ် သုံးဆောင်အတွင်းမှာ ကာမဂုဏ် နှောင်ကျော့ကွင်းတွေနဲ့ အမှောင်ကြီး ချထားခဲ့တယ် မဟုတ်လား။

သောဠသတိုင်းမှာ စံနိုင်းမရ၊ မိန်းမဥက္ကဋ္ဌ၊ ဂုဏ်ဒြပ်နှင့် ညီလွန်းစွာသော ဗိမ္ဗာရွှေလှော်၊ ယသော်ဓရာဒေဝီနှင့်လည်း 'ဆောက်နှင်း လက်ဆက်' နန်းတက်ခင်းပြုတော်မူစေခဲ့တယ်။ အဲသလိုနဲ့ သို့ကလိုဖြင့် 'ပွင့်လုဘုရားတရား'' ဘုရားစင်စစ် ကေန်ဖြစ်ရမည့် အလောင်းတော်ကြီးဟာ နန်းစည်းစိမ်မှာ တစ်ဆယ့်သုံးနှစ်ကြာအောင် စံတော်မူခဲ့ရပါသေးတယ်။ ဟုတ်တယ် မဟုတ်လား မောင်လှအေး''

''ဟုတ်ပါတယ် တဘ''

''အေး....အဲသလိုနေလာရာက တစ်နေ့သောအခါ ဥယျာဉ်တော်သို့ ထွက်တော်မူရာမှာ နတ်တို့က ဖန်ဆင်းပြတဲ့ 'သူအို၊ သူနာ၊ သူသေ၊ ရဟန်း' တည်းဟူသော နိမိတ်ကြီး (၄)ပါးကို တွေ့မြင်တော်မူလိုက်ရတယ် မဟုတ်လား''

''ဟုတ်ပါတယ် ဘဘ။ အဲဒီနေရာမှာ တစ်ခု ကျွန်တော် မေးပါရစေ။ မြတ်စွာဘုရား အလောင်းတော်ဟာ အဲသည့်နိမိတ်ကြီး (၄)ပါးကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း မြင်တော်မူတာလား။ တစ်ကြိမ်မှာ တစ်ပါးစီ မြင်တော်မူတာလား၊''

''အေး... ဥယျာဉ်တော်ကို တစ်ခါထွက်လျှင် နိမိတ်တစ်ပါးကိုသာ မြင်တော်မူခြင်း ဖြစ်တယ်။ မဟာဗုဒ္ဓဝင်ကျမ်း အရ အတိအကျပြောရမယ်ဆိုရင် မဟာသက္ကရာဇ် (၉၆)ခုနှစ်၊ ဝါဆို လပြည့်နေ့မှာ အာဒါနည်းမြင်း ကသော ရထားဖြင့် ဥယျာဉ်တော်သို့ ထွက်တော်မူတယ်။ လမ်းခရီးမှာ သူအိုဘည်းဟူသော နိမိတ်ကို မြင်တော်မူတယ်။ အဲဒီမှာ သတ္တဝါမှန်သမျှ တစ်နေ့တွင် အိုကြရမှာပဲလို့ သံဝေဂရပြီး ထိုခရီးမှ နန်းတော်သို့ လှည့်ပြန်ခဲ့တယ်။ ထိုအချိန်မှ ၄ လလွန်မြောက်တဲ့ တန်ဆောင်မုန်း လပြည့်နေ့မှာ ဒုတိယအကြိမ် ထွက်တော်မူတော့ သူနာတည်းဟူသော နိမိတ်ကို တွေ့ရပြန်တယ်။ အဲဒီအချိန်မှာလည်း သတ္တဝါမှန်သမျှ နာကြရဦးမှာပါကလားလို့ သံဝေဂရတော်မူပြီး ထိုခရီးမှ လှည့်ပြန်ခဲ့တယ်။ ထို့နောက် ၄ လ လွန်မြောက်ပြီး တပေါင်းလပြည့်နေ့ ရောက်တဲ့အခါ တတိယအကြိမ် ထွက်လာတော်မူပြန်လို့ သူသေကို တွေ့တဲ့အခါမှာလည်း သတ္တဝါမှန်သမျှ သေကြရမည့်တရားကို သံဝေဂရတော်မူလျက် ခရီးမဆက်ဘဲ လှည့်ပြန်တော်မူခဲ့တယ်။

အဲ...နောက်ဆုံး မဟာသက္ကရာဇ်(၉၇)ခု၊ ဝါဆိုလပြည့်နေ့မှာ စတုတ္ထအကြိမ် ထွက်လာတော်မူတယ်။ အဲဒီအခါမှာတော့ ရဟန်းနိမိတ်ကို မြင်လာတယ်။ ထိုနိမိတ်ကို မြင်တော်မူတယ်ဆိုလျှင်ပဲ ဘုရားလောင်းရဲ့ စိတ်မှာ သဒ္ဓါရွှင်လန်းတော်မူလှသဖြင့် ဥယျာဉ်တော်တွင်းသို့ ရောက်အောင် သွားလျက် ပီတိဖြင့် စံနေတော်မူပါတယ်''

''သြော်... ဒီလိုကိုး။ ကျွန်တော် တွေ့ဖူးတဲ့ ဗုဒ္ဓဝင် ကားချပ်တွေ အချို့မှာတော့ နိမိတ်ကြီး လေးပါးကို မြင်တွေ့တော်မူတဲ့ အခန်းမှာ တစ်စုတည်းပေါင်းပြီး ပန်းချီဆရာကြီး များက ရေးဆွဲထားတာ တွေ့ရလို့ပါ ဘဘရယ်''

''အဲဒါက 'တူညီသောဒေသမှာ တူညီသော ဝိသေသ'ကို 'စုစည်း' သိမ်းရုံး၍ ဖော်ပြခြင်းဆိုတဲ့ 'အသက်ဝတ္ထု' နည်းဖြင့် ဖော်ပြလိုက်ခြင်း ဖြစ်တယ်။ မင်း နားလည်အောင် ရုပ်ရှင်နည်းပညာနဲ့ ပြောရရင်သဘောတူသော မြင်ကွင်းကို 'ရောယှက်' စုရုံးပြီး ပြတဲ့သဘောပဲ။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကဆိုလျှင် ခုနစ်နေ့ ဘုရားရှိခိုး ရတုမှာ—

''ရွှယ်မူနှုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်

လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက’လို့ ခုစည်းပြီး ရေးစပ်တော် မူခဲ့တယ်။ ရှင်းရဲ့လား’’

‘‘ရှင်းပါပြီ ဘဘ’’

‘‘ကဲ....ကျေးဇူးတရားရောက်အောင် ဆက်ကြစို့ရဲ့၊ အလောင်းဘော် မင်းမြတ်ဟာ ရဟန်းဘောင်အသွင် နိမိတ်ကို မြင်ရလို့ ဥယျာဉ်တော် အတွင်းမှာ ပီတိဖြင့် စံနေ‌တော်မူပြီးသည့်နောက် ညနေချမ်းရောက်၍ ရွှေနန်းတော်သို့ ကြွသားဖြင့် ပြန်တော်မူလာတယ်။ အဲဒီအချိန်မှာ နှမတော်ဝမ်းကွဲ ကိသာဂေါတမီမင်းသမီးရဲ့အဆောင်တော်ရှေ့ ဖြတ်သန်းလာတဲ့အချိန်။ ကိသာဂေါတမီ မင်းသမီးကလည်း အဆောင်တော်လေသာပြတင်းမှ ဘုရားလောင်းဘော်ကို မြင်တွေ့လိုက်ရတယ်၊အဲသလို မြင်လိုက်တယ် ဆိုရင်ပဲ ‘‘သုံးဆယ့် နှစ်ပါး၊ သခ္ခက်ထားအပ်သော ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြူတေ ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူလှတဲ့အတွက် ကိသာဂေါတမီ စိတ်နှလုံးတွင် ‘မဆည်မတံ့’ မမျိုသိပ်နိုင်ဘော့ဘဲ ဂါထာ တစ်ပုဒ်ဖြင့် ဥဒါန်း ကျူးလိုက်မိပါသတဲ့ကွယ်။ အဲဒီ ဂါထာက-

နိဗ္ဗုတာ နူန သာမာတာ
နိဗ္ဗုတော နူန သောပိတာ။
နိဗ္ဗုတာ နူန သာနာရီ၊
ယဿယံ ဤဒိသော ပတိ၊

အဲဒီ ဂါထာကို ကိသာ ဂေါတမီမင်းသမီးက အလောင်းတော်မင်းသား ကြားလောက်အောင်သီ ဆိုလိုက်တဲ့‘‘ဓမ္မဂီတ’’လို့လည်း ပြောနိုင်သကွယ့်။ အဓိပ္ပာယ်ကတော့—

‘‘အို....ခင်ပွန်းမတို့(သူ့အပျိုတော် အခြွေအရံများကို လှမ်းပြောတဲ့သဘောပေါ့ကွယ်။)

လောက ဤရွှာဝယ်၊ ဘုန်းပညာ အသရေ အခြွေ အရံတို့ဖြင့် စမွာယ် တင့်တယ်သော ယောကျ်ားမြတ်ဇ် မိခင် ဖခင်သည် (နိဗ္ဗုတာ၊ နိဗ္ဗုတော) အလွန်လျှင် ‘ကြည်လင် ငြိမ်းချမ်း’ ရွှင်လန်းလိမ့်မည်တကား။

ထိုယောကျ်ားမြတ်၏ ဇနီး ကြင်ယာ၊ မေတ္တာ ဆပ္ပွား မင်းမိဖုရားသည် ( နိဗ္ဗုတာ ) အလွန်လျှင် ‘ကြည်လင် ငြိမ်းချမ်း’ ရွှင်လန်းလိမ့်မည်တကား’’....တဲ့။

သဘောကတော့အလောင်းတော်ကြီးရဲ့ 'မဟာပုရိသ' ကျက်သရေအဆင်းကို အလွန်အမင်း နှစ်လိုတော် မူတဲ့အတွက် ဒီသားမျိုး မွေးတဲ့ အမေဟာ ဘယ်လောက် စိတ်ချမ်းသာလိမ့်မလဲ။ ဒီသားမျိုး မွေးရတဲ့ အဖေဟာ ဘယ်လောက် စိတ်ချမ်းသာလိမ့်မလဲ။ ဒီလင်မျိုး ရတဲ့ ဇနီးမယားမှာ ဘယ်လောက် စိတ်ချမ်းသာလိမ့်မလဲလို့ တမ်းတအားကျ ခံ့မင်တဲ့ စကားများပေါ့ကွယ်။ အဲဒီစကားကို ဘုရားလောင်းက ကွဲကွဲပြားပြား ကြားလိုက်ရပါသတဲ့။

အဲဒီနေရာမှာ ကျေးဇူးတရားနဲ့ ပတ်သက်ပြီး ဖြစ်ပုံကို ပြောရတော့မယ်။ ကိသာ ဂေါတမီ မင်းသမီးရဲ့ နိဗ္ဗုတာ 'အလွန် ငြိမ်းချမ်း' လိမ့်မယ်သို့ ဆိုလိုလိုက်တာက ကိလေသာ သံယောဇဉ်နဲ့ တွဲယှဉ်ပြီး လိုချင်တာရလို့ သာယာငြိမ်းချမ်းတဲ့ အဓိပ္ပာယ်မျှသာ ဖြစ်တယ်။ အလောင်းတော်ကြီးက ကြားနာလက်ခံ အမှန်ကို ဆင်ခြင်တော် မူလိုက်မိတာက–

''နိဗ္ဗုတာ' ဆိုတဲ့ သာယာငြိမ်းချမ်းခြင်းဟာ....လေးတန်သြယ၊ အာသဝနှင့်၊ ယောဂဂန္ထာ၊ လေးဖြာ ဥပါဒါန်၊ ခြောက်ဘန်နီဝရဏ၊ အနုသယ ခုနစ်အင်၊ သံယောဇဉ်ဆယ်တန်၊ ခြံရံလျက်သား၊ များစွာသော အကုသိုလ်၊ ဗိုလ်ခြေကွပ်ကဲ၊ သူ့ရဲ ကိလေသာ၊ ထောင့်ငါးရာကို၊ စင်ဒွာပယ်ဖြတ်၊ အလွန်မြတ်သောကြောင့်၊ အရဟတ္တမဂ္ဂ၊ အမည်ရသော အာသဝက္ခယဉာဏ်တော်ကြီးသာလျှင် အမှန်ဖြစ်သော 'နိဗ္ဗုတာ'။ သာယာခြင်းစင်စစ်၊ ငြိမ်းချမ်းခြင်း စင်စစ်၊ အေးမြခြင်း စင်စစ်ဖြစ်လိမ့်မည်တကား''လို့ ယူဆတော် မူလိုက်ပါသတဲ့။

ဒီလိုနဲ့ပဲ မြတ်စွာဘုရား အလောင်းတော်ဟာ ထိုနေ့ နံနက်က တွေ့မြင်ခဲ့ရတဲ့ ရဟန်းတော် နိမိတ် အသွင်အပြင်ကို ယူနိုင်ရလေအောင်၊ တရားကျင့်တော် မူနိုင်ရလေအောင် မဟာနေက္ခမ တောထွက်တောင်မူဖို့ သန္နိဋ္ဌာန် ချတော်မူလိုက်ပါသတဲ့။ ကိသာ ဂေါတမီ နှမတော်မင်းသမီးကလည်း သတိပေးဖော်ရတဲ့ အတွက် 'ဆရာစား' ပူဇော်တဲ့ အနေနဲ့ အဖိုးတစ်သိန်းဘန် လည်ဆွဲကို အပေးအဆက်ခိုင်းလိုက်ပါသတဲ့ဗျား။

အဲဒီ ယူဆချက် ၂ခုကိုပဲ စဉ်းစားကြည့်စမ်းပါ မောင်လှအေးရယ်။ တစ်ဦးက ဆိုလိုတာနဲ့ တစ်ဦးက လက်ခံတာနဲ့ ဘယ်လောက်များကွာသွားပြီ ပဲ။ 'နရက်နဲ့ ဘဝဂ်၊ ''အောက်နဲ့ အထက်ပေါ့''

''ဟုတ်သိုက်တာ ဘဘရယ်။ဒါ့ကြောင့် သူ တစ်ဦး တစ်ယောက်က သူ့ရည်ရွယ်ချက်နဲ့ သူ ပြုသည်၊ ပြောသည်ပဲ ဖြစ်စေကာမူ ခံယူသူက ပညာကြီးသူ ဖြစ်ရင် လောကစီးပွား၊ သံသရာ စီးပွား၊ မိမိ တစ်ကိုယ်၏ အကျိုးစီးပွား၊ သတ္တဝါတွေ၏ အကျိုးစီးပွား အထိ ကြီးကျယ်ပွားများ အကျိုးတရား ဖြစ်ထွန်းနိုင်တယ် လို့ ဘဘ ပြောခဲ့တာကိုး''

''ဟုတ်လှချည်ပေါ့ဗျာ''

မောင်လှအေးက ကျွန်ုပ်၏စကားကို ထောက်ခံသည့် အနေဖြင့် ခေါင်းတညိတ်ညိတ် လုပ်ကာ စဉ်းစားနေလေသည်။ ကျွန်တော်က သူ့ကို ကြည့်ရင်း တွေးနေမိသည်။ နှစ်ယောက်သား ငြိမ်နေကြရာမှ ကျွန်တော်ကပင် သတိရ၍ စကားစကို ပြန်ကောက်မိသည်။

''မောင်လှအေးရေ''

''ခင်ဗျာ ဘဘ''

''ကျေးဇူးတရားဆိုတာ 'သဝိညာဏက' သက်ရှိပုဂ္ဂိုလ်ကို မဆိုထားနှင့်၊ 'အဝိညာဏက'နေရာအရပ်၊ ဒေသဌာနတို့ကို တောင် အသိအမှတ် အလေးအမြတ် ပြုရမယ်တဲ့ကွ။ ဥပမာ ဘုရင်မင်း ကေရာဇ်တို့က မစွန့်ပယ်အပ်သော အရပ် (၃)ပါးရယ်လို့ ရှိတယ်။ (၁) အဘိဇာတ ဌာန=မွေးဖွားရာအရပ်။ (၂)အဘိသေက ဌာန=မင်းအဖြစ် အဘိသိက်ခံရာ အရပ်။ (၃) ဇယဌာန=ရန်အောင်မြင်ရာ၊ အောင်မြေ အရပ်တဲ့။ တိကနိပါတ်-အင်္ဂုတ္တိုရ်မှာ ပါသကွယ့်။ အဲဒါက ဘုရင်ကေရာဇ်တွေနဲ့ ဆိုင်တာ။ မင်းကျင့်တရားပဲ''

''ဟုတ်ကဲ့....ဘဘ''

''ဗုဒ္ဓမြတ်စွာ 'တထာဂတ'တို့ရဲ့ အသိအမှတ်၊ အလေးအမြတ် ပြုတော်မူကြတဲ့ 'အဝိဇဟိတ' ဌာနကြီး (၄)ပါးရယ်လို့လည်း သုတ်မဟာဝါ အဋ္ဌကထာနဲ့ မဟာ ဗုဒ္ဓဝင်မှာလည်း ပါရှိတဲ့ အကြောင်း သရုပ်ပြ အဘိခါန် ကျမ်းပြုဆရာတော်'အရှင်ဩဘာသာ ဘိဝံ့သ' ပြဆိုတော် မူထားတယ်။

ခပ်သိမ်းသော ဘုရားရှင် ဟူသမျှတို့ မစွန့်လွှတ်ဘဲ (မပစ်ပယ်ဘဲ) သုံးဆောင်တော် မူကြတဲ့ နေရာဌာနကြီးများပေါ့ကွယ်။ အဲဒီ ဌာန တွေက-

(၁) ဘုရားဖြစ်တော်မူရာ မဟာဗောဓိပင်။
(၂) ဓမ္မစကြာ တရားဟောတော်မူရာ ဣသိပတနမိဂဒါဝုန် တော။
(၃) အများဆုံး စံတော်မူရာဖြစ်တဲ့ ဇေတဝန် ကျောင်းတော် မဟာဂန္ဓကုဋိတိုက်။
(၄) အဘိဓမ္မာတရား ဟောကြားပြီး၍ တာဝတိံသာမှ စောင်းတန်းကြီး သုံးသွယ်ဖြင့် လူ့ပြည်သို့ သက်ဆင်း ကြွလာတော်မူရာ သင်္ကဿနဂိုရ်ပြည်တဲ့။

အဲဒီ ဌာနကြီး (၄)ရပ် အနက် ဘုရားဖြစ်တော်မူရာ မဟာ ဗောဓိပင်အကြောင်းကို ငါ စဉ်းစားလိုက်မိလို့ပါ။

တို့ မြတ်စွာ ဘုရား အလောင်းတော်ဟာ တောထွက်တော် မူခဲ့ပြီး ဒုက္ကရစရိယာ(၆)နှစ် ကြာမျှ ကျင့်တော်မူခဲ့တယ်၊ အဲသည့်နောက် မဇ္ဈိမ ပဋိပဒါ လမ်းစဉ်နှင့် မဟာဗောဓိပင် ခြေရင်းမှာ မာရ်နတ်မင်းရဲ့ ရန်ခပင်းကို ဖြိုခွင်းတော် မူပြီးသည့်နောက် ဘုရားစင်စစ် ဖြစ်တော်မူခဲ့ တယ်။ ဒါကိုတော့ မင်း သိမှာပါ''


''ဟုတ်ကဲ့ ဘဘ....ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက-

တောင်ပေါ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်
မြေ့ပရမေ၊ ပလ္လင်ဘွဲ့ထက်
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်
မငြိုးကြည်ဖြူ၊ နေတော်မူလျက်
ရန်မြူခပင်း၊ အမိုက်သင်းကို
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်
သုံးဘော်လူတို့ ငြမ်းပါကို''လို့ ရေးသားတော် မူခဲ့တာပဲ''

''အေး... မင်းက မှတ်မိသကိုး။ အဲသလို သမ္မာသမ္ဗုဒ္ဓ စင်စစ် ဘုရား ဖြစ်တော်မူတဲ့နေရာကို 'ပလ္လင်္ကသတ္တာဟ၊ ပထမသတ္တဌာန'လို့ ခေါ်သကွယ့်။ လယ်တီဆရာတော် ဘုရားရဲ့ သတ္တဌာန ဘုရားရှိခိုးမှာ-

ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်။ ။
ပညိန္ဒြေ၊ ချွေရာမှန်ဘိ
ဗောဓိကြင့်နှုန်း၊ ရွှေညောင်နန်းဝယ်
ထူးဆန်းအံ့လောက်၊ မြေမှာပေါက်သား
ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်
သဗ္ဗညုတ၊ ဉာဏ်ကို ရပြီး
သတ္တာဟရက်၊ ဘွဲ့ခွေလျက်ပင်
ငြိမ်သက်ဘင့်တယ်၊ သုံးစမွာယ်သည်၊
ဘုန်းကြွယ် ယက်ဦးပွဲပေကို။'' လို့ ရေးသားတော် မူခဲ့တယ်။
အဲဒီလို ခုနစ်ရက် စံပါယ်တော် မူပြီးသည့်နောက် ပလ္လင်မှ ထတော်မူ၍ ဗောဓိပင်ရဲ့ အရှေ့ မြောက်ဘက် ဆယ့်လေးလံကွာ အရပ်မှာ ရပ်တော် မူပြီး ''ငါသည် ဤဗောဓိ ရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်ကို ရပေသည်တကား'' လို့ ရွှေပလ္လင်ကို မမှိတ်သော မျက်စိဖြင့် ရှုကြည့်တော် မူလျက် ခုနစ်ရက်ပတ်လုံး စံပါယ်တော် မူပါသတဲ့။ အဲဒီ အရပ်ကို 'အနိမိသ သတ္တာဟ' လို့ ခေါ်တယ်။ 'အနိမိသ' ဆိုတဲ့ ပါဠိ စကားဟာ မမှိတ် သော မျက်စိဖြင့် စိန်းစိန်း ကြည့်ရှုတော် မူရာ' လို့ အဓိပ္ပာယ်ရတယ်။
အဲဒါကို တို့ ကြည့်ညိုရမှာက မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီး ပင်လျှင် ဗောဓိပင်၏ ကျေးဇူးတရားကို ဆပ္ပားဆင်ခြင် ကြည်လင် အောက်မေ့နေပုံ ဖြစ်တယ်။ ဒါကြောင့် လယ်တီဆရာတော် ဘုရားကြီး က သို့ကလို ရေးသားတော် မူသကွယ့်။

နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်
မာရပယ်လှန်၊ ပလ္လင်ပျံမှ
သေံတူရှု၊ ရပ်တော်မူသျက်
ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို
ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုသျက်
သုံးလူ့ရှင်ပင်၊ ပျော်စံရွှင်သည်
ကြည်လင်ညွတ်နူးဖွယ်ပေကို။''



# မသိသူနှင့် သိသူ

''လောကမှာ ငါသိတာ တစ်ခုပဲ ရှိတယ်။ အဲဒါက ငါဘာမှမသိသေးပါကလား'' ဆိုတဲ့ အသိပဲ။

မောင်လှအေးရေ အဲသည်စကားရပ်ကို အနောက်နိုင်ငံ အတွေးအခေါ် ပညာရှင်ကြီး ဂရိတိုင်းသား 'ဆိုကရေးတီးစ်' ဆရာကြီးက ပြောကြားခဲ့တယ်လို့ ငါဖတ်ခဲ့မိတယ်။ မင်းကော ဖတ်ဖူးသလား''

''ဟုတ်ကဲ့...ဘဘ ကျွန်တော် ဖတ်ဖူးပါတယ်''

''ဒါဖြင့် 'ဆိုကရေးတီးစ်ရဲ့ အကြောင်းကို မင်း ဖတ်ဖူးသမျှငါ့ကို ပြောပြပါလားကွယ်။ အကျဉ်းမျှလောက်ပေါ့''

''ကျွန်တော် ဖတ်ဖူးသမျှ ပြောရမယ်ဆိုရင် ဆိုကရေးတီးစ်ဟာ ဂရိဒေသ–အက်သင်မြို့မှာ ခရစ်တော် မပေါ်မီ(ဘီစီ–၄၆၉)မှာ ဖွားမြင်ပါတယ်။ ငယ်စဉ်ကတည်းက လူစည်ကားရာ အရပ်တကာမှာ ပရိသတ်ရဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်တွေကို ဆင်ခြင်သုံးသပ်ပြီး ပညာရှာခဲ့တယ်။ သူကိုယ်တိုင် တစ်ခုခုကို ကြံစည် တွေးတောနေလျှင်လည်း နာရီပေါင်းများစွာ မလှုပ်မယှက်၊ ထိုင်လျက်ဖြစ်စေ၊ ရပ်

လျှက် ဖြစ်စေ နေတတ်တယ်။ ဒီလိုနဲ့ ဒဿနပေါင်းများစွာ သူ့ဉာဏ်မှာ ကြီးပွားကုံလုံလာတဲ့အခါ တပည့်ပေါင်း များစွာကို သူ့ အယူအဆ အတိုင်း သင်ကြားပေးပါတယ်။သူ သင်ကြားပေးရာဌာနတွေက စာသင် ကျောင်းတို့၊ တက္ကသိုလ်ကျောင်းတို့မှာ မဟုတ်ပါဘူး။ အရိပ် ကောင်း ကောင်းရှိရာ သစ်ပင်အောက်တို့၊ အားကစားကွင်းတို့မှာ ဖြစ်ပါသတဲ့။

သူ ပညာပို့ချတဲ့ နည်းက တပည့်တွေကို သူက အမေးပုစ္ဆာ မေးပြီး၊ တပည့်များက ဖြေဆိုကြတဲ့ အကြောင်းအရာ ပေါ်မှသာ ကောက်ချက်ချပြီး တင်ပြတဲ့ နည်းမျိုး ဖြစ်ပါသတဲ့။တပည့်ပေါင်း များ စွာ ပညာသင်ပေးရာမှာ ဥစ္စာငွေကြေးရယ်လို့ 'ဆရာစား'တစ်စုံတစ်ရာ မျှ လက်ခံခြင်း မပြုပါဘူးတဲ့။သူ့ တပည့်ပေါင်းများစွာ အနက် ပလေတို နှင့် အရစ္စတိုတယ်တို့ဟာ နောင်ကာလမှာ အလွန် ထင်ရှားတဲ့ ကမ္ဘာ့သိ တပည့်ကျော်ကြီးများ ဖြစ်လာပါတယ်။

တစ်ခါက သူနဲ့ ခေတ်ပြိုင် ဆရာ လုပ်သူများ ပေါ်လာပါသတဲ့။ ထိုဆရာများက သူ့ကိုလည်း အတိုက်အခံ လုပ်လာကြတယ်၊ အမနာပ လည်း ပြောကြတယ်။ ဂုဏ်တုဂုဏ်ပြိုင်သည်း ပြုကြတယ်။ တပည့်များ ထံမှ လာဘ်ပစ္စည်းများကိုလည်း ဆရာစား လက်ခံကြတယ်။ သူတို့ကိုယ် သူတို့လည်း သိဒ္ဓိတင်ပြီး ကြွားဝါကြတယ်။ ငါတို့ဟာ ဆိုကရေးတီးစ် ထက် အရာရာမှာ တတ်သိ နားလည်တယ်လို့ ကြေညာလိုက်တဲ့ အခါ မှာတော့ ဆိုကရေးတီးစ်က 'အေး ငါသိတာကတော့ တစ်ခုတည်း ရှိတယ်၊ အဲဒါက ငါဘာမှ မသိသေးပါဘူး'ဟု လူသိရှင်ကြား ကြေညာ လိုက်ပါသတဲ့''

''တော်ပြီ မောင်လှအေး တော်ပြီ။ ငါဖြင့် အဲသလို သူ ပြောတဲ့ စကား တစ်ခုနဲ့ပဲ သူ့ကို ကြည်ညိုလိုက်မိတယ်။ သူ့ကို လေးစားလိုက်မိ တယ်။ဘာဖြစ်လို့လဲ၊ သိလား။ လောကမှာ လူတိုင်း လူတိုင်းဟာ ကိုယ့် ကိုကိုယ်သိတယ်လို့ ထင်နေတတ်ကြတယ်။ထင်တဲ့အတိုင်းလည်းပြောမိကြ တယ်။ ဒါဟာ သာမန် လူတန်းစားတို့ရဲ့ စိတ်နေ သဘောထား ဖြစ် တယ်။ အဲဒီလူတန်းစားထက် အနည်းငယ် မြင့်မားလာတဲ့ ဆရာ လုပ် သူများအဖို့ကျတော့ ကိုယ်မသိတာ၊ ကိုယ် မတတ်တာ၊ ကိုယ်ချွတ်ယွင်း တာများကို ကိုယ်က ပြန်၍ မသိနိုင်အောင် ဖြစ်နေတတ်ကြတယ်။ ဒါ့ ထက် ဆိုးတာက ရှိသေးတယ်။ ကိုယ် မသိတာ၊ ကိုယ် မတတ်တာ၊ ကိုယ့် ချွတ်ယွင်းမှုတွေကို ကိုယ်တိုင် သိပါလျက် လုံးဝ ဖုံးအုပ် ကာကွယ်ပြီး သိတယ်၊ တတ်တယ်လို့ လိမ်ညာ ပြောကြခြင်း ဖြစ်တယ်။ ကိုယ့်ကို အထင်ကြီးအောင်၊ ကိုယ့်ကိုကြည်ညိုအောင်၊ကိုယ့်သိက္ခာ မပျက်အောင်

လှည့်ပတ် တတ်ကြဘယ်။ ဟန်ဆောင်တတ်ကြတယ်။ ဒါကို ပါဠိလို 'မာယာ သာဌေယျ' လို့ ဆိုတယ်။

အေး....ဆရာလေးက ဆရာကြီး ဖြစ်လာရင်တော့ မပြောနဲ့ တော့။ 'ငါနဲ့ ငါသာ နိုင်းစရာ' လို့ ထင်လာတတ်ကြတယ်။ ပြောလာတတ်ကြတယ်။ ယုံလာဘောင်ကြတယ်။ ကိုယ် မသိတာကို မသိပါဘူးလို့ ဝန်ခံမယ့်အစား ကိုယ့်အသက်တောင် စွန့်တတ်ကြတယ်။ ဗုဒ္ဓနဲ့အပြိုင် ဆရာကြီး လုပ်နေကြတဲ့ 'ပူရာဏကဿပ' တို့၊ 'မက္ခလိ ဂေါသာလ' တို့ 'ပကုဓကစ္စာယန' တို့ အစရှိတဲ့ တိတ္ထိဆရာကြီးများကို ကြည့်။ သူတို့ဟာ အကုန်သိတဲ့ ဆရာကြီးများလို့သာ ကြွေးကြော်လေ့ ရှိတယ်။ နောက်ဆုံး ဘွားဘွား ပေါ်လာတော့ အချို့ ဆရာကြီးများဟာ ဂင်္ဂါမြစ်ထဲ အိုးကို လည်ပင်းမှာဆွဲပြီး အသေခံသွားကြတယ်။

အဲဒီလို ပုထုဇဉ် သဘာဝ အားကိုမှာ ဆရာကြီး ဆိုကရေးတီးစ်က 'သူ ဘာမှ မသိသေးပါဘူး' လို့ သမိုင်းဝင် စကား ပြောကြား၊ ကြေညာဝံ့ဘာဟာ ဘော်ရုံ သမာမ် မဟုတ်ဘူး။ ပညာရှိ သူတော်ကောင်းများသာ ဝန်ခံဝံ့တဲ့ စကားမျိုးဖြစ်တယ်။ 'ဥဇု–သုဟုဇု' ဂုဏ်နဲ့ ပြည့်စုံတယ်လို့လည်း ဆိုနိုင်တယ်။ အဓိပ္ပာယ်က ရိုးသား ဖြောင့်မတ်ခြင်း၊ မိမိ၏ ချွတ်ယွင်းချက်များကို ယုဘ်ဖော် ဝန်ခံခြင်း၊ အရှိကို အရှိအတိုင်းသာ တင်ပြ ပြောဆိုခြင်း၊ မိမိ၏ အသိ အနည်းအကျဉ်းကို 'ဆိတ်က ဆင်ဖြစ်အောင် အကျယ်မချဲ့ခြင်း' စသည်တို့ပေါ့ကွာ။ အဲသလို သဘောထားနိုင်ဖို့ကလည်း 'ပညာရှိ သူတော်ကောင်း' တို့မှသာ ဖြစ်နိုင်ပါသတဲ့။

ဒီနေရာမှာ ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားရဲ့ ဩဝါဒ တစ်ရပ်ကို ပြောရဦးမယ်။ ယောဂီများကို ဆုံးမတဲ့ စကားပါ။

''ကိုယ်နေရာ မကျတာကို
နေရာမကျမှန်း သိရင်
နေရာကျပြီဟု မှတ်။
ကိုယ်နေရာ မကျဘဲနဲ့
နေရာကျတယ်လို့ ထင်နေရင်
နေရာ မကျဘူးသာ မှတ်။

အဲသည့် စကားနဲ့ သုံးသပ်ရရင် ဆရာကြီး ဆိုကရေးတီးစ်ဟာ 'နေရာကျတဲ့ ပညာရှိကြီး' လို့ ဆုံးဖြတ်နိုင်တာပေါ့ကွယ်။

ကဲ....'မသိတဲ့လူ' အကြောင်း ပြောပြီးတဲ့နောက် 'သိတဲ့ ပုဂ္ဂိုလ်ကြီး' အကြောင်းကို ပြောကြပါစို့ရဲ့။ ထိုပုဂ္ဂိုလ်ကြီးက ငါတို့ရဲ့ သဗ္ဗညုတ ဗုဒ္ဓ ရှင်တော် ဘုရား ပေါ့။ ဆိုကရေးတီးစ် ထက် နှစ်ပေါင်း

၉၇နှစ် စောပြီး (ဘီစီ-၅၆၆)မှာ ဖွားတော်မူခဲ့တယ်။ ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီး (၁၇)နှစ် အကြာ(ဘီစီ-၄၆၉)မှာမှ ဆိုကရေးတီးစ်ကို မွေးတယ်လို့ သမိုင်း ပညာရှင်များက အဆိုပြုကြတယ်။

အကယ်၍များ ဆိုကရေးတီးစ်ဟာ ပညာရှာရင်း သူ့မွေးရာဇာတိ၊ ဂရိတိုင်းပြည်မှ ဗုဒ္ဓသာသနာ ပွင့်လင်းရာ အိန္ဒိယ၊ မဇ္ဈိမ ဒေသကိုများ 'ရောက်ဆိုက်ရောက်ကဲ'ရှိလို့ ရောက်လာခဲ့လျှင် အထောက်အခံ ကံ ဉာဏ် ကြီးရင့်သည်နှင့်အမျှ အာသဝေါ ကုန်ခန်းပြီး ရဟန္တာ ဖြစ်နိုင်မှာပဲလို့ တွေးမိပါတယ်။

ကဲ....ထားပါတော့။

ဆိုကရေးတီးစ်က 'မသိပါဘူး'လို့ ရဲရဲဝံ့ဝံ့ ဝန်ခံတယ်။

ဘုံ ဗုဒ္ဓ မြတ်စွာက 'သိတယ်'လို့ ရဲရဲဝံ့ဝံ့ ကြေညာတယ်။

ကြေညာတာမှ လူ့လောက တစ်ခုတည်းတင် မဟုတ်ဘူး။ နတ်လောက ဗြဟ္မာလောက 'သုံးဆယ့်တစ်ဘုံ' အကုန်လုံးကို ကြေညာလိုက်တာ ဖြစ်တယ်။

ဘယ်တုန်းကလဲ။

ဘယ်နေရာမှာလဲ။

တိတိကျကျကြီးကို ရှိတယ်။

ဘုရား ဖြစ်တော်မူပြီးစ မိဂဒါဝုန်မှာ ပဉ္စဝဂ္ဂီတို့ကို ဓမ္မစကြာတရားဦး ဟောတုန်းကပေါ့။

ဘုရားမဖြစ်မီ ရှေးကာလက မကြားစဖူးသေးကုန်သော သစ္စာတရားတို့၌ အမှန်ကို မြင်တတ်သော ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်၍ လာပေ၏။

အမှန်ကို 'သိခြင်း'သည် ထင်ရှား ဖြစ်ပေါ်လာပေ၏။

သစ္စာအမှန်ကို 'အပြားအားဖြင့် သိခြင်း'သည် ထင်ရှား ဖြစ်ပေါ်လာပေ၏၊

အမှန်ကို 'ထိုထွင်း၍သိခြင်း'သည် ထင်ရှား၍ဖြစ်ပေါ်လာပေ၏။

ပညာအလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာပေ၏။

ပါဠိလိုကတော့....

'ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု

စက္ခုံ ဥဒပါဒိ၊

ဉာဏံ ဥဒပါဒိ၊

ပညာ ဥဒပါဒိ၊

ဝိဇ္ဇာ ဥဒပါဒိ၊

အာလောကော ဥဒပါဒိ၊' လို့ ရှိပါတယ်။
ဘယ်တရားတွေကို မြင်သလဲ။
'လောကမှာ ဒုက္ခကို ဒုက္ခမှန်းသိတဲ့ အမှန်တရား။
ဒုက္ခကို ဖြစ်လာအောင် ဆက်နွှယ်လာတဲ့ အမှန်တရား။
ဒုက္ခမှ ချုပ်ငြိမ်းရာဖြစ်တဲ့ အမှန်တရား။
ဒုက္ခ ချုပ်ငြိမ်းရာ လမ်းစဉ်ဖြစ်တဲ့ အမှန်တရား။

''ပါဠိလိုတော့-

'ဒုက္ခသစ္စာ၊
သမုဒယ သစ္စာ၊
နိရောဓ သစ္စာ၊
မဂ္ဂ သစ္စာ' ပေါ့။

အဲဒီ တရားလေးပါးက မဖောက်မပြန်၊ မှန်ကန်တဲ့ ပရမတ် သစ္စာ(၄)ပါး ဖြစ်သလို အရိယာများသာ ပိုင်းခြား ထင်ထင် သိမြင်နိုင်တဲ့ သစ္စာတရားတို့ ဖြစ်ဘယ်။

အဲဒါကို မြတ်စွာဘုရားက....

'ငါဘုရားသည် ဒုက္ခ သစ္စာကို သိပြီးပြီ။
ငါဘုရားသည် သမုဒယ သစ္စာကိုလည်း ပယ်ပြီးပြီ။
ငါဘုရားသည် နိရောဓ သစ္စာကိုလည်း ဆိုက်ပြီးပြီ။
ငါ ဘုရားသည် မဂ္ဂ သစ္စာကိုလည်း ပွားပြီးပြီ။' လို့ ပဉ္စဝဂ္ဂီတို့အား မိန့်တော်မူခဲ့ဘယ်။

ထို့ထက် အတိအလင်း ကြေညာတော် မူတာ တစ်ခု ရှိသေးတယ်။

'ရဟန်းတို့ အကြင်မျှလောက်သော ကာလပတ်လုံး ဤအရိယသစ္စာတို့၌(သိ၊ပယ်၊ဆိုက်၊ပွား)ဤလေးပါးသော အရိယသစ္စာတို့၌ ဤသို့ (သစ္စ၊ ကိစ္စ၊ ကတ) အားဖြင့် သုံးပါးသော အပြားရှိသော သုံးပါးလေးလီ၊ အညီပြန့်ပွား၊ ၁၂ပါးသော အခြင်းအရာရှိသော၊ ဟုတ်မှန်တိုင်း ဖြစ်သော ဉာဏ်အမြင်သည် ငါ ဘုရားအား ကောင်းစွာ သန့်ရှင်း စင်ကြယ်ခြင်းသည် မဖြစ်သေး။

ရဟန်းတို့၊ ထိုဉာဏ်အမြင် မစင်ကြယ်သေးသမျှကာလပတ်လုံး ငါဘုရားသည် နတ်ပြည်ငါးထပ်နှင့်တကွသော၊ ဝသဝတ္တီ နတ်ပြည်နှင့်တကွသော၊ပြဟ္မာပြည်နှစ်ဆယ်နှင့်တကွသော၊

ဩကာသ လောကဌ်ရဟန်း ပုဏ္ဏားနှင့်တကွသော၊ သမုတိ နတ်တည်း ဟူသော မင်း၊ ကြွင်းသော လူနှင့် တကွသော သတ္တလောကဌ် အတုမရှိသော အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်ကို ထိုးထွင်း၍ သိပြီ'ဟူ၍ ဝန်ခံတော် မမူသေး။

ကဲ ..မောင်လှအေးရေ...အမိပ္ပာယ်ကတော့ မင်း သိလောက်ပါတယ်နော်။

''ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တို့ကို (သိ၊ ပယ်၊ ဆိုက်၊ ပွား)အထူးထူး အပြားပြား တရားတို့၌ မသိမမြင် မပိုင်သေးသမျှ ကာလကမိမိကိုယ်မိမိ'ဘုရား'ဟူ၍ ဝန်မခံခဲ့သေးပါ'တဲ့။ ဒါက အတိုချုံး ပြောလိုက်တာကွာ။

ခံမှစကြာ ပါဠိတော်မှာတော့....

'ယာဝကီဝဉ္စမေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသာ ကာရံ ယထာဘူတံ ဉာဏဒဿနံ နသုဝိသုဒ္ဓံ အဟောသိ။

'နေဝတာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ'။

''ကဲ....ဗုဒ္ဓမြတ်စွာကဘုရားအပေါင်းကိုသိတော်မူတဲ့ အကြောင်း ဝန်ခံတဲ့ စကား ကြေညာတဲ့ စကားကို ဆက်မယ်။

'ရဟန်းတို့—

အကြင် အခါ၌ကား ဤအရိယသစ္စာလေးပါးတို့၌ ဤသို့ (သစ္စ၊ ကိစ္စ၊ ကတ)အားဖြင့် သုံးပါးသော အပြားရှိသော သုံးပါးသေးလီအညီ ပြန့်ပွား၁၂ပါးသောအခြင်းအရာရှိသော၊ ဟုတ်မှန်တိုင်းဖြစ်သော ဉာဏ်အမြင်သည် ကောင်းစွာ သန့်ရှင်း စင်ကြယ်သည် ဖြစ်၏။

'ရဟန်းတို့—

'ထိုဉာဏ်အမြင် စင်ကြယ်စွာ ဖြစ်သောအခါ၌ ငါ ဘုရားသည် နတ်ပြည်ငါးထပ်နှင့် တကွသော၊ ဝသဝတ္တီ နတ်ပြည်နှင့် တကွသော၊ ဩကာသ လောက၌ ရဟန်း ပုဏ္ဏားနှင့်တကွသော၊ ဗြဟ္မာမင်း၊ ကြွင်းသော လူနှင့်တကွသော သတ္တလောက၌ အတုမရှိသော အရဟတ္တ မဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီ' ဟု ဝန်ခံတော် မူပြီ။

ဟုတ်ပလား မောင်လှအေး။ မြတ်စွာဘုရား ဝန်ခံ ကြေညာတော် မူလိုက်တာလေ။ ဓမ္မစကြာ ပါဠိတော်မှာတော့....

'ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ'။

အဲသလို သစ္စာလေးပါးကို အကြွင်းမဲ့၊ ကိုယ်တိုင်သိပြီးသော အခါတွင်မှ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက ညွှန်ကြသည့် သုံးရပ်မှာ သမ္မာသမ္ဗုဒ္ဓဆိုတဲ့ဘွဲ့တော်ကြီးကိုခံယူတော်မူလိုက်တာဖြစ်တယ်။ အဲသည်နောက် မြတ်စွာဘုရားက ဆက်ပြီး ဘယ်လိုများ ဟောထားပါသေးသလဲ။ ကြည့်ပါ။

'ငါဘုရားအား ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည် ထင်ရှား ဖြစ်ပေါ်၍လာပြီ။ ငါဘုရား၏ အရဟတ္တဖိုလ်ဉာဏ်ကို ဆန့်ကျင်ဘက် တရားတို့သည် မဖျက်ဆီးအပ်။ (မဖျက်ဆီးနိုင်။) ဤကိုယ်၏ အဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း။

'ယခုအခါ၌ တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိပြီ။

'ဤသို့သော ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည် ထင်ရှား ဖြစ်ပေါ်၍ လာပြီ'

''မောင်လှအေးရေ....အဲဒီစကားတော်က မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးဟာ အရဟတ္တဖိုလ်ပေါက်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးပြီဖြစ်လို့ သံသရာမှအဆက်ပြတ်ပြီး နောက်ဆုံးဘဝဖြစ်တဲ့ 'ဇာတိ' ဆိုတဲ့ ဘဝအသစ်ကို လက်ခံတော် မမူတဲ့အကြောင်း၊ ပစ္စဝေက္ခဏာ ဉာဏ်တော်ဖြင့် တိတိကျကျ သိမြင်တော်မူလို့ ပြတ်ပြတ်သားသား ကြေညာတော်မူလိုက်တာ ဖြစ်တယ်။

ဓမ္မစကြာ ပါဠိတော်မှာ အောက်ပါအတိုင်း ထင်သင်ရှားရှား ရှိသည်ကို ကြည့်ညိုရပါတယ်။


''ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ

အကုပ္ပါ မေ စေတော ဝိမုတ္တိ၊

အယ မန္တိမာ ဇာတိ၊

နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။''

* * *



# သဒ္ဒေါသိ သဒ္ဒေါသိ

''မသိသော်ငြား
သိသောလားဖြင့်
နှုတ်ပျားဆိုပြက်
မန္တန်စက်ကြောင့်
အသက်စည်းစိမ်
တည်မြဲငြိမ်၏''

''ဘဘ.... အဲဒီ လင်္ကာရဲ့ အဓိပ္ပာယ်ကို ပြောပြပါလား''

''မင့်နှယ်.... တယ်ပြီး နို့သက်ခံ စို့ချင်တဲ့ အကောင်ကိုးကွ။ နည်းနည်းပါးပါးလဲ ကိုယ့်သဘောနဲ့ကိုယ် စဉ်းစား ကြည့်ဦးမှပေါ့။ ကဲ.... မင်း သိသလောက်ပြောစမ်း''

မောင်သုအေးက စာကို ဖြည်းဖြည်းလေးလေး တစ်ခေါက် ထပ်ဖတ်ရင်း အတန်ကလေးကြာအောင် စဉ်းစားပြီးမှ....

''မသိသော်လည်း သိဟိသကဲ့သို့ နှုတ်ဖျားမှ မန္တန်သဖွယ်ရွတ်ဆိုသော အာနိသင်ကြောင့် အသက်နှင့် စည်းစိမ်တို့မှာ မပျက်မစီး တည်မြဲလေ၏။ ကျွန်တော်ပြောတာ ဟုတ်ရဲ့လား ဘဘ''

''အေး.... ငါ ဆိုလိုတာနဲ့ အကုန် အကျုံးဝင်နေပါတယ်ကွာ။ တစ်ခါတလေ ကိုယ့်ဉာဏ်နဲ့ကိုယ် စဉ်းစားကြည့်ရတာဟာ ဆရာကို မေးလို့ အဖြေ ကြားရတာထက် အရသာ ရှိတတ်တယ်ကွ။ အဲသလို စဉ်းစားတဲ့ဉာဏ် ရင့်သန်ဖို့ အကျင့် လုပ်ပေးရတယ်။ ပြီးမှ ကိုယ့် အယူအဆ မှန်မမှန် ဆွေးနွေး မေးမြန်းရတယ်ပေါ့။ သု-စိ-ပု-ဘာ ဆိုတဲ့ စကားလဲ အချိုးသားပဲ''

''ဟုတ်ပါတယ် ဘဘ။ အဲဒီ လင်္ကာရဲ့ အဓိပ္ပာယ်တော့ စဉ်းစားမိပြီ ထားပါတော့။ ဘယ်အကြောင်းကို ဆိုလိုတယ်။ ဘာကို ရည်ညွှန်းတယ် ဆိုတာကျတော့ ကျွန်တော် ဘယ်သိတော့မလဲ ဘဘရဲ့''

''အဲဒါကျတော့ တစ်မျိုး ပေါ့ကွ။ ဇာတ်ဝတ္ထု သာဓကတို့ကို အဆိုက်အလျောက် နှံ့စပ်အောင် ဖတ်ထားရင် ခပ်လွယ်လွယ် ရိပ်မိနိုင်ကြဘာပေါ့။ ကဲ.... မနေ့က မင်းနဲ့ ပြောခဲ့ကြတာကို ပြန်စဉ်းစားကြည့်စမ်း။ ''မသိသောသူနဲ့ သိသောသူ'' အကြောင်း မဟုတ်လား။ ဂရိ တွေးခေါ်ပညာရှင်ကြီး ဆိုကရေးတီးက မသိသောသူ အဖြစ် ဝန်ခံတယ်။ တို့ ဗုဒ္ဓမြတ်စွာက သိသောသူ အဖြစ် ဝန်ခံတယ်။ အဲဒါက ပရမတ္ထ သစ္စာ၊ အရိယ သစ္စာတို့ကို ဆရာကြီး 'ဆိုကရေးတီး'က ရည်ညွှန်းခဲ့ဟန် တူကြောင်း၊ 'အနုမာန' မှန်းဆပြီး တို့ ပြောခဲ့ကြတယ် မဟုတ်လား''

''ဟုတ်ပါတယ် ဘဘ''

''အခု လင်္ကာရဲ့ အဓိပ္ပာယ်ကျတော့ အရိယ သစ္စာကို ရည်ညွှန်းတာ မဟုတ်တော့ဘူး။ အင်မတန် ရှုပ်ထွေးပွေလီတဲ့ 'လောကီထုပ္ပာတ်၊ လူ့ဘို့ဇာတ်'ရဲ့ အတွေ့အကြုံ၊ အကြောင်းခြင်းရာကို ထုတ်ဖော်ပြတာ ဖြစ်တယ်။ ဘယ်လို ပြောရမလဲ။ အဲ.... လောကထဲမှာ မိမိ မသိပါဘဲ လျက် သိပါတယ်လို့ ပြောဆိုခြင်းကြောင့် တစ်ခါဘလေ စီးပွားမပျက်ဘူး။ အသက်အန္တရာယ် လွတ်ကင်းတယ်လို့ ဆိုလိုတာ ဖြစ်တယ်။ အဲဒီ အကြောင်းအရာကို လောကဝိဒူ ဖြစ်တော်မူတဲ့ မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှာ စူဠပန် မထေရ်ကို အကြောင်းပြုပြီး ဟောတော်မူထားပါတယ်။ 'ဇာတ်ခွင်'လှပအောင် စူဠပန် မထေရ်ရဲ့ ပစ္စုပ္ပန်ဘာက စ၍ ပြောမယ်ကွယ်။

မြတ်စွာဘုရား သက်တော် ထင်ရှား ရှိတော်မူစဉ် အခါက ရာဇဂြိုဟ်ပြည်မှာ မနသေဋ္ဌိ ဘွဲ့ခံ သေဋ္ဌေးကြီးတစ်ဦး ရှိသတဲ့၊ သေဋ္ဌေးကတော် အမည်ကတော့ မသင်ရှားပါဘူး။ အဲ.... သေဋ္ဌေးကြီးမှာ အဆင်းရူပကာယ ချောမောလှပတဲ့ သမီးပျိုလေးတစ်ဦး ရှိပါတယ်။ သေဋ္ဌေးကြီးကလည်း အလွန် ချစ်လွန်းလှ၍ အထိန်းအယ အစောင့်အရှောက်များဖြင့် ဘုံခုနစ်ဆင့်မှာ စည်းစိမ်ချမ်းသာနဲ့ နေစေပါသတဲ့။ သို့ပေမယ့် သေဋ္ဌေးသမီးကလေးက အချစ်ရေးမှာ လျှပ်ပေါ် လော်လီတာကြောင့် သူ့ဘို့အိမ်မှာ ခိုင်းထားတဲ့ ကျွန်လုလင် အစေခံကလေးနှင့် ထွက်ပြေးပြီး မိဘများနှင့် ဝေးရာ ရွာငယ်နိဂုံးတစ်ခုမှာ အိမ်ထောင် ပြုလိုက်ပါသတဲ့''

''ဩော်.... ပဋ္ဌာစာရီ သေဋ္ဌေးသမီးလိုပါပဲလား''

''ဆိုပါတော့ကွာ.... မိဘများက အချုပ်အချယ် အားကြီးလွန်းလျှင် လောကရေးရာ အတွေ့အကြုံ၊ အသိပညာ၊ ဗဟုသုတ ခေါင်းပါးပြီး မမှားသင့်ဘာ မှားတတ်ကြတာပေါ့။ ဒီလိုနဲ့ 'မျက်ကန်းတစ္ဆေ မကြောက်' လင့်နောက် လိုက်ခဲ့လို့ ကိုယ်ဝန် အရင့်အမာရလာတော့မှ မိခင်ကို တမ်းတပြီး အား ကိုး တကြီး ဖြစ်လာတတ်ကြတယ်။ မိန်းမတို့မမွေတာမီးယပ်သားဖွားကိစ္စများကျတော့လင်ယောက်ျားထက် မိခင်ကိုသာ ကိုးကွယ်ရာ သိကြတာပေါ့။ မထင်ရှား ရွာသိမ်ရွာငယ်လေး ဆိုတော့ ဆွေမရှိ မျိုးမရှိ၊ မျက်စိသူငယ် နားသူငယ်နဲ့ ဖြစ်နေတာကိုး။ ဒါကြောင့် မီးဖွားရအောင် မိခင်ထံ ပြန်ပို့ပေးဖို့ လင်ကို ပူဆာတယ်။ လင်က ပြန်ပို့မပေးဝံ့ဘူး။ နောက်ဆုံးကျတော့ သေဋ္ဌေးသမီးကလေးဟာ လင်မရှိခိုက် အိမ်နီးနားချင်းတို့ကို ပြောဆိုနှုတ်ဆက်ပြီး ရာဇဂြိုဟ်ပြည်ကို ပြန်ခဲ့တယ်။ လင်ဖြစ်သူက အိမ်ပြန်ရောက်လာတဲ့အခါ မယားကို မတွေ့ရတော့ဘူး။ အိမ်နီးချင်းများထံမှ မယားအကြောင်း ကြားရတော့ အူယားဖားယား လိုက်သွားပါသတဲ့။ သူတို့ရွာနိဂုံးနဲ့ ရာဇဂြိုဟ်ပြည်အကြား လမ်းခုလတ်မှာ သူ့မယားက သားဦးကလေးကို မွေးဖွားပြီးနှင့်တာကို တွေ့ရပါသတဲ့

''ဒါလဲ ပဋ္ဌာစာရီနဲ့ တူတာပဲ ဘဘရဲ့.... နော်''

''အေးကွယ့်.... သူလဲ ပဋ္ဌာစာရီလိုပဲ လင်က ချော့မော့ပြီး အိမ်ပြန်ခေါ်ခဲ့ရတယ်။ နောက် ၂ နှစ် ၃ နှစ်ကြာလို့ နောက်ထပ် ကိုယ်ဝန် ရှိလာပြန်တော့လဲ လင်ကို အသိမပေးဘဲ မိဘထံ ပြန်တဲ့လမ်းခရီးမှာ သားယောက်ျားကလေး တစ်ဦး မွေးပြန်ပါလေရော။ အဲ.... လမ်းခုလတ်မှာ မွေးတဲ့ သားလေးတွေမို့ 'ပန္ထက'လို့ အမည် မှည့်တယ်။ 'ပန္ထက'ဆိုတဲ့ ပါဠိစကားက 'လမ်းခုလတ်'လို့ အဓိပ္ပာယ်ရှိသတဲ့လေ။ အေး.... ဒါကြောင့် အကြီးကလေးကို 'မဟာပန္ထက'၊ အငယ် သားထွေးကို 'စူဠပန္ထက'။ အဲဒီ စကားမှ ရွေ့လျော ပြီး 'မဟာပန်' 'စူဠပန်'ရယ်လို့ ဖြစ်လာကြတာပေါ့''

''ဩော်....ဒီလိုကိုး၊ နေပါဦး ဘဘရဲ့၊ အဲသည့် စူဠပန် မဟုတ်လား၊ အလွန်ဉာဏ်ထိုင်းတယ် ဆိုတာလေ၊ ကျွန်တော် ကြားဖူးသလိုလိုရှိလို့ပါ''

''ဟုတ်တာပေါ့ကွ၊ အဲသည် စူဠပန်ပါပဲ၊ မင်း ပြောတာကို ရောက်အောင် တို့ အတိုချုံးလိုက်ကြရမယ်ဆိုရင် ကလေး နှစ်ယောက်

ကစားမြူးပျော် သူငယ်ဘော် အရွယ်ရောက်လာတဲ့အခါ သူတို့ညီအစ်ကိုရဲ့ ရှေ့ရေးကို တွေးပြီး အဘိုးအဘွားများထံ ပို့လိုက်ပါသတဲ့''

''အင်း .. အဲဒါလဲ မိဘရဲ့ စေတနာပဲ ဘဘရေ့''

''ပြောစမ်းပါဦးကွ''

''မိဘများက သူတို့ကိုယ်တိုင် ဆင်းဆင်းရဲရဲ သိမ်သိမ်ငယ်ငယ်နဲ့ မထင်ရှားတဲ့ ဘဝမှာ နေချင် နေရပါစေ၊ ကိုယ့်သားသမီးတွေကျတော့ ကြီးပွားစေချင်တယ်။ ဂုဏ်ရှိစေချင်တယ်။ ချမ်းချမ်းသာသာ နေစေချင်တယ်။ အဲဒါ မိဘရဲ့ စေတနာပေါ့ ဘဘရဲ့''

'အေး—မင်း အဲ့သလို တွေးလိုက်တာ ကုသိုလ် အများကြီး ရသွားပြီ။ ကဲ....ဆက်ပြောမယ်ကွာ။ 'မဟာပန်'နဲ့ 'စူဠပန်' ဟာ အဘိုးအဘွားများထံ ရောက်သွားတော့ ချမ်းချမ်းသာသာ နေရတာပေါ့။ သမီးမိုက်ရဲ့ အပြစ်ကို ခွင့်မလွှတ်နိုင်ပေမယ့် မြေးကလေးတွေကိုတော့ လက်ခံပြီး ချစ်သနားတတ်ကြတာ ဓမ္မတာပဲ မဟုတ်လား။ အဲသလို လောကဂုဏ်သိန် ငြိမ်းစိမ်ချမ်းသာနဲ့ လူလားမြောက်လာတဲ့ အခါမှာ အစ်ကိုကြီးဖြစ်တဲ့ မဟာပန်က လူ့ဘောင်မှာ မပျော်မွေ့ဘဲ သာသနာတော်မှာ ရှင်သာမဏေပြုပေးဖို့ အဘိုးအဘွားများကို ပူဆာတယ်။ ဒီအခါ အဘိုးအဘွားများက ဝမ်းမြောက်ဝမ်းသာနဲ့ ဘုရားကျောင်းတော်သို့ ပို့ဆောင်ပြီး သာမဏေ ပြုပေးကြတယ်။ မဟာပန်ကလဲ သာမဏေဘဝမှ ုပဲ ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ကို အ ုးထုတ် ကြိုးပမ်းတော် မူဘယ်။ ဒီလိုနဲ့ အသက် ၂၀ ပြည့်တဲ့အခါ ရဟန်းခံခဲ့တယ်။ ဆုကြီးပန် ပါရမီရှင်ဖြစ်လေတော့ မကြာမြင့်မီမှာပဲ 'အာသဝေါ ကင်းကွာပြီး ရဟန္တာ ဖြစ်သွားဘယ်။ ထိုအခါ ညီဖြစ်တဲ့ စူဠပန်က သူ့အစ်ကိုကို အားကျပြီး သူ့ကိုလဲ ရဟန်းခံပေးဖို့ ဘိုးဘွားများကို ပူဆာတယ်။ ဘိုးဘွားများကလဲ ဝမ်းမြောက် ဝမ်းသာနဲ့ ရဟန်း ပြုပေးကြပါတယ်။ ရဟန်းဖြစ်ပြီးတဲ့နောက် စူဠပန်မထေရ်ဟာ သဒ္ဓါ၊ ဝီရိယနဲ့ ရဟန်းကိစ္စကို ဆောင်ရွက်ကျင့်ကြံတော်မူပါတယ်။သို့ပေမယ့် အင်မတန် ဉာဏ်နုံ့သူဖြစ်လေတော့....

''ပဒ္ဒုံယထာ ကောကနဒံ ယုဂန္ဓံ၊
ပါတော သိယာ ဖုလ္လ မဝီတဂန္ဓံ
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စ မိဝန္တလိက္ခေ'' ဆိုတဲ့ ဂါထာတစ်ပုဒ်ကို

ကျက်မှတ်တာဟာ လေးလ ကြာလို့မှ နှုတ်တက်အာဂုံ မရရှာဘူးတဲ့''

''အဲဒီ ဂါထာရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ ဘဘ''

''အဓိပ္ပာယ်က 'ကောကနဒ အမည်ရှိသော ပဒုမ္မာ ကြာသည် နံနက်အခါ၌ အနံ့မကောင်းသည်ဖြစ်၍၊ ကောင်းသော အနံ့ ရှိသည် ဖြစ်၍ ပွင့်ခြင်းသို့ ရောက်သည်ဖြစ်သကဲ့သို့ ကောင်းကင်၌ တင့်တယ်ခြင်း ရှိထသော၊ တောက်ပသော တန်ခိုးအာနုဘော် ရှိထသော နေမင်းကဲ့သို့ တင့်တယ်ခြင်း ရှိထသော ကိုယ်တော်မှ ထွက်သော အရောင်ရှိသော ဘုရားရှင်ကိုကြည့်ရှုလေလော့' လို့ အဓိပ္ပာယ် ရပါတယ်။ မြတ်စွာဘုရား ကို ကြည်ညိုဖို့ 'ဂါထာ' ပေါ့လေကွာ''

''အဲဒီ ဂါထာတစ်ပုဒ်တည်းကို လေးလကြာအောင် ကျက်တာ အလွတ်မရဘူးဆိုတော့လဲ အလွန်ဉာဏ် နုံ့တယ်လို့ ပြောတာ ပြော ထိုက်သလို ဖြစ်နေတာပေါ့ ဘဘရယ် နော်''

''အဲဒါဟာ ရှေးဘဝက ''ဝစီဝိပါက်'' တစ်ခုကြောင့်ပေါ့ကွ၊ ကဿပဘုရား သက်ထက်က သီတင်းသုံးဖော် ဉာဏ်နုံ့သော ရဟန်း တစ်ပါးကို' တုံး၊ အေး၊ ထိုင်း'လို့ အမြဲဘမ်း ကဲ့ရဲ့ဝေဖန် အပုပ်ချခဲ့ တဲ့ ဝစီဒုစရိုက် အကုသိုလ်ကံရဲ့ အကျိုးပေးဖြစ်သတဲ့။ နောင်တော် မဟာ ပန်ဆိုလျှင် ရဟန်းပြုပြီး၍ မကြာခင်မှာ ဝိပဿနာ ကမ္မဋ္ဌာန်းဖြင့် အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူတယ်။ သူ့ညီတော် စူဠပန်မှာ တော့ ဝိပဿနာဉာဏ်ကိုထား။ ဘုရားရှိခိုး တစ်ဂါထာမှ နှုတ်တက်မရ ဘူးဆိုတော့ သီတင်းသုံးဖော် များရဲ့ အလယ်မှာ မျက်နှာ ငယ်နေရရှာ တယ်။ နောင်တော်ကြီးကလဲ အားမလို အားမရ ဖြစ်တော်မူလာတယ်။ လောကုတ္တရာဉာဏ်၊ နိဗ္ဗာန် ချမ်းသာနဲ့ မတန်မရာသေးတဲ့အတွက် လူ ထွက်လျှင် ကောင်းမယ်ဟု ဝေဖန်တော်မူပါသတဲ့။ ရှင်းရှင်း ပြောရင် တော့ သာသနာမှ နှင်ထုတ်တယ်ပေါ့ကွယ်။ သို့ပေမယ့် စူဠပန်က ရဟန်း ဘဝမှ လျှောကျရမှာ နှမြောတွန့်ဆုတ် နေတော်မူပါတယ်။ ဉာဏ်ပညာ အရာမှာသာ နုံ့နှေးပေမယ့် သဒ္ဓါ၊ ဝီရိယကတော့ ရှိနေတောကိုး။ ဒါ့ကြောင့် ကျောင်းတော်မှာ ပေကပ် နေပါသေးသတဲ့''

''သူ့ခမျာ သနားစရာနော် ဘဘ''

''အဲဒီ အချိန်မှာ မြတ်စွာဘုရားက ဆရာဇီဝကရဲ့ သရက်ဥယျာဉ် ကျောင်းမှာ သီတင်းသုံးတော်မူစဉ် ဖြစ်တယ်။ တစ်နေ့တော့ ဆရာ ဇီဝကက မြတ်စွာဘုရားကို အမှူးထားပြီး ကျောင်းတိုက်မှာ ရှိသမျှ သံဃာအကုန်ကို သူ့အိမ်မှာ ဆွမ်းစားကြွဖို့ လာပြီး ပင့်ဖိတ်ပါတယ်။ အဲဒီမှာ မဟာပန် မထေရ်က သူ့ညီ တစ်ပါးကိုသာ ချန်လှပ်ပြီး အခြား ရဟန်းများကို ပင့်ဖိတ်ပါသတဲ့''

''ကြော်...စူဠပန် မထေရ်ကို ရဟန်းအဖြစ်နဲ့ အသိအမှတ်မပြုဘဲ ချန်လှပ်ခဲ့တဲ့ ဃဘောပေါ့နော် ဘဘ''

''ဟုတ်တာပေါ့ကွယ်''

''ဒီလိုဆိုတော့ပဲ ရှုပ်စရာ၊ မျက်နှာငယ်စရာ၊ ဝမ်းနည်းစရာ ကြီးပေါ့နော်၊ ...ချ...''

''ဒါပေါ့ကွာ၊ အဲဒီ အကြောင်းသုံးပါးကို ခံစားရတော့ စူဠပန် မထေရ်က ညှိုးညှိုးငယ်ငယ်နဲ့ အိမ်ပြန်ရအောင် ကျောင်းထဲမှ ထွက်ခဲ့ ရှာပါသတဲ့၊ ယုံ အခြင်းအရာကို သိမြင်တော်မူသော၊ အတုမရှိသော မဟာကရုဏာတော်ရှင် မြတ်စွာဘုရားက ကျောင်းဝမှာ စင်္ကြံလျှောက် ရင်း ဆိုင်းငံ့နေတော်မူပါတယ်။ စူဠပန်က ဝတ်ချ ရှိခိုးလိုက်တဲ့အခါ မြတ်စွာဘုရားက မေးမြန်းတော်မူပါကယ်။

''ချစ်သား စူဠပန် အဘယ် အကြောင်းကြောင့် အိမ်သို့ပြန်ရန် အကြံဖြစ်ဘိသနည်း''

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အလွန် ဉာဏ်နုံ့သည် ဖြစ်သော ဘပည့်တော်အတွက် အရှက်ရသည်ဖြစ်၍ နောင်တော် မဟာ ပန်က လူ့ဘောင်နှင့်နေရန် တိုက်တွန်းသောကြောင့် အိမ်သို့ပြန်ရန် အကြံဖြစ် ခဲ့ရပါသည် ဘုရား''

''ချစ်သား စူဠပန်၊ သင် ရဟန်းပြုခဲ့သည်မှာ မြတ်စွာဘုရား အား ကိုးကွယ်ဆည်းကပ်၍ ရဟန်း ပြုခဲ့ခြင်း မဟုတ်လော။ သင်၏ နောင်တော် စကားသည် ပဓာန မဟုတ်၊ မြတ်စွာဘုရား၏ စကားသာ လျှင် ပဓာန ဖြစ်ပေသည်''

အဲလို မြတ်စွာဘုရားက မိန့်တော်မူပြီး တန်ခိုးတော်ဖြင့် ဖန် ဆင်းထိုက်သော အလွန်နူးညံ့ဖြူစင်သည့် မျက်နှာသုတ်ပဝါ တစ်ပိုင် ကို ပေးတော်မူလိုက်ရင်း....

''ချစ်သား စူဠပန် ဝိပဿနာဉာဏ် အလွန်နုံ့နေးသည့်ဟု ကဲ့ရဲ့ ရှုတ်ချခြင်း ခံနေသော သင်ချစ်သားသည် ဤပဝါဖြူကို လက်ဖြင့် အမြဲ သုံးသပ်ကာ ဝါး နှုတ်ကရုဏ် ဘာ့ခါ သွားပြီး၊ ရဇော ဟရဏံ၊ ရဇော ဟရဏံ'' ဟု သရဇ္ဈာယ်၍ နေချေလော့''

''မြတ်စွာဘုရားက ကမ္မဋ္ဌာန်းတရားကို သို့ကလို မိန့်ကြားတော်မူ လိုက်တဲ့အခါမှာတော့ စူဠပန် မထေရ်ဟာ ဝမ်းမြောက် အားတက် ရွှင် လန်းပြီး မြတ်စွာဘုရား၏ ဩဝါဒ အတိုင်း လိုက်နာ ကျင့်ကြံတော်မူပါ သတဲ့''

''အဲဒီ'ရဇောဟရဏာ'၊ ရဇောဟရဏာ''ဆိုတဲ့ အဓိပ္ပာယ်ကိုပြော ပါဦး ဘဘ''

''မြူကိုဆောင်သော အဝတ်၊ မြူကိုဆောင်သော အဝတ်'လို့ အနက်ပြန်ရမှာပေါ့ကွယ်၊ မြန်မာစကားနဲ့ဆိုရင် ညစ်ထေး လာတတ် တယ်။ ညစ်ထေးလာတတ်တယ်''လို့ ပြောတာပေါ့။ မြတ်စွာဘုရားနှင့် အခြား ရဟန်းတော်များ ဇီဝက အိမ်သို့ ဆွမ်းစား ကြွသွားတဲ့အခါ စူဠပန် မထေရ် မပါခဲ့ပါဘူး၊ တစ်ပါးတည်း ကျန်ရစ်ခဲ့ရှာပါတယ်၊ အဝတ်စကို လက်ဖြင့်ပွတ်သပ် ဆုပ်နယ်ရင်း 'ရဇောဟရဏ'၊ ရဇော ဟရဏ''လို့ နှုတ်လုံးသွင်း၍ ဝိပဿနာရှုတဲ့ အခါမှာ ဝိပဿနာဉာဏ်ဟာ 'လင်းခနဲ'ထွန်းတောက်လာပါသတဲ့''

''မြတ်စွာဘုရားရဲ့ ဥပနိဿယ(အမှီသဟဲ့)ကို ရတော့လဲ မြန်လိုက် တာနော် ဘဘ''

''အဲဒါလဲ ရှေးဘဝက ပါရမီ တစ်ခုပဲကွ။ စူဠပန် မထေရ် အလောင်းဟာ ဘုရင်တစ်ပါး ဖြစ်ခဲ့ဖူးတယ်။ အဲဒီ ဘုရင်ကြီးဟာ ဆင် တော်စီးပြီး တိုင်း ခန်းလှည့်လည်တဲ့အခါ နွမ်းနယ်လာတာနဲ့ နဖူးက ချွေးကို မျက်နှာသုတ်ပဝါဖြင့် သုတ်လိုက်ပြီးတဲ့နောက် အဝတ်ဖြူစမှာ ညစ်ထေးသွားတာ တွေ့လိုက်ရပါသတဲ့၊ အဲ့ဒီမှာတင်'ငါ့ ခန္ဓာကိုယ် ဟာ အညစ်အကြေးပါပဲကလား'လို့ ကာယာနုပဿနာ ဘာဝနာ ဖြစ် လိုက်ပါသတဲ့။ အဲ့ဒီအကြောင်းလေးက အကျိုးလာပေးတာပေါ့''

''ဩော်....အဲ့ဒါကို မြင်တော်မူလို့မြတ်စွာဘုရား သခင်ကအဝတ် ဖြူစကလေးပေးပြီး'အတိုဆုံး'စကားနဲ့ တရားနှိုးဆွ ပေးလိုက်တာ နေ မှာပဲနော် ဘဘ''

''ဟုတ်တာပေါ့ မောင်လှအေးရဲ့၊ဒါကြောင့် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသယဂဉာဏ်'နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားလို့ တို့တစ်တွေက ကြည်ညိုကြရတယ်၊'အနာနဲ့ဆေး တည့်အောင် ပေး'တော်မူတတ်သော လောကုတ္တရာ 'ဆေးဆရာကြီး'ရယ်လို့လဲ ချီး မွမ်း ထောမနာ ပြုကြရမယ် မဟုတ်သား။ ဒီလို အဖြစ် အပျက်တွေ အများကြီး ရှိပါသေးတယ်ကွယ်။ ပြောရရင် မကုန်ပါဘူး၊ အဲ....အဲ.... မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ဇီဝကရဲ့အိမ်မှာ ခင်းထားအပ် သော နေရာ၌ ထိုင်နေတော်မူရင်း စူဠပန်၏ တရားအလင်းရောင် တက် လာသည်ကို သိတော်မူလိုက်ပါတယ်။ အဲ့ဒီအခါမှာ ရောင်ခြည်တော် လွှတ်၍ စူဠပန် မထေရ်ရှေ့မှာ ကိုယ်တော်တိုင် ကြွလာဘိသကဲ့သို့ တရားဟောပြတော် မူပါတယ်။

''ရဇ-ဟူသည် ငါးပါး အာရုံ ကာမဂုဏ်တို့ကို ခုံမင်တပ်မက် နှစ်သက်တတ်သော ရာဂပေတည်း။ မြူကိုသာလျှင် မဆိုအပ်သေး။ ရဇဟူသော ဤအမည်သည် ငါးပါးအာရုံ ကာမဂုဏ်တို့ကို ခုံမင်တပ်မက်၊ နှစ်သက်တတ်သော ရာဂ၏ အမည်ပေတည်း။ ရဇမြူကင်းသောဘုရား၏ သာသနာတော်၌သံသရာဘေးကိုရှုဆင်လေ့ ရှိကြကုန်သော အကြင် ရဟန်းတို့သည် ဤ ရာဂတည်း ဟူသော မြူကို ပယ်စွန့်၍နေကြကုန်၏။''

မောင်လှအေးရေ။ အဲသလို မြတ်စွာဘုရား သခင်က ဉာဏ်အလင်းကို ဖွင့်ပေးတော် မူလိုက်တာနဲ့ တစ်ပြိုင်နက် စူဠပန္ထကမထေရ်ဟာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တမဂ်ကို ဆိုက်ရောက် သွားပါတယ်။ ပိဋကသုံးပုံ အလုံးစုံလဲ အာဂုံရလာ ထင်မြင် လာပါတော့တယ်။ ပိဋကသုံးပုံကို ချောက်ချားနိုင်တယ်''

''အင်း... ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟာ ပါရမီရှိခဲ့ဖူးရင် 'ခွက်ဆို နားခွက်က မီးတောက်' တာပဲနော် ဘဘ''

''အေး....ဒါကြောင့် တို့တစ်တွေဟာ ပါရမီဆိုတဲ့ အလုပ်တွေကို အမြဲတမ်းအားကိုး၊ ဆည်းပူးနေရမှာပေါ့။ ကဲ - ဆက်ပြောစို့ကွာ။ ဆရာဇီဝက က မြတ်စွာဘုရားကို ဆွမ်းကပ်တဲ့အခါ မြတ်စွာဘုရားသခင်က 'ကျောင်းတော်မှာ ရဟန်းတစ်ပါး ကျန်သေးတယ်။ ထိုရဟန်းကိုပါ သွားပင့်ချေဦး' လို့ မိန့်တော် မူပါသတဲ့။ ဒီတော့ ဆရာ ဇီဝက က အမှုထမ်း တစ်ဦးအား သွားပင့် ခိုင်းလိုက်ပါတယ်။ ဒီအခါမှာ စူဠပန်မထေရ်က 'ကိုယ်တော်ပွား ရဟန်း တစ်ထောင် ဖန်ဆင်းတော် မူထားတယ်။ တချို့ကိုယ်တော်က တရားထိုင်နေတယ်။ တချို့ကိုယ်တော်ကစကြံကြွနေတယ်။ တချို့ကိုယ်တော်က သင်္ကန်းလျှော်နေတယ်။ တချို့ ကိုယ်တော်က သင်္ကန်းဆိုးနေတယ်။ တချို့ ကိုယ်တော်က သင်္ကန်းချုပ်နေတယ်။ သရက်ဥယျာဉ်မှာ ရဟန်းတွေ ပြည့်နေစေပါသတဲ့။ အဲဒါနဲ့ပဲ အပင့်လာတဲ့ အမှုထမ်းက ရဟန်းတစ်ပါးသာကျန်တယ်ပြောတယ်။ ဒီမှာက ရဟန်း တစ်ထောင်လောက် ရှိနေတယ်။ ဘယ်ကိုယ်တော်ကို ပင့်ရမှန်း မသိတော့ မြတ်စွာဘုရားထံ တစ်ဖန်ပြန်လျှောက်ရတာပေါ့။

ဒီတော့မှ မြတ်စွာဘုရားက အမှုထမ်းအား 'တစ်ဖန်ပြန်၍ သွားချေဦး။ အဘယ်ကိုယ်တော်ဟာ စူဠပန်မထေရ် ဖြစ်ပါသနည်း' ဟု မေးလျှောက်လော့။ ငါသည် စူဠပန် မထေရ်ဖြစ်၏ဟု ဦးစွာပြောသော ရဟန်း၏ လက်အား ဆွဲကိုင်၍ ပင့်ခဲ့လေလော့ဟု မိန့်တော် မူပါတယ်။

အဲဒါနဲ့ အမှုထမ်းက တစ်ခေါက်ပြန်လာပြီး မေးလျှောက်ရတယ်။ဦးစွာ ဖြေဆိုတော်မူတဲ့ စူဠပန်မထေရ်၏လက်ကိုကိုင်မိတော့မှ အခြား ရုပ်ပွား ကိုယ်တော်များ ပျောက်ကွယ်ကုန်ပါသတဲ့ မောင်လှအေးရယ်''

''အင်း....ဒီနေရာမှာ လူရှိင်းပြော ပြောရရင် စူဠပန်မထေရ်ဟာ အထင်သေးခံရတဲ့အတွက် မြွေဟောက်မှန်းသိအောင် ပါးပျဉ်းထောင် ပြလိုက်တာမျိုးပေါ့နော်''

''ဒီလို ပြောလို့တော့ မဖြစ်သေးဘူးကွ၊ ကိလေသာ အာသဝေါ ကင်းကွာတော်မူတဲ့ ရဟန္တာပုဂ္ဂိုလ်များဟာ'မာန်'ဆိုတာပယ်ချပြီးသား ဖြစ်နေပါပြီ။ မိမိကိုယ်မိမိလည်း'ငါ ရဟန္တာ ဖြစ်နေပြီ'လို့ နှုတ်မြွက် ဝန်ခံဖို့ လိုလားတော်မမူကြပါဘူး။ သို့သော်မယ့် ပုထုဇဉ်များအတွက် အထင်မှား အမြင်မှား ဖြစ်ပြီးတော့ တစ်စုံတစ်ရာ ပြစ်မှားမိရင် ကြီးလေးသော အကုသိုလ်ကံ ဖြစ်တတ်တယ်။ ဒါကြောင့် ဥပါယ် တံမျဉ် ဖြင့် ပြသတော် မူရတာ ဖြစ်တယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကလဲ ရဟန္တာ သာဝက ဖြစ်တော်မူပြီ ဆိုဘာကို ချီးမြှောက် ထုတ်ဖော်တော် မူလိုတဲ့အတွက် အပင့်ခိုင်းခြင်းဖြစ်ဘယ်။ အဲသလို မှတ်ရမှာပေါ့ကွယ်။ ဟုတ်ပလား''

''ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် သဘောပေါက်ပါပြီ''

''ကဲ....ဒါဖြင့် စူဠပန်မထေရ်ရဲ့ ပစ္စုပ္ပန် ဇာတ်ကြောင်း ပြီးပြီ။ 'ဿံနွေသီ'ဆိုတဲ့ စူဠပန်မထေရ်ရဲ့ အတိတ်ဇာတ်ကြောင်းကို ဆက်ပြော ကြစို့ရဲ့''

''ဟုတ်ကဲ့....ဘဘ''

''စူဠပန် မထေရ်ဟာ မြတ်စွာဘုရား၏ ဥပနိဿယဖြင့် ဆရာ ဇီဝကရဲ့ သရက်ဥယျာဉ်ကျောင်းမှာ ရဟန္တာ ဖြစ်ခဲ့ရကြောင်း ပြောခဲ့ ပြီနော်''

''ဟုတ်ကဲ့....ဘဘ''

''အဲ့....နောက်ကာလမှာတော့ မြတ်စွာဘုရားသခင်ဟာ ဝေဠုဝန် ကျောင်းတော်မှာ ပြန်လည် သီတင်းသုံးနေတော် မူပါတယ်''

''ဩော်....ရာဇဂြိုဟ်ပြည်မှာ မြတ်စွာဘုရား သီတင်းသုံးတော် မူရာ ကျောင်းနှစ်ကျောင်း ရှိသကိုး''

''ဟုတ်တယ်၊ ဗိမ္ဗိသာရ မင်းကြီးက ဝါးတောဥယျာဉ်အရပ်မှာ ဆောက်လုပ်လှူဒါန်းထားတာက ဝေဠုဝန်ကျောင်း ဖြစ်တယ်။ အလွန်

နှလုံး မွေ့လျော်ဖွယ် ရှိတယ်လို့ ပြည်သူအများက ချီးမွမ်းကြရတဲ့ကျောင်း တော်ပါ။ ဆရာဇီဝကရဲ့ သရက်ဥယျာဉ်ကျောင်းက ရာဇဂြိုဟ်မြို့နှင့် အနည်းငယ် ကွာလှမ်းတဲ့အတွက် အလွန်ဆိတ်ငြိမ်တယ်လို့ ပြောစမှတ် ပြုကြရတယ်။ စကားစပ်မိလို့ ပြောရဦးမယ်။ သာဝတ္ထိမြို့မှာလဲ အဲသလိုပဲ ကျောင်းနှစ်ကျောင်းရှိတယ်။ တစ်ကျောင်းက အနာထပိဏ် သေဋ္ဌေး ဆောက်လုပ် လှူဒါန်းတဲ့ ဇေတဝန် ကျောင်းတော်ကြီး ဖြစ်တယ်။ နောက် တစ်ကျောင်းက ဒါယိကာမကြီး သေဋ္ဌေးကတော် ဝိသာခါ လှူဒါန်းတဲ့ 'ပုဗ္ဗာရုံ'ကျောင်း ဖြစ်တယ်။ မြတ်စွာဘုရားသခင်ဟာ ကျောင်း နှစ် ကျောင်းရှိတဲ့ မြို့မှာဆိုရင် ရံဖန်ရံခါ အလဲအလှယ်ပြု၍ ချီးမြှောက် သီတင်းသုံးတော်မူတတ်တယ်။ ယခုလဲ ဆရာ ဇီဝက၏ သရက်ဥယျာဉ် ကျောင်းတိုက်မှ ဘုရင် ဗိမ္ဗိသာရ၏ ဝေဠုဝန် ကျောင်းတော်ကို ပြန်လည် ကြွရောက် သီတင်းသုံးတော်မူတဲ့အခါ ဖြစ်တယ်။

တစ်ညချမ်းမှာ မြတ်စွာဘုရား ဂန္ဓကုဋီတိုက် အတွင်းမှထွက် ကြွတော်မမူသေးမီ ရဟန်းများက စပ်မိစပ်ရာ စကားတွေကို ပြောဆို ဆွေးနွေးကြတယ်။ အထူးသဖြင့်တော့ မြတ်စွာဘုရား၏ ဂုဏ်တော် အကြောင်း၊ ဘုရားမြတ်စွာ၏ ဒေသနာတော်အကြောင်း၊ တပည့် သာဝက သံဃာတော်များ အကြောင်းသာ ဖြစ်တယ်။ အဲဒီနေ့ကတော့ သရက် ဥယျာဉ် ကျောင်းတော်မှာ လောလောဆယ် ရဟန္တာဖြစ်သွားတဲ့ 'စူဠပန်မထေရ်'ရဲ့ အကြောင်းကို ဆွေးနွေးမိကြပါသတဲ့။ သူ့အကြောင်း ကလဲ အံ့ဩစရာ၊ ချီးမွမ်းစရာ ဖြစ်နေပေတာကိုး။

ဂါထာ တစ်ပုဒ်ကို ရက်ပေါင်း ၁၀၀ ကျော် ကျက်လို့မှ အာဂုံ မရတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ပျက်အားငယ်ပြီး သာသနာတော်မှ ထွက် မည့်ဆဲဆဲ မြတ်စွာဘုရား၏ ကျေးဇူးတော်ကြောင့် သာသနာ့ အထွတ် အထိပ် အရဟတ္တဖိုလ်ချမ်းသာကိုခံစားရတဲ့အကြောင်း၊ မြတ်စွာဘုရားကို အမှီပြု၍သာ လောကုတ္တရာ ကျေးဇူးကို ရနိုင်တဲ့အကြောင်း ပြောဆိုနေ ကြပါသတဲ့။ ဆိုအချိန်မှာ ဟိမဝန္တာရွှေဂူမှ ကေသရာဇာ ခြင်္သေ့မင်းသည် တင့်တယ်စွာ ထွက်လာသကဲ့သို့ မဟာဂန္ဓကုဋီတိုက်အတွင်းမှ မြတ်စွာ ဘုရားသခင်က ထွက်ကြွတော်မူလာပြီး ခင်းထားအပ်သော ဗုဒ္ဓါသန ပလ္လင်ပေါ်မှာ ထိုင်နေတော်မူပါတယ်။ အဲဒါ အခါတစ်ထောင်မျှ လောက်သော သံဃာထုကြီးဟာ မီးကို ရေနှင့် ငြိမ်းသတ်လိုက်ဘိသကဲ့သို့ မလှုပ်မယှက်၊ အသံမရှိ၊ ပကတိ ငြိမ်သက်နေပါတယ်၊ တိတ်ဆိတ် နေပါတယ်။

သည်အချိန်၊ သည်အခါနဲ့ သည်မြင်ကွင်းကို စဉ်းစား ကြည့်လိုက်စမ်း မောင်လှအေး။ ပရိသတ် တစ်ထောင်ကျော် နှစ်ထောင်စုဝေးနေကြတဲ့ ခန်းမဆောင်ကြီး တစ်ခုလုံးဟာ လုံးဝ တိတ်ဆိတ် ငြိမ်သက်နေပုံဟာ ဘယ်ကလောက်များ ကြည့်နူးစရာ ကောင်းမလဲ''

''ဟုတ်ပါရဲ့နော် ဘဘ။ 'အုတ်အုတ်ကျက်ကျက် ဖြစ်သင့်လျက်နဲ့ အလွန်ငြိမ်သက် တိတ်ဆိတ်နေတဲ့ အခါမျိုးဟာ စိတ်ဓာတ်ကို ချောက်ချားစေတယ်' လို့ စိတ္တဗေဒ ပညာရှင်ကြီးများကတောင် ဆိုကြပါတယ်''

''အေး....အဲဒါဟုတ်မယ်ကွ။ မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်မှာ တစ်သောင်းမကသော ရဟန်း သာဝကများ ခစားနေကြပုံကိုကောသလ ဘုရင်ကြီးက အံ့ဩလွန်းလို့ မြတ်စွာဘုရားကို ယခုလိုမေးလျှောက်ဖူးတယ်။

''မြတ်စွာဘုရား။ကျွန်ုပ်သည် တိုင်းပြည်တစ်ပြည်လုံး၏ အသက်ဦး ဆံပိုင် ဖြစ်ပါသည်။ ကျွန်ုပ်၏နှုတ်မှ 'သတ်စေ'ဟူသော စကားနှစ်လုံးနှင့်ပင် လူဘစ်ယောက်၏ အသက်ဇီဝိန်ပျက်သုဉ်းသွားနိုင်သောအာဏာရှင် ဖြစ်ပါသည်။ သို့ကလောက် တန်ခိုးအာဏာ ရှိသည်ဟု သိကြပါလျက် မင်းခယောက်ျား၊ အမှုထမ်းများသည် ညီလာခံ ခစားကြသောအခါ၌ ငြိမ်ဝပ်ပိပြား ခန့်ညားခြင်း မရှိကြပါ ဘုရား၊ အချင်းချင်းငြင်းခုံ၍လဲ နေဘတ်ကြပါသည်။လှုပ်လှုပ်ရွရွ၊ 'စကားတီးတိုး၊ ခြေတို့လက်တို့ခေါင်းချင်းဆိုင်၍ ပြောသည်များလဲ ရှိတတ်ပါသည်။ တစ်ဦးနှင့်တစ်ဦးမျက်နှာရိပ်၊ မျက်နှာကဲပြ၍ ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်း၊ လက်ညှိုးထောင်ပြခြင်း၊ လက်ဝါး ကာပြခြင်းတို့လဲ ရှိတတ်ပါသည်။ ပူးပူးကပ်ကပ်ပခုံးချင်း ထိဆက်၍ အရိပ်အမြွက်ပြသူလဲရှိတတ်ပါသည်။ယုတ်စွအဆုံး ချောင်းဆိုးခြင်း၊ ခြေဆတ်ခြင်း၊ သမ်းဝေခြင်း ကိုယ်ရာပုတ်ပြင်ခြင်း စသည်တို့ဖြင့် ညီလာခံခန်းမကြီး၌ မငြိမ်သက် ဖြစ်နေတတ်ပါသည်။ယခု မြတ်စွာဘုရားအား ခစားဝန်းရံနေကြသော သံဃာ ပရိသတ်ကြီးမှာကား မလှုပ်မယှက်၊ အသံအသက်မပြု၊ ပကတိရွှေဆင်းတု၊ ငွေဆင်းတုများကဲ့သို့ တိတ်ဆိတ် ငြိမ်သက်စွာ နေတော်မူနိုင်လွန်းကြသည်ကို ကျွန်ုပ်သည် အံ့ဩမိပါ၏။ချီးမွမ်းမိပါ၏။ ချောက်ချားမိပါ၏''လို့ လျှောက်ထားလိုက်ပါသတဲ့ကွယ်''

''ဒီတော့ မြတ်စွာဘုရားက ဘယ်လိုများ အမိန့်ရှိတော်မူသလဲ ဘဘရယ်''

“မြတ်သော မင်းကြီး....တဲ့။ အသင်မင်းကြီးကား တိုင်းပြည်၏ ဘုရင် ဖြစ်သောကြောင့် ပြည်သူလူထု၏ အသက် စည်းစိမ်အိုးအိမ်ကို စိုးပိုင်နိုင်သူသာ ဖြစ်တယ်။ မြတ်စွာဘုရားတို့မှာကား သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်ဟု ဆိုအပ်သော ကျေးဇူးဂုဏ်(၅)ပါးနှင့် ပြည့်စုံကြသည် ဖြစ်တယ်။ ထိုမှ တစ်ဖန် အသင်မင်းကြီးအား ဝိုင်းရံခစားနေသော မှူးမတ်များမှအစ မင်းမှုထမ်း ပရိသတ်တို့သည် လောကီရေးရာ၊ ဂုဏ်သိက္ခာ ဥစ္စာ ရာထူးတို့၌ ယစ်မူး လိုလားနေကြသူများသာ ဖြစ်တယ်။ မြတ်စွာဘုရား၏ တပည့်သား သံဃာတို့မှာကား ‘အာပတ်ခုနစ်ပုံကို လုံခြုံစွာ စောင့်ကြောင်း ဖြစ်သော ပါတိမောက္ခ သံဝရ သီလ၊ ဣန္ဒြေ ခြောက်ပါးကို တားမြစ်ပိတ်ပင်ကြောင်း ဖြစ်သော ဣန္ဒြိယ သံဝရသီလ၊ မိစ္ဆာ၊ ဇီဝမှ ကြဉ်ခွာလျက် စင်ကြယ်စွာ အသက်မွေးကျောင်း ဖြစ်သော အာဇီဝ ပါရိသုဒ္ဓိသီလ၊ ပစ္စည်း လေးဖြာကို ပစ္စဝေက္ခဏာတင်၍ ဆင်ခြင် သုံးသပ်ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ ဤလေးဝသော စတုပါရိသုဒ္ဓိဘုံခွန်၊ အလွန်ဖြူစင်၊ မြူမတင်သည့် ပုဂ္ဂိုလ်ဘို့ ဖြစ်ပေတယ်’ လို့ အမိန့်ရှိတော်မူပါတယ်”

“အင်း....ရှင်ဘုရင်နှင့် သူ့ပရိသတ်။ မြတ်စွာဘုရားနှင့် သာဝကပရိသတ်ဘို့ ကွာခြားကြတာကို ကြည်ညိုစရာ၊ ဗဟုသုတ ယူစရာပါပဲ”

“အဲဒီအခါမှာ မြတ်စွာဘုရားက စကား စတင် မိန့်မြွက်တော်မမူခင် ဘယ်သာဝက ရဟန်းကမှ လျှောက်ထားခြင်း မပြုဝံ့ကြပါဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင်က စတင် မိန့်တော်မူရိုး ရှိပါတယ်။ ‘ချစ်သားတို့။ ငါဘုရား ထွက်ကြွတော်မမူလာမီ ချစ်သားတို့သည် အဘယ် အကြောင်းတရား အဘယ်စကားတို့ကို ဆွေးနွေးခဲ့ကြသနည်း’ လို့ မေးတော်မူလေ့ ရှိပါတယ်၊ အဲဒီအခါမှာမှ သီလ၊ သမာဓိ၊ ပညာ ထူးကဲသော ရဟန်းတစ်ပါးပါးက ရိုသေမြတ်နိုး ရှိခိုးပြီး မိမိတို့ ဆွေးနွေးခဲ့တဲ့ စကားကို ပြန်ကြား လျှောက်ထားလေ့ ရှိပါတယ်၊ အများစုက သောသောညံအောင် တစ်ယောက်တစ်ပေါက် လျှောက်ထားခြင်းမျိုး မရှိစေရပါဘူး။ အဲဒီနေ့မှာ လျှောက်ထားတာကတော့....

“ကျေးဇူး[illegible]ါးပုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အလွန်ညက်[illegible] နူးလေးသော စူဠ[illegible] မထေရ်သည် မြေကြီး အသုမျှမကသော မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသခင်၏ ကယ်တင် စောင်မခြင်းဖြင့်သာ လောကုတ္တရာကျေးဇူးကို အထူးခံယူနိုင်ငွမ်း

ရှိရပါသည်ဟူသော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါပါသည် ဘုရား’လို့ အဲသလိုလျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ‘ချစ်သားတို့၊ အလွန်ဉာဏ်နုံနွေးလှသော စူဠပန်ထကရှည်သည် ယခုဘဝ၌သာ ငါဘုရားကြောင့် လောကုတ္တရာကျေးဇူးကို ရလိုက်သည် မဟုတ်သေး။ တစ်ခုသောဘဝ၌ အလွန်ဉာဏ်နုံနေးသည်ဖြစ်သောသူ စူဠပန်ထကရှ်အလောင်း)အား ‘ငါဘုရားသည် လောကီ အကျိုးကျေးဇူး ဖြစ်ပွားအောင်စောင်မ၍ သင်ပြခဲ့ရပေပြီ’ဟု စကားကို အဆုံးသတ်၍ခတ်မဆိတ်နေတော်မူပါတယ်။ ဆိုလိုတာက စကားစကိုဖြတ်၍ ရပ်ထားလိုက်ခြင်းပေါ့ကွယ်။ သဘောကတော့ မြတ်စွာဘုရားတို့သည် တရားဟောတော်မူရာ၌ ကာလ၊ ဒေသ၊ ပုဂ္ဂလတို့ကို သုံးသပ်ဆင်ခြင်ပြီးမှ ဟောတော်မူတယ်ပေါ့ကွာ။ အဲသလို ရပ်ထားလိုက်ပြီးသည့်နောက် ရဟန်းများကိုယ်စား တစ်ပါးသောရဟန်းက သနား ချီးမြှောက်သော အားဖြင့် တပည့်တော်တို့အား အတိတ်ကိုဆောင်ပြပေးတော်မူပါဘုရား။(အတိတ်ဇာတ် ဝတ္ထုကို ဟောကြားပေးတော်မူပါ ဘုရား)’ လို့ တောင်းပန်လျှောက်ထားမှ မြတ်စွာဘုရားက အတိတ်ဝတ္ထုကို ဟောကြားတော်မူလေ့ ရှိတာဟာ ဘုရားတို့၏ ဓမ္မတာပါပဲ’’

‘‘ဩော်.. အခု ကျွန်တော်တို့ခေတ်အထိ ဓမ္မကထိက ဆရာတော်များထံ တရားဟောဖို့ရာ တောင်းပန်လျှောက်ထားရတာကို၊ ဒါကိုတရားတောင်းတယ်လို့ ခေါ်ကြတယ် မဟုတ်လား ဘဘ’’

‘‘ဟုတ်ပါတယ်ဗျာ။ ကဲ–အခုမှ ဘုရားဟောတော်မူသော စူဠပန် မထေရ်ရဲ့ အတိတ်ဇာတ်ကြောင်းကို ‘ဓမ္မပဒ’မှ ထုတ်နုတ်၍ ပြောရတော့မယ်’’

‘‘ရှေး လွန်လေပြီးသော ဘဝတစ်ခု၌ ဗာရာဏသီပြည်မှာ သေဌေးသား တစ်ယောက်ရှိပါတယ်။ ထို သေဌေးသား လုလင်ဟာ မိဘဂုဏ်နှင့် ချမ်းသာကြွယ်ဝခြင်းတော့ ရှိပါရဲ့၊ ပညာဉာဏ် ဗဟုသုတအရာမှာတော့ အလွန် ဉာဏ်ထုံသိုင်းလို့ ဆရာအမျိုးမျိုးထံမှာ သင်ယူတိုင်း ဘယ်အတတ်ပညာမှ မရနိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ လူသားမြောက်လာတဲ့ အခါကျတော့ မျက်နှာငယ်ပြီး ရှက်စဖွယ် ဖြစ်လာတယ်။ ဒါကြောင့် ယောကျ်ားတို့အတတ် ဆယ့်ရှစ်ရပ်ကို နှံ့စပ်အောင်မြင်စွာ သင်ပေးနိုင်တဲ့ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ အရောက်သွား၍ သင်ကြားပါတယ်။ ဆရာကြီးထံ ပညာသင်ကြားလာသူတို့ဟာ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသား၊ မှူးသား မတ်သား စသည်အားဖြင့်

တပည့်ပေါင်း ငါးရာရှိပါတယ်။ အဲဒီ တပည့်တွေဟာ ဉာဏ်ပညာ ကတော့ ထက်မြက်ကြပါရဲ့၊ မိမိတို့ရဲ့ ဇာတိဂုဏ်၊ မျိုးရိုးဂုဏ်၊ ဥစ္စာ ဂုဏ်တို့ကြောင့် ဆရာသမားအပေါ်မှာ တပည့်တို့က ပြုကျင့်အင်တဲ့ ဝတ်ကြီး ဝတ်ငယ် အမှုများကိုတော့ လစ်ဟင်းနေကြပါတယ်။ 'ဆရာကို ငွေတစ်ထောင် ပူဇော်လိုက်ရင် ပြီးဘာပဲ'လို့ မှတ်ယူကြဟန်တူပါရဲ့''

''ဒါကတော့ ခုခေတ်လဲ ဒီလိုရှိတတ်တာပဲ ဘဘရဲ့။ ဝိုင်းကျူရှင် တွေ ဘာတွေမှာဆိုရင် ပိုဆိုးသေးတယ်။ ဆရာကို သူငယ်ချင်းပေါင်း တောင် ပေါင်းနေကြတာ''

''အေး....မင်းက ကျောင်းဆရာလုပ်ခဲ့ဖူးတဲ့ သူဆိုတော့ ပိုသိမှာ ပေါ့ကွာ။ ဒါတွေထားပါတော့။ အခု တို့ပြောနေတဲ့ စူဠပန် အလောင်း သေဌေးသားကတော့ သူတို့လို မဟုတ်ဘူး။ ဆရာကို ခြေဆုပ် လက် နယ်ကအစ ဝတ်ကြီး ဝတ်ငယ်မှန်သမျှ အတွင်းကျကျ ပြုစုဆောင်ရွက် ပေးရှိပါတယ်။ ဒီလို နွေးစဉ်နှင့်အမျှ အလိုက်တသိ ရိုသေမြတ်နိုးပြီး ပြု စုတဲ့အတွက် ဆရာကလည်း အခြားတပည့်များ ထက်ပို၍ သံယောဇဉ် တွယ်လာတယ်။ ကရုဏာရှိလာတယ်။ စေတနာ ပိုလာတယ်ပေါ့ကွာ။ ဒါကြောင့် ဉာဏ်နုံ့နှေးမှန်း သိသည့်အတိုင်း အထူးဂရုစိုက်ပြီး သင် ကြားပေးပါတယ်။ သို့ပေမယ့် သေဌေးသားမှာ နှစ်ရှည်လများ သင် ကြားပေမယ့် ဘယ်အတတ်ပညာမှ မည်မည်ရရ ထွန်းထွန်းပေါက်ပေါက် မရှိရှာပါဘူးတဲ့။ ဒီတော့ သူများ ရှက်လာတယ်ပေါ့ကွာ။ ဒါကြောင့် စိတ်ပျက်အားငယ်ပြီး မိဘရပ်ထံ ပြန်ပါတော့မယ်လို့ စိတ်ဆုံးဖြတ်လိုက် တယ်။

တစ်နေ့တော့ ရှက်ကြောက် အားငယ်စွာနှင့်ပဲ ဆရာထံသွား ပြီး ရှိခိုး နှုတ်ဆက်ရှာပါတယ်။

''ဆရာကြီး ခင်ဗျာ၊ ဆရာကြီး သင်ပေးသမျှ ပညာအရပ်ရပ်ကို လုံ့လ၊ ဝီရိယနှင့် ကြိုးစား မှတ်သားပါသော်လဲ ကျွန်တော့်ဉာဏ်မှာ မထင်မြင်လာတဲ့အတွက် အခြားသော တပည့်များအလယ်တွင် ရှက်စရာ ဖြစ်နေရပါတယ်။ ဒါကြောင့် ကျွန်ုပ်အား ပြန်ခွင့်သာပြုပါတော့''လို့ ဝမ်းနည်း လှိုက်လှဲစွာ ခွင့်တောင်းပါတော့တယ်။ ဆရာကြီးမှာလဲ ဒီ စကားကြားတော့ ယူကျုံးမရ ဖြစ်ရတာပေါ့။ ''မိမိကို ကျိုးနွံစွာစိတ် ကြီး ဝတ်ငယ် ပြုခဲ့တာတွေကိုလဲ ကရုဏာ ဖြစ်မိတယ်လေ။ ဒါကြောင့် အဋ္ဌာရသ ဆယ့်ရှစ်ရပ်ကို ထားတော့ တစ်ခုခုသော ဂါထာမန္တန် ကလေးဖြစ်စေ၊ ငါ့ထံမှ ရသွားလျှင်ဖြင့် လောကအကျိုးစီးပွားဖြစ်နိုင်

ကောင်းပါရဲ့''လို့ တွေးမိတာနှင့် တပည့် သေဌေးသားကို တိတ်ဆိတ်တဲ့ တောတွင်း တစ်နေရာသို့ ခေါ်သွားဘယ်၊ ဒီလိုနေရာမျိုးကအနှောင့်အယှက် အသံအသက်ကင်းတာမို့ သမာဓိ ဖြစ်နိုင်တယ်လေ။

ကိုင်း....ငါ့တပည့်။ တစ်ဂါထာမှ မပြည့်သော မန္တာန်ကို ငါ ရွတ်သလို လိုက်ဆို လိုက်ရွက် ကြည့်စမ်း''ဟု ပြောပြီး....

''ဃဋ္ဋေသိ၊ ဃဋ္ဋေသိ၊
ကိံ ကရဏာ ဃဋ္ဋေသိ၊
အဟံပိ တံ ဇာနာမိ''

အဲဒီ မန္တာန်က စကားလုံး(၂၀)သာ ရှိပါတယ်။ အဲဒါကိုပဲ တစ်နေ့လုံး အခေါက်ခေါက် အခါခါ နှုတ်ငုံ မရမချင်း ဆရာကြီးက သင်ပေးရပါသတဲ့။

''အင်း.... ဆရာကောင်းတို့ရဲ့ စေတနာဟာ မိဘမေတ္တာလောက် ကြီးမားပေတာပဲနော်။ အဲဒီ မန္တန်ရဲ့ အဓိပ္ပာယ်က ဘာတဲ့လဲ ဘဘရဲ့...''

(တွံ=သင်သည်) ဃဋ္ဋေသိ=ချုပ်ချယ်ပြစ်မှားမိ၏။ ဃဋ္ဋေသိ= ချုပ်ချယ် ပြစ်မှားဘိ၏။ ကိံ ကရဏာ=အဘယ် အကြောင်းကြောင့်။ ဃဋ္ဋေသိ=ချုပ်ချယ်ပြစ်မှားဘိသနည်း။ အဟံပိ=ငါသည်လည်း။ တံ=ထို အကြောင်းကို။ ဇာနာမိ=သိ၏။

အဲ့ဒါက အနက် မြန်မာပြန်ကွ။ မြန်မာလို ပြောရမယ်ဆိုရင် 'ငါ့ကို မကောင်း ကြံနေတယ်၊ မကောင်းကြံနေတယ်၊ မင်း ဘာလုပ်မယ် ဆိုတာ ငါ သိတယ်'လို့ ပြောရမယ် ထင်ပါရဲ့ကွာ။ အဲဒီ မန္တာန်လေးကို နှုတ်တက် ခုပေးပြီးတဲ့နောက် 'နေ့နေ့ ညည၊ သတိရတိုင်း ရွတ်ဆိုပေတော့'လို့ မှာလိုက်ပါသေးသတဲ့ကွာ။ ဒီလိုနဲ့ပဲ သေဌေးသားဟာ ဗာရာဏသီ မြို့ကို ပြန်ရောက်လာပါတော့တယ်ကွယ်။

သူ့ မိဘများနဲ့ ဆွေမျိုး မိတ်သင်္ဂဟများကတော့ 'တက္ကသိုလ် ကျောင်းတော်ပြန်'ဆိုပြီး အထင်ကြီး ဂုဏ်ယူနေကြတာပေါ့။ သေဌေးသား ခမျာမှာတော့ သူ့ ဆရာဆီက ရခဲ့တဲ့ မန္တန်လေးကိုသာ 'နေ့နေ့ ညည' တတွတ်တွတ် ရွတ်ဆိုနေရရှာတယ်။

ဒီလိုနဲ့ နေလာခဲ့ရာက တစ်နေ့ကျတော့ အဲ.... အဲ.... သဘာဝ ကျအောင် ပြောရမယ်ဆိုရင်ဖြင့် တစ်ညကျတော့ပေါ့ကွာ။ ဗာရာဏသီ

ပြည့်ရှင်မင်းက တိုင်းပြည်အကြွင်းမှာ စနည်းနာရအောင် ရုပ်ဖျက်ပြီး တစ်ကိုယ်တည်း ထွက်လာခဲ့တယ်''

''ဘယ်လို ရည်ရွယ်ချက်နဲ့ ထွက်လာတာလဲ ဘဘရဲ့''

''မင်းကလဲကွာ.... စနည်းနာရအောင် လို့ ဆိုမှပဲ။ မြန်မာစကားမှာ အဝိုင်၊ နိမိပ်၊ တဘောင်၊ စနည်း ဆိုတာ ရှိတယ် မဟုတ်လား။ တိုင်းပြည်ရဲ့ အရေးအခင်း ပြည်သူပြည်သားတို့၏ ဆန္ဒသဘောထား တာ အခြေအနေ၊ ဒါတွေကိုလဲ ကိုယ်တိုင် သိရှိကြားနာရအောင် စုံစမ်းထောက်လှမ်းတဲ့ သဘောပေါ့။ ဒီလို ပြုမူကြတာဟာ ဘုရားဟော ဇာတ်နိပါတ်တွေမှာလဲ ရှိပါတယ်။ မြန်မာ့ သမိုင်းမှာလဲ ရှိပါတယ်ကွာ''

''ဪ.... ဟုတ်သားပဲ''

''အဲ... ဗာရာဏသီ မင်းဟာ တစ်ညကျတော့ တက္ကသိုလ်ပြည်တော်ပြန် သေနင်္ဂသား အိမ်နား ရောက်လာတယ်။ သူ ရောက်လာလို့ မကြာမီမှာပဲ သူခိုး လေး ငါးယောက် ဥမင်ဖောက်ပြီး ဝင်သွားကြတာကို တွေ့နေရတယ်။

''အောက်စောင့် နှစ်ယောက်က ပတ်ပန်းကျင်ကို အကဲခတ်ပြီး ကျန်ရစ်နေကြတယ်။ ဗာရာဏသီ မင်းကလဲ ပုန်းလျှိုးပြီး တစ်နေရာက စောင့်ကြည့်နေတယ်။ မကြာပါဘူး အထဲ ဝင်သွားတဲ့ သူတွေက ဒရောသောပါး၊ အူယားဖားယား၊ ကြောက်အားလန့်အား ပြေးထွက်လာကြပြီး 'ပြေးကြဟေ့.... ပြေးကြစို့.... ပြေးကြစို့၊ တို့ အကြံကို သူ သိသွားပြီ၊ တို့ကို လူအုပ်နဲ့ ဝိုင်းဖမ်းကြလိမ့်မယ်' လို့ ပြောပြီး ထွက်ပြေးကြပါသတဲ့။ ရှင်ဘုရင်က အံ့သြစွာနဲ့ အခြေအနေကို စောင့်ကြည့်နေပေမယ့်လဲ သေနင်္ဂသားအိမ်က လှုပ်လှုပ်ရှားရှား လူသံသူသံမှ မကြားရပါဘူးတဲ့။ ဒီတော့ ရှင်ဘုရင်က တွေးမိတယ်။ သေနင်္ဂသားဟာ သူခိုးတွေ ဝင်လာမှန်းသိရင် အော်ဟစ်ပြီ အကူအညီ တောင်းတန် တောင်းရမယ်။ လက်နက် ကိုင်စွဲပြီး ခုခံတိုက်ခိုက်တာန် တိုက်ခိုက်ရမယ်။ ညာသံပေးပြီး ဝိုင်းဖမ်းတန် ဝိုင်းဖမ်းရမယ်။ အခုတော့ ငြိမ်ငြိမ် ငြိမ် နေတာ ဟာ အကြောင်းတစ်ခုခုရှိရမယ်။ 'သေနင်္ဂသားဟာ တက္ကသိုလ် ပြည်ပြန်ဆိုတော့ အတတ်ပညာတစ်ခုခုနဲ့ပဲ လုပ်ဆောင်ထားလေရော့သလား။ စက်ယန္တရားတစ်ခုခုကိုပဲ စီစဉ်ထားလေရော့သလား' လို့ တွေးပြီး နန်းတော်ကိုပြန်သွားပါသတဲ့''

''တစ်ခုခုတော့၊ တစ်ခုခုပဲလို့ တွေးစရာပေါ့ ဘဘရယ်''

''အဲဒါ....မနက်ကျတော့ ရှင်ဘုရင်ကြီးက အဲဒီ သေဌေးသား ကို ဆင့်ခေါ်လိုက်ပါတယ်။ သေဌေးသားနန်းတော်ရောက်လာတဲ့အခါ သူနှင့် နှစ်ကိုယ်ချင်း 'လင်းပါး'ရအောင် အတွင်းဆောင်ကို ဝင်စေပါ သတဲ့။

''အမောင် သေဌေးသား။ သင်သည် တက္ကသိုလ်ပြည်မှ ပညာ သင်၍ ပြန်လာခဲ့ပြီ မဟုတ်လော''

''မှန်လှပါသည် အရှင်မင်းကြီး''

''အသင့်အိမ်ကို ညက သူခိုးများ ဝင်ရောက် ဖောက်ထွင်းသည် ကို အသင် သိပါသလား''

''နံနက်မိုးသင်းမှ သူတို့ရဲ့ ခြေရာလက်ရာများ တွေ့ရကြောင်း ပါ ဘုရား''

''သို့ဖြစ်လျှင် သူတို့ ဖောက်ထွင်းစဉ်က အသင် လုံးဝ မသိဘူး ပေါ့''

''မသိရပါ ဘုရား''

''သူခိုးများက အသင်သိသည်ဟု ပြောဆိုထွက် ပြေးကြသည်ကို ကျွန်ုပ်ကိုယ်တိုင် မြင်လိုက်ရပါ၏။ အသင့်၌ တက္ကသိုလ်ကျောင်းတော်မှ သင်ကြားတတ်မြောက်လာသော ပညာရပ်တစ်ခုခု ရှိ၍အံ့ဟု ကျွန်ုပ်ထင် ၏။ ထိုပညာကို ကျွန်ုပ်အား သင်ပြပေးပါလော့။ ငါ ဘောင်းပန်ပါ၏'

''အရှင်မင်းကြီး ကျွန်ုပ်ကား အလွန်ဉာဏ်ထိုင်းသူ ဖြစ်၍ ပြော စမှတ် ပြုလောက်အောင် ပညာ တစ်ခုခုမှ မရခဲ့ပါ''

''အမောင် သေဌေးသား။မိမိ၏ ပညာကို လျှို့ဝှက် သိုမှီး၍ မထားပါနဲ့။ ဆရာစားငွေတစ်ထောင် ပူဇော်၍ သင်ယူပါမည်''

''အသင် မင်းကြီး ကျွန်ုပ်သည်မှန်သောသစ္စာစကားသာ ဆိုပါ သည်။ ကျွန်ုပ်တွင် မည်မည်ရရပညာဟူ၍ မရှိပါ။ ဆရာက နှုတ်တိုက် ချ ပေးလိုက်သော စားလုံး(၂၀)မျှသာ ရှိသည့်'မန္တရားတစ်ပိုဒ်'သာ ရလာ ခဲ့ရိုး အမှန်ဖြစ်ပါသည်''

''အမောင်သေဌေးသား၊ ဒိသာပါမောက္ခ ဆရာကြီးတို့မည်သည် အကျိုးရှိသော ဩဝါဒများကိုသာ သင်ကြားပေးလေ့ ရှိပါတယ်။ ထို့ကြောင့် အသင့်အား နှုတ်တက် ချပေးလိုက်သော ထိုမန္တရားကိုပင် ကျွန်ုပ်အား သင်ကြားပေးပါလော့''

"မောင်လှအေးရေ။ အဲသလိုနဲ့ပဲ ဗာရာဏသီ မင်းကြီးဟာ တက္ကသိုလ်ပြန် သေဌေးသားထံမှ 'ဃဋ္ဋေသိ၊ ဃဋ္ဋေသိ' မန္တရားကို ငွေအသပြာတစ်ထောင် ပူဇော်ပြီး ရိုရိုသေသေ သင်ယူလိုက်ပါသတဲ့။ နေ့နေ့ညညလဲ သတိရတိုင်း နှုတ်မှ တဖွဖွရွတ်ဆိုနေပါသတဲ့။ ဒီလိုနဲ့ပဲ တစ်နေ့မှာတော့ မင်းကြီး စံမြန်းတဲ့ အတွင်းဆောင်ကို ဆတ္တာသည် ပုဏ္ဏားတော်က ကုပ်ကုပ်ရို့ရို့ ဝင်ရောက် ခစားလာပါတယ်။ မင်းကြီးက သူ့ကိုမြင်မှ သတိရသလိုနှင့် မိမိ၏ မုတ်ဆိတ် ကျင်စွယ်များကို လက်ဖြင့် ပွတ်သပ်လိုက်ရင်း ပြောသတဲ့။

"ဩော်....ငါ၏ မုတ်ဆိတ် ကျင်စွယ်များ ရိတ်ပယ်ရန် အခါကျပါပေါ့လား"

"မှန်လှပါ။ အခါတော် ရောက်၍ ဆတ္တာသည် ကျွန်တော်မျိုးကြီး ဒူးထောက် ခစားရကြောင်းပါ ဘုရား"

"ကောင်းလှပြီ။ ဆတ္တာသည်တော်ကြီး အသင်၏အမှုကို ကောင်းစွာ စီရင်ခဲလေလော့"

"အဲသလိုနဲ့ ရှင်ဘုရင်ကြီးက သလွန် ညောင်စောင်းပေါ်မှာ ကတ္တီပါအုံးတော်ကို မှီလျောင်း၍ အနေအထား ကောင်းအောင်မျက်နှာတော်ကို မော့ပေးလိုက်ပါတယ်။ ဆတ္တာသည်က ရှင်ဘုရင်ကြီးအား ရှိခိုးပြီး မွှေးကြိုင်သော နံ့သာရည်တို့ဖြင့် မုတ်ဆိတ်ကျင်စွယ်ကို ပွတ်နယ်၍ ပေးနေပါတယ်။ ရှင်ဘုရင်ကြီး၏ မျက်လုံးအစုံကတော့ ရွှေနန်းဆောင်ရဲ့ ဗိတာန်မျက်နှာကြက်ကိုသာ ကြည့်နေမိပါတယ်။ ဆတ္တာသည်က မုတ်ဆိတ်ကျင်စွယ်များ နူးညံ့ပျော့ပျောင်းလာတဲ့အခါ သူ့သင်တုန်းဓားကိုထုတ်၍ တစ်ဘက်သော လက်ဝါးပြင်မှာ တဖျပ်ဖျပ်ခတ်ပြီး သွေးနေပါတယ်။ အဲသလို သွေးရင်းနဲ့ပဲ မင်းကြီးရဲ့ မေးစေ့အောက်က လည်မျိုကို စူးစိုက်ကြည့်လိုက်ပါတယ်။ အဲသည်နောက် ရှင်ဘုရင်ကြီးရဲ့ နဖူးကို ဘယ်ဘက် လက်ဖြင့် ညင်သာစွာ ကိုင်လိုက်ပါတယ်။ အဲသည်နောက် ညာလက်က သင်ခုန်းဓားကို တစ်ချက် ကြည့်လိုက်ပါတယ်။ ထိုတစ်ခဏလေးမှာပဲ ရှင်ဘုရင်ကြီးက သေဌေးသားရဲ့ မန္တရားကို သတိရပြီး....

'ဃဋ္ဋေသိ၊ ဃဋ္ဋေသိ၊
ကိံ ကာရဏာ ဃဋ္ဋေသိ၊
အဟံပိ တံ ဇာနာမိ' လို့ ရွတ်လိုက်ပါတယ်။

"ဆတ္တာသည်ရဲ့ ဘယ်ဘက်လက်ဟာ မင်းကြီးရဲ့ နဖူးမှ ဆတ်ခနဲ ရုပ်သွားပါတယ်။ ညာဘက်လက်က သင်တုန်းဓားဟာလဲ နန်းကြမ်း

ပြင်ပေါ်ကို ‘ဒေါက်ခနဲ’ ကျသွားပါတယ်။ ရှင်ဘုရင်ကြီးက ဆတ္တာသည်တော်ကြီးကို ဖျတ်ခနဲကြည့်လိုက်တဲ့အခါ နှုတ်ခမ်း၊ ပါး၊ နားများပါတုန်၍ သူ့မျက်လုံးအစုံမှာ အခကြောက်ကြီး ကြောက်နေပုံကို တွေ့လိုက်ရပါတယ်။ ဒီတော့ ဘုရင်ကြီးက မို့အုံးမှ ဖြုန်းခနဲ မတ်မတ်ထိုင်လိုက်ပြီး ‘ဘယ်လိုလဲ ဆတ္တာသည်ကြီး’လို့ မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပါတယ်။ ဆတ္တာသည်ကြီးက မျက်နှာချင်း မဆိုင်ဝံ့တော့ဘဲ ‘ဘုရား ကျွန်ဘော်မျိုးရဲ့ အသက်ကို ချမ်းသာပေးတော်မူပါဘုရား’လို့ လျှောက်တင်ပြီး ချုံးပွဲချ၍ ငိုလိုက်ပါသတဲ့။

“ရှင်ဘုရင်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးက အလွန်တရာ ရာဇ မရိယာယ်ကြွယ်ဝကြတယ် မဟုတ်လား။ သူ့အမူအရာနဲ့ စကားကို ကြားလိုက်တယ် ဆိုရင်ပဲ တစ်ခုခုတော့ အပြစ်ရှိပြီလို့ နားလည်ပြီလေ။ ဒီတော့ မျက်နှာထားကို ပိုတင်း၍....

‘ကိုင်း....မှန်ရာကို သံတော်ဦးတင်ရင် အသက်ကို ချမ်းသာပေးမယ်။ မမှန်မကန် ခြွင်းချန်လိုဆယ် လျှောက်တင်လျှင် သေရအောင်သာ ပြင်ပေတော့’ဟု ကြုံးဝါးပြီး ဖြုန်းစားကြီး မတ်တတ် ထရပ်လိုက်တယ်ဆိုရင်ပဲ ဆတ္တာသည်ကြီးမှာ သူ့အကြံတွေကို ဖွင့်အန်လိုက်ရတော့တာပါပဲကွာ။

စစ်သူကြီးဟာ သူ့ကို ငွေဘစ်ထောင် ပေးပြီး ဘုရင်ကြီးမုတ်ဆိတ်ပယ်တဲ့အခါ လည်မျိုကို သင်ဓုန်းဓားနဲ့ အလှီးခိုင်းကြောင်း၊ ဘုရင်ကြီး နတ်ရွာစံလို့ နိုင်ငံကို အုပ်ချုပ်၊ သူ ကိုယ်တိုင် မင်းလုပ်ရတဲ့အခါ မိမိအား စစ်သူကြီးနေရာမှာထားပြီး ချီးမြှောက်မည့်အကြောင်း၊ ထို့ကြောင့် ဘုရင်ကြီးအား သင်တုန်းဓားဖြင့် အဆုံးစီရင်ရန် ကြံမိသော်လည်း ဘုရင်ကြီး၏ နှုတ်မှ ...

‘ငါ့ကို မကောင်း ကြံနေတယ်။ မကောင်း ကြံနေတယ်။ မင်းဘာလုပ်မယ်ဆိုတာ ငါသိတယ်’ လို့ ပြောလိုက်တာနဲ့ မိမိ အကြံမှာ ဘူးပေါ်သလို ပေါ်ရပါကြောင်း။ အသက်ကို ချမ်းသာပေးပါမည့်အကြောင်း တောင်းပန်တော့တာပါပဲကွယ်။

တကယ်ဆိုတော့လဲ ဘုရင်တစ်ပါးကို လုပ်ကြံဖို့ဆိုတာ ဆင်းရဲသား အချင်းချင်း သတ်ဖြတ်ရတာမျိုးလို မဟုတ်ဘူးလေ။ ဘုရင်တို့ဘုန်း မိုးလိုချုံး ဆိုသလို ဘုန်းကံကြီးမားတဲ့ ‘ပုညမဟတ္တဂုဏ်’ ရှိကြတယ်။ ဒီလိုနဲ့ ဘုရင်ကြီးလဲ စစ်သူကြီးကို ဖမ်းဆီးစစ်မေးလို့ အမှုမှန်ပေါ်လာတဲ့အခါ နယ်နှင်ဒဏ် ပေးလိုက်ပါသတဲ့။ မိမိရဲ့ အသက်ဘေးမှ လက်မတင်ကလေးလွတ်အောင် အကျိုးပေးတဲ့ မန္တရားကို ကျေးဇူးတင်

သည့်နဲ့အမျှ သင်ပြပေးသူ သေဌေးသားကိုလဲ ကျေးဇူးဆပ်တဲ့ အနေနဲ့ စစ်သူကြီးအရာမှာ သူကောင်းပြုလိုက်ပါသတဲ့ကွယ်။ အဲ...ဒီတွင် နိဋ္ဌိတံ ပြီးပါ''

''သြော်....ဒါကြောင့်မို့....

'မသိသော်ငြား
သိသောသားဖြင့်
နှုတ်ချားသို့မြွက်
မန္တန်စက်ကြောင့်
အသက်စည်းစိမ်
ထည်မြဲငြိမ်၏' လို့ ဘဘက ဆိုထားတာကိုးနော့''

''အေးပေါ့ကွ။ တို့ ဘွားအေကြီးများကဖြင့် ညတင်ရေးနိုး ပြီလားဆိုရင် ဒီမန္တန်ကို 'ဥ' ခံရွတ်ဟောတာပါပဲဗျာ။ သူ့ခိုးဘေးမှ ကင်းဝေးသတဲ့လေ''။ ။

သုခီ အတ္တာနံ ပရိဟရန္တု။

သုခ။

# ဓမ္မကထာ

# စာပဒေသာ

## သုခ

ဆရာဦးသုခသည် စာရေးဆရာ၊ ပြဇာတ်ဒါရိုက်တာ ရုပ်ရှင်ဒါရိုက်တာ စသည့် ထင်ရှားသည့် အနုပညာရှင် အဖြစ်သာမက၊

ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ အကျိုးသယ်ပိုးစွမ်းဆောင်နိုင်သော (ဂါနက်နဲသော ဓမ္မရေးရာ ခရာခဲသတ်များကို လွယ်လင့်တကူ နားလည်နိုင်အောင် စိတ်ဝင်စားဖွယ် မျက်မှောက်သာဓက ခေတ်မီအတွေးအမြင်များစွာဖြင့် ရှင်းလင်း ဟောပြော ဆွေးနွေး ရေးသားနိုင်သော၊

"သာသနာပြု အနုပညာ စေတနာရှင်တစ်ဦး" လည်း ဖြစ်ပါပေသည်။

ဆရာ၏ စေတနာလက်ရာများကို စုစုစည်းစည်း ဖတ်နိုင်စေရန် နှင့် ထပ်တလဲလဲ ဖတ်နိုင် မှတ်နိုင်စေရန်အလို့ငှာ၊ ကျွန်တော်များ ဉာဏ်လင်းစာပေမှ မှတ်တမ်းတင်ရိုက်နှိပ် ထုတ်ဝေအပ်ပါသည်။

ဉာဏ်လင်းစာပေ